www.burmeseclassic.com

အုန်းဝါဒု၊ အောက်တိုဘာ၊ ၂၀၁၃

ရပ်စုံမဂ္ဂဇင်း

www.burmeseclassic.com

ဘဂ္ဂဂ္ဂ ဒုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည်

ဝင်းငြိမ်း စိစဉ်တည်းဖြတ်သည့်

ရုပ်ရုပ်မဂ္ဂဇင်း

အမှတ် ၂၀၇ အောက်တိုဘာ ၂၀၁၃

တာဝန်ခံစာတည်း
မျိုးမြင့်ညိမ်း
စာတည်း
လင်းနိုင်ဦး
အမှုဆောင် စာတည်း
မသီတာ(ဝပ်ငေျာင်း)
သတင်း စာတည်း
ခင်လေးမြင့်
ရှေ့မှန်းချီ
ဇော်ဝင်း
(ဒုက်ပျော်သီး)
ဆန်နီညိမ်း
ဖေညွှန့်ဝေ
မုတ်သုံ
မြင့်မောင်ကျော်
မိုးမြင့်
သုမြင့်ဆွေ
လင်းဝဏ္ဏ
ဇော်မောင်
ခင်းတင့်
မောင်နိုး၊ စိုးအောင်
အောင်ကျော်
သစ်တည်
နန်နိုင်ဦး၊ ထွန်းအဲ့
Iszudia
ကိုနှာဖုံးဓာတ်ပုံ
လင်း(Studio-K)
ခိုင်ဇင်ထွန်း၊ ဖြိုးဦးဝိုင်
ဓာတ်ပုံ ကိုလင်း(Studio-K)
နိုင်ဦး၊ ခင်လေးမြင့်
ဆေးပြု - ချစ်နှင်းဖြူ၊ နိုင်ခွန်အား
သဲ့စံ၊ မိုးမိုးမြင့်
ကျော်စိန်ဝင်း



www.burmeseclassic.com

www.burmeseclassic.com

သူတို့အရေး

၄။ ဇေယာင်သန်းထွန်း

ရွှေချစ်သူမှ ရွှေချစ်သူသို့

၁၀။ တင်းငြိမ်း

ရွှေမင်းသား၊ ရွှေမင်းသမီး

၁၄။ ခင်ဇေးပြင့်

အသွေးအသားထဲက

ရှိနေတဲ့

အနုပညာပိုးနဲ့

ယွန်းဝတီလွင်မိုး

One Minute Interview

၂၂။ ခင်ဇေးပြင့်

အလင်းရောင်၊

သဠာန္တယ်ဝင်း

လူမှုဝန်းကျင်

၂၆။ ယင်းနုင်ဦး

ရသစုံ ခံစားကြရတဲ့

MCC က Hip Hop Party

ရွှေရုပ်ရှင်

၄၀။ ခင်ဇေးပြင့်

ရင်ဘတ်အဟောင်းဆိုင်

၅၆။ ခင်ဇေးပြင့်

အစိမ်းကြွေ

နိုင်ငံတကာစာမျက်နှာ

၃၄။ ရိုးဟာအောင်၊ NY၊

ခရစ္စမတ်စ်ဝယ်

၄၆။ ဂျာပြည့်

Johnny Depp

သို့မဟုတ် ၅၀ ပြည့်

ပင်လယ်ဓားပြနှင့်

တွေ့ဆုံခြင်း

၆၂။ ဇာနည်ညီခိုး

မတတ်သာ

ခပ်ခွာခွာ နေဦးစို့

၆၈။ တင်းငြိမ်း

ရမ္မက်ဇော

ရွှေဂီတ

၈။ နေတင်းမြင့် ၁၅၀။

ထိလှုမိုးဆီ တိမ်သို့မီသား

(မာမာအေးနှင့်တွေ့ဆုံခြင်း)

အင်တာဗျူး

၁၀။ တင်းငြိမ်း ၁၁၀။

ကလောင်ငယ်များ

ကိုယ်စား

ရွှေဝတ္ထု

၂၄။ မြဇော်နီ ၂၅၀။

သီတင်းကျွတ်

ရင်ခုန်တမ်းချင်း

၃၀။ ကကြီမောင်မောင်ဟန် ၃၃၀။

တန်ရာတန်ကြေး

၃၄။ လမင်းမောင်မောင် ၃၄၄။

အတောင်ကျိုးသွားတဲ့

မေတ္တာ

၃၆။ ကိုဇေး ၃၅၀။

ဂျက်ကီ

၃၈။ ယုယ ၃၆၄။

ခွေးလေးတစ်ကောင်

ဖမ်းမိတယ်

၄၀။ မောင်ခံတင်းဇန်းမော်း ၂၀၂။

ရေတွင်းထဲက

စာတ်ကောင်များ

ရွှေနလုံးသား

၄။ ဇနီးသည် ၅၂။

ကျွန်မ၏ပေတံ

ရွှေဝတ္ထုများကို

ပြန်လည်တည်းဖြတ်ခြင်း

၉။ မင်းကူ ၉၄။

အချစ်ဟု အဓိပ္ပာယ်

သက်ရောက်ခြင်းမရှိစေရ

ရွှေဝတ္ထုရှည်စ/ဆုံး

၁။ ယဉ်ယဉ်နုးဖွေဆေး ၁၀၀။

အုပ်ကြီးက တစ်ရာနှစ်ရာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေအခန်းဆက် ဝတ္ထုရှည်

၂၅။ ခင်ခင်ထွေး
တောခင်းသမီး

ရသစာတမ်း

၁၀၂။ ချောဒီမာန်းမန္တလေး
ဟိုဝေးဝေးက

ရွှေသုတ

၆၆။ မေဓာဂဠီး
မသေခင်သွားရမယ့်
နေရာပေါင်း
တစ်ထောင်(၅)

၈၀။ မင်္ဂလာရွှေမောင်း
စာကောင်းကင်က
လင်းလက်ကြယ်

၁၂၅။ မောင်ခင်ဆင်းနေမြို့
မြန်မာပြော
အင်္ဂလိပ်ပြော(၁)

၁၃၆။ နေဇင်လဘီ
နောက်ဆုံးအမှီခိုနိုင်များကို
ဖြတ်သန်းနေသော...
အမေ

၁၆၀။ ဒေါ်အင်းမြို့ကျော်
"ပရဟိတ"
အလှတွင် အယဉ်ဆင့်
အသွင်တင့်သည့်ရွေ

၁၇၀။ မြင့်သန်း
ပါမောက္ခ မေးလား
မရေးသားခဲ့သော
စာပေဆိုတာ ဘာလဲ

၁၉၆။ မောင်သန်းဇော်(ဘားအံ)
စောဒေဝီစာအုပ်မှ
မောရစ်ကောလစ်၏
မဟုတ်မမှန်လုပ်ကြံ၍
စော်ကားရေးသား
ချက်များကို ချေပခြင်း

၂၀၀။ သက်ဦးဇော်
မြန်မာ့အနုပညာ

ရွှေအသစ်

၁၁။
၂၂၄။
၂၃၀။
၂၃၆။
၂၄၂။
၂၄၀။

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၂၈၇၊ အောက်တိုဘာ၊ ၂၀၁၃

ဝင်းငြိမ်း စိစဉ်တည်းဖြတ်သည်

အယ်ဒီတာအဖွဲ့ -
တိုက် (၂၁/၂၃) အခန်း (၃-၀၃)
၅၂ လမ်း (အောက်ဘာလောက်)
ပိုလ်တာထောင်ပြုန်းယ်၊ ရန်ကုန်။
ဖုန်း-၀၁-၉၀၁၀၁၅၅

Email :
nyeinfamily@gmail.com

မျက်နှာဖုံး၊ မေဇော်လက်ဆောင်နှင့်
အတွင်းပုံနှိပ်သည့်
ဦးညောလှိုင် (၁၅၂၂၃) ၎ရုံတာလှုပ်နှိပ်တိုက်-
အမှတ် ၁၁၁၊ ရွှေတောင်ကြား၊ ၅ လမ်း၊
ပဲခူး လမ်းကွက်၊ စက်မှုဇုန် တောင်ဘုံ၊
ရန်ကုန်မြို့။

ရွှေဖူးက်ဝေသူ -
ဦးညောလှိုင် (၁၇၁၁၀)
အမှတ် ၁၁၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
ယာဇနလေးလမ်းကြား၊ ဘတ္တာက်တောကျွန်းယ်၊
ရန်ကုန်မြို့။

ရွှေပြန်ချိန်း -
ဇမ္ဗူတာလုပ်ငန်း
အမှတ် ၁၁၃၊ လမ်း ၄၀၊ ကုန်သည်လမ်းနှင့်
ယာဇနလေးလမ်းကြား၊ တကွက်တောကျွန်းယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၀၂၂၀
စာတိုက်သေတ္တာအမှတ် ၁၂၀၅

E-mail :
zabutalu@gmail.com

www.burmeseclassic.com

www.burmeseclassic.com

အာဒမ် ဝေနဲ့ ရွှေကြက်ဖ

Heart & Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ၂၀၁၀ ပြည့်နှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲမှာ ပြေတီဦးနဲ့ သက်မွန်မြင့်တို့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုများ ရရှိခဲ့ပြီး ပရိသတ်များ အကြိုက်ညီခဲ့ကြတဲ့ **အာဒမ်ရယ် ဝေရယ် ဒသရယ်** ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ကျင်းပမယ့် ၂၂ ကြိမ်မြောက် ရွှေကြက်ဖရုပ်ရှင်ပွဲတော်မှာ ပြသဖို့ ရွေးချယ်ခဲ့ကြောင်း သိရပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

သူတို့အရေး

ရွှေအမြုတေရတ်စုံမဂ္ဂဇင်း အမှတ် ၂၈၇၊ အောက်တိုဘာ၊ ၂၀၁၃

ဇာတ်လမ်းတွဲတွေထဲမှာ ကြိုးစားနေတဲ့ အချစ်၏ နောက်ဆက်တွဲ စာမျက်နှာ

ကွယ်လွန်သူ ဘဝအဆောက်အ
ဝင်းဝင်းသဇင်တာ
မယ်သီရာ့ဇော်မာ
အနုပညာရှင်များရဲ့ဘဝနဲ့
ဆုတောင်းခဲ့ပြီး ထုံးစံမဲ့
ထုတ်ဆေးရာမှာ
အချိုးအစားတော်သူဖြစ်ခဲ့တဲ့
အချစ်၏အရောင်တော်တွဲ
ဆရာမိမိ ကဗျာဒို
ပါရီဂိမ်းတစ်ပိုင်နှ
မိုးမြတ်သူတော်ကြ
ကတ်သစ်ပေါ်ပွဲအကြောင်
ဖိုးမိတ်သူ
ဂီတပွဲအကြောင်းတွေ
ကြယ်ပွင့်ကျော်တော်
ဂီတာသူတော်
ကုမ္ပဏီကြီးမင်းသား
တစ်ယောက်
ဦးသော်
ဘဝတွဲ

အကယ်ဒမီ
စိုးမြတ်သူစော

www.burmeseclassic.com

www.burmeseclassic.com

အကယ်ဒမီမင်းသားအတွက် အကယ်ဒမီဒါရိုက်တာရဲ့အစီအစဉ်

၂၀၁၁ ခုနှစ်အတွက် အကောင်းဆုံးဒါရိုက်တာဆုရ ဒါရိုက်တာ ထွန်းအောင်ဇော်က အကောင်းဆုံးအမျိုးသား သရုပ်ဆောင်ဆုရခဲ့တဲ့ နောင်နောင်အတွက် ဗီဒီယိုကားများ ရိုက်ကူးဖို့ စီစဉ်နေပြီဖြစ်ပါတယ်။ ပထမဆုံးရိုက်မယ့် ဗီဒီယိုကားက အချစ်ရှိရာ အချစ်လာ ဖြစ်ပြီး တိမ်နှင်းဆီ၊ နှင်းစိတ်ဆောင်း ဗီဒီယိုကားများကိုလည်း ဆက်တိုက် ရိုက်ကူးသွားမယ်လို့ သိရပါတယ်။ နောင်နောင်က ထာဝရအထင်းတန်းများ ရုပ်ရှင်ဇာတ်ကားနဲ့အကယ်ဒမီဆုရပြီးတဲ့ နောက်မှာ အနုပညာလှုပ်ရှားမှုများ မရှိသေးဘဲ အခုမှ ပြန်လည်လှုပ်ရှားမှာ ဖြစ်ပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com

သူတို့အရေး

ရွှေအပြုံတောရပ်စုံမဂ္ဂဇင်း အမှတ် (၂၈) အောက်တိုဘာ ၂၀၁၃

ဒေါ်မာမာအေး အမေရိကန် ပြည်ထောင်စုသို့ ပြန်ပြို

မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် အလည်အပတ်ပြန်လည် ရောက်ရှိလာတဲ့ အဆိုတော်ကြီး ဒေါ်မာမာအေး အမေရိကန် ပြည်ထောင်စုသို့ စက်တင်ဘာလ ၄ ရက်နေ့က ပြန်လည် ထွက်ခွာသွားပြီ ဖြစ်ပါတယ်။

ဒုတိယအခေါက် ပြန်လည် ရောက်ရှိလာစဉ် ဒေါ်မာမာအေးက မန္တလေးမြို့မှာ မြို့မတော်ရိယာ အသင်းကြီးနဲ့ တွဲဖက်သီဆို ဖျော်ဖြေ ခဲ့ပါ တယ်။ ❑

တေးသံရှင် (ဒေါ်)မာမာအေး

www.burmeseclassic.com

www.burmeseclassic.com

သူတို့အရေး

ရွှေအပြုံတောရွာဝင်စုံမဂ္ဂဇင်း အမှတ် ၂၈၇၊ အောက်တိုဘာ၊ ၂၀၁၃

BURMESE CLASSIC .com

မီဒီယိုရိုက်တော့မယ့် နန်းခင်ဇော်ပျော

မြန်မာနိုင်ငံ ကိုယ်စားပြုပြီး နိုင်ငံတကာ မယ်ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်စဉ် မြန်မာနိုင်ငံသူ နိုင်ငံသားများ တစ်ခဲနက်အားပေးမှုကြောင့် Miss Internet ဆုကို ဆွတ်ခူးရရှိခဲ့တဲ့ နန်းခင်ဇော်ပျောတာ ၂၀၁၃ ခုနှစ်အတွင်း မီဒီယိုဇာတ်ကားများ စတင်ရိုက်ကူးတော့မယ်လို့ ဆိုပါတယ်။ ❑

www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ
ရှင်ဒေဝီ

တတိယအကြိမ်မြောက်
ဝဿန်ရုပ်ရှင်ပွဲတော် ကျင်းပပြီးစီး

နှစ်စဉ်နှစ်တိုင်း စက်တင်ဘာလမှာ
ကျင်းပလေ့ရှိတဲ့ ဝဿန်ရုပ်ရှင်ပွဲတော်ကို
တတိယအကြိမ်မြောက်အဖြစ် စက်တင်ဘာလ
၃ ရက်နေ့က စတင်ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်များထဲမှ
ဆန်ခါတင်ကားများအဖြစ် ရွေးချယ်ခံရတဲ့
ဇာတ်လမ်းတို့၊ မှတ်တမ်းရုပ်ရှင်၊
အမြင်သစ်ရုပ်ရှင်တို့ကို ပရိသတ်များအား
အခမဲ့ပြသပေးခဲ့ပြီး စက်တင်ဘာလ
၈ ရက်နေ့က ဆုများကို ကြေညာပြီး
ဘာဝန်ရှိသူများက ဆုချီးမြှင့်ပေးခဲ့ကြပါတယ်။
မှတ်တမ်းရုပ်ရှင်ဆုကို ဒါရိုက်တာ ရှင်ဒေဝီ
ရိုက်ကူးခဲ့တဲ့ **Take Me Home**
ဇာတ်ကားကလည်းကောင်း၊
အမြင်သစ် ရုပ်ရှင်ကားဆုကို
ဒါရိုက်တာ တောဇာနဲ့ ဖေမောင်စိမ်းတို့
ရိုက်ကူးခဲ့တဲ့ **The River Our Ayeyarwaddy**
ဇာတ်ကားကလည်းကောင်း၊
ဇာတ်လမ်းတိုဆုကို ဒါရိုက်တာ
ဦးခိုးအောင် ရိုက်ကူးတဲ့ Next Month
ဇာတ်ကားကလည်းကောင်း ဆွတ်ခူးရရှိသွားပါတယ်။
ဆုတစ်ဆုစီအတွက် ပွဲတော် ကျင်းပရေးကော်မတီက
ကျပ် ၅ သိန်း၊ မီဒီယာပါတနာဖြစ်တဲ့ 5 Net Work က
ကျပ် ၅ သိန်း စုစုပေါင်း ကျပ် ၁၀ သိန်းစီ
ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။

❑ **အောင်သန်းထွန်း**

www.burmeseclassic.com

www.burmeseclassic.com

ဦးလေးငြိမ်း

ဩဂုတ်လထုတ် ရွှေကိုဖတ်ပြီး ရွှေအသစ်တွေအတွက် ဝမ်းသာမိပါတယ်။ ပုံရေ လေးဆယ်ထဲက ဆန်ခါတင် ဆယ်ပုဒ်ရွေးရလောက်အောင်အထိ ရွှေအသစ်တွေက လက်စွမ်းထက်လာကြပြီနော်။

ဆရာမ ဒွေဇင်ယော်ဦးရဲ့ တိုးတိုးပြောပါ ဝတ္ထုက စာတ်သိမ်း အရမ်းလှတယ်။ မျှော်လင့်ထားတဲ့အတိုင်း ဒီနှစ် ဆရာမ ချွေဆုရလို့ ဝမ်းသာမိပါတယ်။ ဆရာ စိုးရန်နိုင်ရဲ့စာကို ဖတ်ပြီးမှ 'ချက်ဆို နားခွက်ကမီးတောက်'၊ 'အပ်ကြောင်းထပ်'၊ 'ငါး ပါးမောက်' ဆိုတဲ့ စကားတွေကို ဂဃနဏ သိရတော့တယ်။ ဆရာ့ကို ကျေးဇူးတင်လိုက်တာ။

ဦးလေးငြိမ်းရေ ဆရာ မောင်ရင့်မာ(ကျောင်းကုန်း) ရသစာတမ်းကို ဖတ်ပြီး အတိတ်က ကျွန်တော်တို့နိုင်ငံရဲ့ ပုံရိပ်က ဆိုးဆိုးရွားရွားဖြစ်ခဲ့တာကို စိတ်မကောင်းဖြစ်ရပါတယ်။ ပညာမဲ့ စိတ်ထားညံ့တဲ့လူတွေ အာဏာရရှိချိန်မှာ ပညာတတ် စိတ်ထားမွန်မြတ်သူတွေရဲ့ ဘဝမှာ ရင်နှင့်စရာ ကောင်းလှပါတယ်။ ဒီလို အမှားတွေကို ပြင်နိုင်ရင်တော့ ကျွန်တော်တို့ နိုင်ငံရဲ့ အနာဂတ်ဟာ လှပလာလိမ့်မယ်ထင်ပါတယ်။

ဦးလေးငြိမ်း၊ ဆရာမ မသီတာနှင့်တကွ
ရွှေအဖွဲ့ဝင်အားလုံး
ကျန်းမာပျော်ရွှင်ပါစေ။
နေလင်းထွေး၊ချောင်းဦး

ကျွန်တော်တို့ ရွေးချယ်ထားတဲ့ စာမူများကို နှစ်သက်တယ်ဆိုတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အတက်နိုင်ဆုံး စာကောင်းပေွန်များကို တင်ဆက်နိုင်ဖို့ ကြိုးစားစီစစ်ပေးကြပါတယ်။ ဆရာ၊ ဆရာမများကိုယ်တိုင်က အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးလာကြလို့ ကျွန်တော်တို့က ကျေးဇူးတင်ရပါတယ်။

❑

ဆရာ ဦးဝင်းငြိမ်း

'မင်္ဂလာပါ'လို့ ဝိတိလိုင်းအဟုန်နဲ့ ပထမဦးဆုံး နူတ်ဆက်ပါရစေခင်ဗျာ။ ကျွန်တော်ကတော့ ဆရာ့ရဲ့ ပြန်ကြားချက်နဲ့ စက်တင်ဘာလထုတ်(၂၀၁၃)မှာ ပန်းနိမိတ် ကို ဖော်ပြပေးပါမယ်ဆိုတဲ့ စာမူရှင် ကလောင်သစ်ကလေးပဲ ဖြစ်ပါတယ်။ နှလိုင်လထုတ်မှာ ပြင်ဆင်ရေးသားဖို့ ပြန်ကြားချက်ပါလာတော့ ကျွန်တော်တို့ ကလောင်အသစ်အဖို့ ရင်အစုံ လှိုက်ဖိုမိတာကတော့ အမှန်ပါ။ ကျွန်တော်ပဲလားဆိုတော့ ဘယ်ဟုတ်မလဲဆရာ။ ကျွန်တော့်ရဲ့ သူငယ်ချင်း ရေဖက် နော်(ကျောက်တိုင်)ကပါ တကူးတက ဖုန်းလှမ်းဆက်ပြီး ဝိတိတွေ မျှဝေကူးစက်ကြရပါတယ်။ ကျွန်တော် အိမ်ထောင်မကျခင်က လစဉ် (၂၀၁၁) စက်တင်ဘာကစလို့ ရွှေအသစ်မှာ လစဉ်ဝိုဏ်းတစ်ပုဒ်ရေးပြီးအောင် ကြိုးစားခဲ့ရတာပါ။ (၂၀၁၂) ဒီဇင်ဘာလမှာ အိမ်ထောင်ကျကတည်းက နော်(ကျောက်တိုင်)က ပြော

ဦးသိန်းလွင်
(ကျောက်မုဆိုး)နဲ့
စာရေးဆရာ
မောင်မိုးသူ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်းပါးလေး တစ်ပုဒ်စ၊ နှစ်ပုဒ်စ၊ ဝတ္ထုတိုလေး မခြေရေးစာ ဇော်ပြခံရတာလောက်ဟာ ဘာမှ စာပို့လောက်စရာ မရှိပါဘူး။ ကျွန်တော်တို့ရဲ့ဖခင် မိုလ်ချုပ်အောင်ဆန်းဟာဖြင့် အသက် ၃၂ နှစ်မှာ နိုင်ငံတော်အတွက် အသက်ပါပေးခဲ့ရပြီဗဲ့ ဆရာ။ ကျွန်တော်တို့က ဒီအရွယ်မှာ နှစ်ခါပြန်တောင် သေသင့်ပါပြီ ဆရာ။ သင်သေသွားသော် ကဗျာကိုရေးတဲ့ ဆရာ ဇော်ဂျီဟာ အဲဒီအချိန်က ၂၈ နှစ်ပဲ ရှိပါသေးတယ်။ ဆရာ ဇော်ဂျီရဲ့ အဲဒီကဗျာကို ဇော်ပြပေးခဲ့တဲ့ အိုးဝေ မဂ္ဂဇင်း အယ်ဒီတာကတော့ အသက် ၂၀ အရွယ် ကိုအောင်ဆန်း (ဒိုလ်ချုပ်အောင်ဆန်း)ဆိုတော့ စာပေလမ်းပေါ်ကို အခုမှ စတင် လျှောက်လှမ်းမယ့် ကျွန်တော်ဟာ စဉ်းစားကြည့်တဲ့အခါ အလွန်ရှက်စရာကောင်းနေပါတယ်။ စာနဲ့ စားလို့မရဖွန်း အိမ်ကြီးနဲ့ ဒီလမ်းပေါ်လျှောက်ဖို့ ကြိုးစားနေတာကတော့ ဒိုလ်ချုပ်တို့လို နိုင်ငံတော်အတွက် ဟုတ်ပေမဲ့ နှမ်းတစ်တင်း အတွက် နှမ်းတစ်စေ့လောက် ဖြစ်ချင်မိလို့ပါပဲ ဆရာ။ တစ်ခါတလေတော့လည်း အိမ်ထောင်သည်ဘဝ ဝမ်းရေးကလည်း ရှိနေပြန်တော့ အတော်ကို ကြိုးစားနေရတာပါပဲ ဆရာရေ။

စာလည်း ရှည်လာပြီဆိုတော့ လိုရင်းပဲ ရေးပါတော့မယ် ဆရာ။ ကျွန်တော်ရဲ့ ပထမဆုံး ဇော်ပြခံရမယ့် ဝတ္ထုအတွက် ကြိုတင်ရင်ခုန်ရင်း ရသစာပေနဲ့အတူ ရွှေအမြုတေ နှစ်ပေါင်း ရာကျော် တည်တံ့ခိုင်မြဲစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ရပါတယ် ဆရာ။ မျိုးဆက်သစ်တို့ရဲ့ ကျေးဇူးရှင် ဆရာလည်း အသက်ရာကျော်ရည်ပါစေလို့ ဆုတောင်းလျက်။

မင်းတုန်းဆောင်စိမ်းလွင်

ဆရာ ဆောင်စိမ်းလွင်ရဲ့အဖြစ်က သတ္တုအကြိမ် ရွှေအမြုတေစာပေဆုပေးပွဲမှာ မျိုးဆက်သစ်စာပေဆု ရခဲ့ပြီး အသုံးအကြိမ် ရွှေအမြုတေစာပေဆုပေးပွဲမှာ ဝတ္ထုရည်ဆု ရခဲ့တဲ့ ဆရာ ဆောင်ဖြိုးကျော်(ဝနတ္ထူ)ရဲ့အဖြစ်နဲ့ တစ်ဆင့်တည်းပါ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့။ ဝတ္ထုတိုရေးသူများဟာ ဝါသနာအလျောက် ကိုယ် သိထား ကာတွေကို ဝရိုသတ်အတွက်၊ ဂေါ်ဆော့ချ်ပေးချင်လို့ ရေးကြ သူများ ဖြစ်ပါတယ်။ ရုပ်ဇာတ်ရေးခဟာ အသက်မွေးဝမ်းကျောင်း ပြုလောက်အောင်၊ မများဘူးဆိုတာ သေးလူတွေ သိလိုဖြစ် ပါလိမ့်မယ်။ ဆက်ရေးပါလို့ ကျွန်တော် အားပေးချင်ပါတယ်။

❑

ဦးဝင်းငြိမ်း(အယ်ဒီတာချုပ်)

မင်္ဂလာပါဆရာ၊ နေကောင်းပါတယ်နော်။(စာရှည်၊ သည်းခံပါခင်ဗျ။)

ကျွန်တော်ကလည်း မြန်မာကားကြည့်ပြီး မနေနိုင်၊ ဆရာ ကလည်း ကြိုဆိုပါတယ်ဆိုထားတော့ ရေးလိုက်ရပြန်ပါတယ် ဆရာ။ ရိုက်ကွင်းမှာကတည်းက ဟားတိုက်နေရတာဆိုတဲ့ ဟာသကား၊ မြန်မာပြည်အနှံ့ လှည့်လည်ပြီး ရိုက်ထားပါတယ် ဆိုတဲ့ ဒရာမာကား မြို့မှာ လာတင်လို့ ကြည့်မိပါတယ်။ ရိုက်ကွင်းမှာ ရယ်ရတိုင်း ပိတ်ကားထက်(ရုံထဲရောက်တဲ့အခါ) ရယ်ရမယ်လို့ မျှော်လင့်ရင် မှားခြင်းကြီး မှားပါလိမ့်မယ် ခင်များ။ ဒိုင်ယာလော့ခ်၊ မျက်နှာပေးလေးတွေဟာ လုပ်ပြ (သရုပ်ဆောင်ပြနေတာ)နေတာကို ပေါ်လွင်နေကတည်းက သဘာဝက မပါတော့ မရယ်ရဘဲ စိတ်ပဲ ပျက်မိပါတယ်။ ဇာတ်ကောင်ကို တကယ် စိတ်ဝင်စားတာ မဟုတ်ဘဲ ဒီနေရာ ဒီလိုလုပ်ပြလိုက်မယ်ဆိုတဲ့ အချုပ်အက မျက်နှာမှာ ပေါ်လွင်နေ လေတော့ ဘယ်မှာကောင်းတော့မှာလဲ ဆရာ။

တတ်နိုင်လို့ ကမ္ဘာပတ်ပြီး ရိုက်ထားတဲ့ကား ဖြစ်နေရင် လည်း ဇာတ်နဲ့ ဇာတ်ကောင်စရိုက်ကို ပတ်ဝန်းကျင် နောက်ခံ က ပံ့ပိုးပေးရာ မရောက်ရင်လည်း ဘာမှ ရသ မပေါ်လွင်ပါ ဘူး။ ခိုလိမ့်ပေါ့ ပြောခဲ့ဖူးသလို "ဗမာတွေ တလွဲဆံပင်ကောင်း တယ်"ဆိုတာလို မြန်မာရုပ်ရှင် အနုပညာရှင်တွေလည်း သူတို့ ကိုယ်သူတို့ တင်စားလိုက်ကြတာ အနုပညာမှော် အောင်သတဲ့။ တစ်ဖက်ကမ်းခပ်သတဲ့။ ပြီးတော့ရှိသေး "ကဝေ"တဲ့။ ဟင်း မပြောလိုက်ချင်ဘူး။ ကြီးလေ သရုပ်ဆောင်ကြတာ 'Over' ဖြစ်လေပဲ။ ဗီဒီယို တချို့လည်း ငှားကြည့်ပါတယ်။ ရထားတဲ့ အကယ်ဒမီတွေမှ အားမနာ ဟို မမ ဆို ပိုဆိုးသေး။ အဖြူ အမည်းခေတ်ကို လွမ်းလိုက်တာ ဆရာရေ။ အနီကို ဂရေစီ (ဆွေဇင်ထိုက်)ပြောသလို မြန်မာရုပ်ရှင်ကို ကူကြပါ၊ ဝိုင်းကြ ပါဦး။ ဟာသလည်း ဟာသမို့လို့၊ ဒရာမာလည်း ဒရာမာမို့ လို့ လစ်ကွက်၊ ဟာကွက်၊ ပျော်ကွက် ညံ့ကွက်တွေချည်းပဲ။ ပြီးစလွယ် ရိုက်၊ ထုတ်၊ သရုပ်ဆောင်နေကြတာ အသိသာ ကြီး။ Hollywoodကိုကူးတော့ သူတို့က 'နည်းပညာ တိုးတက် တဲ့ကိုး'တဲ့ ဝေဖန်တယ်။ ဟုတ်ပါတယ်။ ဒါပေမဲ့ အနုပညာ အရာမှာလည်း ဘယ်သူတွေမှ လိုက်မမီအောင်ကို ဇာတ် ကောင်ရဲ့ အချုပ်အက၊ စိတ်၊ စိတ္တဇကနေ ဖြစ်ပေါ်လာတဲ့ အမူအရာ ကို ကွက်တိဝင်အောင် သရုပ်ဆောင်ပြနိုင်ကြလို့ Hollywoodဆိုတာ ကမ္ဘာက ငွေတွေကို သွဲ့ယူပြီး ခုထိရပ်တည်နိုင်တာပါ။ ဥရောပ က(ဂျာမန်)ထုတ်တဲ့ **Amour** ဆိုတဲ့ကား ကြည့်ပါ ဆရာ။ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်တည်းနဲ့ ဇာတ်အိမ်တည်ပြီး တိုက်ခန်းထဲတင် ရိုက်ထားတာ လက်ဖျားခါရပါတယ်။ သရုပ် ဆောင်ပညာကို ဒါရိုက်တာရဲ့ တင်ပြချက်နဲ့ အော်စကာပွဲ အထိ လှမ်းတက်ခဲ့တဲ့ ကားပါ။

'Action, Comedy'အမျိုးအစား **Hangover(3)**ကို လည်း လေ့လာကြည့်ပါ။ တထိတ်ထိတ်နဲ့ ရယ်နေရတာမျိုး ပါ။ မင်းသား 'Bradley Cooper'တို့ သုံးယောက်နဲ့ **Identity Thief** ကားထဲက ဖက်တီးမင်းသမီးတို့ ဆိုင်မှာ ဆုံကြတဲ့ အခန်းကလေးပဲ ကြည့်ပါဆရာ။ 'Was I talking to You?'လို့ မင်းသမီးက ဟောက်တော့ Bradley ရဲ့ အခံရုပ်(အံ့သြငေးမော မှင်တက်)သာ လုပ်တာ'လွဲ'ရင် ဇာတ်ကားကို အများကြီး 'နာ'သွားစေနိုင်ပေမဲ့ မင်းသားရဲ့ အခံရုပ်က အပိုအလိုမရှိ တကယ့် သဘာဝအတိုင်းဆိုတော့ ဟာသမြောက်သွားတော့ ကာပါ(မြန်မာဟာသ သရုပ်ဆောင်များ အတုနိုးကြဖွယ်ရာ ပါခင်ဗျာ)။ တခြားမြို့တွေမှာတော့ မသိပါ၊ ကျွန်တော်တို့ မြို့က ပရိသတ်အချို့ဟာလည်း ဟာသခန်းမဟုတ်ဘဲ မင်းသားမင်းသမီး ထွက်လာရင်ကိုပဲ ရယ်နေကြတာ တွေ့ရပါ တယ်။ **ထာဝရအလင်းတန်းများ** ကားထဲက 'မော့စ်' ကြောင်ကြောင်ပြောပြနေတဲ့အခန်း (မော့စ်ဟာ အဲဒီကားထဲမှာ ဇာတ် ပို့မဟုတ်ပါဘူး၊ ရံထားတဲ့ ဇာတ်ရံပဲ ယူဆမိပါတယ်၊ ပို့တာ က 'လူမင်း'ပါ)ဆိုရင် ဝမ်းမနည်းဘဲ အချို့ပရိသတ်က ရယ် ကြပြန်ပါရောဆရာ။ ချာတူးလန် ရုပ်ရှင်ဆိုရင်တော့ ချာတူး

ဖြူဖြူကျော်သိန်း

www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ပတ်သက်ပြီး ဘာတွေထဲ မခိုင်ကြီးရဲ့ သမ္မေသတ္တာ ကမ္မသကာ(နည်းနည်းကြာပြီ)။ သူထူးစရဲ့ ၁၉ တောင်တတ် ဇင်းယောကျိုး၊ ထွန်းထွန်း(Example)ရဲ့ သံချောင်း တကယ် ရင်ထဲရောက်ပါတယ်။ ကောင်းလှပါတယ်။ မှော်ဆရာ၊ ဆရာမများ တစ်ဆက်တည်းခပ်နေတဲ့ ကဗေဒမများ အနုပညာစွမ်းရည် ဝမ်းစာပြည့်ကြဖို့ရာ ပြည်ပရုပ်ရှင်တွေများများ ကြည့်ကြပါဦးလို့ တိုက်တွန်းလိုက်ပါရစေခင်များ။

စိန်ချည်ဝေါင်ရည်(ခ)
လမင်းဓောင်မောင်ဖြင့်ဦးလွင်၊

ဆရာ စိန်ခင်မောင်ရီက 'ဒါ ဇတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ' လို့ ခေါင်းစဉ်တပ်ပြီး ရုပ်ရှင်ဇော်ဖန်ရေးတွေ ရေးခဲ့ပါတယ်။ ဒီဆောဖန်ရေးတွေ ရေးခဲ့တဲ့ ကိုအသတိကတော့ 'သည်းခံစွင့်လွှတ်နားဆင်ပါ' ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒီတဆောဖန်ရေးတွေ ရေးခဲ့ပါတယ်။ ခက်တာက ဒီနေ့တော် အနုပညာရှင်တွေ(ရုပ်ရှင်ရော၊ ဂီတပါ)က ဇောဖန်ရေးကို ကြိုဆိုပါတယ်လို့ ပါးစပ်က ပြောကြပေမဲ့ လက်တွေ့တော့ ခပ်စပ်စပ်လေး ရေးလိုက်ရင် ဇောဖန်ရေးဆရာကို တွေ့ရာသရဲခြိုင်းစားဆဲဆိုင်း ကြိမ်းကြတော့တာပါပဲ။ ဒီတော့ ပုထုဇဉ်တွေဖြစ်တဲ့ ဇောဖန်ရေးဆရာများကလည်း လက်ရှောင်ကြတော့တာပေါ့။ ဇောဖန်ရေးမရှိရင် ထင်ရာမိုင်းကြတော့မှာ သေချာလှပါတယ်။ ကျွန်တော်တို့က ဇောဖန်ရေးကို ကြိုဆိုသင့်ပါတယ်။ ဇောဖန်ရေးဆရာတစ်ယောက်ရေးတဲ့ ဇောဖန်ချက်ဟာ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု ပါမပါဆိုတာ စာဖတ်ပရိသတ်က သိပါတယ်။ ဒါပေမဲ့ အနုပညာသမားက အသိခေါက်ခက် အင်နက်ဆိုသလို မသိကြောင်က တော်တော်ဆိုးပါတယ်။ ■ ဝင်းဦးမိုး

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အနုပညာလောကမှာ ပရိ
သတ်အားပေးမှု ရရှိနေပါ
တယ်။ ဇာတ်ကားရိုက်ကူး
ရေးတွေ မလုပ်ဘဲ ဗီစီဒီ၊ တီဒွီ
ကြော်ငြာနဲ့ Billboard တွေ
ရိုက်ကူးရင်း ပရိသတ်ရဲ့အား
ပေးမှု ရရှိလာတာပါ။ အနု
ပညာလောကနဲ့ မစိမ်းတာ
ကြောင့် အနုပညာလောကထဲ
ဝင်လာနိုင်တယ်လို့ ဆိုနိုင်
ပေမဲ့ ဗီဇ၊ ဝါသနာ၊ ကြိုးစား
မှုနဲ့ ကံတရားတွေပါဦးမှ ဖြစ်
မှာပါ။ အထူးသဖြင့် လူငယ်
ပရိသတ်တွေကြား ရေပန်း
စားနေတဲ့ ယွန်းဝတီလွင်မိုးကို
ရွှေအမြှေတမဂ္ဂဇင်းမျက်နှာဖုံး
ရိုက်ဖို့ စီစဉ်ဖြစ်ပါတယ်။

ဆယ် ကျော် သက်
လူငယ်တစ်ယောက်ဖြစ်တဲ့
ယွန်းဝတီလွင်မိုးက YIS
ကျောင်းမှာ Grade (IX) တက်
နေသူလည်း ဖြစ်ပါတယ်။
လူငယ်တွေရဲ့ထုံးစံအတိုင်း
ဇာတ်ကားကြည့်၊ သီချင်း
တွေ နားထောင်၊ အင်တာနက်
သုံးတာတွေကိုတော့ လုပ်ဖြစ်
ပါတယ်။ ဖခင်ဖြစ်သူ လွင်မိုး
က သမီးရဲ့အနုပညာလုပ်ငန်း
တွေမှာ အမြဲမပါဖြစ်ပေမဲ့
မိခင်ဖြစ်သူ မေသူကတော့
ပါဖြစ်နေတာပါ။ ဇာတ်ပုံရိုက်
တဲ့နေ့ကလည်း မိခင်ဖြစ်သူ
မေသူ ပါလာပြီး မိခင်စီစဉ်
ပေးထားတဲ့အင်္ကျီတွေထဲက
နေ ယွန်းဝတီလွင်မိုးက သူ
ကြိုက်တဲ့ အဝတ်အစားတွေ
ကို ရွေးပြီး ဝတ်တာပါ။ ခေး
ခေးလို့ အားလုံးက ချစ်စနိုး
ခေါ်ကြတဲ့ ယွန်းဝတီလွင်မိုး
က ဇာတ်ပုံရိုက်တဲ့အခါ ဝတ်
ထားတဲ့ အဝတ်အစား၊ နေရာ
တွေနဲ့ လိုက်ဖက်တဲ့ အိုက်
တင်ကို လုပ်တတ်ပါတယ်။

မျက်လုံးအကြည့်တွေက
အစ နေရာနဲ့
လိုက်ဖက်အောင်
အသက်သွင်း
တာတ်တာကို
တွေ့ရပါတယ်။
ဇာတ်ပုံရိုက်တာကို
ကြည့်တဲ့အခါ
အိုက်တင်
လုပ်တာက
အေးအေး
ဆေးဆေး
ပေါ့ပေါ့
ပါးပါးဝဲ၊
Relax ဖြစ်တယ်။
အနုပညာလုပ်အပေါ်
တော်တော်
စိတ်ဝင်စားနေပြီလား။
အခုလောလောဆယ်တော့
ပညာရေးကို
ဦးစားစိုက်
နေတယ်။
နောက်
လေးနှစ်ပြီးရင်
ယူနီဗာစီတီ
သွားတက်မှာ၊
အဲဒီတော့မှ
ဆက်ပြီး သုံးဖြုတ်မယ်။
အခုကတော့ ဒီလိုပဲ
နည်းနည်းပါးပါး
ရိုက်ရင်း
ဆက်သွားမယ်။
အနုပညာလုပ်တွေ
လုပ်ဖို့
ဖေဖေ လွင်မိုးက
ဘယ်လိုများ
အကူအညီပေးလဲ။
ဖေဖေ့အိုက်တင်တွေ
သမီးသွေးထဲမှာ
ပါပြီးသားပါ။
မေမေကတော့
အဝတ်အစားတွေနဲ့
မိန်းကလေးနဲ့

www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်တာတွေ
လုပ်ပေးတယ်။ ဖေဖေက
အိုင်ဒီယာတွေ ပေးတယ်။
နှစ်ယောက် စလုံးက
၉၀ ရာခိုင်နှုန်း
ပံ့ပိုး ကူညီပေးပါတယ်။
အနုပညာအလုပ်နဲ့
ပတ်သက်ပြီး
ဖေဖေက
ကန့်ကွက်တာမျိုး
ရှိသေးလား။
ကန့်ကွက်တာဆိုရင်တော့
နည်းနည်းပါးပါး
မလုပ်သင့်တာ၊
လုပ်သင့်တာ
လေးတွေတော့
ပြောပြတယ်။
အဖေတစ်ယောက်အနေနဲ့
အဲဒီလောက်တော့
ရှိပါတယ်။
ဖေဖေနဲ့
အရမ်းညှိနှိုင်းရတာမျိုး
မရှိဘဲ
စကားပေါ်လာရင်တော့
ပြောရတာတွေ
ရှိတယ်။
ဂျော်ပုံရိုက်တဲ့
အရိပ်ကတော့

www.burmeseclassic.com

www.burmeseclassic.com

Sexy ပုံစံဆို မရိုက်နဲ့တို့ ဘာ
တို့ ပြောထားသေးလား။

အဲဒါတွေကတော့ မေ
မေ့ကို ဖေဖေက ပြောတယ်။
မေမေကနေတစ်ဆင့် သမီးကို
ရှုတင်တွေ့မှာဆိုပြောတယ်။

ဓာတ်ပုံရိုက်တော့ အိုက်
တင်တွေက သင်စရာမလိုတော့
သွေးသားထဲမှာရှိတဲ့ အနု
ပညာတွေကြောင့်လား၊ ဘယ်
လိုကြောင့်လို့ ပြောချင်လဲ။

သွေးသားထဲမှာ ပါပြီး
သားလို့ပြောရမှာပေါ့။ Cover
ရိုက်မယ်ဆိုတာပဲ သိတယ်။
ဓာတ်ပုံဆရာလည်း မသိဘူး။
တော်ဝင်မှာ ရိုက်မယ်ဆိုတာ
သိတယ်။ အင်္ကျီတွေလည်း
မကြည့်ရဘူး။ ရိုက်တော့မှ
အဆင်ပြေသလို လုပ်လိုက်
တာဆိုတော့ အနုပညာတွေ
သွေးထဲမှာပါတယ်လို့ ပြောရ
မယ်။

တချို့ဆို လူများများ
ကြားရိုက်ရမှာ ရှက်ကြတယ်။

စစရိုက်ချင်းကတော့
သမီးလည်း နည်းနည်းရှက်
သလိုတော့ ဖြစ်တယ်။ ဒါပေ
မဲ့ အခုတော့ မဖြစ်တော့ဘူး။
ဘာဖြစ်လို့လဲဆိုတော့ တစ်နှစ်
သမီးလောက်ကတည်းက
ရိုက်လာတာဆိုတော့ အခု ဆို
ရှက်တာကြောက်တာ ဘာမှ
မရှိပါဘူး။

ဓာတ်ကားရိုက်ဖို့အထိ
ရည်ရွယ်ထားပြီလား။

ဓာတ်ကားရိုက်ဖို့ မရှိပါ
ဘူး။

ဘာဖြစ်လို့လဲ ဖေဖေက
တားလို့လား။

ဖေဖေ တားလို့ မဟုတ်
ပါဘူး။ သမီးကိုယ်တိုင်ဆုံး
ဖြတ်ချက်ပါ။ သမီး မရိုက်
ချင်လို့ပါ။ ရုပ်ရှင်၊ ဗီဒီယို
အထိ သမီး
စိတ်မပါဘူး။
တခြားသူတွေဆို
ဓာတ်ကားရိုက်ဖို့အထိ
စဉ်းစားပြီး
လုပ်ကြတာ။ သမီးဆီမှာ
တခြားစိတ်ကူး
ရှိသေးလို့လား။
ဓာတ်ပုံ မော်ဒယ်လ်အထိပဲ
လုပ်မယ်ဆိုတာက
စာအတွက် အချိန်မရမှာ
စိုးလို့၊ စာကို ဝိုင်ပြီး
အာရုံစိုက်ချင်လို့ပါ။
ဒါဆို
တက္ကသိုလ်တက်ပြီးရင်
ဘာဆက်လုပ်မှာလဲ။
တက္ကသိုလ်ပြီးသွားရင်
ဖေဖေနဲ့အတူတူ
အလုပ်လုပ်ပါမယ်။
စီးပွားရေးမှာပဲ
လုပ်မှာပါ။
ဝါသနာနဲ့
ဘဝရပ်တည်ချက်မှာ
ဘဝရပ်တည်ချက်
ပိုပေးနိုင်တဲ့
စီးပွားရေး အလုပ်ကို
ရွေးချယ်တာလား။
အခု အနုပညာ
အလုပ်တွေ
လုပ်နေတယ်ဆိုတာကလည်း
စာတွေ အရမ်းမများခင်၊
ငယ်တုန်း၊ အားတုန်းမှာ
လုပ်တာပါ။ နောက်ပြီး
ဖေဖေ့ဆီမှာလည်း
ပရိသတ်တွေ
အရမ်းများတော့
သမီးလုပ်ရင်
ဖြစ်မယ်ဆိုပြီး
ပရိသတ်တွေအတွက်
လုပ်ပေးတာပါ။
စာကိုတော့
ကြိုးစားမှဖြစ်မယ်။
အနုပညာက ကြိုက်တဲ့

www.burmeseclassic.com

www.burmeseclassic.com

အချိန် လုပ်လို့ရတယ်။ ကျောင်းကိစ္စ၊ တက္ကသိုလ်ကိစ္စတွေက ဒီအရွယ်မှာပဲ လုပ်လို့ရတာဆိုတော့ အာရုံပိုစိုက်တာပါ။

ဖေဖေ လွှင်မိုးရဲ့ အောင်မြင်ခဲ့မှုကို သမီးတစ်ယောက်အနေနဲ့ ဘယ်လိုခံစားရလဲ။

ဖေဖော်သမီး ဖြစ်ရတာ အရမ်းက်ကောင်းတယ်လို့ထင်ပါတယ်။ ဖေဖေက အနုပညာဘက်မှာ

လည်း အရမ်း အောင်မြင်ခဲ့တယ်။ စီးပွားရေးမှာလည်း တကယ်ကြိုးစားပြီး အလုပ်ဖြစ်နေတယ်။ အဲဒီတော့ ဘယ်ဘက်ကပဲဖြစ်ဖြစ် အောင်မြင်တဲ့ ဖေဖေဖြစ်တာကြောင့် စိတ်ချမ်းသာပါတယ်။

ဒါဆို ယွန်းဝတီလွှင်မိုးရဲ့ဘဝအတွက် Hero က ဘယ်သူဖြစ်မလဲ။

သမီးဘဝအတွက် Hero က အဖေရော၊ အမေရော နှစ်ယောက်စလုံးပါ။ နှစ်ယောက် ညီညီမျှမျှပဲ ပိုတာ မရှိပါဘူး။ သမီးကို ဖေဖေနဲ့ မမေ ဘယ်သူ့ပိုချစ်လဲဆိုတဲ့ မေးခွန်းဆိုအရမ်းမုန်းတယ်။ အဖေနဲ့ အမေကို ညီညီမျှမျှ ချစ်ရမယ်။ ဘာဖြစ်လို့လဲဆိုတော့ အမေရော၊ အဖေရောနှစ်ယောက်စလုံး တာဝန်ကြောင့် သမီး ဒီလိုဖြစ်လာတာ။ အဲဒါကြောင့် နှစ်ယောက်စလုံးကို ညီညီမျှမျှ ချစ်ပါတယ်။ အဖေမရှိလည်း မဖြစ်၊ အမေမရှိလည်း မဖြစ်ပါဘူး။

ဘယ်အသက်အရွယ်မှာ ဘယ်လောက်အတိုင်းအတာအထိ အောင်မြင်ရမယ်လို့ စီစဉ်ထားလား။

နောက်လေးနှစ်ဆိုရင် သမီးက ၁၈ နှစ်၊ အဲဒီမှာ တက္ကသိုလ်ကို ၃ နှစ်၊ ၄ နှစ်လောက် တက်ရမယ်။ ၂၃ နှစ်၊ ၂၄ နှစ်မှာ ဖေဖေနဲ့ စီးပွားရေးအလုပ်မှာ လုပ်ဖို့ Ability ရသွားပြီဆိုရင် ကြိုးစားပါ့မယ်။ အောင်မြင်အောင် ဖေဖေကို ကူညီပါ့မယ်။ ဒီလို လုပ်မေးမယ်၊ လုပ်ရမယ်ဆိုတဲ့ အတွေးတွေက လွန်ခဲ့တဲ့ ၂ နှစ်လောက်က ရခဲ့တာပါ။

ဒီအသက်အရွယ်မှာ အနုပညာအလုပ်တွေ လုပ်ဖြစ်တော့ အလုပ်နဲ့ ပတ်သက်တဲ့ စိတ်ရှုပ်စရာတွေရော ကြုံရဘူးလား။

သမီးရေ့စီတယ်ဖိစီးမှု ကတော့ နိုင်ငံခြားမှာ ကြော်ငြာတွေ လမ်းပို့ကိုက်ရတဲ့ အရမ်း ဝင်ပန်းတယ်။ အဲဒီတော့ တစ်ခါတလေ စိတ်ပင်ပန်းတာတွေ ဖြစ်တတ်ပါတယ်။ ဝုန်းဒိုင်းကြဲလောက်ထိတော့ မရှိပါဘူး။ စိတ်ပင်ပန်း၊ မောပြီး အားမရှိတော့တာတို့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပေမဲ့ ရွေအမြဲတေအတွက် ဓာတ်ပုံရိုက် အချိန်ပေးခဲ့တဲ့ ယွန်းဝတီလွင်မိုး၊ မမေသူ၊ တော်ဝင်စင်တာကို အပြေးအလွှား လာရောက်ပြီး အလှဆုံး ဓာတ်ပုံတွေ ရိုက်ကူးပေးတဲ့ ကိုလင်း(Studio-K)၊ ယွန်းဝတီလွင်မိုးရဲ့ မိတ်ဆက်ပန်းဆင်ကို ပြင်ဆင်ပေးတဲ့ ဝိုင်း(ဒီဇင်ဘာနှင်း) တို့ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ဆိုပါရစေ။

■

ခင်လေးမြင့်

www.burmeseclassic.com

ခဏခဏ ဖြစ်ပူးပါတယ်။

ကြော်ငြာတွေရိုက်ဖို့ သမီးကိုယ်တိုင် လက်ခံလား၊ မေမေက လက်ခံပေးတာလား။

တစ်ခါတလေ သမီး ဆုံးဖြတ်ချက်၊ တစ်ခါတလေ မေမေ့ဆုံးဖြတ်ချက်၊ မေမေ့ ဆုံးဖြတ်ချက်က များပါတယ်။

မေမေက ဆုံးဖြတ်မေ့ဲ့ သမီး မရိုက်ချင်တာမျိုး ကြိုဖူးလား။

စိတ်မပါပေမဲ့ အလုပ်ဆိုပြီး လုပ်လိုက်တာပဲ။ လက်ခံပြီးသားဆိုတော့ လုပ်လိုက်တာ။ ကောင်းကောင်းလေးနဲ့ သူတို့ကျေနပ်အောင် ကြိုးစားပြီးလုပ်ပေးတယ်။ ကိုယ်လုပ်ချင်လို့ လုပ်လိုက်ရဲ့ရလာတဲ့ ရလဒ်နဲ့ မတူပ်ချင်ဘဲ လုပ်လိုက်ပြီး ရလာတဲ့ ရလဒ် ကွာခြားမယ်လေ။ ဟုတ်ပါတယ်။ ကွာခြားပါတယ်။ စာကယ့်ကို ပျော်ပျော်ရွှင်ရွှင်နဲ့ သမီး စိတ်ထဲက တကယ်လုပ်ချင်တယ်ဆို ကျလည်း ကျေနပ်တယ်၊ ပိုလည်း ကောင်းတယ်။ အဲဒါက သမီး သက်သေသေးတာကြောင့် ဟုတ်ပြီ ထင်တယ်။ ကြော်ငြာကယ်လို့ စာစံဖက် ရှိသေးတော့လေ။ ဒီဇာတ် ၄ နှစ်လောက်မှာ ကမ္ဘာ့ကျိုးတစ်ယောက် ဆိုတော့ ဘယ်နိုင်ငံမှာ သွားတက်ချင်လဲ။

အဲဒါတော့ မသိသေးဘူး။ နောက် ၄ နှစ်ကျရင် ရန်ကုန်မှာ ဘယ်လိုယူနီဗာစီတီတွေ လာဖွင့်ဦးမလဲ မသိသေးဘူး။

ယွန်းဝတီလွင်မိုးက မြန်မာပြည်ရဲ့ ပညာရေးစနစ်ကို အခြားပြည်ပတိုင်းပြည်များရဲ့ပညာရေးစနစ်လို Better Education (ပိုမိုကောင်းမွန်တဲ့ ပညာရေးစနစ်) ဖြစ်စေချင်ကြောင်း၊ ဒွေးကြေးတက်နိုင်တဲ့အပေါ်စီးက ရှိနေတဲ့ လူများက ကျောင်းလှူတာမျိုး တွေလုပ်စေချင်ကြောင်း များဆိုပါသေးတယ်။

ရွေအမြဲတေမဂ္ဂဇင်းအတွက် ဓာတ်ပုံရိုက်ကူးပေယ့် နေရာကို စီစဉ်ပေးတဲ့ တော်ဝင်စင်တာမှ တာဝန်ရှိသူများ၊ ဓာတ်ပုံရိုက်ကူးခွင့်ပေးခဲ့တဲ့ Living Square (တော်ဝင်စင်တာ Level 3) မှ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျောင်းပိတ်ရက်မှာ အိပ်ရေးဝဝ အိပ်ချင်

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကြိုးစားမှုပါပါ

One Minute Interview

ခင်လေးမြင့်

မဟော်ဂနီထုတ်လုပ်ရေးနဲ့ J & F ထုတ်လုပ်ရေးတို့က **ရည်းစားဦး** ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထားပါတယ်။ ဒီဇာတ်ကားမှာ မဟော်ဂနီက စင်တင်တဲ့ အလင်းရောင်ကို ခေါင်းဆောင်အနေနဲ့ ပါဝင်သရုပ်ဆောင်စေထားတာပါ။ အလင်းရောင်ရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားလည်း ဖြစ်ပါတယ်။ **အလင်းရောင်ရဲ့ ပထမဆုံး ရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ အတွက် ရိုက်ကူးတဲ့ ဒါရိုက်တာ ဝင်းလွင်ထက်အပေါ် ယုံကြည်မှု ဘယ်လောက်ရှိလဲ။**

ဒါရိုက်တာအပေါ် ၁၀၀ ရာခိုင်နှုန်း ယုံကြည်သလို ကျွန်တော့်ဘက်ကလည်း အတတ်နိုင်ဆုံး ကြိုးစားမှာပါ။ ကိုဝင်းလွင်ထက်ရဲ့ ပထမဆုံးရုပ်ရှင်ဇာတ်ကားဖြစ်တဲ့အတွက်သူကလည်း အကောင်းဆုံးနဲ့ အတတ်နိုင်ဆုံးကြိုးစားမှာပဲ။ ဒီအထဲမှာ အသစ်တွေချည်းပဲဆိုတော့ အကောင်းဆုံးကြိုးစားခွင့် တွေရမယ်။ ဒီ Mood မရ မချင်း ရိုက်ခွင့်ရမယ်။

သရုပ်ဆောင်၊ ဒါရိုက်တာ အသစ်တွေ ရိုက်တဲ့ *ရည်းစားဦး* ဇာတ်ကားကို ပရိသတ်တွေ ဘယ်လောက်ထိ စိတ်ဝင်စားမယ်ထင်လဲ။

အဲဒါကတော့ မသိသေးဘူး။ ဇာတ်ကားထွက်လာမှပဲ သိမယ်။

ဒီကြားထဲမှာ အလင်းရောင်ကို ဗီဒီယိုဇာတ်ကားတွေ မရိုက်ဖြစ်ဘဲ နားနေရာကနေ ရုပ်ရှင်ကားကြီး ရိုက်ဖြစ်တယ်နော်။ ဘယ်လို ကြောင့်လဲ။

အဲဒါတော့ မသိဘူး။ အဲဒီကြားထဲမှာ ဝတ်မှုန်ရွှေရည်နဲ့ တစ်ကားရိုက်ပြီး နားထားတယ်။ ပြန်ရိုက်တော့ ရုပ်ရှင်ကားကြီးဖြစ်တဲ့အတွက် ဝမ်းသာရမလို၊ ဝမ်းနည်းရမလို ဖြစ်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်အနေနဲ့ အသစ်လည်းဖြစ်တယ်၊ သရုပ်ဆောင်တာ ကျွမ်းကျင်မှုလည်း မရှိသေးတော့ Pressure လည်း အရမ်းများတယ်။ ကြိုးစားရမှာလည်း အရမ်းများတယ်။

ဒါရိုက်တာ ဝင်းလွင်ထက်နဲ့ ရိုက်ကူးရတာ အခြားဒါရိုက်တာတွေနဲ့ ရိုက်ရတာထက် ကွာခြားမှုရှိမလား။ အလင်းရောင်ကို ဘယ်လောက် Control ပေးနိုင်မလဲ။

ကိုဝင်းလွင်ထက်နဲ့က ဗီစီဒီ ရိုက်တာ ပထမဆုံးဆုံတာ။ နောက်ပိုင်းလည်း ရိုက်ဖြစ်တော့ အစ်ကိုနဲ့ အရမ်းခင်တယ်။ သူကလည်း ဘယ်လို လုပ်ရမလဲဆိုတာ သင်ပေးတယ်။ ကျွန်တော်ကလည်း လူငယ်၊ ကိုဝင်းလွင်ထက်ကလည်း လူငယ်၊ လူငယ် အချင်းချင်းဆိုတော့ ညှိရတာလည်း အဆင်ပြေတယ်။ ကိုဝင်းလွင်ထက်နဲ့က ဒါရိုက်တာအကြီးကြီးတွေလို သိပ်ပြီး မကြောက်ရဘူးထင်တယ်။ ကျွန်တော် ပုံမှန်သရုပ်ဆောင်တာထက် နည်းနည်းတိုးတက်လာမယ်ထင်တယ်။

ကိုကျမန်းကရော အဲဒီကားနဲ့ပတ်သက်ပြီး ဘယ်လောက် Control ပေးထားသေးလဲ။

ကို ကျမန်းက တော့ အများကြီးပဲပြောထားတယ်။ ဒီကားကြည့်လို့ ပရိသတ်မျက်ရည်မကျရင် နင် သေပြီလို့ ကိုကျမန်းက ပြောထားတယ်။

အဲဒီလိုပြောတော့ သရုပ်ဆောင်ရတာ အဆင်ပြေပါ့မလား။

ကိုကျမန်းက ကျွန်တော်ရဲ့ပထမဆုံးဇာတ်ကားကို ပရိသတ်ကြားမှာ ပေါက်စေချင်တာလည်းပါတယ်။ သူစေတနာပေါ့။ ကျွန်တော်ကလည်း အဲဒီလိုဖိအားမပေးရင် ပေါ့ပေါ့ပဲလုပ်မယ်ဆိုတာ သိတော့ ဖိအားပေးတာပါ။ သူ အဲဒီလိုပေးတော့ ကျွန်တော့်အတွက် ပိုကောင်းတာပေါ့။ *ရည်စားဦး ဇာတ်ကားမှာ အလင်းရောင်က ရွှေမိအဆိုတော်တစ်ယောက် အားဝေခိုင်းတာ လုပ်ပေးရမယ့်သူအဖြစ် သရုပ်ဆောင်ထားပါတယ်။ ဒီဇာတ်ကားကို ဒါရိုက်တာ ဝင်းလွင်ထက်က ရိုက်ကူးထားတာ ဖြစ်ပါတယ်။* ■

www.burmeseclassic.com

www.burmeseclassic.com

ကဏ္ဍာခဲ့ရာတစ်မိနစ်တာ

One Minute Interview

သဏ္ဌာန်ဝင်းရဲ့ရည်းစားဦး

ခင်လေးမြင့်

ပရိသတ်အားပေးမှု ရရှိလာတဲ့ လူငယ်သရုပ်ဆောင် သဏ္ဌာန်ဝင်းက **ရည်းစားဦး** ရုပ်ရှင်ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင် ထားပါတယ်။ ဒီဇာတ်ကားမှာ ဘဲလေးအက ကတဲ့ ကောင်မလေး၊ ရောဂါသည် ကောင်မလေးအဖြစ် သရုပ်ဆောင် ထားပါတယ်။ ***ရည်းစားဦး*** ***ဇာတ်ကားအတွက် ဘဲလေးအက သင်လိုက်ရတာပေါ့။*** ဟုတ်ပါတယ်။ ဘဲလေးအကက တစ်ခါမှလည်း မကဖူးတော့ ကတဲ့အခါကျရင် မပီပြင်မှာလည်း ကြောက်တယ်။ သူငယ်ချင်း တစ်ယောက်က သင်ပေးတယ်။ စင်ကာပူက ပြန်လာတဲ့ သူငယ်ချင်းက သင်ပေးတာ။

ရည်းစားဦး ဇာတ်ကား ကို ဘယ်လိုကြောင့် လက်ခံ ရိုက်ကူးဖြစ်တာလဲ။

ဒီကားက ဇာတ်လမ်း လည်း ကောင်းတယ်။ ချစ်ဖို့ လည်း ကောင်းတယ်။ ဒါ ရိုက်တာကလည်း ကိုယ်နဲ့ ရိုက်ဖူးတဲ့ ဒါရိုက်တာ ဖြစ်တယ်။ ဇီစီဒီတွေမှာ ဆုံဖူးတယ်။ ကိုဝင်းလွင်ထက် ရိုက်မယ့်ပုံစံကို သဘောကျလို့ ရိုက်ဖြစ်တာပါ။

ဒါရိုက်တာ ဝင်းလွင်ထက်ရဲ့ ပထမဆုံး ရုပ်ရှင် ဇာတ်ကားဖြစ်တာကြောင့် သူ့အပေါ် ယုံကြည်မှုကရော ဘယ်လောက်ထိရှိလဲ။

လူတိုင်းမှာ ကိုယ့် အရည်အချင်းနဲ့ ကိုယ် ရှိတယ်။ အရည်အချင်းရှိလို့ပဲ နေရာပေးလာရတယ်ဆိုတော့ ကိုဝင်းလွင်ထက်ကို ကိုယ့်ရဲ့ ပါတနာတစ်ယောက်အနေနဲ့ လေးစားပါတယ်။ ကိုဝင်း လွင်ထက်ရဲ့ အရည်အချင်းကို အပြည့်အဝယုံကြည်ပါတယ်။

ဒီဇာတ်ကားက မင်း သမီး မြောင်းသွားတာထိလား။ အဲဒီလိုရှေ့က တစ်ယောက် မရိုက်တော့ဘဲ ကိုယ့်ကို ရိုက်ဖို့ လာငှားတဲ့ကားတွေနဲ့ ကြုံဖူးလား။

ဗီဒီယိုကားတွေ ကိုယ့် ကို လာကမ်းလှမ်းပြီဆိုရင် ရှေ့မှာ ဘယ်သူနဲ့တော့ ချိတ် ထားဖူးတယ်။ နောက်မှ မရိုက်ဖြစ်တော့ဘူးဆိုတာမျိုး မပြောကြဘူး။ ကိုယ်လည်း မသိတဲ့အတွက် လက်ခံဖြစ် ကောင်းလည်း ဖြစ်နိုင်ပါ တယ်။ ရှေ့က ကားတွေမှာ ပါကောင်းလည်း ပါနိုင်ပါ တယ်။

ရည်းစားဦးမှာ သရုပ် ဆောင်အသစ်များတဲ့အတွက် ပရိသတ်စိတ်ဝင်စားမှု ဘယ် လောက်ရှိနိုင်မယ် ယုံကြည် လဲ။

ဒီကားက ရုပ်ရှင်ဇာတ် ကားဖြစ်မယ်ဆိုရင် တာဝန် ကြီးလွန်းပါတယ်။ ရုပ်ရှင် ကားရုံတင်တဲ့အခါ လူဝင်ဖို့ အဘက်ဘက်က ဆွဲဆောင်မှု ရှိအောင် လုပ်ရမယ့်အပိုင်း တွေလည်းအများကြီး၊ အခက် အခဲတွေလည်း အများကြီး၊ ဘယ်လိုဖြစ်ဖြစ် ကြိုးစားမှာ ပါ။ သဏ္ဌာ စရိုက်တုန်းက လည်း **အချစ်စိမ်းစိမ်း** ဇာတ် ကားကို ကိုရဲတိုက်နဲ့ ရိုက်ခဲ့ တယ်။ အဲဒီတုန်းကလည်း ပရိသတ် အားပေးမှုကို ရခဲ့တယ်။ အထိုက်အလျောက်ပေါ့။ အဓိကက ဇာတ်ကား ဇာတ်အိမ်ကောင်းမယ် ဆိုရင် အသစ်ပဲဖြစ်ဖြစ်၊ အဟောင်းပဲဖြစ်ဖြစ် ပရိသတ် လက်ခံတာပါပဲ။ ဇာတ်လမ်း၊ ဇာတ်အိမ်ကို ကြည့်ပြီးတော့မှ ရုပ်ရှင်ရုံထဲကို ဝင်တာဆိုတော့ အဓိကက ဇာတ်အိမ် ကောင်းမယ်၊ ရိုက်ကူးမှု ကောင်းမယ်၊ သရုပ်ဆောင်တာ ကောင်းမယ်ဆိုရင် အောင်မြင်မှာပါပဲ။

သဏ္ဌာန်ဝင်းက ရည်းစားဦး ရုပ်ရှင်ဇာတ်ကားမှာ အလင်းရောင်၊ အားဝေတို့နဲ့အတူ သရုပ်ဆောင်ထားပြီး အားဝေရဲ့သမီးအဖြစ် သရုပ်ဆောင် ထားပါတယ်။

■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

Bo Bo Intertainment
က စီစဉ်တင်ဆက်ပေးခဲ့ပြီး
SET WET နဲ့
LIVON အလှကုန်တို့က
ပံ့ပိုးကူညီမှုနဲ့
စက်တင်ဘာလ ၁ ရက်နေ့
မွန်းလွဲ ၁ နာရီအချိန်က
ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ
MCC ခန်းမမှာ Hip Hop
အဆိုတော်များ ဖြစ်ကြတဲ့
စိုင်းစိုင်းခမ်းလှိုင်၊
ယုန်လေး၊ Snare.
နိုင်းဝမ်း၊ ကျောက်ဂျက်၊
လွမ်းပိုင်၊ Bunny Phyoe.
ကျော်ထွဋ်ဆွေ၊
သားသား၊ စန္ဒီမြင့်လွင်၊
မိစန္ဒီ၊ Bobby Soxer နဲ့
အိုင်ရင်းဇင်မာမြင့်တို့က
ဖျော်ဖြေ တင်ဆက်
ပေးခဲ့ကြပါတယ်။
ရှိုးပွဲတွေ နည်းသွားတဲ့
မိုးရာသီကာလမှာ
Bo Bo Intertainment
က Hip Hop ဂီတကို
အားပေးကြတဲ့
ဆယ်ကျော်သက်
လူငယ်များအတွက်
DJ Mickey.
DJ ညီညီဆွေတို့ရဲ့
မြူးကြွတဲ့

www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းခမ်းလှိုင်၊ Bunny Phyoe နဲ့
စိုးကြီးတို့ရဲ့ဖျော်ဖြေမှု

ရေမစုံ ခံစားကြရတဲ့ MCC ၈ Hip Hop Party

လင်းနိုင်ဦး

www.burmeseclassic.com

www.burmeseclassic.com

ဗုံဗုံ



ယုန်လေး



ရောထိုက်

နိုင်းဝမ်း

မိစန္ဒီ

DJ တင်ဆက်မှုများနဲ့ **Hip Hop**အဆိုတော်များရဲ့ အားရပါးရ ဖျော်ဖြေတင်ဆက်မှုများကိုခံစားရမှာဖြစ်လို့ Hip Hop Party လို့ အမည်ပေးထားတာဖြစ်ပါတယ်။ Hip Hop Party က မိုးတွင်းကာလမှာ ကျင်းပတာဖြစ်သလို မိုးလုံလေလုံ MCC ခန်းမထဲမှာ ကျင်းပပေးတာဖြစ်လို့ မြို့ထဲနဲ့ အလှမ်းဝေးပေမဲ့ Hip Hop ကိုချစ်ကြတဲ့ လူငယ်များက ကြိတ်ကြိတ်တိုး လာရောက် အားပေးခဲ့ကြပါတယ်။

Hip Hop Party ကို ပရိသတ်စိတ်ဝင်စားမှု ရရှိပြီး ခမ်းခမ်းနားနား တင်ဆက်နိုင်ဖို့အတွက် စီစဉ်ထားရာမှာ MCC ခန်းမအတွင်းက Stage ခုံကို အဆင့် လေးဆင့် ကျည်ဆောက်ပေးထားပြီး အပေါ်ဆုံးအဆင့်ဆိုရင် ၂၄ ပေ မြင့်တယ်လို့ သိရပါတယ်။ အဲဒီလေးဆင့်စလုံးနဲ့ လေ့ကား များမှာပါ LED Projector များ တပ်ဆင်ပေးထားပြီး အောက်ဆုံးအဆင့်နဲ့ လျှောက်လမ်းကိုတော့ သုံးပေအမြင့် လောက်သာထားပြီး ပရိသတ်ကြားထဲအထိ လျှောက်လမ်းလုပ်ပေးထားလို့ ပရိသတ်များက အဆိုတော်များနဲ့ နီးနီးကပ်ကပ် ကြည့်ရှုခွင့်ရခဲ့ ကြပါတယ်။

နေ့လယ် ၁ နာရီအချိန်မှာ စတင်ကျင်းပမယ်လို့ ကြေညာထားပေမဲ့ Hip Hop ကို အားပေးကြမယ့် လူငယ်များက စောစောစီးစီး MCC ဝန်းထဲကို ရောက်ရှိနေကြပြီး စတင်သီဆိုဖျော်ဖြေတဲ့အချိန်မှာတော့ အားပေးချင်လွန်းလှတဲ့စိတ်တွေနဲ့ အဝင်ပေါက်ဝမှာ ကြိတ်ကြိတ်တိုး စည်ကားနေကြပါတယ်။ စတင် ဖျော်ဖြေတင်ဆက်မှု အစီအစဉ်မှာ DJ နှစ်ဦးဖြစ်ကြတဲ့ Mickey နဲ့ ညီညီလေးရဲ့

www.burmeseclassic.com

www.burmeseclassic.com

နီနီငင်ဇော်

ရဲရင့်အောင်

နန်းသူဇာနဲ့
ကျော်ထွဋ်ဆွေ

ပြောကြတဲ့ DJ သံများကြား ပိုက်ရတာနဲ့ ပရိသတ်အား မှုံကာ အော်ဟစ်ခုန်ပေါက်ပြီး သူတို့ သီဆိုစေချင်တဲ့ အဆို တော်များရဲ့ အမည်များကို အော်ဟစ်ပြီး သီဆိုပေးဖို့ ဆောင်းဆိုနေကြပါတယ်။ အဆုံးသီဆိုပေးကြတာ အားလုံးဟာ Hip Hop သီချင်း ဖြစ်ပြီး နာမည်ရနေတဲ့ ရဲရင့်အောင်နဲ့ သားသားတို့ပါဖြစ်ကြပါတယ်။ အဲဒီနောက်မှာ ကျော်ထွဋ်ဆွေက ဆက်လက် ဖျော်ဖြေရာမှာတော့ တစ်ယောက်တည်း သီဆိုဖျော်ဖြေပေးတဲ့အစီအစဉ် ပါဝင်သလို နန်းသူဇာကလည်း ကျော်ထွဋ်ဆွေရဲ့ အစီအစဉ်မှာ သီချင်း ၁ ပုဒ်ကို ပါဝင်အားဖြည့် သီဆိုပေးခဲ့ပါတယ်။ ကျော်ထွဋ်ဆွေနဲ့ နန်းသူဇာတို့ စုံတွဲဖျော်ဖြေတဲ့အခါ ပရိသတ်တွေ အားရပါးရ အော်ဟစ် အားပေးနေကြတဲ့အတွက် ကျော်ထွဋ်ဆွေက ဒါကြန်တော်ကို အနေပညာမောင်နှမတွေပါလို့ ပရိသတ်ကိုပြောလိုက်တဲ့ အခါ ပိုပြီးတော့တောင် အော်ဟစ်သံတွေ ဆူညံသွားပါတယ်။ ကျော်ထွဋ်ဆွေအပြီး နောက်တော့ မိုနီပိယီ တစ်ကိုယ်တော် တေးစီးရီးနဲ့ ပရိသတ်အားပေးမှုရခဲ့တဲ့ မိစန္ဒီက Jade Dragon အဖွဲ့နဲ့ပါ အဆို အကများနဲ့ တင်ဆက်ပေးခဲ့ပါတယ်။ မိစန္ဒီအပြီးမှာ ကျောက်ဂျက်ရဲ့ ဖျော်ဖြေတင်ဆက်မှုနဲ့ ထပ်မံ ဖျော်ဖြေပေးခဲ့ပြီး Hip Hop Party မှာ ဖျော်ဖြေပေးကြမယ့် အဆိုတော် တော်တော်များများက အလှန်းစားဖက်ရှင်များနဲ့ အဆိုက်စားတွေ ဆင်မြန်းထားတာ ထူးထူးခြားခြား တွေ့ရပါတယ်။

Hip Hop အဆို တော်မဟုတ်ပေမဲ့ သူရဲ့ သီချင်းများကို ပရိသတ်အကြိုက်

www.burmeseclassic.com

www.burmeseclassic.com

G-Family အဖွဲ့နဲ့အတူ
ပျော်ဖြေနေတဲ့
နေဝင်း(Snare)

ဖြိုးလေး(Snare)

စိုင်းစိုင်းခမ်းလှိုင်နဲ့ ငယ်ငယ်

စန္ဒမြင့်လွင်

တွေ့နေကြတဲ့အတွက် Hip Hop ပွဲတွေမှာ ပါဝင်သီဆိုပေးနေတဲ့ အိုင်ရင်းငေါမာမြင့်က လည်း ပရိသတ်အကြိုက်တွေ့နေတဲ့ သီချင်း ၂ ပုဒ်နဲ့ဖျော်ဖြေပေးတဲ့အခါ ပရိသတ်များက အိုင်ရင်းဇင်မာမြင့်နဲ့အတူ တက္ခ လိုက်ပါသီဆိုပေးကြပြီး နှလုံးသားရောင်းအနီး သီချင်းကို ဖျော်ဖြေပေးရာမှာတော့ ခန်းမတစ်ခုလုံးက ပရိသတ်တွေအတူတကွလိုက်ပါ သီဆိုပေးနေတာဖြစ်လို့ Chorus အပိုဒ်ကို တီးလုံး မပါတဲ့ နှစ်ကျော့ ပရိသတ်နဲ့ အတူတူ သီဆိုပေးခဲ့ပါတယ်။ အိုင်ရင်းဇင်မာမြင့် ဖျော်ဖြေလို့အပြီး မှာတော့ စန္ဒမြင့်လွင်က အလန်းစား ဂက်ရှင်ကို Uranium အကာအွဲနဲ့ ဆင်တူ ဝတ်ပြီး ရွှေခင် တေးစီးရီးထဲက သီချင်းများနဲ့ အားရပါးရ ရသီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ ဒါ့အပြင် စန္ဒမြင့်လွင်က အိမ်ချစ်နဲ့ အတူတွဲပြီးတော့ လည်း နှစ်ယောက်တွဲ သီဆို ပေးခဲ့ပါတယ်။

ယုန်လေးရဲ့ သီဆိုဖျော်ဖြေမှုမှာ နဒီဝင်္ဂနဲ့ အတွဲ သီဆိုခဲ့သလို နီနီခင်ဆေး စုံတွဲ တစ်ပုဒ်ကို သီဆိုဖျော်ဖြေပေးရာမှာ The Ugly Band ရဲ့ ကီးဘုတ်မှူးနဲ့ သီဆိုဖျော်ဖြေပေးသွားပါတယ်။ အဲဒီအောက်မှာ နီနီခင်ဆေးက နှိုင်းဝမ်းနဲ့ စုံတွဲ ဆက်လက်သီဆိုပေးခဲ့ပြီး နှိုင်းဝမ်းရဲ့ နာမည်ကြီးသီချင်း တစ်ပုဒ်ဖြစ်တဲ့ ကိုယ်ရှိကမ္ဘာ ယော်ဟေးသီချင်းကို သီဆို ပေးရာမှာတော့ အိမ်ချစ်နဲ့ အတူတူ သီဆိုဖျော်ဖြေပေးခဲ့ ပါတယ်။ ကျင်းပပြီးခဲ့တဲ့ပွဲ များမှာ အောက်ဆုံးသီတဲ့ သီချင်း ပေးလေ့ရှိတဲ့ စိုင်းစိုင်းခမ်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com

ကHip Hop Party မှာတော့ ဒွန်အစီအစဉ်ရဲ့ သုံးပုံ နှစ်ပုံ အရောက်လောက်မှာ ပျောပြေးခဲ့ပြီး သူရဲ့ သီဆိုမှုမှာ Uranium အကာအရွယ် ပါဖော်ရွေမှုတွေနဲ့ ရင်ခုန်စိတ်လှုပ်ရှားစွာနဲ့ တင်ဆက်ပေးခဲ့သလို သူငယ်ချင်းများဖြစ်တဲ့ နွန်နွန်းနဲ့ Bunny Phyoe. တို့တွဲဆိုသည်း အတွဲသီချင်းများသီဆိုပေးခဲ့ကြပါတယ်။ ပရိသတ်တွေက အဆိုတော်များရဲ့ သီဆိုမှုမှာ အားလုံး လိုက်ပါသီဆိုပေးကြသလို မျှားကြွေးတဲ့သီချင်းများဖြစ်တဲ့အတွက် အဆိုတော်နဲ့အတူ လိုက်ခုန်ပြီး သီဆို နေကြတာဟာ ဖြစ်ရပ် MCC ခန်းမထဲ သီချင်းသံတွေ ယိမ်းထွက်နေသလို MCC ခန်းကြီးမှာ ခင်းထားတဲ့ သစ်တာလင်းတွေတောင် ခုန်တဲ့အရှိန်နဲ့ တုန်လှုပ် နေပါတယ်။ စိုင်းစိုင်းက သူငယ်ချင်းများထဲက Bunny Phyoe နဲ့ သီဆိုပေးလို့ အပြီးမှာတော့ Bunny Phyoe က သူသီချင်းများကို တစ်ယောက်တည်း သီဆိုပေးသွားခဲ့ပါတယ်။

Snare အဖွဲ့ရဲ့ ပျော်ဖွယ်တင်ဆက်မှုမှာ ပွဲတိုင်းလိုလို စွာညီတဲ့ဖက်ရှင်ဝတ်စုံဝတ်ပြီး အားရပါးရ ပျော်ဖွယ်ပေး တတ်တဲ့ ပြိုးလေးနဲ့ နေဝင်းတို့က သူတို့ရဲ့တေးစီးရိုးများထဲက နာမည်ကြီးသီချင်းများဖြစ်တဲ့ ဘကြီးဖြူနဲ့ ဦးနေဝင်း သီချင်းကို သီဆိုပေးရာမှာတော့ အလှမယ်လေးများက စင်ပွန်းဆာ ပုံပိုးကူညီပေးတဲ့ LIVON အမှတ်တံဆိပ် တီရှပ်များကို တော်ဆင်ပြီး သီချင်းနဲ့ လိုက်ဖက်တဲ့ ဖက်ရှင်များ ပြသပေးခဲ့ပါတယ်။ Hip Hop Party ပျော်ဖွယ်တင်ဆက်မှုမှာ

www.burmeseclassic.com

www.burmeseclassic.com

စိုင်းစိုင်းခမ်းလှိုင်က သူရဲ့ ဒီတစ်ဒီတစ်ကြွ တေးစီးရီး အတွက် VCD ရိုက်ကူးတဲ့ အစီအစဉ်ကိုပါ ထည့်သွင်း ထားလို့ နှစ်ကျော့ သိဆိုပေး ခဲ့ပါတယ်။

Bobby Soxer ရဲ့ သီဆို ပျော်ဖြေမှု အလှည့်မှာတော့ Bobby Soxer က လူငယ်ပီပီ စက်သီးစက်တက်လေး စင်ရှေ့ ကိုထွက်လာပြီး အားပေးတဲ့ ပရိသတ်များကို သူရဲ့ အပြန်အ လှန်းသီဆိုနိုင်တဲ့ ပုံစံနဲ့ သီဆို ပေးသွားပါတယ်။ ဒါ့အပြင် Bobby Soxer ကအားတာ်၊ လွမ်း ပိုင်တို့နဲ့လည်း အဖွဲ့လိုက်သီ ဆိုပြီး Hip Hop Party ကို နောက်ဆုံးပွဲသိမ်း အနေနဲ့ ပျော်ဖြေပေးတာကတော့ လွမ်းဝိုင်ပဲ ဖြစ်ပါတယ်။

Hip Hop Party လို့ ဖော်ဖြေရေးအမည်ကို ပေး ထားပေမဲ့ MCC ခန်းမထဲကို လာရောက်အားပေးတဲ့ ဆယ် ကျော်သက်လူငယ်များက Hip Hop သီချင်းတွေကို တကယ်တမ်းကြိုက်နှစ်သက်ပို့ လာရောက်အားပေးကြတာဖြစ် လို့ ပြီးတော့ အရက်၊ ဘီယာ များ မရောင်းချဖို့ တားမြစ် ထားတာဖြစ်လို့ ပြဿနာ တစ်စုံတစ်ရာ မရှိဘဲ သီချင်း တွေထဲမှာသာ ပျော်ဝင်ပြီး ပျော်ရွှင်ခဲ့ကြတဲ့ ပွဲဖြစ်ခဲ့ပါ တယ်။ နေ့ခင်းပိုင်း ကျင်းဝ တဲ့ပွဲဖြစ်လို့ ပရိသတ်များ အတွက် အိမ်ပြန်ချိန် နောက် ဖက်နဲ့သောလို့ တိုးတိုးတိတ် တိတ်ကျင်းဝနေတဲ့ Day ပုံးကို သွားမယ့်အစား Hip

www.burmeseclassic.com

www.burmeseclassic.com

အားတီ

စိုးကြီး

Uranium အဖွဲ့ရဲ့ဖျော်ဖြေမှု

အိုင်ရင်းငေမာမြင့်

အရင်တုန်းက ရှိုးပွဲတွေမှာ အဆိုတော်များက တစ်ဦးချင်း သီဆိုပေးကြတာပဲ များခဲ့ပြီး Hip Hop Party ဖျာတော့ အားလုံးလိုလိုက စုံတွဲ ဒါမှမဟုတ် အဖွဲ့လိုက် သီဆိုပေးခဲ့ကြတာကြောင့် မြို့ငယ်ပြိုး ရသစု ခံစားခဲ့ကြရတဲ့ ပွဲဖြစ်ခဲ့ပါတယ်။ ■

လင်းနိုင်ဦး

ဖက်ရှင်မျိုးစုံကို သူထက်ငါ အပြိုင်ကြဲ ဝတ်စုံဝတ်လာကြရဲ့ မက အကအဖွဲများဖြစ်တဲ့ Uranium, Life & Dance, Jade Dragon စတဲ့ နာမည်ကြီး အဖွဲအစွဲတွေရဲ့ ကပြ ဖျော်ဖြေမှု ပါဖောမန့်များ လည်း တစ်ယောက်တစ်မျိုး မရိုးနိုင်အောင် ဆန်းသစ်တင် ဆက်ပေးခဲ့ ကြပါတယ်။

Hip Party ကို လာရောက် အားပေးကြတာဟာဖြင့် ကိုယ်ကြိုက်တဲ့ အဆိုတော် များကို နီးနီးကပ်ကပ် မြင် ကွေ့ အားပေးခွင့် ရသလို ကိုယ်ကြိုက်တဲ့သီချင်းတွေ အဆိုတော်နဲ့အတူ လိုက်ပါ ဆိုနိုင်တာဖြစ်လို့ ပျော်ရွှင် ကြည်နူးစွာနဲ့ စိတ်ထွက်ပေါက် တစ်ခုသည်း လူငယ်တွေ ရ သွားကြမယ်လို့ ထင်ပါ တယ်။

ပွဲစီစဉ်သူများက လည်း လေဟာပြင်မှာ ကျင်းပရတဲ့ ပွဲ မဟုတ်တဲ့ ခန်းမကျယ်ကြီး ထဲမှာ ကျင်းပခွင့်ရတဲ့ပွဲဖြစ်လို့ Stage အပြင်အဆင် ကောင်း ကောင်းနဲ့ ကျင်းပပေးနိုင်ခဲ့ပါ တယ်။ ပါဝင်သီဆိုပေးကြတဲ့ အဆို တော်များကလည်း

www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်အိန္ဒြိယလိမ်လေဆီပ်တွင်
မိသားစုနဲ့အတူ တွေ့ရတဲ့ ခရစ္စဟမ်းစ်ဝပ်သ်

ခရစ္စဟမ်းစ်ဝပ်သ်

ဇီယာဒေသာင်း၊ NY၊

ဩဂုတ်လရဲ့တစ်ခုသော စနေနေ့မှာ Esquire မဂ္ဂဇင်းရဲ့ ပင်တိုင်အင်တာဗျူးဆရာ Tom Chiarella က ပစိဖိတ်သမုဒ္ဒရာကြီးကို စီးမိုးမြင်နေရတဲ့ မင်းသား Chris Hemsworth ရဲ့အိမ်ကို ရောက်သွားခဲ့ပါတယ်။ စနေနေ့ ရုပ်ရှင်ရိုက်ရုက်မဟုတ်တဲ့ အားလပ်ရုက် ပစိဖိတ်သမုဒ္ဒရာဘေးမှာနေတဲ့ ခရစ်(စ)တစ်ယောက် ကမ်းစပ်လှိုင်းလုံးတွေကြား Surfboard ပေါ် ပင်လယ်လှိုင်းစီးနေမှာပဲလို့ တွေးကြံတွေးနေမိတယ်။ ခရစ်(စ)ရဲ့ အနှစ်သက်ဆုံး ဆုံဖော်ဆုံဖက် အနောက်ရောင်ပျော်

www.burmeseclassic.com

www.burmeseclassic.com

ခရစ်(စ)ဟမ်း(စ)ဝသ်ဆိုတာ Thor ဆိုတဲ့ စူပါဟီးရိုးရုပ်ရှင်ကားကြောင့်
ကမ္ဘာကျော်မင်းသားတစ်လက် ဖြစ်ပြီးသားပါ

ဟန်ချက်ညီအောင် ကြိုးစားနေတာကို တစ်မိုင်(သို့မဟုတ်)နှစ်မိုင် အကွာအဝေး
ကမ်းစပ်တစ်နေရာကနေ အကောင်းဆုံး အဝေးကြည့်မှန်ဘီဘူးနဲ့ ချောင်းမြောင်း
နေမယ်သူတွေလည်း ရှိဦးမှာပါ။ အင်တာဗျူးဖို့ တွမ် ရောက်လာပြီဆိုတာ
သိသွားရင် ခရစ်(စ)က ဆုဖိတ်ဘော့ပေါ်က ဆင်း ရေထဲကနေ
ကမ်းစပ်သဲပြင်ပေါ် လမ်းလျှောက်တက်လာပြီး လက်ဆွဲနှုတ်ဆက်ဦးမှာ
ထင်ပါရဲ့။ တွမ်အဖို့ အထင်ရဲအမြင် ပါစင် အောင် လွဲသွားပါတယ်။ ခရစ်(စ)က
ဒီစနေမှာ ပင်လယ်ထဲ ဆုဖင်း(Surfing) လုပ်ဖို့ နေ့ဆေးသာသာ အိမ်ထဲကနေ
အိမ်ပြင်ကောင် မထွက်ခဲ့ပါဘူး။ မနက် အိပ်ရာကထ လွှင့်ခဲ့တဲ့ ၇ နာရီအတွင်း
၄င်းရဲ့တစ်ဦးတည်းသောသမီးလေး Indio Rose ကို ဒီဇီး မအားလပ်ခဲ့ဦးမှာ

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းထိန်းပေးနေခဲ့တယ်။ အိမ်တွင်းပရိဘောဂတွေ ကြည့်ရှုအဆင်ပြေအောင် ပြန် နေရာချခဲ့တယ်။ ဘီယာတော့ အနည်းအကျဉ်း သောက်ပြီးသွားပြီ။ ဇနီးက ဟင်းမချက်တော့ ဒီနေ့ ပီဇာ အော်ဒါမှာစားဖြစ်ခဲ့တယ်။ စိတ်ကူးတည့်ရာ အိမ်ထဲမှာ ဟိုဟာလေးထလုပ်၊ ဒီဟာလေးထလုပ်နဲ့မို့ အိမ်ပြင်ထွက်ဖို့ ဖိနပ်တောင် မစီးဖြစ်ခဲ့ဘူးလို့ ဆိုတယ်။

အိမ်ရောက်လာတဲ့ ည့ေသည်တွမ်ကို ခရစ်(စ)က ကျောခိုင်းအနေအထားဖြင့် မှန်ပြတင်းကတစ်ဆင့် နေရောင်ဖြာနေတဲ့ ပင်လယ်ကြီးဆီ ငေးကြည့်နေတုန်း အင်တာဗျူးမေးခွန်း စမေးလိုက်တယ်။

"ခရစ်(စ) မင်း စိတ်ပူနေတာလား"

သူက မေးခွန်းနောက် သံယောင်လိုက်ရင်း 'စိတ်ပူနေတာလား' လို့ စဉ်းစားတွေးဝေဟန်ဖြင့် လိုက်ရေရွတ်နေပါတယ်။ ဒီလို မေးခွန်းမျိုးကို မျှော်လင့်မထားတာမို့ ခရစ်(စ) အမှန်တကယ် အံ့သြသွားမှန်း သိသာပါတယ်။ တကယ်တမ်း ပြောရရင် ခရစ္စတိုဖာ်(စ)ဝင်ဆိုတာ **Thor** ဆိုတဲ့ စူပါဟီးရိုးရုပ်ရှင်ကားကြောင့် ကမ္ဘာကျော်မင်းသားတစ်လက် ဖြစ်ပြီးသားပါ။ သူ့ကို ဒီထက် အောင်မြင်ကျော်ကြားမှုတွေနဲ့ အရောင်လက်စေဦးမယ့် ရုပ်ရှင် Rush ကို ဒါရိုက်တာ Ron Howard က ရိုက်ကူးပြီးစီးသွားပြန်ပါပြီ Formula One ကားမောင်းပြိုင်ပွဲမှာ ပြိုင်ကားမောင်းတဲ့ James Hunt အဖြစ် သရုပ်ဆောင်ထားတယ်။ အမေရိကန် ရုပ်ရှင်မင်းသမီး Olivia Wilde တွဲဖက် ပါဝင်ထားပြီး စက်တင်ဘာလ ၁၃ ရက်နေ့မှာ ရုံတင်ဖို့ အသင့်ဖြစ်နေပါပြီ။

မေးခွန်းကို မဖြေသေးတဲ့ မင်းသားကို လှမ်းကြည့်ကာ 'သူတကယ် ပဲ စိတ်မပူဘူးလား။ သူနဲ့ပတ်သက်သမျှ သတင်းတွေက နေးကွေးပေမဲ့ ကဘ္ဘာအန္ဒိယ်ပျံသွားသမျှ အားလုံးကောင်း သတင်းတွေချည်းပဲ။ သူက ဩစတြေးလျ အမျိုးသားတစ်ယောက်မို့လို့လား။ အပြစ်ပေး ဒဏ်ခတ်တာတော့ Avenger မို့လို့လား။ ရင်ဆွေး တစ်နှစ်သမီး ကလေးရဲ့ ဖခင်ဖြစ်နေလို့လား၊ ဒါမှမဟုတ်' အတွေးမဆုံးခင် မင်းသားက 'ဘာကိုပူရမှာလဲ' လို့ ပြန်မေးခွန်းထုတ်ကာ တဟားဟား အော်ရယ်လိုက်ပါတယ်။ သူ့ရယ်သံက အောအောရှရှမေဲ့ ဂီတသံနှောထားသလို နားထောင်လို့ကောင်းတယ်။ အားပါးတရ ရေသောက်လိုက်တဲ့အတိုင်းပဲ။ ဒါကြောင့်လည်း သူ Thor အဖြစ် အောင်မြင်တာဖြစ်မှာ။ ရယ်သံအဆုံးမှာ 'ဟင့်အင်း၊ မပူပါဘူး။ အဝေးကြီးပါ' တဲ့။

ပင်လယ်နားက အိမ်မို့ ရာသီဥတုက မပူ၊ မအေး အနေတော်ပင်။ ကောင်းကင်မှာ ကြည့်လင်နေလို့။ လေထုဘဉ်ပုံ အသေးကလေးတစ်စီးက စားသောက်ကုန်ပစ္စည်း ကြော်ငြာပိတ်စကြီးကို နောက်မြီးမှာ ချိတ်ဆွဲလျက် ပျံဝဲ၍ ကြော်ငြာပေးနေတာကို တွေ့မြင်ရတယ်။ ခရစ်(စ)က အိမ်နေရင်း ဂျင်းဘောင်းဘီနှင့် တီရှပ်ကိုသာ ဝတ်ဆင်ထားတယ်။

မင်းသားရဲ့ဇနီး Elsa Pataky က ဓနုတ်ခါးကို တွန်းဖွင့်လာကာ 'ရှင်တို့ ဓိက်ဆာနေပြီလား' လို့ မေးပါတယ်။ အဲလ်ဆာက စပိန်အမျိုးသမီး ရုပ်ရှင်သရုပ်ဆောင်၊ မော်ဒယ်လ်၊ ထုတ်လုပ်သူ တစ်ယောက်ပါ။ ခရစ်(စ)နှင့် ၂၀၁၀ နှစ် ဒီဇင်ဘာမှာ လက်ထပ်ခဲ့ကြတာ ဖြစ်တယ်။ ဇနီးသည်ကို 'အင်း ဆာပြီး စားမယ်လေ' လို့ သူက ဖြေလိုက်တယ်။ ငှင်းတို့ လက်ရှိနေထိုင်နေတာ



လက်တွေ့ထိုးတဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဝယ်ယူစုဆောင်းလေ့ရှိတဲ့ ခရစ္စဟမ်းစ်ဝပ်

www.burmeseclassic.com

www.burmeseclassic.com

'ကားမောင်းတာကို
တကယ်တော့
သိပ်မကြိုက်လှပါဘူး။
တကယ်ကြိုက်တာက
Surfing ဆော့ဖင်းပဲ။
တစ်ချိန်လုံး
အဲဒါပဲ လုပ်ချင်နေတယ်' လို့
ဆိုတဲ့ ခရစ္စဟမ်းစ်ဝပ်

မာလီဘူး ကမ်းခြေမှာပါ။ ခရစ်(စ)တို့ ငှားနေတယ်လို့ တွမ်က သိထားတာ ပေမဲ့ မင်းသားက 'ဒီအိမ်က မိတ်ဆွေ တစ်ယောက် ပိုင်ဆိုင်တာပါ။ ကျွန်တော် တို့ မပိုင်ပါဘူး၊ မတတ်နိုင်သေးပါဘူး' တဲ့။ ၂၀၁၁မှာ ရုံတင်ပြသခဲ့တဲ့ **Thor** ရုပ်ရှင်အောင်မြင်၍ ဒုတိယရုပ်ရှင် **Thor: The Dark World** ကို ဆက် လက်ရိုက်ကူးပြီးပါပြီ။ ထိုရုပ်ရှင်နှင့် Rushရိုက်ကူးနေစဉ်က ၎င်းတို့ မိသားစု လန်ဒန်တွင် နေခဲ့ကြတာပါ။ ကယ်လီဖိုး နီးယား စန်တာမော်နီကာမှာ တိုက်ခန်း ပိုင်ပေမဲ့ ကမ္ဘာအရပ်ရပ်ကို လျှောက်သွား၊ ပြန်လာပြီးတိုင်း ဝန်စည်စလယ်တွေ၊ ခရီးဆောင်သေတ္တာတွေသိမ်းတဲ့ ဂိုဒေါင် တစ်လုံးလိုပဲ သုံးဖြစ်တော့တယ်လို့ ရှင်းပြပါတယ်။

ခရစ်(စ)က ဩစတြေးလျလူမျိုး ပီပီ အမေရိကန်မင်းသားတွေနဲ့ စကား မြွာ အသံထွက် ကွဲပြားနေပါတယ်။ အသံဩဇာရှိတယ်။ သူ 'While' လို့ ပြောရင် အသံထွက်က 'Whale' ဖြစ်ဖြစ် နေတယ်။ ဝါကျတစ်ခွန်းဆုံးတိုင်း "right?" လို့ ပြောတတ်တယ်။ မကြာ သေးခင်က အသက် ၃၀ ပြည့်ခဲ့ပြီးပေမဲ့ သူ့ရုပ်ရည်က ၃၀ ဆိုတာထက် နုပျိုနေ သေးတယ်။ Thor ရုပ်ရှင်ကို ဝေဖန်မှု အမျိုးမျိုး ပေးကြပေမဲ့ သူက 'ဒီကား ဘွန်းစာအုပ်ကို စွဲစွဲလမ်းလမ်း အားပေး နှစ်သက်ခဲ့ကြတာ ၁၉၆၀ ပြည့် ပတ်ဝန်း ကျင်ကတည်းကပေါ့။ ပရိသတ် စိတ် ထဲမှာ အရေးပါတဲ့ ဘာသာရေးလို အောင် စွဲနေကြမှန်း သိသာတယ်။ ဘွန်တော်ကတော့ ရုပ်ရှင်ရိုက်ဖို့ လိုအပ် တာတွေ ပြင်ဆင်လိုက်နာခဲ့တယ်။ သိ သင့်တာတွေ သုတေသနလုပ်တယ်။ တကိုယ်သလောက် လေ့လာတယ်၊ ကြောင်ခဲ့တယ်။ ဒါပေမဲ့ အားလုံးပြီး သွားပြီဆိုရင်တော့ စိတ်ထဲက ထုတ်ပစ် လိုက်တယ်။ ပရိသတ် ယုံကြည်စွဲလမ်း အောင် ပီပြင်ဖို့ လုပ်ပြရတာ အစုပိုင်း ကျွန်းပေါ်တင်နေတဲ့ ငါးလိုဖြစ်နေ တာ အတွေ့အကြုံလည်း မရှိတော့ နဲ့အ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးတည်းသောသမီးလေး India Rose နဲ့အတူ

အဖြစ်နေခဲ့တာပေါ့။ တိုင်းပြည်သစ်၊ နိုင်ငံရပ်ခြားရောက်သွားတဲ့ သူစိမ်းတစ်ယောက်အတိုင်းပဲ။

ဒါဆိုရင် Thor ဒုတိယကားရိုက်တော့ အဲဒီဘာမှ မသိသေးတဲ့ နံအစ စိတ်ရှိနေခဲ့သေးလား။

(ခရစ်(စ)က မျက်ခုံးတစ်ဖက်ကို မြှင့်လိုက်ရင်း) အင်း၊ ရိုက်ကွင်းတည်တဲ့ နေရာတွေက အများကြီးပဲကိုး။ ကမ္ဘာမြေပေါ်မှာ ပြီးတော့ စိတ်ကူးနဲ့ ဖန်ဆီးထားတဲ့ စကြဝဠာတစ်နေရာ၊ ဒါပေမဲ့ အဲဒီနေရာက သက်ဦးဆံပိုင် ဘုရင်အုပ်ချုပ်တဲ့ နိုင်ငံလည်း ဖြစ်သေးတာနော်။ တိုက်ပွဲအသစ်တွေ ခွဲရတယ်။ ကောင်းတဲ့ ဗီလိန်တွေလည်းပါတယ်။ အဲဒီမှာ နောက်ထပ် နေရာတစ်ခု ဖန်တီးထားသေးတယ်။ နာမည်မေ့နေတာ။ စဉ်းစားလိုက်ဦးမယ်။ ဘာများပါလိမ့်။ နေပါဦး။ မသိတော့ဘူးဗျာ။ Schwartzaldaheim ဆိုလား။ (အသံလိုပြောရင်း တဟားဟားထ၍ အော်ရယ် ပါတယ်)

၂၀၀၂ ခုနှစ်ကတည်းက ရုပ်သံစီးရီးတွေမှာ သရုပ်ဆောင်ခဲ့ပေမဲ့ Star Trek လို ရုပ်ရှင်ကားမှာ ၂၀၀၉ ခုနှစ် ကျမှ ပါဝင်ခွင့်ရခဲ့သူပါ။ သို့သော် စူပါဟီးရိုး Thor အဖြစ်ကိုသာ သူလက်မခံဖြစ်ခဲ့ရင် သူဒီလောက် လူသိများ ထင်ရှားနေမှာ မဟုတ်ပါ။ "ဒီရုပ်ရှင်ရိုက်ဖို့ ကျွန်တော့်ကိုယ်လုံး ပိုလှအောင် လေ့ကျင့်ခန်းတွေ လုပ်ခဲ့ရတယ်။ တော်တော်ပင်ပန်းတယ်။ ဖော်မြူလာဝမ်း ကားပြိုင်ပွဲမှာ ကားမောင်းရမယ်ဆိုတော့ နှည်းနှည်းပိန်အောင် ပြန်လုပ်ရပြန်ရော"

ခရစ်(စ)တို့မှာ သားအစ်ကို ၃ ယောက်ရှိတယ်။ အစ်ကိုကြီး Luke, ခရစ်(စ)နဲ့ ညီငယ် Liam တို့ ၃ ယောက် စလုံး ရုပ်ရှင်သရုပ်ဆောင်တွေ ဖြစ်လာကြတယ်။ သူတို့အားလုံး ဓလိဖုန်းမှာ နွေးခဲ့ပေမဲ့ နေတော့မလံဘုန်း တစ်လှည့်၊ ညြစတြေးလှ ရှေးတိုင်းရင်းသားတွေ နေတဲ့ Bulman ဆိုတဲ့ တောမြို့ကလေးမှာ တစ်လှည့် နေခဲ့ကြရတယ်။ ခရစ်(စ)က "တစ်လှည့်စီနေခဲ့ပေမဲ့ တောမြို့မှာ အနေများပြီး ကျွန်တော့် မှတ်ဉာဏ်ထဲမှာတောင် အဲဒီတောက မိကျောင်းတွေနဲ့ ကျွဲကြီးတွေကို ထင်ထင်ရှားရား မှတ်မိနေတယ်" တဲ့။

Rush ရုပ်ရှင်မှာ ပြိုင်ကားမောင်း ချန်ပီယံ James Simon Wallis Hunt အကြောင်း ရိုက်ကူးထားတဲ့ ဖြစ်ရပ်မှန် အက်ရှင်ကားဖြစ်တယ်။ ဗြိတိသျှလူမျိုး ဖြစ်ကာ ၁၉၇၆ ခုနှစ် ဖော်မြူလာဝမ်း ကမ္ဘာ့ချန်ပီယံဘွဲ့ ဆွတ်ခူးခဲ့တယ်။ အသက် ၄၅ နှစ်အရွယ် ၁၉၉၃ တွင် ကွယ်လွန်ခဲ့ပါတယ်။ ခရစ်(စ)က ၄င်း ရုပ်ရှင်တစ်ကားလုံးနီးပါး ကားမောင်း နေရတာဆို မေးခွန်းမေးဖြစ်ပါတယ်။

မင်းက ကားမောင်းတာ ကိုရော ကြိုက်ရဲ့လား။

ကျွန်တော်က မော်တော်ဆိုင်ကယ်တွေ အစီးများတဲ့နေရာမှာ ကြီးပြင်းခဲ့တာပါ။ ဒီတော့ ကြိုက်ပါတယ်။ တကယ့်ကို ကြိုက်တာပါ။ မော်တော်ဆိုင်ကယ်ကနေ မော်တော်ကားမောင်းတဲ့အဆင့်ကို ငယ်ငယ်တုန်းကတော့ မလုပ်ဖြစ်ခဲ့ဘူး။ အခုတော့ ကျွန်တော့် အိမ်အပြင်မှာ ကားတစ်စီးရှိနေပြီ။

အင်တာဗျူးနေတုန်း ခရစ်(စ)ရဲ့ သမီးကလေးက အိပ်မျော်သွားတာနဲ့ ၄င်းရဲ့ ဇနီးက စကားဝိုင်းမှာ ဝင်လာထိုင်ပါတယ်။ ဖွန်လထုတ် Women's Health မဂ္ဂဇင်းမှာ အဲလ်ဆာက ဖျက်ဖုံးရှင် ကာဇာဂဲလ်အဖြစ် ဖော်ပြခံရတဲ့

www.burmeseclassic.com

www.burmeseclassic.com

တယ်။ သူမက မဂ္ဂဇင်းတစ်အုပ်မှာ အမှတ်တရ လက်မှတ်ထိုးပြီး အင်တာဗျူးသမား တွမ်ကို လက်ဆောင်ပေးတယ်။ မျက်နှာဖုံးပေါ်မှာ လှလှပပ ကိုယ်ဟန်ပြနေတဲ့ အဲလ်ဆာရဲ့တင်ပါးကို မြားအနီရောင်ဖြင့် Great Butt! လို့ စာတန်းထိုးရေးပြထားပါတယ်။ လက်ဆောင်စာအုပ်ကိုပေးရင်း အဲလ်ဆာက 'ဘယ်နယ်လဲ' လို့ မေးခွန်းထုတ်ပါတယ်။

အမှတ်တရ လက်မှတ်ကို ပြောတာလား။ သူ့တင်ပါးအလှကို မေးတာလား၊ ကာဇာဂတ်ပုံကို မေးတာလား။ တွမ် ဘာဖြေရမှန်းမသိခင် ခင်ပွန်းသည် ခရစ်(စ)က 'အရမ်းကြည့်ကောင်းပါတယ်။ အရမ်းလှတဲ့ တင်ပါးတွေပါဟန်နဲ့' လို့ ဝင်ဖြေလိုက်ပါတယ်။ ပြီးတော့ သူမက ကျေကျေနပ်နပ်ကြီး ပြုံးကာ 'သိပ်ကောင်းတဲ့အဖြေပါပဲ' လို့ တုံ့ပြန်လေ၏။

'ကျွန်တော် ငယ်ငယ် အထက်တန်းကျောင်းသားဘဝတုန်းက ကျွန်တော် ကြီးလာရင် ဘာဖြစ်ချင်တယ်ဆိုတာ တစ်ပတ်တစ်ခါလောက် အသစ်ပြောင်းနေခဲ့တာ။ ပထမ ကျွန်တော် ဆရာဝန်ဖြစ်ချင်ခဲ့တယ်။ နောက်တော့ အားကစားသမားဖြစ်ချင်ပြန်ရော၊ မင်းသိတဲ့အတိုင်း ဩဇီက ဘောလုံးအားကစားအကြောင်းကို။ ပြီးတော့ ရဲအရာရှိတစ်ယောက် ဖြစ်ချင်တယ်။ နောက်တော့ ရွှေနေတစ်ယောက်၊ ခုတော့လည်း သူနည်း သူ့ဟန်နဲ့ ကျွန်တော်ဖြစ်ချင်သမျှ အားလုံး ရုပ်ရှင်ဇာတ်လမ်းထဲမှာ ဖြစ်ခွင့်တော့ ရလာသားနော်' လို့ ပြောပြခဲ့တယ်။ ရုပ်ရှင်ရိုက်ကူးမှုမရှိတဲ့ စနေ၊ တနင်္ဂနွေနားရက်မို့ ခရစ်စ်တို့ဇနီးမောင်နှံ အိမ်မှာအေးအေးဆေးဆေး နားနေနိုင်တာပါ။ ရိုက်ကူးရေးရှိတဲ့ရက်တွေမှာ ခရစ်(စ)က ဒါရိုက်တာ Michael Mann ရိုက်ကူးနေတဲ့ Cyber ရုပ်ရှင်မှာ သရုပ်ဆောင်နေပါတယ်။ ၄င်းရုပ်ရှင်က ၂၀၁၄ ခုနှစ်မှ ရုံတင်ခွင့်ရထားတာ ဖြစ်တယ်။ အိပ်ပျော်နေရာက နိုးလာတဲ့ သမီးငယ်ကို အဲလ်ဆာရဲ့မိခင်က သွားချီလာပြီး သားအမိနှစ်ယောက် စပိန်ဘာသာဖြင့် စကားပြောနေကြရာ ခရစ်(စ)က 'ကျွန်တော် စပိန်လို ပြောတတ်အောင် လေ့လာကြည့်တယ်။ ကြိုးစားကြည့်ခဲ့တယ်။ အတော်ကြာတာတောင် မရခဲ့ဘူး' လို့ ဆိုတယ်။

ညနေစာအတွက် ဝိဇာဝိုင်းစားပြီးတဲ့နောက် ခရစ်(စ)က ကားဂိုဒေါင်ဖွင့်ပြပါတယ်။ သူဖွင့်ပြတဲ့ အဓိကရည်ရွယ်ချက်ကတော့ လက်ဝှေ့ထိုးတဲ့အသုံးအဆောင်တန်ဆာပလာ အမျိုးစုံအသစ်စက်စက်တွေ သူဝယ်ယူစုဆောင်းထားတာပြချင်လို့ပါ။ 'မင်းလည်း လက်ဝှေ့လက်အိတ်စွပ်ထားရင် တစ်နေ့လုံး လက်ဝှေ့ထိုးနေလို့ဖြစ်ပါတယ်။ အနိုင်ကျင့်နေတာလို့ မထင်စေရပါဘူး' လို့ သူက ရှင်းစရာပြောပါသေးတယ်။

ကားဂိုဒေါင်ထဲမှာ ၂၀၁၄ မော်ဒယ်လ် Camaro ကားကြီးတစ်စီးလည်း ရှိနေပါတယ်။ ခရစ်(စ)မောင်းစေချင်လို့ အင်တာဗျူးသမား တွမ်ကိုယ်တိုင် သူ့အိမ်ကို မောင်းယူသယ်ဆောင်လာခဲ့တာပါ။

တစ်ပတ်လောက် မောင်းကြည့်ပါဦးလား။

ရပါတယ်။ (ပါးစပ်က ရပါတယ်ဖြေရင်း ခေါင်းတညိတ်ညိတ်လုပ်ကာ မော်တော်ကားကို တစ်ပတ်ပတ်ကြည့်ပါတယ်။ ပြီးတော့) ကျွန်တော်ဖိနပ်စီးမလာမိဘူး။ ကားမောင်းဖို့ ဖိနပ်လိုတယ်' လို့ ဆင်ခြေပေးတာမို့ ဆက်လက် မတိုက်တွန်းတော့ပါဘူး။

သူဆက်ပြောဖြစ်တာကတော့ 'ကားမောင်းတာကို တကယ်တော့ သိပ်မကြိုက်လှပါဘူး။ တကယ်ကြိုက်တာက Surfing ဆော့ဖင်းပဲ။ တစ်ချိန်လုံး အဲဒါပဲ လုပ်ချင်နေတယ်' တဲ့။ အဲဒီလို ပြောလိုက်ပြီးတာနဲ့ တွမ်ရဲ့မျက်နှာကို ဖျတ်ခနဲလှမ်းကြည့်တယ်။ ဆော့ဖင်းလုပ်တာကြိုက်တယ်ဆိုရင် အင်တာဗျူးသမား တွမ်က ခုချက်ချင်းပင်လယ်ထဲဆင်း၊ လှုပ်ပြစမ်းပါ ခိုင်ဦးမှာဆိုတာတွေးမိသွားပုံနှင့် 'အခုတော့ လုပ်လို့မရဘူး။ မိုးချုပ်နေပြီ' လို့ တွမ် ပါးစပ်ပိတ်သွားအောင် တစ်ဆက်တည်းပြောချလိုက်လေရဲ့။

ကဲ ဒါဆို မင်းရဲ့ဆာဖ့်ဘော်ဒ်တွေ ပြစမ်းပါဦး။

ဒါတော့ ပြနိုင်ပါတယ်။ (လို့ ခပ်သွက်သွက်ဖြေကာ သူ ပိုင်တဲ့ဆာဖ်ဘော်ဒ်တွေ၊ လက်ဝှေ့အသုံးအဆောင်တွေ တစ်ခုပြီးတစ်ခု စိတ်ပါဝင်စားစွာ ပြသပါတယ်။ ဖိနပ်စီးမထားတဲ့ ခြေဗလာနဲ့တောင် ကားဂိုဒေါင်ထဲ ဟိုဘက် ဒီဘက် ပြေးလို့လွှားလို့ရယ်ပါ။) ■

ရီတာအောင် NY



ဓာတ်ပုံ - Elsa Pataky နဲ့အတူ

www.burmeseclassic.com

www.burmeseclassic.com



ဖြူးဌေနိုးက
အခုနောက်ပိုင်းမှာ
ရယ်စရာ၊
ဟာသစာတ်ကား
တော်တော်များများ
ရိုက်ဖြစ်သလို
ပရိသတ်တွေကလည်း
အားပေးကြပါတယ်။
ဟာသနဲ့
ဖြူးဌေနိုး
သဟစာတ
ဖြစ်နေတဲ့အချိန်မှာပဲ
ဖြူးဌေနိုးက
အချစ်ကား
တစ်ကား
ရိုက်ကူးထားပါတယ်။
ရုင်ဘတ်
အယောင်းဆိုင်
ဆိုတဲ့ ဗီဒီယိုစာတ်ကား
ဖြစ်ပြီး ဖြူးဌေနိုး၊
စံရတီမိုးမြင့် စတဲ့
သရုပ်ဆောင်များ
ပါဝင်
သရုပ်ဆောင်
ထားတာပါ။
ဒီစာတ်ကားကို
ဒါရိုက်တာ

ရုင်ဘတ် အယောင်းဆိုင်

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်စိန်ဝင်း - ဖြူစင်သော

www.burmeseclassic.com

www.burmeseclassic.com

ညီမြင်းလွင်က
ရိုက်ကူးထားတာ
ဖြစ်ပါတယ်။ ဖြိုးဌေးနဲ့
ညီမြင်းလွင်ကို
ညကျောင်း
ဗီဒီယိုဇာတ်ကားနဲ့
တွဲဖက်မှတ်မိကြမယ်
ထင်ပါတယ်။
ညကျောင်း ဇာတ်ကား
ရိုက်ပြီးကတည်းက
မဆုံဖြစ်ကြဘဲ
၇ နှစ်ကြာမှ
ပြန်လည်
ဆုံစည်းကြတာ
ဖြစ်ပါတယ်။
ရင်ဘတ်အဟောင်းဆိုင်
ဇာတ်ကားမှာ
ဖြိုးဌေးက
ပလက်ဖောင်းပေါ်မှာ
စာအုပ်အဟောင်းတွေ
ရောင်းရင်း
ကျောင်းတက်တဲ့သူအဖြစ်
သရုပ်ဆောင်ထားပါတယ်။
ဒီဇာတ်ကားရဲ့အဖွင့်နဲ့
အပိတ်က မိုးရွာထဲမှာ
ဖြစ်တာကြောင့်
အဲဒီဇာတ်ဝင်ခန်းတွေကို
မိုးရေထဲမှာပဲ
ရိုက်ကူးကြပါတယ်။
ဖြိုးဌေးနဲ့
စံရတီမိုးမြင့်တို့
ပထမဆုံး ဆုံစည်းမှုက
မိုးတွေအရမ်းသည်းတဲ့
အချိန်မှာ ထီးမပါလာတဲ့
စံရတီမိုးမြင့်က
ကျောင်းကန်တင်းနဲ့ကို
သွားဖို့ ဖြိုးဌေးရဲ့ထီးနဲ့
လမ်းကြုံလိုက်တာ
ဖြစ်ပါတယ်။
ဒီဇာတ်ဝင်ခန်းရိုက်
ကူးချိန်မှာ
မိုးသဲသဲမဲမဲ
မရွာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ရေကားခေါင်းပြီး
ဝိုက်နဲ့ ရေဖျန်း
ရိုက်ကူးရတယ်လို့
သိရပါတယ်။
ရင်ဘတ်အဟောင်းဆိုင်
ဆိုတဲ့ ဇာတ်လမ်းကို
ရိုက်ကူးဖို့
၂၀၀၉ ခုနှစ်ကတည်းက
ဒါရိုက်တာ
ညီမင်းလွင်က
စဉ်းစားမိခဲ့တာ
ဖြစ်ပါတယ်။
လမ်းဘေးစာအုပ်
အဟောင်းဆိုင်မှာ
စာအုပ်ဝယ်ရင်း
စာအုပ်အဟောင်း
တစ်အုပ်ထဲမှာ
လုံးဝဖောက်မဖတ်
ရသေးတဲ့
စာတစ်စောင်
ပါလာခဲ့ရင်၊
ဒီစာကလည်း
တစ်စုံ
တစ်ယောက်ကို
ချည်ရွယ်ရေးတဲ့
စာလေးဖြစ်ခဲ့ရင်
ဆိုတာကနေ
ဒီဇာတ်လမ်းကို
စဉ်းစားမိခဲ့တာ
ဖြစ်ပါတယ်။
အဲဒါကြောင့်လည်း
စာတ်ကားနာမည်ကို
ရင်ဘတ်အဟောင်းဆိုင်
လို့ ပေးထားတာပါ။
"ဆုံစည်းဖြစ်တဲ့
၇ နှစ်မှာ ကျွန်တော်
နှတ်မှတ်သားသား
ဆိုးကျူးရတာက
ဖြူးငွေစိုး
ခိုက်တင်
အရမ်းကောင်းလာတယ်။
ညကျောင်း ရိုက်တုန်းက
ထူးယဉ်တစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



စိတ်၊ လူငယ်
တစ်ယောက်ရဲ့
အမူအရာတွေပဲ
ရှိနေသေးတာပေါ့။
အခုကျတော့
သူ့ဆီမှာ ရင့်ကျက်မှု
တစ်ခုတွေ့လာရတယ်။
ဒီ ၇ နှစ်အတွင်းမှာပေါ့။
အဲဒါကို ကျွန်တော်
မှတ်မှတ်သားသား
ထုတ်ပြောပြီး ချီးကျူးပါ
တယ်'လို့ ညိုမင်းလွင်က
ဆိုပါတယ်။ ဖြိုးဇွေနိုးက
သူ့ရဲ့ Hero က
လွင်မိုးလို့
ပြောထားဖူးတာ
ကြောင့်လည်း
ဒီဇာတ်လမ်းကို
ရိုက်ဖြစ်တာပါ။
ညိုမင်းလွင်ရဲ့
ဆရာက ဒါရိုက်တာ
မောင်မျိုးမင်း
(ရင်တွင်းဖြစ်)
ဖြစ်တဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက ဆိုရင် လွင်မိုးနဲ့ မောင်မျိုးမင်းတို့ ရိုက်ကြမယ့် ဇာတ်လမ်းပုံစံဖြစ်တယ် လို့ သိရပါတယ်။ 'ဖြိုးငွေစိုးဆီမှာ အဲဒီလို Mood တွေ့ကို တွေ့ရတယ်။ သူ့ရဲ့ Hero က လွင်မိုးမဟုတ်လည်း ရိုက်ဖြစ်မှာပါ။ လွန်ခဲ့တဲ့ ၁၅ နှစ်လောက် ကဆိုရင်တော့ ဒီဇာတ်လမ်း၊ ဒီပုံစံက လွင်မိုးနဲ့ ဦးမျိုးမင်းတို့ ရိုက်ကြမယ့်ပုံစံပါ' လို့ ညိုမင်းလွင်ကဆို ပါသေးတယ်။

ရင်ဘတ်အဟောင်းဆိုင် ဇာတ်ကားက အချစ်ဇာတ်ကားတစ်ကား ဖြစ်ပါတယ်။ ကောင်မလေးဆီက အချစ်ကိုရဖို့ တစ်ဖက်လှည့်နဲ့ ကောင်မလေး သနားအောင် လှည့်ကွက်ကလေးနဲ့ လုပ်ထားတဲ့ ဇာတ်လမ်းလည်း ဖြစ်ပါတယ်။ ဖြိုးငွေစိုးက ဟာသ ကားတွေကို ရိုက်နေရင်းက *နေ အချစ်ကား* တစ်ကားကို ရိုက်ဖြစ်တာပါ။ 'ရိုက်နေကျ ပုံစံတွေနဲ့ တော်တော်လေး ကို ကွာခြားတယ်။ အငြိမ်ပုံစံလုပ်ရတယ်။ ဒီကား မှာက စာအုပ်အဟောင်းတွေ ရောင်းတယ်။ ကောင်မလေး ကို ကြိုက်တယ်။ ရည်းစား စာလေးတွေကို စာအုပ်ထဲမှာ ညှပ်ပြီး ပေးတယ်။ သူစာအုပ် တွေကို ကားနဲ့ တိုက်မိတဲ့သူ က စာအုပ်အလျော်ပြန်ပေး တယ်။ စာအုပ်တွေက သူ ဘဝလို ဖြစ်နေတာကို း။ စာအုပ်အလျော်ပြန်ပေးတဲ့သူ ကို ကျေးဇူးဆပ်မယ်ဆိုပြီး သူချစ်တဲ့ကောင်မလေးကို လက်ဆောင်ပေးလိုက်တယ်။ အဲဒီလိုပုံစံမျိုးလုပ်ထားတယ်။ အလုပ်လုပ်ရတဲ့ အိုင်းမှာ **ညကျောင်း** တုန်းက ထက်စာရင် တည်တည် ငြိမ် ငြိမ်လေးဖြစ်သွားတဲ့ သဘော မှာ ရှိတယ်။ အလုပ်လုပ်ရ တာရော၊ စိတ်ရော၊ ကိုညီ လည်း အဲဒီလိုပဲ။ နှစ်ယောက် စလုံးက အပြောင်းအလဲတွေနဲ့ ဆိုတော့ ရိုက်ရတာ အဆင် ပြေတယ်' လို့ ဖြိုးငွေစိုးက ဆိုပါတယ်။

ဖြိုးငွေစိုးက ဟာသပဲ ရိုက်တတ်တယ်ဆိုတာမျိုး ဖြစ်မှာစိုးသလို အနုပညာ ဖန်တီးမှု မပါဘဲဖြစ်သွားမှာ စိုးတာကြောင့် **ရင်ဘတ် အဟောင်းဆိုင်** ကို ရိုက်ကူး တာ ဖြစ်ပါတယ်။ အရင် ကထက် ကိုယ့်ကိုယ်ကို ယုံ ကြည်မှုကလည်း အပြည့်ရှိ တာကြောင့် ဖြိုးငွေစိုးက *ရိုက်ဖြစ်တာပါ။*

ရင်ဘတ်အဟောင်း ဆိုင် ဗီဒီယိုဇာတ်ကားရဲ့ ဇာတ် လမ်း၊ ဇာတ်ညွှန်းကို ညိုမင်း လွင်ကိုယ်တိုင် ရေးသားထား တာ ဖြစ်ပါတယ်။ ■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

Johnny Depp ဟာ တစ်ခါတစ်ခါ
ရိုက်ကွင်းအပြီး ညဉ့်နက်ပိုင်းမှာ တီးလက်စဂစ်တာကို ချထား၊
ဒါမှမဟုတ် စာအုပ်လေး၊ ငါးအုပ်ထဲက ဖတ်လက်စစာအုပ်ကို ပိတ်လို့၊
ဒါမှမဟုတ်လည်း ကြည့်လက်စ ရုပ်မြင်သံကြားကို ပိတ်ပြီး
ကိုယ့်ကိုယ်ကို မေးခွန်းပြန်ထုတ်တတ်လေ ရှိပါတယ်။

Johnny Depp

သို့မဟုတ်

၅၀ ပြည့် ပင်လယ်စားပြန့်တွေဆုံခြင်း

ဘဝမှာ ဆိုးရွားလှတဲ့
အတွေ့အကြုံတွေကိုလည်း
ပေးတတ်သလို၊ ကျွန်းတစ်ကျွန်းကို
အိုင်ဝယ်ယူနိုင်လောက်တဲ့
ငွေကြေးမျိုး၊ ကိုယ့်အိမ်မှာ
အသံဖမ်း စတူဒီယိုတစ်ခုလောက်
ထားနိုင်တဲ့ ငွေကြေးပမာဏမျိုးနဲ့
သား သမီး၊ မြေးမြစ်တွေအထိ
မတောင့်မတ မကြောင့်မကြ
ကြရလေအောင် ထားနိုင်မယ့်
ငွေကြေးပမာဏမျိုးကိုလည်း
ပေးစွမ်းနိုင်တဲ့
သရုပ်ဆောင်အလုပ်ကို
မြတ်နိုးတဲ့မင်းသား
Johnny Depp ဟာ တစ်ခါတစ်ခါ
ရိုက်ကွင်းအပြီး ညဉ့်နက်ပိုင်းမှာ
တီးလက်စဂစ်တာကို ချထား၊
ဒါမှမဟုတ် စာအုပ် လေး၊
ငါးအုပ်ထဲက ဖတ်လက်စ စာအုပ်ကို
ပိတ်လို့၊ ဒါမှမဟုတ်လည်း
ကြည့်လက်စ ရုပ်မြင်သံကြားကို
ပိတ်ပြီး ကိုယ့်ကိုယ်ကို
မေးခွန်းပြန်ထုတ်တတ်လေ
ရှိပါတယ်။
'တစ်ခုခုကို အခု ချက်ချင်း
ထလုပ်လိုက်ချင်တာမျိုးများ
ရှိသလား၊ တစ်နေရာရာကို
သွားထိုင်တွေးပြီး
ဇာတ်လမ်းမဟုတ်တဲ့ ရင်ထဲက
ဖွင့်ဟချက်တွေကို ရေးလိုက်ရရင်
ကောင်းမှာလား' လို့ သူ့ကိုယ်သူ
ပြန်မေးတတ်တာမျိုးပါ။
Albuquerque မှာရိုက်ကူးခဲ့တဲ့
စိတ်ကူးယဉ်သိပ္ပံဇာတ်ကား
ရိုက်ကွင်းနားချိန် သမီးလေးရဲ့
၁၄နှစ်ပြည့် မွေးနေ့ပါတီပွဲကို
မနေ့ညကမှ ဆင်နွှဲခဲ့ပြီးနောက်
လော့စ်အိန်ဂျလိစ်ရုံးခန်းကို
ပြန်ရောက်နေတဲ့ Johnny Depp ဟာ
ဒီကနေ့မှာတော့ အသက် ၅၀ ပြည့်ဖို့
သီတင်းနှစ်ပတ်လောက်သာ
လိုတော့တာကို စဉ်းစားရင်း
'ဒီသရုပ်ဆောင်အလုပ်ကို

www.burmeseclassic.com

www.burmeseclassic.com

နောက်ထပ်ဆယ်နှစ်လောက် ဆက်လုပ်
ချင်စိတ်ရှိဦးမယ်ဆိုတာ မပြောနိုင်ပါလား'လို့
တွေးနေမိပါတယ်။ သရုပ်ဆောင်အလုပ်က
အနားယူလိုက်ဖို့ နေ့တိုင်းပဲ အတွေးရောက်နေမိတယ်လို့
Johnny Deppက ဆိုပါတယ်။ ဒါပေမဲ့ လက်ငင်းတော့
ဖြစ်မလာသေးပါဘူး။ 'အခွင့်အလမ်းလည်း သာ၊
ဆန္ဒကလည်းရှိ၊ လုပ်ချင်တာတွေကို
လုပ်နိုင်တဲ့ ဖန်တီးစွမ်းအားကလည်း ရှိနေတုန်းမှာ
ဒါတွေကို လုပ်သင့်တယ်လို့ ကျွန်တော်
ထင်တယ်လေ'လို့ သူက ဆိုပါတယ်။
Johnny Depp ဟာ ကွယ်လွန်သူမင်းသားကြီး
Marlon Brando နဲ့ရင်းနှီးသူဖြစ်သလို
အဆိုတော်ကြီး Bob Dylan,
ကမ္ဘာကျော် Rolling Stones ရော့ခ်ဂီတအဖွဲ့က
ဂစ်တာသမား Keith Richards တို့နဲ့လည်း ရင်းနှီးသူပါ။
Keith ဟာ **Pirates of the Carribean** ဇာတ်ကားမှာ
Johnny Depp ရဲ့ ဖခင်အဖြစ်လည်း
သရုပ်ဆောင်ပေးခဲ့ဖူးပါတယ်။ Keith က
Johnny Depp ဟာ သူကိုယ်တိုင်နဲ့ မင်းသားကြီး
Marlon Brando တို့ကို စိတ်ဝင်စားစရာကောင်းသူလို့
ဆိုပါတယ်။ Rolling Stones ဂစ်တာ
သမားတစ်ယောက်ရဲ့ ဘဝနဲ့ဂီတကို
မှတ်တမ်းရုပ်ရှင်ရိုက်ကူးမယ့် Johnny Depp ကို
တွေ့ဆုံမေးမြန်းခန်းအဖြစ် နာရီအတော်ကြာလည်း

www.burmeseclassic.com

www.burmeseclassic.com

ဒီဇိုင်းပုံစံမျိုးစုံဝတ်တတ်ပေမဲ့
သူမျက်နှာပေါ်က မျက်မှန်ကတော့
အလှအပသက်သက်အတွက် တပ်ဆင်ထားတာ
မဟုတ်ပါဘူး။ သူ့ရဲ့ဘယ်ဘက်မျက်လုံးဟာ
မွေးကတည်းက လင်းနို့တစ်ကောင်လို
ဘာမှမမြင်ရတာပါ။ ဒီအတွက် မျက်မှန်ဟာ မတပ်မဖြစ်
တပ်ထားရတာဖြစ်ပါတယ်။ သူ့ရဲ့ဘယ်မျက်လုံးဟာ
အမြဲပဲဝါးနေပြီး ဘာမှ သဲသဲကွဲကွဲမမြင်ရဘူးလို့ သူက
ပြောပြခဲ့ပါတယ်။ ညာမျက်လုံးကတော့ နောက်ပိုင်းမှာ
အနီးမှုန် ဖြစ်လာခဲ့ရပါတယ်။ ရုပ်ရှင်ဇာတ်လမ်းထဲမှာ
နေကာမျက်မှန် တပ်ထားရရင်တောင်မှ သူ့အရှေ့
လက်မအနည်းငယ်ကိုပဲ ကောင်းကောင်းမြင်ရသူပါ။

ခွင့်ပြုပေးခဲ့ဖူးတဲ့ Keith က Johnny Depp ဟာ
စိတ်ဝင်စားစရာကောင်းသူဖြစ်သလို၊
ဟာသဉာဏ်ရှင်သူလည်း ဖြစ်ပါတယ်။
သူကို ကောက်ချက်ဆွဲရမယ်ဆိုရင်တော့
အခြေခံအားဖြင့် ကျွန်တော်နဲ့တူတဲ့
ရုက်တတ်တဲ့ကောင်လေးတစ်ယောက်ပါပဲ။
ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ တစ်ခုခုကို
လုပ်ရမယ်ဆိုတာသာ သိပြီး၊ အဲဒီတစ်ခုခုဟာ
ဘာလဲဆိုတာ မသိသူတွေပေါ့လို့ ဆိုပါတယ်။
အဝတ်အစား စမတ်ကျကျ ဝတ်ဆင်ရာမှာ
တခြားလူတွေ
ငေးရလောက်အောင်

www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲတွေများလာတဲ့ ဘဝထဲမှာ Johnny Depp တစ်ယောက် အရက်မသောက်ဖြစ်တာ တစ်နှစ်ခွဲလောက်ရှိပါပြီ။ အရက်ကို ဖြတ်တယ်လို့တော့ သူက မဆိုပေမဲ့ ဘီယာသောက်တာတောင် အယ်လ်ကိုဟော မပါတဲ့ ဘီယာကိုပဲ သောက်ပါတော့တယ်။ Johnny Depp က သူ့ကိုယ်သူ အရက်စွဲသူလို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး။

Johnny Depp ဟာ ဆေးလိပ်ကိုလည်း မသောက်ဘဲ ဖြတ်ထားခဲ့တာ နှစ်နှစ်ခွဲလောက်ကြာခဲ့ပါတယ်။ **Rum Diary** ဇာတ်ကားရိုက်တော့ ဒါရိုက်တာ Bruce Robinson က ရိုက်ကူးရေးအပြီးမှာ စီးကရက်တစ်ရှိုက်လောက် ပေးဖွာလိုက်တဲ့အထိ ဆိုပါစို့။ 'စီးကရက်ထဲမှာပါတဲ့ နီကိုတင်းဓာတ်က လူကို ထိခိုက်စေတယ်။ တကယ်လို့ ခင်ဗျား ဖော် Vanessa Paradis နဲ့ လမ်းခွဲလိုက်တာပါပဲ။ 'ပြီးခဲ့တဲ့ နှစ်နှစ်တာလောက် ကာလဟာ တကယ့်ကို ကြမ်းတမ်းတဲ့ နှစ်တွေပါပဲ။ ပျော်စရာအချိန်တွေ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဒါဟာ ခွဲခွာခြင်းရဲ့ သဘာဝပဲလေ။ အထူးသဖြင့် သားသမီးတွေ ပါဝင်ပတ်သက်လာခဲ့မယ်ဆိုရင်ပေါ့' လို့ Johnny Depp က ပြောပြခဲ့ပါတယ်။



၂၀၁၁ ခုနှစ်က အတူတွေ့ရတဲ့
Johnny Depp နဲ့ Rolling Stones ဂီတအဖွဲ့က
ဂစ်တာသမား Keith Richards

အဝတ်အစား စမတ်ကျကျ
ဝတ်ဆင်ရာမှာ
တခြားလူတွေ
ငေးရလောက်အောင်
ဒီဇိုင်းပုံစံမျိုးစုံ ဝတ်တတ်ပေမဲ့
သူ့မျက်နှာပေါ်က
မျက်မှန်ကတော့
အလှအပ
သက်သက်အတွက်
တပ်ဆင်ထားတာ
မဟုတ်ပါဘူး
သူ့ရဲ့ဘယ်ဘက်မျက်လုံးဟာ
မွေးကတည်းက
လင်းနို့တစ်ကောင်လို
ဘာမှမမြင်ရတာပါ
ဒီအတွက် မျက်မှန်ဟာ
မတတ်မဖြစ်
တပ်ထားရတာ ဖြစ်ပါတယ်

အရက်ကို မသောက်ရ မနေနိုင် ဖြစ်နေတာမျိုး မဟုတ်ဘူးလို့ဆိုတဲ့ Johnny Depp ဟာ စိတ်တည်ငြိမ်ရေးအတွက် ဆေးတစ်ခွက်အဖြစ်နဲ့တော့ နှစ်အတော်ကြာ သောက်ခဲ့သူပါ။ အခုတော့ အရက်ပြင်းမသောက်တော့ဘဲ ဝိုင်အရက်လောက်သာ သောက်တော့ကြောင်းလည်း Depp ရဲ့မိတ်ဆွေတစ်ဦးဖြစ်တဲ့ Hunter S.Thompson က ဆိုပါတယ်။ အဲဒါကြောင့်လည်း Huntor နဲ့ သူနဲ့ အတွဲညီခဲ့တာဖြစ်နိုင်တယ်လို့လည်း Depp က ဆိုပါတယ်။

က စီးကရက်ကို စွဲစွဲမြဲမြဲသောက်တတ်သူဆိုရင်တော့ ဆေးလိပ်စွဲသူဖြစ်ပြီပေါ့' လို့ Depp က ဆိုပါတယ်။ Depp ဟာ စီးကရက်အသောက်လျှော့ခဲ့ပါတယ်။ တစ်နေ့တာရဲ့ သုံးနာရီခွဲလောက် အချိန်အတွင်း စီးကရက် ခြောက်လိပ်လောက်ပဲ သောက်တယ်လို့ ဆိုပါတယ်။

Johnny Depp ရဲ့ အပြောင်းအလဲအများအပြားတွေထဲကမှ အကြီးဆုံးအပြောင်းအလဲတစ်ခုကတော့ ၁၄ နှစ်တိုင်တိုင် လက်တွဲခဲ့ပြီး သားသမီးနှစ်ယောက်မွေးဖွားပေးခဲ့တဲ့ ဘဝလက်တွဲ

အိမ်ထောင်ဖက်နဲ့ ဆက်ဆံရေးဟာ အထူးသဖြင့် သူလိုမျိုး အဝေးကိုပဲ အမြဲရောက်နေရတဲ့သူအတွက် ခက်ခဲလှတယ်လို့ Depp က ဆိုပါတယ်။ 'သူ့အတွက်လည်း လွယ်လှတာ မဟုတ်သလို၊ ကျွန်တော့်အတွက်လည်း မလွယ်လှပါဘူး။ ဒီလိုပဲ ကလေးတွေအတွက်လည်း လွယ်ကူလှတဲ့ကိစ္စ မဟုတ်ဘူး။ အိမ်ထောင်ဆက်ဆံရေးလမ်းကြောင်းက စိုက်ဆင်းသွားပြီး တခြားတစ်ခုကို ကူးပြောင်းသွားတယ်ဆိုတောင်မှ ကိုယ့် သားသမီးတွေရဲ့မိခင်ဖြစ်သူအပေါ် ဂရု

www.burmeseclassic.com

www.burmeseclassic.com

တစိုက်ရှိပြီး တစ်ယောက်ရဲ့ ဘဝထဲမှာ တစ်ယောက်က အမြဲရှိနေမှာပါ။ ဒါဟာ ကလေးတွေကြောင့်လည်းဖြစ်ပါတယ်' လို့ Johnny Depp က ရှင်းပြခဲ့ပါတယ်။

TMZ လို အနုပညာသတင်းတွေ အသားပေးဖော်ပြတဲ့ စာစောင်တွေက Johnny Depp ဟာ Vanessa နဲ့ လမ်းခွဲချိန်မှာ Marilyn Manson ဆိုသူ အဆိုတော်တစ်ဦးနဲ့ အပေါင်းအဖော်မှားခဲ့ခေါ်ဆိုနိုင်မှာဖြစ်ကြောင်းလည်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

အသက် ၂၇ နှစ်အရွယ်ရှိ မင်းသမီး Amber Heard နဲ့ ချစ်သူတွေဖြစ်နေကြစဉ်မှာလည်း Johnny Depp ဟာ မကြာခင်ကမှ ဆုံတွေ့သိကျွမ်းခဲ့ရတဲ့ ယောကျ်ားလေးမိတ်ဆွေသစ် တစ်ယောက်နဲ့ အပေါင်းအသင်းဖြစ်ခဲ့ပါတယ်။ အဲဒီ မိတ်ဆွေသစ်က Damien နေရာကနေ ထွက်လာခဲ့ရရင် ပထမဆုံး လုပ်ချင်တာက စားကောင်းသောက်ဖွယ်တွေစားဖို့ပဲ ဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့်လည်း Echols ကို သူက စားကောင်းသောက်ဖွယ်တွေနဲ့ ကြိုဆိုနေခဲ့တာပါ။ Echols ထောင်ကထွက်လာပြီးနောက် Depp နဲ့ အပေါင်းအသင်းဖြစ်ခဲ့ပါတယ်။ ဆေးမင်ကြောင်ထိုးနှံရာမှာတောင် နှစ်ယောက်သားအတူတူ

ပျော်ပြေတင်ဆက်နေတဲ့ Johnny Depp နဲ့ Dan Auerbach

ယ်လို့ ဆိုကြပါတယ်။ ဒါပေမဲ့ Man- ကိုယ်တိုင်က သူနဲ့ Johnny Depp ဟာ အရက်သောက်ဖော်သောက်ဖက် မဟုတ်ကြောင်း၊ Johnny ဟာ အိမ်ထောင်ပြုကွဲချိန်မှာ သူနဲ့ အပေါင်းအဖော် ဖြစ်လာတာဖြစ်ကြောင်း၊ သူရဲ့ ကံကြမ္မာ အရ သူတို့နှစ်ယောက် ဆုံစည်းရင်းနှီး ကြတော့လို့ ဖြစ်စေခဲ့ဖြစ်ကြောင်း၊ Johnny အကြောင်းတွေ လက်တွဲပြီး ခုက္ခ၊ သုခတွေ ခံစားဆိုင်ဖြတ်သန်းရတာဟာ နှစ်ယောက် ရင်းနှီးကို စိတ်ချမ်းမြေ့မှုပေးခဲ့ ဖူးကြောင်း၊ ဒါကို ညီအစ်ကိုအချစ်လို့ Echols လို့ခေါ်ပါတယ်။ West Memphis ဒေသကဖြစ်ပြီး အထောက်အထား မခိုင်လုံတဲ့ လူသတ်မှုအတွက် ထောင် ၁၈ နှစ်ကျခဲ့ဖူးသူဖြစ်ပါတယ်။ Depp ဟာ Echols ရဲ့အမှုအတွက် နှစ်နဲ့ချီပြီး အကူအညီ ပေးခဲ့ သူ ဖြစ် ပါ တယ် ။ Echols ထောင်က ထွက်လာတော့ ပထမဆုံး သွားခဲ့တဲ့အိမ်က Johnny Depp ရဲ့အိမ်ပဲ ဖြစ်ပါတယ်။ Depp က Echols ကို စားကောင်းသောက်ဖွယ်တွေ ပြင်ဆင်ပြီး စောင့်နေတာလေ။ Depp က သူသာ ၁၈ နှစ်လုံးလုံး ထောင်ထဲမှာ ထိုးနှံခဲ့ကြတဲ့အထိ ရင်းနှီးခဲ့ပါတယ်။ Echols နဲ့ Depp တို့ ဆင်တူထိုးထားတဲ့ ဆေးမင်ကြောင် ခြောက်ခုတိတိရှိပြီး **The Lome Ranger** ဇာတ်ကားထဲက Depp ရဲ့ ဇာတ်ရုပ် Tonto ရဲ့ ဦးခေါင်းထက်က ကျီးကန်းရုပ်ပုံဆေးမင်ကြောင် အပါအဝင်ပေါ့။ Echols က နှစ်ယောက်သား အတူရှိတဲ့အခါ Depp က မင်းသားတစ်ယောက်လို မနေဘဲ သူ့အတွက် နားခိုရာနေအိမ်တစ်လုံးပမာ ရင်းနှီးကျွမ်းဝင်လှတယ်လို့ ဆိုခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အရွယ်ကောင်းစဉ်က Kate Moss, Winona Ryder အစရှိတဲ့ မော်လ်ဒယ်တွေနဲ့ အချစ်ဇာတ်လမ်းတွေ အမြောက်အမြားရှိခဲ့တဲ့ Depp က အခုတော့ အရင်ကလို မြာမပွေတော့ဘူးလို့ ဆိုပါတယ်။ ကွဲကြ၊ ကွာကြတော့လည်း ဒါတွေကို အရက်နဲ့ ဖြေသိမ့်မနေတော့ဘူးလို့လည်း ဆိုပါတယ်။ 'တကယ်တမ်း ရှင်းရှင်းလင်းလင်း အာရုံစိုက်ပြီး လုပ်သင့်တဲ့ အလုပ်ကတော့ ကိုယ့်သားသမီးတွေ အဆင်ပြေဖို့ပါပဲ' လို့လည်း Johnny Depp က ဆိုခဲ့ပါတယ်။

Depp ရဲ့ မိဘတွေကလည်း သူ့အသက် ၁၅ နှစ်အရွယ်မှာ အိမ်ထောင်ကွာရှင်းခဲ့ကြတာပါ။ အဲဒီတုန်းက သူ တော်တော်ခံစားခဲ့ရတာပေါ့။ ဒါကြောင့်လည်း ကိုယ်ကိုယ်တိုင် အိမ်ထောင်ကွာရှင်းကြတော့မယ်ဆိုတော့ ကလေးတွေရဲ့ သဘောထားကို ထပ်တလဲလဲ မေးဖြစ်ခဲ့တယ်လို့ သူက ဆိုပါတယ်။ 'ကလေးတွေက မယုံကြည်နိုင်လောက်အောင်ကို နားလည်မှု ပေးခဲ့ကြပါတယ်။ စိတ်ထိခိုက်ရတာကတော့ အားလုံးပဲ။ Vanessa ဘက်မှာရော၊ ကျွန်တော်တို့ဘက်မှာရော၊ ကလေးတွေ ဘက်ကရောပေါ့။ ဘာပဲဖြစ်ဖြစ် ကလေးတွေက ကျွန်တော့်အတွက် ပထမပါ။အနည်းဆုံးတော့ ကိုယ့် ကလေးတွေအပေါ်မှာ ကိုယ်က ရိုးသားမှုပြရမယ်လေ။ ပကတိ အမှန်တရားတစ်ရပ်ကိုလည်း သူတို့ကို ပြောပြရမှာပေါ့' လို့ Johnny Depp က ပြောပြခဲ့ပါတယ်။

Johnny Depp ရဲ့ ကိုယ်ပိုင်ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်တဲ့ Infinitum Nihil အမည်ရ ကုမ္ပဏီအစည်းအဝေး ခန်းမထဲမှာတော့ Disney က ပို့လိုက်တဲ့ **The Lone Ranger** ဇာတ်ကားထဲက ပိုစတာကြီးတွေ တွေ့ရပါတယ်။ သူ့ရုံးခန်းကိုကူးရာ စင်္ကြံလမ်းမှာတော့ **Dark Shadows** ဇာတ်ကားထဲက Johnny Depp ရဲ့ သွေးစုပ်ဖုတ်ကောင်ဇာတ်ရုပ်ပုံတူ ဆီဆေးပန်းချီ

အပြောင်းအလဲတွေ များလာတဲ့ ဘဝထဲမှာ Johnny Depp တစ်ယောက် အရက် မသောက်ဖြစ်တာ တစ်နှစ်ခွဲလောက် ရှိပါပြီ အရက်ကို ဖြတ်တယ်လို့တော့ သူက မဆိုပေမဲ့ ဘီယာ သောက်တာတောင် အယ်လ်ကိုဟော မပါတဲ့ ဘီယာကိုပဲ သောက်ပါတော့တယ်

ကားကြီးတစ်ချပ် ချိတ်ဆွဲထားပါတယ်။ Depp ကိုယ်တိုင်ရေးဆွဲထားတဲ့ အဆိုတော် Bob Dylan နဲ့ မင်းသားကြီး Marlon Barndo တို့ရဲ့ ပုံတွေကိုလည်း ချိတ်ဆွဲထားပါသေးတယ်။

သူ့ရဲ့ ရုံးခန်းထဲမှာတော့ ကွန်ပျူတာတစ်လုံးမှ တင်ထားတာ မတွေ့ရတဲ့ သစ်သားစားပွဲတစ်လုံးရှိပြီး စားပွဲရဲ့ ဘယ်ဘက်မှာတော့ **Pirates of the Caribbean** ဇာတ်ကားထဲက ပိုစတာချိတ်ထားပါတယ်။ ညာဘက်မှာတော့ Depp ကိုယ်တိုင်ရေးဆွဲထားတဲ့ အဖြူရောင်ဝတ်စုံနဲ့ မျက်နှာမပါတဲ့ လူတစ်ယောက်ရဲ့ ပန်းချီကားတစ်ချပ် တွေ့ကြရပါတယ်။ အဲဒီပန်းချီကားကို Depp က Phil Collins လို့ အမည်တပ်ထားကြောင်း နောက်တော့မှ သိရလို့ ရယ်ရပါသေးတယ်။ Phil Collins ဟာ နာမည်ကျော် အဆိုတော်ကြီးတစ်ယောက်ပဲလေ။ ရုံးခန်းထောင့်တစ်နေရာမှာတော့ သက်တမ်းအနှစ်တစ်ရာလောက်ရှိမယ့် ဟော်လိုဂစ်တာတစ်လက်၊ ပြီးတော့ မျက်နှာကြက်ကနေ တွဲလောင်းချထားတဲ့ မီးဆိုင်းကြိုးတွေ၊ စာအုပ်စင်တွေအပြင် သူ့ကလေးတွေရဲ့ ဓာတ်ပုံတွေလည်း ထောင်ထားပါသေးတယ်။

ရုံးခန်းနဲ့တစ်ဆက်တည်း အခန်းတစ်ခန်းရဲ့ တံခါးကို ဖွင့်လိုက်ချိန်မှာတော့ ပြတိုက်တစ်ခုထဲ ရောက်သွားသလိုပါပဲ။ **Pirates of the Caribbean** ဇာတ်ကားထဲက Depp ရဲ့ ဇာတ်ရုပ် Captain Jack Sparrow ဦးခေါင်းပိုင်းပုံပါတဲ့ Pinball ကစားတဲ့စက်၊ ပြီးတော့ Elephant Man ခေါ် ဆင်လူသားရဲ့ ပကတိအရွယ်အစားအတိုင်း အရိုးစုတို့ကို တွေ့ရပါတယ်။ အဲဒီနှစ်ခုကြားမှာ ခေါင်းမပါတဲ့ ကိုယ်တစ်ပိုင်းအရုပ်ပေါ် စွပ်ထားတဲ့သားရေနဲ့ သတ္တုစပ်ပြီး ချုပ်ထားတဲ့ ဝတ်စုံတစ်စုံ တွေ့ရပါတယ်။ ဒီဝတ်စုံဟာ ၁၉၉၀ ပြည့်နှစ်ထုတ် **Edward Scissorhands** ဇာတ်ကားမှာ Johnny Depp ရဲ့ ဇာတ်ရုပ်ဝတ်ဆင်ခဲ့တဲ့ ဝတ်စုံ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီဝတ်စုံကို သူ မမြင်တာကြာပြီ ထင်လည်း Johnny Depp က ပြောပါတယ်။ **Edward Scissorhands** ဇာတ်ကားရိုက်တုန်းက အတွေ့အကြုံတွေကိုလည်း Depp က ပြန်ပြောပြခဲ့ပါတယ်။ **21 Jump Street** အမည်ရ ဇာတ်ကား ရိုက်ကူးပြီးတဲ့ ၁၉၉၀ ပြည့်နှစ်ထဲမှာပဲ **Edward Scissorhands** ကို ရိုက်ခဲ့တာပါ။ အဲဒီဇာတ်ကားမှာ Depp ရဲ့ အကောင်းဆုံးသရုပ်ဆောင်မှုမ်းရည်ကို တွေ့ခဲ့ကြရတာပါပဲ။ **Scissorhands** ဇာတ်ကားရိုက်ကူးပေးခဲ့တဲ့ ဒါရိုက်တာ Tim Burton က နောက်ပိုင်းမှာ Depp နဲ့ ခုနစ်ကားတိတိ ပြန်လုပ်တွဲ ရိုက်ကူးခဲ့ပါတယ်။ Tim Burton က Depp အကြောင်း ကဗျာဆရာစပ်ပုံဖော်ခဲ့ရာမှာ 'လူတွေက ချောမောလှပတယ်လို့ပြောတဲ့ လူငယ်လေးတစ်ယောက်ရှိတယ်။ ဒါနဲ့ပဲ သူက သူ့ဖက်နှာကို တုပ်နှောင်ထားပြီး ငွေရှို့ပြစားနေလေရဲ့'လို့ ရေးသားခဲ့ပါတယ်။

Johnny Depp က 'Tim ဟာ ကျွန်တော့်အကြောင်း ကောင်းကောင်းသိသူပဲ'လို့ ဆိုပါတယ်။ 'ချောမောလှပတာတွေဘာတွေကို ဆိုလိုတာမဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော်ဟာ အသက် ၁၆ နှစ်၊ ၁၇ နှစ်အရွယ်လောက်တုန်းက အရက်ဘားမှာ ဂစ်တာတီးကြတော့ မီးရောင်အောက်ကိုရှောင်ပြီး အမှောင်ထဲရောင်ကျကျနေရာမှာရပ်လို့ ဂစ်တာတီးရင်း ပရိသတ်ရဲ့အာရုံကို ကိုယ့်အပေါ်မှာထက် ဦးဆောင်အဆိုတော်ဆီကိုသာ ရောက်စေချင်တဲ့ ငယ်ငယ်ကစိတ်အတိုင်းပဲ အတိုအကျရှိနေသေးတယ်ဆိုတာကို သူသိတယ်လို့ ဆိုလိုတာပါ။ ဒီအတွက် ကျေးဇူးတင်ပါတယ်'လို့ Depp က ဆိုခဲ့ပါတယ်။

၉၀ပြည့်နှစ်တွေအတွင်းမှာ အပစ်အခတ် အညစ်အပတ်ဇာတ်ကားတွေကို ရောင်ကွင်းခဲ့တဲ့ Depp ဟာ **Ed Wood** ဇာတ်ကားကနေ **Fear and Loathing in Las Vegas** စတဲ့ဇာတ်ကားတွေအထိ သရုပ်ဆောင်ခွင့်ရခဲ့ပေမဲ့ ငွေရေးကြေးရေးအရ အောင်မြင်တဲ့ ရုပါစတားတစ်ယောက် ဖြစ်မလာခဲ့သေးပါဘူး။ သမီးတွေနဲ့ အတူကြည့်ဖြစ်ခဲ့တဲ့ ကာတွန်းဇာတ်ကားတွေထဲက ဇာတ်ရုပ်မျိုးဖြစ်တဲ့ ပင်လယ်ဓားပြ Captain Jack Sparrow ဇာတ်ရုပ်ကို သရုပ်ဆောင်ခွင့်ရခဲ့ရာမှာတော့ ဟောလိဝုဒ်ရာဇဝင်မှာ အကောင်းဆုံးဇာတ်ကား စာရင်းဝင်ခဲ့တဲ့အပြင် ကမ္ဘာအရပ်ရပ်ဝင်ငွေ ဒေါ်လာ ဘီလျံနဲ့ချီပြီးရရှိခဲ့တဲ့ **Pirates** ဇာတ်ကားနှစ်ကားနဲ့ **Alice in Wonderland** ဇာတ်ကားမှာပါ အောင်မြင်မှုတွေ ဆက်တိုက်ရရှိခဲ့ပါတယ်။ **Pirates** ဇာတ်ကားတွေ ရိုက်ပေးတဲ့ ဒါရိုက်တာ Gore Verbinski က လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်တုန်းက Johnny Depp ဟာ စက်ရုပ်ကြီးတွေ စိတ်ဝင်စားလောက်အောင် ထည့်ရိုက်တောင်မှ ဒေါ်လာသန်းတစ်ရာလောက် ဝင်ငွေရမယ့်ကားမျိုးဖြစ်လာလိမ့်မှာ မဟုတ်ဘူးလို့ ထင်ခဲ့ကြောင်းနဲ့ အခုတော့ Johnny Depp မပါရင် ရုပ်ရှင်ရိုက်မရသလောက် ဖြစ်နေကြောင်း ပြောကြားခဲ့ပါတယ်။

Johnny Depp ရဲ့ ထူးခြားချက်နောက်တစ်ခုကတော့ သူ့ဇာတ်ကားတွေကို ဘယ်တော့မှ ကိုယ်တိုင်ပြန်ကြည့်လေ့ မရှိတာပါပဲ။ Rochester မြို့စားကြီးအဖြစ် သရုပ်ဆောင်ပေးခဲ့တဲ့ ၂၀၀၄ ခုနှစ်ထုတ် **The Libertine** အမည်ရ ဇာတ်ကားကလွဲရင်ပေါ့။ အဲဒီကားကြည့်ဖြစ်သွားခဲ့ရတာကလည်း ဒါရိုက်တာလုပ်သူကိုယ်တိုင်က ပြန်ကြည့်ပေးဖို့ တောင်းဆိုခဲ့လို့ပါ။ Johnny Depp က 'အတွေ့အကြုံတွေကိုထားပြီး ထွက်သွားရတာ ပိုသဘောကျတယ်။ သရုပ်ဆောင်တစ်ယောက်အနေနဲ့ ကိုယ့်အလုပ်က ဒါရိုက်တာကို ရွေးချယ်ခွင့်ပေးရမှာပဲလေ။ မျှော်လင့်ရမှာကတော့ ကိုယ်အကောင်းဆုံး သရုပ်ဆောင်ထားတဲ့ အခန်းတွေပါဖို့ပဲ။ ဒါပေမဲ့လည်း ဇာတ်ကားကို ကိုယ်က ပြန်မကြည့်ရင် မသိနိုင်ဘူးပေါ့။ ဒီတော့ ဒီအတိုင်းထားလိုက်တာပဲကောင်းပါတယ်'လို့ ပြောကြားခဲ့ပါတယ်။

အမေရိကန်မြင်းတပ်ကို လူဆိုးဇာတ်ရုပ်ပုံဖော်ပြီး ဒေသခံ ကိုမန်ချီလူနီအင်ဒီးယန်းတွေကို သူရဲကောင်းအဖြစ် ပုံဖော်တဲ့ Disney ရဲ့ဇာတ်ကား၊ **The Lone Ranger** က Johnny Depp အတွက် ဇာတ်ကားကြီးတစ်ကား ဖြစ်ပါတယ်။ ဒါရိုက်တာ Gore Verbinski ရိုက်ကူးပြီး မင်းသား Armie Hammer နဲ့ တွဲဖက်ကာ လူနီအင်ဒီးယန်းသူရဲကောင်း Tonto ရဲ့ ဇာတ်ရုပ်နေရာကနေ ဒုတိယမင်းသားအဖြစ် သရုပ်ဆောင်ပေးရတာပါ။ ပထမတော့ Depp က Tonto ရဲ့ ဇာတ်ရုပ်ကို သဘောမကျလှဘူး။ ၄င်းအသေတစ်ကောင် ရုပ်လုံးသွင်းပြီး ခေါင်းဆောင်းလုပ်ထားတာရယ်၊ မျက်နှာမှာ ဆေးတွေခြယ်ထားတာရယ်ကို မကြိုက်မိလို့ Depp ကဆိုပါတယ်။ တကယ်တော့ Depp ကိုယ်တိုင်ကလည်း ဒေသခံ အမေရိကန်လူနီ အင်ဒီးယန်းသွေးနှောသူတစ်ယောက်ပါ။

ဒါရိုက်တာ Verbinski က Lone Ranger မှာ Johnny Depp သရုပ်ဆောင်ပေးမယ်လို့ ထုတ်လုပ်သူတွေကို ပြောပြတော့ အားလုံးပဲ ရင်ခုန်သွားကြရပါတယ်။ တစ်မိနစ်လောက်ကြာတော့ အားလုံးက အဓိကဇာတ်ဆောင် Lone Ranger နေရာမှာ သရုပ်ဆောင်မှာလို့ အထင်နဲ့ သိပ်ကောင်းတာပေါ့၊ ရိုက်ကူးရေးစလိုက်ကြစို့လို့ ဖြစ်သွားတာပေါ့။ ဒါပေမဲ့ Tonto နေရာမှာ ဒုတိယမင်းသားအဖြစ် သရုပ်ဆောင်မှာဆိုတော့ အားလုံး အံ့အားသင့်သွားခဲ့ကြတယ်လို့ Verbinski က ပြောပြပါတယ်။

Depp ကတော့ သူ့ရည်ရွယ်ချက်နဲ့ သူ Tonto ဇာတ်ရုပ်ကို ရွေးချယ်ခဲ့တာပါ။ ကိုမန်ချီလူနီ အင်ဒီးယန်းတို့ရဲ့ အထိမ်းမှတ်သင်္ကေတလေးတစ်ခုကို လည်မှာဆွဲထားတဲ့ Johnny Depp က ကိုမန်ချီလူနီအင်ဒီယန်းတွေအကြောင်း သူ့ကလေးတွေသိအောင် ပြချင်တဲ့ မျှော်လင့်ချက်တစ်ရပ် ရှိခဲ့တယ်လို့ ဆိုပါတယ်။ ဘယ်လို့ပဲဖြစ်ဖြစ် ကိုမန်ချီတွေ

www.burmeseclassic.com

www.burmeseclassic.com

တယ်။ Johnny Depp က သူ့ရဲ့ငယ်ဘ
ဟာ ကလေးတစ်ယောက်ကို ပြုစု
ထောင်ဖို့ ပြည့်စုံကောင်းမွန်တဲ့ စံပုံစံ
ရပ်တော့ မဟုတ်ခဲ့ဘူးလို့ ဆိုပါတယ်။
'ကြီးပြင်းခဲ့ရတဲ့ ဘဝတစ်လျှောက်လ
တော့ ခပ်ကြမ်းကြမ်းပဲ။ ကိုယ်က
အများတစ်ခုခု လုပ်မိတယ်ဆိုရင် အရှက်
ခံရတယ်။ ဘာမှ အများမလုပ်ဘူးဆိုရင်
လည်း အရှိက်ခံရတယ်။ ဒါပေမဲ့
ကျွန်တော့်မိဘတွေက သူတို့သိသလောက်
အကောင်းဆုံးလုပ်ပေးတာပဲလေ။ ကျွန်
တော်လည်း ကျွန်တော်တတ်နိုင်သမျှ
သိသမျှနဲ့ ကျွန်တော့်ကလေးတွေကို ပြု
စုပျိုးထောင်ဖို့ပဲ စဉ်းစားပါတယ်။
တခြားလူတွေနဲ့တော့ ဆန့်ကျင်ဘက်ဖြစ်
ရင် ဖြစ်မှာပေါ့။ ဒါဟာ အဆင်ပြေမယ်
လို့ထင်ပါတယ်။ ကျွန်တော့်မိဘတွေကို
ဆိုးတယ်လို့ ပြောစရာမလိုပါဘူး။ သူတို့
ဆိုးတာမဟုတ်ဘဲ၊ သူတို့က တခြား
နည်းလမ်းကို မသိကြရုံလေးပါ။ အခု
ကာလကလည်း အများကြီးကွာတယ်
လေ' လို့ Johnny Depp က သူကြီးပြင်း
ခဲ့ရပုံကို ပြန်ပြောပါတယ်။

Johnny Depp ရဲ့ဖခင်က မြို့ပြအင်
ဂျင်နီယာတစ်ယောက်ဖြစ်ပြီး မိခင်က
စားပွဲထိုးတစ်ယောက်ပါ။ 'ညတိုင်းဆို
အဖေနဲ့အမေက ပဓိစ္ဆေတွေ၊ ငွေအကြွေ
တွေရေကြေပြီ။ ငွေက မလည်ပတ်ဘူး။
ခရစ္စမတ်ရာသီရောက်ပြီဆိုတိုင်း ပိုက်ဆံ
ကမရှိဘူး။ ကျွန်တော့်အမေက Appala-
chia တောအုပ်တက်က ဒေသမှာ ကြီးပြင်း
ခဲ့ရတာ။ အဲဒီဒေသမှာ အိမ်သာက အိမ်
အပြင်ဘက်မှာထားတာ။ အမေက ဘာ
လုပ်လုပ် သူ့အမေလုပ်ခဲ့အတိုင်းလုပ်
တာပဲ။ ဒီထက်ကောင်းတဲ့နည်းလမ်း
လည်း သူ မသိဘူးလေ။ ကျွန်တော့်
ကလေးတွေကိုတော့ သူတို့ကိုချစ်တယ်
ဆိုတာ တစ်နေ့ကို ၇၅ခါလောက်ပြော
တယ်။ ကျွန်တော်သိတာတစ်ခုက အဲဒီ
လို ပြောရင်းကြားရင်းနဲ့ သူတို့စိတ်မှာ
အချစ်ခံရတာကို သိလာပြီး လုံခြုံမှုရှိ
ရှိလာမယ်။ တစ်စုံတစ်ခုရဲ့ မရှိမဖြစ်တဲ့
အစိတ်အပိုင်းတစ်ရပ်အဖြစ် ခံစားနား

'စီးကရက်ထဲမှာ
ပါတဲ့
နီကိုတင်းဓာတ်က
လူကို
ထိခိုက်စေတယ်
တကယ်လို့
ခင်ဗျားက
စီးကရက်ကို
စွဲစွဲမြဲမြဲ
သောက်တတ်သူ
ဆိုရင်တော့
ဆေးလိပ်စွဲသူ
ဖြစ်ပြီပေါ့' လို့
Depp က
ဆိုပါတယ်
Depp ဟာ
စီးကရက်
အသောက်
လျှော့ခဲ့ပါတယ်
တစ်နေ့တာရဲ့
သုံးနာရီခွဲလောက်
အချိန်အတွင်း
စီးကရက်
ခြောက်လိပ်လောက်ပဲ
သောက်တယ်လို့
ဆိုပါတယ်

ဟာ စစ်သူရဲကောင်းတွေပဲလို့လည်း
Depp က ဆိုပါတယ်။

ကိုမန်ချီ လူနီအင်ဒီယန်းတို့ အရေး
ကိစ္စတွေမှာ တက်တက်ကြွကြွ ပါဝင်
လှုပ်ရှားသူ La Donna Harris က
Depp ကို သူ့ရဲ့သားအဖြစ် ပြီးခဲ့တဲ့နှစ်
အတွင်း တရားဝင်မွေးစားလိုက်တဲ့အချိန်
မှာ ကိုမန်ချီတွေအပေါ်ထားတဲ့ သူ့ရဲ့
အမြင်ကို Depp တစ်ယောက် ဖော်ထုတ်
ပြသနိုင်ခဲ့ပါတယ်။ မွေးစားသားအဖြစ်
တရားဝင် အထိမ်းအမှတ်နဲ့ ကျင်းပတဲ့
ရိုးရာအခမ်းအနားမှာ Depp ကို Shape
Shifter လို့ ကိုမန်ချီတွေက နာမည်ပေး
ခဲ့ပါတယ်။ မွေးစားသားအဖြစ် တရား
ဝင်အသိအမှတ်ပြုပြီး နောက်နှစ်လ
အကြာ Oklahoma ပြည်နယ်မှာ ကျင်း
ပတဲ့ Comanche Nation Fair ခေါ်
ကိုမန်ချီ အမျိုးသားပွဲတော်မှာ Johnny
Depp ကို ကိုမန်ချီတွေနဲ့ တစ်သား
တည်း တွေ့ကြရပါတယ်။ ကိုမန်ချီတွေ
နဲ့ မြင်းအတူစီး၊ ကလေးတွေနဲ့ ပွဲတော်
လာပရိသတ်အုပ်ထဲ လျှောက်သွား၊
ကိုမန်ချီသချိုင်းရာဟောင်းကို သွား
ရောက်လည်ပတ်နဲ့ တကယ့်ကို တစ်
သားတည်း ရှိခဲ့တာပါ။ ကိုမန်ချီတွေ
က Depp ကို ဖျံသားရေနဲ့ချုပ်ထားတဲ့
မိုးနွယ်စုခေါင်းဆောင်တွေဆောင်းတဲ့ ခေါင်း
ဆောင်းတစ်ခု ချီးမြှင့်ခဲ့ပါတယ်။ Depp
ကလည်း သူ့ရဲ့ကိုယ်တိုင်ရေးပန်းချီကား
တစ်ချပ်လက်ဆောင်ပြန်ပေးခဲ့ပါတယ်။

Johnny Depp ဟာ ရော့ခ်ဂီတ
သမားတစ်ယောက် ပုံစံပေါက်ပေမဲ့
စကားပြောတဲ့အခါမှာတော့ စာရေးဆရာ
တွေ ရေးလိုက်၊ ဖျက်လိုက်၊ ရေးတတ်
သလိုပဲ သူကလည်း စကားတစ်ခွန်း
ပြောလိုက် ပြန်ပြင်လိုက်လုပ်တတ်သူပါ။
သူ့ရဲ့ အောင်မြင်ကျော်ကြားမှုက သူဘဝ
ထဲကိုပါ ဝင်ရောက် အနှောင့်အယှက်
ပေးလာတယ်လို့ ဆိုလာပါတယ်။ အဲဒါ
ကြောင့်လည်း လွန်ခဲ့တဲ့ နှစ်အနည်းငယ်
ကစပြီး ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော
ကိုယ့်ဘက်က အတတ်နိုင်ဆုံး ရိုးသားဖို့
ပဲ ကြိုးစားခဲ့တယ်လို့ Depp က ဆိုပါ

www.burmeseclassic.com

www.burmeseclassic.com

သည်လာကြမယ်ဆိုတာပါပဲ'

ငယ်ဘဝတုန်းက ကင်တပ်ကီ ဖြည်နယ်နဲ့ ဖလော်ရီဒါပြည်နယ်တွေမှာ နေထိုင်ရင်း ခဏခဏအိမ်ပြောင်းရတဲ့ အတွေ့အကြုံတွေလည်း Johnny Depp ရဲ့ စိတ်ထဲမှာ စွဲနေတုန်းပဲ။ 'အားလပ်ချိန် ခရီးထွက်ဖို့ အထုပ်အပိုး ပြင်ဆင်ရင်း ဆောင်မှ စိတ်မကောင်းဖြစ်မိတယ်။ ငယ်ငယ်တုန်းက တစ်ခြိုနှံလုံး အိမ်ပြောင်း၊ အိမ်ရွှေ့ လုပ်ခဲ့ရတာတွေကို အမှတ်ရမိ ပေလို့ပဲ။ ကျွန်တော့်ဘဝဟာ ခြေသလုံး အိမ်တိုင်အဖြစ် ဘာမှမရှိဘဲ နေခဲ့ရတာ ပေ။ နှစ်ပေါင်းများစွာနဲ့ပေါ့။ တကယ် ပြောတာပါ။ ကျွန်တော် တစ်ခါမှ ဖွင့်မကြည့်ရသေးတဲ့ ရုပ်ရှင်ဇာတ်ကားထုပ်တွေလည်း ရှိပါသေးတယ်။ Scissor-hands ဇာတ်ထုပ်ဆိုရင် တစ်နေရာရာမှာ သိမ်းထားတာရှိဦးမှာ။ Cry Baby ဇာတ်ကားဆိုလည်း တစ်ခါမှ ဖွင့်မကြည့်ခဲ့ဖူးဘူး။ အဲဒီဇာတ်ကားထုပ်တွေဟာ ကျွန်တော့်အတွက်တော့ ကျွန်တော်တို့ အတ်က အကြောင်းအရာလေးတွေကို အမှာဂတ်လူသားတွေ ကြည့်လို့ရအောင် ချန်ထားရစ်ခဲ့တဲ့ Time Capsule တွေပဲ ဖြစ်ပါတယ်'

Johnny Depp ဟာ Rolling Stones ဂီတအဖွဲ့က ဂစ်တာသမား Keith Richards အကြောင်း မှတ်တမ်းရုပ်ရှင် ရိုက်ခဲ့တာအပြင် The Brave ဆိုတဲ့ သူ ရဲ့တစ်ကားတည်းသော ဇာတ်ကားကို ဒါရိုက်တာလုပ် ရိုက်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ The Brave နဲ့ပတ်သက်ပြီး စာနယ်ဇင်းဆရာတွေရဲ့ ပယ်ပယ်နယ်နယ် ဝေဖန်ရေးသားချက်တွေက သူ့ကို စိတ်ဒဏ်ရာ ရစေခဲ့ပါတယ်။ အမေရိကန် သတင်းစာဆရာတွေက သူ့ကိုစော်ကား လိုက်တာလို့ Johnny Depp က မြင်ပါ တယ်။ ဒါပေမဲ့ Terry Gilliam ကတော့ The Brave ဇာတ်ကားဟာ 'ကိုယ်လို ချင်တာ ဘာမှန်းမသိတဲ့ မင်းနဲ့ အတူ တူပဲလို့ ကျွန်တော့်ကို ပြောခဲ့ပါတယ်။ သွေးထွက်အောင်မှန်တဲ့စကားပါ။ The Brave ဟာ ဘာလိုချင်တယ်ဆိုတာ သူ ဘာသာ မသိပါဘူး။ ဘာဖြစ်လို့လဲဆို တော့ ကျွန်တော်ကိုယ်တိုင်က ကိုယ်ဘာ လိုချင်တယ်ဆိုတာမှ မသိဘဲကိုး။ အခု အထိလည်း ကျွန်တော် ဘာဖြစ်ချင်တယ် ဆိုတာ ကျွန်တော် မသိသေးပါဘူး'

အဲဒီအတွေးကပဲ Johnny Depp ကို သရုပ်ဆောင်အလုပ်ကနေ ဝေးရာကို ထွက်ပြေးဖို့ အတွေးတစ်စ ယူဆောင် ခဲ့တာပါ။ 'နှစ်အနည်းငယ်လောက် ခွဲခွာနေလိုက်ရင် မဆိုးလှဘူးလို့ဆိုတဲ့ အတွေးတစ်ပိုင်းတစ်စက ကျွန်တော့် ဆီမှာရှိနေတယ်။ ဒါပေမဲ့ တခြား အလုပ် ပြောင်းလုပ်တော့မယ်လို့ ပြောနေ စရာလည်း မလိုဘူးလို့ ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လူတွေ အဲဒီလို ပြောတာကြားတိုင်း ကိုယ့်စိတ်ထဲမှာ တစ်မျိုးထူးဆန်းနေသလို ဖြစ်နေလို့ပါ'

ဒါပေမဲ့ တကယ်တမ်းမှာတော့ သမီးလေး Lily Rose မွေးဖွားခဲ့တဲ့ လွန်ခဲ့တဲ့ ဆယ့်လေးနှစ်ကတည်းက သူရှာ နေတဲ့ အဖြေတွေကို Johnny Depp က သိထားပြီးသားပါ။ သူလုပ်နေရတဲ့ အင်တာဗျူးတွေ၊ ရိုက်နေရတဲ့ ရုပ်ရှင် တွေနဲ့ အောင်မြင်မှုတွေ ကျရှုံးမှုတွေဟာ ဘာအတွက်လဲဆိုတာ နှစ်အတော်ကြာ စဉ်းစားနေမိခဲ့တယ်လို့ Depp က ဆိုပါ တယ်။ သိသွားတဲ့အခါကျတော့ မျက်နှာဖုံးတစ်ခုကို လုပ်လိုက်သလိုပဲ တစ်ခါ တည်း ရှင်းလင်းသွားကြောင်း၊ ဘဝဆို တာ အရာရာပဲလား၊ အရာရာဟာ ဘဝပဲ လားဆိုတာ အသေအချာ မသိသေး ပေမဲ့ အသက်ရှူပြင် ရနေသရွေ့ အသက် ရှူနေရမှာဖြစ်ပြီး ကိုယ့်သားသမီးတွေကို ရယ်မော ပျော်ရွှင်အောင် လုပ်နိုင်ဖို့ အခွင့်အလမ်းရှိ သေးသရွေ့ သူတို့လေး တွေ ရယ်မောပျော်ရွှင်အောင် လုပ်ပေး လိုက်စေလိုကြောင်း Johnny Depp က ပြောကြားခဲ့ပါတယ်။

ဘုရားသခင်ကို ယုံကြည်မှုမရှိ သလို တစ္ဆေသရဲကိုလည်း အယုံ အကြည်မရှိတဲ့ Johnny Depp က သူ သေလွန်သွားတဲ့အခါ တောင်ကမ်းပါး ယံစွန်းမှာ ချိတ်ဆွဲထားပြီး ပရိသတ်တွေ အတွက် ဖျော်ဖြေစရာတစ်ခု ဖြစ်ကောင်း ဖြစ်လိမ့်မယ်လို့ ဆိုခဲ့သလို သူ့ကိုယ်ပေါ် က ဆေးမင်ကြောင်တွေကို ရှိထားပြီးသူ ကလေးတွေက 'ဒါ တို့အဖေရဲ့ဆေးမင် ကြောင်တွေ' လို့ပြောပြမှာကိုတွေးကြည့်နေ မိကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဟောဝိဝုဒ်ရဲ့ နာမည်ကျော်တွေကို သာ ကြယ်ပွင့်ပေးအပ် ဂုဏ်ပြုမှတ်တမ်း တင်ပေးတဲ့ Walk of Fame က သူ့ရဲ့ ကြယ်ပွင့်ကိုလည်း Depp က အလေး မထားပါဘူး။ သူနဲ့ Manson တို့နှစ် ယောက် မူးမူးနဲ့ Walk of Fame ကို ရောက်သွားတဲ့ ညတစ်ညမှာ မင်းသား ကြီး Wesley Snipes နဲ့ မင်းသမီး Cher တို့ရဲ့ ကြယ်ပွင့်တွေကြားက Depp ရဲ့ ကြယ်ပွင့် ပေါ်ကို နှစ်ယောက်သား အပေါ့သွားချင်စိတ် ဖြစ်ခဲ့ကြတယ်လို့ Manson က ပြန်ပြောပြခဲ့ပါတယ်။ အဲဒီ ညက ဘာဖြစ်ခဲ့တယ်ဆိုတာကိုတော့ Manson က အတည်လည်းမပြုနိုင် သလို ငြင်းချက်လည်း မထုတ်နိုင် ကြောင်း ပြောပြခဲ့ပါတယ်။

Johnny Depp ရဲ့ နားထဲမှာ တစ် ခါတလေ ကြားမိလာတတ်တဲ့ မင်း သားကြီး Marlon Brando ရဲ့ စကား တစ်ခွန်းရှိပါသေးတယ်။ 'လုပ်မနေနဲ့၊ အဲဒီ အသုံးမကျတဲ့ဟာကို ထားလိုက် စမ်းပါ' ဆိုတဲ့ Marlon Brando ရဲ့အသံ ကို တစ်ခါတစ်ခါ သူ ကြားယောင်မိ တတ်တယ်လို့ Depp က ပြောပြတာပါ။ 'Marlon က သူ့ဘဝမှာ 'ငါအရေးမလုပ်ဘူး' လို့ ပြောခဲ့တာတစ်ခုရှိပါတယ်' လို့ Johnny Depp က လမ်းအဆုံးက မီး ရောင်အောက်မှာ ရပ်နေတဲ့ ရာဇဝတ်ပြေး တစ်ယောက်လို ပြုံးရင်း ပြောပါတယ်။ 'အဲဒါဟာ နိဗ္ဗာန်တစ်မျိုးပဲဖြစ်ရမယ်၊ ဖြစ်ကိုဖြစ်ရမှာလေ။ အဲဒါကတော့ လွတ်လပ်ခြင်းပါပဲ'

■

ရာပြည့်

Reference : An Outlaw Looks At 50 by Senior writer Brian Hiatt, Rolling Stones Maines

www.burmeseclassic.com

www.burmeseclassic.com

အစိန်းကြေး

ခင်ဝေးပြုံ့

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဖက်အောင်
အသက်၄၀ဝင်ပေါ်
ကောင်လေးပုံစံမျိုး
မလုပ်ထားပါဘူး။
စီးပွားရေးအဆင်မပြေတဲ့
မိဘတွေကြောင့်
ပညာရေးနဲ့
စီးပွားရေးလုံးထွေးပြီး
အသက်ကြီးမှ
ဆယ်တန်းအောင်၊
ထူးချွန်တဲ့
ကောင်လေးတစ်ယောက်
အဖြစ် ဒါရိုက်တာ
ဗန်းကြီးက
ပြင်ထားပါတယ်။
ဒီစာတ်ကားမှာ
ဆေးကျောင်းတက်မယ့်
ပြေတီဦးရဲ့ကျောင်းစရိတ်
အားလုံးကို
စိုးခြတ်သူကက

www.burmeseclassic.com

www.burmeseclassic.com

ပြေတီဦးကတော့ ကျေးဇူးရှင် မမကြီးတစ်ယောက်အနေနဲ့ သဘောထားပြီး စိုးမြတ်သူဇာရဲ့သမီးကြီးကို စိတ်ဝင်စားချစ်စကားဆို ခဲ့ပါတယ်။ ကောင်မလေးဆီက အဖြေရမယ့်နေ့မှာ အဖြေစာရွက်ယူဖို့လာတဲ့အချိန် စိုးမြတ်သူဇာနဲ့တွေ့တာကြောင့် လန့်ဖျပ်ပြီး စာရွက်က ပြုတ်ကျသွားကာ စိုးမြတ်သူဇာ မောင်းလာတဲ့ ကားအောက်ရောက်သွားပါတော့တယ်။ အဲဒီနေ့မှာပဲ စိုးမြတ်သူဇာက ပြေတီဦးကို လက်ထပ်ဖို့ပြောပြီး လက်ထပ်ဖို့ စီစဉ်ခဲ့ပါတယ်။ ပြေတီဦးက စိုးမြတ်သူဇာကို လက်ထပ်တာ စိုးမြတ်သူဇာရဲ့ ပိုင်ဆိုင်မှုတွေကို မက်မောလို့လို့ စိုးမြတ်သူဇာရဲ့သားသမီးများက ယူဆထားကြပါတယ်။ ဒါကြောင့် ပြေတီဦးကို စိုးမြတ်သူဇာရဲ့ သားသမီးများက မကြည်ဖြူကြပါဘူး။

စိုးမြတ်သူဇာက ပြေတီဦးကို ချစ်လွန်းတော့လည်း သဝန်တိုပါတယ်။ ပြေတီဦးရဲ့ဆေးခန်းမှာရှိတဲ့ နာ့စ်မလေးတွေနဲ့ သဝန်တိုတာကြောင့် ကိုယ်ဝန်ရတဲ့အချိန်ထိ ဆေးခန်းကို လိုက်သွားသေးတာပါ။ ပြေတီဦးနဲ့ရတဲ့ ကိုယ်ဝန်၊ ပြေတီဦးရဲ့မိန်းမ ဖြစ်တယ်ဆိုတာကို နာ့စ်မတွေတင် မဟုတ်ဘူး၊ လူနာတွေကိုပါသိစေချင်တာကြောင့် ဆေးခန်းအထိ လိုက်သွားတာဖြစ်ပါတယ်။ ကလေးမွေးပြီးချိန်မှာလည်း ဆေးခန်းကိုလိုက်သွားပြီး လူနာချောချောလေးတွေ ဝင်လာတာနဲ့ သမီးလေးက ဘာဝယ်ခဲ့ပါမှာနေတယ်ဆိုတာမျိုးတွေ ပြောတာပါ။ တစ်နေ့မှာတော့ ပုံပိုးပေးထားပါတယ်။ ဆေးကျောင်းတက်ဖို့ ထောက်ပံ့ပေးသူဖြစ်တဲ့ စိုးမြတ်သူဇာရဲ့ ညွှန်ကြားမှုကို ပြေတီဦးက မလွန်ဆန်ပါဘူး။ စိုးမြတ်သူဇာက ငယ်စဉ်မှာ အဒေါ်လင်မယားနဲ့ နေထိုင်ခဲ့ရပြီး အဒေါ်ယောကျ်ားရဲ့ လက်ရဲဇက်ရဲနိုင်မှုကို ကြောက်တာကြောင့် ပိုက်ဆံရှိ၊ အသက်ကြီးကြီးတစ်ယောက်နဲ့ လက်ထပ်လိုက်ပါတော့တယ်။ အဲဒီသူနဲ့ သားသမီး ၃ ယောက်ရခဲ့ပါတယ်။ ခင်ပွန်းမရှိတော့တဲ့ အချိန်မှာတော့ စီးပွားရေးလုပ်ငန်းတွေကို ကိုယ်တိုင်ဦးစီးဆောင်ရွက်လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ သားသမီး ၃ ယောက်ရပေမဲ့ တကယ်ချစ်တဲ့သူနဲ့ မဆုံစည်းခဲ့ရတဲ့ စိုးမြတ်သူဇာက ပြေတီဦးကို တွေ့ချိန်မှာတော့ သံယောဇဉ်ဖြစ်၊ ချစ်မိသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ဆေးခန်းကိုလာတဲ့လူနာတစ်
ဦးဦးပြဿနာဖြစ်တာကြောင့်
ဆွေးတီဦးလည်း ဆေးခန်းပိတ်၊
အရက်တွေသောက်၊ အရက်
သမားဖြစ်သွားပါတော့တယ်။
မြတ်သူဇာကတော့ အက်
ဆီးဒင့်တစ်ခုကြောင့် ဆုံးသွား
ခဲ့ပါတယ်။ ဒါပေမဲ့ အဒီမှာ
အစိမ်းကြွေ ဇာတ်လမ်းက
ဆုံးသေးပါဘူး။ ဒါရိုက်
တာ ဗန်းကြီးကတော့ ဆရာမ
ဟူရာ(လွိုင်ကော်)ပေးချင်
တဲ့ အရသာကို ထိခိုက်မှာ၊
ကျေမနပ်ဖြစ်မှာစိုးတာ
ကြောင့် အရမ်းပြင်ဆင်ထား
တာမျိုး မလုပ်ထားပါဘူးလို့
ဆိုရပါတယ်။

အစိမ်းကြွေ ဇီဒီယို
ဇာတ်ကားထဲမှာ စိုးမြတ်
သူဇာရဲ့သားသမီးများအဖြစ်
ကျော်ကျော်၊ ချမ်းမိမိကိုနဲ့ ပိုင်
ခန့်တို့က သရုပ်ဆောင်ထားပါ
တယ်။ လူငယ်သရုပ်ဆောင်
အချို့ပါသေးတာကြောင့် သူတို့
သရုပ်ဆောင်ဖို့အတွက် ဇာတ်
လမ်း ပြင်ဆင်ပေးရတာမျိုး
ရှိသေးလားဆိုတာနဲ့ပတ်သက်
ပြီး "မဆိုင်ဘဲသွားရင် ဇာတ်
ပျက်တတ်တယ်။ ဇာတ်က
ကောင်းသလောက်ပဲ ကျွမ်းတော်
ဇာတ်ညွှန်းရေးတယ်။ ဇာတ်
ကမေးသလောက်ပဲလုပ်တယ်"
လို့ ဒါရိုက်တာ ဗန်းကြီးက
ဆိုပါတယ်။ ဒီ ဇာတ်ကားတွေ
အတွက် ရိုက်ကူးရေး အခန်းခွဲ
တဲ့အခါ ၆၉ ခန်း ဖြစ်သွား
တာကြောင့် ဇာတ်လမ်းအရ
သာမယုက် ဖြုတ်သင့်တာများ
ဖြုတ်ဖို့ပြောတဲ့ စိုးမြတ်သူဇာ
တို့နဲ့ တိုင်ပင်တယ်လို့ သိရပါ
တယ်။ ဇာတ်ကားကို နှစ်ချုပ်
တွဲဆိုရင်လည်း ပရိသတ်က
မကြည့်ချင်ဘူး။ ၃ ချုပ်တွဲကျ
တော့လည်း နည်းနည်းလေး
တယ်။ ဇာတ်ကို စီးစီးပိုင်ပိုင်
ဖြစ်အောင် ပိုင်းစဉ်းစားကြ
တယ်။ လုံအောင်၊ အပေါက်
မရှိအောင် ပိတ်ရတယ်။ တော
ကလူတွေလည်း ကြည့်မှာဆို
တော့ အလို လို နားလည်
အောင်နေရာတိုင်းပေးလို့ မရ
ဘူး" လို့ ဒါရိုက်တာ ဗန်းကြီး
က ဆိုပါတယ်။

**မေတ္တာလေညင်း သင်း
စောသား** ဆိုတဲ့ ဝတ္ထုကို ကျော်
သူ၊ နွဲ့နွဲ့မူတို့နဲ့ ရုပ်ရှင်ဇာတ်
ကား ရိုက်ဖူးပြီးသားရှိပါတယ်။

ဒီဇာတ်ကားကလည်း ပရိ
သတ်တွေ အသိအမှတ်ပြုထား
တာကြောင့် ပြန်လည်ရိုက်
ကူးမှုအတွက် တာဝန်ကြီးတယ်
လို့ သိရပါတယ်။ "အရင်က
ခေတ်က အရမ်းကြိုက်ခဲ့တဲ့
ဇာတ်ဆိုတော့ ဒီတစ်ခါလည်း
ပုံစံတစ်မျိုးနဲ့ ထပ်ကြိုက်
အောင်၊ အဲဒီခေတ်မှာကြည့်ပြီး
တဲ့လူတွေကလည်း ကြိုက်သွား
အောင် ရိုက်ထားပါတယ်" လို့
ဒါရိုက်တာ ဗန်းကြီးက ဆိုပါ
သေးတယ်။ **အစိမ်းကြွေ**
ဇာတ်ကားကို ဒီဘက်ခေတ်
ပရိသတ်တွေ ဘယ်လောက်
ထိ စိတ်ဝင်တစားရှိမလဲ
ဆိုတာ စောင့်မျော် ကြည့်ရှုရ
မှာပါ။ ■

ခင်လေးမြင့်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခယ်ချာရောင်ဦးစိုး

ဇာနည်ညီခိုး

ကျောက်ခဲကလေးများ
ညီညာလှပစွာ
ခင်းထားတဲ့လမ်းများ၊
ပြာလဲ့နေတဲ့ ရေကန်သာများ၊
မြင့်မားလှတဲ့ တောင်တန်းများ
ဝန်းရံထားပြီး လှပတဲ့ ကျူးဘက်
အပန်းဖြေစခန်းလေး တည်ရှိရာ
Mont Tremblant မြို့ကလေးမှာ
ကမ္ဘာကျော်ရှုပ်ရှင်မင်းသား
မိုက်ကယ်လ်ဒေါက်ကလပ်စ်တို့
မိသားစု နှစ်စဉ်နှစ်တိုင်း
နွေရာသီနှောင်းပိုင်းမှာ
လာရောက်အပန်းဖြေလေ့
ရှိတာကြောင့် ဒီမြို့မှာရှိတဲ့
သူများကတော့
သူတို့မိသားစုကိုမြင်ရင်
အထူးအဆန်းမဟုတ်တော့ပါဘူး။
ဩဂုတ်လ ၃ ရက်နေ့ကလည်း
မိုက်ကယ်လ်ဒေါက်ကလပ်စ်နဲ့အတူ
သားဖြစ်သူ ဒိုင်လန်
(အသက် ၁၃ နှစ်)၊
သမီး ကာရက်စ်
(အသက် ၁၀ နှစ်)တို့
လယ်သမားများဈေးလို့ခေါ်တဲ့
နေရာကလေးမှာ
လှည့်လည်သွားလာနေကြတာ
တွေ့ရတော့ နှစ်စဉ်နှစ်တိုင်းလိုပဲ
အဆန်းတကြယ်
မဟုတ်ကြတော့ပါဘူး။
သူတို့မိသားစုက သီလရှင်များ
ဖြုလုပ်တဲ့ ဒိန်ခဲများကို
မြည်းစမ်းနေကြတဲ့အပြင်
စားဖိုမှူးတစ်ယောက်
ချက်ပြုတ်ပြသနေတာကိုလည်း
ဇာတစ်ဖြုတ် ဝင်ငေးခဲ့ကြစဉ်
စားဖိုမှူးက မင်းသားကြီးကို
သူမီးဖို ကိုင်ကြည့်ပါလားလို့
နောက်လိုက်တာကြောင့်
အားလုံးပွဲကျခဲ့ကြပါသေးတယ်။
သူတို့သားအဖတစ်တွေကို
ကြည့်ရတာ ဈေးထဲမှာ
လျှောက်သွားနေရတာကို
ကျေနပ်နေကြပုံပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၀ နိုဝင်ဘာ ၂၇ ရက်နေ့ထွက် သတင်းဂျာနယ်

ကင်ဆာဝေဒနာခံစားခဲ့ရဖူးတဲ့ အေါက်ကလပ်စ်

အမှတ်တမဲ့ ကြည့်ရင်တော့ သူတို့သားအဖတစ်တွေ နွေရာသီ အပန်းဖြေစခန်းလာနေကျအတိုင်း လာကြတယ်လို့ထင်စရာပါပဲ။ ဒါပေမဲ့ သူတို့အထဲမှာ အရေးပါအရာရောက်တဲ့ သူစာစီးမပါဝင်တာကို အမှတ်တမဲ့ ဖြစ်ခဲ့ကြပါတယ်။ အဲဒီသူကတော့ သခင်နဲ့သားတို့ရဲ့မိခင်ဖြစ်တဲ့ ရုပ်ရှင်မင်းသမီး ကက်သရင်းဒီဘာဂျုံးစ်ပါပဲ။ နေအိမ်ရှိရာ နယူးယောက် ဘက်ဖို့ဒ်မှာတော့ ဒီကာဂျုံးစ်က ဟင်းသီးဟင်းရွက်တွေ ဝယ်နေကြီး အနီးအနားက အတော်အတည်ရှိမှာ မိခင်ဖြစ်သူ ပက်ထရစ်ရှာနဲ့ ရောက်ရှိနေပါတယ်။ သူတို့သားအမိကို တွေ့လိုက်သူတစ်ဦးက "မင်းသခင်းကို ကြည့်ရတာ နည်းနည်းတော့ ခွမ်းနေတယ်" လို့ ဆိုခဲ့ပါတယ်။

သူတို့မိသားစုနဲ့ အနီးကပ်ဆုံး မိတ်ဆွေတချို့သာ သူတို့နေးဟောင်နဲ့နှစ်ယောက် ဘာကြောင့် အတူတူမတွေ့ရကာလဆိုတဲ့ ပြဿနာကို သိကြပါတယ်။ အိမ်ထောင်သက် ၁၃ နှစ်ရှိပြီး အသက် ၆၈ နှစ်အရွယ် မိုက်ကယ်လ် ဒေါက်ကလပ်စ်နဲ့ အသက် ၄၇ နှစ် အရွယ် ဒီကာဂျုံးစ်တို့မှာ ဟောလိဝုဒ်ရဲ့ ညီအစ်ကိုဆုံး ဇနီးမောင်နှံဖြစ်ပြီး ကျန်းသစ္စာဆောင်ဆောင်နဲ့တို့ အားကျရတဲ့ အိမ်ထောင်ဖက်များလည်း ဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနှစ်ပိုင်းမှာတော့ အလွန်ခွဲခြဲကြတဲ့ သူတို့နှစ်ယောက် ခေတ္တခဏစိတ်လို ခွဲနေကြဖို့ သဘောတူခဲ့ကြကြောင်း သူတို့နှစ်ယောက်နဲ့ ရင်းနှီးတဲ့မိတ်ဆွေတစ်ဦးက People မဂ္ဂဇင်းသို့ ပြောကြားခဲ့ပါတယ်။ "သူတို့နှစ်ယောက်က သိပ်ချစ်ကြတာပါ။ ဒါပေမဲ့ လောလောဆယ်မှာတော့ ခဏခွဲနေကြတယ်။ နှစ်ယောက်စလုံးက တရားဝင်ကွာရှင်းပြတ်စဲဖို့ကိုတော့ ဘယ်သူမှ မလုပ်သေးပါဘူး။ သူတို့နှစ်ယောက်ကြားမှာ ဘယ်ရွေ့နေရွေ့ပုံလည်း ဝင်မလောသေးပါဘူး" လို့ ဆိုပါတယ်။

အိမ်ထောင်သက် ၁၃ နှစ်အနေးနှေးမောင်နှံနှစ်ဦးစလုံး အောင်ကဿ

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၃ ခုနှစ် မတ် ၂၃ ရက်က မြင်တွေ့ရစဉ်



၂၀၁၁ ဖေဖော်ဝါရီလ ၂၄ ရက်နေ့က တွေ့ရတဲ့ မိသားစု

ချား ရဲ့ကြွေးအပြီး ပိုင်ဆိုင်တဲ့အိမ်ခြံမြေများတလည်း ကမ္ဘာအနှံ့မှာ ရှိပါတယ်။ သူတို့နှစ်ယောက်ဝေါင်းရင် ဒေါ်လာ သန်း ၂၀၀ ကျော်ရှိတဲ့အတွက် ဘိုဝီးအဆင့် ဆိုးဆင်နဲ့လို့ ဘတိုတ်ထားကြပါတယ်။ ဒါပေမဲ့ ဝိုက်တယ်လိုဒေါ်ကိုကလပ်မိတ်က လည်ချောင်းမှာ ကင်ဆာရောဂါဖြစ်လာခဲ့ပြီး စီကာဂို့မ်ကလည်း စီးပါးကျရောဂါတစ်မျိုး ဖွဲ့ကပ်လာတာကြောင့် ဒီနှစ်ပိုင်းများအတွင်းမှာ တစ်ယောက်နဲ့တစ်ယောက် ခွဲခွာနေကြရတာဖြစ်ပါတယ်လို့ ဆိုကြပါတယ်။ ဖေဖော်ဝါရီလအတွင်းက ကျင်းခဲ့တဲ့ အောဇာတရုပ်ပွဲမှာ ဆီးဒေးနဲ့နှစ်ယောက်တွေ့ တက်ခဲ့ကြတာတွေ့ရပေမဲ့ ဓတ်လှေကားပေါ်မှာ အေးအေးဆေးဆေး စီးထွက်ကြတာဟာ သူတို့နှစ်ဦးကို နှစ်သောက်အတွက်တွဲပြီး တွေ့ရတာ ဆုတ်ဆုံးဖြစ်တယ်လို့ မီးစပ်သူများက ဆိုပါတယ်။ အဲဒီတုန်းက ကျော်ကိုယာ ပြည်နယ်ရှာရှိတဲ့ Sea Island ကိုလည်း ဝင်ခဲ့ကြတာပေါ့။ အဲဒီတုန်းက ပင်လယ်ကမ်းခြေမှာ နှစ်ယောက်အတူ လမ်းဆွဲကာလှေခဲကြတာတွေ့၊ စကားလက်ဆုံကြောမကုန် ရှိနေခဲကြတာတွေ့၊ ဂျပ်နိုက်နေခဲကြတာတွေကို ပရိသတ်များ မြင်တွေ့ခဲကြရပါတယ်။ အဲဒီတုန်းကဆော သူတို့နှစ်ယောက်ကို ကြည့်ရတာ အိမ်ထောင်ဟက် ၁၃ နှစ်ရှိတဲ့ ဆီးဒေးနဲ့လို့ မထင်ရဘဲ မကြာသေးမီကမှ ဆက်သစ်လာကြတဲ့ အသစ်စက်စက် ဆီးဒေးနဲ့များလို့ ထင်ကြရပါတယ်လို့ ဆိုကြပါတယ်။

ဧပြီလ ၂၂ ရက်နေ့က ပေတွန်းမှာ အဆိုတော် ရွှမ်ရွှမ်ငေးသမီးကြီး ဘာဘာစာတြိုက်ဇော်ကို ဂုဏ်ယူတဲ့စွဲ ကျင်းပတော့လည်း ဆီးဒေးနဲ့နှစ်ယောက် ဆက်ချင်းချိတ်ပြီး တက်ခဲ့ကြပါသေးတယ်။ ဒါပေမဲ့ ဒီပြင်ကွင်းတာ နှစ်ဆောက်တွဲပြီး အောက်ခံကြမ်းခင်းခဲ့တဲ့ ပြင်ကွင်းဝါပဲ။ အောက်ချက်အချင်းယေ ကြာတော့ ဇီကာဂျိုးက တစ်ဖက်မှာ ကားရပ်ထားရဲ့ ကားပေါ်ကနေ ဆင်းလာတာကို တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ဩဂုတ်၊
ကလေးများနဲ့အတူ ရောက်လာတဲ့
ဒေါက်ကလပ်စ်

၁၉၉၉ ခုနှစ်
စက်တင်ဘာလ ၂၅ ရက်က
မြင်တွေ့ရတဲ့ ဇနီးမောင်နှံ

စွဲကပ်နေတဲ့ စီတီဘွေဒေးတို့ကို ကူစား ပွန်ဖျေးပေးတယ်။ အဲဒီအချိန်မှာပဲ ဒေါက်ကလပ်စ်တို့ ဟိန်းရပ်ရှင်ဖွဲ့တော်မှာ သူတို့ရဲ့ပြဿနာကြီးကို ရုပ်မြင်သံကြားတော်လမ်းကွဲပြစ်တဲ့ HBO ရဲ့ Behind the Candelabra ကို တင်ဆက်ပဲ့ ရှိတာကြောင့် ထွတ်ခေါင်သွားခဲ့ပါတယ်။ ဟိန်းရပ်ရှင်ဖွဲ့တော်မှာ ဒေါက်ကလပ်စ်နဲ့အတူ ရှိတဲ့ မီတ်ဆွောစ်ဦးက ဒေါက်ကလပ်စ် အနေနဲ့ အရင်ကျန်းကလို သူ့ဇနီးသည် စီကာဂျုံးစ်အကြောင်းနဲ့ အိမ်ထောင်ရေး ကိစ္စတွေကို သိပ်မပြောဘဲ သတိထား စိခဲ့တယ်လို့ ဆိုပါတယ်။ "အဲဒါက ဒေါက်ကလပ်စ်အတွက် ကောင်းတဲ့ထား ပြုတယ်။ ဘူးနီးကော် သတိထားစိတေ မဲ့ သူနဲ့ကား ဆေးကုသမှုခံယူနေတာ ကြောင့် သိပ်မပြောကလားလို့ အောက် ခွေမိလို့ကတယ်" လို့လည်း ဆိုပါတယ်။

နှစ်ဦးစလုံး နယူးယောက်တို့ ပြန် ရောက်ပြီးချိန်မှာတော့ ဟိန်း ရပ်ရှင်ဖွဲ့ တော်မှာ ဒေါက်ကလပ်စ်ပြောခဲ့တဲ့ စကားတစ်ခွန်းက စီကာဂျုံးစ်အတွက် စိတ်ပျက်စရာ ဖြစ်သလို ရှက်နာပူစရာ လည်း ဖြစ်ခဲ့တယ်လို့ အဲဒီမိတ်ဆွေက ဆိုပါတယ်။ ဒေါက်ကလပ်စ်က သူ့ယောင် ဆောင်းကင်ဆာရောဂါဟာ ပါးစပ်နဲ့ လိင် ဆက်ဆံရာက HIV ရောဂါပိုးရခဲ့ရာက ဖြစ်ပွားခဲ့တယ်လို့ ယူဆကြောင်း စီကာဂျုံးစ်ရဲ့ ဇွေ့မီက သူမှာ ရောဂါ ပိုး ကင်းစင်ကြောင်း ထပ်ခါထပ်ခါပြော ကြားခဲ့တာကြောင့် ဒီရောဂါပိုးဟာ ဇနီး သည် စီကာဂျုံးစ်ဆီကပဲ ရသလို့လို့ အထိမ်ထယ်သက်ရောက်စေတာကြောင့် အားလုံး မှက်နာပူစရာဖြစ်ခဲ့ရတာပါ။ စီကာဂျုံးစ်ရဲ့ အရိုးသမီးမိတ်ဆွေတစ် ဦးက သူတို့နှစ်ယောက်ရဲ့အိမ်ထောင် ရေးမှာ အဲဒီစကားတစ်ခွန်းကြောင့် စာစ် ပေတစ်ခုတစ်စပေတဲ့ တင်းတင်းအောမ ဖြစ်လာခဲ့တာပါ။ ဒါကြောင့်လည်း တစ် ယောက်နဲ့တစ်ယောက် ခွဲခွာနေကြပြီး နှစ်ဦးသဘောတူ ဆုံးဖြတ်ခဲ့ကြပါလို့ ပြောကြားခဲ့ပါတယ်။

နှစ်ယောက်စလုံးနဲ့ ရင်းနှီးကျွမ်း

www.burmeseclassic.com

www.burmeseclassic.com

The Mask of Zorro စတဲ့ကားတွေ ပါဝင်သရုပ်ဆောင်ထားတဲ့ ဒီကားကိုတင် သဘောကျသွားခြင်းပါ။ ၂၀၁၃ ခုနှစ်က People ဂျာနယ်နဲ့ တွေ့ဆုံရာမှာ ဒေါက်ကလပ်စ်က "သူ့ကို ပြင်ဆိုးကား ကျော်ခံစေလိုက်ချင်တယ်။ ကျွန်တော်တို့ နှစ်ယောက် ချစ်ကျွမ်းဝင်သွားကြပြီး အရာရာကို ကတ်သရင်းကသာ ဦးဆောင်သွားခဲ့တာပါ" လို့ ဆိုပါတယ်။ သူတို့နှစ်ယောက် ၂၀၀၀ ပြည့်နှစ်က ဟာဝေအိုရီ ထောင်ထဲကိုသာ ခစ်ခနဲ့ မှားမှား ထိန်းပြောလောက်ထဲခဲ့ကြပြီး ချစ်ခင်သူဖောက်ပြန်ခဲ့ကြတဲ့ ဂျက်နီကိုယ် ဆင်ကာအေ ဘောတင်ယင်ဆက် တက်ရောက်ခဲ့ကြခဲ့ကြတာပါ။ အဲဒီတုန်းက ဒေါက်ကလပ်စ်က သူ့တာဝန် ဒုတိယ ဦးတာဆု တည်ထောင်ခဲ့ပြီး ခဲ့တဲ့အတွက် ဒီတာဆု ကိုယ်စားပြုပြီး အထူးကျေးဇူးတင်ခဲ့ကြောင်း ပြောကြားခဲ့တယ်လို့ ဆိုခဲ့ပါတယ်။ ဒီတာဆုခံရဲ့ လက်ဆင့်ကမ်းအဖွဲ့ဝင် ပထမဆုံးသူဖြစ်တဲ့ ဒိုင်ဇင်းဇာတ်ဆရာမ ကို ဒေါလာ ၄၅ သန်းကျော် အမှတ်ထားခဲ့ရပါတယ်။

အခု သူတို့နှစ်ယောက် ခွဲခွာရတဲ့ကာ ဖြစ်ပေမဲ့ တစ်ယောကန့်တစ်ယောက် ဟာ ကွာရှင်းဖို့အထိ ဖြစ်လာလိမ့်မယ်လို့တော့ မထင်ကြပါဘူး။ ဒေါက်ကလပ်စ်က ငြိမ်းချမ်းတဲ့ဘဝလေးတစ်ခုကို တည်ဆောက်ရေးကောင်းကို သူ့ဇနီး အတွက်ဆိုးက ဆိုပါတယ်။ အခုလို ငြိမ်းချမ်းတဲ့ဘဝကို ကျည်ဆောက်ဖို့ဆိုရာမှာ ဒီတာဂျုံစ် လို့ ဆို ဆိုကာကတော့ ဒေါက်ကလပ်စ်ရဲ့ဆံးဖြတ်ချက်ပေါ်မှာ မူတည်ပါတယ်။ သူတို့နှစ်ယောက် လက်ထပ်စဉ်ကလည်း လက်ထပ်ပွဲက အကယ်ရှိ လမ်းခဲ့ကြသော်ပိုင်ဆိုင်ခွင့်ရှင်နဲ့ ပတ်သက်ပြီး ဘယ်ပွဲမှ ပေးဆိုထားခဲ့ကြတာ ဖြစ်ပါတယ်။ ဒီတာဆွေများကတော့ သူတို့နှစ်ယောက် အကြောင်းပြန်ပြီး ဆက်လက် ဒေါင်းသင်းကြမှာဘာ မျှော်လင့်နေကြပါတယ်။ ■ စောနည်ဦး

ဒေါက်ကလပ်စ်က ကဆိုးရောဂါ တွေကိုလည်း ခဲ့ကြီး ခွန်အားသစ်တွေ ကိုးကွယ်ကာ သူ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ရုပ်ရှင်တည်ကြားစာတိုလမ်းတွဲဖြစ်တဲ့ Behind the Candelabra က Emmy ဆုအများကြီး ဆန်ခါတင်ခံရပြီး ဝင်ခဲ့ပါတယ်။ ဂျီဇင်းတစ်ခု ခွဲပြုင်ဆောင်ထားတဲ့ ဆွေးလည်း ဂိုးခဲ့ပါတို့။ "ကျွန်တော်က ကဆိုးရောဂါကြီးခဲ့တဲ့အတွင်း အလုပ် မလုပ်နိုင်ခဲ့တဲ့ကာလမှာ လတ်လတ်ခဲ့ရတဲ့ အလုပ်အတွေ့အကြုံ ပြီးလတ်ခဲ့တယ်" လို့ People ဂျာနယ်ကို ဖော်ထား ပြောကြားခဲ့ပါတယ်။ သဒိသရုပ်ဆောင်ခဲ့က အပြင် အဆို အဆက်အဆံရှိပေမဲ့ သရုပ်ဆောင်ကြတော့ပါဘူး။ ကလေးများနဲ့အတူ ဒီ တာဂျုံစ်က ကဆုဒါမှာ သွားနေပေမဲ့ ဒေါက်ကလပ်စ် ရောက်လာမယ့်အချိန် ရောက်တော့ သူက နယူးယောက်ကို ပြန် သွားပါတယ်။ ပြောသေးဒီကတော့ ခိုခင်ရဲ့အတင်းပြောဖြစ်တဲ့ ဝေဖျားပြည်နယ် ကို ဖိခင်နဲ့အတူ သွားရောက်ကာ ဆွေ ရိုးများကို တွေ့ဆုံကြတဲ့အတွေ့ ဒေါက် ကလပ်စ်က Family ဆိုတဲ့အယူအဆရဲ့ ရွက် သဘောတစ်စီးကို ရတ်သတ္တုတစ်တစ် ပတ်အတွက် ဒေါလာ ပေးသိမ်းရွက် သောင်နဲ့ ဒုးရမ်းကာ ရေကြောင်းစရိုး တွက်နေခဲ့ပါတယ်။ ကြာတစ်လ ၃၀ ရက် အနှစ်မှာ ဒေါက်ကလပ်စ်အနေနဲ့ ပြင်သစ် နိုင်ငံမှာ ကျင်းပမယ့် Deauville Film Festival ကို တက်ရောက်ဖို့ အစီအစဉ်ရှိ ပါတယ်။ ဒီရက်ပိုင်းတွေတော့မှာ ၁၉၉၉ ခုနှစ်က ဒီတာဂျုံစ်ကို သူ စတင်တွေ့ခဲ့ တဲ့ ပွဲတော်လည်း ဖြစ်တာကြောင့် နှစ် ယောက်လုံးအတွက် အရမ်းတာရပါပဲ။ အဲဒီကာလတုန်းက ဒေါက်ကလပ်စ်က ဒီတာဂျုံစ်ကို "ငင်းကလေးတွေအတွက် ကိုယ်က အစ ဖြစ်ချင်ပါတယ်" လို့ ချစ် ရေးဆိုခဲ့တာပါ။

တကယ်လို့ ယဉ်သကိုး ဆိုသလို စခွဲတဲ့ဘဝတစ်လမ်းမှာ ခိုက်တယ်လို့တာ ကျွန်ဝင်ရပ်ရှင်ငင်းသားကြီး ကပ်ဒေါက် ကလပ်စ်ရဲ့သားဖြစ်ပြီး ၁၉၉၀ ခုနှစ်မှာ ဒင်သူတစ်ဦးက သူတို့နှစ်ယောက်ကြားမှာ လွန်ခဲ့တဲ့နှစ်အနည်းငယ်လောက် ကတည်းကတည်းမှာတွေ့ ရှိခဲ့ကြောင်း အထူးသဖြင့် ဒေါက်ကလပ်စ်ရဲ့အကြီး ဆုံးသားဖြစ်တဲ့ ကင်ရွှန် မူးယစ်ဆေး ဝါးခွင့်ကြောင့် သူတို့နှစ်ယောက်ကြားမှာ တင်းမာမှုတွေ ပိုလာခဲ့ရတာလည်းပဲ ဆိုပါ တယ်။ အဲဒီနှစ်ဆွေကပဲ ဒေါက်က လပ်စ်က ဒီတာဂျုံစ်ကို ချစ်တာတော့ အခုပါပဲ။ ဒါပေမဲ့ တကြောတိုတွေကို လည်း ထည့်သွင်းစဉ်းစားရော ရှိရဲ့ တာကြောင့် အင်တော်ဝင်းဆွဲခြင်းရော ကောင်းပါတယ်" လို့လည်း ဖြည့်စွက် ပြောကြားခဲ့ပါတယ်။

၂၀၁၀ ပြည့်နှစ်က ဒေါက်က လပ်စ်မှာ လည်ချောင်းကင်ဆာ အဆင့် ၄ ကို ရောက်ရှိနေပြီလို့ ဆရာဝန်များက ဆိုခဲ့စဉ်မှာ ဒီတာဂျုံစ်အနေနဲ့ အင်တော် စိတ်ထိခိုက်ခဲ့ပါတယ်။ သူ စိတ်ထိခိုက် ခဲ့ကြောင်းကိုလည်း People ဂျာနယ်ကို ဆုတ်ဖော်ပြောကြားခဲ့ပါသေးတယ်။ ၂၀၁၁ ခုနှစ်မှာ ဒေါက်ကလပ်စ် ကင် ဆာရောဂါ ကင်းဝေးသွားခဲ့ပေမဲ့ ဒီ တာဂျုံစ်က စိတ်ကူးရောဂါ ခွဲကပ်သာ အနေကြောင့် တစ်ဖက်တစ်လမ်းက စိတ် ခွဲပြေပါတယ်။

ဒါပေမဲ့ ဖိစီးမှုများဟာ ဆယ်ပြည့် ခဲ့မှာ ခွေးကွာခဲ့တဲ့ ဝင်းသစ်းဆွေက် ဆာ ရိုးရှင်းလို့ ဆိုပါတယ်။ သူ့ရဲ့ စိတ်ဆွေတစ်ဦးက သူ့ရောဂါထက် သူ့ဝင်ပွန်းသည်ရောဂါအတွက်ကိုသာ ဒီတာဂျုံစ်က စိတ်ပူနေတာလို့ ဆိုပါ တယ်။ ဗြောသေးဒီက Daily Telegraph သတင်းစာနဲ့ ပြုလုပ်တဲ့အင် တာဗျူးမှာ ဒီတာဂျုံစ်က ဒေါက်က လပ်စ်ရဲ့ရောဂါဟာ သူ့ရဲ့ကျွေတို့ တွေ့ ထုပ်ချောက်ချားစေခဲ့ပါကြောင်း ဝန်ခံ ခဲ့ကြောင်းခဲ့ပါတယ်။ "ကျွန်မတာမှာ ဒီဇိုအပူဒီး တစ်ကြိမ်တစ်ခါမှ မခံစားခဲ့ ရဖူးပါဘူး။ ဒါပေမဲ့ ကျွန်မ အတော်ဒိုင် ဒန်း ကြီးစားပြီး အားတင်းခဲ့ပါတယ်" လို့ ဆိုသည်း ဆိုပါတယ်။

အဲဒီအချိန်အတောအတွင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ရွှေကြော

ပင်းငြိမ်း

ဒီနိဒါန်းနာဖြစ်တဲ့အိုင်ရင်းက လစ်ဇ်ကို ကလီယိုပါထရာ စောက်ကားမှာ ရင်သပ်ရှုမောစေလောက်တဲ့ ဝတ်စုံများ တီထွင်ပေးခဲ့သူ ဖြစ်ပါတယ်။ ခေါင်းမှာတော့ လိလီပန်းများ ပန်ဆင်ပေးထားပြီး ခေါ်လာ တစ်သိန်းခွဲတန် ဖြူနဲ့စိန် ခြယ်ထားတဲ့ လည်ဆွဲကို ဆွဲထားပါတယ်။ ဒီလည်ဆွဲက ဘာတန်ပေးခဲ့တဲ့ ချစ်သက်လက်ဆောင်တစ်ခုပါ။ အဲဒီလည်ဆွဲနဲ့ လိုက်ဖက်မယ့် နားဆွဲတစ်စုံကိုလည်း ဘာတန်က မင်္ဂလာဦးလက်ဆောင်အဖြစ် ဝယ်ပေးခဲ့ပါသေးတယ်။ သတင်းထောက်များကို ဟိုတယ်အတွင်းသို့ လုံးဝအောင်မခံခဲ့ပါဘူး။ ပြန်ကြားရေးတာဝန်ခံက ကြေညာချက်တစ်ခုသာ ထုတ်ပေးခဲ့ရာမှာ သူတို့နှစ်ဦး ဝမ်းမြောက်ဝမ်းသာ ရှိနေကြောင်းသာ ဖော်ပြထားခဲ့ပါတယ်။ ဒီမင်္ဂလာပွဲက ဘာတန်ရဲ့ဒုတိယအကြိမ်ဖြစ်ပြီး လစ်ဇ်အတွက်ကတော့ ပဉ္စမအကြိမ်ဖြစ်ပါတယ်။ နောက်တစ်နေ့မှာ တိုရန်တိုသို့ ပြန်လာကြပြီး ကလက်စဖြစ်တဲ့ ပြဇော်ကို ဆက်ကပါတယ်။ ပြဇော်အပြီးမှာ ဘာတန်က လစ်ဇ်ကို လက်ဆွဲပြီး စင်ပေါ်သို့ ခေါ်ဆောင်လာကာ ပရိသတ်နဲ့ မိတ်ဆက်ပေးပါတယ်။ သူက **Hamlet** ပြဇော်ထဲမှာ Hamlet က အိုဖီလီးယားကိုပြောတဲ့စကားတစ်ခွန်းဖြစ်တဲ့ 'တို့ နောက်ထပ် ဘယ်ကောင်မ အိမ်ထောင် မပြုကြေး' ဆိုတဲ့စကားကို ဝေလသံပါပါနဲ့ ကြွေးကြော်လိုက်တဲ့အခါ ပရိသတ်များက ကောင်းချီးကြွေးကြော်ပါတယ်။

သူတို့နှစ်ယောက် အောင်ပွဲက အောင်မြင်စွာ ပြီးဆုံးသွားပါပြီ။

ယခင်လမှအဆက်...

ဘာတန်နဲ့ လစ်ဇ်တို့ ချစ်ကျွမ်းဝင်ကြတာ ၂ နှစ်ပြည့်ပြီးတဲ့နောက် ၁၉၆၄ ခုနှစ်၊ မတ်လ ၅ ရက်နေ့မှာ လစ်ဇ်နဲ့ အယ်ဒီဖစ်ရှားတို့ ကွာရှင်းပြတ်စဲရေးကိစ္စက အပြီးသတ်သွားပါတယ်။ အဲဒီနောက် ၁၀ ရက်အကြာမှာ လေယာဉ်စီးလုံးဒုံးပြိုး မွန်ထရီရယ်ကို ထွက်ခဲ့ကြပါတယ်။ လေယာဉ်ကွင်းမှာ ဖိမ်ခံကား သုံးစီးတို့က ကြိုဆိုနေကြပြီး သူတို့နှစ်ဦးနဲ့အတူ ပြန်ကြားရေးတာဝန်ခံ ဂျွန်စပရင်းဂါး၊ သူတို့နှစ်ယောက်ရဲ့ ဥပဒေအကျိုးဆောင်၊ အခွန်အခနဲ့ပတ်သက်လို့ ကျွမ်းကျင်သူပုဂ္ဂိုလ် အာရွန်ဖော့ရ်၊ ဘာတန်ရဲ့ ကိုယ်ရေးအတွင်းရေးမှူး ရောဘတ်ဝဲလ်ဆန်နဲ့ဇနီးတို့ ပါဝင်တဲ့အဖွဲ့ကို မွန်ထရီရယ်ရဲ့ ရစ္စကာလ်တန်ဟိုတယ်ကို ခေါ်ဆောင်သွားပါတယ်။ အဲဒီမှာ သူတို့နှစ်ယောက်က စမစ်သ်ဆိုတဲ့ နာမည်ဝှက်နဲ့ ကည်းခိုကြပြီး အဲဒီညနေမှာပဲ အကျဉ်းရုံးလက်ထပ်ပွဲတစ်ရပ် ကျင်းပလိုက်ကြပါတော့တယ်။ လစ်ဇ်က သူ့ကိုယ်သူ ဂျူးလို့ ခံယူထားပေမဲ့ ကွာရှင်းပြတ်စဲပြီး မောင်နှံများစွာတို့ကို ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးတဲ့ ဘုန်းတော်ကြီးတစ်ပါးက လက်ထပ်ပေးတာကို လက်ခံခဲ့ပါတယ်။ မင်္ဂလာပွဲအစီအစဉ်က သတင်းထောက်များ မသိရအောင် တက်သုတ်နှင်ကျင်းပခဲ့တဲ့ပွဲပါ။ သတို့သမီးက အိုင်ရင်းရှရပ်ဖ် ဒီဇိုင်းထုတ်ပေးထားတဲ့ အဝါရောင် ဝတ်စုံကို ဆင်မြန်းထားပါတယ်။

လစ်ဇ်ကို ဟိုဘက်ဒီဘက် လှည့်ပြောင်နေကြတာ တချို့က လက်မောင်းကို ဆောင့်ဆွဲကြပြီး တချို့က မျက်နှာကို နှုံ့ရှဲနဲ့ ဓါတ်ပို့ ကြိုးစားနေကြတယ် လစ်ဇ်က အဲဒီလိုအကြမ်းဖက်သူတွေရဲ့ လက်ကနေလွတ်အောင် ကြိုးစားနေချိန်မှာ ဘာတန်ကလည်း သူ့ကို ဝိုင်းပြီး ဆွဲနေကြတဲ့သူတွေကြားက လွတ်အောင် ရုန်းထွက်ပြီး နောက်ဆုံးမှာတော့ လစ်ဇ် ကို ကယ်တင်လိုက်နိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com

ပထမဆုံးအကြိမ် လက်ထပ်တုန်းက
မြင်တွေ့ရတဲ့ လစ်ဇနဲ့ ဘာဇာ

www.burmeseclassic.com

www.burmeseclassic.com

မတ်လ ၂၂ ရက်နေ့မှာ Hamlet ပြဇာတ်ကို တင်ဆက်နေတဲ့ ကုမ္ပဏီက ဘော်စတန်သို့ ပြောင်းရွှေ့ပြီး မြို့ပြင်တစ်နေရာက ဇာတ်ရုံဖြစ်တဲ့ ရှူးဘရက် ဇာတ်ရုံမှာ ကပြဖို့ ပြင်ဆင်ပါတယ်။ ဒီအကြောင်းအရာနဲ့ပတ်သက်ပြီး စတန်းကပြန်လည်ပြောပြရာမှာ 'ဘော်စတန်မှာတော့ သူတို့နှစ်ယောက်ကို စိတ်ဝင်စားမှုလျော့ကျသွားပြီလို့ မျှော်လင့်ခဲ့ပါတယ်။ လေယာဉ်ပျံပေါ်က ဆင်းလာတဲ့ခရီးသည်များထဲမှာ သူတို့နှစ်ယောက်ကြပေမဲ့ လူအုပ်ကြီးက ရဲတွေရဲ့အရံအကားတွေကိုပါ ကျော်ဖြတ်ကြပြီး လေယာဉ်ဆီကို ပြေးကြပြန်ပါတယ်။ ကားနှစ်စီး အမြန်ခေါ်ပြီး လေယာဉ်ဂိုဒေါင်အတွင်းကနေ ဘာတန်တို့ ဇနီးမောင်နှံကို ခေါ်ထုတ်ကြရပါတယ်။

တည်းခိုနေထိုင်မယ့် ကိုပလေးပလာဇာဟိုတယ်ကို ရောက်တဲ့အခါမှာတော့ ပိုမိုများပြားပြီး မထိန်းနိုင်မသိမ်းနိုင်ဖြစ်နေတဲ့ လူအုပ်ကြီးက စောင့်နေတာကို ကြုံကြရပါတယ်။ သူတို့နှစ်ဦးပါတယ်။ ပရိသတ်တွေက မထိန်းနိုင်မသိမ်းနိုင်ဖြစ်လာပြီး ဘာတန်တို့နှစ်ယောက်ကို ဆွဲလားရမ်းလားဖြစ်လာကြပါတယ်။ အဝတ်အစားတွေကို ဆွဲတဲ့သူ ဆွဲ၊ လစ်ဗ်ရဲ့ဆံပင်ကို ဆွဲတဲ့သူကဆွဲဖြစ်ကုန်ကြပါတယ်။ အဲဒီမြင်ကွင်းကို မျက်မြင်ကိုယ်တွေ့ကြုံလိုက်သူက 'လစ်ဗ်ကို ဟိုဘက်ဒီဘက် လုပြီးဆွဲနေကြတာ။ တချို့က လက်မောင်းကို ဆောင့်ဆွဲကြပြီး တချို့က မျက်နှာကို နံရံနဲ့ ဖိကပ်ဖို့ ကြိုးစားနေကြတယ်။

က အရင်ဆုံးဆင်းလာတယ်။ တစ်စုံတစ်ယောက်က သူတို့ကို ပန်းစည်းပေးပါတယ်။ အဲဒီအချိန်မှာပဲ အပြင်မှာ စောင့်ဆိုင်းနေတဲ့ ဇရာမလူအုပ်ကြီးက တားဆီးထားတဲ့ လေယာဉ်ကွင်းရဲ့ အရံအကားတွေကို ချိုးဖျက်ကြပြီး ကွင်းထဲအထိ ပြေးဝင်လာကြပါတယ်။ ဒါကြောင့် နှစ်ယောက်သား လေယာဉ်ပေါ်ကို အပြေးအလွှား ပြန်တက်ပြေးကြရတယ်'လို့ ပြောပြခဲ့ပါတယ်။ လေယာဉ်ကို ဂိုဒေါင်ထဲထိ လိုမဲ့သွင်းသွားကြပြီး လူအုပ်ကို ထိန်းသိမ်းနိုင်မယ်လို့ ထင်ကာ အိမ်ထောင်ရေးဖောက်ပြန်တယ်လို့ 'ဆိုစေဦးတော့ တရားဝင်လက်ထပ်ပြီး ဖြစ်တဲ့အတွက် အေးအေးဆေးဆေး ရှိလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတာပါ။ လက်ထပ်တဲ့သတင်းကို ကမ္ဘာက သိအောင်လည်း ကြေညာခဲ့ပြီးပါပြီ။ ထောင်သောင်းချီတဲ့လူအုပ်ကြီးက အော်သံဟစ်သံတွေနဲ့ ဟိုတယ်ရဲ့ဧည့်ခန်းထဲအထိ ထိုးဖောက်ဝင်ရောက်လာခဲ့ကြပါတယ်။ သူတို့အထဲမှာ အိမ်ထောင်ရေးနဲ့ ပတ်သက်လို့ မကျေနပ်သူတွေ ရှိသလို သူတို့ကို ချစ်ခင်မြတ်နိုးသူတွေလည်း ပါဝင်လစ်ဗ်က အဲဒီလိုအကြမ်းဖက်သူတွေရဲ့ လက်ကနေလွတ်အောင် ကြိုးစားနေချိန်မှာ ဘာတန်ကလည်း သူ့ကို ဝိုင်းပြီး ဆွဲနေကြတဲ့သူတွေကြားက လွတ်အောင် ရုန်းထွက်ပြီး နောက်ဆုံးမှာတော့ လစ်ဗ်ကို ကယ်တင်လိုက်နိုင်တယ်။ ဓာတ်လှေကားထဲ ဆွဲသွင်းလိုက်နိုင်ချိန်မှာ လစ်ဗ်က သတိလစ်တော့မတတ် ဝိုကြွေးပြီး ပုံလဲသွားခဲ့ပါတယ်။ ဆရာဝန်တစ်ယောက် အမြန်ဆုံးခေါ်ကြပြီး နောက်ကျောနဲ့ လက်မောင်းမှာ ရခဲ့တဲ့ဒဏ်ရာတွေကို ဆေးထည့်ပေးပါတယ်။ စိတ်

www.burmeseclassic.com

www.burmeseclassic.com

ဦးမိသွားအောင် အိပ်ဆေးထိုးပေးပြီး ဟိုဘယ်ရဲ့ ပထမတန်းစား အိပ်ခန်းထဲမှာ အိပ်စေပါတယ်။ ဒီအိပ်ခန်းက အမေရိကန်သမ္မတ ကနေဒီနဲ့ အိုက်ဆင်ဟောင်ဒါတို့ တည်းခိုနေထိုင်သွားခဲ့ဖူးတဲ့ အခန်းဖြစ်ပါတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘာတန်က ဆော်တော်စိတ်ဆိုးပါတယ်။ ဘော့စတန် ခရီးကြီးနဲ့ တွေ့တဲ့အခါ 'ကျွန်တော့် အမိုးမကို သတ်ကြတော့မယ့်အတိုင်းပဲ' လို့ အင်မတန်အောင်မြင်လှတဲ့ သူ့အသံနောက်နှစ်ရက်အကြာမှာ ပြဇာတ်ကို စတင်ကပြတော့ ဘာတန်က သူ့အနုပညာစွမ်းကို အပြည့်အဝ တင်ပြနိုင်ခဲ့ပါတယ်။ စာနယ်ဇင်းများကလည်း ချီးကျူးစကားတွေ ဆိုကြပါတယ်။ 'ဘာတန်ရဲ့ တင်ဆက်မှုဟာ ခွန်အားအပြည့်ရှိပြီး စိတ်လှုပ်ရှားစရာတွေ၊ နူးညံ့သိမ်မွေ့မှုတွေ၊ နက်နဲသိမ်မွေ့တဲ့ ခံစားချက်တွေ၊ ကြမ်းတမ်းခက်ထန်တဲ့ လှုပ်ရှားမှုတွေကို တင်ဆက်နိုင်ခဲ့တယ်' လို့ ပြဇာတ်ဝေဖန်ရေးဆရာ အီလီယော့တ်နော်ကနေဒါနိုင်ငံသား သရုပ်ဆောင်တစ်ယောက်ဖြစ်တဲ့ ဟျူးမ်ခရိုနင်က ရောမမှာ ဘာတန်တို့လစ်စ်တို့နဲ့ အတော်ကြာကြာ နေခဲ့ဖူးပါတယ်။ ကလီယိုပါထရာ ဇာတ်ကားရိုက်ကူးစဉ်က ကလီယိုပါထရာရဲ့ နည်းပြဆရာ အခါတော်ပေးအဖြစ်သရုပ်ဆောင်ခဲ့သူပါ။ Hamlet မှာလည်း သူ ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ပြန်ပါတယ်။ ဒီတစ်ကြိမ် နေခွင့်ရတာက ကလီယိုပါထရာမှာတုန်းကထက် ပိုပြီး နီးစပ်ခွင့်ရခဲ့ပါတယ်။ ဒါကြောင့်

လစ်စ်နဲ့ ဘာတန်

ဒါကြီးနဲ့ ဒေါသတကြီး အော်ဟစ်ပြောဆိုခဲ့ပါတယ်။ 'ကျွန်တော်တို့ကမ္ဘာကို ကျည်နေကြတာ ဒီလိုအဖြစ်မျိုး တစ်ခါမှ မကြုံဖူးဘူး။ တော်တော်တရားလွန်တယ်။ တိုရန်တိုမှာ ဒါမျိုး ကြုံတုန်းက ခရာပ်ဖွဲ့တွေက ထက်ထက်မြက်မြက်နဲ့ ကျွန်တော်တို့ကို ကာကွယ်ပေးနိုင်ခဲ့တယ်' လို့လည်း ဘော့စတန်ရဲ့အဖွဲ့ကို ပြန်တင်စကား ဆိုခဲ့ပါတယ်။ သတိပြုစရာတဲ့ လစ်စ်ကလည်း ကမ္ဘာတစ်ဝန်းမှာ ဘယ်နိုင်ငံမှ ဒီလိုအဖြစ်မျိုး မကြုံဖူးဘူးလို့ ဆိုခဲ့ပါတယ်။

တန်က ရေးသားခဲ့ပါတယ်။ Boston Herald သတင်းစာကြီးမှ အယ်လီနာ ဟျူးက 'ဘာတန်မှာ ကဗျာများကို ချစ်မြတ်နိုးတဲ့စိတ်၊ သူ့အသွေးအသားအရိုးထဲထိသာမက အသံအထိပါ စွဲဝင်နေပုံရပါတယ်။ သူကဗျာရွှတ်ဆိုပုံက ကျွန်တော်တို့ကို ဂီတသံစဉ်ကို ခံစားစေတဲ့အပြင် အဓိပ္ပာယ်ကိုလည်း နားလည်စေခဲ့တယ်။ ချစ်မြတ်နိုးမှုကိုလည်း သရုပ်ဆောင်မှုကတစ်ဆင့် သာမန်ထက်ပိုပြီး နားလည်စေခဲ့တယ်' လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ခရိုနင်က ဘာတန်ရဲ့ အနုပညာပါရမီကို ရင်သပ်ရှုမော ဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ ခရိုနင်က ၂၀ ရာစုနှစ်ရဲ့ ပထမတစ်ဝက်အတွင်းမှာ Hamlet အဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြတဲ့သူတွေကို အများကြီး တွေ့ခဲ့ဖူးပါတယ်။ သူ တွေ့ခဲ့ဖူးသူများထဲမှာ ကမ္ဘာကျော်တွေဖြစ်တဲ့ ပွန်ဘယ်ရီမိုး၊ မောရစ္စအီဗန်၊ ပွန်ဂီးလ်ဂတ်၊ လောရင့်စ်အိုလီဗာတို့ ပါဝင်ကြပါတယ်။ အခုနောက်ဆုံးတွေ့တဲ့ ရစ်ချတ် ဘာတန်အပါအဝင် Hamlet အဖြစ် သရုပ်ဆောင်ကြတဲ့သူတွေထဲမှာ သူ

www.burmeseclassic.com

www.burmeseclassic.com

သဘောအကျဆုံးက ရစ်ချတ်ဘာတန် ဖြစ်တယ်လို့ ဆိုပါတယ်။ 'ဒီလူကတော့ ဘုရားသခင်ရဲ့ လက်တော်နဲ့ မင်း Hamlet ဖြစ်ပေရော့လို့များ ဖန်ဆင်းလိုက်သလားလို့ အောက်မေ့ရလောက်အောင် ထူးချွန်ပြောင်မြောက်ပါတယ်။ သူမျက်နှာပေါ်မှာ ကျောက်ပေါက်မာကလေးတွေ ရှိတယ်ဆိုပေမဲ့ ရုပ်ကယောကျ်ားဝီသတယ်။ ဖြတ်ထိုးဉာဏ်ကောင်းတယ်။ အသံအားရှိတယ်။ ဝေလအမျိုးသားတို့ရဲ့ ထုံးစံအတိုင်း ကဗျာကို ချစ်မြတ်နိုးစိတ်ရှိတယ်။ ငွေတပ်မက်မှုနဲ့လိင်ဖောက်ပြန်မှုကို ကျော်ကြည့်မယ်ဆိုရင်တော့ သူဟာ တကယ့်သရုပ်ဆောင်ကောင်းတစ်ယောက်ပါပဲ' လို့ သုံးသပ်ပါတယ်။ ပြဇာတ်ကို လာကြည့်တဲ့ ပရိသတ်များဟာ Hamlet ပြဇာတ်ကို ကြည့်ဖို့ထက် ဘာတန်ကို ကြည့်ဖို့ လာကြတယ်ဆိုတာကိုလည်း ခရိုနင် နားလည်ပါတယ်။ အထူးသဖြင့် ဘာတန်နဲ့ တေလာတို့ရဲ့ မေတ္တာဇာတ်လမ်းကြောင့်သာ ရုံတင်ပြသနေတဲ့ Hamlet ပြဇာတ်ဟာ အောင်မြင်မှုရနေတာဖြစ်တယ်လို့ ခရိုနင်က ယုံကြည်ပါတယ်။ သူတို့နှစ်ယောက်နဲ့ ပတ်သက်ရင် သတင်းထောက်တွေ၊ ပါပါရာဇီတွေကလည်း အရှုးအမူးဖြစ်ကြတယ်ဆိုတာ ခရိုနင်ကိုယ်တိုင် ရောမမှာ ကြုံခဲ့ဖူးပါပြီ။ သစ်ပင်ပေါ်တက်ပြီး ပုန်းတဲ့သူကပုန်း၊ ဓာတ်ပုံကို မရအရ ရိုက်ခဲ့ကြတယ်ဆိုတာ သူ ကြုံခဲ့ဖူးပါတယ်။ ဒါကြောင့် ခရိုနင်က 'ရိုက်စပီးယားကြီးက သနားစရာကောင်းတယ်။ သူပြဇာတ်ထက် သူ့ဇာတ်ကောင်နေရာမှာ ပါဝင်သရုပ်ဆောင်နေတဲ့သူကို ပရိသတ်တွေက ပိုပြီးစိတ်ဝင်စားနေတယ်ဆိုတာ မြင်ခွင့်ရမသွားရှာဘူး' လို့ ညည်းတွားပါတယ်။

၁၉၆၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့မှာ Hamlet ပြဇာတ်ကို နယူးယောက်မြို့ Lunt-Fontanne ဇာတ်ရုံကြီးမှာ ကပြပါတယ်။ ဒီဇာတ်ရုံမှာ ကပြတာက အချိန်အကြာဆုံးနဲ့ အမြတ်အစွန်းလည်း အရဆုံးပါ။ ပွဲဦးထွက်တဲ့နေ့ကဆိုရင် ဘာတန်ကို ကန့်လန့်ကာရှေ့မှာ ခြောက်ကြိမ်တိတိ လူလုံးထွက်ပြစေခဲ့ရပါတယ်။ ပွဲချီပေါင်း ၁၃၆ ချီ ကပြခဲ့ရာမှာ လစ်ဇ်က အကြိမ် ၄၀ လာရောက်ကြည့်ရှုခဲ့ပါတယ်။ နယူးယောက်မြို့ရဲ့ အမှတ် ၈ ရိပ်သာလမ်းကနေ ၄၆ လမ်းအထိ ဇာတ်ရုံသွားရာ လမ်းတစ်လျှောက်မှာ ပရိသတ်များ အုံခဲနေလေ့ရှိတာကြောင့် ညစဉ်ညတိုင်း ရဲများ၊ မြင်းစီးတပ်ဖွဲ့များက လုံခြုံရေးကို တာဝန်ယူစောင့်ရှောက်ကြရပါတယ်။ သံဆူးကြိုးများနဲ့ လမ်းဘေးဝဲယာမှာ ကာရံထားပေမဲ့ ပရိသတ်က သူတို့နှစ်ယောက်အတွက်ကို မြင်ရုံကလေး မြင်ရတယ်ဆိုရင် ကျွန်ုပ်တာကြောင့် သံဆူးကြိုးများနောက်ကနေ ညစဉ်စောင့်ကြည့်ကြပါတယ်။ စတန်းကတော့ ဘာတန်တို့နှစ်ယောက် ဇာတ်ရုံထဲက မထွက်မချင်း စောင့်ပေးလေ့ရှိပါတယ်။

ပြဇာတ်ကနေတဲ့ရက်များအတွင်း ဘာတန်တို့နှစ်ယောက်က ခရိုနင်တို့ ဇနီးမောင်နှံကို နေလယ်စာ အတူစားဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ခရိုနင်ရဲ့ဇနီးကလည်း နာမည်ကြီး ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်တဲ့ ဂျက်ဆီကာတန်ဒီပါ။ ညပိုင်း ပွဲမကခင် အတူစားကြဖို့ စီစဉ်ခဲ့ကြတာပါ။ စားမယ့်နေရာက ဇာတ်ရုံနောက်ကနေ ထွက်လိုက်ရင် အလွယ်တကူရောက်သွားမယ့် အနောက်ဝိုင်း ၄၅ လမ်းပေါ်က စားသောက်ဆိုင်မှာ စီစဉ်ကြတာပါ။ ဒါပေမဲ့ ဇာတ်ရုံနောက်ကနေ ဘာတန်တို့နှစ်ယောက် ထွက်ဖို့ စီစဉ်လိုက်တယ်ဆိုရင်ပဲ ပရိသတ်နှစ်ထောင်လောက်က စောင့်နေကြပါတယ်။ သူတို့နှစ်ယောက် ထွက်လိုက်တာနဲ့ ဝေါခနဲ အော်သံတွေ စီစီညံသွားတယ်လို့ ခရိုနင်က အမှတ်တရပြောပြပါတယ်။ လမ်းပေါ်မှာ သွားနေတဲ့ ကားတွေလည်း အားလုံးရပ်သွားပါတယ်။ မြင်းစီးရဲအဖွဲ့ဝင်တွေ ရောက်လာပြီး သူတို့အတွဲနှစ်တွဲ လမ်းဖြတ်ကူးကာ မော်တော်ကားပေါ် တက်နိုင်ဖို့ စီစဉ်ပေးကြရပါတယ်။ ပရိသတ်များရဲ့ တားထားတဲ့လက်တွေကြားကဲသူတို့တစ်တွေ အလွတ်ရုန်းထွက်ကြရတာပါ။ ပရိသတ်တချို့က အမှတ်တရ လက်မှတ်ရေးထိုးပေးဖို့ အော်တိုစာအုပ်ကလေးတွေ လေထဲမှာ မြှောက်ပြီး တောင်းဆိုနေကြတယ်။ အဲဒီကြားကဲတချို့ကလည်း 'လစ်ဇ်ဆိုတဲ့ မိန်းမက တော်တော်ဆိုးတဲ့ မိန်းမ' လို့လည်း အော်နေကြသေးတယ်။ တကယ်လို့ အော်တိုစာအုပ်တစ်အုပ်ကို လက်မှတ်ထိုးဖို့များရုပ်လိုက်မိတယ်ဆိုရင် သူတို့တစ်တွေ ပရိသတ်ကြားမှာ ဝိတ်မိပြီး သေသွားနိုင်တယ်လို့ ခရိုနင်က ဆိုပါတယ်။ နယူးယောက်ကို Beatles အဖွဲ့ဝင်တွေ The Ed Sullivan Show ရိုက်ကူးဖို့ အတွက် ပထမဆုံးအကြိမ် ရောက်လာစဉ်ကလည်း ဒီလိုပရိသတ်မျိုးနဲ့ ကြုံခဲ့ဖူးပါတယ်။ လစ်ဇ်တို့ကတော့ ဒီလောက်နဲ့ အဆုံးသတ်မသွားသေးပါဘူး။ လစ်ဇ်နဲ့ ဘာတန်တို့ ဇိမ်ခံကားထဲက နောက်ခန်းမှာ ထိုင်မိကြတဲ့အချိန် ဆယ်ကျော်သက်ပရိသတ်နှစ်ဦးက ကားခေါင်မိုးပေါ် ခုန်တက်သွားကြပြီး မှောက်လျက်အနေအထားနဲ့ ခေါင်းကို ဇောက်ထိုးထားကာ ကားမှန်ကတစ်ဆင့် ဘာတန်နဲ့ လစ်ဇ်ကို အနီးကပ်ကြည့်ခဲ့ကြပါတယ်။ သူတို့ တွဲလောင်းနဲ့ပဲ ကားကလည်း ဖြည်းဖြည်းချင်း လူအုပ်ကြားကနေ ထွက်ခွာသွားပြီး လမ်းတစ်လမ်းတည်းကို ချီးဝင်လိုက်ရပါတယ်။ ခရိုနင်က 'ကျွန်တော့်ဘဝမှာ ဒီလိုမျိုးကြုရတာ ပထမဆုံးအကြိမ်ပါပဲ။ ပရိသတ်ကို ကျွန်တော် တော်တော်ကြောက်သွားတယ်' လို့ ပြောပြပါတယ်။ ဆယ်ကျော်သက်နှစ်ယောက် ကားခေါင်မိုးပေါ်က ဆင်းသွားပြီးချိန် ကားက အမြန်နှုန်းတင်လိုက်ချိန်မှာတော့ ကားထဲက ကမ္ဘာ့ကျော်ရုပ်ရှင်မင်းသမီး အဲလစ်ဇာဘက်တေလာက တော်ဝင်မင်းသမီးတစ်ပါးလို ချို့သာတဲ့အပြုံးများနဲ့ ပရိသတ်ကို ညင်ညင်သာသာ လက်ပြနှုတ်ဆက်ခဲ့ပါတယ်။ ပါးစပ်တလှုပ်လှုပ်နဲ့ ပြောတဲ့ သူ့အသံကြားရမယ်ဆိုရင်တော့

www.burmeseclassic.com

www.burmeseclassic.com

ဘူစ်ပျစ်နှစ်နှစ် ဆဲနေသံဖြစ်ပါတယ်။ ဒီ ဘစ်ကြိမ် ကြုံတွေ့လိုက်ရတာက ရောမ မှာ ကြုံခဲ့ရတာထက် ပိုပြီးထိတ်လန့် ဘွန်လူပ်စရာ ကောင်းပါတယ်။ သူတို့ နှစ်ယောက်ရဲ့ဘဝမှာ ငြိမ်းငြိမ်းချမ်းချမ်း နေလို့ရမယ့်နေရာဆိုတာ ရှာလို့မရနိုင် လောက်အောင်ပါပဲလို့လည်း ခရိုနှင်က သုံးသပ်ပါတယ်။

ပြဇာတ်ကတော့ အကြီးအကျယ် အောင်မြင်ခဲ့ပြီး ပြဇာတ်ဝေဖန်ရေးဆရာ တွေကလည်း ဘာတန်ကို အကြီး အကျယ် မြှောက်ပင့်ဝေဖန်ကြပါတယ်။ ဒါပေမဲ့ New York Herald Trivune မှ ဝေဖန်ရေးဆရာ ဝေါလ်တာကားက ဆော့ 'မစ္စတာဘာတန်ကို ကြည့်ရတာ ဘာမှ ခံစားချက်ရှိပုံမပေါ်ဘူး' လို့ ဆိုခဲ့ ပါတယ်။ TIME မဂ္ဂဇင်းကတော့ 'ဘာ ဘာန်ရဲ့ သရုပ်ဆောင်မှုတွေဟာ ဝမ်းနည်း ကြေကွဲဖို့ထက် သူရဲကောင်းဆန်တယ်' လို့ ဆိုပြီး Life မဂ္ဂဇင်းမှ ဝေဖန်ရေးဆရာ ကတော့ 'ကျွန်တော် ကြည့်ဖူးသမျှ Hamlet ပြဇာတ်တွေထဲမှာ ဘာတန်ရဲ့ သရုပ်ဆောင်မှုဟာ ယောကျ်ားအပီသ ဆုံးပဲ' လို့ ဆိုပါတယ်။ New York Post မှ ဝေဖန်ရေးဆရာ ရစ်ချတ်ဝပ်စ်က 'ဒီန်းမတ်မင်းသား Hamlet အဖြစ် သရုပ်ဆောင်တဲ့ ဘာတန်ရဲ့သရုပ်ဆောင် နှုများက အလွန်ကောင်းမွန်ပါတယ်။ ခွန် အားပါတယ်။ သရုပ်ဆောင်နေတာနဲ့ စကားဝဲ တကယ်ဖြစ်ပျက်နေတဲ့ပုံစံလို ဖြစ်နေပါတယ်။ ဒါကြောင့် သူ့သရုပ် ဆောင်မှုနဲ့ ခံစားချက်က ရှိတ်စပီးယား ရေးခဲ့တဲ့ Hamlet နဲ့ အတိအကျ တူနေ သိမ့်မယ်လို့ ခံစားလို့ရပါတယ်' လို့ ချီး မွမ်းခဲ့ပါတယ်။ နယူးယောက်မှာ ထုတ် ဝေတဲ့ သတင်းစာမှန်သမျှ ဘာတန်ကို ချီးမွမ်းနေကြတာကြောင့် အသက် ၃၉ နှစ်အရွယ် ဘာတန်ဟာ အောင်မြင်မှု အရသုံးအချိန်လို့ ဆိုနိုင်ပြီး ရတနာတစ် ပါးရဲ့ လင်းလက်တောက်ပမှုမျိုး ရရှိ နေတဲ့အချိန်လို့ ဆိုရင်လည်း မမှားပါ ဘူး။

အဲဒီလို ပရိသတ်များနဲ့ စာနယ်ဇင်း

> အဲဒီအချိန်မှာ
> သူမျက်ဝန်းတွေက
> ငယ်ဘဝကို
> ပြန်မြင်ယောင်နေသလိုပဲ။
> သူလည်း
> တစ်ခါတုန်းက
> ဒီကလေးတွေလို
> ကြမ်းကြမ်းတမ်းတမ်း
> ညစ်ညစ်ပတ်ပတ်
> ဘဝမှာ
> ပိုက်ဆံရှာခဲ့ရဖူးတာကိုး
> ရစ်ချ်ျက်ကင်
> ဆိုတဲ့
> ကလေးတစ်ယောက်က
> အခုတော့
> ရစ်ချတ်ဘာတန်
> ဆိုတဲ့
> ကမ္ဘာကျော်
> ရုပ်ရှင်မင်းသား
> တစ်ယောက်
> ဖြစ်ခဲ့ပြီလေ

များက ချီးမွမ်းစကားတွေ ဆိုနေကြပေ မဲ့ ပြဇာတ်များအတွက် ချီးမြှင့်တဲ့ အကယ်ဒမီဆုတစ်မျိုးဖြစ်တဲ့ Tony Award ကိုတော့ ဘာတန် မရခဲ့ပါဘူး။ သူ့အစား အခါတော်ပေးအဖြစ် သရုပ် ဆောင်တဲ့ ခရိုနှင်က Tony ဆု ဆွတ်ခူး သွားခဲ့ပါတယ်။ ဒီအတွက် ဘာတန် ခံ စားရပေမဲ့ ဒါဟာလည်း ဘုရားသခင် ရဲ့ဒဏ်ခတ်မှုတစ်ခုပဲလို့ သူ ခံယူခဲ့ပါ တယ်။

❑

ညစဉ်ညတိုင်း အောင်ပွဲခံကပြနေ တဲ့ Hamlet မှာ တစ်ညတော့ ပြဿနာ တက်ခဲ့ပါတယ်။ စတန်း အမှတ်တရ ပြောပြတာကတော့ 'အဲဒီညက ဘာတန် ကို ကြည့်ရတာ သရုပ်ဆောင်နေပေမဲ့ စိတ်နဲ့ကိုယ် ကပ်ပုံမရပါဘူး။ တတိယ ဇာတ်ဝင်ခန်း ရောက်လာချိန်မှာ သူ ရုတ် တရက် ဇာတ်ဝင်ခန်းထဲကနေ ထွက် သွားပါတယ်။ ကန့်လန့်ကာ ချက်ချင်း ချလိုက်ပြီး ထုတ်လုပ်သူဖြစ်တဲ့ အလက် ဇန္ဒားကိုဟန်လည်း ဘာတန့်အနားကို အပြေးအလွှား ရောက်လာခဲ့ပါတယ်။ သူက ကန့်လန့်ကာရှေ့ ထွက်လာပြီး ဘာတန်ရဲ့ပခုံးမှာ ရထားတဲ့ ဒဏ်ရာ ဟောင်းကြောင့် ပခုံးပြုတ်သွားတဲ့ အတွက် ဒီည ဆက်ကနိုင်တော့မှာ မဟုတ်ဘူး၊ ဘာတန်ကို ဆေးခန်းပို့ဖို့ စီစဉ်နေပြီဖြစ်ကြောင်း၊ ပရိသတ်များ အနေနဲ့ လက်မှတ်ဖိုး ပြန်လည်ထုတ်ယူ လိုပါက ထုတ်ယူနိုင်ပါကြောင်း ကြေ ညာခဲ့ပါတယ်။ ဘာတန်က The V.I. Ps ရုပ်ရှင်ဇာတ်ကား ရိုက်ကူးစဉ်က ပါ ဒင်တန်ဘူတာရုံမှာ မတော်တဆဖြစ်ပွား ခဲ့တဲ့ ဒဏ်ရာကြောင့် ပခုံးပြုတ်ခဲ့ခြင်း ဖြစ်ပါတယ်။

နောက်တစ်နှစ်လောက်အကြာမှာ ဘာတန်ကို အင်တာဗျူးလုပ်တော့ ဘာ တန်က အဲဒီဂိစ္စနဲ့ ပတ်သက်ပြီး အမှတ် တရပြန်ပြောပြခဲ့ပါတယ်။ 'ကျွန်တော့် လက်မောင်းက ရုတ်တရက် နာလာပြီး လက်မမြှောက်နိုင်တော့ဘူး။ အောက်ကို တွဲလောင်းကျနေပြီ။ ဇာတ်ဝင်ခန်းက

www.burmeseclassic.com

www.burmeseclassic.com

လည်း ဓားခုတ်တဲ့အခန်းဖြစ်နေတယ်။ လက်တစ်ဖက်က ခေါင်းပေါ် မြှောက်ထားပေမဲ့ တွဲလောင်းကျနေတဲ့လက်က နာတဲ့အနာကို အခု စဉ်းစားရင်း အခု ပြန်နာသလိုပဲ။ ဒါကြောင့် ဇာတ်စင်ရှေ့ကနေ ရုတ်တရက် ထွက်လာခဲ့တာပါ။ ဇောနဲ့သာ ထွက်လာပေမဲ့ အကွယ်ရောက်တဲ့အခါမှာ ကျွန်တော် လမ်းတောင် မလျှောက်နိုင်တော့ဘူး။ တကယ့် အဘိုးကြီးတစ်ယောက်လို ဖြည်းဖြည်းချင်း ရွေ့ရတယ်။ ကျွန်တော်တို့ ကျွန်ကင်မိသားစုဝင်တွေက အရိုးတွေ နုလွန်းပါတယ်ဗျာ'လို့ အမှတ်တရပြောပြခဲ့ပါတယ်။ လက်ပြုတ်သွားတဲ့ ဘာတန့်အနားကို လစ်ဇ် ချက်ချင်း ရောက်လာခဲ့ပြီး ပါဒင်တန်ဘူတာရုံမှာ ဖြစ်ပျက်ခဲ့တာကို သတိပေးပါတယ်။ ဘာတန်ကတော့ အရက်များများသောက်ရင် သူဒဏ်ရာက ပြန်မပေါ်ဘူးလို့ အောက်မေ့ပြီး အဲဒီအဖြစ်အပျက်ကို လုံးဝမေ့ထားခဲ့တာပါ။

အောင်မြင်တဲ့ Hamlet ပြဇာတ်ကို ကပြနေဆဲ တစ်ညမှာတော့ ပရိသတ်ထဲက လူတစ်ယောက်က ထပြီး 'ဘူး'မှုတ်ကာ ဘာတန်ကိုရွှတ်ချပါတယ်။ သူတစ်သက်မှာ တစ်ခါမှဒီလိုရွှတ်ချတာမခံစားရဖူးတာကြောင့် ဘာတန် တုန်လှုပ်သွားခဲ့ပါတယ်။ ကနေတဲ့ဇာတ်ကို ရပ်လိုက်ပြီး ပရိသတ်ကို သူ ကြေညာပါတယ်။ 'ကျွန်တော်တို့ ဒီပြဇာတ် ကနေတာ ညပေါင်း ၈၀ ရှိခဲ့ပါပြီ။ တချို့ကလည်း ကြိုက်ပါတယ်။ တချို့ကလည်း မကြိုက်ပါဘူး။ အဲဒီလို ကြိုက်ခြင်း မကြိုက်ခြင်းတွေ ရှိပေမဲ့ ဒီလိုတစ်ခါမှ 'ဘူး'မှုတ်တာ မခံခဲ့ရပါဘူး'လို့ ပြောပြခဲ့ပါတယ်။ ပြဇာတ်ပြီးချိန်မှာ သူတို့ ဇနီးမောင်နှံ တည်ခိုနေထိုင်တဲ့ Regency ဟိုတယ်ကို ပြန်လာခဲ့ကြရာ ဘာတန်က ဇာတ်ရုံထဲမှာ ဖြစ်ခဲ့တဲ့ ဒေါသကို လစ်ဇ် အပေါ်မှာ ဖောက်ခွဲပါတော့တယ်။ အဲဒီအချိန်မှာ လစ်ဇ်က အေးအေးဆေးဆေး ရှုပ်မြင်သံကြား ထိုင်ကြည့်နေတာပါ။ ဒေါသဖြစ်နေတဲ့ ဘာတန်က ရှုပ်မြင်သံကြား ဖန်သားပြင်ကို ခြေထောက်နဲ့ ဆောင့်ကန်လိုက်တာကြောင့် ဖန်သားပြင်ကွဲသွားပြီး သူခြေမလည်း အရိုးထိအောင် ကွဲသွားပါတယ်။ ဒါဟာ သူတို့ ဇနီးမောင်နှံအတွက် ပထမဆုံးအကြိမ် ရန်ပွဲဖြစ်တယ်ဆိုပေမဲ့ နောင်လာလတ္တံ့ သောကာလများအတွက် ပွဲဦးထွက်လို့ ဆိုရပါလိမ့်မယ်။

တစ်ကြိမ်မှာတော့ ကပြနေဆဲ Hamlet ပြဇာတ်နဲ့ ပတ်သက်ပြီး စာအုပ်တစ်အုပ်ရေးနေတဲ့ စတန်းက ဘာတန်ကို အင်တာဗျူးလုပ်ဖို့ရာ ဟိုတယ်သို့ ရောက်ရှိလာခဲ့ပါတယ်။ 'ကျွန်တော်က Hamlet စက ကတည်းက စာအုပ်ရေးချင်လို့ သူ့ကို ပြောတော့ သူက လည်း သဘောတူတယ်။ ဒါပေမဲ့ နှစ်ယောက် အေးအေးဆေးဆေး စကား ပြောဖို့ရာ အချိန်က မရဘူးဖြစ်နေတာ။ ပြဇာတ်ကနေတဲ့ နောက်ဆုံးအပတ် ရောက်လာတော့ ဘာတန်က ဟိုတယ်ကိုပဲ လာခဲ့ပါလို့ ဆိုတာကြောင့် ကျွန်တော်က တိပ်ရီကော်ဒါလေးယူပြီး ဟိုတယ်ကို သွားတယ်။ အဲဒီအချိန်မှာ ဘာတန်နဲ့ လစ်ဇ်တို့က မယုံနိုင်စရာ ကောင်းလောက်အောင် အကြီးအကျယ် ရန်ဖြစ်နေကြတယ်။ တစ်ယောက်နဲ့ တစ်ယောက် အော်ဟစ်နေကြတာပေါ့။ ဟို တယ်မှာ သူတို့ရဲ့ရှေ့နေဖြစ်တဲ့ အာရွန် ဖော့ရ်နဲ့ သူ့အတွင်းရေးမှူး၊ နောက် ဘော့ပ်ဝီလ်ဆင်တို့လည်း ရောက်နေကြ တယ်။ နောက်ဆုံးမှာတော့ ဘာတန်က ကိုင်း စတန်းရေ တခြားအခန်းမှာပဲ သွားပြီး အင်တာဗျူးလုပ်ကြစို့လို့ ပြောတာကြောင့် ကျွန်တော်တို့နေရာရွှေ့ရတယ်'လို့ သူ ကြုံခဲ့ရတဲ့ ရန်ပွဲအကြောင်း ပြောပြပါတယ်။

အင်တာဗျူးလုပ်လို့ တစ်ဝက်လောက်ရောက်တော့ ဘော့ပ်ဝီလ်ဆင်က အခန်းတံခါးဖွင့် ဝင်လာပြီး 'ရစ်ချတ်ရေ သွားကြဖို့ကောင်းပြီ။ ပွဲထွက်ချိန်းနေပြီ'လို့ ဆိုတာကြောင့် ကားနဲ့ ထွက်ခဲ့ကြပြီး ကားပေါ်မှာ အင်တာဗျူးဆက်လုပ်ခဲ့ရတယ်လို့ ဆိုပါတယ်။

'ကျွန်တော်တို့ ၄၆ လမ်းထဲ ဇင်လာတော့ ကလေး သုံးလေးယောက်လောက်က ကားနောက်ကို ပြေးလိုက်လာကြတယ်။ ကလေးလေးတွေက လမ်းဘေးမှာ နေတဲ့ လေလွင့်ကလေးတွေပါ။ ဘာတန်ကို မြင်တော့ ကားနောက်ပြတင်းကနေ ကုတ်ကတ်ကြည့်ကြရင်း ကလေးတစ်ယောက်က 'ဟေး ရစ်ချ်'လို့ အော်တယ်။ ဘာတန်က ကလေးတွေကို ငေးမောကြည့်ရင်း 'ငါ့မှာ ပိုက်ဆံတစ်ပြားမှ မပါဘူးကွ။ ဘယ်တုန်းကမှလည်း မပါဘူး'လို့ ဆိုလိုက်ပါတယ်။ အဲဒီအချိန်မှာ သူမျက်ဝန်းတွေထဲမှာ ငယ်ဘဝကို ပြန်မြင်ယောင်နေသလိုပဲ။ သူလည်း တစ်ခါတုန်းက ဒီကလေးတွေလို ကြမ်းကြမ်းတမ်းတမ်း ညစ်ညမ်းပတ်ပတ် ဘဝမှာ ပိုက်ဆံရှာခဲ့ရဖူးတာကိုး။ ရစ်ချ်ကျန်ကင် ဆိုတဲ့ ကလေးတစ်ယောက်က အခုတော့ ရစ်ချတ်ဘာတန် ဆိုတဲ့ ကမ္ဘာကျော် ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်ခဲ့ပြီလေ။

Hamlet ပြဇာတ်ကို လပေါင်းများစွာ ကပြီးတဲ့နောက်မှာတော့ ဘာတန် အနေနဲ့ ဒီဇာတ်ကောင်စရိုက်ကို ငြီးငွေ့လာပါတယ်။ ဒါကြောင့် Hamlet ဆိုတဲ့ ဇာတ်ကောင်ကို သူစိတ်ထဲမှာ အမျိုးဖန်တီးကြည့်တယ်။ ကဗျာတွေကို ကျမန်လို ရွတ်ဆိုရုံသာမက တစ်ညမှာတော့ သူက Hamlet ကို လိင်တူချစ်သူတစ်ယောက်အဖြစ် ဖန်တီးကြည့်ခဲ့ပါသေးတယ်။ တစ်ခါတလေမှာလည်း ရှိတ်စပီးယားရဲ့စာများအစား ခရစ္စတိုဖာမာလိုဝီရဲ့ စာသားတွေကို အစားထိုးရွတ်ဆိုကြည့်တယ်။ ဒီလို အစားထိုးရွတ်ဆိုတိုင်းမှာ တစ်စုံတစ်ယောက်များ သတိထားမိလေမလားလို့လည်း သူ လေ့လာကြည့်ပါတယ်။ ဒီလိုအစားထိုးရွတ်ဆိုတာက ညစဉ်ညတိုင်း ရွတ်ဆိုနေရတာတွေကို ငြီးငွေ့လာတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com

သူကိုယ်သူ ဖျော်ဖြေတဲ့အနေနဲ့ ရွတ်ဆိုခြင်းသာ ဖြစ်ပါတယ်။ မာလ်ဗင်ဘာရက်ဂ်က ဘာတန်ရဲ့ အကျင့်စရိုက်နဲ့ ပတ်သက်ပြီး လေ့လာသုံးသပ်ရာမှာ "ဘာတန်က ဘယ်အရာမဆို ဘယ်လောက်ပဲ ခက်ခဲသည်ဖြစ်စေ ရအောင် လုပ်တတ်တယ်။ ရပြီးပြီဆိုရင်တော့လည်း ငြီးငွေ့သွားတတ်တယ်။ လစ်ဖ်ရယ်၊ ငွေရယ်၊ စာရေးခြင်းရယ်သာ သူ့ငြီးငွေ့တာပါ" လို့ သုံးသပ်ပါတယ်။ ဆွေးစားဖခင်ဖြစ်တဲ့ ဖိလစ်ဘာတန်က သူ တည်ထောင်ထားတဲ့ American Music and Dramatic Academy ကျောင်းက ငွေကြေးအရ အရှုံးပေါ်နေတယ်လို့ ညည်းညူပြီး မွေးစားသားဖြစ်သူ ဘာတန်ကို တစ်ခုခု အကူအညီပေးဖို့ ပြောဆိုလာတဲ့အခါမှာ ဘာတန်က ကျောင်းအတွက် ရန်ပုံငွေရအောင် သူ့တစ်ခုခု လုပ်ပေးမယ်။ Hamlet ပြဇာတ်တာတာတော့ မဟုတ်ဘူး။ အဲဒီအစား သူနဲ့ လစ်ဖ်တို့က ကဗျာရွတ်ဆိုပြပွဲအထူးအစီအစဉ်အနေနဲ့ လုပ်ပေးမယ်လို့ ကတိပေးလိုက်ပါတယ်။

ဒီအစီအစဉ်က အင်မတန် ထူးခြားတဲ့ အစီအစဉ်ဖြစ်တာကြောင့် ဇာတ်ရဲ့ကြီးတစ်ခုလုံးမှာ နာမည်ကျော်များဖြစ်ကြတဲ့ မြို့တော်ဝန် လင်းဆေး၊ ယူနစ္စ ကနေဒီရှရီဗာ၊ မောင်ဂိုမာရီကလစ်ဖ်၊ ကာရိုးလ်ချန်နင်းတို့အပါအဝင် ရုံပြည့်အားပေးခဲ့ကြပါတယ်။ လစ်ဖ် ပါဝင်ပြီး ကဗျာရွတ်မယ်ဆိုတာကြောင့် ဘာတန်ရဲ့ ဝေလမိတ်ဆွေတွေလည်း ဒီပွဲကို ဘက်ရောက်ကြပါတယ်။ ဇာတ်ခုံပေါ်မှာ တက်ပြီး ကဗျာရွတ်ရမှာဖြစ်တဲ့အတွက် လစ်ဖ်က တုန်လှုပ်မှုတော့ ရှိခဲ့ပါတယ်။ ကင်မရာရှေ့မှာ သရုပ်ဆောင်ရတာ လွယ်ကူပေမဲ့ ဇာတ်စင်ပေါ်မှာ ကဗျာရွတ်ရမှာ မလွယ်ကူတာကြောင့် လစ်ဖ်က ဘာတန်ရဲ့မွေးစားအဆင့် ဖိလစ်ကို သူမအား ရောဘတ် ဘရောင်း၊ အဲလစ်ဇာဘက် ဘာရက် ဘရောင်းနင်းတို့ရဲ့ကဗျာတချို့နဲ့အတူ သူမ နှစ်သက်တဲ့ သောမတ်စ်ဟာဒီရဲ့ The Ruined Maid ကဗျာကိုပါ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုနိုင်အောင် သင်ပြစေခဲ့ပါတယ်။ ဘာတန်ကလည်း လစ်ဖ်ရွတ်တဲ့ကဗျာကို အင်ဒရူးမာဗယ်လ်ရဲ့ To His Coy Mistress နဲ့ D.H.Lawrence ရဲ့ The Snake ကဗျာတို့နဲ့ တုံ့ပြန်ခဲ့ပါတယ်။ လှလှပပဝတ်စားထားတဲ့ လစ်ဖ်က စိန်ထည်များလည်း ဆင်မြန်းထားတာကြောင့် ဇာတ်ခုံပေါ်မှာ ကြည့်လို့ကောင်းနေပါတယ်။ ဒါပေမဲ့ သူကဗျာရွတ်ပုံက ဌာန်ကရိုဏ်းမကျတာကြောင့် ပရိသတ်အချို့က ဒီထက်အခြေအနေမဆိုးခင် ပြန်ကြစို့ဆိုပြီး ထပြန်ကုန်ပါတယ်။ ဒုတိယပိုင်းမှာလည်း လစ်ဖ်က အင်မတန်လှပတဲ့ဝတ်စုံ ဝတ်လာပြီး ကဗျာတစ်ပုဒ်ကို စရွတ်ပါတယ်။ ဒါပေမဲ့ မှားနေတာကြောင့် 'ဆောရီးပါ၊ ကျွန်မ အစကနေ ပြန်ရွတ်ပါရစေ' လို့ဆိုပြီး ရွတ်ခဲ့ပါတယ်။ ပရိသတ်တွေက သူ ရွတ်နေတာကို မကြိုက်ဘူးဆိုတာ လစ်ဖ် သိတာပေါ့။ ဒါပေမဲ့ သူ အလှနဲ့ ဖမ်းစားထားနိုင်တဲ့အတွက် ပွဲပြီးချိန်မှာတော့ သူတို့ဇနီးမောင်နှံကို ပရိသတ်များက မတ်တတ်ရပ်ပြီး သြဘာပေးမှု ခံယူခဲ့ရပါတယ်။ ကဗျာရွတ်ဆိုပွဲကို လစ်ဖ် အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်ခဲ့ပါပြီ။ ဘာတန်ရဲ့ကမ္ဘာထဲကို သူ ဝင်လာတယ်ဆိုပေမဲ့ ကိုယ်ပိုင်ကမ္ဘာတစ်ခုကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ကဗျာရွတ်ဆိုခြင်းက ဘာတန်ဘက်က လစ်ဖ်ထက် သာနေတာဖြစ်ပေမဲ့ အခု သူကိုယ်တိုင်လည်း ကဗျာရွတ်နိုင်ပြီဖြစ်တာကြောင့် ဘာတန်နဲ့ ပခုံးချင်း ယှဉ်နိုင်ခဲ့ပါပြီ။ ဒီပွဲအပြီး ရက်သတ္တပတ် တစ်ပတ်ခန့်အကြာမှာ သူတို့ဇနီးမောင်နှံကို ဒေါ်လာ ၅၀ သိန်းပေးပြီး ကဗျာရွတ်ဆိုပေးဖို့ ကမ်းလှမ်းတာ ခံခဲ့ရပါတယ်။ ကဗျာလောကကို ရုပ်ရှင်မင်းသမီး အဲလစ်ဇာဘက်တေလာ ဝင်လာခဲ့ပြီပေါ့။

ဒီပွဲတွေအပြီးမှာတော့ နှစ်ယောက်သား အရက်သောက်လိုက်ကြ၊ နားလိုက်ကြ၊ ရန်ဖြစ်လိုက်ကြ၊ အိပ်လိုက်ကြနဲ့ နှစ်ယောက်တည်း ကမ္ဘာတစ်ခုကို Regency ဟိုတယ်မှာ တည်ဆောက်နေခဲ့ကြပါတယ်။ တစ်ခါမှာတော့ သူတို့လင်မယား စကားများနေစဉ်အတွင်း ခင်ပွန်းဟောင်းဖြစ်တဲ့ အယ်ဒီဖစ်ရှားရောက်သွားခဲ့ပါသတဲ့။ နောင်မှာ ဖစ်ရှားက အဲဒီနေ့က အတွေ့အကြုံကို ပြန်ပြောပြရာမှာ 'လစ်ဖ်မျက်နှာပေါက မိတ်ကပ်တွေလည်း ဆိုးဆိုးဝါးဝါး ပျက်စီးနေတယ်။ အသံကလည်း ကျယ်လိုက်တာ. ငယ်သံပါအောင်ကို အော်နေတာ။ တစ်စုံတစ်ခုကို မကျေနပ်နေတဲ့ပုံပဲ။ အဲဒီတော့မှ ကျွန်တော် စဉ်းစားမိတယ်။ ငါ ဒီမိန်းမကို ယူခဲ့ဖူးတာပဲ။ ဒီလိုအော်တာလည်း ခံခဲ့ဖူးတာပဲ။ အဲဒီအချိန်မှာ ဘာတန်ကတော့ နောက်ကနေ လိုက်ပြီး တတွတ်တွတ်နဲ့ ချော့နေတယ်။ ဟိုတုန်းက ကျွန်တော် ချော့ခဲ့သလိုပေါ့။ ဘာတန် တောင်းပန်လေ လစ်ဖ်က ပစ္စည်းတွေ လွင့်ပစ်လေ လုပ်နေတယ်။ သူ ကောက်သလို ကျွန်တော်လည်း ကောက်ခဲ့ရတာပဲ။ မိုက်တော့ဒ်လည်း ကောက်ခဲ့ရတာပဲ။ နောက်ဆုံးမှာတော့ ရန်ပွဲပြီးသွားပြီး ငြိမ်းအေးသွားတယ်။ ဘာတန်ဟာ ကမ္ဘာကျော်တစ်ယောက်ပါ။ အဲဒီလို လူတစ်ယောက်ကို လစ်ဖ်က သူလုပ်ချင်သလို လုပ်လို့ရနေတယ်' လို့ ပြောပြခဲ့ပါတယ်။

နောက် ၂ နှစ်အကြာမှာတော့ စတန်းနဲ့ ဘာတန်တို့နှစ်ယောက် Who's Afraid of Virginia Woolf ရုပ်ရှင်ဇာတ်ကားမှာ ပြန်ဆုံမိကြပါတယ်။ စတန်းက 'ဒီဇာတ်ကားကို ရိုက်ရတော့ ဟိုတယ်ခန်းထဲမှာ သူတို့နှစ်ယောက် ပိတ်မိနေတဲ့အခန်းကို ရုပ်ရှင်ရိုက်သလို ပြန်မြင်ယောင်မိတယ်။ ဒါပေမဲ့ ဘယ်လောက်ပဲ ရန်ဖြစ်ကြသည်ဖြစ်စေ တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာ ချစ်ကြတယ်ဆိုတာကိုတော့ ကျွန်တော် အသေအချာယုံကြည်တယ်' လို့ ဆိုပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com

Sylt Island

www.burmeseclassic.com

www.burmeseclassic.com

မသေခင် သွားရမယ့် နေရာပေါင်း တစ်ဆယ်(၅)

မဏ္ဍာန်း

မသေခင်သွားရမယ့်
နေရာပေါင်း တစ်ထောင်ကို
ဂျာမနီနိုင်ငံနဲ့ စခဲ့တာ
ဒီလမှ ဂျာမနီနိုင်ငံမှာ
သွားသင့်တဲ့နေရာတွေအကြောင်းကို
အပြီးသတ်ရေးပြသွားပါမယ်။

❑

Quedlinburg and Hotel Theophano

Sachen-Anhalt ပြည်နယ်၊
ဂျာမနီနိုင်ငံရဲ့
မြောက်ပိုင်းအကျဆုံး
Harz (ဟာဇ်)
တောင်တန်းတွေဘေးမှာရှိတဲ့
ကွီဒလင်ဘခ်
Quedlinburg မြို့လေးကတော့
နတ်သမီးပုံပြင်ထဲက
မြို့လေးလို့ တင်စားနိုင်ပြီး
အထူးသဖြင့် သစ်သားတွေနဲ့
အကွက်ရိုက်ထားတဲ့
အိမ်တွေရှိရာ နေရာပါပဲ။
ဂျာမနီနိုင်ငံရဲ့ ရှိုးရာသစ်သား
အကွက်ရိုက် အိမ်တွေက
မြို့လယ်တစ်လျှောက်
လမ်းတစ်ဖက်စီမှာ ကောင်းမွန်စွာ
ထိန်းသိမ်းထားနိုင်ဆဲပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလို သစ်သားအကွက်ရိုက် အိမ်တွေကတော့ ဂျာမနီနိုင်ငံတင်မက ဥရောပတစ်ခုလုံးမှာ အကောင်းဆုံးထိန်းသိမ်းထားတယ်လို့ ပြောနိုင်ပါရဲ့။

ကွီဒလင်ဘခ်မြို့အနေနဲ့ နောက်ထပ်ကြွားစရာကောင်းတဲ့ အချက်ကတော့ ဥရောပအလယ်ခေတ်တုန်းက ဘာသာရေးဆိုင်ရာ အနုပညာပစ္စည်းအတော်များများကို မြို့ရဲ့တောင်ကုန်းပေါ်က Saxon-Romanesque (ဆက်ဆွန်-ရောမဗိသုကာပုံစံ) က သီဒရာမှာသိမ်းဆည်း ပြသထားပါတယ်။ UNESCO ကလည်း ကွီဒလင်ဘခ်မြို့ကို ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ပေးခဲ့ရုံမက မြို့ရဲ့ အနှစ်တစ်ထောင်ပြည့် အထိမ်းအမှတ်ကို ၁၉၉၄ ခုနှစ်တုန်းက ကျင်းပပြီးခဲ့ပါပြီ။ ရှေးဟောင်းမြို့မှာ အော်တိုနီယမ်မင်းဆက်က အစပျိုးခဲ့ပြီး ဆက်ဆွန်မင်းဆက် ပထမဆုံးစတင်ခဲ့တာလေ။ အဲဒီမင်းဆက်ကနေ ရောမအင်ပါယာရဲ့ ပုတ်ရဟန်းမင်းတွေကို ဆက်ခွန်ယ်သွားခဲ့တာပါ။ ဧကရာဇ်မင်းများရဲ့ မြို့တော်ဖြစ်ခဲ့တဲ့ ဒီမြို့က ယဉ်ကျေးမှု၊ ဘာသာရေးနဲ့ စိတ်ဓာတ်ရေးရာပါ ဖွံ့ဖြိုးတက်ကြွခဲ့ကြတာမို့ ကြီးကျယ်ခမ်းနားတဲ့ ကသီဒရာကြီး တည်ဆောက်နိုင်ခဲ့တာလေ။

သမိုင်းဝင်မြို့ရဲ့ ကြွယ်ဝချမ်းသာမှုကို မျက်ဝါးထင်ထင် ယနေ့တိုင်တွေ့နေဆဲကတော့ အိမ်တွေပါပဲ။ သစ်သားအကွက်ရိုက် အိမ်ပေါင်းတစ်ထောင့်သုံးရာမှာ ရွှေတွေ၊ အဖိုးတန်ရတနာတွေနဲ့ စီခြယ်ထားဆဲပေါ့။ ၁၃၁၀ ခုနှစ်က တည်းက တည်ဆောက်ခဲ့တဲ့အိမ်တွေမို့ ဂျာမနီနိုင်ငံရဲ့ ရှေးဟောင်းအကျဆုံးဗိသုကာပုံစံများဖြစ်တဲ့ ဂိုသစ်မှ ဘရွတ်ခ်ဗိသုကာလက်ရာတွေမှာ ကွီဒလင်ဘခ်ရဲ့ မူပိုင်ဟန်တွေနဲ့ ဆောက်လုပ်ထားပါတယ်။ အိမ်အပြင်ဘက်မှာ အပြာရောင်တောက်တောက်တွေ၊ အနီရောင်တွေ၊ အဝါရောင်တွေ၊ အစိမ်းရောင်တွေနဲ့ ခြယ်သထားတာကိုး။ ခုတိယကမ္ဘာ စစ်ဖြစ်ခဲ့တုန်းက မဟာမိတ်တပ်တွေ ဂျာမနီကို ဗုံးချခဲ့စဉ်ကရော၊ အရှေ့ဂျာမနီလက်ထက်မှာရော ဘာမှဖျက်ဆီးခြင်း မခံခဲ့ရပါဘူး။

မြို့လယ် စျေးရင်ပြင်ကို ကျွန်မရောက်ခဲ့စဉ်တုန်းက နတ်သမီးပုံပြင် ကမြို့ထဲကို ကိုယ်တိုင်လျှောက်လှမ်းသွားခဲ့သလို ခံစားခဲ့ရပါရဲ့။ စျေးရင်ပြင်နားမှာပဲ ဟိုတယ်သီအိုဖာနို (Theophano) တည်ရှိပါတယ်။ ၁၇ နှစ်ရာစု သစ်သားအကွက်ရိုက်အိမ်ငါးခုကို ဆက်ပြီး ဆောက်ထားတဲ့ ဟိုတယ်ပါ။ အဲဒီ ဟိုတယ်ရဲ့အမည်



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ဘိုင်ဇန်တိုင်းတော်ဝင် မင်းသမီး သီအိဖာနိရဲ့အမည်ပေါ့။ သူမက ဆက်ဆွန်မင်းအော်တို II ကို ၉၇၂ ခုနှစ်မှာ လက်ထပ်ခဲ့သူပါ။ ဟိုတယ်က ငယ်ပေမဲ့အတွင်းဘက်မှာ ရှေးဟောင်းဘက်ရာတွေနဲ့ လှလှပပကို မွမ်းမံထားပြီး လူငယ်ဝန်ထမ်းတွေနဲ့ ဝန်ဆောင်မှုကောင်းကောင်းပေးနိုင်အောင် ရည်ရွယ်နှင့်လှစ်ထားပါတယ်။ မြေအောက်ပိုင်သိလှောင်ရုံရှိတဲ့ ဒီဟိုတယ်မှာ တစ်ဘက်မမေ့နိုင်တဲ့ ပိုင်နဲ့ အစားအသောက်ဆွကို ရက်မအမြင့်ကြီးတွေရှိတဲ့ ညစာစားတဲ့အခန်းမှာ ဖယောင်းတိုင်မီးနဲ့ စားနိုင်ပါတယ်။

❑

Hotel Vier Jahreszeiten

ဟမ်ဘတ်ခ်မြို့မှာရှိတဲ့ ဒီယာဂျာရစ်နိုင်တဲန်ဟိုတယ်ကတော့ ခမ်းနားတဲ့ ဟိုတယ်ဆိုတာ ဒါမျိုးလို့ဖော်ပြနေသလိုပါပဲ။ ဂျာမနီနိုင်ငံမှာ အကောင်းဆုံးဟိုတယ်အဖြစ် ကျော်ကြားရုံမက ကမ္ဘာပေါ်မှာလည်း နေရာယူထားနိုင်ပါတယ်။ ဟာလင်မိသားစု(Haerlin) က ၁၈၉၇ ခုနှစ်မှာ ဒီဟိုတယ်ကို ဖွင့်လှစ်ခဲ့စဉ်တုန်းက ဟမ်ဘ(ခ်)မြို့မှာ တစ်ခုတည်းသော ဟိုတယ်ပါပဲ။ ဟိုတယ်အတွင်းမှာ လတ်ဆတ်တဲ့ပန်းတွေကို ပြင်ဆင်ထားပုံက သစ်တောအုပ်တစ်ခုထဲရောက်နေသလိုပေါ့။ ဂိုဘလင် (Gobelin) လက်ရာပန်းချီတွေကို ချိတ်ဆွဲထားပြီး နှင်းဆီတောတစ်ခုလို ပြင်ဆင်ထားတဲ့ဟိုတယ် ဧည့်ခန်းကြီး 'နား နေခန်းမဆောင်'လို့ တင်စားခေါ်ပါတယ်။

ဟိုတယ်ကြီးက ကြီးမားခမ်းနားလှရုံမက ဟမ်ဘတ်(ခ်)မြို့ရဲ့ ရေကန်များရှိတဲ့နေရာမှာ တည်ရှိတာမို့ အဲဒီဟိုတယ်မှာ တည်းခိုခွင့်များရခဲ့ရင် ရေကန်ကို မြင်ရတဲ့အခန်းကို ရအောင်စီစဉ်သင့်တာပါ။ ကိုယ်ပိုင်ဝရန်တာလေးနဲ့ ရေကန်အလှကို ခံစားနိုင်တဲ့ဟိုတယ်ခန်းဖြစ်မှာလေ။ ဟိုတယ်ဝန်ဆောင်မှုကလည်း လက်ဖျားခါရအောင်ကို ကောင်းမွန်သတဲ့။ ဟိုတယ်ထဲရောက်ပြီး မိနစ်အနည်းငယ်အတွင်းမှာပဲ ဝန်ထမ်းတွေက ကိုယ့်ရဲ့အမည်နဲ့ နှုတ်ဆက်နိုင်သတဲ့။ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ဆုအမျိုးမျိုးကို ရရှိထားတဲ့ ဟိုတယ်ပေါ့။



၁၉၈၉ ခုနှစ်မှာတော့ ဟာလင်မိသားစုပိုင်ဆိုင်ရာကနေ ကုမ္ပဏီပိုင်ဖြစ်ခဲ့ပါတယ်။ ဟမ်ဘတ်(ခ်)မြို့ကို ၁၉၄၀-၁၉၄၄ ခုနှစ်အတွင်းမှာ မြေပုံပေါ်က ဖျောက်သွားနိုင်အောင်ကို ဗုံးကြဲခံခဲ့ရပေမဲ့ ဟိုတယ်ကိုတော့ ဗုံးဆန်တစ်ချက်လေးမှ မထိခဲ့ပါဘူး။ တစ်ချိန်က ဥရောပမှာ တစ်ဦးချင်းပျမ်းမျှဝင်ငွေအမြင့်ဆုံးအနေနဲ့ ဟမ်ဘတ်(ခ်)မြို့က ရပ်တည်ခဲ့တာပါ။ ဟမ်ဘတ်(ခ်)မြို့က ဂျာမနီနိုင်ငံမှာ ဒုတိယအကြီးဆုံးဖြစ်ရုံမက လူနေမှုအဆင့်အတန်းလည်း အင်မတန်မှမြင့်ပါရဲ့။ ကျွန်မ ဟမ်ဘတ်(ခ်)မြို့ကို နှစ်ကြိမ်ရောက်ခဲ့ဖူးပါတယ်။ မာစီဒီး၊ BMW နဲ့ ပေါ့ရှ် (Porsche) ကား အများဆုံးသွားလာနေတဲ့ မြို့ကိုတစ်ခါမှ မကြိုခဲ့ဖူးတာ အမှန်ပါ။ ဒါကြောင့်လည်း အဆင့်မြင့်ဈေးကြီးတဲ့ ဟိုတယ်တွေများပြီး ဒီယာဂျာရစ်နိုင်တဲန်က ရှေ့ဆုံးမှာ နေရာယူထားပါတယ်။

အဲဒီဟိုတယ်ရဲ့ နေရာထိုင်ခင်းက ခမ်းနားရုံမက ဟာလင်းစားသောက်ဆိုင်က ဂန္ထဝင်ဆန်ပြီး အကောင်းဆုံးအစားအသောက်တွေ ချက်ပြုတ်တဲ့နေရာမှာလည်း နာမည်ကြီးတာလေ။ ကွန်ဒီ (Condi) ကဖေးကလည်း ဂျာမန်ဖက်ရှင်အတိုင်း ပြင်ဆင်ထားပြီး ဟမ်ဘတ်ခ်မြို့မှာ နေ့လယ်စာအတွက် အလွန်လူကြိုက်များတဲ့ နေရာတစ်ခုဖြစ်သတဲ့။

❑

Lubeck

လုဘခ်မြို့ကတော့ ဂျာမနီနိုင်ငံမြောက်ပိုင်းရဲ့ အသည်းနှလုံးဝိညာဉ်လို့ တင်စားနိုင်ပါရဲ့။ ကျွန်မ ဓူလိုင်လတုန်းက လုဘခ်မြို့ကို ရောက်ခဲ့ပါတယ်။ Schleswig-Holstein (ရွှဲလ်ခ်ဝခ်-ဟိုင်လ်စတိုင်)ပြည်နယ်မှာ ရှိတာပါ။ ဘောလ်တစ် (Baltic) မြစ်ဘေးက ဆိပ်ကမ်းမြို့အဖြစ် ထင်ရှားခဲ့တာက ရှေရောင်အတိတ်ကာလတုန်းကပေါ့။ ဥရောပ အလယ်ခေတ်တုန်းက ဟဲန်ဆီယာတစ် (Hanseatic) တွေရဲ့ မြို့တော်ဖြစ်ခဲ့ပါတယ်။ ဥရောပမြောက်ပိုင်းမှာ ကုန်သည်

www.burmeseclassic.com

www.burmeseclassic.com



တွေ လွတ်လပ်စွာ ကုန်သွယ်ခဲ့ကြတဲ့ အချိန်ပေါ့။

မြစ်ကနေ မြို့ထဲကို တူးမြောင်းတွေနဲ့ ဆက်သွယ်ထားပြီး အနီရောင်အုပ်တွေနဲ့ ဆောက်ထားတဲ့ မြို့ဟောင်းကလည်း မြို့ရဲ့ ကြွယ်ဝတဲ့ သမိုင်းနောက်ခံကို ပုံဖော်နေဆဲပါ။ ဘောလ်တစ်ပင်လယ်နားမှာရှိတဲ့အတွက် ဥရောပရဲ့ အဖိုးတန်ကုန်ပစ္စည်းတွေ ကုန်သွယ်ရာမှာလည်း အရေးပါခဲ့တာလေ။ Unesco က ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် ဥရောပမြောက်ပိုင်းမှာ ပထမဆုံး သတ်မှတ်ခဲ့တဲ့ မြို့ပါပဲ။ အထူးသဖြင့် လုဘ(ခ်)မြို့ဟောင်းက ဗိသုကာလက်ရာအရေး၊ သမိုင်းဝင်နေရာအရေး အလွန် အရေးပါခဲ့တာပါ။ မြို့လယ်ရဲ့ လေးပုံတစ်ပုံက ဒုတိယကမ္ဘာစစ်ကာလတုန်းက ပျက်စီးခဲ့တယ်ဆိုတာ ဘယ်သူမှ မသိနိုင်အောင် ကျွမ်းကျင်တဲ့ လက်ရာကောင်းတွေနဲ့ မူရင်းပုံစံအတိုင်း ပြုပြင်ခဲ့တာကိုး။ အမှတ်တရအနေနဲ့ မပြုပြင်ဘဲ ထားခဲ့တာကတော့ စိန့်မေရီဘုရားကျောင်း (ရိုယဲ့ဗ် ဗိသုကာလက်ရာ)က ခေါင်းလောင်းတွေ ဗုံးဒဏ်ကြောင့် ပြိုပျက်နေတာကို တော့ ယခုတိုင်မြင်ရဆဲပါ။ စစ်ရဲ့ အနိဋ္ဌာရုံပေါ့။

လုဘခ်မြို့ ရောက်ခဲ့ရင် မာဇာပန်(Marzipan)မုန့်ကို စားဖြစ်အောင် စားရမှာတဲ့။ အဲဒီမြို့ရဲ့ မူရင်းမုန့်တစ်မျိုးကို ယခုအချိန်မှာတော့ အီတလီမှ မူပိုင်လို့ ခေတ်စားနေပါပြီ။ ကျွန်မတို့ မာဇာပန်နဲ့ လက်ဖက်ရည်ကို လုဘခ်မြို့မှာ နေ့လယ်စာအဖြစ် စားခဲ့ပါရဲ့။ အဲဒီဆိုင်မှာရောင်းတဲ့ မုန့်အချိုအမျိုးမျိုး၊ ပုံစံအမျိုးမျိုးကို ကျွန်မဘဝမှာ ဒီတစ်ခါပဲ ကြုံခဲ့ဖူးတာပါ။ လုဘခ်မြို့ရောက်ရင် ဒေသထွက် မုန့်အချိုတွေကို ရှေးဟောင်းကမ္ဘာကတည်းက ကျော်ကြားခဲ့တဲ့ နီဒီရစက်(Niederegger)ကဖေးမှာ စားသင့်သတဲ့။ ကမ္ဘာပေါ်မှာ အကောင်းဆုံး မာဇာပန်မုန့်ဖြစ်လို့ပါပဲ။

လုဘခ်မြို့က မြို့ဟောင်းလက်ရာတွေကို လေ့လာရုံမက နေ့လယ်မှာတော့ ကဖေးဆိုင်တစ်ဆိုင်မှာ ခရင်း(မ်)ဖြည့်ထားပြီး ဗာဒံစေ့ဖြူးထားတဲ့ ကိတ်မုန့်ကို စားပြီးမှ ပြန်ပါတဲ့။

❑

Sylt

ဒီကျွန်းကလည်း ရွှလ်စ်ဝစ်-ဟိုင်းတိုင်းပြည်နယ်၊ ဂျာမနီရဲ့ မြောက်ဘက် အစွန်ဆုံးနဲ့ ဒိန်းမတ်ပြည်အစမှာရှိတဲ့ ကျွန်းလေးပေါ့။ ကျွန်းက ငယ်ပေမဲ့ ဟပ်ဘတ်ခ်မြို့သူ အလှပဂေးတွေ ဖက်ရှင်ကျတဲ့ဝတ်စုံတွေ လာရောက်ဝယ်ယူရတဲ့ ဆိုင်တွေ အများကြီးရှိသလို အကောင်းဆုံး စားသောက်ဆိုင်တွေနဲ့ လောင်းကစားကာစီနိုငယ်လေးလည်း ရှိနေပြန်တာပါ။ စစ်လ်မြို့ကတော့ ကျွန်းငယ်ငယ်လေးပါ။ ရိုးရာဒေသအနေနဲ့ ဂျာမန်တွေကလည်း တန်ဖိုးထားတာပါ။ စစ်လ်ကျွန်းငယ်က ပေတစ်ထောင့်ရှစ်ရာကျယ်ပြီး မိုင်လေးဆယ်ရှည်တဲ့ သောင်ပြင်ရှိပါတယ်။ အချိန်မရွေး ကျွန်းလေးက ကမ္ဘာ့မြေပုံက ပျောက်သွားနိုင်သတဲ့။

အဲဒီကျွန်းမှာ လိင်တူဆက်ဆံသူ အမျိုးသမီးတွေနဲ့ အမျိုးသားဦးရေတွေ အတော်များသလို နာမည်ကြီး ဝတ်စုံစားလစ်ကမ်းခြေလို့ သတ်မှတ်ခံနေရာ

www.burmeseclassic.com

www.burmeseclassic.com

လည်း ရှိပြန်ပါရဲ့။ အေးအေးဆေးဆေး ရောက်ရ အပန်းဖြေပြီး ညစာကို လတ်ဆတ်တဲ့ ပင်လယ်စာကို စားနိုင်တာလေ။ ရှေးခေတ်က လူတွေလို အေးအေးဆေးဆေး နေနိုင်တဲ့ နေရာတစ်ခုဖြစ်ပြီး အိုင်အိုဒင်းဓာတ်ကြွယ်ဝတဲ့ မြောက်ပိုင်း ပင်လယ်လေကလည်း တဖြူးဖြူးနဲ့ပါ။ ကျွန်းမှာနေတဲ့ ဒေသခံတွေကတော့ ခေတ်မီကမ္ဘာကို ရိုးရာအဆောက်အဦဆွေနဲ့ ရင်ဆိုင်ရင်း ကျွန်းတစ်ခုလုံးကို ဘိုင်စကယ်စီး၊ မြင်းစီး၊ လမ်းလျှောက်သွားလို့ပဲရသတဲ့။ ကျွန်းငယ်လေးမှာ ရွာပေါင်း တစ်ဆယ့်နှစ်ရွာပဲ ရှိတာပါ။ 'အစိမ်းရောင် အသည်းနှလုံး' လို့လည်း တင်စားခေါ်ကြပါတယ်။

၁၉ ရာစုက စတတ်ဟမ်ဘတ်ခ်ဟိုတယ်ကလည်း ရှိဆဲပါပဲ။ အကောင်းဆုံး စားသောက်ဆိုင်ရှိတဲ့ စတတ်ဟမ်ဘတ်ခ်ဟိုတယ်ရဲ့ စားဖိုမှူးက ကမ္ဘာကျော် ဂျော်မြူလာပါပဲ။ သူရဲ့လက်ရာနဲ့ ဘီထွင်မှုက အင်မတန် ထူးခြားလှပါရဲ့။ အထူးသဖြင့် ကမာန်ပုစွန်တွေကို ထူးထူးခြားခြား ချက်တတ်သူပါ။

❑

Weimar

ဗီမာလို့ အသံထွက်တဲ့မြို့ကတော့ ဂျာမန်ဂန္ထဝင်အနုပညာစင်မြင့်မြို့လို့ တင်စားနိုင်ပါရဲ့။ ဂန္ထဝင်ဂီတပညာရှင်တွေဖြစ်တဲ့ ခရန်နစ် (Cranach)၊ ဘခ် (Bach)၊ လစ်စ်ဇ် (Liszi)၊ စထြော့စ် (Strauss)နဲ့ ဗွန်ရှစ်လာ (Vonschiller) တို့ရဲ့ အိမ်တွေရှိရာနေရာဖြစ်ခဲ့သလို ဂျာမန်အော်ပရာနဲ့ ကဗျာဆရာကြီး ဂိုသီ (Goethe)နှစ်ခြောက်ဆယ်ကြာ နေထိုင်ခဲ့တဲ့မြို့ပါ။ ဂိုသီက သူရဲ့နာမည်ကျော် Faust ဇာတ်ကြီးကို ဒီမြို့မှာရေးခဲ့ရုံမက သူရဲ့သချိုင်းလည်း ရှိပါတယ်။

တစ်ချိန်ကာလက အရှေ့ဂျာမနီရဲ့ သံကန့်လန့်ကာ (Iron Curtain) နောက်ကွယ်မှာ နေခဲ့ရပေမဲ့ ယခုအခါမှာတော့ ဥရောပရဲ့ ယဉ်ကျေးမှုမြို့တော်ကြီး ဖြစ်ခဲ့ပါပြီ။ ပန်းချီပန်းပုအနုပညာ၊ ဂီတ၊ အနုစာပေ၊ ဒီဇုင်းပညာနဲ့ အတွေးအမြင်ဆိုင်ရာ ကျွမ်းကျင်သူတွေက ဗီမာမှာ စုရုံးနေကြတာမို့ ပြတိုက်ငယ်တွေ၊ ဇာတ်ရုံတွေ၊ အင်စတီကျု့ဒ်တွေ၊ ပွဲတော်တွေနဲ့ ပြည့်နှက်နေပါရဲ့။ ရိုးရာယဉ်ကျေးမှု အမြဲတေတွေကို ဒုတိယကမ္ဘာစစ်မှာရော၊ ကွန်မြူနစ်လက်ထက်မှာရော ပျောက်ပျက်မသွားအောင် ထိန်းသိမ်းနိုင်ခဲ့တဲ့မြို့ပါပဲ။ ဘဝသစ်နဲ့ လူတွေကတော့ ရှေးခေတ် ကျောက်တုံးစီလမ်းတွေမှာ စီးမျောနေကြပါပြီ။

ဗီမာမြို့ကတော့ ဂျာမနီရဲ့ အကောင်းဆုံးနဲ့အဆိုးဆုံးတွေကို လက်ခံထားရတဲ့မြို့ပေါ့။ မြို့ရဲ့ မြောက်ဘက်ခြောက်မိုင်အဝေးမှာ ဂျူးတွေကို သတ်ဖြတ်ခဲ့တဲ့ဗျူကင်ဝဲလ် (Buchenwald) အကျဉ်းစခန်းကရှိနေခဲ့တာကိုး။ သမိုင်းဝင် 'ဆင်ကြီးဟိုတယ်' ကတော့ ၁၆၉၆ ခုနှစ်ကတည်းက မြို့လယ်ဈေးရင်ပြင်မှာဆောက်ခဲ့ပြီး ဂန္ထဝင်သီချင်းရေးဆရာကြီး ရစ်ချတ်ဇော့ဂ္ဂနာ (Wagner) ကနေ အာဏာရှင် ဟစ်တလာတို့အထိ နေခဲ့ကြတာပါ။ အဲဒီဟိုတယ်မှာပဲ ဂိုသီက အသက်ရှစ်ဆယ်ပြည့်မွေးနေ့ကို ကျင်းပခဲ့တုန်းက ခုလိုရေးခဲ့ပါတယ်။ 'ဒီမြို့ရဲ့ ဂိတ်ဝတွေ၊ လမ်းတွေကနေ ကမ္ဘာမြေကြီး ဘယ်နေရာမဆို သွားနိုင်ပါတယ်' တဲ့။

မှီဝဲတာတရား ပွားများကြပါစေ။

■ မေတ္တာဦး

www.burmeseclassic.com

www.burmeseclassic.com

ယောကျ်ားတစ်ယောက်ဟာ ပဟေဠိဆန်လိမ့်မယ်လို့ ကျွန်မ ဘဝတစ်သက်တာပတ်လုံး တစ်ကြိမ် တစ်ခါမှ မတွေးဖူးခဲ့။ တကယ်ပါပဲ။ မိုးဆက်ဆိုတဲ့သူဟာ ကျွန်မအတွက် တော့ ပဟေဠိဆန်ဆန် ဖြစ်ထွန်း ပေါ်ပေါက်လာခဲ့ပြီး ပုစ္ဆာဆန်ဆန် ကွယ်ပျောက်သွားခဲ့တယ်ဆိုတော့ ကျွန်မစကား သိပ်ပြီးခမ်းနားသွား မလားဘဲ။ တကယ်တမ်းကျ သူ အကြောင်းကိုတခမ်းတနား ဖွဲ့ခဲ့ပြရ လောက်အောင် ထူးခြားတဲ့ ယောကျ်ား တစ်ယောက် မဟုတ်တာတော့ သေချာပါတယ်။ သူဟာ ကျွန်မဘဝထဲ ရုတ်တရက်ပဲ ဆိုင်းမဆင့် ဝုံမဆင့် ဝင်ရောက်လာခဲ့ပြီး ရုတ်တရက် ဆိုသလိုပဲ ၄ က်တစ်ဆုပ် ထပျံပြေး သလို ပျောက်ဆုံးသွားခဲ့တာ ယနေ့ ထက်တိုင်ပါပဲ။ သူ့ကို အကဲခတ်ကြည့် တော့လည်း သူဟာ သာမန်ယောကျ်ား တွေထဲက တစ်ယောက်ပါပဲ။ ဒီထက် ပိုတဲ့ ကြန်အင်လက္ခဏာ တစ်ခုတလေ မှ သူ့တွင် မရှိပါ။ တခြားတခြားသော ယောကျ်ားများမှာ ရှိတတ်တဲ့ အကျင့် စရိုက်တွေ ရှိတဲ့သူ တစ်ယောက်ပါပဲ။ ယောကျ်ားတစ်ယောက်ရဲ့ တည်ကြည် မှုမျိုး သူမှာ မရှိသလို၊ ယောကျ်ား တစ်ယောက်တွင် ရှိသင့်ရှိထိုက်တဲ့ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်မှုလည်း သူ့တွင် မရှိ။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ ရှည်မျောမျော။ အသားမဖြူမညို၊ နှာတံချွန်ချွန် ဖြောင့်စင်းစင်း၊ ဒါပေမဲ့ အံ့သြဖို့ကောင်းလောက်အောင် နှစ်လို ဖွယ်ကောင်းတဲ့ အပြုံးခွဲကိုကိုနဲ့ ထူထူ ထဲထဲ မည်းနက်နက် မျက်ခုံးမွေး နှစ်တန်းအောက်တွင် မထီတရီ ရီဝေ ရွှန်းလဲ့နေတဲ့ မျက်ဝန်းနှစ်စုံ ရှိနေပါ တယ်။ ဒါကလည်း ထူးခြားတယ်လို့ ပြောရမရပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမျက်ဝန်းနှစ်စုံကို ပုံမကျပန်း မကျသော ပါဝါထူထူ မျက်မှန် ကိုင်းနက်နက်ကြီးတစ်လက်က ဖုံးလွှမ်းကာရံနေလို့ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

မိုးလင်းတာနဲ့ တခြားယောကျ်ားတွေလို လက်ဖက်ရည်ဆိုင်ထိုင်မယ်။ အောလုံးဂျာနယ်တစ်စောင်ကို သဲကြီးမဲကြီးဖတ်မယ်။ တွေ့သမျှလူနဲ့ အာပေါင်အာရင်းသန်သန် လေပစ်မယ်။ ဟန်တစ်လုံးပန်တစ်လုံးနဲ့ စီးကရက်တစ်လိပ်ကိုခဲမယ်။ စိမ်ပြေနပြေနဲ့ မီးခိုးငွေ့များကို မှုတ်ထုတ်မယ်။ ဒါက သူတစ်မနက်တာကို ဖြုန်းတီးနည်းပဲ။

ကျွန်မဘဝထဲ သူရောက်လာပုံက နည်းနည်းတော့ ပဋ္ဌလက်ဆန်တယ်။ ဒီလိုပြောတော့ ကျွန်မက ချဲ့ကားပြောရာကျမယ်။ သူ့ကို တွေ့ဖူးမြင်ဖူးနေခဲ့တာကြာပါပြီ။ နောက်ပြီး သူကလည်း ကျွန်မကို တွေ့ဖူးမြင်ဖူးနေတာ ကြာပါပြီ။ ဒီမျှကြာမြင့်စွာ တွေ့ဖူးမြင်ဖူးနေပေမဲ့ သူ့အကြောင်းတစ်စုံတစ်ရာကို တစ်စွန်းတစ်စမှ စိတ်မဝင်စားခဲ့ခြင်းကလည်း သိပ်တော့ အံ့သြစရာမကောင်းဘူးလို့ထင်ပါတယ်။ သူကတော့ ကျွန်မနဲ့ ပတ်သက်ဆက်စပ်သမျှ အကြောင်းကြားဖူးချင်လည်း ကြားဖူးမှာပါ။ တိတိပပတော့ ဘယ်သိမလဲ။

သွားရင်းလာရင်းနဲ့ သူ့ကိုတွေ့တိုင်း ရပ်ကွက်ထဲက ရွှတ်တီးရွှတ်နောက် ဗရုတ်ကျကျကောင်လေးတစ်ယောက်၊ ရည်မှန်းချက်ပန်းတိုင်ရယ်လို့ မည်မည်ရရမရှိတဲ့ကောင်လေး တစ်ယောက်လို့ မှတ်ချက်ချမိရုံကလွဲလို့ အမှုမဲ့အမှတ်မဲ့ သဘောထားခဲ့ပါတယ်။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ကျွန်မဘဝထဲ ဝင်ရောက်မွှေနှောက်သွားလိမ့်မယ်။ ကျွန်မနဲ့ပတ်သက်လာရလိမ့်မယ်လို့ ယောင်လို့တောင် တွေးမကြည့်ဖူးခဲ့ပါ။ သူနဲ့ပတ်သက်လို့ သို့လောသို့လော ဒွိဟဖွဲ့ပြီး ကျွန်နေရစ်လိမ့်မယ်လို့ ပိုလို့ပင် မတွေးဖူးခဲ့။ ဒါပေမဲ့ ကျွန်မ ဝန်ခံရဲတာတစ်ခု ရှိပါတယ်။ အဲဒါက သူဟာ ကျွန်မစိတ်ကို တစ်ခါတစ်ရံမှာ ရွှင်ပျလန်းဆန်းစေတယ်။ တစ်ခါတစ်ရံကျတော့ စိတ်ညစ်ညူးလောက်အောင် နှောင့်ယှက်တတ်သူတစ်ယောက် ဆိုတာပါပဲ။

> သူဟာ တခြားတခြားသော ယောကျ်ားတွေလို မိန်းမတစ်ယောက် ဆီက အချစ်ကို လိုချင်လို့ ချဉ်းကပ်လာတယ် ပထမ ရင်းနှီးမှုကို ယူမယ် ဒုတိယ သံယောဇဉ်တွေနဲ့ ဖွဲ့ယှက် ရစ်နှောင်မယ် တတိယ ကျွန်မတို့ကို အပိုင်သိမ်းပြီး တစ်သက်လုံး မီးဖိုချောင်ထဲမှာ မြှုပ်နှံခိုင်းမယ်

ကျွန်မမှတ်မိသလောက်အင်း၊ သတိထားမိသလောက် ပြောရရင် သူ ကျွန်မတို့ ရပ်ကွက်ထဲရောက်လာတာ နှစ်နှစ်ကျော်ကျော်လောက်တော့ ရှိလိမ့်ထင်ပါတယ်။ သူနဲ့ ကျွန်မဆိုတာကလည်း လမ်းသွားရင်း မလွဲသာ မရှောင်သာ တွေ့တတ်တာကလွဲလို့ တစ်ယောက်နဲ့ တစ်ယောက် စေ့စေ့ပင်ကြည့်ဖူးတာ မဟုတ်ဘူးရယ်။ ထူးဆန်းတာက သူက တစ်မနက်ခင်းမှာ ကျွန်မကို ချဉ်းကပ်ဖို့ ကြိုးစားခဲ့တယ်။ ကျွန်မဖြင့် မယုံနိုင်အောင်ဘဲ။ ရပ်ရှင်တွေထဲကလို ဇီဒီယို တွေထဲကလို အလောင်းအစားနဲ့များ ချဉ်းကပ်တာလား။ ဘာလား၊ ညာလားနဲ့ ဇဝေဇဝေဖြစ်ပြီး ကျွန်မအတွေးထဲယောင်္ကယ်ခတ်မိတယ်။ ဒါက မိန်းမတိုင်းဖြစ်တတ်တဲ့ သဘာဝပဲ မို့လား။ ကျွန်မတို့ မိန်းမတွေဟာ များသောအားဖြင့် ကိုယ့်ကိုစိတ်ဝင်စားနေတဲ့ ယောကျ်ားဆိုရင် ရုပ်ချောချော ရုပ်ဆိုးဆိုးနှုတ်ကနေမချစ်ဘူး အတန်တန်ငြင်းပယ်နေပေမဲ့ စိတ်ထဲမှာတော့ ကျိတ်ပြီး သာယာနေလေ့ရှိတယ်။ သဘောကျနေလေ့ ရှိတယ်။ မိန်းကလေးတစ်ယောက်ကို ယောကျ်ားတစ်ယောက်က ချစ်ခင်ပန်တယ်ဆိုတာမိန်းမတစ်ယောက်ရဲ့အလှဂုဏ်ကို ဖော်ကျူးခြင်းတစ်မျိုးလို့ ကျွန်မတို့ မိန်းမသားတွေက အဓိပ္ပာယ်ကောက်ထားကြတယ်။

အဲဒီနေ့က စတယ်လို့ ပြောရမလားဘဲ။ ကျွန်မအလုပ်သွားတိုင်း အလုပ်ပြန်တိုင်းမှာ သူ ကျွန်မ နောက်ကနေ အရိပ်လိုတကောက်ကောက်လိုက်ပြီး တွယ်ကပ်တော့တာပဲ။ တစ်ခါတစ်ရံ ကျွန်မနဲ့ ဘေးချင်းယှဉ်လိုက်ပြီး တစ်လမ်းလုံး ပေါက်တက်ကရတွေ ကရားရေလွှတ်တတွတ်တွတ် ပြောပြီးလိုက်လာတတ်တယ်။ တစ်ခါတလေကျပြန်တော့ စကားတစ်ခွန်းတစ်ပါဒမှ မပြောမှင်သေသေနဲ့ စက်ရုပ်တစ်ရုပ်လိုလိုက်လာတတ်တယ်။ သူ့မဟုတ်တဲ့အတိုင်းပဲ။ ကျွန်မက စကားတစ်ခွန်းမှ မပြောဘဲ ခပ်တည်တည်လုပ်နေရင် 'စကားလေးဘာလေး ပြန်ပြောပါဦး' လို့ ရွတ်နောက်နောက်လုပ်တတ်တယ်။ ကျွန်မက အမြင်ကတ်လို့ မျက်စောင်းထိုးရင် ယောကျ်ားတန်မဲ့မျက်စောင်းပြန်ထိုးတယ်။ မိုးဆက်ဆိုတာ အဲဒီလို ယောကျ်ားမျိုး။

တစ်နေ့ကလည်း ကျွန်မ ဘေးလာပြီး ပေါက်ကရတွေ လျှောက်ပြောနေလို့ စိတ်တိုတိုနဲ့-

'မိုးဆက်၊ ငါတော့ နင့်ကိုကြာလေ မုန်းလေပဲ သိလား'

ကျွန်မ ခပ်မာမာလေး ပြောလိုက်တယ်။ အဲဒီတော့ သူက ဘာပြန်ပြောတယ်မှတ်လဲ။ ဟောဗျာတဲ့။ ကျွန်တော် မျိုးကလည်း ခင်ဗျားလေးကို ချစ်တယ်လို့ မပြောရသေးပါလား။ ဇွတ်ရော၊ အတင်းရော၊ အဓမ္မရောကို အဖြေးနေတော့တာပဲတဲ့။ သူက အဲဒီလို မဟုတ်တမ်းတရမ်းကတော့ အလွန်တတ်တယ်။ ကျွန်မမှာဖြင့် စိတ်တိုလိုက်တာ ဆတ်ဆတ်ကိုတုန်နေရောပဲ။ သူ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာလည်း

www.burmeseclassic.com

www.burmeseclassic.com

အကြိမ်ပေါင်းမနည်း။ တစ်ခါတစ်ခါဆို သူ့ကို ဆွဲစုတ်စရာစိတ်ပေါက်မိတယ်။

ကျွန်မ အလုပ်သွားလို့ ဘက်လမ်း ထွက်လိုက်တာနဲ့ အရင်ဦးဆုံးတွေ့ရတာ သူ ချက်နှာပဲ။ ဒါတင်လားဆိုတော့ မဟုတ်သေးဘူး။ ကျွန်မ အလုပ်နားတဲ့နေ့ဆိုရင် ကျွန်မတို့ အိမ်ရှေ့ကနေ ခေါက်တုံ့ခေါက်ပြန်လျှောက်ပြန်သံပေးလုပ်နေတတ်တာ။ အိမ်ရှေ့ကလမ်း ချောင်းပေါက်ရံမကဘူး၊ သမုဒ္ဒရာဖြစ်အောင်ကို လျှောက်ပြမယ် လို့ သူက ကြွေးဝါးလိုက်သေးတယ်။

ကျွန်မကို စောင့်တဲ့ နေ့ရာမှာ မာယာပရိယာယ်က လည်း ကြွယ်လိုက်သမှ တစ်ခက်မကိုခပ်ရော။ ကျွန်မ လာပြီဆိုရင် ကွမ်းယာဆိုင်မှာ ကွမ်းယာဝယ်သလိုလို ဆေးလိပ်ဝယ်သလိုလို လုပ်နေကျ။ သဘောကတော့ မထင်မှတ်ဘဲ တွေ့တယ်ပေါ့။ အစကတော့ မထင်မှတ်ဘဲ တွေ့တယ်လို့ ကျွန်မဘက်က ထင်လိုက်သေးတယ်။ တစ်ရက် လည်းမဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ သုံးရက်လည်းမဟုတ် ဆိုတော့ စိမ်းလဲ့ဖြူဆိုတဲ့ အိမ်းမက ခပ်ညည်းညည်းမှ မဟုတ်ဘာ၊ ဒီယုန်မြင်လို့ ဒီချုံထွင်တယ်ဆိုတာ အသိသာကြီးပဲ။

မိုးလင်းတာနဲ့ ဘက်လမ်းမှာ သူရောက်နေပြီ။ ဘက်လမ်းဆိုလို့ ပြောရဦးမယ်။ ကျွန်မတို့နှစ်ယောက် အကြောင်းပြောရင် ဘက်လမ်းကို ချန်လှပ်ထားဖို့ခက်တယ်။ ဘက်လမ်း ဆိုတာက ကျွန်မ ဘို့ရပ်ကွက်ရဲ့ အထင်ကရ လမ်းကလေးဆိုပါတော့။ ဘက်လမ်းလို့ ဘာကြောင့် ခေါ်မှန်းတော့ ကျွန်မလည်း သေသေချာချာမသိဘူး။ ကျွန်မ အထင်ပြောရရင် ဘောလုံးပွဲတွေမှာ နောက်တန်းကို ဘက်တန်းလို့ခေါ်သလို ကျွန်မတို့ရပ်ကွက်ရဲ့ အနောက်ဘက် ခပ်ကျကျအရပ်မှာ ရှိနေလို့များ 'ဘက်လမ်း' လို့ ခေါ်လေသလား မပြောတတ်ဘူး။ ဘာကြောင့်ပဲ ဘက်လမ်းလို့ ခေါ်ခေါ် သိပ်တော့ အရေးမပါဘူး။ ဘက်လမ်းဟာ ဘက်လမ်းပဲပေါ့ ဟုတ်ဘူးလား။ အဲဒီဘက်လမ်းမှာ ရှိတဲ့ လက်ဖက်ရည်ဆိုင်၊ ကွမ်းဆိုင်၊ မုန့်ဟင်းခါးဆိုင် အသုပ်ဆိုင်စသဖြင့် စသဖြင့် နောက်ဆုံး ဘက်လမ်းမှာ ထိပေါက်စဉ်ရောင်းတဲ့လူက စလို့ သူနဲ့ သိကျွမ်းဝင်နေတာတော့ သူ့ရဲ့ပေါင်းသင်းဆက်ဆံရေး မဆိုးဘူးလို့ပြောရမယ် ထင်တယ်။ အပေါင်းအသင်း စုံသလို လူချစ်လူခင်ကလည်း ပေါတယ်။

မယောင်မလည်နဲ့ သူ ကျွန်မကို ဘက်လမ်းကနေ အမြဲစောင့်တယ်။ ပြီးရင် မယောင်မလည်နဲ့ ကျွန်မ အနားရောက်လာတတ်တယ်။ ကျွန်မ စီးမယ့် ကားမှတ်တိုင်အထိ လိုက်ပို့တယ်။ ကျွန်မကို ချဉ်းကပ်တဲ့နေ့က စပြီး တစ်ရက်မှ မပြတ်အောင် ကားမှတ်တိုင်ထိ လိုက်ပို့တယ်။ ဇွဲနပဲကတော့ အံ့သြဖို့အကောင်းသား။ ကျွန်မတို့ နှစ်ယောက်ရင်းနှီးမှုရတော့ ကျွန်မကတောင် -

'ပုံမှန်ပဲနော်' လို့။

စနောက်လိုက်မိသေးတယ်။ သူကတော့ ထုံးစံတိုင်း -

'ပုံမှန်ဆို သောက်တဲ့ လက်ဖက်ရည် ကို လည်း ကြည့်ဦး။ ပုံမှန် ဝမ်း...'

ပြောပြီး ခပ်ဟဟလေးရယ်တယ်။ 'ဘာမှမဆိုင်ဘူး' လို့ ကျွန်မက ရွဲ့ပြီးပြောတော့ သူက ဆိုင်ဆိုင် မဆိုင်ဆိုင်တဲ့။ မိန်းမလို မိန်းမရ ပြန်ပြောတယ်။

ကျွန်မလေ တစ်ခါတလေ သူ့အကြောင်းတွေးမိတယ်။ သူ့ဘဝမှာ လေးလေးနက်နက်နေဖို့ စိတ်မကူးဘူးလားလို့။ သူ့ကိုတော့ ထုတ်မပြောဖြစ်ပါဘူး။ ထုတ်မေးရအောင်လည်း သူ့ကိုစိတ်မဝင်စားခဲ့ဘူး။ ကျွန်မက အစ်မဖြစ်တဲ့ အပျိုကြီးတွေကြားမှာ ကြီးပြင်းခဲ့ရသူဖို့ ထင်ပါရဲ့။ နည်းနည်းတော့ ဇီဇာကြောင်ချင်တယ်လို့ ပြောရမယ်။ အစ်မတွေရဲ့ ဩဝါဒတွေ အတွေးအခေါ်တွေ ခေါင်းထဲမှာ ပြည့်သိပ်ညှပ်ပိတ်နေတယ်။ အစ်မတွေက ကျွန်မ ခေါင်းထဲ ပေတံတစ်ချောင်း ရိုက်သွင်းပေးထားတယ်။ ဒါကြောင့် ယောကျ်ားတစ်ယောက်ကို စံချိန်စံညွှန်းတွေနဲ့ တိုင်းတာသတ်မှတ်ပြီး ကြည့်တဲ့အကျင့်စွဲနေခဲ့တယ်။ ကျွန်မရဲ့ စံနဲ့မကိုက်ရင် လစ်တော့ပဲ။ ဒီလိုလူလားမြောက်လာခဲ့တာဆိုတော့ သူဟာ ကျွန်မရဲ့ ပေတံအောက်မှာ ရာနှုန်းပြည့်အမှတ်နဲ့ ကျရုံးနေတဲ့သူ။ သူမှာ ကျွန်မရဲ့ စံနဲ့ကိုက်တဲ့အကွက်ဆိုလို့ တစ်ကွက်တလေပင် မရှိခဲ့။

ဘယ်ကနေ ဘယ်လို စုံစမ်းလာမှန်းမသိပေမဲ့ တစ်နေ့ သူ ကျွန်မ အလုပ်လုပ်တဲ့ ဆီအထိ ရောက်လာတယ်။ ဒါတင်မပြီးဘူး။ အပြင်နေ မျက်ရိပ်မျက်ခြည်ပြလိုက်၊ မျက်မှန်ကြီးပင့်ပြလိုက်နဲ့ ဂိုက်ပေးကြမ်းနေတာ အကြောက်ကြီးပဲ။ သူ့ဌေး ရိပ်မိသွားတော့ ကျွန်မ အဆူခံထိတယ်။ ရှုပ်ရှုပ်ယှက်ယှက်တွေ လုပ်သလေးပေါ့လေ။ ကျွန်မ စိတ်ပိုင်းဖြတ်လိုက်တယ်။ သူ့ကို အခုကတည်းက ရှင်းထားမှဖြစ်မယ်။ ပြတ်သားမှ ဖြစ်မယ် လို့လေ။ အဲဒီတော့ အလုပ်ကအပြန် သူ ကျွန်မ အနားရောက်လာတယ်ဆိုရင်ပဲ စိတ်ပေါက်ပေါက်နဲ့ ပေါက်ကွဲပစ်တာ။ အဲဒီလို ပေါက်ကွဲတော့ သူကမျက်နှာသေလေးနဲ့ ပြန်ပြောတယ်။ အဲဒီတုန်းက သူ့မှာ မျက်ခမ်းစပဲရောဂါဖြစ်နေလို့ပါတဲ့။ ရယ်ချင်စိတ်ကို မနည်းအောင့် အည်းထားရတယ်။ သူမို့တတ်လည်း တတ်နိုင်တယ်။ ဘုရားရှိခိုးအမျိုးမျိုးဆိုတာ ဒီပုဂ္ဂိုလ်မျိုးထင်ပါရဲ့။

'ခုရော ပျောက်သွားပြီတဲ့လား'

ကျွန်မ ခပ်ဆတ်ဆတ်ကလေး တမင်တကာလေသံကို မာချင်ယောင်ဆောင်ပြီး မေးလိုက်တယ်။ ဒီတော့ သူက တစ်လုံးတည်း ပြန်ဖြေတယ်တဲ့။ 'သဲ့...' တဲ့။ ဘာသဲ့လဲဆိုတော့ ကိုရီးယားလို 'ဟုတ်ကဲ့ပါ' တဲ့။ ကျွန်မဖြင့် ရယ်ချင်စိတ်ကို မထိန်းနိုင်ဘဲ ရယ်လိုက်ရတာ အူတွေတက်မတတ်ဘဲ။ အပြတ်ကောလိုက်မယ်ဆိုတဲ့ စိတ်ကူးတောင် ဘယ်အရပ်လွင့်စဉ်သွားမှန်း မသိလိုက်ဘူး။

ဆို ငိ ကို လာရတဲ့

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအရင်း သူကိုမေးတယ်။ သူမှာ သိချင်တာတစ်ခုရှိနေတယ်။ အဲဒါကို သိချင်တဲ့အတွေပြင်းထန်ထကြွနေတာ မအောင့်အည်းနိုင်လို့ အလုပ်ခွင်ကို လာခဲ့ရတဲ့အတွက် စိတ်မကောင်းပါဘူးတဲ့လေ။

'အခု မေးလေ'

သူ့ကို လမ်းဖွင့်ပေးလိုက်တယ်။ သူကမေးတယ်။

'ခရစ္စမတ်နေ့က ဘယ်နေလဲ။ အဲဒါ မေ့နေလို့'

ကျွန်မ အတော်ကို ကသိကအောက်ဖြစ်သွားမိတာ။ အရေးမပါတာကို အရာပေးပြီး ရေးကြီးခွင်ကျယ် လုပ်တတ်တဲ့သူကြောင့်။ လူကို ရယ်ရခက်၊ ငိုရခက်လုပ်တတ်တဲ့ သူ့အပြုအမူတွေက စိတ်ညစ်စရာဆိုပေမဲ့ ခင်ဖို့တော့ ကောင်းတယ်ဆိုတာ ဝန်ခံပါတယ်။ သူကိုယ်သူလည်း အဲဒီလိုနေမှ မိုးဆက်အစစ်တဲ့။

ခရစ္စမတ်နေ့မှာတော့ ကျွန်မအတွက် လက်ဆောင်တွေဝယ်လာတယ်။ နောက်ပြီး အဝါရောင်နှင်းဆီပန်းစည်းတစ်စည်း ဝယ်လာပြီး ပေးတယ်။ ကျွန်မကို ပြောစရာရှိတယ်လို့ ပြောတယ်။ အခု မပြောသေးဘူး။ လက်ဆောင်ပေးပြီး ပြောတယ်ဖြစ်မှာ စိုးလို့ နောက်မှပြောမယ်လို့လည်း ပြောတယ်။ ကျွန်မ မျှော်လင့် ထားပြီးသားပါ။ မကြာခင်မှာ သူ့ဆီက ဖွင့်ဟသံကို ကြားရတော့မယ်ဆိုတာ ကျွန်မ ရိပ်မိပါတယ်။ ကျွန်မ ဘက်ကတော့ ရှင်းပါတယ်။ သူဟာ ကျွန်မ ရင်ကို လှုပ်ခါနိုင်စွမ်းမရှိဘူးဆိုတာ ပြောစရာ လိုမယ်တောင် မထင်ဘူး။

နှင်းမှုန်လေးတွေ ကွဲစေ နေရောင်ခြည် အမျှင်တန်း လေးတွေ ဖြန့်ကြက်စ အချိန်မှာ သူ ကျွန်မဆီကို မျှော်လင့်ချက်တွေ တလက်လက် တောက်ပနေတဲ့ မျက်ဝန်းတွေနဲ့ လက်ထဲမှာ ခရမ်းရောင် ပန်းစည်းတစ်စည်း ကိုင်ပြီး ရောက်လာခဲ့တယ်

သူဟာ တခြားတခြား သော ယောကျ်ားတွေလို မိန်းမတစ်ယောက်ဆီက အချစ်ကို လိုချင်လို့ ချဉ်းကပ်လာတယ်။ ပထမ ရင်းနှီးမှုကို ယူမယ်။ ဒုတိယ သံယောဇဉ်တွေနဲ့ ဖွဲ့ယှက်ရစ်နောင်မယ်။ တတိယ ကျွန်မတို့ကို အပိုင်သိမ်းပြီး တစ်သက်လုံးမီးဖို ချောင်ထဲမှာ မြှုပ်နှံခိုင်းမယ်။ ဒါလောက်တော့ ကျွန်မ အစ်မအပျိုကြီးတွေ လက်ချာပေးထားလို့ ဖန်တစ်ရာတေနေပါပြီ။ အဲဒီတော့ ကျွန်မက သူ့ကို ပွင့်ပွင့်လင်းလင်းပြောလိုက်တယ်။

'မင်း ကြိုက်တဲ့အချိန်မှာ ပြောလို့ရပါတယ်'

ကျွန်မစကားက သူ့ကို မျှော်လင့်ချက်ပေးလိုက်သလိုများဖြစ်သွားခဲ့လား။ တကယ်ပါ။ ကျွန်မ ရိုးရိုးသားသား ပြောခဲ့တာပါ။ ဘူးသီးလို့ အရီးတော်တာလည်း မဟုတ်ဘူး။ ရွှေရှိလို့ အမျိုးစပ်တာလည်း မဟုတ်ပါဘူး။ လက်ဆောင်ပစ္စာဆိုတာ ပိတ်ထားတဲ့ တံခါးကို ဖွင့်တဲ့သော့တဲ့။ အမှန်တော့ သူနဲ့ပတ်သက်ပြီး ကျွန်မရင်ထဲမှာ ဘာ ခံစားချက်မှ မရှိလို့ မြန်မြန်ဖွင့်ပြောတာနဲ့ ကျွန်မဘက်က ငြင်းပယ်လိုက်မယ်။ ဒါဆို သူနဲ့ဆက်စရာ မရှိတော့ဖြို့ သူလည်း နောက်ဆုတ်သွားမယ်။ ဒီဇာတ်က ဒို့ထက်ဆက်မျှောနေရင် သူပဲပိုပြီး နာကျင်ရမှာ။ အဲဒီတော့ ကျွန်မကပဲမျှော်လင့်ချက်တွေ တသီတတန်းကြီးပေးပြီး ရက်ရက်စက်စက် အသည်းခဲတတ်တဲ့ မိန်းမဖြစ်နေဦးမယ်။ ယောကျ်ားတွေဟာ ဘယ်တော့မှ ခံစားချက်ကို မျိုသိပ်နိုင်စွမ်းရှိတဲ့သူတွေ မဟုတ်ဘူး။ နီးစပ်ရာကို တစ်နည်းမဟုတ်တစ်နည်းနဲ့ ရင်ဖွင့်ရမှ ကျေနပ်တဲ့သူတွေ။ ဓေဒနာသက်သာတယ်လို့ ယူဆတဲ့သူတွေ။ သူတို့ရင်ဖွင့်သံဆုံးတော့ ကောက်ချက်ချခံရတဲ့သူက မိန်းမတွေပဲ။ အပြစ်တင်ခံရသူတွေက မိန်းမတွေပဲ။ ဒါကြောင့် ကျွန်မက ကိုယ့်အတွေးနဲ့ကိုယ် လမ်းဖွင့်ပေးခဲ့တယ်။ သူ့အတွက် အဖြေက အစောကြီးကတည်းက ရှိနှင့်ပြီးသားပဲ။

တကယ်တော့ ကျွန်မဟာ ကိုယ့်ကိုယ်ကို ပါးပါးနပ်နပ်လိမ်ညာလှည့်ဖြားနေခဲ့တာလား။ ဒါမှမဟုတ် ကျွန်မ နှလုံးသားကပဲ ကျွန်မကို လှည့်ဖြားနေခဲ့တာလား။ သေသေချာချာ မသိခဲ့လိုလည်း ကျွန်မဘဝမှာ အမှားတစ်ရပ်ကို လှလှပပလေး ကျူးလွန်မိခဲ့တယ်။ ရုပ်ဖျက်ထားတဲ့ အမှန်တရားက ကျွန်မဘဝကို ဖရိုဖရဲဖြစ်အောင် မွေနှောက်ခဲ့တယ်။

ကျွန်မ မှတ်မိနေသေးတယ်။ ကျွန်မ အရုံထဲမှာ စွဲစွဲမြဲမြဲကို မှတ်မိနေသေးတယ်။ နှင်းမှုန်လေးတွေ ကွဲစေ နေရောင်ခြည်အမျှင်တန်းလေးတွေ ဖြန့်ကြက်စအချိန်မှာ သူ ကျွန်မဆီကို မျှော်လင့်ချက်တွေ တလက်လက်တောက်ပနေတဲ့ မျက်ဝန်းတွေနဲ့ လက်ထဲမှာ ခရမ်းရောင်ပန်းစည်း တစ်စည်းကိုင်ပြီး ရောက်လာခဲ့တယ်။ ခရမ်းရောင်ပန်းပွင့်ဆိုတာ မျှော်လင့်ချက်နဲ့ ဆုံစည်းခြင်းကို အဓိပ္ပာယ်ကိုယ်စားပြုတယ်လို့ ကျွန်မ မှတ်ဖူးတယ်။

သူ ကျွန်မကို ချစ်တယ်လို့ ပြောတယ်။ ကျွန်မကလည်း သူ့ကို ပြန်ပြောလိုက်တယ်။

'မင်းကို ငါ ချစ်လို့မရဘူး။ မင်းဟာ ငါသတ်မှတ်ထားတဲ့ စံနဲ့မကိုက်ညီတဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေလို့ပဲ'

သူ ငိုင်ကျသွားတယ်။ မယုံကြည်နိုင်တဲ့ မျက်ဝန်းတွေနဲ့ ကျွန်မကို မော့ကြည့်တယ်။ ကျွန်မဆိုတဲ့ ကျွန်မက ပြတ်သားသင့်ပြီထင်ရင် ချက်ချက်စက်စက်ပြတ်သားစာတတ်

www.burmeseclassic.com

www.burmeseclassic.com

ကဲ့ မိန်းမ။ အဲဒီစိတ်ကပဲ ကျွန်မကို မှားယွင်းတဲ့စကား ဆိုးတွေ ဆက်တိုက်ထွက်စေခဲ့တယ်။

'ပြီးတော့ မင်းကိုမြင်နေ ဆွေနေရခြင်းဟာ ငါ့အတွက် ဆာ့ စိတ်အနှောင့်အယှက် ဖြစ်စေတာတော့ အမှန်ပဲ။ ဒါကြောင့် အဖြေတစ်ခုကို ပြတ် ပြတ်သားသား ပေးသင့်ပြီလို့ ဆင်တယ်'

ကျွန်မ လွန်များလွန်းသွားသလား။ မုသားတစ်ခက် အမှန်တစ်ဝက်ဆိုလိုက်မိတယ်။ ဒုတိယအကြိမ်တအံ့အသြနဲ့ ကျွန်မကို ကြည့်တယ်။ အမြဲတစေ ရီဝေဝေဖြစ်နေတဲ့ သူ့မျက်ဝန်းတွေ နှမ်းလျနေတာ ကျွန်မ သတိထားလိုက်မိတယ်။ အမြဲတမ်းလိုလို ပြုံးရွှင်နေတဲ့ နှုတ်ခမ်းတွေကို တင်းတင်းစေ့လို့။ မထင် ထားတဲ့ အနုပြန်မှုကြောင့် စိတ်ထဲ အယောက်ကယက်ဖြစ်နေပုံရတယ်။ သူ့နှုတ်က ကျွန်မအတွက် နောက်ဆုံးစကား စစ်ခုပြောခဲ့ပါတယ်။

'ကျွန်တော်က မစိမ်းလဲ့ဖြူရဲ့စိတ်ကိုအနှောင့်အယှက် ဖြစ်စေတယ်တဲ့လား' တဲ့။

ပြောပြီး သူပြေးထွက်သွားတယ်။ ကျွန်မ ကြောင်စီစီနဲ့ ကျန်နေရစ်ခဲ့တယ်။ ကျွန်မအထင်တော့ သူက-

'မင်းဟာ ငါ့ကို မာယာဆွဲနဲ့ မျှော်လင့်ချက်ပေးပြီး တော်တစ်ကောင်လို အစာ ဆာသွေးပြီး ရက်ရက်စက်စက် သတ်ခဲ့တဲ့ မိန်းမပဲ' စသဖြင့် အာညာသာရကာ နေကြာ ကျွာစေ့ ကြောင်ချေးပဲ လှော် ပြောချင်တာတွေ ပြောပြီးမှ သွားလိမ့်မယ်ထင်ခဲ့တာ။ မြင်ကွင်းထဲကနေ ပျောက်ကွယ် သွားတဲ့အထိ ကျွန်မ သူ့ကျောပြင်ကို ကြည့်ပြီး ကျွန်ရစ်နေခဲ့ပေမဲ့ သူက လှည့်မကြည့်ဘဲ ပြေးထွက်ခဲ့တယ်။ အဲဒီတော့မှ ကျွန်မရင်ထဲ နှင့်ခနဲခံစားလိုက်ရမှန်း သတိထားမိတယ်။ ဘုရား... ဘုရား။ ကျွန်မက ဘာဖြစ် သွားတာပါလိမ့်။ ကျွန်မ တုန်လှုပ်ချောက်ချားသွားမိတယ်။ ကျွန်မ ခြေရင်းမှာတော့ ခရမ်းရောင် ပန်းစည်းလေး လဲလျောင်းနေဆဲပဲ။ မျှော်လင့်ချက်နဲ့ ဆုံစည်းခြင်း အထိမ်းအမှတ်တဲ့လား။

အရင်တုန်းကဆို ရင်မနက်အလုပ်သွားတာနဲ့ ဘက်လမ်းရဲ့တစ်နေရာရာမှာ တွေ့နေကျ။ လက်ဖက်ရည်ဆိုင်မှာဖြစ်စေ၊ ကွမ်းယာဆိုင်မှာဖြစ်စေ၊ ဂျာနယ်ဆိုင်မှာဖြစ်စေ တစ်နေရာမဟုတ်တစ်နေရာမှာ တွေ့နေကျ။ အဲဒီနောက် သူ့ကို ဘက်လမ်းရဲ့ ဘယ်နေရာမှာမှ မတွေ့ရတော့။ ကျွန်မကို မျက်နှာချင်းမဆိုင်ဝံ့လို့ အိမ်ထဲက အိမ်ပြင်မထွက်တာ ဘဲလို့ ကျွန်မ ထင်နေခဲ့တာ။ ဒီရက်ပိုင်းမှာ သူ့ကိုတွေ့ချင် စိတ်တွေ ပြင်းပြနေတယ်။ သူလာရင် ကောင်းမှာပဲလို့ စိတ်ထဲကနေ တိတ်တိတ်ကလေး မျှော်နေမိတယ်။ သူကတော့ အရိပ်အယောင် တောင် ပေါ်မလာခဲ့။ ရက်ပေါင်းများစွာ သူ့ကို မတွေ့ရတော့မှ ကျွန်မစိတ်ထဲသံသယတွေ ပွားလာမိတယ်။ ကျွန်မ သူ့အကြောင်းကို သူနဲ့ နီးစပ်ရာစုံစမ်းကြည့်တယ်။ ဘယ်သူမှ ရေရေရာရာ မသိကြဘူး။ သူနေသွားတဲ့ အိမ်ဆိုတာလည်း သူ့အကြောင်း ဂဃနဏာ သိတာမဟုတ်ဘူး။ အိမ်ငှားတစ်ယောက်၊ ခင်ဖို့ကောင်းတဲ့ သူငယ်လေးတစ်ယောက်လို့သာ သိကြတာ။

တစ်ရက်မှာ သူက ငှားထားတဲ့ အိမ်ကိုပြန်လာအပ်တယ်တဲ့။ သူသွားတော့မယ်လို့လည်း နှုတ်ဆက်တယ်တဲ့။ ဒီပတ်ဝန်းကျင်မှာ သူ့ကြောင့် သူ့ကို မြင်နေရခြင်းကြောင့် စိတ်အနှောင့်အယှက် ဖြစ်တဲ့သူတစ်ယောက် ရှိနေပြီတဲ့။ ဒါပဲ ပြောသွားခဲ့တယ်လို့ အိမ်ရှင်က ပြန်ပြောတယ်။ ဘယ်သွားမှာလဲလို့ မေးတော့လည်း မဖြေဘဲ နှုတ်ဆိတ်နေတယ်တဲ့။ ဒီလိုနဲ့ မိုးဆက်ဆိုတဲ့ ကောင်လေးတစ်ယောက် ကျွန်မတို့ပတ်ဝန်းကျင်ကနေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့တယ်။ ကျွန်မဘဝထဲကနေ ပျောက်ချင်းမလှ ပျောက်သွားခဲ့တယ်။

ဘက်လမ်းရောက်တိုင်း သူ ကျွန်မကို စောင့်နေတတ်တဲ့ နေရာလေးတွေ မြင်တိုင်း မြင်တိုင်း ကျွန်မရင်ထဲ တဆစ်ဆစ်နဲ့ နှင့်နှင့်သီးသီး ခံစားရတယ်။ ကျွန်မ ခေါင်းထဲမှာ ကိုယ့်နှလုံးသားကို အမှန်တိုင်း မမြင်နိုင်လောက် အောင် ဖုံးလွှမ်းနေတဲ့ အယူအဆတွေလား၊ အတွေးအခေါ်တွေလား၊ ဒါမှမဟုတ် အတွေတွေလား။ ဒါက ကျွန်မရဲ့ သတ်မှတ်ထားတဲ့ ပေတံတစ်ချောင်းလားလို့ ကိုယ့်ကိုယ်ကို အထပ်ထပ်အခါခါ ပြန်မေးနေမိတယ်။

ကျွန်မကိုယ် ကျွန်မ သိလိုက်တာက ကျွန်မရဲ့ ယောကျ်ားတစ်ယောက်အပေါ် တိုင်းတာတတ်တဲ့ ပေတံဟာ မိုးဆက်ဆိုတဲ့ ကောင်လေး တစ် ယောက်ကြောင့် တစ်စစီ ကျိုးကြွေမှသွားပြီဆိုတာပါပဲ။ သူပြေးထွက်သွားတဲ့ အချိန်ကစပြီး ကျိုးပြတ်ခဲ့တယ်ဆိုတာ သူကတော့ သိမှာမဟုတ်ပါဘူး။

အခုအချိန်မှာ ကျွန်မက သူ့ကိုလွမ်းဆွတ်နေတယ်လို့ ပြောရင် ကျွန်မဟာ ဗလောင်းဗလဲနိုင်လွန်းလှတဲ့ မိန်းမတစ်ယောက်များ ဖြစ်နေမလား။ ကျွန်မနှလုံးသားက မယုံကြည်နိုင်စွာ သူ့ကို မျှော်လင့်နေခဲ့တာ ယနေ့ထိပါပဲ။ မိုးဆက်ဆိုတဲ့ သူဟာ တကယ်ပဲ ကျွန်မအတွက် ပဟေဠိဆန်ဆန် ဖြစ်ထွန်းပေါ်ပေါက်လာပြီး ပုစ္ဆာဆန်ဆန် ပျောက်ဆုံးသွားခဲ့တယ်။ သူ မရှိတော့တဲ့ ကျွန်မတို့ရပ်ကွက်ထဲက ဘက်လမ်းဟာ ခြောက်သွေ့နေတယ်ဆိုတာ၊ အင်း အကျည်းတန်နေတယ်ဆိုတာ အမြဲတစေ စောင့်မျှော်နေတဲ့ ကျွန်မကလွဲလို့ သူကတော့ သိနိုင်ပါဦးမလား။ ဒီတစ်ခါ ဘက်လမ်းက စောင့်နေတဲ့သူက စိမ်းလဲ့ဖြူဆိုတဲ့ ကျွန်မ ဖြစ်နေမယ်လို့ သူတွေးရောတွေးမိပါ့မလား။ ဒီတစ်ခါ ခရမ်းရောင်ပန်းစည်းကိုင်ပြီး စောင့်နေတဲ့သူက ကျွန်မ ဖြစ်နေလိမ့်မယ်လို့ မိုးဆက်ဆိုတဲ့ ကောင်လေး တွေးရော တွေးမိပါ့မလား။

နှလုံးသားဆိုတာ အဲဒီလိုလည်း နားလည်ရခက်ပါလားလို့ ကျွန်မ သိခဲ့ပါပြီလေ။

■

နေဇာခိုင်

www.burmeseclassic.com

www.burmeseclassic.com

မင်းမြင့်ဇင်ရဲ့ တို့များလည်း အားကျပါရဲ့ဟာ ရေရောင်းတဲ့ လင်မယား နှစ်ယောက်ရဲ့ ဘဝကို ခပ်ရွှင်ရွှင်လေး ရေးဖွဲ့ထားတဲ့ သရုပ်မှန် ဝတ္ထုတိုလေး တစ်ပုဒ်ပါ

ကြိုးစားလာတယ်။ အုပ်ချုပ်ရေးဆိုတာက အာဏာစက်ပဲလေ။ ဒါဆိုရင် အာဏာရဲ့ ယန္တရားက ဘယ်မှာလဲ၊ တည်အောင် ဘယ်သူတွေက ဘာတွေနဲ့ လုပ်မလဲ။ ကားစိမ်းကြိုးပေါက် ယူနီဖောင်းအစိမ်းနဲ့ လူတွေက ဂိုဒေါင်တံခါး သော့တွေကို ရိုက်ချိုးဖွင့်ပြီး ထားသွား လူအုပ်ကြီးက ဝင်မွှေ၊ ရရာယူကြ၊ အဲဒါတွေကို ဘာနဲ့တားကြမလဲ။ ဒီလ ရန်သစ်မှာပါတဲ့ ရှစ်လေးလုံး အရေးတော်ပုံကြီးကာလ ကြုံတွေ့ခဲ့ရတဲ့အပေါ် ရှုမြင်သုံးသပ် ကင်ဖြတ်းတဲ့ ဆောဝင်းကိုခဲ့ နဂါးချစ်တဲ့ ထမင်းဖိတ်ကျွေးတဲ့ လုပ်ငန်းမဟုတ်ဘူး' တဲ့။ ဆိုလိုတာက အစီအစဉ်တကျ လုပ်လို့မရလို့ ဆိုလိုဟန်ရှိပါတယ်။ တစ်ပြည်လုံးမှာရှိတဲ့ အုပ်ချုပ်ရေးအာဏာ ရွေ့လျောကျ နောက်ဆုတ်သွားတဲ့ မဆလ အုပ်ချုပ်ရေး နေရာမှာ လူထုအုပ်ချုပ်ရေးက ဝင်ယူဖို့ ကြိုးစားကြပါတယ်။ သပိတ် ကော်မတီက မြို့တော်အုပ်ချုပ်ရေးကို တာဝန်ယူဖို့ 'တော်လှန်ရေး ဆိုတာ ဓာတ်မီးထိုးတာ မဟုတ်ဘူး။ ပျော်ပွဲစားထွက်တာ မဟုတ်ဘူး။ အဲဒီလို ညင်ညင်သာသာ၊ ကြင်ကြင်နာနာ၊ သိမ်သိမ်မွေ့မွေ့၊ နူးနူးညံ့ညံ့ လုပ်နေရတာ မဟုတ်ဘူး။ တော်လှန်ရေးဆိုတာ လူတန်းစားတစ်ရပ်က လူတန်းစားတစ်ရပ်ကို အကြမ်းဖက် ဖြိုချတာ ဖြစ်တယ်။ ခေတ်တစ်ခေတ်က ခေတ်တစ်ခေတ်ကို ပေါက်ကွဲ ကူးပြောင်းတာ ဖြစ်တယ်' အဲဒီစကားဟာ 'ယူနန်ပြည်နယ်၊ လယ်သမားလူပ်ရှားမှု အစီရင်ခံစာ' မှာ ဥက္ကဋ္ဌကြီးမော် ပြောခဲ့တဲ့ စကားဖြစ်တယ်။ ဒါတင်မကပါဘူး၊ ရွှေမောင်း ကြားဖူးတဲ့ စကားတစ်ခွန်းကလည်း မောစီတုန်း ပြောခဲ့တဲ့ စကားပဲဖြစ်မှာပါ။ 'တော်လှန်ရေးဆိုတာ ဧည့်သည်

www.burmeseclassic.com

www.burmeseclassic.com

ဦးရင်ကြီးများ နဂါးနဲ့ ပက်ပင်းဆုံတွေ့တဲ့အခါမှာ ရုစ်လေးလုံးခေါင်းဆောင်တွေရဲ့ မည်ညွတ်ပုံကို ၁၈၇၁ခု ပါရီမှာ ပေါ်ပေါက်ခဲ့တဲ့ လူပ်ရှားမှုကြီးနဲ့ နှိုင်းယှဉ် ရေးသားထားပါတယ်။ ရုစ်လေးလုံး တော်လှန်ရေးကြီးဟာ တစ်ကမ္ဘာလုံး ရိုက်ခတ်သွားတဲ့ အမြဲမှတ်တော်လှန်ရေး လူပ်ရှားမှုကြီးဖြစ်တယ်။ ဆရာ ဇော်ဝင်းကို ပြောချင်တာက ဒီလို လူထုလူပ်ရှားမှုကြီးကို ဦးဆောင်နိုင်ဖို့ ပြင်ဆင်မှု မရှိဘူးဆိုတာပါပဲ။ ကျောင်းသားလူငယ်တွေ၊ ပြည်သူလူထုတွေရဲ့ အသက်၊ သွေးနဲ့တည်ဆောက်ခဲ့ရတဲ့ လူထုအုပ်ချုပ်ရေးကို ဆရာက သူဆောင်းပါးမှာ ပုံဖော်ရေးသားထားပါတယ်။

ဒီလ ရန်သစ်မှာ အယ်ဒီတာအဖွဲ့က ဆရာဦးဝင်းတင်၊ ဒေါင်းကိုနိုင်၊ ဆရာ မျိုးမြင့်ညိမ်းတို့နဲ့ တွေ့ဆုံမေးမြန်းခန်းကို ဖော်ပြထားပါတယ်။ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နဲ့ အတူဆုံခန်းမှာ ကိုမင်းကိုနိုင်က 'တိုင်းပြည်တွင်းမှာ 'အခွင့်သူခံနဲ့ ဖိနှိပ်ချုပ်ချယ်မှု' တွေရှိနေရင် အဲဒီနိုင်ငံဟာ တော်လှန်ရေး ဖြစ်ကိုဖြစ်မှာတဲ့။ ကျောင်းသားသမဂ္ဂဆိုတာ ကျောင်းသားသူတော်တော်ပါပဲ။ လက်နက်ကိုင်အဖွဲ့အစည်း ဒါမှမဟုတ် အမိန့်ဆေးစေခိုင်းတဲ့အဖွဲ့အစည်းက လူတွေဟာ ဘယ်လိုမှ ဒီမိုကရေစီကျတဲ့ သဘောသဘာဝကို မြတ်နိုးတာ။ ကျွန်တော့်အမြင်ပြောရရင် အားလုံးကို ကိုယ်စားပြုတဲ့ အလွှာပေါင်းစုံပါတဲ့ ကျယ်ပြန့်တဲ့ ဆွေးနွေးပွဲတစ်ခု၊ ညီလာခံတစ်ခုပေါ့ဗျာ လိုနေပြီ'လို့ ပြောသွားပါတယ်။ ဆရာ ဦးဝင်းတင်ကတော့ '၂၅ နှစ် ကြာသွားပေမဲ့ ပြည်သူတွေဟာ ရုစ်လေးလုံးအရေးတော်ပုံကြီးက စိတ်ဓာတ်

မေတ္တာစိုးမွန်ဟာ သူဝတ္ထု ရေးဖွဲ့တဲ့ နေရာမှာ ပဓာန ဇာတ်ကောင် သူ(မိန်းကလေး) တစ်ဦးရဲ့ စိတ်ခံစားမှုကို သကြားခဲ အရာပ်ကလေးနဲ့ ပုံဖော်ပြ သွားခဲ့တယ်။ အသစ်လို့ ဆိုပေမဲ့ ဝတ္ထုကို ရေးသား တင်ပြရာမှာ လိပ်ပတ် လည်အောင် ရေးဖွဲ့နိုင်ခဲ့ ပါတယ်

ကို ဆက်လက် မွေးမြူရမယ်' လို့ ဆိုပါတယ်။ ဆရာ မျိုးမြင့်ညိမ်းရဲ့ ထောက်ပြပြောပြတဲ့ အချက်ကိုတော့ ရွှေမောင်းတော်တော် နှစ်ခြိုက်ပါတယ်။ 'နောက်တစ်ခုက ကျွန်တော်တို့ Mother Unit ဖြစ်တဲ့ NLDပေါ့။ သူရဲ့နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး ပေါ်လစီကဘာလဲ။ သွားမယ့် လမ်းကြောင်းက ဘာလဲ။ NLDကို ထောက်ခံပါဆိုတာ တစ်ခုတည်းနဲ့ မလုံလောက်ဘူး။ ဘယ်လို ထောက်ခံရမယ်၊ ဘယ်အချက်ကို ထောက်ခံရမှာလဲ သိဖို့လိုတယ်။ အနီးဆုံး ၂၀၁၅ အတွက် ဘယ်လို ပြင်ဆင်နေသလဲ။ ပြည်သူသိဖို့လိုတယ်။ မျိုးဆက်သစ်တွေရော ရှိပြီလား။ ဘယ်သူတွေလဲ၊ ဘယ်မှာလဲ။ ဒါ အရေးကြီးတယ်။ မျိုးဆက်သစ်တွေ မွေးပါ။ နေရာပေးပါ။ လုပ်ကိုင်ခွင့်ပေးပါ။ ရှင်းရှင်းလင်းလင်း မမြင်ရသေးဘူးလို့ထင်ပါတယ်။ ကျွန်မ ပခုံးပြောင်းပေးမယ့် လူတွေဟာ ဟောဒီလူတွေပါလို့ ပြောပြနိုင်ဖို့ လိုပါတယ်'တဲ့။

၂၀၁၃ ဩဂုတ် ရန်သစ်

❑

www.burmeseclassic.com

www.burmeseclassic.com

ချယ်ရီမဂ္ဂဇင်းမှာ ဆရာအောင်ပြည့် တာဝန်ခံအယ်ဒီတာ ဖြစ်စဉ်က **ဝတ္ထုရေးနည်းဝတ္ထု** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဆရာသာခု၊ ဆရာ မောင်ကိုယု၊ ဆရာနတ်နွယ်၊ ဆရာမခင်နှင်းယု၊ ဆရာ မောင်သိန်းဆိုင် စတဲ့ ဝတ္ထုရေး ဆရာကြီးတွေ ဆရာမကြီးတွေဆီမှာ စာမူတောင်းပြီး ဖော်ပြပေးခဲ့ဖူးပါတယ်။

ဒီလ ရွေအမြုတေ ဝတ္ထုတိုတွေထဲက ဒွေဇင်ယော်ဦး(မိုးကုတ်)ရဲ့ **တိုးတိုးပြောပါဟာ** အဲဒီ ဝတ္ထုရေးနည်း ဝတ္ထုပါ။ ဝတ္ထုထဲမှာ သူငယ်ချင်း စုမွန်ရဲ့ တပည့်မလေး ကြူကြူခိုင်ရဲ့ ဘဝဖြတ်သန်းမှု၊ သူတို့အရပ်ထဲက လူပျိုကြီးရဲ့ ဖြစ်ရပ်တို့ကို ဖော်ပြပြီးမှ ဒွေဇင်ယော်ဦးရဲ့ ဇာတ်ကြောင်းပြောသူ 'ကျွန်မ'(ဝတ္ထုရေးသူ)က 'ဘာလို့ မှားတယ်ဆိုတာကို ဆက်မတွေးကြတာလဲ'ဆိုတဲ့ အချက်ကို တွေးမိပြီး သူတို့ဘက်က ကြားဝင်တောင်းပန်တဲ့ ဝတ္ထုတစ်ပုဒ်ရေးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ စွေးမှာ ကြူကြူခိုင်ကို ပြန်တွေ့လိုက်ရတဲ့ အချိန်မှာ စာရေးသူက 'ဘက်'ပြောင်းသွားပုံကို ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုပါ။ **တိုးတိုးပြောပါ** ဟာ ဝတ္ထုရေးနည်း ဝတ္ထုတစ်ပုဒ်လို့ ပြောလို့ရနိုင်မယ် ထင်ပါတယ်။ ကြူကြူခိုင်ရဲ့ မိသားစုဘဝကို ဖော်ပြရာမှာ 'စီးပွားရေးဘဝ'ကို ဒို့ထက်ပိုပြီး တင်ပြနိုင်ရင် ပိုပြီး လင်းလက်လာမယ်လို့ ရွေမောင်းတွေးမိတယ်။

မင်းမြင့်ဇင်ရဲ့ **တို့များ**

> ရာသက်ပန်ဟာ သူဝတ္ထုမှ ကလေး သူငယ်တွေကို ပညာ သင်ကြားရေးနဲ့ ပတ်သက်ပြီး သူ့အမြင်၊ သူ့အတွေးကို သပ်သပ်ရပ်ရပ် ဖြန့်ခင်းပြ ထားပါတယ်

လည်းအားကျပါရဲ့ဟာ ရေးချင်တဲ့ လင်မယားနှစ်ယောက်ရဲ့ ဘဝကို ခပ်ရှင်းရှင်းလေး ရေးဖွဲ့ထားတဲ့ သရုပ်မှန် ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ မင်းမြင့်ဇင်ဟာ သူ့ဇာတ်ကောင် လှမောင်နဲ့ ခင်ဆင့်တို့ရဲ့ ဘဝရုန်းကန်မှုကို ရေထမ်းရောင်းသူ၊ အဲဒီကမှတစ်ဆင့် ဘကြီးစိန်သော်ရဲ့ ရေလှည်းကိုငှားပြီး ရေလှည်းတွန်းသူအဖြစ် သူဝတ္ထုမှာ ဖော်ပြတယ်။ အဲဒီမှာ မင်းမြင့်ဇင်ဟာ လှမောင်နဲ့ ခင်ဆင့်တို့ရဲ့ အကြင်လင်မယားဆက်ဆံရေးကို ဖော်ပြတဲ့နေရာမှာ သူပြတဲ့အပြုလေးက သိပ်လှပါတယ်။ ရွေမောင်းသိပ်သဘောကျတဲ့ အဖွဲ့လေးက ရေလှည်း မဝယ်နိုင်လို့ ဘယ်လိုလုပ်ရမလဲလို့ အိပ်ရာထက်မှာ စဉ်းစားနေတဲ့အချိန် ခင်မြင့်ရဲ့ အတွေးစဉ်လေးပါ။ ယောကျ်ားဖြစ်သူ လှမောင်က ခင်ဆင့်ရဲ့ပုခုံးပေါ်လက်ကလေး တစ်ဖက်တင်ထားတယ်။ ခင်ဆင့် သူ့အာရုံထဲမှာ 'ရေစည်လှည်း'ပဲ ရှိနေတော့ 'နေစမ်းပါဦးတော်'လို့ ပြောပြီး လှမောင်လက်ကို ပုတ်ချလိုက်တယ်။ လက်က ပခုံးပေါ်က ပြုတ်ကျပြီး ခါးပေါ်ရောက်သွားပြန်တယ်။ ဒါလေးကို မင်းမြင့်ဇင်က အခုလို ရေးပြတယ်။ 'အလုပ်ရှုပ်ခံပြီး ဖယ်မနေတော့ဘဲ'တဲ့။ ဝတ္ထုတိုတစ်ပုဒ် ရေးတဲ့အခါ တစ်ခါတစ်ခါ ဘာမဟုတ်တာလေးက ဇာတ်ကောင်ရဲ့ စိတ်အခြေအနေ၊ စာရေးဆရာ ဖော်ပြလိုတဲ့ သူတို့ လူတန်းစား လင်မယားဘဝ၊ အဲဒါတွေကို 'အလုပ်ရှုပ်ခံပြီး ဖယ်မနေတော့ဘဲ'ဟူသော စကားလေးနဲ့ ရေးပြလိုက်တာ အားလုံး ပေါ်လွင်သွားပါတယ်။ ပြီး သူဝတ္ထုလေးရဲ့ နိဂုံးကလေးကလည်း ဝတ္ထုခေါင်းစဉ်ကို အထောက်အကူပြုတဲ့ အပြင် အလွန်လှတဲ့ ဇာတ်သိမ်းပိုင်း ဇာတ်ကွက်လေး တစ်ကွက် ဖြစ်ပါတယ်။ ဖတ်ကြည့်ပါဦး။

ဒီလ ရွေအသစ် ဝတ္ထုတိုတွေထဲက မေတ္တာစိုးမွန်ရဲ့ **အရုပ်ကလေးများ**ကို ညွှန်းချင်ပါတယ်။ ဒုတိယတန်းကျောင်းသူဘဝတုန်းက ပွဲရှေ့တန်းတစ်ခုမှာ မြင်နေရတဲ့ မျောက်ကလေး ပန်းသီးကိုင်ထားတဲ့ သကြားခဲ အရုပ်ကို လိုချင်လို့ အမေ့ဆီက ပိုက်ဆံတောင်းပေမဲ့ မရခဲ့ပါဘူး။ သကြားခဲရုပ်က ၂၀၀ ဆိုတော့ အမေက ကလေးအားလုံး စားလို့ရတဲ့ မုန့်ဆီကြော်ဝယ်ပေးခဲ့တယ်။ ဆယ်တန်းကျောင်းသူဘဝ ကျောင်းရှေ့တန်း တစ်နေရာမှာ သကြားခဲအရုပ်လုပ်တဲ့ အဘိုးအိုကို တွေ့ရတော့ သူလိုချင်တဲ့ အရုပ်ကို ဝယ်ဖြစ်လို့ အားရဝမ်းသာဖြစ်နေတဲ့ အချိန်မှာ ၆ နှစ်အရွယ် သူမောင်လေးက လိုချင်နေလို့ ပေးလိုက်ရပြန်တယ်။

မေတ္တာစိုးမွန်ဟာ သူဝတ္ထုရေးဖွဲ့တဲ့နေရာမှာ ပခေနဇာတ်ကောင် သူ(မိန်းကလေး)တစ်ဦးရဲ့ စိတ်ခံစားမှုကို သကြားခဲအရုပ်ကလေးနဲ့ ပုံဖော်ပြသွားခဲ့တယ်။ အသစ်လို့ ဆိုပေမဲ့ ဝတ္ထုကို ရေးသားတင်ပြရာမှာ လိပ်ပတ်လည်အောင် ရေးဖွဲ့နိုင်ခဲ့ပါတယ်။

၂၀၁၃ ဩဂုတ် ရွေအမြုတေ

❑

ဒီလ ရတီမှာ ဖော်ပြထားတဲ့ ကျော်ဦးရဲ့ **တိဘက် ဒေသ၏ သဘာဝပတ်ဝန်းကျင် အခြေအနေ**ဟာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဆောင်းပါးတစ်ပုဒ်ဖြစ်ပါတယ်။ တရုတ်နိုင်ငံ တိဘက်ကုန်းမြေမြင့် ချုန်တန်းဒေသကို တရုတ်အစိုးရက သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ထားပါတယ်။ တိဘက်ကုန်းမြေ

www.burmeseclassic.com

www.burmeseclassic.com

ဒဂုန်တာရာရဲ့ သလ္ဘာလှပ ရုပ်ပုံလွှာ ဟာ ၁၉၈၉ ခုနှစ်က ထုတ်ဝေတဲ့ မုံရွာမြို့ ရာပြည့် မဂ္ဂဇင်းက ဆောင်းပါးကို ပြန်လည် ဖော်ပြထားတဲ့ ခရီးသွား ဆောင်းပါး တစ်ပုဒ်ပါ ဆရာဟာ ခရီးသွား ဆောင်းပါးတွေကို စကားလုံး အလှအပတွေနဲ့ ဖွဲ့နွဲ့ရေးတတ် ပါတယ်

သားသမီးသုံးယောက်က တစ်ယောက် တစ်မျိုးစီ မိခင်ကို ဒုက္ခပေးနေကြလို့ ပတ်ဝန်းကျင်မှာ မိခင် မျက်နှာငယ်ရပုံတို့ကို စာရေးသူက ရေးဖွဲ့ပြပါတယ်။ မိခင်ကြီးအနေနဲ့ သားသမီးသုံးယောက်က ဆိုးနေပြီဖြစ်လို့ သူဘဝ မှီခိုဆိုက်ကပ်စရာ ဆိပ်ကမ်းသာအဖြစ် အငယ်ဆုံးသမီး အထွေးကို ရွေးချယ်ခဲ့ရပုံကို ဆရာ နဒ္ဒနိုးက ပီပီပြင်ပြင် ရေးဖွဲ့ပြထားပါတယ်။ ဖတ်ကြည့်ပါဦး။

၂၀၁၃ ဩဂုတ် ရက်

❑

ဒီလ မဟေသီမှာပါတဲ့ ရဲသွမ်းရဲ့ **ပင်လယ်များ**ဟာ ဖခင်တစ်ဦးရဲ့ ကြီးမားတဲ့ မေတ္တာထုကို ပင်လယ်နှင့် နိုင်းနှိုင်းပြီး အဖြစ်အပျက်များနဲ့ ရေးသားထားတဲ့ အက်ဆေးတစ်ပုဒ်ပါ။ လူတွေဟာ အများအားဖြင့် အမေမေတ္တာဖွဲ့တွေကိုသာ ပုံစံမျိုးစုံ၊ အကြောင်းအရာမျိုးစုံနဲ့ ဖွဲ့နွဲ့ရေးသားထားကြပါတယ်။ ဖခင်ရဲ့ မေတ္တာကိုတော့ မဖွဲ့နွဲ့ကြပါဘူး။ စိတ်ပညာ နယ်ပယ်မှာတော့ သားသမီး(ကလေး)တွေ အသက် ၆နှစ် ပြည့်တာကစပြီး ဖခင်ရဲ့ နှင်တံဟာ လိုပြီလို့ ဆိုတယ်။ ဆရာ ရဲသွမ်းက ပင်လယ် ၁၊ ၂၊ ၃၊ ၄၊ ၅ ဆိုပြီး အဖြစ်အပျက် အကြောင်းအရာ ၅ခု ဖော်ပြပါတယ်။ အဲဒီထဲက ပင်လယ် ၁ ကို ညွှန်းချင်ပါတယ်။ အကြောင်းအရာက Den Clark ရဲ့ 'The Circus'ပါ အကြောင်းအရာလေးပါ။ သိပ်လှတဲ့ Plot ကလေးမို့ ညွှန်းလိုက်ပါရစေ။

ဝတ္ထုတိုထဲက ကျိုဇော်ရဲ့ **ဒီမိုတို့ခေတ်** ကိုလည်း ညွှန်းချင်ပါတယ်။ ကျိုဇော်ဟာ သူ့ဇာတ်ကောင် ဒီမိုကို ဖွဲ့တဲ့နေရာမှာ အလွန်စေ့စပ်သေချာပါတယ်။ စိတ်စရိုက်ကိုလည်း နိုင်နိုင်နင်းနင်း ဖွဲ့ဆိုနိုင်ပါတယ်။ အထူးသဖြင့် ၄င်းဖမ်းတဲ့ဇာတ်ကွက်ကလေးက ဒီမိုရဲ့ကိုယ်ရည်ကိုယ်သွေးကို ဖော်ပြရာမှာ အလွန်ထိမိလှပါတယ်။ဖတ်ကြည့်ပါဦး။

ရာသက်ပန်(တောင်ငူဆောင်)ရဲ့ **နှင်းပုံရိပ်**ဟာ တက္ကသိုလ် ကျောင်းသူဘဝမှာ တစ်အုပ်စုတည်း အတူနေခဲ့တဲ့ သူငယ်ချင်းသီသီတစ်ယောက် လောကခံလွှိုင်းရဲ့ အပုတ်ကို မခံနိုင်လို့ စိတ်မူမမှန် ဖြစ်သွားခဲ့တယ်။ စိတ်နောက်ပြီး ဖြစ်ချင်တိုင်းဖြစ်နေတဲ့ သူငယ်ချင်းကို ပြန်တွေ့ခဲ့ပြီး အကူအညီ မပေးနိုင်ပုံကို ခံစားရေးဖွဲ့ထားတဲ့ ဝတ္ထုရှည်ပါ။ ရာသက်ပန်ဟာ သူဝတ္ထုမှာ ကလေးသူငယ်တွေကို ပညာသင်ကြားရေးနဲ့ပတ်သက်ပြီး သူ့အမြင်၊ သူ့အတွေးကို သပ်သပ်ရပ်ရပ် ဖြန့်ခင်းပြထားပါတယ်။

ဝတ္ထုဇာတ်ကြောင်းပြောသူ နှင်းရဲ့ အတွေးစဉ်နဲ့ ဖော်ပြထားတဲ့ စကားစုကလေးက ဒီလိုပါ။ 'သားနဲ့ သမီးအတွက် စိန်၊ ရွှေ၊ ငွေ၊ အိမ်၊ ကား အလုံအလောက် ချန်ထားဖို့ထက် ထိုအရာတွေကို သူတို့ ကိုယ်စွမ်းကိုယ်စနဲ့ သမ္မာအာဇီဝကျစွာ ရယူစေချင်တယ်။ စိတ်ရောရှပါ မျှတစွာ တိုးတက်စေချင်တယ်။ အဲဒီလို ဖြစ်လာဖို့အတွက် သားနဲ့သမီးမှာ ခံစားတတ် တဲ့ နှလုံးသားရှိရပါမည်။ ခံစားတတ်မှ ကိုယ်ချင်းစာမည်။ သို့မှသာ မျှတမည်ဟု နှင်းထင်သည်'တဲ့။

၂၀၁၃ ဩဂုတ် မဟေသီ

❑

ဒီလ Look မဂ္ဂဇင်းမှာ ပါတဲ့ ဒေါက်တာ မြင့်သန်းထွန်းရဲ့ **နှလုံးရောဂါ ကာကွယ်ရေး**ဟာ လူတိုင်းဖတ်သင့်တဲ့ ကျန်းမာရေး ဆောင်းပါးတစ်ပုဒ် ဖြစ်ပါတယ်။ နှလုံးရောဂါ ဘာကြောင့် ဖြစ်လာတယ်။ မဖြစ်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို စနစ်တကျ လမ်းညွှန်ထားပါတယ်။ ကမ္ဘာကြီးက တိုး

www.burmeseclassic.com

www.burmeseclassic.com

ကို ပြန်လည်ဖော်ပြထားတဲ့ ခရီးသွားဆောင်းပါးတစ်ပုဒ်ပါ။ ဆရာဟာ ခရီးသွားဆောင်းပါးတွေကို စကားလုံး အလှအပတွေနဲ့ ဖွဲ့နွဲ့ရေးတတ်ပါတယ်။ ဖတ်ကြည့်ပါဦး။

၂၀၁၃ ဩဂုတ်
ရုပ်ရှင်တေးကဗျာ

❑

မော်ကွန်းမဂ္ဂဇင်း အမှတ် (၇) ကို ဖတ်ရတော့ ရွှေမောင်း အတော်လေး သဘောကျမိပါတယ်။ **ဒီ**ဇာတ်ရှိ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးထားတဲ့ မဂ္ဂဇင်းပါ။ ဒီလ မော်ကွန်းမှာ သန်းစိုးနိုင်ရဲ့ **ခွပ်ခေါင်းနဲ့အတူတိုက်** ဟာ ရှစ်လေးလုံးအရေးတော်ပုံကြီး ကျဆုံးသွားရတဲ့ အကြောင်းရင်း သုံးခုဖြစ်တဲ့ ခေါင်းဆောင်မှု၊ အာဏာနဲ့ တိုက်ပွဲသဏ္ဌာန်တို့ကို သုံးသပ်တင်ပြထားတဲ့ ဆောင်းပါးပါ။

ဒုတိယ ညွှန်းချင်တာက **မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာတွေလုပ်ဖို့လိုသလဲ** ဆိုတဲ့ ခေါင်းစဉ်နဲ့ ဒေါက်တာ အောင်ထွန်းသက်၊ ဦးမော်သန်းနဲ့ ဒေါက်တာ မောင်မောင်လေးတို့ကို တွေ့ဆုံ မေးမြန်းထားတဲ့ Interview ပါ။

နောက်ညွှန်းချင်တာက **အစိုးရဝန်ထမ်း ရဲတပ်ဖွဲ့မှ သည် ပြည်သူ့ဝန်ထမ်း ရဲတပ်ဖွဲ့ဆီသို့** ဆိုတဲ့ ခေါင်းစဉ်နဲ့ တင်ပြထားတဲ့ သုတေသနတွေ့ရှိချက်ပါ။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း ၂၁ မြို့နယ်မှ လူပေါင်း ၁၂၀ကို မေးမြန်းတင်ပြထားတဲ့ စစ်တမ်းကို အခြေခံပြီး

မော်ကွန်းမှာ သန်းစိုးနိုင်ရဲ့ **ခွပ်ခေါင်းနဲ့အတူတိုက်** ဟာ ရှစ်လေးလုံးအရေးတော်ပုံကြီး ကျဆုံးသွားရတဲ့ အကြောင်းရင်း သုံးခုဖြစ်တဲ့ ခေါင်းဆောင်မှု အာဏာနဲ့ တိုက်ပွဲသဏ္ဌာန်တို့ကို သုံးသပ်တင်ပြထားတဲ့ ဆောင်းပါးပါ

တွေပါ။ မြောက်ဦးခေတ် ရခိုင်တွေကို လေးမြို့ခေတ် ရခိုင်တွေက မွေးဖွားခဲ့တာပါ။ လေးမြို့ခေတ်ဆိုတာ ဝေသာလီခေတ်ရဲ့ အသွေးအသားဖြစ်ပြီး ဝေသာလီခေတ်ကို ဧည့်ဝတီခေတ်က မျိုးစေ့ချပေးခဲ့တယ်ဆိုတာ သမိုင်းမှတ်တမ်း အထောက်အထားတွေ အများကြီး ရှိပါတယ်။ ပြီးတော့ ဧည့်ဝတီဆိုတာက လည်း ရှေးဦး ဝေသာလီခေတ်ကို အမွေဆက်ခံခဲ့တာဖြစ်ပြီး ရှေးဦး ဝေသာလီဆိုတာ ရခိုင်သမိုင်းဦးကာလက ထွန်းကားခဲ့ကြတဲ့ ရှေးဦးဝေသာလီမြို့ပြနဲ့ ဒုါရာဝတီမြို့ပြကို ပေါင်းစည်းရာက ပေါက်ဖွားလာခဲ့တဲ့ ပထမရခိုင်ဧကရာဇ်နိုင်ငံတော်ဆိုတာ ရခိုင်နန်းတင်မြို့ဆက်သမိုင်းမှတ်တမ်းတွေမှာ အထင်အရှားတွေ့နိုင်ပါတယ်။ ရခိုင်တွေဟာ ဘီစီ ၆၀၀၀ ဝန်းကျင်မှာပင် မြို့ပြခေတ်ကို စတင်ခဲ့ကြပါပြီတဲ့။ ရခိုင်တွေဟာ အရှေ့ဘက်မှာ ရခိုင်ရိုးမတောင်တန်းကြီး၊ အနောက်ဘက်မှာ ဘင်္ဂလားပင်လယ်အော်တို့ ခြံရံထားတဲ့ ပထဝီအကန့်အသတ်ရှိတဲ့ တစ်နံတစ်လျားကို ရခိုင်မြေ၊ ရခိုင်ရေ၊ ရခိုင်ပိုင်နက်အဖြစ် သီးသီးခြားခြား သတ်မှတ်နေထိုင်လာခဲ့တာ အခုဆိုရင် နှစ်ပေါင်း ၈၀၀၀ ကျော်လာပြီဖြစ်ပါတယ်။ ဒါကြောင့် ရခိုင်တွေရဲ့ ဘိုးဘွားဘီဘင်တွေဟာ အင်ဒို-တိဗက်တန်ဖြစ်တဲ့ ရှေးဦးရခိုင်တွေပါပဲ' တဲ့။ သူ့ဆောင်းပါးမှာ အကိုးအကား ၁၅ ခု ပါပါတယ်။ ချစ်စဝင်းရဲ့ ဆောင်းပါးထဲမှာ မဟာလူမျိုးရေးဝါဒရနံ့တွေကို ရှာရှိုက်လို့ကတော့ မရပါတယ်။ သမိုင်းပညာရှင် ဒေါက်တာ သန်းထွန်းက 'မြန်မာတွေ မျိုးချစ်စိတ် အကဲအပို့နှင့် မိမိရာဇဝင်ကိုဖြစ်စေ၊ သူတစ်ပါး ရာဇဝင်ကိုဖြစ်စေ မရေးသင့်။ မြန်မာရာဇဝင်ကို မြန်မာများကပင် အကဲအပို မပါစေဘဲ ရေးသား၍ ကမ္ဘာကို တင်ပြချိန်ရောက်ပြီ' လို့ မှာတမ်းပြုခဲ့ပါတယ်။

ဒဂုန်တာရာရဲ့ **သလွာလှပရုပ်ပုံလွှာ** ဟာ ၁၉၈၉ ခုနှစ်က ထုတ်ဝေတဲ့ မုံရွာမြို့ရာပြည့်မဂ္ဂဇင်းက ဆောင်းပါး

တက်လာသလို လူတွေဟာ ကိုယ်ကာယအလုပ် မလုပ်ကြဘဲ ဉာဏ်ပညာနဲ့ အလုပ်တွေ ပိုလုပ်လာကြပါတယ်။ လှုပ်ရှားမှုနည်းတဲ့ ခန္ဓာကိုယ်နဲ့ နှလုံးရောဂါ ဆက်စပ်မှုကို ရေးသားထားပါတယ်။ ဖတ်ကြည့်ပါဦး။

၂၀၁၃ ဩဂုတ် Look
မဂ္ဂဇင်း

❑

ဒီလ ရုပ်ရှင်တေးကဗျာမှာပါတဲ့ ခိုင်မော်ကွန်းရဲ့ **ချစ်စံဝင်းရဲ့ ပျူနိုင်ငံသို့ ဝစကော စစ်လာပြီ**ဟာ ဂျာနယ်တစ်စောင်မှာ ချစ်စံဝင်းရေးတဲ့ **ပျူတို့၏ သရေခေတ္တရာကေရာစံနိုင်ငံတော်ကြီး** ဆိုတဲ့ ဆောင်းပါးကို ပြန်လည်တုံ့ပြန်ထားတဲ့ ဆောင်းပါးတစ်ပုဒ်ပါ။ 'ပျူဆိုတာ ဘယ်သူလဲလို့ သိချင်ရင် ကိုယ့်ဟာကိုယ် မှန်ထဲ ကြည့်ပါတဲ့'။ မှန်ထဲမှာ ပေါ်လာတဲ့သူဟာ ပျူပဲ' တဲ့။ ပျူဆိုတာ မြန်မာပါပဲလို့ အပ်ကြောင်းထပ်စကားလည်း ပါသေးတယ်။ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ တိုင်းရင်းသားလူမျိုးဟူသမျှကို ပျူမျိုးပျူနွယ်အဖြစ် ဖော်ပြထားရုံမျှမက ပျူတို့ရဲ့ သရေခေတ္တရာကိုလည်း ဧကရာဇ်နိုင်ငံအဖြစ် ပုံကြီးချဲ့ပြထားတယ်။ ပြီး 'ပျူဆိုတာ ကျူပ်တို့ရဲ့ ဘိုးဘွားတွေပဲ' တဲ့။ ဒါကို ခိုင်မော်ကွန်းက ငြင်းဆိုပါတယ်။ ပြီးမှ ရခိုင်လူမျိုးတွေရဲ့ ဘိုးဘွားဘီဘင်ကို ဆန်းစစ်ပြလိုက်ပါတယ်။ စာရေးသူက ယခုလို ရေးသားဖော်ပြပါတယ်။

'ဒီနေ့ ရခိုင်ရဲ့ အမိအဖ ဟာ မြောက်ဦးခေတ် ရခိုင်

www.burmeseclassic.com

www.burmeseclassic.com

လို ဖွဲ့စည်းမလဲဆိုတဲ့ ဆောင်းပါးကို ညွှန်းလိုက်ပါတယ်။

တိုင်းပြည်ကောင်းဖို့ စေတနာပါတဲ့ လူတွေက အာဏာကို မလိုချင်လေ၊ အာဏာရှင်တွေက သဘောကျလေဖြစ်နေတဲ့ စနစ်ဟာ မြန်မာပြည်ရဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ခုလို ထွန်းကားလာနေတယ်။ အာဏာခွဲဝေပုံနဲ့ ပတ်သက်ပြီး ဆောင်းပါးရှင်က လက်ရှိဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အပြန်အလှန် ထိန်းညှိစနစ်ဆိုတဲ့ စကားလုံးကို သုံးပြီး အာဏာသုံးရပ် ထပ်နေပုံကို ထောက်ပြထားပါတယ်။ သမ္မတ အုပ်ချုပ်ရေးစနစ်မှာ ရွေးကောက်ပွဲနှစ်ပွဲ ရှိတယ်။ လွှတ်တော်က သမ္မတကို ရွေးတဲ့စနစ်မှာတော့ ရွေးကောက်ပွဲတစ်ပွဲပဲ ရှိတယ်။ အဲဒီတော့ သမ္မတကို ပြည်သူက ရွေးခွင့် မရှိသလို ဖြစ်နေတယ်။ ဆိုပါစို့ အမေရိကန်ပြည်ထောင်စု ရွေးကောက်ပွဲ ၂ ခုမို့ ကိုယ်စားလှယ်များတဲ့ ပါတီနဲ့ သမ္မတပါတီဟာ တစ်ခုတည်း ဖြစ်မနေဘူး။ ဘယ်ပါတီပဲဖြစ်ဖြစ် ကိုယ်စားလှယ်များပြီး လွှတ်တော်ထဲမှာ အင်အားကြီးပါတီဖြစ်လာမယ်ဆိုရင် မဏ္ဍိုင်သုံးရပ်ဟာ သီးခြားလွှတ်လပ်စွာ ရပ်တည်နိုင်ရေးမှာ ထိခိုက်လာနိုင်ပါတယ်။

ဒီနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအခြေအနေနဲ့အလွန်လိုက်ဖက်တဲ့ဆောင်းပါးတစ်ပုဒ်ပါ။

၂၀၁၃ ရှစ်လေးလုံးအထူးထုတ်
နှယ်နိမိ

■

မင်္ဂလာရွှေမောင်း

ဒီလ ပေဖူးလွှာအက်ဆေးတွေထဲက ကောင်းကင်ပြာရဲ့ **နောက်ခွေးတန်းကလမ်းကလေး** ကို ညွှန်ချင်ပါတယ်။ အဖြစ်အပျက်ကတော့ ဦးသာပြောတို့ မိသားစုအပါအဝင် နောက်ခွေးတန်းဟု ဆိုအပ်သော အိမ်ကလေး ဆယ့်လေးငါးလုံးမှ လူနှင့် တိရစ္ဆာန်တို့ လိုရာကို သွားနိုင်သော လမ်းကလေးရဲ့ လွတ်လပ်မှုကို ဖွဲ့သီထားတဲ့ အက်ဆေးလေးပါ။ ကောင်းကင်ပြာဟာ လမ်းကလေးကို သင်္ကေတပြုပြီး ရွှေမောင်းတို့ နိုင်ငံသမိုင်းဖြစ်စဉ်တွေကို လက်ညှိုးထိုးပြနိုင်ခဲ့ပါတယ်။ မြေယာပိုင်ဆိုင်မှု၊ ညီညွတ်စွာ အရေးဆိုနိုင်မှု စတဲ့ အချက်တွေကို သူ့အက်ဆေးမှာ သိုသိုသိပ်သိပ်ဖွဲ့စည်းရေးပြသွားခဲ့ပါတယ်။ ဖတ်ကြည့်ပါဦး။

၂၀၁၃ ဩဂုတ် ပေဖူးလွှာ။

❑

ဒီလ နှယ်နိမဂ္ဂဇင်းဟာ ရှစ်လေးလုံး ၂၅ နှစ်ပြည့် အထူးထုတ်မို့ မဂ္ဂဇင်းမျက်နှာဖုံးမှာ **ရှစ်လေးလုံး ဌေရတု သမိုင်းစာမျက်နှာ** လို့ ဖော်ပြထားပါတယ်။ ရှစ်လေးလုံး ဌေ ရ တု နဲ့ ပတ် သက် ပြီး အတော့်ကို စုံစုံလင်လင် ဖော်ပြထားတာမို့ ဝယ်ယူဖတ်ရှုသိမ်းဆည်းထားရမယ့် မဂ္ဂဇင်းတစ်စောင်ဖြစ်ပါတယ်။ ဒါကြောင့်လည်း ရှစ်လေးလုံး လူထုအရေးတော်ပုံကြီးကို ကိုယ်မြင်တဲ့နေရာက ရေးဖွဲ့ထားတဲ့စာတွေချည်းပါပဲ။ အဲဒီအထဲက ညီထိုက်အောင်ရဲ့ **အနာဂတ် ဒီမိုကရေစီနိုင်ငံရဲ့ နိုင်ငံရေးစနစ်များကို** ဘယ်ဖိုးထား၍ နှမြောစွာနေတတ်ဖြို့ဖြစ်ပါ၏။ ရှားပါးဆင်းရဲလှသော လူ့ဘဝ အချိန်နှည်းနည်းကလေးကို ကိုယ့် အတွက်ရော ကိုယ့်ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းအတွက်ပါ အတွေ့ပရ အကျိုးရှိရာ ရှိကြောင်း အလုပ်တွေနဲ့ အချိန်ကုန်စေခြင်း မဟုတ်ဘဲ အလဟဿ ဖြုန်းတီးပစ်သလိုမျိုး မပြုမိစေဖို့ ဖြစ်ပါသည်'လို့ ဆရာက ဆိုပါတယ်။ လူတိုင်း ဖတ်သင့်တဲ့ ဆောင်းပါးတစ်ပုဒ်ပါ။

ဝန်းသို လွမ်းရဝေရဲ့ **အလင်းမြစ်တစ်စင်းရဲ့ ဝတ်မှုန်**ဟာ မိခင်မေတ္တာဖွဲ့ ဝတ္ထုတိုတစ်ပုဒ်ပါ။ မိခင်မေတ္တာဖွဲ့ ဆိုပေမဲ့ သူတကာတွေ ဖွဲ့ဆို ပြသပုံနဲ့ လုံးဝ မတူသလို အရေးအဖွဲ့ တင်ပြပုံကလည်း အလွန်လှပတဲ့ဝတ္ထုတိုတစ်ပုဒ်ပါ။ ဝံ သားငယ်ကို ခေါ်ယူလာလို့ ဝံ လင်မယားက စိုက်ခင်းတွေကို ဖျက်ဆီးလို့ သာဒွန်းခိုင်ကို အကူအညီတောင်းခဲ့တယ်။ သာဒွန်းခိုင်နဲ့ ဝံကြီး ထိပ်တိုက်ရင်ဆိုင်မိရာမှာ သာဒွန်းခိုင် အလွန်ချစ်တဲ့ ခွေးမလေး ညိုမိက ကယ်ဆယ်ရင်း ဝံ ကုတ်လို့ ဆုံးရှာတယ်။ အဲဒါကြောင့် ဝံမကြီးကို လက်စားချေပစ်ခတ်ခဲ့တဲ့ အခါ…။ ဝံမကြီး သေသွားလို့ သာဒွန်းခိုင် အနိုင်ရလိုက်တယ် ထင်ရပေမဲ့ ဒွန်းရဲ့ အမုန်းအတ္တတံခါးကို ဝံမကြီးရဲ့ မေတ္တာသော့နဲ့ ဖွင့်ပြလိုက်တဲ့ဝတ္ထုတိုပါ။ လောကစိမ်းကလေးတစ်ခုကို ရေးဖွဲ့ရုံမျှမက အရေးအဖွဲ့၊ စကားလုံးအသုံးအနှုန်း တင်ပြပုံအားလုံး ကောင်းမွန်နေတဲ့ ဝတ္ထုတို ရေးသားထားတဲ့ သတင်းဆောင်းပါးပါ။ ဒီနေ့ မြန်မာနိုင်ငံရဲ့ နိုင်ငံရေး အပြောင်းအလဲမှာ အလွန် လိုအပ်နေတဲ့ အကြောင်းအရာလို့ ထင်ပါတယ်။ ဒီလို အချိန်ပေး စူးစမ်းပြီးတင်ပြတဲ့ 'မော်ကွန်း'ကို ကျေးဇူးတင်မိပါတယ်။

၂၀၁၃ ဩဂုတ် မော်ကွန်း

❑

ဒီလ ပေဖူးလွှာမှာပါတဲ့ တင်အောင်မြင့်ရဲ့ **သခင်ကိုယ်တော်မှိုင်းနှင့် လူရွှန်း** ဟာ ဘရုတ်စာရေးဆရာကြီး လူရွှန်းနဲ့ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကို နှိုင်းယှဉ်ရေးသားထားတဲ့ ဆောင်းပါးပါပါ။ မြန်မာနိုင်ငံတော်လှန်ရေးကို ခဲလ်ချုပ်အောင်ဆန်းက ဦးဆောင်ခဲ့တယ်ဆိုပေမဲ့ စာပေနဲ့ လူထုကို စည်းရုံးပေးခဲ့သူက ဆရာကြီး သခင်ကိုယ်တော်မှိုင်းပါ။ ဒီလိုပါပဲ တရုတ်ပြည်လွတ်မြောက်ရေးကို မော်စီတုန်းက ဦးဆောင်ခဲ့တယ်ဆိုပေမဲ့ တရုတ်ပြည်သူတွေကို စည်းရုံးလှုံ့ဆော်ပေးခဲ့သူက လူရွှန်းပါ။ ဆရာ တင်မောင်မြင့်က သူ့ဆောင်းပါးမှာ သခင်ကိုယ်တော်မှိုင်းနဲ့ လူရွှန်းကို သမိုင်းစဉ်နဲ့ နှိုင်းယှဉ်ရေး ပြထားပါတယ်။

ဦးတင်ဦး(ကျူးရှင်)ရဲ့ **အလင်းရောင် ကျန်ခဲ့မလား၊ အုပ်နှံ့ ထားခဲ့မလား**ဟာ လူတစ်ယောက် အသက်ရှင်စဉ်ကာလ ဘဝဖြတ်သန်းမှုမှာ ပြည်သူ့အကျိုးပြုလုပ်ငန်း ဘယ်လောက်လုပ်နိုင်ခဲ့သလဲဆိုတာကို ဆန်းစစ်ပြထားတဲ့ ဆောင်းပါးပါပါ။

'အရေးကြီးသည်ကား နေဆဲအချိန်ကလေးကို တန်

www.burmeseclassic.com

www.burmeseclassic.com



၁။
သူနှင့် ကျွန်တော်သည်
အကြီးအကျယ်
စကားများခဲ့ကြသည်။
ထုံးစံအတိုင်းပင်
ကျွန်တော်သည်
စကားကို
ဖြည်းဖြည်းမှန်မှန်
ပြောသည်။
အမှုအရာသည်လည်း
အေးစက်စက်ရှိသည်။
သူကမူ စကားကို
အော်ကြီးဟစ်ကျယ်
ပြောသည်။
စားပွဲကို လွှတ်သီးဖြင့်
ထု၍ ထု၍ ပြောသည်။
ကျွန်တော့်
စကားလုံးတစ်လုံးသည်
သူ့ကို အသိခိုက်ဆုံးဖြစ်စေပြီး
သူ့ဒေါသကို
အစွန်းရောက်သွားစေသည်။
ကျွန်တော့်ကို
ရိုက်ကြွေးလိုက်သော
သူ့ဒေါသ
မျက်လုံးများသည်
စကောက်ကျယ်ရှိသီးကဲ့သို့
ရဲရဲနီနေ၏။
ကျွန်တော့်အကို့
ရင်ဘတ်စကို
ဆုပ်ကိုင်ဆွဲပြီး
လှုပ်သီးဖြင့် ရွယ်သည်။
ကျွန်တော်၏
ကြည်ဖြူမိသဲဖြစ်အော
ပါးပန်ကြောင့် သင်သည်။
သူ ကျွန်တော့်ကို
မသိုးဖြစ်တော့။
အကို့စရိုက် လွှတ်လိုက်ပြီး
ကောက်ကျစ်ခြင်း
နေပါက်သည်။
ခုတခန် လူသို့ဆွဲက်သွားပါ။
လုံးအခင်မှ စ၍
သူက် နောက်လင်
မတွေ့ရကော့။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဟု အဓိပ္ပါယ်သက်ရောက်ခြင်း မရှိစေရ

ဘုန်းမ

ခြင်္သေ့ - သူငယ်ချင်းမပီလူအတွက်တရုတ်မြေရေးဆွဲပါသည်

ဂုဏ်ယူအောက်တိုဘာ အမျိုးသမီးတော်လှန်ရေးနေ့

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် သူ့ကို အနာကျင်ဆုံးဖြစ်အောင် ပြောခဲ့သည်မှာ 'မင်း ကြာကူလိပဲ မျိုးဇော်'ဟူသော စကားဖြစ်လေသည်။

❑

၂။

သူသည် ခရစ်ယာန်သာသနာပြု ကျောင်းတစ်ကျောင်းမှ ကျွန်တော်တို့ အဆိုးရ အထက်တန်းကျောင်းသို့ ပြောင်းလာခြင်းဖြစ်သည်။ ကျွန်တော်တို့ကျောင်းသို့ သူ ရောက်လာသောအခါ ကျောင်းသားသစ်တို့ ထုံးစံအတိုင်း ယောင်လည်လည်ဖြစ်နေသော သူ့ကို ကျွန်တော်က အကူအညီပေးခဲ့သည်။ ထိုအခါမှစ၍ မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းဖြစ်သွားခဲ့သည်။

ကျွန်တော်က ဆယ်တန်းကို တစ်နှစ်တည်းနှင့်အောင်ပြီး တက္ကသိုလ် ရောက်သွားသည်။ သူကမူ သုံး၊ လေးနှစ် ဆက်ကျသဖြင့် မဖြေတော့ဘဲ သူ့မိဘ လက်ငုတ်ဖြစ်သော စီးပွားရေးလုပ်ငန်းကို ဆက်လုပ်သည်။ သူ့မိဘလုပ်ငန်းမှာ ရိုးရိုးကုန်စုံဆိုင်မျှသာ ဖြစ်သည်။ သူလက်ထက်တွင် တောင်ဥက္ကလာ ဆယ်ရပ်ကွက်ဈေး၊ စိန့်ဂျွန်းဈေး၊ လဟာပြင်ဈေး၊ ဗိုလ်ချုပ်ဈေး၊ မြေနီကုန်းဈေးတို့သာမက မုတ္တမ၊ မော်လမြိုင်အထိ လုပ်ငန်းကို ဖြန့်ကြက်ပစ်လိုက်သည်။

ကျွန်တော် ဘွဲ့ရပြီး စာရေးဆရာပေါက်စ ဖြစ်လာသော အချိန်တွင် သူသည် စီးပွားရေးသမားပေါက်စကလေး ဖြစ်နေလေပြီ။ သူ့ကို စီးပွားရေးသမား 'ပေါက်စ'ဟု ပြောရခြင်းမှာ သူသည် ငွေရင်း လေး၊ ငါးသောင်းလောက်သာ ကိုင်၍ အလုပ်လုပ်နိုင်သောကြောင့် ဖြစ်သည်။

မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းဆိုသော်လည်း အသွင်ချင်း သိပ်တူကြသည် မဟုတ်ချေ။ ကျွန်တော်က အေးအေးဆေးဆေးသမား။ စကားနည်းသည်။ သူစကားအရဆိုလျှင် ကျွန်တော်သည် သိပ်စဉ်းစားလွန်းသည်။ ထက်ထက်မြက်မြက်မရှိ။ ဆယ်တန်းစာမေးပွဲကို တစ်နှစ်တည်းနှင့် အောင်မြင်ခဲ့သည်ကိုပင် တစ်ခါတစ်ရံ သူက လှောင်ချင်သည်။

မျိုးဇော်ကတော့ လူသွက်တစ်ယောက်။ သူနှင့်ပတ်သက်၍ ကျွန်တော် မကြိုက်သောအချက်များမှာ စကားများလွန်းခြင်း၊ သူ့ကိုယ်သူ လူအများနှင့် ဝင်ဆံ့အောင်ဆိုပြီး သိသိမသိသိ ဝင်ရောတတ်ခြင်း၊ ဆုံးဖြတ်လွယ်ခြင်းတို့ဖြစ်သည်။ အဆိုးဆုံးကား သူ့ကိုယ်သူ အထင်ကြီးတတ်ခြင်းဖြစ်သည်။ သူ လုပ်သောအလုပ် တစ်ခုသည် အမြဲမှန်သည်ဟု ထင်တတ်သည်။ အဝေဖန်မခံ။ သူက စကားတတ်သောကြောင့် ဆင်ခြေပေးတတ်သည်။ သူ့ဆင်ခြေများသည် အမှန်စင်စစ် အခြေအမြစ်ရှိလှသည်တော့ မဟုတ်။ သူ့ကို စကားဖြင့် နိုင်အောင် ပြောနိုင်ဖို့ ခဲယဉ်းသည်။ သူပြောသော စကားများသည် မခိုင်လုံကြောင်း သိသော်လည်း လက်ငင်း အခြေအနေတွင် ငြင်းဆိုဖို့ မလွယ်အောင် သူ လှည့်ပတ်ပြောတတ်သည်။

မည်သို့ပင်ဖြစ်စေ မျိုးဇော်နှင့် ကျွန်တော်သည် သူငယ်ချင်းသာဖြစ်၍ ဆက်လက်လို့ ပေါင်းသင်းခြံ။ ပြီးတော့ သူမှာ ကောင်းသောအချက်တွေလည်း ရှိနေသေးသည်။ သူတစ်ပါးကို အကူအညီပေးတတ်ခြင်း၊ တစ်ကိုယ်ကောင်း မဆန်တတ်ခြင်းတို့ဖြစ်သည်။ အထူးသဖြင့် ကျွန်တော့်အပေါ် သူ တော်တော် ခင်မင်ရှာသည်။

❑

၃။

ကျွန်တော် တက္ကသိုလ်ရောက်ခါစတွင်လည်း သူနှင့် မကြာခဏ တွေ့ဖြစ်သေးသည်။ ညနေတိုင်ကျပြီဆိုလျှင် ရွှေစပါးနဲ့လက်ဖက်ရည်ဆိုင်မှာဖြစ်စေ၊ ဧရာဝတီ ရုပ်ရှင်ရုံရှေ့က မန်ကျည်းဖျော်ရည် ဆိုင်မှာဖြစ်စေ ထိုင်ကြသည်။ ကျွန်တော်က ကျောင်းကအကြောင်း၊ သူက သူ့အလုပ်အကြောင်း။ တစ်ခါတစ်ရံ တခြားအကြောင်းတွေ ပြောကြသည်။ ည ကိုးနာရီလောက်တွင် လူခွဲသည်။

ထိုအချိန်ထိ ကျွန်တော်တို့နှစ်ယောက်စလုံးမှာ ရည်းစားတွေဘာတွေ မရှိကြသေး။ မျိုးဇော်၏ ထူးခြားချက်တစ်ခုမှာ မိန်းကလေးများအပေါ် စိတ်ဝင်စားမှု နည်းပါးခြင်းပင်ဖြစ်သည်။ လူအများနှင့် အရောတဝင် နေတတ်သော်လည်း မိန်းကလေးများနှင့်ပတ်သက်၍မူ သာမန်ထက် မပို့ခဲ့။ သူ့ နှလုံးသားထဲတွင် အချစ်ဆိုသောအရာ မရှိသေးချေ။ ရှိကော ရှိပါ့လားဟု ကျွန်တော် သံသယဖြစ်ခဲ့ဖူးသည်။ မျိုးဇော်ကတော့ ဝါသနာအတိုင်း ခပ်ကြွားကြွား ပြန်ပြောခဲ့လေ၏။

'ငါ့ဆီမှာ အချစ်စိတ်ရှိလား၊ မရှိဘူးလားဆိုတာ မင်းကို ပြောပြလို့ မင်းနားလည်မှာ မဟုတ်ပါဘူး။ လောလောဆယ်မှာတော့ အချစ်စိတ်မရှိအောင် ငါ လုပ်ထားတယ်။ ဝင်မလာအောင် တားထားတယ်ဆိုပါတော့ကွာ'

အချစ်စိတ်ဆိုသည်မှာ အကန့်အသတ်နှင့် ထားလို့ရသည်။ လိုချင်တဲ့အချိန်ကျမှ ခေါ်ယူလို့ရသည်ဟု သူ ယူဆဟန်တူသည်။

သူ့အကြောင်းကို ပြောသောအခါ အနှိုင်းယှဉ်ခံဖြစ်သော ကျွန်တော့်အကြောင်းကိုလည်း တစ်စွန်းတစ်စတော့ ပြောပြရပေလိမ့်မည်။ ထိုအချိန်၌ ကျွန်တော်သည် 'မလေးမေ'ကို စိတ်ပါဝင်စားနေပါပြီ။ သူသည် ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသူတစ်ယောက်ပင် ဖြစ်ပါသည်။ နှစ်ချင်းတူသော်လည်း အဓိက ဘာသာရပ်ချင်း မတူပါ။ သူ့ကို စိတ်ဝင်စားနေကြောင်း လေးမေကလည်း သိနေပြီထင်သည်။ ဖွင့်တော့ မပြောရသေးပါ။ မျိုးဇော်ကတော့ ကျွန်တော့်ကို ကြောင်သည်ဟု ပြောလေသည်။

ကျွန်တော်က တက္ကသိုလ်တွင် အတန်းကြီးလာသည်နှင့် အမျှ မျိုးဇော်က စီးပွားရေးနယ်ပယ်တွင် ဝင်ဆံ့လာသည်နှင့် တစ်ယောက်နှင့်တစ်ယောက် တွေ့ကြသော ရက်တွေခြားလာသည်။ အချိန်အားရလျှင်တော့ အရင်လိုပင် လက်ဖက်ရည်ဆိုင်၊ အအေးဆိုင် ထိုင်တတ်ကြမြဲ။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းမှာ နောက်ဆုံးနှစ် အစပိုင်းရောက်သောအခါ လေးမေကို ကျွန်တော်ဖွင့်ပြောဖြစ်သည်။ နှစ်လယ်လောက်တွင် လေးမေထံမှ အဖြေရခဲ့သည်။ မိုးဇော်ကမူ အချစ်နှင့်ပတ်သက်၍ လူပ်ရှားမှု မရှိသေးချေ။

❑

၄။

ထိုနောက်ပိုင်းတွင် သူနှင့်ကျွန်တော် ပို၍ အဆက်ပြတ်နေခဲ့သည်။ ကျောင်းက ကဗျာစာပေ အသိုင်းအဝိုင်းတွင် ကျွန်တော် ကျင်လည်နေသည်။ ပြီးတော့ လေးမေနှင့် တွဲတွဲသွားသွား နေခဲ့သော အချိန်များသည်လည်း မိုးဇော်နှင့် ကွင်းကွာနေရသော အကြောင်းရင်းတစ်ခုဖြစ်သည်။

ကျွန်တော် ဘွဲ့ရပြီးနောက် မိုးဇော်က သူနှင့် အတူတူ အလုပ်လုပ်ဖို့ ပြောသေးသည်။ အစစအရာရာ သူ ကူညီမည်ဟု ဆိုသည်။ သူ့စေတနာကို ကျွန်တော် နားလည်၏။ သို့ရာတွင် အရောင်းအဝယ်လုပ်ငန်းကို စိတ်မဝင်စားသောကြောင့် တစ်ကြောင်း၊ စာပေနယ်သို့ ခြေတစ်လှမ်း ဝင်ပြီးပြီဖြစ်သောကြောင့် တစ်ကြောင်း ငြင်းလိုက်သည်။ သူကိုမူ 'ငါက သိပ် အားနာတာတာကွ၊ မင်း သိတဲ့အတိုင်းပဲ၊ နှုတ်စလျှာစလည်း မရှိဘူး မဟုတ်လား။ မင်းတို့ အလုပ်နဲ့ မဖြစ်ပါဘူးကွာ'ဟု ပြောခဲ့ရသည်။ သူနှင့် ကျွန်တော်သည် သိပ်မတွေ့ဖြစ်ကြသော်လည်း တစ်ခါတစ်ရံ ဆုံမိလျှင် အရင်ကလိုပင် တရင်းတနှီး ရှိနေမြဲပင်ဖြစ်ပါသည်။

တစ်နေ့သောအခါတွင် မိုးဇော်နှင့်ပတ်သက်သော ထူးထူးခြားခြား အကြောင်းတစ်ခုကို ကြားလိုက်ရသည်။ လေးမေက ပြန်ပြောပြခြင်းဖြစ်သည်။ မိုးဇော်နှင့် အမျိုးသမီးတစ်ယောက်ကို ဘားလမ်းက တိုတင်အုန်းအအေးဆိုင်ထဲ ဝင်သွားတာ တွေ့လိုက်သည်တဲ့။ ကျွန်တော် အံ့သြသွားရသည်။ မိုးဇော်သည် အသိအကျွမ်းများသူဖြစ်သော်လည်း မိန်းကလေးတွေနှင့် နှစ်ယောက်တည်းတွဲ၍ ဘယ်တော့မှ မသွားတတ်။ တစ်ခုခု ထူးခြားနေပြီဟု ကျွန်တော် သိလိုက်၏။

မိုးဇော်နှင့် တွေ့၍ မေးကြည့်သောအခါ သူက ငြင်းသည်။ လူမှားတာဖြစ်ပါလိမ့်မည်ဟု ရယ်ရယ်မောမော ပြောဆိုသွား၏။ လေးမေကို သေသေချာချာ ပြန်မေးကြည့်သည်။ သူ သေသေချာချာ မြင်တာပါဟု အခိုင်အမာ ဆိုသည်။ မိုးဇော်သည် ကျွန်တော့်ကို အာဃာတကြောင့် လိမ်ညာခဲ့ရသနည်းဟု စဉ်းစားလို့ မရတဲ့ ရှိနေသည်။

ထို့နောက် ရက်သတ္တနှစ်ပတ်၊ သုံးပတ်လောက်အကြာတွင် ကျွန်တော်ကိုယ်တိုင်ပင် တွေ့ခဲ့ရလေတော့သည်။ တွေ့တာမှ ပက်ပင်းကြီး။ ပြီးတော့ ဘယ်လိုမှ လှည့်ပတ်ပြောဆို ငြင်းဆန်လို့ မဖြစ်နိုင်သော အခြေအနေ။

ထုတ်ဝေသူတစ်ယောက်က ကျွန်တော်နှင့် စာအုပ်ကိစ္စ ပြောချင်သည်ဆိုပြီး ကုက္ကိုင်းလမ်းဆုံက တရုတ်ဘုံကျောင်းတော်သောက်ဆိုင်သို့ ခေါ်သွားသည်။ ထိုနေရာမှာ သူတို့ကို

> မနှင်းဆီသည် တစ်ချိန်က သူ့ယောကျ်ား အပေါ် သစ္စာဖောက်၍ မျိုးဇော်နှင့် ရှုပ်ခဲ့သည် ခုတစ်ဖန် ယောကျ်ား ဖြစ်နေသော မျိုးဇော်ကို သစ္စာဖောက်ပြီး နောက် တစ်ယောက်နှင့် ရှုပ်ပြန်သည် ဘာဆန်းသနည်း

တွေ့ရခြင်းဖြစ်သည်။ မျက်နှာချင်းဆိုင် တိုးနေသဖြင့် မလွဲသာဘဲ မိတ်ဆက်ပေးလိုက်ရဟန် ရှိသော်လည်း မျိုးဇော် မျက်နှာပျက်၍ မနေ။

'ဒါ မနှင်းဆီတဲ့'

အသက် သုံးဆယ်လောက်ရှိမည်။ မျိုးဇော်ထက် သုံးလေးနှစ်လောက် ကြီးပုံရလေသည်။ အလုံးအရပ် ကောင်းသည်။ ရုပ်ရည်ကတော့ အသင့်အတင့်သာ ရှိသည်။ ဟန်ပန်အမူအရာက ဆွဲဆောင်မှုရှိသည်။ အထူးခြားဆုံးက အသံ။ ဆွဲငင်အားအလွန်ကောင်းသော အသံမျိုး။ ပြီးတော့ မျက်လုံး။ ထွက်ခွာခါနီးတွင် ကျွန်တော့်ကိုတစ်ချက် စူးခနဲ ကြည့်သွားပုံမှာ တစ်မျိုးကြီး။ ထိုအကြည့်ကို ကျွန်တော် သိပ်သဘောမကျ။ ဘာကြောင့်လဲတော့ ကျွန်တော်လည်း သေသေချာချာ မသိချေ။

❑

၅။

'မင်း ငါ့ကို ဘာဖြစ်လို့ လျှို့ထားရတာလဲ မျိုးဇော်'

'မလျှို့ပါဘူးကွ၊ ငါ မင်းနဲ့ အေးအေးဆေးဆေး မတွေ့ရသေးလို့ မပြောဖြစ်တာပါ'

သူမျက်နှာသည် တစ်ခုခု ထူးခြားနေသည်ဟု ကျွန်တော် ထင်သည်။ သူသည် ကျွန်တော့်ဘက်သို့ ထိုင်ခုံကို နည်းနည်းရွှေ့၍ ထိုင်သည်။

လေသံကို ပို၍ တိုးလိုက်ပြီး...

'မင်းကို ငါ့အရင်းနှီးဆုံး သူငယ်ချင်းတစ်ယောက်အနေနဲ့ တိုင်ပင်စရာ ရှိတယ်ကွာ'

www.burmeseclassic.com

www.burmeseclassic.com

သူပါးစပ်မှာ အရက်နဲ့ နည်းနည်းရသည်။

❑

မျိုးဇော်နှင့် မနှင်းဆီတို့သည် စိန်ဂျွန်းဈေးမှာ တွေ့ကြသည်။ မနှင်းဆီသည် ယိုးဒယားသကြားလုံး၊ အချိုမှုန့်၊ ဘီစကွတ်၊ ဆပ်ပြာ၊ ကော်ဖီမှုန့်စသည်တို့ ကိုင်သည်။ လက်လီမဟုတ်။ ဈေးအတွင်းရှိ ဆိုင်ငယ်ကလေးများနှင့် မြို့ထဲကို ပါ တစ်ဆင့် ဖြန့်သော လက်ကားဆိုင်။ မျိုးဇော်နှင့် မနှင်းဆီတို့ ပစ္စည်းအပေးအယူရှိသည်။ ငွေ အပေးအယူရှိသည်။ လုပ်ငန်းချင်း ဆက်သွယ်နေသောကြောင့် ရင်းနှီးကျွမ်းဝင်မိကြသည်။

မနှင်းဆီက မျိုးဇော်ကို အရေးပေးသည်။ သူဟန်အမူအရာတို့သည်လည်းကောင်း၊ သူ့ရယ်သံ လွင်လွင်သည်လည်းကောင်း မျိုးဇော်အဖို့ စိတ်ဝင်စားစရာ ဖြစ်လာသည်။ ဤသို့ဖြင့် အလွန် ရှင်းလင်းသော ဇာတ်ရှုပ်တစ်ခု ဖြစ်လာလေ၏။

တစ်နေ့ ပစ္စည်းတွေအတွက် ငွေပေးချေရန် ငွေ အရေးတကြီးလိုလာသည်။ မျိုးဇော်က မနှင်းဆီထံ ခဏလှည့်ဖို့ ပြောသည်။ မနှင်းဆီက ဆိုင်မှာ ငွေများများ မရှိ၊ သူနေသောတိုက်ခန်းမှာ လိုက်ယူဖို့ ပြောသည်။ ဆိုင်ကို လူစောင့်ထားခဲ့ပြီး သူတို့နှစ်ယောက် ထွက်သွားကြသည်။

မနှင်းဆီ၏ တိုက်ခန်းတွင် အခြားမည်သူမျှ မရှိ။

❑

သူ ပြောပြသည့်အခါ ကျွန်တော် မအံ့သြချေ။ စပြောကတည်းက ဒီလိုဖြစ်လာမည်ကို ကြိုသိခဲ့ပြီးသား။ ကျွန်တော် ဘာမျှ ထင်မြင်ချက်မပေးဘဲ နေသည်။ သူတို့လို လူမျိုးတွေအဖို့ လက်ထပ်ကြရန် သုံးနှစ်၊ သုံးမိုး စုဆောင်းနေစရာ မလို။ ငွေက အဆင်သင့်။ ထို့ကြောင့် ဒီအခြေဆိုက်ခဲ့ခြင်းအတွက် ကျွန်တော် မအံ့သြ။ အမျိုးသမီးသည် ကောင်းကောင်းမွန်မွန် ဆိုပါက ကျွန်တော် ကန့်ကွက်ရန် မရှိပါ။ သို့ရာတွင် မျိုးဇော် ဆက်ပြောသောစကားကို ကြားရသောအခါ ကျွန်တော် ပြင်းထန်စွာ တုန်လှုပ်သွားရသည်။

'တစ်ခုတော့ ရှိတယ်ကွာ၊ သူက လွတ်လွတ်လပ်လပ် မဟုတ်ဘူး'

ကျွန်တော်က သူ့ကို ရုတ်တရက် ဘာမျှ မပြောနိုင်။ တအံ့တသြ ကြည့်နေမိသည်။ မျိုးဇော်ကမူ ထိုစကားကို ပြောလိုက်ရသည့်အတွက် သိပ်ထူးထူးခြားခြား အမူအရာ ပြောင်းလဲ မသွားချေ။ သူ ဆက်ပြော၏။

'ဒါပေမဲ့ သိပ်အရေး မကြီးပါဘူး၊ သူယောကျ်ားက နယ်မှာ ရောက်နေတာပဲ'

'ဘာကွ'

ခဏ ကျွန်တော် တစ်ခွန်းပြောမိသည်။ သူ ကျွန်တော့်ကို ကြည့်၍ တစ်ချက်ပြုံးသည်။

'အေးကွ၊ နယ်ကို ပြောင်းသွားရတာ နှစ်နှစ်လောက် ရှိပြီ။ လေးငါးလနေမှ တစ်ခေါက်လောက် ရန်ကုန်ပြန်လာနိုင်တာ၊ သူတို့လင်မယားလည်း သိပ်အဆင်မပြေကြဘူးလို့ မနှင်းဆီက ပြောတယ်၊ ပြီးတော့ ငနဲကြီးက ခပ်တုံးတုံးပါ'

'တော်ကွာ မျိုးဇော်၊ မင်း မင်း သူများသားမယားကို'

မျိုးဇော်နှင့် ကျွန်တော် စကား အချေအတင် ပြောကြရသည်။ သူသည် ထုံးစံအတိုင်းပင် 'စကားအားဖြင့်' အနိုင်ရအောင် လှည့်ပတ်သိုင်းဝိုင်းပြီး ပြောသည်။ ကျွန်တော်ကတော့ ခပ်ရိုးရိုးပင်။

'ဒီမှာ မျိုးဇော်၊ မင်း ဒီကိစ္စကြီးကို ရပ်တန်းက ရပ်လိုက်ပါကွာ'

သူမျက်နှာသည် ရုတ်တရက် တည်သွား၏။ ခေါင်းကို ယမ်းသည်။

'မဖြစ်ဘူးကွာ၊ ငါ သူ့ကို တကယ်ချစ်နေပြီ'

ကျွန်တော် ဘာစကားမှ ပြန်မပြောဖြစ်သေးဘဲ သူမျက်နှာကို ငေးကြည့်နေမိသည်။ သူဟန်သည် အတန်ငယ် လေးနက်နေပြန်သည်။ တဖြည်းဖြည်း ပြန်လည်၍ ပြီးယောင်သန်းလာသောအခါ ကျွန်တော် အလျင်အမြန် ဝင်ပြောသည်။

'ချစ်လို့ မရဘူးကွ၊ ဒါ မဖြစ်နိုင်ဘူး။ ဒု သ နေ သောကွ၊ မရဘူး'

သူ ရယ်ဖြစ်သွားသည်။

'သူငယ်ချင်းရာ မင်း တော်တော် အစိုးရိမ်ကြီးတဲ့ကောင်၊ ပြီးတော့ သိပ် ရှေးရိုးဆန်တယ်။ နေရာတကာတိုင်းမှာ ဥပဒေတို့၊ လူမှုစည်းကမ်းတို့ဘက်ကချည်း ကြည့်လို့ မရဘူး'

ကျွန်တော့်ကို လှောင်သလိုကြည့်၍ ရယ်ပြီး...

'တစ်ခါတလေ အချစ်တစ်ခုတည်းဘက်ကနေ ကြည့်သင့်တဲ့အခါ ကြည့်ရတယ်'

'အဲဒါ အချစ် မဟုတ်ဘူး'

'အချစ်ဆိုတာကို မင်း သေသေချာချာ နားမလည်သေးပါဘူး။ ငါပြောပြရင်လည်း မင်း သိမှာ မဟုတ်ဘူး။ မင်းသိတဲ့ အချစ်ဆိုတာက လေးမေနဲ့သာ ဆိုင်တာပါ'

သူ ကျွန်တော့်ပခုံးကို ပုတ်လိုက်သည်။ 'ဒီမှာ ဖိုးတေ' ကျွန်တော့်ငယ်နာမည်ကို ခေါ်သည်။

'အချစ်ဆိုတာ လက်ထပ်ဖို့ ငွေစုနေတာ တစ်ခုတည်း မဟုတ်ပါဘူးကွာ'

ကျွန်တော် သူ့ကို ဆတ်ခနဲ ကြည့်လိုက်သည်။ သူသည် ကျွန်တော်နှင့် လေးမေတို့ လက်ထပ်ဖို့ ငွေစုနေကြသည်ကို ပြက်ရယ်ပြုလေပြီ။ ကျွန်တော် စိတ်ဆိုးသွားသည်။

'မျိုးဇော် ငါတို့နှစ်ယောက် ငွေစုနေကြတာ မင်းလို ကောင်မျိုးအတွက် ရယ်စရာဖြစ်ချင်ဖြစ်နေလိမ့်မယ်။ ဒါပေမဲ့ ငါ သူများသားမယားကို ပြစ်မှားနေတာ မဟုတ်ဘူး။ အေ့ငါ့ ဘက်ကကြည့်ရင်လည်း မင်းဟာ ရယ်စရာ အကောင်တစ်ကောင်ပဲ။ ဒါ့ထက် ပိုပြောရရင် စက်ဆုပ်စရာကောင်းတဲ့ကောင်တစ်ကောင်ပဲ၊ မင်း ကြာကူလိပဲ မျိုးဇော်'

သူမျက်နှာသည် မကြည့်စဖူးအောင် တင်းမာသွားသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

၆။

ထို့နောက်တွင် သူနှင့်ကျွန်တော် အဆက်အသွယ်ပြတ်သွားသည်။ မှတ်မှတ်ရရ တစ်ခါတည်းသာ လမ်းမှာ ဆုံဖူးသည်။ ဗိုလ်ချုပ်ဈေးထဲမှာ ကျွန်တော်နှင့်လေးမေ ဈေးအလယ်ပေါက်အတိုင်း လျှောက်အလာတွင် ရွှေဆိုင်တစ်ဆိုင်ကို ဝင်ကြည့်ခါနီးဆဲဆဲဖြစ်သော သူတို့ကို တွေ့ရခြင်းဖြစ်သည်။ မျိုးဇော် ကျွန်တော်တို့ကို မြင်သည်။ နှုတ်မဆက်။ ကျွန်တော်က လည်း နှုတ်မဆက်။ သူသည် မထီတရီပြုံးပြီး မျက်နှာလွဲလိုက်သည်။ မနှင်းဆီကမူ ကျွန်တော်တို့ကို မမြင်။ ရွှေဆိုင်က အမျိုးသမီးနှင့် တစ်စုံတစ်ရာ ပြောဆိုနေသည်။

မျိုးဇော်သည် သူ့ကိုယ်သူ အထင်ကြီးစွာ အချစ်အကြောင်းတွေ ပြောသွားခဲ့သည်။ အမှန်စင်စစ် သူ နားမလည်ချေ။ သူမှာ ဘာအတွေ့အကြုံမှ မရှိ။ ထိုအချိန်တွင် မနှင်းဆီကို တွေ့သည်။ မနှင်းဆီ၏ ကောင်းသော ဆွဲဆောင်အားကြောင့် သူ အရူးအမူးပါသွားသည်ဟု ထင်သည်။ ကျွန်တော့်အထင် မှန်လိမ့်မည်ဟုလည်း ယူဆသည်။ မနှင်းဆီနှင့် သူယောကျ်ားကွဲကြခြင်း၊ နောက် သူတို့နှစ်ယောက် လက်ထပ်လိုက်ကြခြင်းစသော သတင်းများကို ဆက်လက်ကြားခဲ့ရသောကြောင့်ပင်။

မနှင်းဆီနှင့် သူယောကျ်ားကွဲကြပြီးမှ မျိုးဇော်နှင့် လက်ထပ်ခဲ့ခြင်းဖြစ်သည်မှန်သော်လည်း ထိုသို့ အကွဲအပြဲဖြစ်အောင် မျိုးဇော်က ဖန်တီးခဲ့ခြင်းဖြစ်သည်ဟု ထင်သည်။ ကျွန်တော်နှင့် လေးမေတို့ ငွေစုနေကြသည့်အကြောင်းကို သူ လှောင်ပြောင်ခဲ့သည်။ တကယ်တော့ ကျွန်တော်တို့နှစ်ယောက်သည် စီတိုက်ငှားယဉ်ဆန်လွန်းခြင်း ဖြစ်ချင်ဖြစ်မည်။ သို့တည်းမဟုတ် လက်တွေ့ကျလွန်းခြင်း ဖြစ်ချင်ဖြစ်မည်။

အဘယ့်ကြောင့်ဆိုသော် လေးမေသည် သူ ရရှိသော လခ တစ်ရာ့ရှစ်ဆယ်ခန့်မှ တစ်လလျှင် သုံးဆယ်ခန့်စုပြီး ကျွန်တော်ကလည်း ဝတ္ထုရေးခရရှိသော ငွေအတန်အသင့်ထဲမှ အနည်းအကျဉ်း ဖဲ့စုနေကြသောကြောင့် ဖြစ်သည်။

❑

၇။

ကျွန်တော် မမြင်ချင်ယောင် ဆောင်လိုက်သော်လည်း သူ အတင်းလိုက်ခေါ်သည်။ တစ်နေရာ သွားရအောင်ဟု ဆိုပြီး သူ စီးလာဟန်တူသည့် ကားပေါ် တက်ခိုင်းသည်။ သမ္မတဟိုတယ်ကို မောင်းခိုင်းသည်။ စားပွဲတွင် ထိုင်မိသောအခါ "ဘီယာလား၊ ဘာသောက်မလဲ"ဟု သူ မေးသည်။ ကျွန်တော် ခေါင်းခါသည်။

"သောက်လို့ မဖြစ်ပါဘူးကွာ၊ ညနေကျရင် လေးမေတို့အိမ်မှာ ထမင်းသွားစားရမယ်၊ အအေးတစ်ခုခုပဲ သောက်တော့ဟေ့"

သူ ပြုံးသည်။ သွက်လက်သော အပြုံးမဟုတ်။ သူနှင့် ကျွန်တော် လုံးဝ မတွေ့ခဲ့ သည်မှာ တစ်နှစ်ကျော်တော့ ရှိမည်။ ထိုအချိန်အတွင်း သူ တော်တော် ပြောင်းလဲသွား သည်။

သူက ဒီမိန်းမကို ဆက်ပေါင်းသင့် သေးရဲ့လားဟု မေးစဉ်က မပေါင်းသင့်ဘူးဟု ကျွန်တော် ပြောချင်သော်လည်း မပြောဖြစ် အကြောင်းမှာ သူသည် မနှင်းဆီကို မပြတ်နိုင် သေးကြောင်း ရိပ်မိသောကြောင့် ဖြစ်သည်

ဝလာသည်ဟု ထင်ရသည်။ သေသေချာချာကြည့် မှ မျက်နှာတစ်ခုတည်းကွက်၍ ဝနေခြင်းဖြစ်ကြောင်း တွေ့ရသည်။ သူ အရက်စွဲသော အဆင့် သို့ ရောက်နေပေလိမ့်မည်။ သူမျက်နှာသည် ပို၍ရင့်လာသည်။ ဟန်အမူအရာသည် ခပ်ထိုင်းထိုင်းဖြစ်နေသည်။

မျိုးဇော်က ကျွန်တော့် အလုပ်ကိုင် အခြေအနေကို မေးသည်။ လေးမေနှင့် ကျွန်တော် ဘယ်တော့လောက် လက်ထပ် ဖြစ်မလဲ မေးသည်။ ကျွန်တော်က ဖြေသည်။ သို့ရာတွင် ကျွန်တော့် အဖြေများကို သူ သိပ်စိတ်မဝင်စားကြောင်း သိသာသည်။ သူမှာ ပြောစရာ စကားတစ်ခုခု ရှိနေပုံရ၏။

စားသောက်စရာတွေ ရောက်လာ၏။ ရောက်ရောက် ချင်းပင် ဖန်ခွက်ဖြင့် သီးသန့်ထည့်လာသော 'ရမ်'ကို ဘီယာခွက်ထဲသို့ ခပ်များများ ထည့်လိုက်သည်။ ဘီယာကို နည်းနည်းသာ ရောသည်။ တစ်ဝက်လောက်ကုန်အောင် တစ်ကျိုက်တည်းနှင့် သောက်သည်။ သူ သောက်ပုံမှာ အင်မတန်မရရှိလှ၏။ ကျွန်တော်လည်း စပတ်ကလင်း လီမွန်ကို ဖန်ခွက်ထဲထည့်ပြီး တစ်ကျိုက်သောက်သည်။ သူကလည်း ဖန်ခွက်ထဲတွင် ကျန်နေသော လက်ကျန်အရက်ကို ကုန်အောင်သောက်လိုက်ပြီး ထပ်ငဲ့ပြန်သည်။ ထို့နောက်...

'ဒီမိန်းမကို ငါ ဆက်ပေါင်းသင့်သေးရဲ့လားကွာ'ဟု အစချီပြီး...

www.burmeseclassic.com

www.burmeseclassic.com

'ငါ သူ့ကို မသက်ာတာ ကြာပြီ၊ ဒါပေမဲ့ တိတိကျကျ မပြောနိုင်သေးလို့၊ ခုတော့...'

သူ ကော့ကရိတ်ဘက် သွားနေတုန်း မနှင်းဆီက သူ့ဆိုင်နှင့်တစ်ဆိုင်ကျော်က ကောင်လေးတစ်ယောက်ကို တိုက်ခန်းမှာ ခေါ်ထားသတဲ့။

'ငါ သူ့ကို တော်တော် ချစ်တာပါကွာ၊ ဒါပေမဲ့ သူ ငါ့အပေါ် သစ္စာမရှိဘူး'

အဲဒီအကြောင်းတွေကို သူနဲ့မင်း လက်မထပ်ခင်ကတည်းက သိခဲ့တာပဲ မဟုတ်လားဟု ကျွန်တော် မေးလိုက်ချင်သည်။ မမေးဖြစ်။ ရှင်းရှင်းကလေး။

မနှင်းဆီသည် တစ်ချိန်က သူယောကျ်ားအပေါ် သစ္စာဖောက်၍ မျိုးဇော်နှင့် ရွှပ်ခဲ့သည်။ ခုတစ်ဖန် ယောကျ်ားဖြစ်နေသော မျိုးဇော်ကို သစ္စာဖောက်ပြီး နောက်တစ်ယောက်နှင့် ရွှပ်ပြန်သည်။ ဘာဆန်းသနည်း။ ဒီမိန်းမသည် သစ္စာဖောက်တတ်သောကြောင့်သာ သူနှင့် တွေ့ခဲ့ခြင်းဖြစ်သည်။ သစ္စာစောင့်သိတတ်သော အမျိုးသမီးဖြစ်ခဲ့လျှင် မျိုးဇော်နှင့်လည်း ဘာမျှ ပတ်သက်ခဲ့ရန် မလို။ သူ့အရင် ခင်ပွန်းနှင့် ခုထက်တိုင် မြန်နေရပေမည်။ ထိုအချက်ကို မျိုးဇော် အစကတည်းက မသိခဲ့လေသလား။ သို့တည်းမဟုတ် မျိုးဇော်သည် မိမိ နေ့စဉ်ဆင်းနေတက်နေကျဖြစ်သော ကိုယ့်အိမ်လေ့ကားသည် ဘယ်နှထစ်ရှိကြောင်း သတိမထားမိတတ်သလို ဖြစ်ခဲ့ခြင်းဟု ဆိုရတော့မည်။

❑

ညနေ ငါးနာရီခွဲပြီ။ သူလည်း နည်းနည်းတော့ မူးနေပြီ။ ကျွန်တော်လည်း ပြန်ချင်ပြီ။ သွားကြရအောင်ဆိုသော စကားကိုမူ ကျွန်တော် မပြောဖြစ်သေး။ သူ ပြောခဲ့သောစကားများနှင့် ပတ်သက်၍ ကျွန်တော် ဘာမျှ ထင်မြင်ချက် မပေးမိချေ။ သူက ဒီမိန်းမကို ဆက်ပေါင်းသင့်သေးရဲ့လားဟု မေးစဉ်က မပေါင်းသင့်ဘူးဟု ကျွန်တော် ပြောချင်သော်လည်း မပြောဖြစ်။ အကြောင်းမှာ သူသည် မနှင်းဆီကို မပြတ်နိုင်သေးကြောင်း ရိပ်မိသောကြောင့် ဖြစ်သည်။ ထို့အပြင် အစတုန်းက ငါ တားသေးတယ် မဟုတ်လားကွ၊ ခုတော့ မင်း သိပြီ မဟုတ်လားစသော စကားများကိုလည်း ပြောနေလို့ မထူးပြီ။

မျိုးဇော်သည် အချဉ်ရည်ပန်းကန်ထဲတွင် ကျနေသော အားလူးကြော်တစ်ဖတ်ကို စိုက်ကြည့်နေသည်။ ထို့နောက် လက်ဖြင့် နှိုက်ယူလိုက်သည်။ ပွစိစိဖြစ်နေသော အာလူးကြော်သည် ပျော့ဖပ်နေပြီ။ လွင့်ပစ်မည်ပြုပြီးမှ မပစ်တော့ဘဲ အချဉ်ရည်ပန်းကန်ထဲ ပြန်ထားလိုက်သည်။

ခုလောက်ဆို လေးမေသည် ကျွန်တော် ကြိုက်တတ်သော ငါးဆုပ်ဟင်းနှင့် ဘူးသီးဟင်းခါးကို အကျအန ပြင်ဆင်၍ စောင့်နေပေတော့မည်ဟု တွေးနေမိပြန်သည်။

■

မင်းလူ

ပဲတင်သာ ကျနယ် Pae Tin Tharn Journal

နိုင်ငံသားတို့အသံ လွတ်လပ်စွာ ပဲ့တင်ထပ်စေမည်

ဘယ်လိုမှုနဲ့လဲ

မဏ္ဍိုင်သုံးရပ်ကို
စောင့်ကြည့်ဝေဖန်သုံးသပ်သည့်အပြင်
စတုတ္ထမဏ္ဍိုင်၏ အခန်းကဏ္ဍကို
ပီပြင်စွာကိုယ်စားပြုထင်ဟပ်ကာ
နိုင်ငံသားတို့၏အသံဟူသမျှအား
လွတ်လပ်စွာပဲ့တင်ထပ်စေမည်။

ဘာအသံတွေ ကြားရမှာလဲ

လွှတ်တော်အသံ၊ ရုံးတော်အသံ၊
ပါတီအသံ၊တိုင်းရင်းသားအသံ၊
လူငယ်အသံ၊စျေးသည်အသံ၊
အနုပညာသည်အသံ၊ မြန်မာတစ်လွှားက
နိုင်ငံသားအသံ၊ ကမ္ဘာတစ်လွှားက
မြန်မာများအသံ။

ဘယ်လိုထူးခြားတဲ့သတင်းတွေ ဖတ်ရမလဲ

'ကမ္ဘာ့သတင်းစာမျက်နှာပေါ်က မြန်မာ'၊
'နိုင်ငံတကာမီဒီယာရဲ့ နိုင်ငံတကာသတင်း'၊
'သမဂ္ဂသတင်း'၊ 'သတင်းလူသား'
'သတင်းဝတ္ထု'...
အစရှိတာတွေကို ဖတ်ကြရမှာပါ။

အပတ်စဉ် ကြာသပတေးနေ့တိုင်း ထွက်ပြီ

ကိုယ်စားလှယ်များ မှာယူလိုပါက
ပဲ့တင်သံ ဂျာနယ်
အခန်းအမှတ်(၄-၀၁)၊ တိုက်(၁၇)၊ ၃ လွှာ
၅၂ လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ တယ်လီဖုန်း ၀၁ ၉၀၁၀၅၀၁ သို့
ဆက်သွယ်မှာယူနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းဆောင်ကောင်းတို့၏အရည်အချင်း - ဗမ္ဗဒုတ ဒေါက်တာအရှင်ဆေတိန္ဒ

စီးပွားရေး၊ နိုင်ငံရေးနယ်ပယ်များနှင့် ခေါင်းဆောင်မှု အသန်းကလျာတွင် ခေါင်းဆောင်ကောင်းဖြစ်လိုသူလူငယ်များနှင့် လူကြီးများအတွက် လိုက်နာ ကျင့်ကြံအားထုတ်နိုင်ရန် ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်း တို့၏အရည်အချင်းကို ဝုဒ္ဓ၏အဆုံးအမ၊ လမ်းညွှန်ချက်ရှထောင့်မှ ရေးသားထားခြင်းဖြစ်သည်။ ယင်းကိုအရည်အချင်း၊ ခေါင်းဆောင်ကောင်းတို့၏ အင်္ဂါရုပ်များ။ ခေါင်းဆောင်ကောင်းတို့၏ အပြောအဆို၊ စကားပြောနည်း၊ ခေါင်းဆောင် ကောင်းတို့၏ အပူအရာ၊ မြတ်စွာဘုရားနှင့် ဆရာတော်ကြီးများ၏ အတုယူဖွယ် အမူအရာများ စသဖြင့် ခေါင်းစဉ် ၂၅ ခုဖြင့် လက်တွေ့ကျကျ လိုက်နာကျင့်ကြံနိုင်ရန် လမ်းညွှန်ရေးသားထားသည်။

မြတ်ပုဒ္ဓတရားတော်များနှင့် မြန်မာဇာတ်ဆုံများ - ဓမ္မာဓရိယ ဦးအေးနိုင်(ဘီအေ)

ဓမ္မအားတွေ့အကြုံမှ ဖြစ်ပေါ်လာခဲ့သည့်စကားပုံများသည် ဝုဒ္ဓမြတ်စွာဘုရားဒေသနာတော်များကို အသိသက်ဝင်သွန်းလောင်းရှိနေကြသည်။ စကားပုံများမှ သွန်ပြထားသော ဝုဒ္ဓတရားတော်များကို သိရိုလိုက်နာကျင့်ကြံ၍လောကီအကျိုး လောကုတ္တရာအကျိုးများရရှိရန် ရည်သန်ရေးသားထားသော စာအုပ်ဖြစ်သည်။ ဆုံးမပြဝါဒများကို ပေးလိုသည့်အခါ ဂိုးရိုးစကားဖြင့် ဆုံးမပြဝါဒပေးသည်ထက် စကားပုံများကိုရွတ်ဆိုပြီး သို့မဟုတ် ရေးသားပြီး ဆုံးမပြဝါဒပေးခြင်းက ပို၍ထိရောက်နိုင်စေကြောင်း လမ်းညွှန်ထားပါသည်။

ကျပန်နိုင်ငံ၏ အဓိကဘဏ်စနစ် - မောင်ကြည်ညို(ဝါဏိဇ)

ဒုတိယကမ္ဘာစစ်အပြီး ပြုပုံဘဝမရုန်းထခဲ့ရသော ကျပန်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်စေခဲ့သော အဓိကဘဏ်စနစ်(Main Bank System) အကြောင်း ရေးသားထားသည်။ အသိပါ အဓိက ဘဏ်စနစ်သည် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးစနိုင်ငံများ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အရိန်အဟုန် မြင့်မားစေရန် အဓိကမောင်းနှင်အားကို ဖြစ်ပေါ်စေနိုင်သည့် အသင့်လျော်ဆုံးစနစ်ဟုဆိုသည်။ စီးပွားရေးလှုပ်ငန်းများနှင့် ဘဏ်များ လက်မွန်းတတီး လက်တွဲဆောင်ရွက်ပုံကို အသေးစိတ် ဖော်ပြထားပြီး မြန်မာနိုင်ငံအတွက် လမ်းစတစ်ခု ဖော်ညွှန်း ထားသည်။ စီးပွားရေးလောကအတွင်းကျင်လည်ကြွက်သူအားလုံး အသိပညာ၊ အတတ်ပညာဖြန့်ထေမျှား။ ငွေကြေး ထူးကွက်တွင် လှုပ်ရှားသူများ။ စီးပွားရေးလုပ်ဆောင်သူများက ကြိုဆိုရမည့်စာတစ်အုပ် ဖြစ်သည်။

အလင်းသစ်ရာထူးဝင်ခွင့်လမ်းညွှန် - အလင်းသစ်စာတည်းအဖွဲ့

နည်းပြ၊ သရုပ်ပြများ။ ပိမိုသန်ခွဲရေးဝန်ထမ်း(၁)၊ ဥပဒေအရာရှိအဆင့်(၄)၊ ဒုတိုနှယ်တရားသူကြီးများ။ ဒု-ဦးစီးမှူးများ။ ဒု-အကောက်ခွန်မှူးများ။ ဒု-ပိမိကိန်းမှူးများ။ ဝေယျာဝုန်ဆိုင်ရာ အရာရှိငယ်များနှင့် ပြန်တမ်းဝင်အရာရှိရာထူးအား လုံးအတွက် ရေးခြေ နှုတ်ဖြေဖြေဆိုရာတွင် လက်ကိုင်ပြုနိုင်ရန် ပြုစုထားသည်။ အထွေထွေပဟုသုတနှင့် မြန်မာစာ ဘာသာရပ်များပါဝင်သည်။ ရာထူးဝင် စာမေးပွဲဖြေဆိုမည့်သူများ၏လိုအပ်ချက်များအတွက် အချိန်တိုအတွင်းအကျိုး ပြုနိုင်အောင် စေတနာအရင်းခံဖြင့် ပြုစုထားသောစာအုပ်ဖြစ်သည်။

ဒေရုဝါဒသူဌေး - မင်းနန်(မော်ကွန်း)

လူသားတစ်ယောက်၏ ဂုဏ်ရောင်ပြောင်ရွှန်းသော ဘဝကောင်းဘဝမွန်ကိုရရှိရန် မြတ်ဗုဒ္ဓလမ်းညွှန်ချက်အတိုင်း မိမိ ကိုယ်တိုင် တိတိပပ လိုက်နာကျင့်သုံးသော ဓမ္မကာယ ဗန်ဒီးနိုင်ကြောင်း လမ်းညွှန်ရေးသားထားသည့် စာအုပ်ဖြစ် သည်။ သီလမှုမလုံခြုံလျှင် သမာဓိလည်းမဖြစ်၊ လောဘလည်း ပါးလွှာ၍မလာ၊ ဘာတရားထူးမှလည်းမရနိုင်၊ သော တာပန် ဖြစ်ပို့ဆိုသည်မှာထေးလေ့၊ ထို့ကြောင့်လည်း အယူအမြင်မှန်ကန်ခြင်းနှင့် သီလစင်ကြယ်ခြင်းသည်ကောင်းမှု ကုသိုလ်တို့၏ အစအမှန်ဖြစ်ကြောင်း ဖော်ပြထားသည်။

မြတ်ပုဒ္ဓလက်ထက် ပါရမီမှုံသမီးများ

အရာရာ၌ ယောကျ်ားများသာ စဉ်းစားဆုံးဖြတ်နိုင်သောအသိဉာဏ်ရှိသည်မဟုတ်၊ မိန်းမသားများသည်လည်း ထိုထို အရာ၌ ဆင်ခြင်ဆုံးဖြတ်နိုင်သော အသိဉာဏ်ရှိသည်သာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားစေရန် ဗုဒ္ဓမြတ်စွာလက်ထက် ထင်ရှားထူးချွန်သောပါရမီရှင်အမျိုးသမီး ၁၂ ဦး၏အကြောင်းကို ဇာတ်သားထားခြင်းဖြစ်သည်။ ဖဂ္ဂုဂုတီဂါဒီ၊ ယသော်ဓရာဒေဝီ၊ ခေမာဒေဝီ၊ ပဋာစာရာ၊ မိဂါရ မာတာ ဝိသာခါ၊ အမ္ဗပါလီ၊ ရုဇ္ဇသုဘဒ္ဒါ၊ သုမနဒေဝီ၊ ဒီဃကေသီ၊ ဥတ္တရာနှင့် သိရိမာ၊ စာပါ ဥဂ္ဂလဝဏ္ဏာတို့ ပါဝင်ပါသည်။

အလင်းသစ်

အလင်းသစ်စာပေ၊ အခန်း-၆၀၁၊ အမှတ်-၁၇၊ ၅၂-လမ်း(အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၄၀၉၇၊ ၂၀၄၀၉၇၊ လိုင်းခွဲ-၂၅၄၊ ၀၉ ၅၄၀ ၀၃၀၂။

Designed by Lynn Wunna

www.burmeseclassic.com

www.burmeseclassic.com

ဘဝင်

ရုပ်စုံမဂ္ဂဇင်း

ရာသစ်စာတမ်း

အမှတ် (၂၀၇) အောက်တိုဘာ (၂၀၁၃)

၁၀၂ ရွှေအမြဲတော ရုပ်စုံမဂ္ဂဇင်း အောက်တိုဘာ ၂၀၁၃

www.burmeseclassic.com

www.burmeseclassic.com

ဟိုဝေးဝေးက ချောအိမာန်

မန္တလေး

အိမ်ထဲမှ
အိပ်နေးတံခါးကို ဖွင့်၊
ကြည့်ခန်းရဲ့
ဆင်ဝင်အလှူး
မှန်တံခါးကို ဖွင့်၊
အိမ်ကြေး သံတံခါး
အောရေလောက်ကို
ဆက်ဖွင့်၊ အိမ်ကြေးရဲ့
အပြင်လမ်းမကြားက
သံတံခါးကိုဖွင့်ပြီး
လမ်းကြေးအတိုင်း
အရှေ့ဘက်ကို
ရပ်ကြည့်လိုက်ရင်
နေရောင်အောက်က
အပြာရောင်
တောင်တန်းတွေကို
တွေ့ရပါတယ်။
နေ့စဉ်နေ့တိုင်း
မြင်နေရတဲ့
အဲဒီတောင်တန်းတွေကို
အနှစ်သက်ဆုံး။
အဲဒီတောင်တန်း
တွေပေါ်ရဲ့
တစ်နေရာမှာ
သူမမိခင်ရှိသလို
အဲဒီတောင်တန်းတွေရဲ့
အောက်မှာ
သူမဖခင် ရှိပါတယ်။

အချိုးအဆွေတွေလည်း
ရှိကြသလို
ရိုးရာအလှအပတွေနဲ့
ရိုးရာဂီတတွေလည်း
ရှိလေရဲ့။
ဘယ်တော့မှ
ရိုးအီမသွားနိုင်တဲ့
စိမ်းစိမ်းလန်းလန်း
တောတန်းတစ်ခွင်နဲ့
မြေနုလမ်းဟောင်း၊
စိုက်ခင်းပြင်ကျယ်တွေထဲမှာ
ဟိုဝေးဝေးက
သစ်ပိုင်းစီးဆင်းမှုတွေက
ခုထိပြောကောင်းနေတုန်း၊
နားထောင်ကောင်းနေတုန်း။
သူမ ဟိုအရိပ်တွေထဲ

www.burmeseclassic.com

www.burmeseclassic.com

ခဏရောက်ရှိသွားခဲ့တယ်။ ချောင်းရေစီးသံတွေက နားထဲမှာ ဂီတသံငြိမ့်ငြိမ့်လေးလို အိပ်မက်မက်နေသလို သူမတည်ခိုရာ အခန်းပြင်လေးထွက်ပြီး ပတ်ဝန်းကျင်က စိုက်ခင်းတွေကို ကြည့်နေမိတယ်။

ဤဒေသလေးကို ရောက်တဲ့ နှစ်ရက်ဆိုတဲ့ သက်သေပြချက်က ခြေထောက်မှာ မြေကာလာအရောင်နီလိမ္မော်တွေ ပေကျံနေပြီ။ ဟောင်းနွမ်းခဲ့တဲ့ ပုံရိပ်တွေ မရှိတော့ပေမဲ့ ရင်ထဲစွဲကျန်နေတဲ့ ပုံရိပ်တွေက ဤနေရာလေးကို ရောက်ရှိတိုင်း ဖျောက်မရသေးခဲ့။ အဟောင်းတွေ၊ နေရာအသစ်တွေ ထပ်မံအစားထိုးဝင်ရောက်မှုတိုင်းဟာ သဘာဝတရားပဲမို့ လူသားတွေအားလုံး လက်ခံရတာပါပဲလေ။

သူမက တောအရိုင်းပန်းလေးတစ်ပွင့်လို လွင့်လွင့်မျောမျော၊ မန္တလေးဆိုတဲ့ လှပနန်းဆန်တဲ့ မြို့ကြီးမှာ လက်ဆန့်တန်းခွင့်ရ၊ မန္တလေး လေကို ရှူရှိုက်ခွင့်နဲ့ ရေကို သောက်သုံးခွင့်ရတာတန်ဖိုးရှိမှန်း သူမ တဖြည်းဖြည်း တရေးရေးသိလာချိန်မှာတော့ မန္တလေးကို ချစ်ခဲ့ရ၊ မြတ်နိုးခဲ့ရာကနေ မခွဲခွာနိုင်အောင် ဖြစ်လာခဲ့ရတယ်။ မန္တလေးက နွေးထွေးစွာ ကြိုဆိုတယ်။ ပွေ့ဖက်ယုယပိုက်ထွေးမှုတွေ ရှိတယ်။

ဆောင်းညဝတ်ရံတွေ ခြိုတဲ့ဆောင်းည ဆောင်းလတွေဟာ ယခင်ကတော့ အရိုးအသည်းထဲထိအောင် အေးစက်ခဲ့ဖူးပါတယ်။ မီးသွေးမီးဖိုရဲဘေးမှာ လက်တွေကို အနွေးဓာတ်ပေးရင်း စာကျက်ခဲ့ရတာကို သတိရမိတော့ သူမ အဘွားကို လွမ်းမိတယ်။ ဘေးကနေ စာကူကျက်ပေးခဲ့တဲ့ သူမရဲ့ဒုတိယမိခင်ရင်းပေါ့။ အိမ်က ခြံကြီးက ကျယ်လွန်းတော့ အညာဆောင်းမှာ နှင်းက ခပ်သိပ်သိပ် ကျတတ်တယ်။ နေရောင်မလာခင်မှာ မြက်ပင်ပေါ် ဟိုတစ်စက်ဒီတစ်စက် တွဲခိုနေတဲ့ နှင်းစက်တွေကို လက်နဲ့ထိတို့ဆော့ခဲ့ဖူးတယ်။

သူမ ကျူရှင်သွားဖို့ ဘီးလေးနဲ့

အပြောင်းအလဲ
တိုင်းဟာ
ယိုယွင်းပျက်စီးခြင်းထက်
တိုးတက်မြင့်မားခြင်းကို
ဦးတည်ဖို့
မျှော်လင့်ချက်
ကြီးမိတယ်
တချို့
အပြောင်းအလဲဟာ
အမြင်အရ
ကောင်းမယ်
ထင်ပေမဲ့လည်း
လက်တွေ့မှာ
အတော်အတန်
ကွာခြားနေခဲ့တယ်

လမ်းမထွက်ရင် မန္တလေးလမ်းတစ်ပြမှာ မြူနှင်းတွေက သေချာမမြင်ရ။ ခပ်ရိပ်ရိပ်သာ ရှေ့ကလာနေတာကို မြင်ရပါတယ်။ အဲဒီလိုဖြောရင် ယုံနိုင်ဖွယ်ရာကို မရှိပါ။ ယခုအချိန်မှာတော့ သူမ လွမ်းမောခဲ့တဲ့ ခပ်ဝေးဝေးက မန္တလေးဆောင်းက နှုတ်မဆက်ခင်ပင် ပျောက်ကွယ်သွားခဲ့ပြီလား။ သူမ အိမ်မှာ အကြိုက်ဆုံးအပင်က ဇီဇဝါပန်းပင်၊ ပွင့်ဖတ်လေးများက ကိုင်ကြည့်လိုက်ရင် ကတ္တီပါစလို ချောချောလေး။ ရန်ကုန်လေးက အာရုံမှာ လွင့်ပျံသွားအောင် မွေးလှတယ်။ အဲဒီဇီဇဝါပန်းပွင့်လေးများပေါ်က နှင်းစက်လေးတွေကို သူမက လက်နဲ့တို့ချင်တို့၊ ပါးနဲ့ ပွတ်ချင်ပွတ်နေတတ်တယ်။ ပြီးရင် အားရပါးရ ရှူရှိုက်မိတယ်။ ဇီဇဝါပန်းပေါ်က အေးစက်နေတဲ့ နှင်းစက်လေးတွေရဲ့ အရသာ၊ ပါးနဲ့ထိလို့ နူးညံ့တဲ့အထိအတွေ့အရသာကို သူမ နှစ်သက်မိတယ်။

'သမီးရေ လာဦး၊ ရေလောင်းရအောင်'

အဘွားက သံပုံးနှစ်ပုံးကိုင်ပြီး ခြေတံရှည်အိမ်အောက်က ထွက်လာတယ်။

'ဒီလောက် အေးနေတာကို ရေလောင်းရဦးမယ်'

အဘွားက ပြုံးပြီး…

'သမီး ဆောင်းတွင်းမှာ ဘယ်လောက်အေးအေး ရေမသောက်ဘဲ နေခဲ့လို့လား' တဲ့။

အဘွား သူမလက်ထဲကို သံရေပုံးအသေးထည့်ပေးတယ်။ အိမ်ရှေ့ ရေတွင်းထဲကနေ သံပုံးတွေနဲ့ ခြံထဲက တန်းစီနေတဲ့ အုန်းပင်တွေကို ရေလောင်းရတယ်။ ပိန်ပိန်ပါးပါး ခပ်သွက်သွက်နဲ့ အဘွားက အလုပ်ကို အတော်လည်းလုပ်နိုင်တယ်။ ဒီအုန်းပင်တွေက အဘွားစိုက်ထားတာပေါ့။ သရက်ပင်တွေလည်း အများကြီးပဲ။ သူမ သိတတ်စအချိန်တွေမှာ ဒီအပင်တွေဟာ သူမအသက်ထက်များစွာ ကြီးထွားနေပြီး သရက်သီးတွေ ထွားလာရင်တော့ သတင်းစာတွေ၊ အိတ်တွေနဲ့ သရက်သီးတွေကို လုံခြုံအောင် ပတ်ထားရတော့မယ်။ မှည့်ခါနီး တောင်းထဲ အုပ်လှန်အချိန်ဆိုရင် ဝါးလုံးရှည်နဲ့ခူးပြီး တောင်းတွေထဲမှာ ထည့်အုပ်ပြီး ဝါပြီး လှလာရင် မိတ်ဆွေအိမ်များကို မျက်နှာပန်းလှစွာ အဘွားက ပေးတော့မယ်။

သနပ်ခါးကြိုက်တဲ့ အဘွားကလေယ်စဉ်ကတည်းက ရွှေဘီးဆံပတ်နဲ့ ခြုံလုံချည်၊ အင်္ကျီရင်ဖုံးနဲ့ ကိုင်းအိတ်လေးလွယ်၊ စီးကရက်ကို လက်ကြားက ညှပ်တတ်သူ။ ဘတ်စ်ကားလိုင်းတွေဖွင့်တော့ အနောက်မီးခြစ်စက်ရုံကနေ အလုပ်အောင်ပင်လယ်ဆီ ဘတ်စ်ကား တစီးယောက် နှစ်ကျပ်နဲ့ လိုက်စီးတာကို မှတ်မိသေးတယ်။ ဘတ်စ်ကား ဘရာတာ ဒီမြေးအဘွားနှစ်ယောက် ဖခင်းသေးသေး

www.burmeseclassic.com

www.burmeseclassic.com

လားလို့ ထင်ရင်း နောက်ဆုံးဘတ်စ်ကား တမင်လိုက်စီးတာကိုးဆိုပြီး ရယ်မောတော့တယ်။

အဘွားက လမ်းလျှောက်အလွန်မြန်သူ၊ သူမကို တစ်နေ့ ကျောက်တော်ကြီးဘုရားပွဲ လူစည်စည်ထဲ ခေါ်သွားတယ်။ ပထမဦးဆုံးအကြိမ် ရောက်ဖူးတာမို့ များပြားလှတဲ့ မုန့်သည်၊ ဈေးသည်၊ ဇာတ်ရုံတွေကို ငေးမောရင်း ပျော်ရွှင်မိတယ်။ အဘွားက အပြန်ဈေးတန်းထဲက ကျောက်စိမ်းလက်စွပ်သေးသေးလေး ဝယ်ပေးခဲ့တယ်။ ဟိုးဝေးဝေးက အဘွားရဲ့အရိပ်တွေကို ပြန်လွှမ်းမောခဲ့တဲ့ ညတွေ ကြာရှည်ခဲ့တယ်။

စာဖတ်ဝါသနာပါသော အဘွားပြောတဲ့ ဇာတ်လမ်းတချို့ဟာ ဝတ္ထုဇာတ်ကောင်တွေဆိုတာ အချိန်ကြာမြင့်မှ သိခဲ့ရပြီး မကြာခဏ ညအိပ်ရင်း လန့်တတ်၊ ငိုတတ်၊ ရင်တုန်နေတတ်တဲ့ သူမကို အဘွားက ခေါင်းလေး ပွတ်သပ်ကာ ဘုရားစာရွတ်ဖတ်ရင်း ဥဂါဏာဖြင့် သူမ အိပ်မောကျသွားတတ်တဲ့ နေ့ရက်များက များလွန်းလှတယ်။

အဘွားရဲ့အဆိုတစ်ခုကို အရင်တုန်းက သဘောသိပ်ကျလှတယ် မဟုတ်ပေမဲ့ ခုနေခါတော့ သဘောကျမိတယ်။

'လူဆိုတာ ဖျင်းတာ သင်လို့ရတယ်။ ပျင်းတာက သင်လို့မရသလို ပြင်ရဖို့လည်း ခက်တယ်'

ကြီးလာတော့ အလုပ်မလုပ်၊ လက်ကြောမတင်း အပျင်းကြီးသူများကို တွေ့ရရင် အဘွားပြောတဲ့စကားများကို မှတ်မိနေတတ်တယ်။ သူမကလည်း ငယ်စဉ်တုန်းကတော့ အပျင်းထူဖူးပါတယ်။ သူမကို တော်စေချင်တယ်။ ထက်မြက်စေချင်တယ်။ ဈေးတွက်နဲ့ အတွက်အချက်မှာ အဘွားက တော်သလို အင်္ကလိပ်အသံထွက်လည်း မဆိုး။ ဝါသနာကတော့ စာဖတ်ခြင်း။ စာအုပ်ကို မဖတ်ရမနေနိုင်အောင် စွဲလမ်းခဲ့တဲ့ ဟိုးဝေးဝေးက အဘွားကို လွမ်းပါတယ်။

အဘွားက ဘာသာရေး အမာခံယုံကြည်သူပီပီ ဗုဒ္ဓတရားတော်တွေနဲ့ လက်လှမ်းမကွာစေဖို့၊ ဘုရားဂါထာတွေကို အတတ်သင်ပေးတတ်တယ်။ အဘွား ထားခဲ့တဲ့ စံနဲ့ တန်ဖိုးတွေကို သူမ ချစ်တယ်။

တကယ်လို့ အဘွားသာ စာတွေ မဖတ်ခဲ့ရင် သူမလည်း စာရေးသူတစ်ယောက် ဖြစ်လာနိုင်မှာ မဟုတ်ပါ။ ဒါက အသေချာဆုံး အချက်ပင်။ အဘိုးက လည်း သူမ လက်လှမ်းမမီခဲ့သေးသော အင်္ကလိပ်စာအုပ်တွေ အများကြီး ဖတ်တယ်။ သူမကတော့ အဘိုးရဲ့ရုပ်ပုံပါတဲ့ အင်္ကလိပ်ကာတွန်းများကို ရွေးပြီး ဖတ်ခိုင်းပြတယ်။ အများအားဖြင့် စစ်ပွဲကာတွန်းစာအုပ်တွေ များတယ်။ သူမ နှစ်သက်တဲ့ ဘိုမဝုံပါတဲ့ ကာတွန်းစာအုပ်က နည်းလှတယ်။ ထိုအခါက အခုခေတ်လို ကလေးတွေဖတ်ဖို့ စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တွေ မပေါ်ပေါက်သေး။

အဘွားကတော့ ဘာအရုပ်မှ မပါတဲ့ စာအုပ်ထူထူတွေကို သေတ္တာထဲမှာ စနစ်တကျ သိမ်းထားလေ့ရှိတယ်။ အဲဒီစာအုပ်ရဲ့ ကလောင်ပိုင်ရှင်တွေကတော့ နာမည်ကြီး ဝတ္ထုရေးစာရေးဆရာတွေ၊ အဘွားက မအိပ်ခင် စာအုပ်တစ်အုပ်ကို ဖတ်ပြီးလည်း ထပ်ဖတ်ပြီးမှ အိပ်လေ့ရှိတယ်။

သူမ စွဲလမ်းတဲ့စာအုပ်တစ်အုပ်ကတော့ မြတ်စွာဘုရား သမိုင်းဖြစ်စဉ်တွေကို ပန်းချီလှလှတွေနဲ့ သရုပ်ဖော်ထားတဲ့ စာအုပ်ကြီးကို သဘောကျတယ်။ ပထမဦးဆုံး စာမျက်နှာကနေ နောက်ဆုံးစာမျက်နှာထိဖတ်လို့လည်း ကောင်း၊ ကြည့်လို့လည်း ကောင်းတယ်။ သူမက အင်္ကလိမာလဇာတ်ကြောင်းကို မကြာခဏ အဘွားကို ပြောပြခိုင်းတယ်။ သူမ အတွက် နောက်တစ်ခုစွဲလမ်းတာက မဟော်သဓာ ဇာတ်လမ်းတွေ၊ နောက် သူမအရွယ်အရ ဖတ်တတ်ရွေးတတ်ချိန်မှာ သူမ စွဲလမ်းပြီး ကိုယ်တိုင်ရေးချင်ခဲ့တာက ဝတ္ထုတို ဇာတ်လမ်းတွေ။

'အဘွား ဒီစာအုပ်ထဲကလို ဒီလို စာတွေ ရေးတဲ့သူ ဖြစ်ချင်တယ်'

'စိတ်ကူးတွေယဉ်ပြီး စာရေးချင်နေပြီလား။ စာရေးသူဆိုတာ တော်ရုံနဲ့ မဖြစ်ဘူး။ စာတွေ အများကြီး ဖတ်ရမယ်။ အများကြီး ကြိုးစားရမှာ'

'အိုး ဘာပဲဖြစ်ဖြစ် ဖြစ်ဖြစ်မဖြစ်ဖြစ် သမီးကတော့ စာရေးတဲ့သူ ဖြစ်ချင်တာပဲ'

'ဘာဖြစ်လို့ ဖြစ်ချင်တာလဲ'

'သမီး ရေးချင်တာ ရေးလို့ရတယ်လေ။ ဒီလိုမဂ္ဂဇင်းစာအုပ်တွေမှာ သမီး ကလောင်နာမည်နဲ့ ကိုယ်တိုင်ရေးထားတဲ့ စာတွေကို ဖတ်ကြည့်ချင်တယ်။ တော်တော်ပျော်စရာကောင်းမှာပဲလို့ သမီး ထင်တယ်'

'ကောင်းပြီလေ၊ သမီး ရေးကြည့်ပေါ့'

'ပြီးရင် အဘွားကို ပြမယ်။ ဖတ်လည်း ပြမယ်နော်။ ကောင်းလား၊ မကောင်းလား ဝေဖန်ပေး'

အဘွားက ခေါင်းညိတ်ပြီး ဖြုံးတယ်။ စိတ်ထဲမှာ လွယ်လွယ်လေးနဲ့ စာအုပ်တွေပေါ် ရေးခွင့်ရ ပါခွင့်ရမယ် အထင်စိတ်က တကယ်တမ်း ဘယ်ဟုတ်နိုင်မလဲ။ စာရေးတယ်ဆိုတာ တော်တော်ကို ခက်ခဲတဲ့အလုပ်တစ်ခုပဲ။

အဘွားက သူမအကြောင်း သိစွာလွတ်ထားတယ်။ ညအိပ်ခါနီးတိုင်း သူမ ဗလာစာအုပ်ထဲ ရေးထားတဲ့ ဝတ္ထုမဆန့်တဲ့ စာလုံးတွေကို အခါခါ ဖတ်မိတယ်။

'သမီး ဖွန်ဆိုတာ မိုးတွင်းပဲ ရှိသေးတယ်။ ဆောင်းလ မဟုတ်သေးဘူး။ ဆောင်းက အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလေ'

သူမ အတွေးနဲ့ မှားရေးထားတာကို အဘွားက ထောက်ပြတယ်။

'စာလုံးပေါင်းတွေက မလျှမ်းနဲ့၊ သွား စာအုပ်ဆိုင်က အဘွားအတွက် ဝတ္ထုစာအုပ် ငှားခဲ့'

'ဟုတ်'

အဘွား ဘာကို ကြိုက်တတ်တယ်။ ဘယ်လို ဇာတ်လမ်း၊ ဘယ်စာ

www.burmeseclassic.com

www.burmeseclassic.com

အေးစိမ့်စိမ့်ရေကိုပဲ သောက်တတ်တဲ့ အကိုးရဲ့ မေတ္တာတရားကလည်း သူမ အပေါ် ကြီးမားခဲ့တယ်။ အဘွားက ရေအိုးကို ဝယ်ရတာ ဝါသနာပါလှတယ်။ ပြာသိုလမှာ လုပ်တဲ့ မြေအိုးရှိလားလို့ အိုးဆိုင်ကို မေးတော့ အဘွားကို ကြိတ်ကြိတ်ဖန်ဖန်ဆိုပြီး ပြန်ကြည့်တတ်ကြတယ်။ အိုးဆိုင်က လူပင်မသိ။ အဘွားက ပြာသိုလမှာ လုပ်တဲ့ အိုးက ပိုအေးတယ်။ အဲဒီလမှာ ထွက်တဲ့မြေစာတ်က အအေးဆုံးပဲ။ ဒါကြောင့် အဲဒီလလုပ်တဲ့ မြေအိုးရှိလားမေးတာ။ အဲဒီရေအိုးနဲ့ဆို ရေခဲသေတ္တာထဲက ရေထက်တောင် အေးသေးတယ်။ အရင်တုန်းက အိုးလေးတွေမှာ ပြာသိုအိုးလို့ မြေဖြူနဲ့ရေးပြီး ရောင်းကြတယ်။ ဒီခေတ်တော့ မရှိတော့ပါဘူး ဆိုပြီး ပြောတယ်။

သူမကတော့ ပဌာန်းပွဲမှာ တန်းစီနေတဲ့ရေအိုးတွေကို သဘောကျတယ်။ ရေအိုးတစ်လုံးချင်းစီမှာ ရေးထားတဲ့ ဟောတုပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိပစ္စယော… အဆုံးထိ လိုက်ဖတ်ရှုတ်ပြီး ရေအိုးထဲက ရေနည်းနည်းစီ ခပ်သောက်ရတာကို သဘောကျသလို စိတ်လည်းကြည်လင်သလို ခံစားရတယ်။ ခုချိန်ထိ ရေခဲသေတ္တာရှိလည်း မြန်မာအိမ် ပီသစွာ မြေအိုးနဲ့ သောက်ရေအိုး ရေထည့်တုန်းပါပဲ။ အဘိုးသောက်နေကျဖြစ်တဲ့ ရေအိုးလေးနဲ့ လက်တစ်ကမ်းမှာ ချိတ်ထားတဲ့ အဘိုးရဲ့ မူပိုင်စတီးရေခွက်လေးလည်း ရှိနေတုန်းပါပဲ။

သူမ အဘွားနဲ့ အဘိုးရဲ့ နောက်ဆုံးနေ့ရက် အလှမ်းတွေကို မရေးဖွဲ့ချင်း ရှိနေသလိုလေး မျက်စိမှိတ်ခံစားချင်မိတယ်။ ဟုတ်ပါတယ်။ ဟိုဝေးဝေးမှာ သူတို့ရှိနေတုန်းပါပဲ။

စစ်အကြောင်းကို ပြောမလား၊ စစ်မတိုင်မီ ပြောမလား။ တရုတ်နယ်စပ် ဘိန်းဖြူတွေဖမ်းတာ ပြောမလား။ လော်စစ်ဟန်အကြောင်းကို ပြောမလား။ ဗိုလ်ချုပ်အောင်ဆန်းအကြောင်း ပြောမလား အဘိုးက ရေပက်မဝင် ပြောပြနိုင်သူ

ငယ်စဉ်က
တရားသူကြီးများ
ဖြစ်မလား
ရော့နေ
ဖြစ်မလား
ကျောင်းဆရာမ
ဖြစ်မလား
စေးရောင်းရမလား
စတဲ့
လားပေါင်းများစွာနဲ့
သူမအဘွားက
စိတ်မောခဲ့ပုံးမှာပဲလို့
တွေးမိတော့
မိမိကိုယ်ကိုတောင်
အလိုလို
ရင်မောခဲ့ပုံးတယ်

ရေးဆရာတွေကို နှစ်သက်တယ်ဆိုတာ သူမ တဖြည်းဖြည်း သိလာခဲ့တယ်။ သူမ နေ့စဉ် မြည်းစမ်းပြီး ငှားခွင့်ရတဲ့ ဝတ္ထုစာအုပ်တွေကို အဘွားက နေ့စဉ် ဖတ်လေ့ရှိတယ်။ ဒီစာအုပ် မဆိုးဘူး။ ခုစာအုပ်က သိပ်မဟန်ဘူး။ ဒီစာအုပ်က စာတ်လမ်းကောင်းတယ် စသည်ဖြင့် အဘွားဆီက ဝေဖန်သံတွေကို သူမ ကြားရလေ့ရှိတယ်။

သူမ အမှန်တကယ် စာတွေ ရေးဖြစ်သွားချိန်မှာတော့ အဘွားက ခေါင်းလေးညိတ်၊ မျက်မှန်ထူနဲ့ ဖတ်လိုက်ရုံကလွဲလို့ ဝေဖန်သံတွေ မကြားရတော့ပါဘူး။ အသက်ကြီးလာလို့ ကြိုးစားဖတ်ပေးရုံကလွဲလို့ စာတ်လမ်းတွေ အရေးအသားတွေကို မမှတ်မိနိုင်တော့ပါဘူး။ ဖတ်ပြီးသားကို လည်း ဒီလို ဖတ်ချင်စိတ်နဲ့ ဖတ်ပေးနေတာကိုပဲ သူမက ကျေးဇူးတွေ တင်နေမိတယ်။

သူမအဘိုးကတော့ အင်္ဂလိပ်လို တွေချည်း ဖတ်ရာကနေ ဗမာဝတ္ထုစာတ်လမ်းကို သူမ ရေးမှပဲ ကြိုးစားဖတ်လာတော့တယ်။ သူ သဘောကျရင် ပြန်ပြောလေ့ရှိတယ်။ အဘွားလိုတော့ မှတ်ဉာဏ်အား မနည်းဘဲ မှတ်ဉာဏ်က လူငယ်တွေထက်တောင် တစ်ခါတစ်ရံ ကောင်းနေတတ်ပါတယ်။ သူမ စာရေးတာကို အားပေးတယ်။

သူတို့နှစ်ဦးရဲ့ အသက်အရွယ်အရ အိမ်ငန်းနေကြပေမဲ့ တစ်ဦးပေါ်တစ်ဦး နွေးထွေးတဲ့ကြင်နာစိတ်ကို အပြည့်အဝ ပေးနိုင်ကြလို့ အိမ်ထောင်သက်တမ်းကြာရှည်ထိ မေတ္တာစိတ်တွေမပျက်ခဲ့ကြဘူး။

ခုခေတ်တော့ အရွယ်မတိုင်ခင် အိမ်ထောင်ပြုကြပြီး တဂျိန်းဂျိန်းကွဲနေကြတာ အထူးအဆန်းတောင် မဟုတ်တော့သလိုပါပဲ။ အဘွားပြောတဲ့ 'မြေစာပင် ပုခက်လွဲတဲ့ခေတ်ကို ရောက်နေပြီ'တဲ့။

သူမအတွေးထဲတော့ ဘယ်မြေစာပင်က ဘယ်လိုပုခက်လွဲမှာလဲလို့ တွေးမိနေတယ်။ လူကြီးတွေပြောတဲ့စကား၊ ထားခဲ့တဲ့စကားတွေက ဒီကနေ့ ဒီအချိန်ထိ မမှန်တာ မရှိသေးဘူးဆိုတာ တဖြည်းဖြည်း သိလာခဲ့တယ်။

ကံကောင်းတယ်ဆိုတဲ့ ကံတွေကို လက်တစ်ကမ်းလှမ်းလိုက်ရုံနဲ့ သူမကို အသင့်ဖြစ်စေခဲ့သော အိပ်မက်များက သူမ ပတ်ဝန်းကျင်မှာ။ ဒါကို ငယ်စဉ်တုန်းက သိပ်မသိခဲ့သေးပေမဲ့ အရွယ်တစ်ခုအရ၊ အတွေ့အကြုံ ပတ်ဝန်းကျင်အရ သူမအတွေးအိပ်မက်အနာဂတ်ကို သူမအဘွားနဲ့ အဘိုးက အရိပ်အဖြစ် အမြဲတမ်းအုပ်မိုးပေးခဲ့တယ်။ နေရဲ့အပူဒဏ်၊ မိုးလေရဲ့ ခပ်ပြင်းပြင်း ဒဏ်ရာဒဏ်ချက်တွေက သူမအပေါ် မကျရောက်ခဲ့သလို အေးမြတဲ့ မိုးရေစက်တွေလို ခိုင်ခံ့တဲ့ မေတ္တာတရားထုထည်က သူမတို့ကြား အခိုင်အခံ့။

ဘယ်လောက်ပဲ ပူပူ မြေအိုးထဲက

www.burmeseclassic.com

www.burmeseclassic.com

အပ်ကြောင်းထပ်ပြောလွန်းလို့ သူမတို့ တစ်ခါတစ်ရံမှာ ငုတ်တုတ်အိပ်ငိုက်လာတတ်တယ်။ တကယ်တော့ သူ ပြောချင်တာလေးကို ဒီထက်ပိုပြီး စိတ်ဝင်တစားနားထောင်ပေးတတ်ဖို့ လူကြီးတွေကို ပိုနားလည်ပေးနိုင်ဖို့ သူမတို့ စိတ်တွေဘာလို့ အရမ်းခွဲမဆန့်နိုင်ခဲ့တာလဲလို့ တစ်ခါတစ်ရံကိုယ်တိုင် မေးခွန်းပြန်မေးမိတယ်။

လူကြီးတွေ ကြိုက်သောအရာကို နှစ်သက်ပေးဖို့၊ လူကြီးတွေ လိုအပ်တာကို ဖြည့်စွမ်းပေးဖို့၊ လူငယ်တွေရဲ့ နှလုံးသားမှာ အပြန်အလှန်စိတ်တွေ မွေးမြူနိုင်ဖို့ အလိုလိုတွန်းအားပေးခဲ့ဖူးတယ်။ အိမ်ထဲမှာ ခိုနားနေတဲ့ ငှက်လေးတွေ၊ ပျံလေးတွေအပေါ် တောင် စေတနာတွေ ဒိတ်လျှံနိုင်ခဲ့ရင် လူကြီးတွေအပေါ် ခွင့်လွှတ်နားလည်ပေးဖို့ အခုခေတ် လူငယ်တွေပိုပြီး သတိရှိရတော့မယ်လို့ သူမ ထင်မိတယ်။

အပြောင်းအလဲတိုင်းဟာ ယိုယွင်းပျက်စီးခြင်းထက် တိုးတက်မြင့်မားခြင်းကို ဦးတည်ဖို့ မျှော်လင့်ချက်ကြီးမိတယ်။ တချို့အပြောင်းအလဲဟာ အမြင်အရ ကောင်းမယ်ထင်ပေမဲ့လည်း လက်တွေ့မှာ အတော်အတန် ကွာခြားနေခဲ့တယ်။ အပြောင်းအလဲတိုင်းမှာ အားယူပံ့သန်းဖို့ ခွန်အားသစ်တွေ မွေးဖွားဖို့ စိတ်တွေနဲ့ အဖန်တလဲလဲ တည်ဆောက်ရတာ လက်တွေ့ပင်။ မြေပြင်ရောက်ခင်မှာတော့ ကုန်ရွန်းထနိုင်ဖို့၊ အားယူနိုင်ဖို့၊ ချိုးဆတက်ဖို့တွေကို သူမတို့ရင်ဆိုင်ရတဲ့ လောကကြီးနဲ့ အမှန်တရားတွေက သင်ကြားပေးနိုင်တယ်လို့ မျှော်လင့်ယုံကြည်မိတယ်။ ဒီလိုနဲ့ ဟိုးဝေးဝေးက အတိတ်ဆီ တာတော့ အဖြည်းဖြည်းတော့ ချန်ထားပစ်ခဲ့ရတာပါပဲ။

ချိုမိုခွင်ရာသီ၊ တူရာသီဖွားကို ပိုင်ဆိုင်ထားတဲ့သူမက အမှန်တရားနဲ့ တရားမျှတခြင်းကို လွန်စွာမှ တန်ဖိုးအားမက်မောသူ၊ ပြီးတော့ အေးချမ်းသူတို့ အလေးထားသူ။ ငယ်စဉ်က တရားသူကြီးများ ဖြစ်မလား၊ ရှေ့နေဖြစ်မလား၊ ကျောင်းဆရာမ ဖြစ်မလား၊ ဧရုးရောင်းရမလား စတဲ့ လားပေါင်းများစွာနဲ့ သူမအာဘွားက စိတ်မောခဲ့ဖူးမှာပဲလို့ တွေးမိတော့ မိမိကိုယ်ကိုတောင် အလိုလို ရင်မောခဲ့ဖူးတယ်။ ဆယ်တန်းအခု အထက်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုရန် ကျက်နေရသောစာကို တော်တော်စိတ်ညစ်ပြီး ရင်မောနေပြီ။ အင်္ဂလိပ်စာပါ အထူးသဖြင့် မြန်မာလို လေထန်ကုန်း ဇာတ်ကောင်တွေက မစ္စတာ အန်းရော၊ ဟိကလစ်၊ ဟင်ဒလေ၊ ကက်သရင်း၊ အက်ဂါလင်တန်တို့ရဲ့ ရူပယ်ကတ် နာကြည်းမုန်းတီး လက်စားချေလိုမှုများ၊ စော်ကားခံရမှုများ အလွန်နာကြည်းစရာ ဝတ္ထုတစ်ပုဒ်ကို ကျောင်းစာအဖြစ် သင်ကြားရတာကို သူမ အထူးစိတ်ညစ်မိတယ်။ အထူးသဖြင့် တရားမမျှတမှုကို မနှစ်သက်နိုင်တာကြောင့် လေထန်ကုန်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမှာကို စိတ်ဓာတ်ကျဖွယ်လို မြင်မိနေတဲ့အချိန်ကာလတစ်ခု။

ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး လေထန်ကုန်းကို ကျော်လွှားပြီး ဆယ်တန်းအောင်မြင်ခဲ့ပြီး နန်းတွင်းကျောင်းထဲမှာ ဖြေရစဉ် သူမ ပြန်ထွက်လာတဲ့အခါ မျက်နှာကို ဖတ်ဖို့ အပြင်ဘက်ကနေ မျှော်နေကြသူများက သူမ အဘွားနဲ့ အဘိုးပါ။

အဘွားရဲ့မေးခွန်းက ဖြေနိုင်လားဆိုတာထက် ဘယ်နှပုဒ် မဖြေနိုင်ခဲ့သလဲတဲ့။ အဲဒီမေးခွန်းကြောင့် သူမ စိတ်တိုခဲ့ဖူးတယ်။ ဘာလို့ အဲဒီလိုမေးတာလဲ။ ယုံကြည်မှုနည်းလို့လား။ ဖြေနိုင်ခဲ့တယ်ဆိုတာကို ခပ်မော့မော့ကြွားဖို့ပင် စကားတွေက လေဟာနယ်ထဲ ပျောက်ချင်းမလှ ပျောက်သွားတယ်။

ထိုခေတ် ထိုအခါ ကျွန်ုပ် တစ်ဘာသာ ၅၀ ကျပ်နဲ့ နှစ်ဘာသာလောက်ပဲ တက်ပြီး အောင်ခဲ့တာကို ကျေးဇူးတင်စရာ။ ယခုခေတ်တော့ အလှမ်းဝေးလွန်းလှတဲ့ ကျောင်းစရိတ်တွေက မိဘတွေကို လည်ပင်းနှင်းစေမလားဘဲ။ လူတမ်းစေ့ လူတမ်းစေ့နဲ့ အရင်ခေတ်က ကုမ္ပဏီတစ်ခုစာလောက် ထောင်လို့ရတဲ့ ငွေကြေးမို့ မိဘတွေ၊ သားသမီးကျောင်းစရိတ်အတွက် ရတက်မအေးရတာ အမှန်ပင်။ အပြင်အဆိုင် ခေတ်ရဲ့ကြားထဲ ဆက်လက်အကောင်အထည်ဖော်ဖို့၊ နည်းပညာခေတ်တွေနောက် လိုက်ဖို့၊ မိဘတွေကိုယ်တိုင် သားသမီးတွေဆရာ ပြန်လုပ်နေတာကို ခံနေရပြီ။ သားသမီး ပါးစပ်ဟပြီး ထွက်လာမယ့် တောင်းဆိုမှုတိုင်းဟာ မိဘတွေ နှစ်ကိုယ်ကြား စကားစစ်ခင်းရင်း နောက်ဆုံး သားသမီးအရေး ဦးအရေးနဲ့ အဆုံးသတ်ကြပြီး မိဘတွေ အချင်းချင်း ပြန်ဆုံကြတိုင်း ဟိုးဝေးဝေးက ခေတ်တွေကို ပြန်လွမ်းရင်း စကားအဖြစ်နဲ့သာ။ ခေတ်ရဲ့ပြောင်းလဲမှုကိုတော့ ဘာမှစောဒကတက်ခွင့် မရှိ။

အခုခေတ် ကလေးတွေကို ပြောကြည့်၊ ပုံပြင်ဆိုရင် ဘာလဲလို့ မေးပါလိမ့်မယ်။ သူတို့သိတာ အိုင်တီနည်းပညာတွေကို အံ့မခန်းအောင် သိပါလိမ့်မယ်။ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေနဲ့ ပုံပြင်၊ ဘုရားဟော ဇာတ်တော်တွေနဲ့က သူတို့လေးတွေနဲ့ ဝေးကွာသလို ရှိနေပါတယ်။ မနက်မိုးလင်းကနေ စာပြီးရင် စာ၊ ထမင်းစားဖို့ အချိန်ကို တောင် ကားပေါ်မှာ အချိန်လုပြီး စားနေရတာဆိုတော့…။

သူမတို့တုန်းက နွေကျောင်းပိတ်ကြီးမှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွေကို အတွားက ပို့ပေးပါတယ်။ ဘုန်းဘုန်းက ဘုရားစာတွေ အများကြီး သင်ပေးပါတယ်။ သူမတို့ မျော်ရွှင်စွာ တက်ခဲ့ကြပြီး ဘုန်းဘုန်းပြောတဲ့ မြတ်စွာဘုရားသမိုင်းတွေက ဒီကနေ့ အာရုံထဲထိ စွဲလမ်းနေခဲ့ပါတယ်။

သူမအတွားကတော့ အချိန်ရသလို ဓာတ်လမ်းပုံပြင်တွေ ပြောပြတတ်ပါတယ်။ အတွားပြောပြတဲ့အထဲမှာ ရှေးတုန်းက ကျိုးသွင်းဆင်ပွဲအကြောင်း ပြောပြတာကို အကြိုက်ဆုံးပါပဲ။ ထပ်ပြန်တလဲလဲ မေးတတ်တဲ့သူမကို မမေး

www.burmeseclassic.com

ဒီလိုနဲ့
သူမတို့
မတွေ့ဖူး
မမိခဲ့ဖူး
မဆုံဖူးခဲ့တဲ့
ဟိုဝေးဝေးက
အကြောင်း
အရာလေးတွေကို
သတိရလွမ်းမောရင်း
ပြတင်းပေါက်
တံခါးကနေ
ကြည့်မိတိုင်း
ကြိမ်ဖန်များစွာ
မပြောင်းမလဲ
တည်ရှိနေတာကတော့
ဟိုအဝေးက
လမင်းကြီးနဲ့
လရဲ့အရိပ်ပါ

ဘဲ အရင်နားထောင်ပြီးတော့မှ မေးလို့ ပြောတယ်။ အတွားကလည်း ကိုယ်တိုင် ကြည့်ဖူးခဲ့တာ မဟုတ်ဘဲ အတွားမိဘတွေ ပြောပြတာကို နားထောင်ခဲ့ရလို့ သူမကို ပြန်ပြောပြတာပါ။ နောက် အတွားက ဗုဒ္ဓဟူးသမီးမို့ ဆင်တွေကို ချစ်ပုံရတယ်။ ဒါကြောင့် ဒီရှေးဆင်ပွဲ အကြောင်းကို ဂရုတစိုက်နဲ့ သေသေချာချာ နားထောင်ခဲ့ပုံရတယ်။ ဒီလိုနဲ့ ဒီကျွဲသွင်းဆင်ပွဲဟာ တစ်လကို နှစ်ခါလောက် နားထောင်ခွင့်ရတဲ့ အိပ်ရာဝင် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့ပါတယ်။

ဆင်ဆိုတာ အမျိုးမျိုးရှိတယ်။ ရိုင်းတဲ့ဆင်၊ ယဉ်တဲ့ဆင်၊ မယဉ်တယဉ်ဆင်၊ သိပ်လည်းမယဉ်၊ သိပ်လည်း မရိုင်းတဲ့ဆင်နဲ့မှ ယှဉ်ပြိုင်လို့ ရတယ်။ သိပ်ကို သတ္တိရှိတဲ့လူမှ ပါဝင်လို့ရတယ်။ ဒေါသဖြစ်အောင် လုပ်ခံထားရတဲ့ ဆင်ကကျွဲထဲ အဓိခံ၊ အဖမ်းခံထားရတယ်။ အဲဒီလို ဒေါသဖြစ်နေတဲ့ဆင်ရိုရာကို ဆင်သမားက ဝင်လာပြီး ဆင်နဲ့ ကစားတယ်။ ဆင်ကျွဲဆိုတာ အသားတိုင် အကြီးကြီးတွေနဲ့ ဆောက်ထားတာ၊ လူတစ်ယောက် ဝင်သာထွက်သာခြားပြီး စိုက်ထားတယ်။

ကျုံးထိပ်ပေါ်မှ လူတွေက အောက်ကိုကြည့်ရတယ်။ နွားရိုင်းပွဲလို မျိုးပေါ့။ စိတ်ဆိုးနေတဲ့ဆင်ကို ဆင်သမားက စတော့ ဆင်က သူ့နောက် အသေနင်းသတ်မယ့်ပုံနဲ့ လိုက်တယ်။ ဆင်သမားက ကျုံးတိုင်တွေကြား ဝင်ပုန်းတယ်။ ဆင်က အော်လည်းအော် လိုက်လည်း ရှာပေါ့။

တိုင်တွေကြားက ထွက်လိုက်၊ ပုန်းလိုက် ဆင်သမားကို လိုက်ရန်မူတာကို သိသိလေး လွှတ်လွှတ်ပြီး ဆင်ကို ရှောင်ရတယ်။ အပေါ်က ကြည့်တဲ့သူတွေက အသည်းတယားယားနဲ့လက်ခုပ်လက်ဝါးတီးပြီး ခိုးကျူးဂုဏ်ပြုကြတယ်။

မရှောင်နိုင်တော့တဲ့ ဆင်သမားကို မိရင် ဆင်က တစ်ခါတည်း ထိုးသတ်နင်းခြေတာကို ခံရတယ်။ ရစရာမရှိအောင် ကြေမွပြီး သတ္တိပြခဲ့တဲ့ ဆင်သမားတွေလည်း ရှိခဲ့တယ်။ အပေါ်က အကြည့်လွန်လို့ အားလွန်ပြီး ကျုံးထဲ ပြုတ်ကျလို့ ဆင်နင်းခံရတဲ့သူတွေလည်း ရှိခဲ့တယ်။

မြန်မာတွေက သတ္တိကောင်းတယ်။ ကြည့်ရှုတဲ့ပရိသတ်က အပေါ်ကနေ ခေါင်းပေါင်းတွေ၊ ပဝါတွေ၊ ဦးထုပ်တွေချွတ်ပြီး ဆင်သမားကို ဂုဏ်ပြုပေးတယ်။ နောက်ပိုင်းမှာ အမျိုးသမီးတွေက ပန်းတွေတောင် အပေါ်ကနေ ပစ်ပေါက်ပေးကြတယ်။ အနိုင်ရရှိတဲ့ ဆင်သမားဟာ တကယ့်သူရဲကောင်းပဲ။ အသက်နဲ့ရင်းရတဲ့ ဒီကျွဲသွင်းဆင်ပွဲကို လူအများက စိတ်ဝင်စားလွန်းလို့ ကြိတ်ကြိတ်တိုး လာကြည့်ကြတယ်။

တဖြည်းဖြည်းနဲ့ ဒီပွဲတွေ ပျောက်ကုန်ပြီး အခုဆိုရင် ကျောက်ဆည်ဆင်ပွဲ၊ အများအားဖြင့် ဆင်အတုနဲ့ ကတဲ့ပွဲရှိသေးတယ်။ သီတင်းကျွတ်လပြည့်နေ့မှာကျင်းပတာမို့ အရမ်းစည်ကားတယ်။

အဲဒီလို ဆင်ပွဲတွေအကြောင်း ကြားရတဲ့အခါ ကိုယ်တိုင်ကြည့်နေရသလို ခံစားရတယ်။ သည်းထိတ်ရင်ဖိုအန်းတွေဆို သူမ ဘယ်ဘက်ရင်အုံက တထိတ်ထိတ်နဲ့ အခုန်မြန်လာပါတယ်။

ဒီလိုနဲ့ မှတ်မှတ်ရရ ငယ်စဉ်က ကျုံးသွင်းဆင်ပွဲအကြောင်းကို အတွားဆီက ကြားခဲ့ရပြီး ကြီးလာတော့ စာအုပ်တွေထဲက လူထုဒေါ်အမာရေးတဲ့ **ရွှေဒေါင်းတောင်** ဆောင်းပါးများစာအုပ်ထဲမှ အတွားပြောပြတဲ့ ကျုံးသွင်းဆင်ပွဲအကြောင်းရေးထားတာကို ဖတ်ရတော့ အရမ်းသဘောကျမိတယ်။ အသက်တူအရွယ်တူတွေမို့ အသိအမြင်ချင်း တူညီကြတဲ့အတွက်လို့ခေတ်က အကြောင်းအရာလေးတွေကို စာပေတစ်ခုအနေနဲ့ ကျန်ရစ်ခဲ့တာကို ဝမ်းသာဂုဏ်ယူစရာပါ။

ဒီလိုနဲ့ သူမတို့ မတွေ့ဖူး၊ မမိခဲ့ဖူး မဆုံဖူးခဲ့တဲ့ ဟိုဝေးဝေးက အကြောင်းအရာလေးတွေကို သတိရလွမ်းမောရင်း ပြတင်းပေါက်တံခါးကနေ ကြည့်မိတိုင်း ကြိမ်ဖန်များစွာ မပြောင်းမလဲ တည်ရှိနေတာကတော့ ဟိုအဝေးက လမင်းကြီးနဲ့ လရဲ့အရိပ်ပါ။ အဲဒီ လမင်းကြီးကို ကြည့်ပြီး သူမနဲ့အတွား စကားတွေ အများကြီး ပြောဖူးကြသလို အတွား လက်မောင်းပျော့ပျော့အိအိကို ကိုင်ရင်း သူမ အိပ်ပျော်သွားတတ်တယ်။

ခုတော့ သူမရဲ့အိပ်ပျော်ချိန်များ ကို လမင်းကြီးက ခိုးယူသွားတတ်ပါတယ်။ သူမ လှမ်းကြည့်မိနေတဲ့တစ်ချိန်လုံး လထဲမှာ သူမ ရောက်ရှိသွားသလို သူမနဲ့ အတွား စကားတွေအများကြီး ပြောနေမိကြတယ်။

ဘာအကြောင်းတွေလဲဆိုရင်
ဟိုးဝေးဝေးက အကြောင်း
ဟိုးဝေးဝေးက အကြောင်းတွေ
ပေါ့။

ချောအိမာန်

www.burmeseclassic.com

www.burmeseclassic.com

စာနဒီစာအုပ်တိုက်

TEXT RIVER
PUBLISHING HOUSE

စာနဒီစာအုပ်တိုက်မှ ထွက်ရှိပြီး စာအုပ်များ



- အဘေရီအရှင်ပဝိသိုလ(ဆောင်စွန်း)
  ဆောသွေးစည်းမှုအောင်ပွဲနှင့် အာဏာနည်တိုလာရာလမ်း
- ငြိမ်း(ဒဿန)
  အနုပညာအာရုံခံစားမှုနှင့် အနုပညာဝေဖန်ရေး
  Aesthetics and Philosophy of Art Criticism
  BY JEROME STOLNITZ
- ဆထွန်း
  အနာဂတ်ကာလ မမှုင့်သေးခေသာဘုရားများအား
  မြိုးသင့်မသင့်နှင့် ဘာသာရေးဖြတ်ထုံးများ
- ဦးသုန်းဒေ(ဝန်ကြီးဟောင်း)
  နန်းတွင်းပျောက်ဓဝဆေရာကြီး ရပ်စဖြူးတင်
- ဒေါက်ကြီးဦးဘင့်ဆွေ
  ဒီကရေဒီစိတ်ထား
- ဆီတာ(စပ်းချောင်း)
  စာတမ်းလက်ဆင့်ကမ်း Message to Teen
- ဆီးဝှင့်ဇော်
  သစ်ကနက်သားကြောင်နက်ရှင်နှင့်သည်းထိတ်ဖိုဝတ္ထုတိုများ
- ခိုးဆိုးလုပ်းဟက္ကာရွင်
  အုယဉ်ကျေးမှုဆိုင်ရာ အဓမ်းနှစ်ရာ အခြေနှစ်ထောင်
- နွဲ့ကွမ်းပြကုန်း
  ကမ္ဘာကြီးကတောင်ကန်ခြောက်ကန်
- ဒေါက်ဆည်မောင်းမောင်
  အာလွတ်လပ်ရေးသမိုင်းဝင်စစ်ခြေပြင်ခရီးကြမ်းနှင့်
  ကိုယ်တွေ့မှတ်တမ်း
- ဆထွန်း(လက်ဘသာရ)
  ခရိုက်နှင့် သီဟိုဠ်မွေတ္ထုတိုများ
- နွဲ့(ကွမ်းပြကုန်း)
  သီရင်ဓက်မယ်
- ဆီဦးပိုး
  နှစ်ကြောင်းရေးတစ်ကြောင်းခြစ်
- ဆီတာ(စပ်းချောင်း)
  ဆယ်ကျော်တို့ ဆုံးဖြတ်ရမည့်
  အရေးကြီးဆုံးအရွက်(၆)ရွက်

- တင်မိုး
  ပိဇတောက်မှ သရဖီသို့
- ကံထွန်းသစ်
  အနာဂတ်ကိုထွန်းညှိခြင်းနှင့်
  သမိုင်းရှိသောဇနွဲ့များ
- ဒေါက်တာအရှင်သာဓိန
  ငဲ့မျက်ရည်တွေဘယ်ကိုရောက်နှင့်
  ဘာသာရေးအတွေးဆောင်းပါးများ
- နတ်စည်(ကံထွန်းသစ်)
  ဘုန်းနှင့်ကံနှင့်လူငယ်တွေ
  ကာရိုက်တာပြပွဲ
- သာဏက်အောင်
  တွေးမိသမျှ၊ ငေးမိသမျှ၊ ရေးမိသမျှ
  သူတို့ဆီက ကျွန်တော့်အတွေ့အကြုံ
- ဓမ္မဘေရီအရှင်ပဝိသိုလ(ဆောင်စွန်း)
  ကမ္ဘာတစ်ခြမ်းကိုပြောင်းလဲစေခဲ့သော
  သာမဏေနှင့် သံဃာ့ကျေးဇူး

ယခုထွက်ရှိသည့် စာအုပ်များ

- ဒဂုန်တာရာ
  'ကိုအောင်ဆန်း
  (ဗိုလ်ချုပ်ဓာတ်ပုံ အတ္ထုပ္ပတ္တိ
  ပုံပေါင်း ၄၀၀ ခန့်ပါဝင်သည်။)
- ဒေါက်တာရန်မျိုးသိမ်း
  ၂၀၁၅ ခုနှစ်အလွန် NLDနှင့်
  သမ္မတဇာတ်လမ်း



စာနဒီစာအုပ်တိုက်မှ
ယခုထွက်ရှိသည့် စာအုပ်များ

ဖြန့်ချိရေး–စာနဒီစာအုပ်တိုက်၊ အမှတ်–၉၇၃၊ ပျဉ်းမမြို့ရိုလမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
ဖုန်း–၀၉ ၅၀၇ ၁၁၉၆၊ ၀၉ ၅၀၇ ၁၁၉၇။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာများ ကိုယ်စီးကြား ထင်ပြုခြင်း

ရွှေအမြုံတေဝိုင်းတော်သား စာရေးဆရာ မင်းလူသည် ၂၀၁၃ ဩဂုတ် ၁၄ ရက်နေ့တွင် ရန်ကုန်မြို့တွင် ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် စက်တင်ဘာလထုတ် ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် စာဖတ်သူများ တွေ့ဆုံခြင်း' ကဏ္ဍတွင် ဆရာမင်းလူအား ဆရာဝင်းငြိမ်းက တွေ့ဆုံမေးမြန်းခဲ့သည်များကို ရွှေအမြုံတေ စာဖတ်ပရိသတ်အတွက် ပြန်လည်ဖော်ပြလိုက်ပါသည်။

သရုပ်ဖော်ပုံမှာ ပန်းချီမျိုးမြင့်ရေးဆွဲပြီး ပေဖူးလွှာမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် မူရင်းပုံဖြစ်ပါသည်။

ပေဖူးလွှာမဂ္ဂဇင်းရဲ့ စာဖတ်သူများနဲ့ တွေ့ဆုံပေးခြင်းကဏ္ဍမှာ ဘဝသရုပ်ဖော်၊ အချစ်၊ ရာဇဝင်၊ စုံထောက်စာရေးဆရာများနဲ့ တွေ့ဆုံပေးခဲ့ပြီးနောက် ဒီလတွေ့ဆုံပေးချင်တဲ့သူက ကဗျာတွေ၊ ဝတ္ထုတွေရေးတဲ့ လူငယ် စာရေးဆရာ **မင်းလူ**ပဲ ဖြစ်ပါတယ်။

စာချစ်သူများ သိကြပြီးဖြစ်တဲ့အတိုင်း မင်းလူဟာ စာရေးဆရာ၊ ဒါရိုက်တာကြီး ဦးသာခုနဲ့ ဒေါ်ခင်ညိုတို့ရဲ့ အထွေးဆုံးသားဖြစ်ပြီး ဒါရိုက်တာ၊ စာရေးဆရာ မောင်ဝဏ္ဏ၊ စာရေးဆရာ၊ ရုပ်ရှင်မင်းသား၊ အဆိုကျော် သုမောင်၊ ရုပ်ရှင်မင်းသား မောင်ရှုပတို့ရဲ့ ညီထွေးပဲဖြစ်ပါတယ်။

မင်းလူက ကဗျာရေးတဲ့နေရာမှာ အလှဘွဲ့ကဗျာ၊ အသည်းကွဲကဗျာတွေထက် အချစ်ကို သူအမြင်၊ သူ့ရှုထောင့်ဘဝကို သူအမြင်၊ သူ့ရှုထောင့်ကနေ ရေးလေ့ရှိပါတယ်။ ဥပမာဆိုပါတော့ သူရေးခဲ့တဲ့ကဗျာတွေထဲက **ဗိုလ်ချုပ်ရေွ ရွေစာရင်းရှင်းတမ်း**ကို ကြည့်ပါ။

*'ဒီလိုလေ ကိုကို့ရဲ့
သေသေချာချာ နားထောင်နော်
ဒီနေ့ အသုံးစရိတ်က
ခိုင်သဇင်ဖိနပ်ဆိုင်မှာ
နှစ်လက်မ
ဒေါက်မြင့်ဖိနပ် ဝယ်တာက
သုံးဆယ့်ခြောက်ကျပ်
အန်တီဒေါလီဆိုင်မှာ*

www.burmeseclassic.com

www.burmeseclassic.com

လက်သည်းဆိုးဆေး
ပုလဲရောင်က ဆယ့်ကိုးကျပ်ခွဲ
မမမာကို
ဘလောက်စ်အင်္ကျီတွေ
ချုပ်ပေးတာ
နှစ်ဆယ့်ခုနှစ်ကျပ်
ပြီးတော့...ဟို...
အတွင်းခံစကတ် ပန်းနုရောင်
ဆယ့်ရှစ်ကျပ်
နှန်းကြီးသုပ်နဲ့ ရွှေရင်အေးက
ငါးကျပ်
တက်စီခ
နှစ်နာရီအတွက်ဆိုတော့ သုံးဆယ်
အဲဒီတော့ စုစုပေါင်း...
ဟိုက
သုံးဆယ့်ခြောက်နဲ့ ဆယ့်ကိုးခွဲနဲ့
အင်း...နှစ်ဆယ့်ခွန်နဲ့ ရှစ်ဆယ်နဲ့
အားလုံးကိုကိုရယ်
တရာသုံးဆယ် ငါးကျပ်ခွဲ
အဲ... မေလို့ မေလို့
ကိုကို့အတွက်လည်း
ဝယ်လာသေးတယ်
မုတ်ဆိတ်ရိတ် ဘလိတ်စား
နှစ်ချောင်း ငါးမူး
တစ်ရာသုံးဆယ့် ခြောက်ကျပ်
အတိုပေါ့ ဟင်း ဟင်း...
'ဟုတ်ပါပြီ ဟုတ်ပါပြီ'
ဘလိတ်စားက တော်တော်
ထက်တယ်ထင်တယ်။'

နောက်တစ်ပုဒ် လေ့လာစေချင်သေးတာက နှလုံးသားရေးရာနဲ့ပတ်သက်တဲ့ ကဗျာတစ်ပုဒ်ပါ။ အဲဒီကဗျာခေါင်းစီးကတော့ **တာဝန်မှ ရပ်စဲခြင်းခံရသော နှလုံးသား**ပါတဲ့။

စာအမှတ် ၇-၇၇ နှလုံးသား။
ယနေ့မှစ၍
'၁၆' ကားပေါ်တွင်
'ထမင်းဘူးတော်ကိုင်'
တာဝန်မှ လည်းကောင်း
ပုဂံလမ်းပေါ်တွင်
'ထီးတော့မိုး'
တာဝန်မှ လည်းကောင်း
သက်သာချောင်ချိရေးဆိုင်တွင်
'စားပွဲတော်ထိုး'
တာဝန်မှ လည်းကောင်း
အင်းလျားကန်ပေါင်ပေါ်တွင်
'သက်တော်စောင့်'
တာဝန်မှ လည်းကောင်း
ဗိုလ်ချုပ်စျေးတွင်
'ပစ္စည်းတော် ထမ်း'
တာဝန်မှ လည်းကောင်း
အခန်းအေ ၂၀၅ တွင်
'အနှမ်းတော်ဆက်'
တာဝန်မှ လည်းကောင်း
သင့်အား လုံးဝရပ်စဲလိုက်ကြောင်း
နှင့်
'ငှက်ပြာ' တစ်စင်း
'ဂျင်းရှပ်' တစ်လှာ
'ရာတန်' တစ်ထပ်
'ဆေးထိုးအပ်' တစ်ချောင်း
အသင့်ရှိသူအား
သင်၏ နေရာတွင်
အစားထိုး
ခန့်ထားလိုက်ပါကြောင်း။

ယင်းကဲ့သို့သော အမြင်ကလေးတွေ ရှိတတ်တဲ့ မင်းလူပါ။ အဖေရော၊ အစ်ကိုတွေပါ အနုပညာနယ်ထဲမှာ ကျင်လည်နေကြတာဆိုတော့ သူလည်း ဗီဇအရရော ပတ်ဝန်းကျင်အရပါ အနုပညာနယ်ထဲ ရောက်လာခဲ့တာပါပဲ။

❑

ကျန်တော်နဲ့ပတ်သက်လို့ ဘယ်လို ပြောရမလဲဆိုတော့ ဗီဇလို့ ပြောရမယ်။ အဖေမှာပါတဲ့ ဗီဇအရ ကျန်တော်တို့မှာ စာရေးချင်တဲ့ ဗီဇပါလာတယ်ထင်တယ်။ တကယ်လို့ အဖေက စာရေးဆရာ မဖြစ်ခဲ့ဘဲ ကျန်တော်တို့က ဖြစ်လာရင်တော့ တစ်မျိုးပေါ့။ တချို့က စာရေးဆရာမျိုးရိုး မဟုတ်ဘဲ ဖြစ်လာတာတွေလည်း ရှိတယ်လေ။

ဒါပေမဲ့ ဗီဇတစ်ခုတည်းကြောင့်တော့လည်း မဟုတ်ဘူး။ ကျန်တော်တို့က စာပေနဲ့ပတ်သက်တဲ့ အသိုင်းအဝိုင်းမှာ နေရတယ်ဆိုတော့ ဗီဇပါပြီးသားကို ပတ်ဝန်းကျင်ကပါ ဝိုင်းပြီး ဖန်တီးပေးလိုက်တဲ့သဘော ရှိပါတယ်။ ဒီနေရာမှာ အမေ့ကိုလည်း ထည့်ပြောချင်တယ်။ အဖေက စာရေးဆရာ၊ အမေက စာရေးဆရာ မဟုတ်ဘူး။ ဒါပေမဲ့ အမေက စာရေးဆရာဘဝကို ဝင်ပြီး ခံစားတတ်တယ်။ ဒါကြောင့် မို့ အမေ့အနေနဲ့ ကျန်တော်တို့ကိုလည်း အများကြီး အထောက်အကူ ပေးခဲ့ပါတယ်။ အမေက အဖေ့ကို ပါရမီဖြည့် ခဲ့သလို ကျန်တော်တို့ကိုလည်း ပြုစုပျိုးထောင်ပေးခဲ့တယ်။

ကိုမင်းလူ ဘယ်အရွယ်လောက်ကစပြီး စာရေးတာ ဝါသနာပါလာသလဲ။

ပြောရမယ်ဆိုရင်တော့ ကျန်တော် **'ပန်းကျောင်း'** အမှာစာမှာ ရေးခဲ့သလိုပါပဲ။ အသက် ခြောက်နှစ်၊ ခုနှစ်နှစ်လောက်ကတည်းကပဲ ဝါသနာပါခဲ့တယ်။ တကယ်ပြောရရင် မွေးကတည်းက ဝါသနာပါလာတယ် ပြောရမယ်။ စောစောက ပြောသလို ဗီဇကပါလာတာကိုး။

တကယ် စရေးဖြစ်တာက။

တကယ် စရေးဖြစ်တာက ကျန်တော် အထက်တန်းကျောင်း (သဃ်နိုးကျန်း အထက-၁)မှာကတည်းက နံရံကပ်စာစောင်တွေ စရေးခဲ့တာပဲ။ ကျောင်းမှာ စာပေအသင်းဝင်လုပ်တော့ ဆရာမ ဒေါ်ခင်ဆွေမြင့်က အားပေးလို့ ကဗျာတွေ စရေးခဲ့တယ်။ တက္ကသိုလ်ရောက်တဲ့အခါကျတော့ ကဗျာတွေ၊ ဝတ္ထုတွေရေးပြီး မဂ္ဂဇင်းတွေကိုပို့တယ်။ ၁၉၇၂ လောက်ကပေါ့။ ဒီလိုပဲ ရေးလိုက်၊ ပို့လိုက်၊ အယ်ဒီတာလိုက်နဲ့ မဂ္ဂဇင်းတွေမှာတော့ ဖော်ပြမခံရသေးဘူး။ အဲဒီတုန်းက ရေးခဲ့တာတွေထဲကဆိုရင် ကျောင်းနံရံကပ်စာစောင်မှာ ရေးတဲ့ ကဗျာပဲ အရွေးခံရသေးတယ်။

နောက် ကျောင်းနှစ်လည် မဂ္ဂဇင်းမှာ ကဗျာတစ်ပုဒ် အရွေးခံရတယ်။ ကဗျာနာမည်က **ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**။ အဲဒီတုန်းက **တောကျောင်းဘုန်းကြီး** ဆိုတဲ့ ကလောင်နာမည်နဲ့ပဲ ရေးခဲ့တာပါ။ အဲဒီနှစ် (၁၉၇၆)မှာပဲ

www.burmeseclassic.com

www.burmeseclassic.com

ရုပ်ရှင်ပဒေသာ မဂ္ဂဇင်းမှာ **နေဝင်သွားတော့ လထွက်သည်** ဆိုတဲ့ ဝတ္ထုတို ကလေး ဖော်ပြခဲ့ရတယ်။ ဒါ ပထမဆုံး ဝတ္ထုပဲပေါ့။

လုံးချင်းအနေနဲ့ကော။

ပထမဆုံး လုံးချင်းက **ပန်းကျောင်း** ၁၉၇၇ ခုနှစ်မှာ ထွက်တယ်။ ကဗျာစာအုပ်ထဲက **အချစ်လားဟော ဝင်ခဲ့လေကွယ်**က ၁၉၇၈ ခုနှစ်မှ ထွက်တယ်။

အချစ်လားဟော ဝင်ခဲ့လေကွယ် **မှာပါတဲ့ ကဗျာတချို့က တက္ကသိုလ်မှာ တုန်းက တောကျောင်းဘုန်းကြီး ကလောင်နာမည်နဲ့ ရေးခဲ့တာတွေပါလို့ အမှာစာမှာ ရေးထားတာ တွေ့လိုက်ရတယ်။ ကိုမင်းလူအနေနဲ့ ကျောင်းသား ဘဝကရေးခဲ့တဲ့ ကဗျာတွေနဲ့ အခုရေးတဲ့ ကဗျာတွေ ဘယ်လို ခြားနားတယ်လို့ ခံစားမိသလဲ။**

ကျောင်းသားဘဝက ရေးခဲ့တဲ့ ကဗျာတွေလည်း ကြိုက်တာပဲ၊ အခု ရေးတဲ့ ကဗျာတွေလည်း ကြိုက်တာ ပဲ။ တစ်ခုပဲရှိတယ်။ အခုရေးတဲ့ကဗျာ တွေက ပိုပြီး ကျယ်ပြန့်လာတာပဲရှိ တယ်။ အပြင်လောကရောက်လာတော့ လောကအကြောင်း၊ လူတွေအကြောင်း ပိုပြီးသိလာတော့ ရေးရတာ ပိုပြီးကျယ် ပြန့်လာတယ်။ ဒါပဲ ခြားနားပါတယ်။

ကဗျာရေးတဲ့ရေရာမှာ တချို့က စကားလုံးကျစ်လျစ် သိပ်သည်းမှု၊ အဓိပ္ပာယ်သွယ်ဝိုက်ခဲ့ရဲ့တွေကို ဦးစား ပေးကြပြီး တချို့ကတော့ လည်း အကြောင်းအရာကို တိုက်ရိုက်ဖော်ပြတဲ့ ကာရန်မဲ့ကဗျာပုံစံမျိုးကို ကြိုက်ကြ တယ်။ ကိုမင်းလူကော ဘယ်လို မြင်ပါသလဲ။

ကျွန်တော် နှစ်မျိုးစလုံးကို ကြိုက်ပါတယ်။ တချို့ ကဗျာတွေကျတော့ စကားလုံး သိပ်ကျစ်တယ်။ ကျစ်ကျစ်လျစ်လျစ် ရေးတယ်။ စကားလုံးတစ်လုံးဆို တစ်လုံး ဆိုသလောက် အဓိပ္ပာယ် ထိရောက်တယ်။ အဓိပ္ပာယ်ကလည်း ခေ့ကာ၊ ဝိုက်ကာ ရေးတတ်ကြတယ်။ အဲဒီလိုကဗျာတွေလည်း ကြိုက်တော့ ကြိုက်တယ်။ အခုထက်ထိ စွဲစွဲလမ်းလမ်း အလွတ်ရနေတဲ့ ကဗျာတွေလည်း ရှိပါတယ်။ တစ်ဖက်ကကြည့်ပြီး တော့ စကားလုံးကျစ်လျစ်ဖို့လောက်ပဲ ကြိုးစားနေရပြီး ကဗျာဆိုတာ လူ နားမလည် လေကောင်းလေပဲဆိုတဲ့ အယူအဆ ဝင်လာတယ်။ အဲဒီ အယူအဆကိုတော့ ကျွန်တော် လက်မခံဘူး။ ကဗျာဆိုတာ လူနားမလည်အောင်ရေးရင် ကဗျာအဆင့်အတန်း မြင့်တယ်။ လူတွေ အများကြီး နားလည်အောင် ရေးရင် ကဗျာပေါသွားတယ်ဆိုတဲ့ အယူအဆတွေ တချို့မှာ ဖြစ်လာတယ်။

နောက် ပြောကြတာရှိသေးတယ်။ ကဗျာဆိုတာ ကဝိတွေ၊ ပညာရှိတွေ အတွက်သာ ဖြစ်တယ်ဆိုတဲ့ အယူအဆ။ ဒါတွေကို ကျွန်တော်တို့ လက်မခံကြတော့ဘူး။ ကဗျာဆိုတာ ပြည်သူပိုင်ပစ္စည်း၊ အားလုံးပိုင်တယ်။ အားလုံးနဲ့ ဆိုင်တယ်။ အားလုံး နားလည်အောင် ရေးနိုင်ရင် ပိုကောင်းတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ယူဆတယ်။

ဒါကြောင့် ကျွန်တော်တို့ကဗျာတွေမှာ အဓိပ္ပာယ် သိပ်မဝှက်တော့ဘူး။ ကိုယ်ရေး တဲ့ကဗျာကို လူ နားမလည်အောင် အဓိပ္ပာယ်ကို အတင်းကွယ်ဝှက်ပြီး ရေးရမယ် ဆိုတာမျိုးကို ကျွန်တော်တို့ လက်မခံပါဘူး။

ကိုမင်းလူရဲ့ ကဗျာအချို့ဟာ ကာရန်မဲ့တာ တွေ့ရသလို ကာရန်နဲ့ ရေးတာလည်း တွေ့ရပါတယ်။ ဒါကလေး တစ်ဆိတ် သိချင်ပါတယ်။

အဲဒီမှာ ကျွန်တော့် ကဗျာတွေမှာ ကာရန်မဲ့မှ ကြိုက်တယ်၊ ကာရန်ရှိရင် မကြိုက်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး။ ကာရန်ရှိရှိ၊ မဲ့မဲ့ ကျွန်တော့်ရင်ထဲ စွဲငြိစေရုံ ကျွန်တော် ကြိုက်တာချည်းပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်းကာ ရန်မဲ့ကဗျာတွေ ရေးသလို ကာရန်ရှိ ကဗျာတွေလည်း ရေးပါတယ်။ နှစ်လည်း ရေးတုန်းပါပဲ။ ပြီးခဲ့တဲ့ လပိုင်းလောက်က သွားဘဏ် ဆိုင်ရာ ဆေးတက္ကသိုလ်က ထုတ်တဲ့ နှစ်ပတ်လည်မဂ္ဂဇင်းမှာ ကဗျာတစ်ပုဒ် ရေးခဲ့ပါ တယ်။ အဲဒါ ကာရန်ရှိ ကဗျာပါ။ ကျွန်တော်က ကာရန်ရှိ ကဗျာလည်း ရေးချင် ရေးမှာပဲ။ ကာရန်မဲ့ကဗျာလည်း ရေးချင်ရေးမှာပဲ။ ကဗျာနဲ့ပတ်သက်တဲ့ အယူအဆက များသားလား ကိုဝင်းငြိမ်း။ ဒါကြောင့် ကျွန်တော့်ကဗျာနဲ့ ကျွန်တော့် အယူအဆ ကိုပြောရရင် ကဗျာဆိုတာ ကာရန်ရှိရင်ရှိမယ်၊ မဲ့ချင် မဲ့မယ်၊ ကာရန်မဲ့ပေမဲ့ တခြား ကဗျာ အင်္ဂါရုပ်တွေရှိသေးရင် ဒါ ကဗျာပဲလို့ ကျွန်တော် ယူဆတယ်။

ကဗျာဆိုတာ ကဝိတွေ၊ ပညာရှိတွေ အတွက်သာ ဖြစ်တယ်ဆိုတဲ့ အယူအဆ။ ဒါတွေကို ကျွန်တော်တို့ လက်မခံကြတော့ဘူး။ ကဗျာဆိုတာ ပြည်သူပိုင်ပစ္စည်း အားလုံးပိုင်တယ်။ အားလုံးနဲ့ ဆိုင်တယ်။ အားလုံး နားလည်အောင် ရေးနိုင်ရင် ပိုကောင်းတယ် အဲဒီလိုပဲ ကျွန်တော်တို့ ယူဆတယ်

ကာရန်မဲ့ကဗျာနဲ့ ပတ်သက်ပြီး ပြောကြတာရှိတယ်။ ကာရန်မဲ့ ကဗျာဆိုတာ စကားပြေလို့ပါပဲတဲ့။ ဒီအယူအဆကိုကော ကိုမင်းလူ ဘယ်လို မြင်ပါသလဲ။ ကိုမင်းလူ ကဗျာတွေထဲမှာလည်း *အချစ်ဖြိုသားများအားဆုပ်ထဲမှာ* ရေးခဲ့တဲ့ *ဓမ ဇ္ဈ ဦ* ဆောင်းတာ စကားပြေပုံသဏ္ဌာန် ရေးထားတာတွေ့ရတယ်။ ဒီလိုရေးထားတယ်လေ။

ဓမ သိသာရုံ ကျွန်တော်စာရေး ကိုက်ပါသည်။ အရောင်တဖျပ်ဖျပ် တောက်ခြင်း မရှိသော်လည်း ဓမ မှုတ်လုံးမှောင်ကြွင်း နိုက်ကြည်ခြင်းခံရသောအခါ စာတတ်

www.burmeseclassic.com

www.burmeseclassic.com

အရာရှိ၏ လွှမ်းမှုကြောင့် ရောက်ရသော လက်အောက်ငယ်သားကဲ့သို့ ရှိကျိုးဝပ်ဆွားခဲ့ ရပါသည်။

ဝိပြင်ခြင်း မရှိသော်တောင်လည်း မမ၏ နှုတ်ခမ်းမှ ချစ်စကားသံလွင်လွင်ကို ကြားရသောအခါ ကျောင်းဆင်းခေါင်းလောင်းသံကြားရသော ကျောင်းသားငယ် ကဲ့သို့ ဝမ်းမြောက်ရွှင်လန်းခဲ့ရပါသည်။

အတန်ငယ် လျှော့ရဲနေပြီဖြစ်သော်လည်း မမ လက်မောင်းပေါ်၌ ဦးခေါင်းကို နှိုက်ရသောအခါ ပျံမျှတော်ပတ္တမြားသွေးဆေးကို သောက်သုံးရသကဲ့သို့ စိတ်နှလုံး နွေးမြေ့ရပါသည်။ အကြောများ ထင်ရှားစပြုပြီ ဖြစ်သော်လည်း မမ၏လက်ချောင်း ဘလေးများဖြင့် ဆံပင်ကြားသို့ ထိုးဖွခြင်းကို ခံရသောအခါ သင်၏ကျေးဇူးကို ခံရသော အမဲလိုက်ခွေးကဲ့သို့ ကျေးဇူးနှစ်သိမ့်ခဲ့ရပါသည်။

ခေတ်မမီတော့သော်လည်း တန်ဖိုးမကုန်သည့် တစ်လက်ကိုင် 'စလုံး' နံပါတ် တစ်ဒီဇားကဲ့သို့ ခုံညားထည်ဝါလှသော အို...ချစ်မမ။

ထိုကဲ့သို့သော မမသည် နွေဖွန်းတည့်ကဲ့သို့ နှိပ်စက်ညှဉ်းပန်းတတ်ပြီး၊ မြောက်ပြန်လေကဲ့သို့ လှည့်စားတတ်လျက် ရုန်ကုန်စိုးကဲ့သို့ မှုရာမာယာများကာ မွေဆိုး အောက်သော မြင်းကဲ့သို့ ပညာတတ်ခြင်းအတွက် ကျွန်တော် အထိတ်တလန့် အံ့သြမိ ကြောင်းပါ ခင်ဗျာ။

ဒီပုံစံကိုကော ကာရန်မဲ့ ကဗျာလို့ သတ်မှတ်လို့ ရမလား။

ကျွန်တော်ကတော့ သတ်မှတ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာပေမှာ ပုံစံ အမျိုးမျိုးရှိတယ်။ ဝတ္ထု၊ ကဗျာ၊ ပြဇာတ်၊ ဆောင်းပါး၊ စာညွှန့် စသဖြင့် ပေါ့လေ။ အဲဒီလိုသတ်မှတ်ကြတဲ့အထဲမှာ ကဗျာကလည်း ပုံစံတစ်ခုပါ ပဲ။ အဲဒီတော့ ကဗျာဟာ ကဗျာပဲ။ ကဗျာဟာ ပြဇာတ်လည်း မဟုတ်ဘူး။ စကားပြေလည်း မဟုတ်ဘူး။ စာညွှန့်လည်း မဟုတ်ဘူး။ **မမ ခွေ မိုး ဆောင်း**မှာ ကျွန်တော် ဘာကြောင့် ဒီပုံစံ ရေးထားတာလဲဆိုတော့ စောစောက ကိုဝင်းငြိမ်းပြောသလို ကာရန်မဲ့ကဗျာဆိုတာ စကားပြေလို့ ပြောကြတယ်။ စကားပြေကိုပဲ စာကြောင်းကလေးတွေ ဟိုနားက ခြွတ်လိုက်၊ ဒီနားက ဖြတ်လိုက်၊ အောက်ကို တစ်ကြောင်းချင်း စီကာစဉ်ကာ ရေးထားတာတဲ့။ ဒီကဗျာတွေကို အတန်းလိုက် ပြန်ဆက်ကြည့်ရင် ကဗျာမဟုတ်တော့ဘူး။ စကားပြေ ဖြစ်သွားတယ်တဲ့။ အဲဒီလို ပြောကြတယ်။

အဲဒီတော့ ကောင်းပြီ။ **မမ ခွေ မိုး ဆောင်း**ကို သူတို့ပြောသလို အပိုင်းကလေး အဖြတ်ပြီး အပေါ်အောက် တစ်ကြောင်းစီ စီကာစဉ်ကာရေးတာ မဟုတ်ဘဲနဲ့ ဒီအတိုင်းပဲ တောက်လျှောက် ရေးချပြလိုက်တာပဲ။ ပြလိုက်တော့ ကဗျာ မဟုတ်ဘူးလို့ ပြောရမလား။ အဲဒီကဗျာက ကျွန်တော် ဒီမေးခွန်းကို မေးချင်လို့ ရေးပြလိုက်တာပဲ။

ကျွန်တော့်မေးခွန်းကို ကျွန်တော်ပဲ ပြန်ဖြေရမယ်ဆိုရင် ဒါကဗျာပဲ။ ဒါကို ကျွန်တော်တစ်ယောက်တည်းက ဆိုလိုတာ မဟုတ်ပါဘူး။ လူငယ်အများအပြားက သတ်မှတ်ခဲ့ကြပါတယ်။ တစ်ဆက်တည်းပဲ နိဒ်ဝင်တာက စာအုပ်နှစ်တွဲနီးက ကဗျာနဲ့ပတ်သက်တဲ့ စာတမ်းတစ်ခုကို ကိုးကားပြီး ပြောချင်တယ်။ ဘာလဲဆိုတော့ ကဗျာမှာ ဘို့အရင်တုန်းက ပုံစံအမျိုးမျိုးရှိတယ်။ အချိုး၊ သံပေါက်၊ လေးလုံးစပ်၊ ရတုစသဖြင့် ရှိတယ်။ အဲဒီမှာ နောက်ဆုံး အသုံးများပြီး ကျွန်ရစ်ခဲ့တာက လေးလုံးစပ်ပဲ။ အဲဒီလေး လုံးစပ်ကို ရေးရင်း ရေးရင်းကပဲ နောက်ပိုင်းခေတ်ကျတော့ ဘယ်လိုဖြစ်လာသလဲ ဆိုတော့ လေးလုံးစပ် ကဗျာမှာပဲ သတ်စေ့နှက်၊ သုံးချက်ညီစတဲ့ ကဗျာစပ်နည်းတွေ ကို တိတိကျကျ မယူတော့ဘဲ ကာရန်ကို လိုအပ်သလို ညှိယူလာကြတယ်။

အဲဒီနောက်ပိုင်းကျတော့ လေးလုံးစပ် မဟုတ်တော့ဘူး။ တစ်ကြောင်းမှာ စာလုံး အရေအတွက် ရှိချင်သလောက် ရှိပေစေ၊ စကားလုံး ကန့်သတ်ချက် မရှိတော့ဘဲ ကာရန်ကိုတစ်ကြောင်းနဲ့ တစ်ကြောင်း ချိတ်တယ်ဆိုရုံကလေးပဲ ယူတော့တယ်။

ဒီထက် နောက်ကျလာ တော့ ကာရန်ကို လုံးဝမဲ့လိုက်တဲ့ ကဗျာတွေ ပေါ်လာကြတယ်။ အဲဒီနောက်မှ ကျွန်တော်တို့က ကာရန်မဲ့ကဗျာဆိုပြီး ဆက်ရေးနေကြတာ။

တချို့က စကားပြေနဲ့ ကဗျာကို လုံးဝ စည်းခြားချင်ကြတယ်။ တစ်ခုနဲ့ တစ်ခု လုံးဝ စည်းခြားချင်တယ်။ လုံးဝ မဟုတ်သက်ရအောင် တံတိုင်းကြီးတစ်ခု ခြားထားချင်တယ်။ အဲဒါမျိုးတော့ မဟုတ်သေးဘူးလို့ထင်တယ်။ ကာရန်မဲ့ ကဗျာတွေ ရေးလာကြတဲ့အခါကျတော့ ကဗျာနဲ့ စကားပြေကြားမှာ ကာရန်တို့၊ စကားလုံးအရေအတွက်တို့ ဆိုတဲ့ဟာတွေ နယ်နိမိတ်စည်းမျဉ်းကြီးတစ်ခု မဟုတ်ဘူး။ အဲဒါတွေကို ဖယ်လိုက်တယ်။ စကားပြေရဲ့အင်အားကို ကဗျာမှာ ပေါင်းစပ်လိုက်ပြီး ကဗျာရဲ့နယ်ပယ်ကို ပိုပြီး ကျယ်ပြန့်တိုးတက်အောင် လုပ်လာကြတယ်။ အဲဒီလိုဆိုတော့ တချို့က ပြောမယ်။ ဒီလို နယ်နိမိတ် မရှိတော့ရင် ကဗျာနဲ့စကားပြော ရောထွေးကုန်ပြီလား။ ကြားထဲမှာ စည်းခြား မှု မရှိသင့်ဘူးလားလို့။

ဒီလိုတော့လည်း မဟုတ်ပါဘူး။ ခုထက်ထိ စည်းကမ်းရှိနေတုန်းပါပဲ။ ကဗျာဟာ ကဗျာပါပဲ။ စကားပြေက စကားပြေပဲ။ ကဗျာက အင်္ဂါရုပ်တွေနဲ့ စကားပြေက အင်္ဂါရုပ်တွေ ခုထက်ထိ ကွဲပြားနေတာ အများကြီး ရှိပါသေးတယ်။ ကျွန်တော်ထင်တာကတော့ ကဗျာနဲ့ စကားပြေဟာ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ အဲဒီလို အပြန်အလှန် ဆက်သွယ်နေကြတယ်လို့...။

ကဗျာအများစုကို လေ့လာကြည့်ရင် အချစ်ဆွဲ၊ အလှဆွဲနဲ့ အသည်းကွဲ ကဗျာတွေ များနေတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ကဗျာဆရာတစ်ယောက်ဖြစ်တဲ့ ကိုမင်းလူအနေနဲ့ ဘဝသရုပ်ဖော်ကဗျာတွေ၊ လုပ်အားဝုတ်ပြုတဲ့ ကဗျာတွေ၊ လူငယ်အားမာန် သရုပ်ဖော်ကဗျာတွေ ရေးကြဖို့ ရည်ရွယ်ချက်ရှိပါသလား။

တစ်ခွန်းတည်း ပြောရရင်တော့ ရှိသင့်တဲ့ ရည်ရွယ်ချက်ပါပဲ။ ကျွန်တော်တို့ ကဗျာ စရေးတဲ့အချိန်မှာ ကဗျာက ကျနေတယ်။ အရည်အချင်းကိုပြောတာ မဟုတ်ပါဘူး။ ပရိသတ်ကြားမှာ စိတ်ဝင်စားမှုကို ပြောတာပါ။ ဘယ်လောက်ထိဖြစ်သွားသလဲဆိုရင် တစ်နှစ်လုံးနေမှ ကဗျာစာအုပ် တစ်အုပ်လောက် ထွက်ဖို့ ဖျစ်ဖျစ်မြည်အောင် ကြိုးစားရတယ်။ ထွက်လာပြီးတော့လည်း ပျောက်သွားတာပဲ။ ဒီအထိ ကဗျာက အားနည်းခဲ့တယ်။

အဲဒီတော့ ပရိသတ်ကြားမှာ စိတ်ဝင်စားသွားအောင်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားအောင် ဘယ်လိုလုပ်မလဲ။ အဲဒါ ကျွန်တော်တို့အတွက် အရေးကြီးဆုံး အချက်ပဲ။ သိပ်ပြီး ပညာရှိ ဆန်ဆန် ရေးကြတယ်။

ဒါပေမဲ့ အချစ်ကို ကျွန်တော်တို့ လက်လွတ်စပယ် ရေးခဲ့ကြတာတော့ မဟုတ်ပါဘူး။ အချစ်ကို မူတည်ရေးပြပြီး အချစ်ပေါ်မှာပဲ လူမှုရေးကိစ္စ၊ ဘဝကိစ္စ၊ အားမာန်ကိစ္စတွေကို ထင်ဟပ်ပြခဲ့တယ်။ သာမန်ကြည့်လိုက်ရင်တော့ အချစ်ကဗျာပဲ။ ဒါပေမဲ့ စောစောကပြောတဲ့ ကျွန်တော်တို့လိုချင်တဲ့အချက်တွေကို မသိမသာ ထည့်ပြထားပါတယ်။ အဲဒါ ကျွန်တော်တို့ ပထမအဆင့်ပါ။

တဖြည်းဖြည်းတော့ ကျွန်တော်တို့ ရေးရမှာပဲ။ အချစ်ကဗျာနဲ့တင် ကျွန်တော်တို့ ရပ်တန့်နေလို့ မပြီးပါဘူး။ အခုနောက်ဆုံးထွက်တဲ့ ကဗျာစာအုပ်မှာပဲ အဲဒီလိုပုံစံကွေးညွှတ်ပြီး ထည့်လာပြီလေ။ နောင်တစ်ချိန်ကျရင်လည်း ကျွန်တော်တို့ ရောင်းမှာပါပဲ။ လူငယ်တွေက အချစ်ကို စိတ်ဝင်စားလို့ ကျွန်တော်တို့က အချစ်ကဗျာတွေ ရေးရပါတယ်ဆိုလို့ ကျွန်တော်တို့ကကော အချစ်ကို စိတ်မဝင်စားဘူးလားလို့ မေးစရာရှိပါတယ်။ ကျွန်တော်လည်း လူငယ်ပါပဲ။ ငါတို့ကတော့ စိတ်မဝင်စားတော့ဘူးကွ၊ မင်းတို့အတွက် ရေးပေးနေရတာလို့ ကျွန်တော် ဆိုလိုတာ မဟုတ်ပါဘူး။ ကျွန်တော်တို့လည်း ခုထက်ထိ အချစ်ကို စိတ်ဝင်စားတုန်းပါပဲ။

နောင်တစ်ချိန် ဘဝအတွေ့အကြုံ ရင့်ကျက်လာလို့ ဘဝသရုပ်ဖော် အားမာန်ကဗျာတွေ ရေးလို့ကော အချစ်ကို မရေးတော့ဘူးလားဆိုရင် အချစ်ကို ရေးဦးမှာပဲ။ ဘယ်လောက်ကြာတဲ့အထိ ရေးမယ်ဆိုတာတော့ ကျွန်တော် မပြောတတ်သေးပေါ့လေ။

တစ်ခုတော့ ရှိပါတယ်။ ဘဝ အတွေ့အကြုံ ရင့်ကျက်လာပြီး အသက်ကြီးလာလို့ အချစ်အကြောင်း မရေးချင်တော့ဘဲ ဘဝအကြောင်းချည်းပဲရေးဖို့ ကြိုးလာဦးမှာ ဆိုရင်လည်း ကိုယ့်တုန်းကတော့ အချစ်အကြောင်းတွေချည်း မိုးမှန်အောင်ရေးခဲ့ပြီး နောက်တက်လာတဲ့ လူငယ်တွေလည်း အချစ်အကြောင်းရေးရော ဒီကောင်ရေးက အချစ်အကြောင်းပဲ ရေးတတ်တာပါ။ တခြားဟာ မရေးတတ်ပါဘူးလို့ မပြောမိအောင် ကျွန်တော် သတိထားပါ့မယ်။ ကျွန်တော့် ကိုယ် ကျွန်တော် ပြောတာပါ။

ကဗျာတွေမှာ ကာရန်မဲ့မှ ကြိုက်တယ်
ကာရန်ရှိရင် မကြိုက်ဘူးလို့ ဆိုလိုတာ မဟုတ်ပါဘူး
ကာရန်ရှိရှိ၊ မဲ့မဲ့ ကျွန်တော့်ရင်ထဲ စွဲငြိစေရင်
ကျွန်တော် ကြိုက်တာချည်းပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း
ကာရန်မဲ့ကဗျာတွေ ရေးသလို ကာရန်ရှိ ကဗျာတွေလည်း
ရေးပါတယ်။ ခုထိလည်း ရေးတုန်းပါပဲ

ဒါဆို အချစ်အကြောင်း ကျွန်တော် ဆက်မေးချင်ပါတယ်။ အခု ကိုမင်းလူ မစန်းစန်းအောင်နဲ့ အိမ်ထောင်ကျတာ ဘယ်လောက်ရှိပြီလဲ။

ခုနှစ်လလောက်ပဲ ရှိသေးတယ်။

အဲဒီတော့ အချစ်ကို ကိုယ်တွေ့ တွေ့ပြီပေါ့ဗျာ။ ကဗျာဆရာ၊ စာရေး ဆရာ လူငယ်အိမ်ထောင်သည်တစ်ယောက်အနေနဲ့ အချစ်ကို ဘယ်လိုများ ခံစားမိပါသလဲ။

အဲဒီမေးခွန်းကို ဖြေရမှာ တော်တော်လေးခက်တယ်။ ဘာကြောင့်လဲဆိုတော့ ဥပမာ ကျွန်တော်ပြောမယ်။ ကိုဝင်းငြိမ်းအနေနဲ့ကော အချစ်ကို ဘယ်လို ခံစားသလဲလို့ မေးရင် တိတိကျကျ ဖြေနိုင်မယ်လို့ ကျွန်တော် မထင်ပါဘူး။ ကျွန်တော်လည်း မဖြေနိုင်ပါဘူး။ ဒီမေးခွန်းက ဆေးလိပ်သောက်တာ ဘယ်လိုခံစားရသလဲလို့ မေးတာလိုပဲ။ သိတော့ သိတယ်၊ ဖြေလို့ မရဘူး။ ဒါပေမဲ့ တကယ်သိတာလား၊ ဘာအရသာလဲလို့မေးရင် မဖြေနိုင်ဘူး။

အဲဒီလိုပဲ စိတ်ဆိုတာ ဘာလဲဆိုရင် အဓိပ္ပာယ်သတ်မှတ်ထားတာတော့ ရှိတာပေါ့။ မလုပ်ဘဲနဲ့ ရိုးရိုးလေးနဲ့ ပရိသတ်နားလည်အောင် ချပြကြည့်မယ်။ အဲဒီလို ချပြတဲ့အခါကျရင် ဘယ်လိုပုံစံ ချပြကြည့်မလဲ။ ဒါ ရှင်းရှင်းလေးပါ။ လူတိုင်း စိတ်ဝင်စားနေတာက အချစ်ပါ။ နောက်ပြီး ကဗျာဖတ်မယ့်အရွယ်ကလည်း လူငယ်တွေများတော့ လူငယ်တွေ စိတ်ဝင်စားမယ့် အချစ်အကြောင်းနဲ့ စရရင် ဝိုပြီး လွယ်ကူမယ်လို့ ကျွန်တော် ယုံကြည်တယ်။ အဲဒီတော့ အချစ်အကြောင်းကို အဓိက ထားပြီး

www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ အဲဒီလို သတ်မှတ်ထားတာက မလွဲသာမရှောင်သာလို့ သတ်မှတ်ထားရတာပဲရှိတယ်။ တကယ့် တကယ်ကျတော့ ဘာလဲဆိုတာ ဘယ်သူမှ မသိပါဘူး။ အချစ်ဆိုတာလည်း ဒီသဘောပါပဲ။ အခု ကျွန်တော်တို့အပါအဝင် စာရေးဆရာတွေ ရေးနေကြတဲ့ အချစ်ဝတ္ထုတွေကိုကြည့်၊ တချို့ဝတ္ထုတွေမှာက အချစ်ဆိုတာ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းလို့ ရေးတယ်။ တချို့ကျတော့ မဟုတ်ဘူး။ အချစ်ဆိုတာ ယူ ပိုင်ဆိုင်လိုခြင်းပဲ။ ဒါမှ အချစ်။ အချစ်ဆိုတာ မတရားတာ မရှိဘူး။ အချစ်နဲ့ တော်သက်ရင် တရားတယ်ဆိုတဲ့ သဘောတရားတွေ ထည့်ရေးကြတယ်။ အဲဒါက ဘာလဲဆိုရင် အတွေ့အကြုံပေါ်မူတည်ပြီး ကောက်ချက်ချလိုက်ကြတာပါပဲ။ ဥပမာ အခြေအနေတစ်ခု ဖြစ်လာတယ်။ အဲဒီအခြေအနေမှာ အချစ်နဲ့ပတ်သက်ပြီး ဘယ်လို ခံစားလိုက်ရသလဲ၊ ဘယ်လိုဖြစ်သွားသလဲ။ အဲဒါအပေါ်မှာ မူတည်ပြီး အချစ်ဆိုတာ အနစ်နာခံခြင်း၊ စွန့်လွှတ်ခြင်း၊ ရယူခြင်းဆိုပြီးတော့ သတ်မှတ်လိုက်ကြတာပဲ။

ဒီလို သတ်မှတ်လိုက်ကြတာလည်း တကယ်တော့ ပညတ်သဘောပဲ ရှိတယ်။ တကယ့် အဓိဗ္ဘာယ်သတ်မှတ်ချက်သဘောကိုတော့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ လူတွေဟာ ကမ္ဘာဦးအစက ခုထိ အချစ်ဆိုတာ ဘာလဲဆိုတဲ့ အငွေးကို မေးပြီးတော့ လိုက်ရှာနေကြတာပဲ။ တွေ့သလားဆိုတော့ မတွေ့ဘူး။ တွေ့ဘဲနဲ့ အချစ်ကို ရှာလေ၊ အချစ်က ဝေးသွားလေ။ ရှာလေ မတွေ့လေဖြစ်နေတယ်။ ကျွန်တော်တို့တွေ့နေကြတဲ့ အချစ်ဆိုတာ အချစ်ရဲ့သီးခြား ရောင်ပြန်ဟပ်ချက်အလေးတွေသာ ဖြစ်တယ်။

အချစ်ရဲ့ တကယ့်သဘောက အရမ်းသိမ်မွေ့ နူးညံ့ပါတယ်။ အဲဒီအချစ်ကို သူတွေ့ မသိနိုင်တာကိုက အချစ်ရဲ့တန်ဖိုးပါပဲ။

ကိုမင်းလူအနေနဲ့ ကဗျာ တော်တော်များများ ရေးခဲ့ပြီးပြီဆိုတော့ အတွေ့အကြုံလည်း တော်တော်ရနေပါပြီ။ အဲဒီတော့ ကဗျာရေးချင်တဲ့ လူငယ်များကို ဘယ်လိုများ အကြံပေးချင်ပါသလဲ။

အဲဒါကတော့ ကျွန်တော်လည်း ဘယ်လို ပြောရမလဲ မသိဘူး။ တစ်ခုတော့ ရှိပါတယ်။ ဒီနေ့ ကာရန်မဲ့ကဗျာ ဆိုတာ ခေတ်စားနေတော့ ကာရန်မဲ့ကဗျာ ဆိုတာ ဘာလဲဆိုတာတော့ ပြောပြလိုက်ချင်ပါတယ်။ ကိုဝင်းငြိမ်း မေးခွန်းမှာ လူငယ်တွေကို ဘယ်လိုပြောချင်သလဲဆိုတော့ လူကြီးတွေကိုကော ဘယ်လိုပြောချင်သလဲလို့ မမေးသင့်ဘူးလား။

ကျွန်တော်က ဘာပြောချင်သလဲဆိုတော့ လူကြီးတွေရော လူငယ်တွေကိုရော ပြောချင်တာပါ။ ကဗျာဆိုတာ စောစောကပြောခဲ့သလို လမ်းကြောင်း အဆင့်ဆင့် ပြောင်းလာခဲ့ပါပြီ။ အဲဒီဟာကိုလည်း ပညာရှင်တော်တော်များများက ဒီလိုပြောင်းသာတာ မှန်တယ်လို့ လက်ခံကြပါတယ်။ ပညာရှင်တွေက ဆက်လက်တိုးတက်အောင်လုပ်ရမယ်လို့ ညွှန်ကြားမှုအရ ကျွန်တော်တို့ ဒီကဗျာတွေ ဆက်ရေးနေကြတာပါ။

လူငယ်တွေနဲ့ပတ်သက်ပြီး ပြောချင်တာက ဘာလဲဆိုတော့ ကာရန်မဲ့ ကဗျာမှာ ကာရန်မဲ့ရင် ပြီးရောဆိုတဲ့သဘော လုပ်လို့ မရဘူး။ ကျွန်တော်တို့လည်း မဲ့ရင်ပြီးရောပဲ ရေးခဲ့ကြတာ မဟုတ်ပါဘူး။ ရွေးခေတ်ကနေ ခုထိ ကဗျာပုံစံတွေကို လေ့လာတယ်။ ကဗျာစပ်နည်း အထူးသဖြင့် လေးလုံးစပ်ကဗျာတွေကို လေ့လာတယ်။ ဆက်လည်း ဖတ်တယ်။ ရေးလည်း ရေးတယ်။ ကဗျာနဲ့ပတ်သက်လို့ အားလုံးဆက်ပြီးတော့မှ ကာရန်မဲ့ကဗျာကို ရေးတာပါ။

တချို့လူငယ်တွေ ရှိတယ်။ ကာရန်မဲ့ကဗျာကို ရေးတတ်ဖို့အတွက် ရွေးကောက်နည်းတွေ၊ ရေးထုံးတွေ သိစရာ မလိုဘူး။ လေ့လာစရာ မလိုဘူး။ ကာရန်မဲ့ရင် ပြီးရောဆိုပြီး ချရေးကြတယ်။ အဲဒါလည်း မဟုတ်ဘူး။ အခြေခံကို ပိုင်နိုင်မှ ကျွန်တော်တို့ ရေးနိုင်မယ်။

ကာရန်မဲ့ကဗျာဆိုတာ ဘာကြောင့် ပေါ်လာရတာလဲဆိုတာကို ပညာရှင် တစ်ယောက်က စာတမ်းတစ်ခုမှာ ရေးဖူးပါတယ်။ ကာရန်မဲ့ကဗျာဆိုတာဟာတဲ့ အရင်တုန်းကရှိခဲ့တဲ့ ကဗျာပုံစံတွေနဲ့တင် ရပ်တန့် မနေဘဲနဲ့ ဒီပုံစံလောက်နဲ့တင် အားရတင်းတိမ်မနေဘဲ နောက်ထပ်ပုံစံသစ်တစ်ခု ထွင်ကြည့်ရအောင်ဆိုပြီး ထွင်ကြည့်ရာကနေ ကာရန်မဲ့ကဗျာ ပေါ်လာတယ်လို့ ဆိုပါတယ်။

ကျွန်တော်ပြောချင်တာကတော့ ကာရန်မဲ့ကဗျာဆိုတာဟာ လူကြီးတွေကို ကိုးလိုးကန့်လန့် လုပ်ချင်လို့ ပေါ်လာတာ မဟုတ်ပါဘူး။ သူတို့က ဒီလို ရေးရင် တို့က သူတို့နဲ့မတူအောင် ရေးမယ်ဆိုတဲ့သဘောနဲ့ ပေါ်ပေါက်လာတာ မဟုတ်ပါဘူး။ လူကြီးတွေရဲ့ လမ်းညွှန်ချက်အတိုင်း ကဗျာတွေဆက်ပြီး တိုးတက်အောင် ကျွန်တော်တို့ ကြိုးစားတာသက်သက်ပါ။ ဥပမာ ပြောရရင် မော်တော်ကားတွေကို အခု ဓာတ်ဆီနဲ့ မောင်းတယ်။ ဒီဇယ်နဲ့မောင်းတယ်။ ဒါနဲ့ အားမရသေးဘဲ လျှပ်စစ်ဓာတ်အားနဲ့ မောင်းလို့ရအောင်၊ အဏုမြူစွမ်းအားနဲ့ မောင်းလို့ရအောင် ဆက်လက်ကြိုးစားကြတဲ့ သဘောပါပဲ။ ဒီသဘောပါ။ မော်တော်ကားရဲ့ဘီးက သူတို့စီးတာ အဝိုင်းကြီး။ ဒီပုံစံကြီးက အောက်တယ်ကွ။ တို့က အဝိုင်းမစီးဘဲ လေးထောင့်လုပ်မယ်ဆိုတဲ့သဘော မဟုတ်ပါဘူး။

အဲဒါကို ကျွန်တော်က လူငယ်တွေရော၊ လူကြီးတွေပါ သိစေချင်ပါတယ်။ ကျွန်တော်တို့ကို လက်ခံတဲ့လူကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com

တော်တော်များများ ရှိပါတယ်။ ကျွန်တော်ဖြစ်စေချင်တာက လူကြီးတွေ၊ ပညာရှင်တွေက ကျွန်တော်တို့ကို ပစ်ပစ်ခါခါနဲ့ လျစ်လျူရှုမထားဘဲနဲ့ ကျွန်တော်တို့ကို လက်ခံမယ်၊ ထိန်းသိမ်းပေးမယ်၊ ပြုပြင်ပေးမယ် ဆိုရင် ကျွန်တော်တို့ကလည်း သူတို့ပြုပြင်ထိန်းသိမ်းပေးတာကို လက်ခံကြဖို့ အသင့်ပါပဲ။

ကိုမင်းလူ ကဗျာစာအုပ်တွေမှာ တွဲရေးနေကြတဲ့ ရေးဖော်တွေကတော့ ကျောင်းကတည်းက တွဲဖြစ်ခဲ့ကြတဲ့ အုပ်စုပဲ ဖြစ်မယ်ထင်တယ်။ သူတို့နာမည်တွေက ကိုမင်းလူရဲ့ ဝတ္ထုတွေထဲမှာ ဇာတ်ကောင်တွေအဖြစ် မကြာခဏ ဖတ်ရလို့။

ဟုတ်ပါတယ်။ စောစောက ပြောခဲ့သလို တက္ကသိုလ်ရောက်တော့ ပန်းချီခန်းမ နံရံကပ်စာစောင်နဲ့ ပတ်သက်ပြီး လုပ်ကြတော့ အရသားကြီး၊ မောင်ဇေယျနဲ့ တိုးမိုးတို့က စာတည်း၊ မောင်မောင်စနေက ပန်းချီ

နဲ့ပြီ ထင်ပါတယ်။ ဝတ္ထုဘက် ဆက်လိုက်ကြရအောင်။ ကိုမင်းလူ ပန်းကျောင်းသား ဘဝကိုယ်ခွဲအထိ ဝတ္ထုတွေရေးတဲ့နေရာမှာ ဇာတ်ကောင်တွေနဲ့ပတ်သက်ပြီး ဘယ်လို စံထားရေးပါသလဲ။

ဇာတ်ကောင်ရဲ့စံနဲ့ ပတ်သက်လို့တော့ အမျိုးမျိုး ယူဆကြပါတယ်။ တချို့က ကိုယ့်ဇာတ်ကောင်ဟာ ခြောက်ပြစ်ကင်း သဲလဲစင်ဖြစ်ရမယ်လို့ ယူဆတယ်။ တချို့ကတော့လည်း ဇာတ်ကောင်ဟာ သရုပ်မှန်ဖြစ်ရမယ်။ သူဟာ လူတစ်ယောက်ဖြစ်တဲ့အတွက် မှန်ချင်လည်း မှန်မယ်၊ မှားချင်လည်း မှားမယ်။ လူတစ်ယောက်လိုပဲ အကောင်းနဲ့ အဆိုး ဒွန်တွဲနေရမယ်။ အဲဒီလို ယူဆကြတယ်။

ကျွန်တော်လည်း ဒီလိုပဲ ယူဆပါတယ်။ ကျွန်တော့်ဇာတ်ကောင်ဟာ လူသားကလူနဲ့ တူရမယ်။ ဒါပေမဲ့ ကျွန်တော်တို့ စာရေးဆရာတွေရဲ့ တာဝန်က ဘာလဲဆိုတော့ အကောင်းနဲ့အဆိုး ခွဲခြားပြပေးရမယ်။ ဒီနေရာမှာ ဤအရာကား ဆိုး၏ကောင်း၏ ဆိုပြီး ဖြောင်ကြီးဝင်ပြောဖို့တော့ မဟုတ်ဘူးပေါ့။ တကယ်တော့ အကောင်းနဲ့အဆိုးကို ပရိသတ်က သိပြီးသားပါ။ တချို့ဆို စာရေးဆရာ ထက်ကောင်ပိုသိသေးတယ်။ ပရိသတ်ကို ဆရာလုပ်တဲ့သဘော မဟုတ်ဘဲ အကြံဉာဏ်ပေးတဲ့သဘော၊ သတိမေ့နေမှာစိုးလို့ အစဖော်ပေးခဲ့တဲ့သဘော ဆွဲဆောင်တင်ပြရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ 'ဝိပါဆွန်း'ရဲ့ **ဘယ်လာမီ**ကို ဥပမာ ပေးချင်ပါတယ်။ ကျွန်တော်က ဆရာတင့်တယ် ဘာသာပြန်တဲ့ **ပျိုတို့အချစ်တော်**ကို ဖတ်ရတာပါ။ အဲဒီထဲမှာ ဒီဇာတ်ကောင်(ကျော့ဒူရွိုင်း)ဟာ အစကတည်းက မကောင်းတဲ့ကောင်၊ နောက်ဆုံး ဇာတ်သာ သိမ်းသွားရော ကောက်ကျစ်ယုတ်မာရင်းနဲ့ပဲ သိမ်းသွားတယ်။ အဲဒီလို ယုတ်မာပေမဲ့ တဖြည်းဖြည်း အောင်မြင်မှု ရလာတယ်။ ထမင်းတစ်နပ်ကို မနက်စာရရင် ကောင်းမလား၊ ညစာစားရရင်ကောင်းမလား စဉ်းစားရတဲ့ဘဝကနေ အရမ်းကို အောင်မြင်တဲ့သူ ဖြစ်သွားတယ်။ ဒါပေမဲ့ ဒီလူဟာ အားကျစရာကောင်းတဲ့သူ မဟုတ်ဘူး။ စာရေးဆရာက ဘယ်လောက်ထိ ဟော်သလဲဆိုရင် ဒီကောင် အောင်မြင်သွားတာကို ပရိသတ်က မကျေနပ်ဘူး။ ဒီဇာတ်ကောင်ကို အော့နှလုံးနာသွားအောင်ကို အနုပညာမာယာနဲ့ ရေးပြသွားနိုင်တယ်။ ဇာတ်ကောင်စံနဲ့ ပတ်သက်ပြီး ဒီလိုမျိုးဖြစ်သင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။

> ကဗျာဟာ ကဗျာပါပဲ။ စကားပြေက စကားပြေပဲ
> ကဗျာက အင်္ဂါရုပ်တွေနဲ့ စကားပြေက အင်္ဂါရုပ်တွေ
> ခုထက်ထိ ကွဲပြားနေတာ အများကြီး ရှိပါသေးတယ်
> ကျွန်တော်ထင်တာကတော့ ကဗျာနဲ့ စကားပြေဟာ
> ကျွန်းကိုင်မှီ ကိုင်းကျွန်းမှီ
> အဲဒီလို အပြန်အလှန် ဆက်သွယ်နေကြတယ်

ဇာတ်ကောင်စရိုက်နဲ့ပတ်သက်ပြီး စရိုက်သေဇာတ်ကောင်နဲ့ စရိုက်ရှင်ဇာတ်ကောင် ဘယ်ဟာကို သဘောကျပါသလဲ။

အဲဒါက ကျွန်တော် ကြားဖူးတာ ရှိတယ်။ စရိုက်သေဇာတ်ကောင်ဆိုတာ စာရေးဆရာက ပုံသွင်းလိုက်တဲ့ ဇာတ်ကောင်ပဲ။ အဲဒီဇာတ်ကောင်မှာက စရိုက်အရေးတစ်မျိုး၊ နှစ်မျိုးပဲရှိတယ်။ သူက ဇာတ်လမ်းထဲက ဇာတ်ကောင်သာ ဖြစ်တယ်။ အပြင်လောကကလူနဲ့ မတူဘူး၊ သရုပ်မှန် မဖြစ်ဘူးပေါ့ဗျာ။ သူပေါ်လာတာနဲ့ တစ်ပြိုင်နက် ဘာလုပ်တော့မယ်ဆိုတာ ပရိသတ်က သိနေတယ်။ ဒီလိုဇာတ်ကောင်မျိုးကို စရိုက်သေဇာတ်ကောင်လို့ သတ်မှတ်ကြပြီး အဆင့်နိမ့်တဲ့ဝတ္ထုတွေမှာ တွေ့ကြရတယ်လို့ ယူဆကြပါတယ်။

ကိုမင်းလူ ကဗျာစာအုပ်တွေမှာ တွဲရေးနေကြတဲ့ ရေးဖော်တွေကတော့ ကျောင်းကတည်းက တွဲဖြစ်ခဲ့ကြတဲ့ အုပ်စုပဲ ဖြစ်မယ်ထင်တယ်။ သူတို့နာမည်တွေက ကိုမင်းလူရဲ့ ဝတ္ထုတွေထဲမှာ ဇာတ်ကောင်တွေအဖြစ် မကြာခဏ ဖတ်ရလို့။

ဟုတ်ပါတယ်။ စောစောက ပြောခဲ့သလို တက္ကသိုလ်ရောက်တော့ ပန်းချီခန်းမ နံရံကပ်စာစောင်နဲ့ ပတ်သက်ပြီး လုပ်ကြတော့ အရသားကြီး၊ မောင်ဇေယျနဲ့ တိုးမိုးတို့က စာတည်း၊ မောင်မောင်စနေက ပန်းချီ

www.burmeseclassic.com

www.burmeseclassic.com

စရိုက်ရှင်ဇာတ်ကောင်ဆိုတာက တကယ့်အပြင်က လူတွေရဲ့စရိုက်အတိုင်း သူပ်ရှားတာကို ခေါ်တာပါ။ ဒီဇာတ်ကောင်ပေါ်လာရင် ဘာလုပ်ရတော့မယ်ဆိုတာကို ရေးသတ်က ခန့်မှန်းလို့ မရဘူး။ သူလုပ်တာတွေကလည်း ပရိသတ်ကိုလှည့်စား ချင်လို့ လျှောက်လုပ်တာ မဟုတ်ဘူး။ သူ လုပ်သင့်လုပ်ထိုက်လို့ လုပ်တာ။ အဲဒီလို သူတို့ရှိရှို ဖြစ်ရမယ်။

ကျွန်တော့်အနေနဲ့ စရိုက်ရှင်ဇာတ်ကောင်ကိုပဲ လက်ခံပါတယ်။ အခုခေတ် များလည်း စရိုက်သေထားတဲ့ စာပေမျိုးက အဆင့်အတန်းမရှိဘူးလို့ သတ်မှတ်ကြပါ တယ်။ ကျွန်တော်လည်း စရိုက်ရှင်ဇာတ်ကောင်ကိုပဲ သဘောကျပါတယ်။ ဒါပေမဲ့ စရိုက်ရှင်ဇာတ်ကောင် ဖန်တီးရတာ သိပ်ခက်ပါတယ်။ ကျွန်တော်တို့လည်း ကြိုးစားပါ တယ်။ အဲဒီလို ကြိုးစားတဲ့အခါမှာ အခက်အခဲတွေလည်းရှိတာမို့ ကျွန်တော့်ဇာတ် ကောင်အားလုံးဟာ စရိုက်ရှင်စစ်စစ် ဖြစ်ချင်မှဖြစ်ပါလိမ့်မယ်။ စရိုက်သေနဲ့ ပတ်သက် လို့ အဓိကဇာတ်ကောင် မဟုတ်ဘဲ ဘေးနားကပါလာတဲ့ ဇာတ်ရံဇာတ်ကောင်တွေကျ ဆော့ စရိုက်သေနဲ့ထည့်ပေးမှ အကျိုးရှိတာလည်း ရှိပါတယ်။ ဒါမျိုးကျတော့ စရိုက် သေပဲ သုံးရပါတယ်။ စရိုက်နဲ့ပတ်သက်လို့ ကျွန်တော် ဒါလောက်ပဲ ပြောချင်ပါတယ်။

ဒီနေ့ မြန်မာစာပေလောကနဲ့ ပတ်သက်လို့ ဘယ်လိုများ မြင်ပါသလဲ။

အဲဒါကိုပြောရမှာ တော်တော်လေး ကြောက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က အသက်လည်း ငယ်တယ်။ အတွေ့အကြုံလည်း နည်းပါသေးတယ်။ ဥပမာ ကျွန်တော်စာရေးတာကို စပြီး ပုံနှိပ်စာလုံး ဖော်ပြခံခဲ့ရတာ ၁၉၇၆ နှစ်ကမှဆိုတော့ ဒီနေ့ထိဆိုရင် သက်တမ်း ၆ နှစ်လောက်ပဲ ရှိပါသေးတယ်။ ကျွန်တော်က ၆ နှစ်ပဲ ရှိသေးတဲ့အချိန်မှာ ဆရာကြီး ဦးရန်အောင်ဆိုရင် နှစ်ပေါင်း ၆၀ ရှိနေပါပြီ။ ဒီလောက်ကွာနေတော့ ကျွန်တော် ပြောရမှာ တော်တော်လေး ကြောက်ပါတယ်။

ကြောက်လို့ ဒီမေးခွန်းကို မဖြေတော့ဘူးလားဆိုတော့ ဒီလိုလည်း မဖြစ်ပါဘူး။ ချဉ်တော့ ပြောချင်တယ်။

ဘာလဲဆိုတော့ စာရေးတဲ့နေရာမှာ ရိုးရိုးသားသား ရေးပါ။ စေတနာ ကောင်း ကောင်းထားပါ။ ကိုယ်ရေးတဲ့ စာဟာ သိက္ခာရှိရမယ်။ သရုပ်မှန်ရမယ်။ အဆိပ် အတောက် မဖြစ်စေရဘူး။ ဖြစ်နိုင်ရင် အကျိုးပြုစေရမယ်။ အရေးကြီးဆုံးက တော့ စာရေးဆရာမှာထားတဲ့ စေတနာပါပဲ။ စာရေးဆရာတစ်ယောက်ဟာ စေတနာမှန်မှန်ထားလိုက်ပြီဆိုတာနဲ့ သူ့စာတွေဟာ ဘယ်တော့မှ အဆိပ်အတောက် ဖြစ်တော့ဘူး။ စေတနာပါပြီးသားဆိုတော့ အကျိုးပြုတာ အထိုက်အလျောက်တော့ ပါလာမှာပဲ။ စေတနာထားပြီးရေးကြရင် အဆိပ်အတောက်တွေဟာ အလိုလို ပျောက်သွားမှာပဲ။ တစ်ခုတော့ရှိတယ်။ လူအထင်ကြီးခံရ ပြီးရောဆိုပြီး ရှင်းရှင်း ချာရရင် အကျိုးပြုစာပေပါလို့ ဘယ်လောက်ပဲ အော်နေအော်နေ ရိုးသားတဲ့ စေတနာကောင်း မထားဘဲ ရေးရင်တော့ ခုနကပြောတာတွေဖြစ်လာမှာ မဟုတ်ပါဘူး။

နောက်တစ်ခုပြောချင်တာက ကျွန်တော်ဟာ စာပေနယ်ကို ဝင်ဖို့ စပြီး ကြိုးစားခဲ့တာဟာ ၁၀ နှစ်လောက်ရှိ သွားပါပြီ။ အဲဒီထဲမှာ လေးငါးနှစ်လောက်က သုံးဝ ပုံနှိပ်ဖော်ပြခြင်း မခံရတဲ့ အပယ်ခံ ကလောင်သစ်ဘဝ၊ အခုထိလည်း ကျွန်တော့်ကိုယ် ကျွန်တော် ကလောင်သစ်လို့ပဲ ယူဆနေသေးတယ်။ ကျွန်တော် ရေးခဲ့သမျှ စာတွေထဲမှာ ဘယ်ဟာ အကြိုက်ဆုံးလဲမေးရင် ကျွန်တော် အနှစ်သက်ဆုံး ဘူး၊ အနှစ်သက်ဆုံး ကဗျာကို ခုထိ မရေးရသေးပါဘူးလို့ ဖြေရမှာပဲ။ ရေးပြီး သမျှ မကြိုက်ဘူးလားဆိုတော့ မဟုတ်ဘူး။ ကြိုက်ပါတယ်။ ဒါပေမဲ့ အားမရသေးဘူး။ ဆက်ကြိုးစားရဦး မယ်။ အများကြီးလို သေးတယ်။ အဲ ခုနက ပြောခဲ့သလို ကလောင်သစ် တစ်ယောက်ရဲ့ အခက်အခဲကို ကြုံခဲ့ ရတော့ ဘဝတူ

ကလောင်သစ်တွေအတွက် ကိုယ်ချင်းစာ မိတယ်။ ခုချိန်မှာ ကလောင်သစ်တွေ အတွက် လုံးချင်းဘက်မှာ ဝင်တိုးဖို့ မလွယ်ဘူး။ ဒီတော့ မဂ္ဂဇင်းတွေကနေ ကလောင်သစ်တွေကို ခုထက်ပိုပြီး နေရာပေးဖို့၊ ဖြစ်နိုင်မယ်ဆိုရင် အရည် အချင်းရှိတဲ့ ကလောင်သစ်တွေကို လက်ရွေးစင်ရွေးပြီး မဂ္ဂဇင်းမှာ မကြာ ခဏ ဖော်ပြပေးဖို့၊ အဲဒါဆိုရင် ကလောင် သစ်တွေအတွက် အများကြီး လမ်းပွင့် သွားမယ်လို့ထင်ပါတယ်။ ကျွန်တော့် တုန်းကလည်း မဂ္ဂဇင်းတွေကမြေဖောင် မြှောက်ပေးခဲ့တဲ့ ကျေးဇူးတွေ အများ ကြီးပါတယ် မဟုတ်လား။

ကျေးဇူးတင်ပါတယ် ကိုမင်းလူ။ ဆွေးနွေးချင် တာလေးတွေ တော့ တော်တော် ကျန်ပါသေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ နေရာအက်အခဲလေး တွေကြောင့် ဒါလောက်နဲ့ပဲ ကျေနပ် လိုက်ရပါဦးမယ်။ နောင်တစ်ကြိမ်များ ပြန်ဆုံခွင့်ရဦးမယ်ဆိုရင်တော့ ဆွေးနွေး ကြသေးတာပေါ့။ အခု ကိုမင်းလူနေတဲ့ လိပ်စာ...။

အမှတ် ၃၊ လေးထောင့်ကန်လမ်း၊ သဃ်ိန်းကျွန်းပါ။ ကျွန်တော်ကလည်း ယနေ့ ကလောင်ငယ်များကိုယ်စား ပြော ချင်တာလေးတွေ ပြောခွင့်ရလိုက်တဲ့ အတွက် ပေဖူးလွှာစာတည်းအဖွဲ့ကို ကျေးဇူးတင်ပါတယ်။

■

ဝင်းငြိမ်း

(ဆရာမင်းလူ မကွယ်လွန်မီ မိသားစုနဲ့အတူ နေထိုင်သွားသော နေရပ် လိပ်စာမှာ အမှတ် ၅၂၊ သီရိဧယျာလမ်း ဧဝနရပ်ကွက် သဃ်ိန်းကျွန်းကြီးနယ် ရန်ကုန်ကြီး ဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com

စစ်ဆိုင်းတောင်ရိုး ဝါးချတ်ဇီဝတဒါနသံဃာ့ဆေးရုံ

စစ်ကိုင်းတောင်ရိုးဝါးချက်ဇီဝတဒါနသံဃာ့ဆေးရုံအတွက် အရှေ့ (၁၁) မိုင်း၊ ဘက်စုံအရှေ့ (၁၃၁၀၀၀/–) နှုန်းနှင့် ထားရန်ရှိပြီး ငွေကျပ်ရှသိန်းနှင့်အထက် ထုတ်ထောင်လှူဒါန်းလိုပါက အောက်ပါနေရာများနှင့် နီးစပ်ရာအမှုဆောင်များထံတွင် လှူဒါန်းနိုင်ကြပါသည်။

ဆက်သွယ်လှူဒါန်းရန်

စစ်ကိုင်းတောင်ရိုးဆေးရုံတည်နေရာ တန္ဒာချောင်း
ဝုန်း ၀၅–၂၂ ၀၀၃၊ ၀၅–၂၃ ၂၁၄၁၊ ၀၉–၆၄၁၀၊ ၀၉–၉၁၀၉၇၇

မန္တလေး

ဦးမြင့်ဦး (ဖုံးကပ်ရွာ) ဝုန်း ၀၉–၉၁၀ ၂၇၀၈၊ ဒေါ်တင်ဝင်း (လူထု) ဝုန်း ၀၂–၁၉၇၀၈၊ ဒေါ် ရိုးမြင့် (သွင်ဆက်မှု) ဝုန်း ၀၉–၂၀၁၀၇၀

ရန်ကုန်

သီရိသုဓမ္မသိက္ခာဒါနသံဃာ့ဆေးရုံကြီး (ယဝင်းဂုဏ်နာ၊ ဝိုလ်ချူပ်ဝေဒ။ ဝုန်း ၀၉–၇၃ ၂၀ ၂၀၁၀)။
ဒေါ်ယဉ်သန်း (အမှတ် ၁၊ ဒွေးကြာရဒေါမြို့။ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဝုန်း ၀၉–၅၁၁၂၂၇၇)
ဒေါ်ဦး စန်း (အမှတ် ၇၊ AMBO Hotel, သာဂစ်လမ်း၊ တောင်ဝိုက်မြို့နယ်။ ဝုန်း ၀၉–၅၁ ၂၂ ၂၀၁၁)
ဒေါ်မြင့်မြင့်ကြည် (အမှတ် ၁၆၊ တွင်းကျောင်းလမ်း၊ အလုံမြို့နယ်။ ဝုန်း ၀၁–၂၂ ၂၀၅၁၉၊ ၀၉–၅၁၀၅၂၄၂)
ဒေါ်မြင့်မြင့်စန်း (အမှတ် ၈၊ ပဇ္ဈိတလမ်း၊ လှိုင်မြို့နယ်။ ဝုန်း ၀၁–၅၁၉၃၅၉၊ ၀၉–၅၁၁၀၉၃၀၄)
ဒေါ်စန်းစန်းမိုင် (Real Gems) (အေ–၁၈၊ အမှတ် ၂၃–၂၅၊ ပုဇွန်တောင်လမ်း၊ ကမ္ဘာအေးရပ်ကွက်၊ မဟာဗောဓိညောင်တန်းမြို့နယ်။ ဝုန်း ၀၁–၂၃၂၂၇၂၊ ၀၉–၅၀၀၂၂၇၂)
ဒေါ်စန်းစန်းသန်း (ဖောက်ပြန်ကြားရေးမှူး) (အမှတ်–၉၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်။ ဝုန်း ၀၁–၂၅၀၀၇၂၂၊ ၀၁–၂၅၀၀၇၂၈)
ကလျာမဟူဒင်းမိုက်ဂ် (ဖူးရှိ) (အမှတ် ၁၆–၀၀၀၀၀၊ ဦးအောင်ပြုတ်လမ်း၊ ဗဟန်းမြို့နယ်။ ဝုန်း ၀၁– ၂၉၁၀၇၆)

လှူဒါန်းကြတဲ့ အလှူရှင်များစာရင်း

၅၆။ ကွယ်လွန်သူ ဖခင် ဦးစိန်သက်၊ မိခင် ဒေါ်ကျင်လွမ်၊ မောင်လေး ဦးဟူစိန်တို့အား
ရည်စူး၍ ဦးကြည်လွင်–ဒေါ်နွယ်နွယ်စိန် မိသားစု၊ ဦးမင်းစိုး–ဒေါ်သီတာစိန် မိသားစုများကောင်းမွန် ၅၀၀၊၀၀၀ ကျပ်
၁/၁၁ အင်းစိန်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်။ (ငါးသိန်း)

၁၇။ ဦးခင်မောင်ဝင်း–ဒေါ်စန်းစန်းခိုင် (Sann Real Gems & Jewellery) ၅၅၀၊၀၀၀ ကျပ်
A ၁၀၊ ၂၃/၂၅၊ ကျိုက်ဖြူရိပ်သာ၊ ကျိုက်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (ငါးသိန်းငါးသောင်း)

၅၈။ ဒေါခင်ခင်ဝင်း (စာရေးဆရာမကြီး ဒေါကာလှာ)၊ ကလျာမဂ္ဂဇင်းတိုက်၊ ၁၀၀၊၀၀၀ ကျပ်
အခွံတံ (၁၆)၊ ပထမထပ်၊ ဦးအောင်မြတ်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ (ဆယ်သိန်း)

၅၉။ ဒေါမိုးမိုးလွင် မိသားစု ၅၀၀၊၀၀၀ ကျပ်
(Nature Glory Wellness Center) (ငါ

www.burmeseclassic.com

www.burmeseclassic.com

၆၀။ (ဦးထွန်းဇေ)-ဒေါ်ခင်ခင်ကြူး၊ သားသမီးမြေး မိသားစု
အမှတ် (၆)၊ ကွင်းကျောင်း (၂) လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၆၁။ အင်ဂျင်နီယာ ဦးခင်လတိ-ဒေါက်တာ ဒေါ်တင့်တင့် မိသားစု
တိုက် (၂၀၂)၊ အခန်း (၁၈-B)၊ (၅၆)လမ်း(လမ်းတို)၊ ပုဇွန်တောင်မြို့နယ်။
၇၀၀,၀၀၀/-
(ခုနှစ်သိန်း)

၆၂။ ဦးယုဆော်(ကွယ်လွန် ၃၈ နှစ်ပြည့်)ရည်စူး၍ ဒေါ်ကျင့်နု မိသားစု
အမှတ် (၈၁/-A-၁၀)၊ စုပေါင်းလမ်း၊ အင်းယားခြိုင်၊ ဗဟန်းမြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၆၃။ ဦးထိန်လင်း(Financial Consultant)-ဒေါ်ခင်စုဌေး(Khin Su Htay & Associates Audit Firm)
အမှတ် (၆၁၅-R)၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်။
၁,၀၀၀,၀၀၀/-
(ဆယ်သိန်း)

၆၄။ မိခင်ကြီး ဒေါ်တင်မြင့် အမှူးထား၍
ဦးကျော်မြင့်သန်း-ဒေါ်စုစုလှိုင်၊ (သမီး) အေမိကျော်၊ (သား) ကင်နီကျော် မိသားစု
အမှတ် (၂၁)၊ အောင်သိဒ္ဓိရိပ်သာ၊ အောင်သိဒ္ဓိလမ်း၊ မရမ်းကုန်းမြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၆၅။ နှစ်ဖက်မိဘများအား ရည်စူး၍ ဦးမိုးကျော်-ဒေါ်ကြည်ညွှန့် သားသမီးမြေးမိသားစုကောင်းမှု
အမှတ် (၁၅)၊ အေးရိပ်မွန် (၇)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၆၆။ မိဘများဖြစ်သော ဦးကံဟိုး-ဒေါ်စောတင်တို့အား ရည်စူး၍
ဦးလှဒင်-ဒေါ်ကံတာ ဒေါ်ယုယုထွေး၊ (မြေး)သိမ်ဆံဝိမ္မိသူ၊ ဘုန်းသန့်ထက် မိသားစု
အမှတ် (၉၇)၊ (၁၄)လမ်း၊ ဇိလ်တဆောင်မြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၆၇။ ဦးတင်ထွန်း-ဒေါ်မေသန်းထွဋ် (A သုံးလုံး) မိသားစု
အမှတ် (၅)၊ အောင်သီရိလမ်း၊ (၅) ရပ်ကွက်၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်။
၆၀၀,၀၀၀/-
(ခြောက်သိန်း)

၆၈။ အနန္တကျေးဇူးရှင်များဖြစ်ကြသော ဖခင်ကြီး ဦးထိုက်ဝမ်-မိခင်ကြီး ဒေါ်သီ၊
အစ်မကြီး ဒေါ်လှကြင်နှင့် ဦးအီတိတ်(ခ)ဦးကျော်ညွှန့်တို့အား ရည်စူး၍
ဒေါ်ကြင်ညွှန့်နှင့်သားသမီးမြေးမိသားစု၊ "ညွှန့်" ရောင်းဝယ်ရေး၊ ပဲခူးမြို့။
၇၀၀,၀၀၀/-
(ခုနှစ်သိန်း)

၆၉။ ဦးကျော်တိုး-ဒေါ်ကျင်ဌေး မိသားစု၊ ဆုမွန်အောင် သစ်သီးရောင်းဝယ်ရေး၊
ရုံ(ခ/၂၉၅-၂၉၆) သီရိမင်္ဂလာဈေး၊ ရန်ကုန်မြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၇၀။ ဦးကြည်စိုး(P.T.T ကုမ္ပဏီလီမိတက်)
အမှတ် (၉)၊ မြေညီထပ်၊ ရတနာမွန်လမ်း၊ အေးရိပ်မွန်၊ လှိုင်မြို့နယ်။
၁,၀၀၀,၀၀၀/-
(ဆယ်သိန်း)

၇၁။ ဦးညီညီအောင်-ဒေါ်နီနီနွယ်(ရွှေအိုးဝေ)မိသားစု
အမှတ် (၁၅၈/၁၅၉-က)၊ စံပယ်ခြံ (၃) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၇၂။ နှစ်ဖက်သော မိဘများအား အမှူးထား၍
ဦးဝင်းမြင့်-ဒေါ်ခင်မျိုးချစ်၊ (သား) ကိုဇော်ဝင်းထွဋ်၊ ကိုမျိုးဝင်းထွဋ်၊
ကိုတိုးဝင်းထွဋ် (Royal Ruby ရတနာဆိုင်၊ ဇိုလ်ချူပ်ဈေး) မိသားစု။
အမှတ် (၉၀၇)၊ MWEA Tower ရွှေတိဂုံဘုရားလမ်း။
၅၀၀,၀၀၀/-
(ငါးသိန်း)

၇၃။ ဦးမျိုးသိမ်း-ဒေါ်မေသန်းဝင်း၊ သားသမီးမြေးတစ်စု
အမှတ် (၁၀/၁၁)၊ ပဏ္ဍိတလမ်း၊ (၇) ရပ်ကွက်၊ လှိုင်မြို့နယ်။
၁,၀၀၀,၀၀၀/-
(ဆယ်သိန်း)

၇၄။ ဒေါ်ခင်ကြည်၊ ပါမောက္ခ ဒေါက်တာ ဒေါ်အုန်းကြည်၊
ဒေါ်ခင်ခင်ကြိုင်၊ ဒေါ်စန်းရီ (ကြည်ကြည်ကြိုင်စန်း) ညီအစ်မ မိသားစု
အမှတ် (၁၄)၊ မြောင်းမြလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
၅၀၀,၀၀၀/-
(ငါးသိန်း)

၇၅။ ဒေါက်တာ ဦးစိုးထွဋ်-ဒေါ်စန်းလွ၊ (သား)ကိုဇော်မင်းထွဋ်-မမေသူကြည်စိုး၊
(သား) ဒေါက်တာ ထွန်းထွန်းနိုင်-ဒေါက်တာ မေလီလင်း မိသားစု
အမှတ် (၃၀၇)၊ (A-1)၊ ရွှေဂုဏ်သူအိမ်ရာ၊ ကြည်မြင့်တိုင်းမြို့နယ်။
၅၀၀,၀၀၀/-
(ငါးသိန်း)

၂၀၁၄ ခုနှစ် ဝါဆိုကျောက် ပြက္ခဒိန် ထွက်ပါပြီ။

(ဆက်လက်ဖော်ပြပါမည်)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအသက်
၄၅ နှစ်။
ကျွန်မ ဦးခေါင်းကို
ဘယ်နှကြိမ်
ကုတ်နေမိမှန်းတောင်
မသိတော့။ လက်ထဲက
ဘောလ်ပင်ကိုအသာချ။
ဂဏန်းပေါင်းစက်ကလေးနဲ့
စာရွက်ပေါ်ချရေးထားတဲ့
နာမည်တွေထဲက
ဒီနှစ် သီတင်းကျွတ်မှာ
မဖြစ်မနေ ကန်တော့
ရတော့မယ့်သူတွေနဲ့
သူတို့အတွက်
လျာထားတဲ့
ကန်တော့ဖွယ်
ပစ္စည်းတွေရဲ့ဘေးက
ခန့်မှန်းကိန်းဂဏန်းများကို
ကြည့်လို့
ဂဏန်းပေါင်းစက်
ခလုတ်လေးတွေကို
နှိပ်ပြီး တစ်ခုချင်း
ပေါင်းလိုက်ပါတယ်။
အဖေနဲ့ အမေ-
၂၅၀၀၀ ကျပ်။
ရုံးကန်တော့ပွဲအတွက်
ထည့်ဝင်ငွေ
၁၅၀၀၀ကျပ်။
သမီးလေးရဲ့
အတန်းပိုင်ဆရာမ-
၁၅၀၀၀ကျပ်။
သမီးလေးရဲ့
ကျူရှင်ဆရာမ
-၁၅၀၀၀ ကျပ်။
တူ၊ တူမများအတွက်
မုန့်ဖိုးပြန်ပေးငွေ-
၃၀၀၀၀ ကျပ်။
'ဘုရားရေ'
ကျွန်မ ပါးစပ်က
အသံတောင် ယောင်ပြီး
ထွက်သွားရတယ်။
စုစုပေါင်း တစ်သိန်းခွဲနှား
နီးနေပါရော့လား။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်တာထောင်
ကမ်းနား
တစ်လျှောက်
လေညင်းခံရင်း
လမ်းလျှောက်
မိကြတယ်
ချစ်သူက
ကျွန်မရဲ့
လက်ဖျားလေး
တွေကို
တင်းတင်း
ဆုပ်ကိုင်လို့
ထားရင်းက
ပြောတယ်
'နောက်နှစ်
ဒီအချိန်ဆို
လူကြီးတွေကို
ဖွင့်ပြောပြီး ချစ်ကို
မရအရကို
လက်ထပ်
ယူမှာဗျ'

BURMESE CLASSIC

ကျွန်မခေါင်းကို အသာလေး တောင် ယမ်းလိုက်မိသလား မသိ။ ကျွန်မအသံနဲ့ ကျွန်မ ဟန်ကြောင့် ကိုသက်အောင်က မလှမ်းမကမ်းမှာ ရှိနေတဲ့ ပက်လက်ကုလားထိုင်ပေါ် သတင်းစာ ထိုင်ဖတ်ရင်းက နေ ကျွန်မကို တစ်ခဏ မျက်လုံးလေး လှန်ကြည့်တယ်။

ဒီနှစ် သီတင်းကျွတ်တော့ ဝိတ်လျှော့မှ ဖြစ်ချေတော့မယ်လို့ စိတ်ထဲက တွေးလိုက်တယ်။ နှစ်ဖက်မိဘတွေ အတွက် လျာထားတဲ့ နှစ်သောင်းခွဲစီကတော့ လျှော့လို့ မဖြစ်ရေးချမဖြစ်။ ဟိုးအရင် အိမ်ထောင်ကျခါစကလို ဖောဖောသီသီ မကန်တော့နိုင်တာ ကြာပြီ။ ဆီတစ်ပုံးတို့၊ ဆန်တစ်အိတ်တို့ဆိုတာ ဟိုးအတိတ်မှာ စာရင်းတို့ ထားလိုက်ရပြီ။ အမေကြိုက်တတ်တဲ့ ရွှေပုဇွန်ကိတ်လေးကတော့ မပါမဖြစ်ပါမှ။ ကော်ဖီမစ် အထုပ်ကြီးတစ်ထုပ်၊ အမေ့အတွက် အင်္ကျီဝမ်းဆက်၊ အဖေ့အတွက်ပါနေကျ ပုဆိုးနဲ့ သားရေဖိနပ်ကလေးတော့ ပါမှ အဖေစိတ်ကောင်းမှာ။ နောက် အမေကြိုက်တတ်တဲ့ ပန်းသီးလှလှလေး ငါးလုံး လောက်လည်းရဲဦးမှ။ တော်ကြာ သီတင်းကျွတ်ကန်တော့ ပစ္စည်းတဖြည်းဖြည်းနဲ့ နည်းနည်းလာတယ်ဆိုပြီး မောင်နှမတွေက ပြောလာပြန်ရင် လည်း မခံချင်သေး။ အင်း စာရင်းချုပ်လိုက်တော့ နှစ်ဖက်မိဘကို နှစ်သောင်းခွဲ လောက်စီကတော့ မှန်နေပြီ။ ကိုသက်အောင် လူပျိုကတည်းက ကန်တော့နေကျ သူ့အတွား လေးကိုလည်း တစ်သောင်းခွဲ လောက်စီပေးမှ ကောင်းမှာ။ သူတို့တွေ လာကန်တော့ရင် ပြန်ပေးရမယ့် မုန့်ဖိုးတင်မက ကျွေးမှာ မွေးမှာနဲ့က သုံးသောင်းလောက် ဖယ်ထားရမယ်။

မိသားစုဖို့ စဉ်းစားပြီး ပြန်တော့ အလုပ်။ ကုမ္ပဏီမှာ သူငယ်းက စီးပွားရေးမကောင်း လို့ဆိုပြီး လစာတိုးမပေးတာ၊ ဘောနပ်စ်မပေးတာလည်း ကြာကြာလှနေပြီ။ အရင်လို လစဉ် ပိုက်ဆံစုဖို့ဆိုတာ ဝေလာမှ ဝေးရော၊ နှစ်နဲ့ကိုချီ နေလေပြီ။ ကိုသက်အောင်ရဲ့ ရုံးကလည်း အရင်လိုအောက် ဆိုက်တွေ မရတော့။ အစိုးရ ဝန်ထမ်းတွေကို မျက်စိဒေါက် ထောက် ကြည့်တာခံနေရချိန် မှာ ကံကောင်းတယ်ပဲ ပြော မလား၊ ကံဆိုးတယ်ပဲ ပြော မလား၊ အရင်အောက်ဆိုက် လေးတွေရနေရတဲ့ ဌာနက နေ နောက်ဌာနတစ်ခု ကို အပြောင်းခံထားရတာ နှစ် ဝက်လောက် ရှိနေပြီ။ တရိပ် ရိပ် အတက်ကြမ်းနေတဲ့ ကုန် ဈေးနှုန်းက လင်မယားနှစ် ယောက်ပေါင်းမှရတဲ့ လစာ လေးကို ပြက်ရယ်ပြုချင်နေ ပြီ။ အရင်လို လကုန်ချိန် စု ဆောင်းနိုင်ဖို့ နေနေသာသာ နေ့စဉ် မီးဖိုချောင်အသုံး စရိတ် နဲ့ လကုန်တိုင်းပေးဆောင်ရ မယ့် အခွန်အခတွေ ပေးလိုက် တာနဲ့ကို အိတ်ထဲမှာ ပြားချပ် လို့ သွားတော့တာ။ ဒါပေမဲ့ ရုံးက သူငယ်းကို ဝန်ထမ်းတွေ စုပြီး ကန်တော့ဖို့လည်း ငွေ ထည့်ရဦးမယ်။ ကိုယ့်ရာထူးနဲ့ ဆို အနည်းဆုံး တစ်သောင်း လောက်တော့ထည့်မှ။ မဟုတ် ရင် စီမံရေးရာတာဝန်ခံရဲ့ လက်ထဲက ပိုက်ဆံကောက်တဲ့ စာရင်းစာရွက်ထဲ နာမည်နဲ့ တကွ အရှက်ရနေဦးမှာ။ ကိုသက်အောင်တို့ ဌာနက တော့ ငါးထောင်လောက် ထည့်ရင်ရပြီဆိုတော့ အလုပ် နဲ့ပတ်သက်ပြီး ကန်တော့ရ မှာက တစ်သောင်းခွဲဖိုး။

နောက် သမီးလေးရဲ့ ကျောင်း။ သူများတွေလို ဘာသာရပ် ဆရာမတိုင်းကို မကန်တော့နိုင်ပေမဲ့ ဆရာ သမားဆိုတာ အနှန်တော့ အနှန် ငါးပါးထဲမှာ အပါအဝင်ဆိုတော့ သမီးလေး မျက်နှာမငယ်စေ ဖို့၊ သူ့ရဲ့ အတန်းပိုင်ဆရာမရဲ့ ကျူရှင်ဆရာမကိုလည်း သူ များတွေလို ခြင်းကြီး၊ ခြင်း ငယ်၊ ပိုးဖောပဝါမတတ်နိုင် တောင် အနည်းဆုံး ပါတီတစ် ဝမ်းဆက်လေးနဲ့ ကိတ်မုန့်လေး သစ်သီးလေးလောက်တော့ မဖြစ်မနေ ကန်တော့မှ သင့် တော်မှာ။ အင်း အဲဒါလည်း တစ်ယောက်ကို တစ် သောင်းခွဲက လျှော့ရင် မဖြစ် ချေတော့။

ဟူးခနဲတောင် သက် ပြင်းချလိုက်မိသလား မသိ တော့ဘူး။ သီတင်းကျွတ် အသုံးစရိတ်ကို ဝိတ်လျှော့ ကြိုးစားနေပေမဲ့ မရပါလား ဆိုတော့ ဘာလိုလိုနဲ့ သီတင်း ကျွတ်အကြို လျာထားငွေ စာ ရင်းက တစ်သိန်းလေးသောင်း ဖြစ်သွားပြီ။ ဘယ်လိုမှ လျှော့ လို့ကို မရတော့။

ကြံရာမရတော့တာနဲ့ ကျွန်မ ခေါင်းကို ဗျင်းခနဲ ထ အောင် ထပ်ပြီး ကုတ်လိုက် တော့တယ်။ ကိုသက်အောင် က ဘာတွေများ ဖြစ်နေ လဲဆိုတဲ့ ပုံစံနဲ့ ကျွန်မကို မော

www.burmeseclassic.com

www.burmeseclassic.com

ထုံးဝင်ကြည့်ရင်း မေးဆတ်ပြီး လှမ်းမေးတယ်။

'ကော် မသိပါဘူးတော်၊ သီတင်းကျွတ်နီးလာရင် တစ်နှစ်ထက်တစ်နှစ် ပိုပြီး ကျပ်ကျည်းလာတာကို ပိုပြီး သိသိသာသာလိုပဲ။ တော်ပဲ ကောင်းတယ်၊ လစာလေး မှန့်မှန့်အပ်ပြီး ထွက်သမျှသတင်းစာ၊ ဂျာနယ်တွေ တစ်စောင်ပြီး တစ်စောင် စိတ်အေးလက်အေးနဲ့ ဖတ်နေနိုင်တယ်'

ဟုတ်တယ်။ သူ့လို အရာရာ စိတ်အေးလက်အေး နေတတ်သူအဖို့တော့ အပူအပင် နည်းပေလေမပေါ့။ ဟိုတစ်နေ့ကပဲ ကြည့်လေ၊ 'သီတင်းကျွတ် နီးလာပြီနော်၊ လခလေးနဲ့ ရောင့်ရဲမနေနဲ့၊ သူငှားတွေလို ကြဉီးဖန်ဦး' ဆိုဆော့ 'မင်းက ဇာခဲ့ချင်နေတာကို၊ ကိတ်မုန့်လောက်နဲ့ တန်တော့လည်း ဘယ်သူကမှ ခိုက်မထုတ်ပါဘူး' တဲ့။ ပြောပုံက ကျွန်မကိုယ်၌က ပေါ်ပေါ်ပဲ လက်ဖွာနေသလိုလို။ တစ်နှစ်မှ တစ်ခါ ကန်တော့ရာ တော်ရိုလျော်ရိုလုပ်လို့ ဖြစ်ပါ့မလားဆိုတာကို သူက သိသိဘူး။ ဒီခေတ်ကြီးမှာ ဒီဂျာဆံဆိုတာ ရေငွေ့ပြန်သလို ပျောက် ညပျောက် အသုံးမခံဆာဘူးဆိုတာ ကိုယ်တိုင်ငွေ ကိုင်ပြီး စီမံခန့်ခွဲကြည့်မှ သိနိုင်တာမျိုးဆိုတော့လည်း သူလိုလူ မစာနာတတ်တာ အပြစ်မပြောလိုတော့။

'ဒီမယ် မိန်းမ၊ သီတင်းကျွတ်မှာ ကန်တော့ဖို့ ပစ္စည်းစာရင်းတွေနဲ့ပဲ နပန်းသတ်နေနဲ့။ သီတင်းတစ်ခါကျွတ်ရင် ဦးကို လာကန်တော့တဲ့သူတွေ၊ ငါက ပြန်ကန်တော့ရမယ့်သူတွေ များလာပြီ၊ ငါ အသက်ကြီးလာပြီဆိုပြီးလည်း နှလုံးလေးသွင်းဦး'

ကျွန်မ ပွစိပွစိ လုပ်နေတာကို အိမ်ဦးနတ်ကြီးက သတင်းစာလေးယူပြီး အိပ်ခန်းထဲဝင်သွားရင်း အဖျားခတ် ပြောသွားလို့ မျက်စောင်းကို နာနာထိုးရင်းက ချရေးထားတဲ့ ကိန်းဂဏန်းတွေကို လျှောသွားလို လျှောသွားငြားဆိုပြီး ဂဏန်းပေါင်းစက်နဲ့ နောက်တစ်ကြိမ် ထပ်ပေါင်းနေမိလိုက်တော့တယ်။ အင်း ဒီအတိုင်းဆို တိမ်ပွိကကြော်ငြာနေတဲ့ ဟို တာ့ချစခရင်ဟန်း ဆက်လေးဝယ်ဖို့တော့ ဒီလတော့ ကျွန်မ ပိုက်ဆံစုနိုင်မယ် မထင်တော့။

❑

ကျွန်မ အသက် ၃၅နှစ်။

'သာခု သာခု သာခု၊ သမီးနဲ့သား အိုအောင်မင်း အောင် ပေါင်းရပါစေ၊ ကြွတိုင်းအောင် ဆောင်တိုင်း မြောက်ပါစေ၊ စိတ်သွားတိုင်း ကိုယ်ပါ လိုရာဆန္ဒ ပြည့်ဝကြပါစေ၊ နိဗ္ဗာန်ကို လွယ်လွယ် မျက်မှောက် ပြုနိုင်ကြပါစေ'

အမေ့ ဆုပေးသံက ကျွန်မတို့ လင်မယားရဲ့ နားဝကနေ ရင်ထဲအထိ ရောက်သွားတယ်။ ထိခြင်းငါးပါးနဲ့ ရှိကျိုး ရှိခိုးပြီးချိန်မှာတော့ နှစ်ဦးသား ရင်ထဲမယ် ကြည်နူးချမ်းမြေ့သွားပါတယ်။ အဖေကတော့ စကားနည်းသူဝီဝီ မျက်လုံးလေး မှိတ်ရင်းနဲ့ ပါးစပ်က တရွရွနဲ့ အသံတိတ် ရွတ်ဆိုပြီး ဆုတောင်းပေးနေတယ်။ ကိုသက်အောင်ကတော့ သူဝသီအတိုင်း အနေအေးသူလည်းဖြစ်ပြန်၊ လက်ထပ်ပြီး ဒီလောက်အချိန်တွေ ကြာလာတာတောင် အခုလို မျိုး အမေတို့အိမ်ကို အလည် လာရင်ဖြင့် သူမှာ အသားမကျနိုင်သေးဘဲ သူစိမ်းတစ်ယောက်လို ရှိန်းတိမ်းဖိန်းတိမ်း အမူအရာ ရှိနေတုန်း။

ကျွန်မတို့က မောင်နှမ ခုနစ်ယောက်ရှိပြီး အစ်ကို အကြီးဆုံး လူပျိုကြီးနဲ့ အငယ်ဆုံးညီမငယ်တို့ မောင်နှမနှစ်ယောက်ကလွဲလို့ ကျန်တဲ့ငါးယောက်လုံးက အိမ်ထောင်ကိုယ်စီကျကုန်ကြပြီ။ အိမ်ထောင်ကျတဲ့ ငါးယောက်ထဲမှာ တတိယမြောက် ကျွန်မက နောက်အကျဆုံး အိမ်ထောင်ကျသူဖြစ်ပြီး၊ ကျန်လေးယောက်ကတော့ သားသမီးတွေ ပွားစီးနေကြပေပြီ။ ကျွန်မမှာသာ အခုချိန် အထိ သားသမီး မရနိုင်သေး။ ကျွန်မအပါအဝင် အိမ်ထောင်ကျတဲ့ မောင်နှမငါးယောက်လုံး ဆံထုံးနောက် သျှောင်ပါသူပါ၊ သျှောင်နောက် ဆံထုံးလိုက်သူလိုက်နဲ့ အမေတို့က အိမ်ထောင်ကျရင် ဘယ်သား သမီးကိုမှ အိမ်မှာ လက်မခံတော့ဘူးလို့ ကြိုတင် အသိပေးထားပြီးသား။

အခုလို တနင်္ဂနွေနေ့လည်းဖြစ်ပြန်၊ သီတင်းကျွတ်လပြည့်နေ့နှင့်လည်း ကြုံကြိုက်ပြန်ဆိုတော့ အမေတို့အိမ်မှာ မောင်နှမတွေ အမေ့ကိုကန်တော့ဖို့ ရောက်နေကြတယ်။ တူလေး၊ တူမလေးတွေက ခန်းဆီးကြားကနေ ကျွန်မတို့ကို လင်မယား ကန်တော့တာကို ချောင်းကြည့်နေကြတယ်။ တစ်ဦးတည်းသား ကျွန်မခင်ပွန်းက မောင်နှမများတဲ့ ကျွန်မတို့အိမ်ကို ရောက်လေတိုင်း တိုက်ခန်းကျဉ်းကျဉ်းလေးထဲမှာ လူတွေပြည့်ကျပ်ပြီး စကားသံတွေ ညံနေတာကို အမြဲတမ်း အံ့တသြ ဖြစ်နေတတ်တယ်။

အမေတို့နဲ့ အတူနေတဲ့ လူလွတ်ညီမငယ်လေး ဥမ္မာက ကျွန်မတို့လင်မယားအတွက် လက်ဖက်ရည်နဲ့ ကိတ်မုန့်လာချပေးတယ်။ အမေက 'လက်ဖက်ရည်က အိမ်မှာ လက်ဖက်ခြောက်နှပ်ပြီး ဖျော်ထားတာ၊ အပြင်မှာ တစ်ခွက်တစ်ရာက အာတောင်မဆွတ်ဘူး၊ ထမင်းစားပြီးမှ အေးအေးဆေးဆေး ပြန်ကြချေ၊ ဒီနေ့ သမီးအကြီးက ငါးဆားနယ်ကို ကြက်ပေါင်သီးလေးနဲ့ ချက်ထားတယ်'လို့ ပြောတော့ ကျွန်မ ကိုသက်အောင်ကို လှမ်းအကြည့်မှာ ကျွန်မတို့ နှစ်ယောက် အကြည့်ချင်း ဆုံသွားရတယ်။ ကိုသက်အောင်က မိသားစုဝင်တွေများတဲ့ အမေတို့အိမ်မှာ ထမင်းစားရမှာကိုလည်း အင်မတန်မှ အားတဲ့အားနာ ဖြစ်တတ်တဲ့သူ။ ကျွန်မကို အမေတို့အိမ် သွားခါနီးတိုင်း 'ကိုယ်တို့ကြောင့် အလုပ်ပိုပါတယ်၊ အမေတို့ကို စားဖို့ ဘာမှ မလုပ်စေနဲ့'လို့ အမြဲတမ်း တားမြစ်နေကျ။ အမေ့ကို မညာချင်မေဲ့ 'သမီးတို့ ထမင်းစားပြီးမှ ထွက်လာတာပါ'လို့ အမေ့ကို ပြောတော့ သမီးမျက်နှာကြည့်ပြီး သဘောပေါက်နေကျ။ အမေက ညီမငယ်ကို 'မီးငယ်လေး နင့်အစ်မနဲ့ အစ်ကိုအတွက် ထမင်းပွဲပြင်ပေးလိုက်၊ လက်ဖက်ရည်ပန်းကန်တွေ ကိတ်တွေ ခဏပြန်သိမ်း၊ ထမင်း

www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ကျွန်မလခလေး တစ်ဝက်နီးနီး ကုန်လေပြီး ညော့် ဘာပဲဖြစ်ဖြစ် သီတင်း ကျွတ်မှာ နှစ်ဖက်မိဘတွေကို အခုလို သေချာကန်တော့ခွင့်ရဖို့ အခြေအနေပေးနေတာကို က ဝမ်းသာစရာ မဟုတ်ပေဘူးလား။ ငယ်ဘဝကနေ ဒီနေ့အထိ ဖြတ်သန်းခဲ့တဲ့ သီတင်းကျွတ်ရက်တွေဟာ ကျွန်မအတွက် ပျော်ရွှင်စရာ ချမ်းမြေ့စရာတွေနဲ့ အတိုင်း လို့ပေါ့။

❑

ကျွန်မအသက် ၂၅ နှစ်

ကျွန်မ လက်ဖျားကို ချစ်သူက သေချာ တင်းတင်း ကျပ်ကျပ် ဆုပ်ကိုင်ထားတယ်။ တိုးမပေါက်တဲ့ လူပင်လယ် ကြီးထဲမှာ ကျွန်မတို့ မျောပါ နေကြတယ်။ လူကောင်ညှာတဲ့ ကျွန်မ လူတွေကြားထဲမှာ ပျောက်ချင်နေပြီ။ သူ့ဆွဲခေါ် ရာနောက်ကို လိုက်လို့သာ လာနေရတယ်၊ ဘယ်နေရာ ဘယ်လမ်း ရောက်နေမှန်း တောင် မမြင်ရ၊ မသိရတော့။ ဒါမှန်းသိရင် လာတောင်လာ မိမယ်မထင်။ လူများတဲ့ ဒွဲ စျေးတန်းတွေကို ကျွန်မ သွား ခဲပါတယ်။ ဒီနှစ် သီတင်း ကျွတ်မှာတော့ သူနဲ့မို့လို့ ကျွန်မတစ်ခါမှ မရောက်ဖူးတဲ့ ရေကျော် ပွဲစျေးတန်းဘက်ကို ရောက်ခဲ့ပါတယ်။

လမ်းဘေးဝဲယာမှာ မုန့် ဆီကြော်သည်၊ ရေမုန့် အကြော်စုံ၊ မုန့်ဟင်းခါးသည် အစားစုံတဲ့ စားစရာ ဆိုင်တွေ ရှိသလို၊ ကလေးကစား စရာဆိုင်တွေ၊ လျှော့စျေး ရောင်းတဲ့ အင်္ကျီဆိုင်တွေ ဖျာသည်၊ စောင်သည်၊ ခန်းဆီ

အားနာတတ်တဲ့ ကိုယက်အောင် ကောင် ထမင်းနှစ်ခါ ထည့် ယူရတယ်။ ထမင်းစားပြီး ကိတ်မုန့် ကော်ဖီနဲ့ အချို တည်းနေတုန်း ရောက်နေတဲ့ ကျွန်မအောက်က အငယ်တွေ နဲ့ တူ တူမလေးများက အသီး အနှံများ၊ ကိတ်မုန့်၊ အအေး ပုလင်းနဲ့ တစ်ဖန် ကျွန်မတို့ လင်မယားကို ပြန်ကန်တော့ ကြပြန်ပါတယ်။ ကိုသက် အောင်လည်း အမှတ်မထင် ကန် တော့ ခံ ရတဲ့ အတွက် ရှက်နေပါတယ်။ လက်မနေး တတ်၊ လက်လွယ်တတ်တဲ့ ကျွန်မရဲ့လက်တွေက ပိုက်ဆံ အိတ်ကိုဖွင့် လို့ မူလတန်း အရွယ် တူလေး တူမလေးတွေ ကို မုန့်ဖိုးအဖြစ် တစ်ရာ တန်တစ်ယောက် နှစ်ရွက်စီ ပေးလိုက်တယ်။ ကလေးပီပီ သီတင်းကျွတ်မှာ မုန့်ဖိုးရလို့ ပျော်နေတဲ့ သူတို့ရဲ့ အပျော် မျက်နှာက ကျွန်မစိတ်တွေ ကို ကြည်နူးစေပါတယ်။

အမေတို့အိမ်ကအပြန် အိမ်မှာရှိနေမယ့် ကိုသက် အောင်တို့ မိဘများအတွက် လည်း ကန်တော့ပစ္စည်းများ ဝင်ဝယ်ကြရပြန်ပါတယ်။ မီး ဖိုချောင်စရိတ်ကို အတူနေ ကျွန်မတို့က တာဝန်ယူထား တာမို့ ဆန်၊ ဆီတွေ မဝယ် ဖြစ်တော့ဘဲ ကျွန်တဲ့ပစ္စည်း များကို အမေတို့အိမ်နည်းတူ ကျွန်မ ဝယ်ဖြစ်ပါတယ်။

အဲ့ဒီညက ဒီနှစ် သီ တင်းကျွတ်အတွက် ကျွန်မ ကန်တော့ခဲ့တာတွေ စာရင်းချ ရေးလိုက်တော့ နှစ်ဖက်မိဘ များ၊ အလုပ်မှာ စုပေါင်းကန် တော့ဖို့ ထည့်ဝင်တာနဲ့ဆို လောလောလတ်လတ် ထုတ်

BURMESE CLASSIC

မိန်းကလေး ငါးယောက်အဖွဲ့ဝို့ တစ်လမ်းလုံး ဆူညံ ကျွက်စီနေတယ်။ ကောင်လေးတွေ ကလည်း ကွက်ကြည့် ကွက်ကြည့် လုပ်နေတော့ ကျွန်မတို့အုပ်စု က ညှိမြေလုပ်နေတာ မဟုတ်ပေမဲ့ ရှက်သွေး ပြာနေမိတာ မထူးဆန်းပါဘူးနော်

ထောက် မန်နေဂျာရာထူးနဲ့ ကျွန်မတို့စုထားတဲ့ လခလေး ထဲက ကိုသက်အောင်ကိုလည်း မျက်နှာမငယ်ရလေအောင်၊ အခုလို အမေတို့ကို သေသေ ချာချာ လာကန်တော့နိုင်တာ ကျွန်မ ဝမ်းသာနေမိတယ်။ မောင်နှမတွေကြားမှာလည်း ကျွန်မလည်း မျက်နှာမငယ် တော့ဘူးပေါ့။

ခဏနေတော့ ကျွန်မ ကြိုက်တဲ့ ကြက်ပေါင်သီးငါး ဆားနယ်ချက်၊ ပဲကုလားဟင်း၊ ငါးဖယ်ရောက်ရွက်သုပ်နဲ့ အမေ့ထမင်းဝိုင်းလေးမှာ ကျွန်မ ခေါင်းမဖော်နိုင်တော့ပါဘူး။ စားပြီးမှ ကျေးဇူး'လို့ ပြောတယ်။

ကန်တော့ဖို့ ရောက်နေတဲ့ မောင်လေးက ဧည့်ခန်းမှာ ထမင်းဝိုင်းခင်းဖို့ စားပွဲပုလေး ကို သယ်လာတော့ နေရာ ကျယ်သွားအောင် ကျွန်မတို့ ရဲ့ ကန်တော့ထားတဲ့ ပစ္စည်း တွေကို ကျွန်မတို့ဝိုင်းပြီး နောက်ဖေးကို သယ်သူသယ်၊ ရွှေ့သူရွှေ့ ကူလုပ်ပေးနေကြ တယ်။ ဆန်တစ်အိတ်၊ ဆီ တစ်ပိသာ၊ အဖေ့အတွက် သားရေဖိနပ်တစ်ရန်၊ အမေ့အ တွက် ပါတိတ်ဝမ်းဆက်၊ ရွှေ ပုဇွန်ကိတ်တစ်ဘူး၊ လက်ရွေး စင် ကော်ဖီမှုန့် တစ်ပေါင်ထုပ် တစ်ထုပ်၊ လိမ္မော်သီး၊ ပန်းသီး ဆယ်လုံးစီ။ အမေက 'အဲ့ လောက် အများကြီး မလိုပါ ဘူးသမီးရယ်၊ ကိတ်မုန့် လောက်ဆို တော်ရောပေါ့၊ ပိုက်ဆံတွေ ကုန်လှပါတယ်' လို့ ပြောတယ်။ 'အမေ သမီး က ဒီလ လစာလည်း တိုး တယ်၊ ဘောနပ်စ်လည်းရ ထားတယ်လေ၊ ကြုံကြိုက် တုန်းလေး သေသေချာချာ ကန်တော့တာပါ'လို့ ပြောပြ လိုက်တော့ အမေ့မျက်နှာက အပြုံးတဝေဝေနဲ့ သာခုခေါ် ရှာတယ်။

ကိုသက်အောင်က သိပ် အေးတဲ့သူဆိုတော့ ကျွန်မလုပ် သမျှ ဘာဆိုတာမှ မပြောဘူး၊ မကန့်ကွက်ဘူး။ ကျွန်မတို့က ကိုသက်အောင်ရဲ့ မိဘများနဲ့ အတူနေကြတာမို့ သူကတော့ သူ့မိဘများကို အိမ်ထောင် မကျခင်ကတည်းကရတဲ့ လ ခထဲကနေ အခုအချိန်ထိ

www.burmeseclassic.com

www.burmeseclassic.com

သည်များပါမကျန် ဆိုင်တွေ ခုံတကာစေ့ ဖွင့်ထားတာ တွေ့ရတယ်။ အသည်းတအေးအေးနဲ့ ရဟတ်စီးချိန်မှာတော့ ကျွန်မ သူ့ရင်ခွင်ထဲ ကြောက်ကြောက်နဲ့ ခေါင်းငုက်ထားမိတယ်။ ရဟတ်ပေါက ဆင်းလာပြန်တော့ လူအုပ်ထဲ မနည်းတိုးဝှေ့ပြီး သူ့ခွဲခေါ်ရာနောက်ကနေ ကျွန်မဒယ်ဦတိုက် ပါလာခဲ့တယ်။ နောက်ဆုံးမှာတော့ ကျွန်မတို့ နှစ်ယောက်သား မောမောနဲ့ အနီးဆုံးမှာ ရှိနေတဲ့ ဘူးသီးကြော်ဆိုင်မှာ ဝင်ထိုင်ဖြစ်ကြတယ်။ ဘူးသီးကြော် ကြွပ်ကြွပ်ကို ဆလတ်ရွက်၊ အချည်ချည်နဲ့ ပလုတ်ပလောင်း တို့စားရင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လို့ ရယ်နေမိကြတယ်။

ရေကျော်ကအပြန် နာရီတို့ ကြည့်လိုက်တော့ ခုနစ်နာရီခွဲပါး ရှိနေပြီ။ လေးဘီးတစ်စီးကို တစ်ရာနဲ့ ဈေးဆစ်ဒူးပြီး အိမ်နဲ့လမ်းသင့်တဲ့ ဦးလတထောင်ဘုရားကို နှစ်ယောက်သား ခရီးဆက်ခဲ့ကြတယ်။ ဘုရားမှာ အခါကြီးရက်ကြီးမို့ လူတွေက ကြိတ်ကြိတ်တိုးလို့။ ဘုရားဝတ်ပြုပြီးတော့ ပွဲဈေးကဝယ်လာတဲ့ ရေမုန့်ကိုစားရင်း ဗိုလ်တဆောင်ကမ်းနားတစ်လျှောက် လေညင်းခံရင်း လမ်းလျှောက်ခဲ့ကြတယ်။ ချစ်သူက ကျွန်မနဲ့ လက်ဖျားလေးတွေကို ဆင်းတင်းဆုပ်ကိုင်လို့ထားရင်းက ပြောတယ်။

'နောက်နှစ် ဒီအချိန်ဆို သူကြီးတွေကို ဖွင့်ပြောပြီး ချစ်ကို မရအရကို လက်ထပ်ချမှာဗျ'

အချိန်အတိုင်းအတာ တစ်ခုကို ချစ်သူနဲ့အတူ ကျွန်မ ကျော်ဖြတ်ရဦးမယ်။ တစ်သက်တာ လက်တွဲဖို့အတွက် အခိုက်အတန့်သော အချိန်တွေကို ကျွန်မတို့နှစ်ယောက် ရင်းနှီး မြှုပ်နှံရဦးမယ်။ ချစ်သူလက်ကို တွဲလို့ ဖြတ်သန်းရတဲ့ သီတင်းကျွတ်ညလေးက ကျွန်မအတွက် မိန်းမောစရာ။ ချစ်သူနဲ့အတူ အနာဂတ်ကို အတူရင်ဆိုင်ဖို့ ခွန်အားတွေ မွေးယူရတာ စိတ်ထဲမှာ ကျေနပ်စရာ ကောင်းတာမရှိ။ မီးပွင့်ရောင်စုံလေးတွေက နေရာအနှံ့မှာ ဖျတ်ခနဲ ဖျတ်ခနဲ လင်းလက်လို့။ လေအရှေ့မှာ ဘုရားရင်ပြင်ဘက်က ဆည်းလည်းသံလေးတွေက ညောင်ရွက်လေတိုးသံ တရဲရဲနဲ့အတူ ရောယှက် ထွက်ပေါ်လာလို့။ ကျွန်မ ကြည်ကြည်နူးနူး ပြုံးမိတယ်။ ဘုရားပွဲဘက်ဆီက ဖွင့်ထားတဲ့ စုံတွဲသီချင်းသံလေးတွေက လေထဲမှာ ပျံ့လွင့်လို့နေတယ်။

မကြာခင်×××သီတင်းကျွတ်တော့မယ်×××မင်းနဲ့အတူ ×××နေရာစုံအောင် လျှောက်ချင်ပါတယ်×××ဖြည်းဖြည်းပြောဦး×××စိတ်ကူးယဉ်ပြီး မောင် မောဦးမယ်×××လက်ထပ်ဖို့အရေး မတွေးချင်ပါကွယ်×××

❑

ကျွန်မ အသက် ၁၅နှစ်။

မနေ့ကမှ အမှေအခွာကို ခံပြီး ကောက်ထားတဲ့ အကြေကောက်ဆံပင်ပုံနဲ့ ပြောင်စပ်စပ်ဖြစ်နေတဲ့ ကျွန်မမျက်နှာကို မှန်ထဲမှာ ဘယ်ပြန်ညာပြန် ကြည့်နေလိုက်တယ်။ ခေတ်စားနေတဲ့ ဒီဆံပင်ပုံစံက အရှေ့မှာ ဘေးခွဲအမောက်ထောင်ပြီး နဖူးပေါ်မှာတော့ ဆံနွယ်မျှင်ပါးလျလျကို တိတိလေး ဖြတ်ချထားတယ်။ အနောက်ဘက်ကိုတော့ ပခုံးအထက်မှာ အကုပ်ပုံစံလေး။ တစ်ခေါင်းလုံးကို ကျစ်ဆံမြီး သေးသေးလေးတွေ အများကြီးကျစ်ပြီး ကောက်ထားတာမို့ ဒီနေ့အထိ တောင် ကျွန်မခေါင်းက အရေပြားတွေ ကျိန်းလို့နေသေးတယ်။ မျက်နှာကို မီလပ်စနိုးပါးပါးလေး ပွတ်လူးလိုက်ပြီး ဒေါသီ သနပ်ခါးမှုန့်လေးကို တို့ဖတ်လေးနဲ့ ဖွဖွလေး တို့လိုက်တယ်။ ပြီးတော့ ဒီဇင်ဘာ အိုင်းလိုင်နာတောင့်နဲ့ အောက်မျက်ခမ်းလေးကို မည်းနက်နေအောင် ဆွဲလိုက်တယ်။ နှုတ်ခမ်းကိုတော့ သပြေသီးရောင် နှုတ်ခမ်းဆိုးဆေးကို စုတ်တံလေးနဲ့ နှုတ်ခမ်းပတ်လည်တစ်လျှောက် ဆောင်ကွပ်ပြီး ပုံဖော်ဆိုးလိုက်တယ်။ နှုတ်ခမ်းအတွင်းသားကိုတော့ သူ့ထက်ဖျော့တဲ့ ပန်းနုရောင်လေးနဲ့ ဖြည့်လိုက်တယ်။ မှန်ထဲမှာ လက်ဖောင်းအကြီးပုံကျကျလေးနဲ့ ကျွန်မ ရုပ်ပုံကို ကြည့်ရင်းက *ယုံလား ယုံရင် ပြောပြဖို့ စိတ်ကူးပြီးသားကွယ်* လို့ ဟောနေဝင်းရဲ့ သီချင်းတစ်ပိုင်းတစ်စကို ညည်းလိုက်မိသေးတယ်။

ဒီနေ့ သီတင်းကျွတ်လပြည့်နေ့။ အဘွားအလိုကျ မနေ့ကတစ်ရက် ကြိုတင်ပြီး ဥပုသ်စောင့်ထားပြီးပြီမို့ ဒီနေ့ သူငယ်ချင်းတွေနဲ့ ဘုရားတက်ဖို့ အဖေ့ဆီက ခွင့်ပြုချက် ရထားပြီးပြီ။ ခဏနေ သူငယ်ချင်းတွေ အုပ်လိုက်ကြီး အိမ်ရောက်လာတော့ 'ဆံပင်ပုံစံသစ်၊ တရုတ်ပိတ်ခရမ်းရောင် ဝမ်းဆက်လေးနဲ့ တယ်မိုက်နေပါလား' လို့ ဝိုင်းစကြတယ်။ ကျွန်မနဲ့ ငယ်ငယ်က တည်းက တွဲလာတဲ့ သူငယ်ချင်း ချစ်စုက 'ဦးနဲ့ခေါ်ခေါ် တို့ကို ငါတို့တွေ တစ်ခါတည်း ကန့်တော့လိုက်ကြရအောင်' လို့ ဆော်သြလိုက်ရော ကျွန်မပါသူတို့တွေနဲ့ရောလို့ အဖေနဲ့ အမေကို ဦးချလိုက်တယ်။ အဖေနဲ့အမေက ဆုပေးတော့ သူငယ်ချင်းမတွေက တစ်ယောက်တစ်ပေါက်နဲ့ 'မုန့်ဖိုးပေးပါ' လို့ ဝိုင်းပြောကြတယ်။ အဖေလည်း မနေသာတော့ဘဲ သူ့အိတ်ကပ်ထဲက အားလုံးအတွက်ဆိုပြီး အစိတ်တန်တစ်ရွက်ကို ထုတ်ပေးလိုက်မှ ကျေးဇူးရှင်မတွေက ကျေနပ်ကြတယ်။ 'သူငယ်ချင်းတွေနဲ့ လူအုပ်မကွဲစေနဲ့၊ သေချာသွား ဦး' လို့ အမေက စိတ်ပူစကားပြောတယ်။ ကျွန်မက အိမ်နဲ့ ကျောင်းကလွဲလို့ တစ်ခါမှ အခုလို မိဘမပါဘဲ အပြင် တစ်ခါမှ မသွားဖူးသူ။ သူငယ်ချင်းမများကို ဆရာတင်ပြီး သွားရတာဖြစ်သလို၊ အိမ်က လူကြီးတွေမပါဘဲ အခုလို လွတ်လွတ်လပ်လပ် သွားရတော့ စိတ်ထဲ ပျော်ရွှင်နေမိတာ မငြင်းလိုတော့။

ရွှေတိဂုံဘုရားကို တစ်ယောင်ငါးပေါက်တန် ဟိုင်းလတ်ကားလေး ကျပ်ကျပ်ညပ်ညပ်စီးလို့ ကျွန်မတို့သွားခဲ့ကြတယ်။ ကားခပေးလိုက်လို့ စပယ်ရာပြန်ပေးတဲ့ ကားလက်မှတ်လေးကအစ ကျွန်မအတွက် အထူးအဆန်း ဖြစ်နေလေတာ။ သီတင်းကျွတ်

www.burmeseclassic.com

www.burmeseclassic.com

မီးရောင်စုံတွေ ထွန်းညှိ ထားတာကို ကျွန်မ သဘောကျတယ် ရောင်စုံ မီးပုံးလေးတွေ ထွန်းပြီး ဆော့ကစား ရတာကိုလည်း ကျွန်မ အရမ်းကို ပျော်တယ် ဖြစ်နိုင်ရင် သီတင်းကျွတ် ရက်တွေကို မကုန်ဆုံး စေချင်မိဘူး

လပြည့်နေ့မို့ထင်ပါရဲ့ ရွှေတိဂုံဘုရား အရှေ့ဘက်လမ်းတစ်လျှောက် ဘုရားဖူးများ၊ ဈေးဆိုင်ခန်းများနဲ့ ကျပ်ပိတ်ညပ်လို့နေတယ်။ မိန်းကလေး ငါးယောက်အဖွဲ့မို့ တစ်လမ်းလုံး ဆူညံ ကျက် စီ နေ တယ် ။ ကောင်လေးတွေကလည်း ကွက်ကြည့်ကွက်ကြည့် လုပ်နေတော့ ကျွန်မတို့အုပ်စုက ညိုမြလုပ်နေတာ မဟုတ်ပေမဲ့ ရှက်သွေးဖြာနေမိတာ မထူးဆန်းပါဘူးနော်။

ဘုရားရောက်တော့ ကိုယ့်မွေးနံ့မှာ ကိုယ်စီဘုရားရှိခိုးပြီး ရေသပ္ပာယ်ကြတယ်။ ဘုရားရင်ပြင်တစ်ခုလုံး ဘုရားဖူးတွေနဲ့ အပြည့်အသိပ်ပဲ။ အားလုံးပြီးတော့ ကျွန်မတို့ အားလုံး အောင်မြေမှာ ဆုတောင်းကြတယ်။ လာမယ့်မတ်လမှာ ဖြေဆိုရမယ့် ဆယ်တန်းစာမေးပွဲကြီးကို ရောရော ရှုရှု ဖြေနိုင်စေဖို့ မတိုင်ပင်ထားပေမဲ့ ကိုယ်စီတူညီတဲ့ ဆုတောင်းများ ဆုတောင်းမိကြတယ်။

သီတင်းကျွတ်ပြီးရင် တန်ဆောင်မုန်း တန်ဆောင်တိုင် လာဦးမယ်။ ဘယ်လိုပဲဖြစ်ဖြစ် လစဉ်ရှိနေတတ်တဲ့ မြန်မာ့ရိုးရာ ပွဲတော်တွေကို ကျွန်မ အင်မတန်သဘောကျမိတယ်။ ပထမ အစမ်းစာမေးပွဲကြီး အပြီး အခုလိုသီတင်းကျွတ် ကျောင်းပိတ်ရက် ရှည်မျှိုးကို ကျွန်မတို့တွေ မျှော်လင့်နေမိတတ်ကြတယ်။

အိမ်ပြန်ရောက်တော့ အဘွားက ဖယောင်းတိုင်လေးတွေနဲ့ တစ်အိမ်လုံး မီးဖိုချောင် ဆန်အိုးကစလို့ အိမ်ရှေ့ လှေကားထစ်တွေအထိ တလှပ်လှပ်နဲ့ ဆီမီးလိုက်ထွန်းနေတာမို့ ကျွန်မလည်း အကိုကြောင် မလဲနိုင်တော့ဘဲ အဘွားကို လိုက်ကူပြီး ဆီမီးထွန်းပေးနေမိတယ်။ ကျွန်တဲ့ ဖယောင်းတိုင်လေးတွေနဲ့ အိမ်ရှေ့ဝရန်တာ သံမှန်တံခွန်ကြောက် အထက် အောက် ဆီမီးတိုင်လေးတွေ လိုက်ထွန်းလိုက်တယ်။

လေတိုက်လို့ သစ်ရွက်လှုပ်ရင်တောင် ရယ်တတ်တဲ့ အရွယ်ဆိုတော့ လေအဝေ့မှာ ယိမ်းကနေတဲ့ ဖယောင်းတိုင် မီးတောက်လေးတွေကို နှစ်သက် သဘောကျတဲ့စိတ်နဲ့ ကျွန်မ ငြိမ်ငြိမ်လေး ထိုင်ကြည့်နေမိတယ်။

❑

ကျွန်မ အသက် ၅ နှစ်။

မနက်က အိမ်က အဘိုးနဲ့အဘွားကို ကျွန်မတို့ မောင်နှမတွေ ကန်တော့ရတယ်။ ကန်တော့ဖွယ် လင်ပန်းထဲမှာ အဘိုးနဲ့အဘွားကြိုက်တတ်တဲ့ ဖီးကြမ်းငှက်ပျောသီးတစ်ဖီး၊ ကျွဲကောသီးတစ်လုံး၊ ရွှေပုစွန်ကိတ်မုန့်၊ လမုန့်၊ သကြား၊ အမွေးတိုင်၊ ဖယောင်းတိုင်တို့ကို ထည့်ထားတယ်။ အဖေနဲ့ အမေတို့နဲ့အတူ ဦးသုံးကြိမ်ချကန်တော့ကြတယ်။ အဘိုးက ကန်တော့ပြီးတော့ ကျွန်မတို့ မြေးတွေကို မုန့်ဖိုးပေးတယ်။ ခဏနေတော့ အဘိုးရဲ့ နံဘေးမှာ ကျွန်မတို့ မြေးတွေ ဝိုင်းနေကြပြီ။ အဘိုးပြောပြနေတာကို ကျွန်မတို့ မောင်နှမတွေ ငြိမ်ငြိမ်လေးနေပြီး နားထောင်ကြတယ်။

'မြတ်စွာဘုရားက မယ်တော် မိနတ်သားကို မွေးကျေးဇူးဆပ်ဖို့အတွက် တာဝတိံသာ နတ်ပြည်မှာ အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး ဟောကြားခဲ့တယ်၊ ဘုရားရှင်က လူ့ပြည်ကို သိကြားမင်းတို့ ဖန်ဆင်းပေးတဲ့ ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းကနေ ပြန်လည် ကြွချီတော်မူချိန်မှာ ရဟန်းရှင်လူအပေါင်းက ဘုရားရှင်ကို မီးရှူးမီးတိုင်များနဲ့ ထွန်းညှိပူဇော် ကြည်ညိုကြတယ်တဲ့ မြေးတို့ရဲ့'

အဘိုးက ပုံပြော အရမ်းကောင်းတယ်။ မတ်စေ့အိုင်းလောက်ရှိတဲ့ ဖက်ဖြူဖြူ၊ ဖင်ပွပွ နဂါးဆေးပေါ့လိပ် တုတ်တုတ်ကြီးကို ဖွာရင်းကနေ အဘိုးရဲ့ ပေါင်ပေါ် အိပ်ပျော်သွား အိပ်၊ အဘိုးရှေ့မှာ ဝမ်းလျားမှောက်သူမှောက်နဲ့ တခွေခွေမြော နားထောင်နေရတာကို ကျွန်မတို့ မောင်နှမတွေ သိပ် နှစ်သြက်ခဲ့တာပေါ့။ အဘွားကတော့ ကျွန်မတို့စားဖို့ မြေးလှော်ကို သံဇလုံ အပိုင်းလေးထဲ ထည့်ပေးတယ်။ မြေးလှော်ဆိမ့် ဆိမ့်လေးစားပြီး အဘိုးပြောပြနေတာကို နားထောင်ရတာ အရသာရှိလှတယ်။

မိုးတောင် ပိတိပြင်ပြင် မချုပ်သေး။ ညနေစောင်းခြောက်နာရီခွဲလောက်ရောတော့ ကျွန်မတို့ မောင်နှမတွေ အိမ်အောက်ကို ရောက်နေကြပြီ။ ဆီစိမ်စက္ကူနဲ့ လုပ်ထားပြီး ဝါးခြမ်းပြားလက်ကိုင်တပ်ဆင်ထားတဲ့ အနီရောင် ယုန်မီးပုံးလေးကို ကျွန်မ တယုတယ ကိုင်ထားတယ်။ လေအဝေ့မှာ ယုန်ရုပ်လေးက ဖယောင်းတိုင်မီးလေးက တလှုပ်လှုပ်နဲ့။ စလုံးစခုလင်ပေါ်မှာ ကျွန်မတို့မောင်နှမတွေ အဖေဝယ်ပေးထားတဲ့ ယုန်မီးပုံးကိုယ်စီနဲ့ လမ်းမကြောင်းမှာ ဟန်ရေးပြနေကြရင်း ပျော်နေကြပြီ။

ကျွန်မတို့ မောင်နှမထွေက ကြောက်တတ်တော့ ခပ်လှမ်းလှမ်းမှာ ပေထုပ် ဖောက်ကစားနေကြတဲ့ ကလေးတွေနဲ့ မရောနှောဘဲ ကိုယ့်မောင်နှမတွေချည်း သီးသန့်ဆော့ကြတယ်။ အဖေက ကျွန်မတို့မောင်နှမအတွက် ရောင်စုံယုန်မီးပုံးလေးတွေ သီတင်းကျွတ်မှာ ဆော့ကစားဖို့ ဝယ်လာပေးတယ်။ အရောင်စုံယုန်

www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်ရောက်ဖို့ အကြာကြီး စောင့်ရဦးမှာပဲ ဘိုးဘိုးရယ်'

❑

'မိန်းမ ဟေ မိန်းမ ထမင်းပွဲပြင်ပါတော့ဆို ဘာတွေများ ဒီလောက်တောင် အတွေးနယ် ချဲ့နေရတာလဲကွာ'

ကျွန်မ ငိုနေမိရင်းက အတွေးရေလျဉ် ကြောမှာ မျောနေမိလိုက်တာ အတော်ကြာသွားပြီပဲ။ ကျွန်မစိတ်တွေ ပစ္စုပ္ပန်ကနေ အခိုက်အတန့် မျောလွင့်သွားလိုက်တာ အချိန် ဘယ်လောက် ကြာသွားမှန်းတောင် သတိမထားမိလိုက်တော့ဘူး။ တစ်နံတစ်လျားကြီး နောက်ပြန်လို့ အတွေးတွေ နယ်ချဲ့မိနေတဲ့ ကျွန်မရဲ့ အတွေးစအရှည်ကြီးကို ပျောက်လိုပျောက်သွားငြား ခေါင်းကို ခါယမ်းမိလိုက်တယ်။

'ဘာလဲ ခေါင်းခါတာက ထမင်းပွဲ မပြင်ပေးဘူးဆိုတဲ့ သဘောလား မိန်းမ'

'မဟုတ်ရပါဘူးတော်တော်ကလည်း ဘာမသိညာမသိ လူကို အပြစ်တင်ဖို့က အရင်ပဲ'

မီးချောင်ထဲ ထမင်းပွဲပြင်ဖို့ ဝင်လာရင်း လက်ထဲက သီတင်းကျွတ်ကုန်ကျစာရင်းစာရွက်ကို ပြန်ကြည့်မိတော့ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းမောကြီးချပြီး အသံထွက်အောင်ပင် ကျွန်မ ညည်းတွားမိလိုက်တော့တယ်။

'ဟူး ဒီနှစ် သီတင်းကျွတ်ကလည်း ရောက်တာ မြန်လွန်းလိုက်တာနော်' ■

မြသွေးနီ

သူတွေကို ကိတ်မုန့်ရယ်၊ အအေးရယ် တိုက်မယ်၊ လိမ္မော်သီးလည်းကျွေးဦးမယ်'

ကျွန်မမျက်စိထဲကြောင်အိမ်ပေါ်တင်ထားတဲ့ အဘိုးနဲ့အဘွားကို လာကန်တော့ထားတဲ့ မုန့်တွေကို မြင်ယောင်လိုက်မိတယ်။ ကျွန်မတို့ မောင်နှမတွေ လေ့ကားအတိုင်း အိမ်ပေါ်ကို အလုအယက်တိုးဝှေ့တက်ကြတော့တယ်။ အိမ်ပေါ်ရောက်တော့ အဘွားနဲ့အမေက အိမ်တစ်အိမ်လုံးအနှံ့ ဖယောင်းတိုင်သေးသေးလေးတွေ လိုက်ထွန်းနေတာကို တွေ့ရတယ်။

မီးရောင်စုံတွေ ထွန်းညှိထားတာကို ကျွန်မသဘောကျတယ်။ ရောင်စုံမီးပုံးလေးတွေ ထွန်းပြီး ဆော့ကစားရတာကိုလည်း ကျွန်မ အရမ်းကို ပျော်တယ်။ ဖြစ်နိုင်ရင် သီတင်းကျွတ်ရက်တွေကို မကုန်ဆုံးစေချင်မိဘူး။ အဘိုးရဲ့အနား အသာကပ်လို့ ကျွန်မ သွားမေးမိတယ်။

'အဘိုး နောက်တစ်ခါ သီတင်းကျွတ်က အကြာကြီး စောင့်ရဦးမှာလားဟင်'

'အင်းပေါ့ မြေးရဲ့၊ နောက်တစ်နှစ် ထပ်စောင့်ရဦးမှာပေါ့'

'တစ်နှစ်ဆိုတာ အကြာကြီးလားဟင်'

'တစ်နှစ်မှာ သုံးရာခြောက်ဆယ့်ငါးရက်တိတိ ရှိတယ် မြေးရဲ့'

ကျွန်မမျက်နှာလေး ချက်ချင်း ရှဲ့တွသွားတယ်။ သက်ပြင်းလေးချပြီး စိတ်ပျက်စွာ တိုးတိုးညည်းတွားမိလိုက်တယ်။

'ဟင်း ဒါဆို နောက်နှစ် မီးပုံးလေးတွေထဲက ကျွန်မ စိတ်ကြိုက် အနီရောင်ဆီးကို ရွေးယူလိုက်တယ်။ ကျွန်မတို့မောင်နှမတစ်သိုက် ဆော်လွန်းလို့ ဆွေ့ဆွေ့ခုန်နေကြတဲ့ အဖေက သစ်သားမီးခြစ်လေး တရဲရဲခြစ်ပြီး ချက်ချင်း မီးပြန်ညှိပေးတယ်။

ကစားနေရင်းက အင်္ကျီအိတ်ကပ်လေးကို ကျွန်မ လက်နဲ့ဖိရင်း စမ်းလိုက်မိတယ်။ အိတ်ကပ်ထဲမှာ အဘိုးနဲ့အဘွားဆီက မုန့်ဖိုးရထားတဲ့ ကျပ်စေ့အသစ်ကျပ်ခွာတ်လေးနှစ်စေ့ကို သိမ်းထားတယ်။ ကျောင်းသွားရင် တစ်နေ့မှ မုန့်ဖိုးဆယ်ပြားသာရတာ။ အဘိုးနဲ့အဘွားက အခုလို ကျပ်စေ့နှစ်စေ့တောင် မုန့်ဖိုးပေးထားတော့ ကျွန်မမှာ ထားစရာနေရာ မရှိတော့ဘူး။ အမေက ဒီပိုက်ဆံကို စုဘူးထဲထည့်ခိုင်းပေမဲ့ ကျွန်မ မပေးချင်တာမို့ ဝက်ဝက်ကွဲ အော်ဒိုင်းအခု အောက်ဆင်းကစားခဲ့ချိန်မှာ ကျွန်မရဲ့အင်္ကျီအိတ်ကပ်လေးထဲမှာပါလာခဲ့တာ။

အရင်ဆို အခုလို ညအချိန်မှာ အိမ်အောက်ကို ကျွန်မ ဆင်းကစားခွင့် မရှိပါဘူး။ ဒီနေ့တော့ အထူးအခွင့်အရေးအနေနဲ့ အိမ်အောက်ဆင်းရုံတင်မက မောင်နှမတွေ အတူတူ ဆော့ကစားခွင့်ပါ ရနေကြတယ်။ ကိုကြီးက အဲဒါ သီတင်းကျွတ်မို့လို့လို့ ကျွန်မကို ပြောပြတယ်။ အမေက ခုနက အဘွားကို ပြောနေတာ ကျွန်မကြားလိုက်ရတယ်။ မနက်ဖြန်ကျရင် ရန်ကင်းက အဘိုးနဲ့အဘွားဆီကိုလည်း သွားကန်တော့ရဦးမယ်တဲ့။ ငါတို့တွေ မုန့်ဖိုးရဦးမှာတဲ့။ ကျွန်မ အရမ်းကို ပျော်နေမိတယ်။

အိမ်တွေရဲ့ မျက်နှာစာတိုင်းမှာ ထွန်းညှိထားတဲ့ ရောင်စုံစက္ကူ မီးပုံးလေးတွေက မှိတ်တုတ်မှိတ်တုတ်နဲ့ လှလွန်းတာမို့ ကျွန်မမှာ ကြည့်လို့ မဝအောင်ပါဘဲ။ မိုးကောင်းကင်မှာလည်း ကြယ်ပွင့်ဖြူဖြူလေးတွေက ရေတွက်လို့ မရနိုင်လောက်အောင် အများကြီးပဲ။ ဖိုးလမင်းကြီးကလည်း ဝိုင်းစက်ပြီး သာနေလိုက်တာများ မီးမထွန်းဘဲတောင် လင်းနေသလိုလို။ 'ဖိုးလမင်းကြီးထဲမှာ ရွှေယုန်နဲ့ဆန်ဖျပ်နေတဲ့ အဘိုးအိုရှိတယ်။ ညီမလေး သေချာကြည့်' လို့ ကိုကြီးက လာပြောတယ်။ ကျွန်မလည်း သေချာကြည့်ပြီး ဘာမှမတွေ့ပေမဲ့ 'ဟုတ်တယ်နော် ညီမလေး တွေ့ရတယ် ကိုကြီး' လို့ ပြန်ပြောလိုက်တယ်။ ကျွန်မလည်း ကိုကြီးတို့အရွယ်ကလေးကြီးတွေလုပ်သလို လက်ဝါးကလေး ပါးစပ်မှာ အုပ်လို့ မိုးကောင်းကင်ကြီးကို ကြည့်ပြီး လိုက်အော်လိုက်မိတယ်။

'ဖို့လမင်းကြီးရေ၊ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါ၊ ဝါ...ဝါ...ဝါ...'

အောက်မှာ ဆော့ကစားလို့ အချိန်အတော်ရသွားတော့ အဖေက ကျွန်မတို့ကို မုန့်နဲ့မျှားပြီး အိမ်ပေါ်ကို တက်ခိုင်းပါတယ်။

'အိမ်ပေါ်ကို တက်တဲ့

www.burmeseclassic.com

ဘာသာစကား ၂ ခု ထိတွေ့ဆက်သွယ်မိသောအခါတွင် ဘာသာစကား တစ်ခုနှင့်တစ်ခုဝေါဟာရများကို အသံလှယ်ခြင်း၊ ဘာသာပြန်ခြင်းတို့ ဖြစ်ပေါ်သည်မှာ သဘာဝပင်ဖြစ်သည်။ ကုန်းဘောင်ခေတ်တွင် မြန်မာတို့သည် အထူးသဖြင့် အင်္ဂလိပ်တို့နှင့် ထိတွေ့ဆက်ဆံရပြီး နောက်ဆုံးတွင် အင်္ဂလိပ်လက်အောက်ရောက်ရသည်ကို အကြောင်းပြု၍ အင်္ဂလိပ်ဘာသာမှ အသံလှယ်သော ဝေါဟာရများနှင့် မြန်မာပြန်သော ဝေါဟာရများသည် မြန်မာဘာသာစကားနယ်ပယ်တွင် အင်အနှင့်အားနှင့် ပေါ်ပေါက်လာသည်။ အင်္ဂလိပ်ဘာသာစကား၏အရှိန်အဝါကြောင့် အင်္ဂလိပ်ဆန်သော မြန်မာစာအရေးအသားများလည်း ပေါ်ပေါက်လာရသည်။

ကုန်းဘောင်ခေတ်တွင် ဘာသာစကား ၂ ခု ထိတွေ့ဆက်သွယ်မှုအတွက်

လမ်းခင်းပေးသော ဆောင်ရွက်မှုများအဖြစ် အင်္ဂလိပ်မြန်မာအဘိဓာန်နှင့် မြန်မာအင်္ဂလိပ်အဘိဓာန်တို့ပေါ်ပေါက်လာခြင်းမှာ မှတ်သားဖွယ်ဖြစ်သည်။ အင်္ဂလိပ်မြန်မာအဘိဓာန်မှာ ဗြိတိသျှလူမျိုး ကုန်သည် မစ္စတာချားလ်စ်လိန်း (Mr. Charles Lane) က မက္ခရာမင်းသားကြီး၏ အကူအညီဖြင့် ၁၈၃၅ ခုနှစ်တွင် ပြုစုပြီးစီးသော အဘိဓာန်ဖြစ်သည်။ ၁၈၄၁ ခုနှစ်တွင် အိန္ဒိယပြည်၊ ကာလကတ္တားမြို့၌ ပုံနှိပ်ထုတ်ဝေသည်။ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်တွင် ပေါ်ပေါက်လာသော အဘိဓာန်ဖြစ်သည်။ **Dictionary, English and Burmese** ဟု စာအုပ်အမည်ကို ရိုက်နှိပ်ထားသည်။ "ဤအဘိဓာန်ကျမ်းသည် ရခိုင်တိုင်း၊ တနင်္သာရီတိုင်းတွင် အုပ်ချုပ်လျက်နေသော ဗြိတိသျှအစိုးရအရာရှိများနှင့်တကွ တိုင်းရင်းသားများအတွက်သာမက အင်္ဂလိပ်စာ သင်ကြားတတ်မြောက်လိုသော မြန်မာ့လက်အောက်ခံ တိုင်းရင်းသားများအတွက်လည်း အထူး အသုံးဝင် အဖိုးတန်ပေလိမ့်မည်။ မြန်မာအင်ပါယာနိုင်ငံအတွက် အထူးကျေးဇူးကြီးမည်ဖြစ်သော စာအုပ်ဖြစ်နိုင်သည်" ဟူ၍ ထိုစဉ်က အင်းဝမြို့နေ အရေးပိုင် ကာနယ်ဗာနေးက ထင်မြင်ယူဆသည့်အတွက် အဘိဓာန်လက်ရေးမူကို ၁၈၃၅ ခုနှစ်တွင် အိန္ဒိယဘုရင်ခံချုပ်ထံ ပို့လိုက်ကြောင်း အမှတ်အသား ရှိသည်။ ပထမ အင်္ဂလိပ်မြန်မာစစ်ပွဲအပြီး အောက်မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက် ရောက်နေချိန်တွင် ပေါ်ထွက်လာသောအဘိဓာန်ဖြစ်သည်။ ထိုအဘိဓာန်၏ "မြန်မာ" ပိုင်းအားလုံးကို မက္ခရာမင်းသားကြီးက ဂရုတစိုက်စိစစ်ပေးကြောင်း၊ စာအုပ်ခေါင်းစဉ်အောက်တွင် ဖော်ပြထားသည်။ အဘိဓာန်တွင် မက္ခရာမင်းသားကြီးထားရှိခဲ့သော အမှာစာရေးသားသည်။

အမှာစာတွင် "ဗဟုသုတကို အလို ရှိကုန်သောမြန်မာလူမျိုးတို့အား အင်္ဂလိပ်ဘာသာသို့ မြန်မာဘာသာအားဖြင့် နားလည်သိမြင်စေခြင်းအကျိုးငှာ မက္ခရာမင်းသားက သဘော်သူကြီး ကပ္ပိတာန်လျင်ကို အင်္ဂလိပ်အဘိဓာန်စာရှိသည့်အတိုင်း မြန်မာဘာသာ မှန်ကန်အောင် ပြန်ဆိုပါ ဆို၍ မြန်မာသက္ကရာဇ် ၁၁၉၅ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၃၃ ခုနှစ် စ၍ ပြန်ဆိုရေးသားသည်" ဟု ဖော်ပြထားသည်။

မြန်မာ အင်္ဂလိပ်အဘိဓာန်မှာ အမေရိကန်သာသနာပြု ဒေါက်တာဂျာဆင်(ဆရာယုဒသန်)ပြုစုသော အဘိဓာန်ဖြစ်သည်။ မြန်မာဘာသာစကားနှင့် စာပေကို နှစ်ပေါင်းသုံးဆယ်ကျော် ဆေလာပြီးနောက် ပြုစုသော အဘိဓာန်ဖြစ်သည်။ ၁၈၅၆ ခုနှစ်တွင် အိန္ဒိယပြည်၌ ပထမအကြိမ်ပုံနှိပ်ပြီး ၁၈၅၂ ခုနှစ်တွင် မော်လမြိုင်မြို့၊ အမေရိကန်သာသနာပြု ပုံနှိပ်တိုက်၌ ပုံနှိပ်သည်။ ထိုအဘိဓာန် ၂ စောင်စလုံးသည် ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်တွင် မြန်မာနိုင်ငံ၌ ရှိနေသော အနောက်တိုင်းပညာရှင်များက ပြုစုသော အဘိဓာန်များဖြစ်သည်။ ဆရာယုဒသန်သည် မြန်မာအင်္ဂလိပ်အဘိဓာန်သာမက အင်္ဂလိပ် မြန်မာအဘိဓာန်ကိုလည်း ပြုစုသည်။ မြန်မာဘာသာစကားကို စနစ်တကျလေ့လာပြီး မြန်မာသဒ္ဒါကျမ်းလည်း ပြုစုသည်။

ဤသို့သော အခြေအနေတွင် အင်္ဂလိပ်ဘာသာတတ်ကျမ်းသူတို့ ရေးသော မြန်မာစာအရေးအသား "အင်္ဂလိပ်ပြော ပြောသော" လက္ခဏာများကို တွေ့ရပါသည်။ ဆရာမောင်ထင်က ထိုအရေးအသားမျိုးကို "အင်္ဂလိပ်ကလိုက်သော မြန်မာစကားပြော" ဟု ခေါ်ဆိုသည်။ "ဂတိ" ဆိုသည်မှာ လာခြင်းဖြစ်သည်။ အင်္ဂလိပ်စကားသည်

www.burmeseclassic.com

www.burmeseclassic.com

စကားလာကို လိုက်၍ရေးသော စကားပြေဟု ဆိုလိုခြင်းဖြစ်သည်။ သာဓက အဖြစ် ဆရာယုဒသန်၏ သမ္မာကျမ်းစာ ဘာသာပြန်အရေးအသားကို ဖော်ပြသည်။ ဆရာယုဒယန်သည် သမ္မာကျမ်းစာ၌ ပါသော ဓမ္မဟောင်းကျမ်းကို ၁၈၃၂ ခုနှစ်တွင် မြန်မာပြန်၍ဓမ္မသစ်ကျမ်းကို ၁၈၃၅ ခုနှစ်တွင် မြန်မာပြန်သည်။ ဂရိဘာသာမူရင်းမှမြန်မာဘာသာ ပြန်ဆိုခြင်းဖြစ်သည်။ ဂရိနှင့် အင်္ဂလိပ်တို့သည် ဥရောပတိုက်သားချင်းဖြစ်၍ ဂရိစကားများကို အင်္ဂလိပ်စကားသွားဟူ၍ပင် သဘောထားနိုင်ပါသည်ဟု ဆရာမောင်ထင်က မိန့်ဆိုပြီး သမ္မာကျမ်းစာလာ မြန်မာစကားပြေကို အင်္ဂလိပ်ဂတိလိုက်သော စကားပြေဟု ယေဘုယျဆိုနိုင်ကြောင်း ဆိုထားပါသည်။

BURMESE CLASSIC .com

ဆရာယုဒသန်သည် မြန်မာစကားခွဲ မရှိသေးသောဝေါဟာရတို့ကို တီထွင်၍ မူရင်းနှင့် နီးစပ်အောင် ဘာသာပြန်ရာ၌ အလွန်ချီးကျူးဖွယ်ကောင်းသည်ဟု ဆရာ မောင်ထင်က ချီးကျူးသည်။ 'နာမတော်၊ သန့်ရှင်းသော ဝိညာဉ်၊ ရှင်ပြန်ထမြောက်၊ နူတ်က ပတ်၊ ကောင်းကြီးပေး' စသောဝေါဟာရများကို သာဓကဆောင်သည်။ 'နူတ်က ပတ်'မှာ မြတ်စွာဘုရားသခင်၏ နူတ်ဆော်မှထွက်လာသော စကားဖြစ်သည့် မူကို၌ပင်၌ အတူယူ၍ ဆရာယုဒသန် တီထွင်သော စကားဖြစ်သည်။ မြန်မာစကားတွင် 'ကောင်းချီးပေး'ဟု ရှိသော်လည်း ဆရာယုဒသန်က 'ကောင်းကြီးပေး'ဟု သုံးသည်။ ဆရာမောင်ထင်ကဓလေ့သစ်'ထုံးစံသစ်၊ ယဉ်ကျေးမှုသစ်တစ်ရပ်ရပ်ပေါ်ထွန်းလာ၍ စကားလုံးသစ်များ ကြွဆတ်ထွင်သည်မှာ အဖြစ်မဆိုသာပါ။ သို့သော် အရင်းစစ်လိုက်လျှင် ဝေါဟာရသစ်တို့သည် အင်္ဂလိပ်အသွင်နှင့် မြန်မာစကားများဖြစ်လာပါသည်'ဟု သုံးသပ်ထားပါသည်။ ဆရာယုဒသန်၏ မြန်မာပြောပြောပုံကို ရှုမြင်နိုင်ပါသည်။

ဆရာယုဒသန်၏ သမ္မာကျမ်းမြန်မာပြန်မှုကို 'ဟေဂြို၊ ဟေလသပါဠိတော်မှ မြန်မာဘာသာသို့ ဆရာယုဒသန် အနက်ပြန်၍ ပုံနှိပ်သော ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်းတည်းဟူသောထာဝရဘုရား၏ သမ္မာကျမ်း'ဟု အမည်ပေးဖော်ညွှန်းထားပါသည်။

ဓမ္မဟောင်းကျမ်းမှ 'ကမ္ဘာဦးကျမ်း'၌ ပထမဆုံးအခန်းဖြစ်သော 'ကမ္ဘာဦးအစ'တွင်...

"အစအဦး၌ ကောင်းကင်နှင့်မြေကြီးကို ဘုရားသခင်ဖန်ဆင်းတော်မူ၏။ မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ။ လွတ်လပ်လဟာဖြစ်၏။ နက်နဲရာအရပ်ကို မှောင်မိုက်ဖုံးလွှမ်း၍ ဘုရားသခင်၏ ဝိညာဉ်တော်သည်ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏။ ဘုရားသခင်ကလည်း အလင်းဖြစ်စေဟု အမိန့်တော်ရှိ၍ အလင်းဖြစ်လေ၏။ ထိုအလင်းကောင်းသည်ကို ဘုရားသခင်မြင်၍ မှောင်မိုက်ကို ပိုင်းခြားခွဲထားတော်မူ၏။ အလင်းကို နေ့ဟူသောအမည်ဖြင့် လည်းကောင်း၊ မှောင်မိုက်ကို ညဉ့်ဟူသောအမည်ဖြင့်လည်းကောင်း ခေါ်ဝေါ်သမုတ်တော်မူ၍ ညဉ့်ဦးနှင့် နံနက်သည် ပထမနေ့ရက်ဖြစ်လေ၏။" ဟု ရေးသားပုံမှာ ရှင်းလင်းပြေပြစ်၍ နှစ်သက်ဖွယ်ကောင်းပါသည်။ ထို့အတူ နေ့နှင့်လကို အလင်းအိမ်ကြီးနှစ်လုံးတည်းဟူသော နေ့ကိုအုပ်စိုးသောအကြီးတစ်လုံး၊ ညဉ့်ကို အုပ်စိုးသော အငယ်တစ်လုံး ဟူ၍ သရုပ်ဖော်ပုံမှာလည်း ပေါ်လွင်လှပပါသည်။

သို့သော် အချို့အသုံးများမှာ မြန်မာမဆန့်ဘဲ အသိခက်သည်ကို တွေ့ရသည်။ ဆရာမောင်ထင်က ဓမ္မသစ်ကျမ်းရှင်ယောဟန်ခရစ်ဝင်မှ အရေးအသားကိုထုတ်ပြသည်။ 'ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လူတို့၏ အလင်းဖြစ်၏။ ထိုအလင်းသည် မှောင်၌လင်း၍ မှောင်မိုက်သည်ကို မခံယူ'ဟူသော အရေးအသားဖြစ်သည်။ 'အများ နားလည်စေလိုလျှင် ယင်းစကားကို အဋ္ဌကထာဋီကာခေါ်၍ ရှင်းမှသာ နားလည်နိုင်ပါလိမ့်မည်'ဟု ဆရာမောင်ထင်က ဆို၏။ 'မြန်မာဆန်ဆန် သုံးနှုန်းမည်ဆိုပါက အလင်းသည် အမှောင်ကိုခွင်း၏၊ အမှောင်သည် အလင်းကို မခံနိုင်'ဟုဆိုမှသာလျှင် အဓိပ္ပာယ်ရှင်းလိမ့်မည်ဟု ထင်မြင်ပါသည်'ဟူ၍ သုံးသပ်ထားပါသည်။ ထို့အတူ 'ဓမ္မဟောင်းကျမ်းလာ ဟေရှာယအနာဂတ္တိကျမ်း၌ 'အတ်ရိုးပြိုသော်လည်း ဆစ်သောကျောက်နှင့် တည်ပြန်မည်'ဟု ပါရှိ၏။ ထိုစကားကို နောင်းလူတို့က မြန်မာဆန်ဆန်နှင့် မြန်မာနားလည်လွယ်အောင် 'မြေအုတ်များပြိုလေရာ ကျောက်အုတ်ဖြင့် တည်ဆောက်အံ့'ဟု ရေးကြသည်'ဟူ၍ ရှင်းပြထားပါသည်။

'ယေဇကျေလ အနာဂတ္တိကျမ်း'မှ 'အသက်ဝိညာဉ်တို့ကို ဖမ်းခြင်းငှာ ခပ်သိမ်းသောသူတို့နံပါး၌ ခေါင်းအုံးကို ထည့်၍လူအကြီးအငယ်တို့ ခေါင်းပေါ်မှာ ဦးထုပ်တို့ကို တင်ထားသော မိန်းမတို့သည် အမင်္ဂလာရှိကြ၏'ဟူသော အရေးအသားမျိုး၊ ဓမ္မရာဇဝင် စတုတ္ထစောင်မှ 'မေနဟင်သည် ဘိုးဘေးတို့နှင့် အိပ်ပျော်၍ သားတော်ပေကဟိသည် ခမည်းတော်အရာ၌ နန်းထိုင်၏'ဟူသော အရေးအသားမျိုးတို့ကဲ့သို့ မြန်မာမဆန်သော အသိခက်သောအရေးအသားများလည်းတွေ့ရပါသည်။ မြန်မာဝါကျဖွဲ့ရာ၌ အင်္ဂလိပ်ဂတိသို့ လိုက်၍ဖွဲ့သည့် အတွက်တစ်နည်းဆိုရလျှင် မြန်မာစကားကို အင်္ဂလိပ်ပြောပြောသည့် အတွက် အသိခက်ပုံကို ဆိုလိုခြင်းဖြစ်ပါသည်။

အင်္ဂလိပ်ဝေါဟာရများကို အသံလှယ်ခြင်း၊ ဘာသာပြန်ခြင်းတို့ဖြင့် မြန်မာမှုပြုရာ၌ 'မြန်မာပြော'လက္ခဏာကို တွေ့ရပြီး အနောက်တိုင်းပညာရှင်က မြန်မာစကားပြေရေးသားရာ၌ အင်္ဂလိပ်ဂတိကိုလိုက်၍ ရေးသော 'အင်္ဂလိပ်ပြော'လက္ခဏာကို တွေ့ရပါသည်။

■

မောင်ခင်မင်းခန့်ဖြူ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တန်ကုတန်ကြေး ကျော်မောင်မောင်ဟန်

တကယ်ဆို ဒီလိုနေရာမှာ ရှင်နဲ့ကျွန်မ ဘယ်နည်းနဲ့မှ တွေ့စရာ အကြောင်းမရှိဘူး။

❑

လူက ငွေကို ကစားတာလား၊ ငွေက လူကို နှိုင်စားတာလားဆိုတာ ရှင်နဲ့ကျွန်မရဲ့ ပြောင်းပြန် အချိုးကျတဲ့အဖြစ်ကို ကြည့်ရုံနဲ့ သဘောပေါက်လောက်ပါတယ်။ လောကခံဆိုတဲ့ စကားသုံးလုံးအောက်မှာ အတုံးအရုံး ကျရှုံးခဲ့ရတဲ့ မိသားစုရဲ့ဘဝတွေ ဆက်လက် ရပ်တည်နိုင်ဖို့အတွက် တစ်နေကုန်ပင်ပင်ပန်းပန်းရှာလို့မှ အခန့်မသင့်ရင် တစ်ဝမ်းဝဖို့တောင် မသေချာတဲ့ ကောင်းရောင်းကောင်းဝယ်ဆိုတာမျိုးကိုပစ်ပယ်ပြီး ငွေအရလွယ်သလောက် လူတကာရဲ့ အထင်သေးတဲ့အကြည့်အောက်မှာ မိန်းကလေးတစ်ယောက်အတွက် အသက်တမျှ အရေးပါတဲ့ အရှက်၊ သိက္ခာ၊ တန်ဖိုးဆိုတာတွေ မလွယ်ပေါက်ကနေ တိတ်တဆိတ် ထွက်ခွာကုန်တဲ့ ဒီလိုအလုပ်မျိုးကို သတ္တိရှိရှိ ရွေးချယ်ခဲ့တဲ့ ကျွန်မအကြောင်းကို ရှင် သိချင်မှာ မဟုတ်ပါဘူး။ သိရင်လည်း စိတ်မဝင်စားလောက်ပါဘူး။ လောလောဆယ် ရှင် စိတ်ဝင်စားနေတာက မိန်ဖျော့ဖျော့ မီးအလင်းရောင်အားကိုးနဲ့ ကျွန်မဆံပင်ကို ခိုးခိုးနမ်းဖို့ မဟုတ်လား။ လူကြည့်တော့ သမာဓိတည်သလိုလိုနဲ့၊ ရှင်တဖွဖွပြောပြောနေတဲ့ ဂုဏ်သိက္ခာတို့၊ အဆင့်အတန်းတို့ဆိုတာတွေကို ဒီမလာခင် ဘယ်နေရာမှာ ထားခဲ့သလဲဆိုတာ ကျွန်မ မေးကြည့်ချင်လိုက်တာ။

သစ်သီးပွဲလာချတဲ့ Boy လေးကို ရှင် ဘာမှ ရစ်နေစရာမလိုပါဘူး။ သူ့အရပ်နဲ့ သူ့ဈာတ်တစ်ထပ်တည်းကျအောင်တော့ ကတတ်ရမှာပေါ့။ ငွေတွေသုံးမကုန်လို့ Save ထဲမှာ ကြာရင် ဆွေးကုန်တော့မယ်ဆိုတဲ့လူစားမျိုးက

www.burmeseclassic.com

www.burmeseclassic.com

မလား၊ စိန်တွေကိုများ ...
တောက်ကစားနေမလား။ ...
ပုံပေါ်မှာများက နေမလား ...
စဉ်းစားစရာပဲနော်။ အဖွင့် ...
လျော်ပြီး အပျော်ရှင်းတတ် ...
ကတော်ဆိုရင်တော့ ဒီအချိန် ...
ဆို အိုဗာဟိုင်းတွေ စိတ်ပြောင် ...
ပိုကာဝိုင်းမှာ ပြိုင်နေလောက်ပြီ ...
ဒါပေမဲ့ နောက်နေ့ ...
ကွက်လောက် ထပ်ရွေးလိုက် ...
လို့လည်း ရှင့်အဖို့ လူချင်း ...
စာရင်းက ရွေ့မသွားနိုင်ပဲ ...
ဘူးနော်၊ အေးဆေးပါ။ ရှင် ...
ပူတာ တစ်ခုပဲရှိတာ ကွန်ပ် ...
သိတာပေါ့။ ရှင့်ရဲ့ အန်တီး ...
ကတော်ကြီး Sunshade ...
မျှော်ရင်း ရှင်ပေါ်မလာတော့ ...
Joker လို ပျော်စရာပေးမယ့် ...
Border လေးနောက် ပါသွား ...
မှာကိုပဲ မဟုတ်လား။ ကိုယ် ...
ထွင်တဲ့ခွင်နဲ့ ပြန်အဆင်ခံရတဲ့ ...
ကျတော့ အသေအလဲ သွေး ...
ကျနေတဲ့ ရှင့် ရဲ့အဖြစ် ...
တော်တော်တော့ ရယ်စရာ ...
ကောင်းတယ်။ ရွှေဂုဏ်၊ ...
ဂုဏ်ရှိတဲ့ ပွဲတက်မယားမို့ ...
ရှင်အပြင်မှာ ဘယ်လောက် ...
Small ဆွဲဆွဲ ဒါကြီးနဲ့တော့ ...
သဘောမကွဲရဲပါဘူး၊ ဟုတ် ...
တယ်ဟုတ်။

လာလိုက်ရင် ထုံး ...
အတိုင်း ရှင့်ရဲ့အိမ်ထောင်ရေး ...
ငရဲခန်းကို အလွမ်းသီချင်း ...
တစ်ပုဒ်ပြီးတိုင်း ညည်းတာ ...
လွန်းလို့ ကျွန်မတောင် ...
လယ်၊ ဆုံး အလွတ်ရနေပြီ ...
ရှင် ဦးတိုက် လျှောက်ထား ...
မယ့်ရုံးနဲ့ကျွန်မပခုံး နေရာမှား ...
ရလောက်အောင်တော့ ...
Beer များသေးပါဘူးနော် ...
အလုပ်သဘောအရ ...
အညီးသည်းခံနေရတဲ့ ...
ကိုယ်ချင်းစာတတ်မှ မဟုတ် ...

ဒီလိုအလုပ်ရှင်မျိုး အလိုရှိတာ ဆန်းမယ် မထင်ပါဘူး။

အကောင်းဆုံးဆိုတာ တွေကိုရဖို့ ငွေအားနဲ့ ပြိုင်မှုနိုင်တယ်ဆိုတဲ့ ရှင်တို့လုပ်ငန်းတွေမှာ ကျင့်သုံးတဲ့စနစ် ဒီနေရာအထိ ပါလာတာကို ကျွန်မတို့ အလုပ်ရှင်သူဌေးက Welcome ပေါ့။ ရှင်တို့နဲ့ ကျွန်မတို့ အလုပ်ရှင်ကျင့်သုံးတဲ့ စနစ်ချင်းတော့ မတူဘူး။ ဘယ်သူသာတယ်ဆိုတာတော့ ရှင်းပြဖို့ လိုမယ်မထင်ပါဘူး။ ဥပမာ လေလံဆွဲသူနဲ့ လေလံပစ္စည်း ပိုင်သူလိုပေါ့။ ရှင်တို့ ငွေအား ရှိသလောက်ပြိုင်လေ သူ့အတွက်က ခိုင်လေပဲ။ သူ့အတွက်ခိုင်မှ ကျွန်မအတွက် ကလည်း ယိုင်နဲ့နေတဲ့ အိမ်လေးအတွက် တိုင်တစ်လုံးဖိုး လောက်ရဖို့ ခြစုသလို စုနိုင်မှာ မဟုတ်လား၊ ပြောသာပြောရတာပါလေ။ ရှင်တို့ကတော့ တန်တယ်၊ မတန်တယ် တွက်မှာမဟုတ်ပါဘူး၊ ပြောပြီးပါကော ဖြန်းဖို့လာတာပါလို့။ ဒီလောက်ငွေကလေးများနောက်တစ်နေ့ အလုပ်ထဲမှာ ဇောနှစ်ကွက် မရွေ့ရပါဘူး...နော့။

❑

'ချစ်အားငယ်ရသူမယ်'

ဟုတ်လား၊ ကိုယ်ချင်းများ စာတတ်ရင် ရှင့်အိမ်ရဲ့ ရွှေပုံ၊ စိန်ပုံ၊ ငွေပုံတွေထဲမှာ ရှင့်ရဲ့ အယ်စတုန်ကြီး ဘယ်လောက်များ ချစ်အားငယ်နေရရှာမလဲဆိုတာ တစ်ချက်လောက်တော့ ထောက်သင့်တယ်။ သူမှာ ရှင့်လို စိတ်ဖြေစရာမရှိတဲ့ ဘဝဆိုတော့ ပျင်းပျင်းရိရိတိုင်း အိမ်ထဲရှိတဲ့ ရွှေကြိုးတွေနဲ့များ အမြင့်ခုန်နေ

လူကြည့်တော့ သမာဓိ တည်သလိုလိုနဲ့ ရှင် တဖွဖွ ပြောပြောနေတဲ့ ဂုဏ်သိက္ခာတို့ အဆင့်အတန်းတို့ ဆိုတာတွေကို ဒီမလောခင် ဘယ်နေရာမှာ ထားခဲ့သလဲ ဆိုတာ ကျွန်မ မေးကြည့် ချင်လိုက်တာ

တန်းတိုးရင် အသက်တို၊ အိုစာ မှာစိုးလို့ ချိုသာတဲ့ ပျိုကညာ တို့ရွာကို လာလာနားတတ် တော့လည်း ငွေများများနဲ့ မြန်မြန်ရဖို့ တန်တာ၊ မတန်တာ ဘေးချိတ်၊ ကျန်တာတွေ စလင်းဘက်အိတ်ထဲ ခေါက်ထည့်ပြီး တောက်တဲ့လို တွယ်ကပ်နေတဲ့ ရှင်တို့လို နပ်မယောင်ယောင်လူအတွေ့ဆီက အသာပြွှေဖြာထွက်လာအောင် အသက်မပါပေမဲ့အချက်အချာကျတဲ့ အညာကို ကိုင်ပြီးမာန ချင်းပြိုင် ကိုယ်ကနိုင်တဲ့ကျွန်မလို လှတာပတာမိန်းကလေးတွေ

အချိုရည်ဘူး လာချတော့လည်း ဖြချင်ချင်၊ ရှင့်ဟာက ရူးလည်း ရူးချင်တယ်၊ ရင်းလည်း မရင်းချင်ဘူးဆိုတာလို ဖြစ်နေပြီ။ ကျွန်မ Boy လေးကို မျက်စိမှိတ်ပြီး မေးဆတ်ပြလိုက်တာကို မတွေ့ဘူး မဟုတ်လား။ အဓိပ္ပာယ်ကတော့ စောသေးတယ် အကျောပေးထားလိုက်ပါဦးလို့။ ရှင်တို့လို လူမျိုးက ရေခိုန်မှန်မှ ကျွန်မတို့အတွက် ငွေပိန်ကန်မှာ မဟုတ်လား။

'မင်းလို လှပတဲ့ မိန်းမကလေးနဲ့ ဒီလိုအလုပ်မျိုး မတန်ဘူး။ ဘာဖြစ်လို့ ဒီလိုအလုပ်မျိုးကို ရွေးချယ်ခဲ့ရတာလဲ'

ဟုတ်လား။ ဟား ဟား ရယ်ပဲရယ်လိုက်ချင်တော့တယ်။ ဒါဆိုရင် ကျွန်မကလည်း ရှင့်ကို တစ်ခွန်းလောက် ပြန်မေးချင်တယ်။ ရှင်ကရော ကြိုရာကျရာ မိန်းကလေးနဲ့ စခန်းမသွားဘဲ တခြား Customer တွေထက် အဆမတန်ငွေပိုပေးပြီး ကျွန်မကိုမှ ဘာကြောင့် ခေါ်ရတာလဲ။ ကဲ ဖြေ။ ဒီလိုအလုပ်မျိုးမှာ ရုပ်ရည်မလှပတဲ့ မိန်းကလေးမရှိသလောက် ရှားတယ်ဆိုတာ ရှင်မသိဘဲတော့ နေမှာမဟုတ်ပါဘူး။ ရှင်တို့ရဲ့ သိက္ခာတော်ရ လုပ်ငန်းကြီးတွေက အဖြူအမည်းမသေချာတဲ့ ငွေတွေ ဒီရေလိုတလိမ့်လိမ့် ဝင်နေတော့ ထားစရာ ဘဏ်တွေ လက်မခံနိုင်တဲ့အဆုံး အမှန်းကဲပြီး ဖြန်းပွဲကျင်းပဖို့ သူတော်အချင်းချင်း ရုံးမဆင်းခင် ဖုန်းချင်းချိတ်ပြီး ကြေပြီဆိုတာ မသိတာမှတ်လို့။ အချိန်တန် အိမ်ပြန်ရင် အရွယ်ကျ မယ်ဝကြီးတွေရဲ့ တကယ်မလှတဲ့ မျက်နှာနဲ့

www.burmeseclassic.com

www.burmeseclassic.com

ရှင်ပူတာ တစ်ခုပဲရှိတာ ကျွန်မ သိတာပေါ့ ရှင့်ရဲ့ အနှီးတိတ် ကတော်ကြီး Sunshade က မျှော်ရင်း ရှင် ပေါ်မလာတော့ Joker လို ပျော်စရာ ပေးမယ့် Border လေး နောက် ပါသွားမှာကိုပဲ မဟုတ်လား

ဘူးဆိုတာ သိထားတော့လည်း ခက်သား။ ခုပဲကြည့်လေ ဆို အနောက်မှီပေါ်ကနေ လျှောကျကျသလိုလိုနဲ့ တင်နေတဲ့ ရှင့်ရဲ့လက်တွေ ကျွန်မ ပခုံးပေါ်က မကြွတော့ဘူးလား။ ကျွန်မရဲ့ခန္ဓာကိုယ်က မွေးရန်မျိုးစုံကို အမောပြေဂျူလိုက်နဲ့ လေမတိုက်ဘဲ ငိုက်ငိုက်လာတဲ့ ရှင့်ခေါင်းနဲ့ ရှင့်ခန္ဓာကိုယ်ထဲက Beer ကို Recycle လုပ်ပြီး ပြန်ထွက်လာတဲ့ အနံ့ဆိုးတွေကြောင့် ကျွန်မတောင် သောက်ဘဲနဲ့ ရေခဲမှုန်ကိုက်ချင်ချပြီ။ တစ်ကိုယ်ရေသန့်ရှင်းနဲ့ သုံးထားတယ်ဆိုတာ ရှင်းပြလည်း ယုံနိုင်လောက်တဲ့ အရာမျိုး မဟုတ်တော့ ကျွန်မကပဲ မြှုဆွယ်ခြင်းပေါ့။ ထားပါတော့လေ၊ ဒါလည်း လုပ်ငန်းအောင်မြင်တာပဲလို့ မှတ်ယူပါတယ်။

ဒါပေမဲ့ တစ်ခုတော့ ရှိတယ်။ တစ်ခါ တစ်ခါ ပညာရှင်လိုလို၊ သူတော်စင်လိုလို ချက်နှာထားမျိုးနဲ့ ဝတ်ထားတဲ့ ရုပ်အင်္ကျီအဖြူရောင်ရဲ့ ဟိုး အမှာတစ်ဖက်စွန်းမှာရှိတဲ့ ရှင့်ရဲ့စိတ်ထဲက ထွက်ကျလာတတ်တဲ့ စကားတစ်ခွန်းလေ။

'အပြင်ပန်းကြည့်ရုံနဲ့ သန့်တယ်လို့ မှတ်ယူလို့မရဘူး'

ဆိုတဲ့ ကျန်းမာရေးဘေးပေးစကားက ကျွန်မရဲ့ နှုံးသားကို ဓားပါးပါးနဲ့ စားနေသလိုပဲရှင့်၊ ဟားတိုက်ပြီးတော့တောင် ရယ်လိုက်ချင်သေးတယ်။ ဖြစ်နိုင်ရင် သွေးချင်းတောင် ယှဉ်ပြီး အောက်စစ်ပြလိုက်ချင်ပါရဲ့။ ဒီလိုပါပဲ၊ ကိုယ့်ကိုယ်ကို မယုံကြည်တဲ့ လူတွေက သူတစ်ပါးအပေါ် သံသယပုံတတ်တာ သဘာဝပါ။

❑

'ငယ်ကျွမ်းဆွေ သီချင်းကို စုံတွဲဆိုမယ်'

ကူညီပေးရမှာပေါ့။ ရှင်က အတိတ်လမ်းကို ပြန်လှမ်းချင်ပေမဲ့ ကျွန်မကတော့ မလွမ်းချင်တော့ပါဘူး။ ဟုတ်တယ်လေ။ ဒီအလုပ်မျိုးလုပ်တဲ့ မိန်းကလေးကို ဘယ်လို ယောကျ်ားလေးက သူချစ်သူအဖြစ် သတ္တိရှိရှိ လက်တွဲလို့ ရဲပါ့မလဲ။ ပတ်ဝန်းကျင်က လည်း ရမ်းပစ်တဲ့ လေသေနတ်ကျည်ဆန် နှစ်ခါမမှန်ရဘူး။ ကန်သွားတာပါပဲ။ နားလည်မှု ရှိပါတယ်ဆိုတဲ့ ဘိုကေကလည်း OK မလား မှတ်ပါတယ်၊ ကြာတော့လည်း Beer နဲ့ ချွေးနံ့ပေါင်းစုံ ဝေစီနေတဲ့ Lady အနားကနေ စိတ်မသန့်လို့ ထိတ်လန့်စွာ အဝေးပြေးကြလေသတည်းပါပဲ။ လင်ကောင်း၊ သားကောင်းဆိုတာ ကတော့ ဘယ်လိုမှ လှမ်းမမီတဲ့ ကမ်းဆီမှာ ငွမ်းလို့။ နောက်ဆုံး ကိုယ့်လုပ်ငန်းခွင်ထဲက ဘဝတူ ဘူဘူချင်းနဲ့ ကျူးမယ်မှ မကြံသေး။ ဂျာကြီးရဲ့ မဟာစည်းကမ်းအောက်မှာ နည်းလမ်းပျောက်ရတာ အခါခါ။ ရှင်လည်း လုပ်ငန်းရှင်တစ်ယောက်ပဲ။ ကျွန်မ သူဌေးရဲ့ စီးပွားရေးရှုထောင့်ကို သဘောပေါက်မှာပါ။ အသံသာ ကညာလေးတွေကို လှောင်ချိုင့်တစ်ခုထဲက ချိုးလေးတွေနဲ့ ဘယ်ထိုးကျွေးပါ့မလဲ။ သူထောင်နေရတာက လှောင်ချိုင့်အပြင်က ရှင်တို့လို ဆူဖြိုးပြီး အဆီတစ်ထပ်၊ အသားတစ်ထပ်နဲ့ ငရဲအိုးပတ်ပြေးနေတဲ့ ချိုးကြီးတွေကိုပဲ။ ကဲ ရှင်းပြီလား။ ဘဝတူမို့ မျှပူပြီး ဖေးမမယ်မတွေးနဲ့။ သူဌေးရဲ့ မျက်စိနဲ့နားက ဒီနေ့ခေတ်စားနေတဲ့ CCTV ထက် အားသာတယ်။ ချိုးလေးတော့ မိုးမလင်းခင် Go ပဲ။ ကျွန်မတို့ကလား ပြောပြီးပါပကော။ အသံသာ ကညာပါလို့။ ဒီချိုးကိုတော့ ဘယ်လို မုဆိုးက အညှိုးခံပါ့မလဲ။ လောဘတကြီး ရှာဖွေနေရတဲ့ မဟာဌေ Money ကို Pocket တို့ Tip တို့လို ခေါင်းစဉ်လေး အသာကပ်ပြီးလာပေးရင် ကျွန်မတို့ကလည်း အဝေးရောက် ချိုးလေးကို ဘွားတေးလိုက်ရတော့တာပဲ။

'တကယ် ချစ်ရင် ကောင်လေးပြန်လာခေါ်တုန်းက ဘာဖြစ်လို့ လိုက်မသွားတာလဲ'

ဩော်....ဘဝတူတွေ ဆိုနေမှ။ အပြင်မှာ တအားပူတယ်လေ။ မယုံမရှိနဲ့ ကိုယ်တွေ့ပြောတာ။ ကျွန်မရဲ့ ပန်းတိုင်က ဒီနေရာလောက်နဲ့ ဂိတ်မဆုံးသေးဘူး။

'မင်းက တော်တော် အသည်းမာတယ်'

ဟုတ်စ။ ဒါလည်း အလုပ်က သင်သွားတာပဲ။ ရင်နာတာကို ကုစားပုံချင်း ရှင်နဲ့ ကျွန်မ ဒီနေရာမှာ အတော်ကွာတယ်။ ရှင်က Beer၊ ကျွန်မက ပလီပလာ၊ ရှင်က Beer ဖောရင် ရှောမှာနော်။ ကျွန်မကတော့ ပလီပလာပြောလေ ထောလေပဲ။ လားရာ မတူဘူး။ ပြောရရင် The Equal is Opposite Direction ပေါ့။ မအံ့သြပါနဲ့။ ကျွန်မလည်း E မေကျာဒုတိယနှစ်နဲ့ ကျောင်းပြီးထားတာပါ။ ရှင်မထင်ဘူး မဟုတ်လား။ ကျွန်မပြောသားပဲ။ ရှင်တို့လို လူတွေက ယိုးဒယားက ကတတ်ပါတယ်လို့။ လက်တစ်ဖက်က တိမ်ပေါ်မြှောက်ထားပေမဲ့ ကျန်တဲ့တစ်ဖက်က အောက်ဘက်ကို နှိမ်နေတာလေ။

❑

'Hand Phone နံပါတ်လေး ပေးထားဦး'

ရော့ခက်ပါဘိ။ ရှင်ဟာလေ လူတကာ အထင်ကြီးလောက်အောင် နာမည်ရနေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းဆိုတဲ့ ခေါင်းဆောင်းပြုတ်မကျဖို့ အရဏ်တက်မလာခင် ဒီအခန်းထဲက ထွက်ခွာစေချင်တယ်။ တကယ့် စေတနာနဲ့ ပြောတာပါ။ ဝါသနာပါလွန်းရင်လည်း အိမ်မှာပဲ စိတ်ပြေလက်ပျောက်ဟဲ့ပေါ့။ အခုတော့ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်နဲ့။ ဘဝဟေ့ကောင်လို့ ရနေတဲ့ငွေတွေကို ရေလိုဖြုန်းနေတာ နားပြီး အကျိုးရှိမယ့်နည်းလမ်းလေး နည်းနည်းစဉ်းစားကြည့်ဖို့ တိုက်တွန်းချင်တယ်။ ဥပမာ တရားဓမ္မလိုမျိုးပေါ့။ ရှင့် ခေါင်းက Colour ပါးနေပြီ ဖြစ်တဲ့ ဆံပင်တွေကိုလည်း တော်တော်အားနာဖို့ ကောင်းနေပြီလေ။ ကျွန်မ အိမ်ပြန်ဖြစ်တဲ့အခါ အမေ ဖွင့်ပြတတ်တဲ့တရားခွေထဲက ဘုန်းကြီးဟောတာ လူတွေဟာ သံသရာမှာ ဆွေမျိုးတော်စပ်ခဲ့ဖူး သူတွေချည်းပဲတဲ့။ သံသရာမရှိ ယုံကြည်တယ်ဆိုရင် ရှင့်နဲ့ ကျွန်မရဲ့ဘဝတစ်ခုမှာ ဆွေမျိုးတော်စပ်ခဲ့ဖူးတဲ့ မျက်နှာကို ထောက်ထားပြီး ရှင့်အတွက် အသိပေးလို့ သတိတရားရဖို့ စကားတစ်ခွန်းတော့ ပြောလိုက်ချင်တယ်။

'ရှင့်နေရာမှာ ကျွန်မ သာဆို ဒီလိုနေရာမှာ ရှင်ဟ ကျွန်မ ဘယ်နည်းနဲ့မှ ဒီလို စရာ အကြောင်းမရှိဘူး'

ကျော်မောင်မောင်ဟ

ဝန်ခံချက်

ကဗျာဆရာ၊ စာရေးဆ

အစ်ကို 'ညီမင်းညီ'

ကဗျာ

မှိုင်းပါသည်

ကိုယ် ထွင်တဲ့ခွင်နဲ့ ပြန်အဆင်ခံရမှာ ကျတော့ အသေအလဲ သွေးကျဲနေတဲ့ ရှင့်ရဲ့အဖြစ်က တော်တော်တော့ ရယ်စရာ ကောင်းတယ် ရွှေဂုဏ် မျိုးဂုဏ်ရှိတဲ့ ပွဲတက်မယားဖို့လို့ ရှင်အပြင်မှာ ဘယ်လောက် Small ဆွဲဆွဲ ဒါကြီးနဲ့တော့ သဘော မကွဲရပါဘူး ဟုတ်တယ် ဟုတ်

ရတာပေါ့။ Minor ပဲဟာ။ ကျွန်မဆိုတာ သိပ်ကောင်းတာပဲလို့တော့ မချီးမွမ်းပါနဲ့။ အလုပ်သဘောအရ ပါးစပ်ဖျားက သနားစရာကောင်းအောင် ဆိုနေရပေမဲ့ တကယ်တမ်းက ဒသလို မိန်းမဆိုတဲ့ ခပ်ကြမ်းကြမ်း သီချင်းမျိုးနဲ့ ရမ်းပစ်ချင်တာ။

'အသည်းတစ်ခြမ်းကို လွှမ်းဖို့ သိမ်းထားမယ်'

လာထား။ အသည်းတစ်ခြမ်းမပြောနဲ့ တစ်စိတ်တစ်ဖဲ့လောက်တောင် ရှိပါတော့မလားလို့ ကျွန်မ ကိုယ့်ကိုယ်ကို သံသယဖြစ်နေတာ အတော်ကြာပြီ။ ကျွန်မတို့တဝကို ကျကျနန လေ့လာကြည့်ရင် သံဝေဆိုတဲ့ စကားလုံးကို အဓိပ္ပာယ် ဖွင့်ဆိုပြီးသား ဖြစ်သွားလိမ့်မယ်။ ဝါသနာပါလွန်းလို့ အပျော်လာလုပ်နေတာ မဟုတ်ဘူးဆိုတာကိုတော့ ရှင် သဘောပေါက်လောက်ရောပေါ့။ အင်း တချို့တလေတော့ ရှိမှာပေါ့၊ ဒါကလည်း သူ့အကြောင်းနဲ့ သူပဲလေ။ လူတစ်ကိုယ် စိတ်တစ်မျိုးကိုး။

❑

'Beer နောက်တစ်လုံး'

ဟော ပြောလို့မှ မဆုံးသေးဘူး။ ဒီည ရှင်သိပ်များနေပြီ။ ရှင့် ပိုက်ဆံနဲ့ ရှင် သောက်တာဆိုပေမဲ့ ကျွန်မတားရမယ်။ မတတ်သာလို့ ကပ်ခွာနေရပေမဲ့ ကျွန်မ ရင်ထဲမှာလည်း လူသားဆန်တဲ့စိတ်ထားလေးတော့ ခပ်ရေးရေးရှိပါသေးတယ်။ Section ဘယ်လောက်များများ ရှင့်အိတ်မပါးသွားတာ မှန်ပေမဲ့ ဂုဏ်သရေရှိလူကြီးလူတာ တစ်ယောက်မှ မပါဘူးလေ။ ဟုတ်တယ်ဟုတ်။ ကဲ အခု ဘယ်သီချင်း ထည့်ပေးရမလဲပြော။

'စက္ကန့်လေးတွေ စိန်စီထားမယ်'

ရှင့် အတွက်ကတော့ ဟုတ်မှာပေါ့။ ကျွန်မလို ငရဲခန်းမှာ ပန်းပန်နေရတဲ့ လူအတွက်ကတော့ စက္ကန့်များလေ ဖျားချင်လေပဲ။ ရေအရလွယ်လို့သာ နေရတယ်မှတ်ပါ။

'မောင့်အချစ်မြားမှူး ဆိုပြပါဦး'

တဲ့ စီးပွားရေး လုပ်ငန်းရှင်ဖြစ်ပြီး ခေါင်းလေးတော့ သုံးဦးမှပေါ့။ ကျွန်မလိုအခြေအနေနဲ့ Hand Phone ကိုင်နိုင်ပါ့မလား။ အဲဒါ ဟိုတစ်ညက ရှင်လိုမျိုး ကျွန်မရဲ့ ပုံမှန် Customer မေ့ကျန်သွားတာ။ ကျွန်မတို့လောကမှာ ကျွန်မက Star လေ။ ပြိုင်ဘက်တွေ ဖျားသွားအောင် အဲဒါလေး ခဏကိုင်ပြပြီး နည်းနည်းစား ပေးလိုက်တာ။ ခု အဲဒီ For Show လေးက ဘော်ဒိုးကြီး နောက် ပြန်ပါသွားပြီ။ ကဲ ရှင်းပြီလား။

'ဒီမှာ အနေဆင်းရဲရင် ကိုယ်ပိုင်တဲ့ တိုက်ခန်း အလွတ်တွေ အများကြီးရှိတယ် လာနေပေါ့။ Phone လည်း ပေးထားမယ်'

ဩဩော်...တော်တော် သဘောကောင်းပုံပဲနော်။ ရှင်တို့ရဲ့ ဆင်လုံး၊ ခွင်လုံးတွေက လူသားပြောင်းသွားမယ် Idea ကတော့ တစ်ကမ္ဘာတည်း သားတွေလို့ မပြောရဘူး။ ကျောရိုးချင်းကတော့ အတူတူပဲ။ လူသူတော် Style နဲ့ သဘောကောင်း ဝမ်းဖောင်းပြမနေပါနဲ့။ ရှင့်ရဲ့ ဘယ်နှစ်ခန်းမြောက် လွတ်နေမှန်းမသိတဲ့ တိုက်ခန်းမှာ ဘယ်နှယောက်မြောက် ထားမှန်းမသိတဲ့ ကျွန်မကို ရှင့်ရဲ့ Fat Lady ကြီး ဘယ်အချိန် ဒေါသတကြီး ဗျောက်ကြွတီးမလဲ တွေးပူတာနဲ့တင် ကြွေးထူလည်း ထူပါစေတော့၊ ကျွန်မ အတွက်က ဒီနေရာမှာပဲ လုံခြုံပါတယ်။ တစ်ညတစ်ည ရင်ခွင်တွေပြောင်းရပေမဲ့ ခင်မင်စရာတော့ ကောင်းသူချည်းပါပဲ။ ကြောက်စရာကောင်း

www.burmeseclassic.com

www.burmeseclassic.com





ဆွက်ပြ

ပြန့်ဘို့ရေး လင်းလွန်းခင်စာပေ

အမှတ် ၄၉၊ ပထမထပ် (စ)၊ လိပ်ကန်လမ်း ၊ ပုဂွန်တောင်ပြိုနှယ် ၊ ရန်ကုန်ပြို။
ဖုန်း - ၀၁ - ၂၉၃ ၄၀၁ ၊ ၀၉ ၂၂၀ ၁၇၃၀ ၊ ၀၉ - ၄၂၁၇ ၁၉ ၇၁၂

www.burmeseclassic.com

www.burmeseclassic.com

သုစ ဓလွန်မြေတော ရုပ်စုံဟွတ်၊ အောက်တိုဘာ ၂၀၁၃

www.burmeseclassic.com

www.burmeseclassic.com

အမေ အိပ်ရာထဲ လဲသွားတာ
နောက်တစ်ပတ်ဆိုရင်
၄ နှစ်တင်းတင်း ပြည့်ပြီ။
မျက်လုံးတစ်ဖို့တ်ဆိုပေမဲ့ အိပ်ရာထဲ
လဲနေသူတစ်ယောက်အတွက်
ဆိုရင်တော့ ဘယ်လောက်
ကြာညောင်းလိုက်မလဲ မသိဘူး။
ဗုဒ္ဓက မသိခြင်းနဲ့ပတ်သက်တဲ့
အရာတွေကို ဟောထားခဲ့ပြီးပြီ။
ဘယ်လိုပုံစံနဲ့ သေကြရမလဲဆိုတာ
မသိနိုင်ကြဘူး။ ဘယ်အချိန်မှာ
သေမလဲဆိုတာလည်း မသိနိုင်ဘူး။
ဘမောင်တို့အသက် တဖြည်းဖြည်း
ရလာလေလေ...

ပုန်းမှားကို မြတ်သန်းရေးသော . . အမေ

ရွှေရင်လတ်

သတင်းစာထဲကြည့်လိုက်ရင်
ကိုယ့်ထက်ငယ်တဲ့သူတွေ
တဖြုတ်ဖြုတ်ကြွေလေဆိုတာကို
သတိတရ ထားမိရတယ်။
'ကံ'တွေ မပြတ်သေးသရွေ့
သံသရာ မပြတ်နိုင်ဘူးတဲ့။
အကြောင်းတွေကို
မဖြတ်နိုင်ရင်လည်း အကျိုးတွေကို
ရှောင်လွှဲလို့ မရတတ်ပြန်ဘူး။
စေ့စေ့တွေးကြည့်လေ
ထင်းထင်းမြင်လေပဲ။
ဘဝတစ်ခု
ဖြစ်လာတယ်ဆိုရင်ပဲ
အကြောင်းတစ်ခုပေါ်ကို
အခြေခံလို့ ဖြစ်လာရတာ၊
အနန္တဘဝများစွာထဲမှာ လူဘဝကို
ကံအကောင်းဆုံးသူတွေကျမှ
ရတတ်ကြတာလေ။
ကံကောင်းလို့ လူရယ်လို့

www.burmeseclassic.com

www.burmeseclassic.com

ဘာမောင် အမေ့ဘေးမှာရှိအောင် ကြိုး
စားပေးတယ်။ ညဘက် ၈း၀၀ နာ
လောက်ဆိုရင် ရှိသမျှအလုပ်တွေကို
ခဏထားပြီး အမေ့အခန်းကို ဘာမော
သွားတယ်။ နာ့စ်မလေးတွေကလည်း
တော်ရှုကြပါတယ်။ အမေ့ကို အမြဲတ
သန့်သန့်ရှင်းရှင်း သနပ်ခါးအဖွေးသား
တွေ့ရတယ်။

'အမေ နေကောင်းတယ်နော်'

တစ်ခါတလေတော့ အမေ
မျက်တောင်လေး ခတ်ပြတတ်တယ်။ ဒူ
နေကောင်းတယ်ပေါ့၊ စကားတော့ အမေ
မပြောနိုင်ရှာတော့ဘူး။ မျက်တော
လည်း တစ်ခါတလေမှ ခတ်ပြတတ်
တာ။ အမေ့ခုတင်ဘေးမှာချထားတဲ့
ကုလားထိုင်မှာ ဘာမောင်က ထိုင်လေ့
ရှိတယ်။ ပြီးရင် ဘေးတစောင်း အမေ့
အထားက အမေ့ လက်မောင်းလေးကို
သာသာဖွဖွလေး ပုတ်ပေးပြီး ပြန်မြော်
နိုင်တဲ့အမေ့ကို စကား နည်းနည်းပြော
ပေးတယ်၊ ပြီးရင် နာ့စ်မလေးတွေ
အဆင်သင့်ချထားပေးတဲ့ လက်တစ်ဝါး
လောက်ရှိတဲ့ အိတ်ဆောင် ပဋ္ဌာန်း
စာအုပ်လေးကို အမေ့ကိုပြပြီး ဘုရား
တရား၊ သံဃာ စိတ်ထဲမှာမှတ်ပြီး
တရားရှုဖို့ ဘာမောင်က ပြောတတ်
တယ်။ ပြီးရင် တတ်သလောက်၊ မှတ်
သလောက် နှုတ်က ရွတ်တယ်၊ အလွတ်
မရသေးတာကျတော့လည်း စာအုပ်ထဲ
ကိုကြည့်ပြီး ရွတ်ပေါ့။

ပြီးရင် အမေ့အတွက် ဆုတောင်း
ပေးတယ်၊ ပြီးရင် ဘာမောင်လည်း
တရားလေး ဘာလေး မှတ်ပေါ့။

တစ်ခါတလေကျတော့လည်း
လေးဆယ့်ငါးမိနစ်လောက် အကြာ
အမေ အိပ်ပျော်တတ်ပြီး၊ တစ်ခါတလေ
ကျတော့လည်း တစ်နာရီလောက်ကြာ
တောင် အမေ မအိပ်နိုင်တတ်သေးဘူး။

အမေ့ရဲ့ နောက်ဆုံးအချိန်တွေမှာ
ရသလောက် ကျေးဇူးပြုမယ်လေဆိုတဲ့
အသိကိုပဲ ရင်ထဲ ထားမိတယ်။ ဒါ
တော့ ဇရာ၊ ဒုက္ခ၊ ဝေဒနာတွေကို
က ငါ့ကို နောက်ဆုံး အခြေအနေ

အမေမဟာ
သူ့ရဲ့နေဝင်ချိန်ကို
ဖြတ်သန်းနေသူ
တစ်ဦးပါ
ကံနာဝင်္ဆနာပါလို့
လေဖြတ်ပြီး
အိပ်ရာထဲ
လဲနေခဲ့ပေမဲ့
အဆိုးထဲက
အကောင်းဖြစ်အောင်
ဘာမောင်တို့အားလုံး
ဝိုင်းဝန်းပံ့ပိုးပေးကြ
ပါတယ်

ပြောင်းဖို့ အခွင့်အရေး မရနိုင်ရှာခဲ့ဘူး။

❑

အမေ့ရဲ့ နောက်ဆုံးအချိန်တွေမှာ အမေ့အနား ဘာမောင် တစ်နေ့လုံး နေပေး ချင်ပေမဲ့ တကယ်တမ်းကျတော့ မနေနိုင်ခဲ့ပါဘူး။ အရင်တုန်းကလို ကုမ္ပဏီ အလုပ်တစ်ခုတည်းဆိုရင်တော့ ကိုယ့်ဘဝ၊ ကိုယ့်အချိန် ကိုယ်ပိုင်တာမို့ အမေ့အနားမှာ ဘာမောင် နေပေးနိုင်ပါလိမ့်မယ်။ အခုတော့ ခဏတာ ငါးနှစ်လောက်အတွင်း ကိုယ့်ဘဝကိုယ် မပိုင်၊ ကိုယ့်အချိန်ကိုယ် မပိုင်တာကြောင့် ဘာမောင် အမေ့အနားမှာ တစ်နေ့လုံး မနေနိုင်ခဲ့ပါ။ ဒါပေမဲ့လည်း ငြင်းမရ၊ ပြုမရ ဇာတ်ခံပွဲတွေ ရှိတဲ့ရက်တွေကလွဲရင်တော့ ညတိုင်း အမေ့အိပ်ချိန်မှာ

ဖြစ်လာကြတယ်။ ကံပိုကောင်းကြတဲ့ သူတွေများကျတော့ တင့်တင့်တယ်တယ်၊ မပူပင်၊ မကြောင့်ကြဘဲ နေနိုင်ကြပြန်ရော။ ကံသိပ်မမီချင်တဲ့သူတွေကျပြန်တော့လည်း တစ်နေ့စာဝမ်းအတွက် နေ့တိုင်း ပင်ပင်ပန်းပန်း ရုန်းကန်နေကြရရှာတယ်။ လူအဖြစ်အောင် မှတ်လေးရကြလို့ လူဖြစ်လာကြရတဲ့ သူအချင်းချင်းတောင်မှ ဆူကြိုနှိမ့်မြင့်က အများကြီးရယ်။

အဖေ့ဘက်က အဘွားက ဝေဒနာမခံစားလိုက်ရဘဲ ဆုံးသွားတယ်၊ ရေချိုးခန်းထဲမှာ ချော်လဲသွားရာကနေ နှလုံးလေဟပ်ပြီး ဆုံးသွားတာ။ အမေ့ဘက်က အဘွားကျတော့ ညဘက်အိပ်ရင်း ရင်ဘတ်ပေါ် လက်ကလေး တင်လျက်သားနဲ့ ဆုံးသွားတာ မနက်ကျမှ သိလိုက်ရတယ်။ ဝေဒနာခံစားလိုက်ရတဲ့ပုံမပေါ်ဘူး။ အတော် ဆုတောင်းကောင်းတယ်လို့ ပြောရမယ်။

အဖေကျတော့ အသည်းမှာ ကင်ဆာဖြစ်တယ်။ အဖေဆုံးတာ နှစ် ၄၀ လောက် ရှိသွားပြီ။ ကင်ဆာဆိုတော့ အတော်တော့ ခံလိုက်ရတယ်၊ ဓာတ်ကင်ရတော့ ဆံပင်တွေ ကျုတ်တယ်။ အစားကောင်းကောင်း မစားနိုင်ဘူး။ သူ့ရင်ထဲမှာ အတော်ကြီးပူနေတယ်နဲ့တူတယ်။ ပန်ကာဖွင့်ထားရတယ်၊ အဲဒီတုန်းက အဲယားကွန်းတွေ မရှိသေးဘူး။ အဖေဆုံးခါနီး သုံးလေးရက်မှာ ဝေဒနာက တော်တော်လေး မြင့်တက်လာတာ ဘာမောင် မှတ်မိနေသေးတယ်။ သက်သာရာသက်သာကြောင်း သူ့ တစ်ကိုယ်လုံးကို လက်အန်သေအောင် နှိပ်ပေးနေရတယ်။ ဒါလည်း သက်သာဟန် မပြခဲ့နိုင်ရှာဘူး။ မှတ်မှတ်ရရ မေလ ၂၄ ရက်နေ့၊ မိုးကလေးဖွဲဖွဲ ရွာနေတုန်းမှာပဲ ဘာမောင့်လက်ပေါ်မှာ အဖေ ဆုံးသွားခဲ့တယ်။

အဘွားနှစ်ယောက်လုံး ညည်ညင်သာသာနဲ့ ဘဝတစ်ပါး ကူးပြောင်းသွားနိုင်ကြပေမဲ့ အဖေ့အလှည့်ကျတော့ အဘွားတို့လို ညည်ညင်သာသာ ကူး

www.burmeseclassic.com

www.burmeseclassic.com

ဘရားတွေ ပြပေးနေပါလားလို့လည်း ဆင်ခြင်လိုက်တယ်။

အမေ အိပ်ရာထဲ လဲနေတာ ၄ နှစ်ရှိသွားပါပြီ။ အခုဆိုရင် စကားလုံးဝ မပြော မထွက်တော့ဘူး။ တစ်ခါတလေ ဦးဝါးဝါး၊ ဗလုံးဗထွေးနဲ့ ခပ်တိုးတိုး ဆွက်လာတာကိုလည်း ဘဲမောင်တို့ အဓိပ္ပာယ်ဖော်ဖို့ မရတော့ဘူး။ အမေ့ အဖြစ်က 'စေရာသွား' မဟုတ်ပေမဲ့ ဘကယ်ကို 'ထားရာနေ' ဘဝပါ။ ခြင်္ကိုက်ရင်တောင်မှ ခြင်္ကိုက်ခံရတဲ့ဘဝ၊ ဘစ်ဖက် လှည့်ချင်ရင်တောင်မှ သူ့ဆန္ဒကို ဆုတ်ပြောလို့ မရတော့တဲ့ ဘဝ၊ သူ ကိုယ်တိုင်လည်း လှည့်လို့၊ လူပ်လို့ သိပ်မရတော့တဲ့ဘဝ။

အမေ့နေရာကို ခဏလောက် ဘမောင်ဝင်ပြီး ခံစားကြည့်မိတယ်။ သက်ပြင်းချမိရုံကလွဲပြီး အချိန်တစ်ခု ကိုသာ စောင့်နေရပါလားလို့ပဲ ခံစားဖြစ် သွားရပါတယ်။

❑

ဘမောင်ရဲ့မိဘနှစ်ပါးလုံးက လူ သတ်တန်းစား၊ ဘမောင် တက္ကသိုလ် ကျောင်းသား ဘဝရဲ့အစဦးမှာ အဖေ ဆုံးရှာတယ်။ မုဆိုးမဖြစ်ကျန်ခဲ့တဲ့ အမေက ဘမောင်တို့ ညီအစ်ကိုမောင်နှမ ၄ ဦးလုံးကို မပူပင်၊ မကြောင့်ကြ အောင် ထားပေးခဲ့တယ်။ ပြန်စဉ်းစား ကြည့်ရင် သိပ်တော့ မလွယ်တဲ့ကိစ္စပဲ။ သားသမီးတွေကို စားဖို့၊ သောက်ဖို့ အတွက်လောက်သာ မိဘတွေက တာ နဲယူကြရတာ မဟုတ်ဘူး။ ဟိုချော်၊ ဒီလဲ့ လမ်းမှား မရောက်သွားကြ အောင် ပြုပြင်ထိန်းသိမ်းပေးကြရတာက အတော်ကြီးမားတဲ့ စိတ်ပင်ပန်းမှု တစ်ခု ပါ။ အထူးသဖြင့် ပညာရေးမှာ သိပ်ပြီး ဆုံးချွန်တဲ့ အငယ်ဆုံး ညီမလေး အတွက် အမေ စိတ်ပင်ပန်းတတ်သလို၊ ညမိုးချုပ်မှ ပြန်ပြန် ရောက်တတ်တဲ့ အကြီးဆုံးသား ဘမောင်အတွက်လည်း အမေ စိုးရိမ်စိတ်တွေကြီးခဲ့မှာ အမှန်ပါ ပဲ။ စိတ်ဆတ်ပြီး မကြာခဏ ရန်ဖြစ် တတ်တဲ့ ညီအငယ်အတွက်လည်း အမေ ကောင်းကောင်း အိပ်ပျော်ခဲ့ဟန် မတူ ဘူး။ ပြည် ဂျီတီအိုင်မှာသွားပြီး ကျောင်းတက်နေတဲ့ ဘမောင့်အောက်က သူသားအလတ်အတွက်လည်း အမေက စိတ်ပူနေမှာ အသေအချာပါပဲ။

အဲဒီလို သားသမီးတွေအပေါ် အမေ ပူပန်ခဲ့ရတဲ့ ကာလတွေဆိုတာ တစ်နှစ်၊ နှစ်နှစ်မှ မဟုတ်တာရယ်။ ကျွေးဖို့၊ မွေးဖို့ထက်ကို သားသမီးတွေ ရဲ့ အနာဂတ်ကို စိတ်ပူပန်နေရတဲ့ မိဘ တွေရဲ့ စိတ်ပိုင်းဆိုင်ရာ ခံစားမှုကို ဘ မောင်တို့ကိုယ်တိုင် မိဘဘဝရောက်မှ ပိုပြီး ကိုယ်ချင်းစာတတ်လာခဲ့ပါတယ်။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေးဘူး။ စစ်ထဲဝင်သွားတဲ့ ဘမောင်ကို အမေ အမြဲတမ်း ပူပန်နေရတာတွေကိုလည်း နောက်တော့ ကိုယ်ချင်းစာမိပြန်တယ်။ စစ်သားဆိုတာ ပန်းနဲ့ကစားကြရသူတွေ မှ မဟုတ်တာ၊ ကျည်ဆန်ဆိုတာလည်း လေထဲမှာချည်း အမြဲတမ်း ပျံဝဲနေတဲ့ အရာ မဟုတ်ဘူးလေ။ ရှေ့တန်းမှာ ခင်း ထားတဲ့ မိုင်းတွေဆိုတာကိုလည်း ခြေ မျက်စိက အမြဲတမ်း တွေ့နေနိုင်တာ မဟုတ်ပြန်ပါဘူး။ ဘမောင့်ဆန္ဒကို တားလို့ မရပေမဲ့ ဘမောင် စစ်ဗိုလ် တစ်ဦးဖြစ်ပြီဆိုကတည်းက နောက်ဆုံး အငြိမ်းစားယူတဲ့အထိ အမြဲ ပူပန်ပေး နေရတာက အမေပါ။ မနက်တိုင်း၊ ည တိုင်း၊ ဘုရားရှိခိုးတိုင်း ဘမောင် အတွက် အမေ ဘုရားမှာ ဆုတောင်းပေး နေရတယ်လို့ ပြောဖူးတာ ဘမောင် ပြန် အမှတ်ရမိသေးတယ်။

ဘမောင်ရဲ့လစာကို အမေ မခံစား လိုက်ရဘူး။ တပ်ကသာ အငြိမ်းစား ယူတယ်။ ရိက္ခာဆိုတာကို အမေ ဘာ မှန်း ကောင်းကောင်း မသိခဲ့ရဖူးဘူး။ ဘမောင်တို့တုန်းက လစာက ၄၅၀ ကျပ်လေ။ ဘားဆုံးတော့ ၇၀၀ ကျပ်။ နိမ့်ပါးတဲ့ ရဲဘော်တွေကို ရိက္ခာပေးရင်း၊ လစာမျှဝေရင်း ကိုယ်တိုင် သုံးစရာ မကျန်လို့ အမေ့ဆီ လှမ်းလှမ်းပြီး ငွေပို့ ခိုင်းတတ်ပါတယ်။ ဘယ်တော့မဆို မညည်းမညူ၊ မမေးမစမ်းဘဲ အမေက ငွေ ပို့ပေးတတ်တယ်။ ဘမောင်တို့ ဘယ် အရွယ်ရောက်ရောက် သားတွေရဲ့ အလှည့်ဆိုတာကို ဘယ်တုန်းကမှ တွေး မထားတဲ့ အမေပါ။ သားသမီးတွေကို သူ တတ်နိုင်တဲ့ဘက်က အမြဲတမ်း ဖြည့်ဆည်းပေးနေချင်တဲ့ အမေပါ။

တစ်ခါတလေ သိတတ်လို့ ခေါက်ဆွဲကြော်လေး တစ်ပွဲလောက် အမေ့အတွက် ဝယ်လာရင်ကိုပဲ အမေ မျက်အိမ်က ရွှန်းရွှန်းဝေနေတော့တာပဲ။ အဲဒီခေါက်ဆွဲကြော်လေးတစ်ပွဲကိုပဲ ဘမောင်တို့ကို လူလားမြောက်တဲ့အထိ ပြုစုပျိုးထောင်၊ အပင်ပန်းခံခဲ့တဲ့ အမေ့ ပင်ပန်းမှုတွေနဲ့ အလဲအလှယ်လုပ်ခဲ့တဲ့ အမေပါ။

❑

ဘမောင် စီးပွားရေးသမားဖြစ် အောင် တွန်းအားပေးခဲ့တာ အမေပါ။

အမေက ဘမောင်ကို တက္ကသိုလ်မှာ ဆရာ လုပ်စေချင်တယ်။ သူ့မောင်က ကထိက တစ်ဦးကိုး။ ဘမောင်က စီး ပွားရေးကို ခပ်စမ်းစမ်း လုပ်ကြည့် တယ်။ သူများတွေကို ကိုယ့်စိတ်နဲ့ ရိုင်း တော့ နောက်ဆုံး ဒဏ်ရာရခဲ့တာက ဘမောင်ပဲ။ လေးငါးခါလောက်ဆို တော့ ဘမောင် စီးပွားရေးလုပ်ရတာကို သွေးလန့်သွားသလို ဖြစ်သွားတယ်။ အဲ ဒါကို အမေက သတိထားမိခဲ့တယ်။ ဘမောင်ကို အမေက စီးပွားရေး မလုပ် စေချင်ပေမဲ့ စီးပွားရေးမှာ စိတ်ကျသွား တာကိုတော့ အမေက မကြည့်ရက်နိုင် ပြန်ဘူး။

'ဘာတတ်နိုင်မလဲ သားရယ်။ မင်း လောင်းကစားလုပ်တာမှ မဟုတ် ဘဲ။ ငယ်သေးတော့ လူတွေအကြောင်း ကို မင်း ဘယ်သိနိုင်ဦးပဲ့မလဲ'

အမေက ဘမောင်ရဲ့ စိတ်ခွန်အား ပါ။ အမေသာ အဲဒီတုန်းက ဘမောင်ကို နောက်ဆုံး ကျည်တစ်တောင့် ထပ်ပြီး မပေးခဲ့ရင် ဒီနေ့လို ဘမောင် စီးပွားရေး လုပ်ငန်းရှင်တစ်ဦးဖြစ်လာစရာမရှိဘူး။

'သားကြီးလိုတဲ့ ငွေကို အမေ ထုတ်ပေးမယ်။ အားလုံးကို ကိုယ့်လိုလူ

www.burmeseclassic.com

www.burmeseclassic.com

လို့ မတွက်နဲ့။ ပကတိကို ပကတိလို့ပဲ မြင်၊ ဖြစ်နိုင်တာတွေကို စေ့စေ့စပ်စပ် တွေးပြီးမှ လုပ်'

အမေပေးတဲ့ အဲဒီစိတ်ဓာတ်ကျည် ဆန်က သေနတ်ရဲ့ မောင်းတံကို လက်ညှိုး ဘယ်လိုကွေးရမယ်ဆိုတာ ဘမောင် သိသွားတယ်။ အဲဒီ ဆယ်ကျော်သက်က စလိုက်တဲ့လုပ်ငန်းတွေမှာ အပယ်ကတွေကလွဲလို့ ဒီနေ့အထိ ဘမောင်လုပ်ငန်းတွေမှာ မရှုံးတော့ဘူး။ လုပ်ငန်းတိုင်းကို လုပ်ရဲသွားသလို၊ လုပ်ငန်းတွေကိုလည်း တွက်ချက်တတ်သွားတယ်။ လူတွေကိုလည်း ပြန်မပြောရင်သာ နေရမယ်၊ လေသံဟလိုက်တာနဲ့ ဘာရည်ရွယ်ချက်ရှိနေသလဲဆိုတာ သိနိုင်လာခဲ့ပါတယ်။ ဘမောင် စီးပွားရေး တစ်ဟုန်ထိုး တိုးတက်လာတဲ့တိုင် အောင် အမေ့အနေနဲ့ ဘမောင်ဆီက ဘာမှ မမျှော်လင့်ခဲ့ဘူး။ မတောင်းဆိုခဲ့ဖူးဘူး။ သူ့အတွက် ဝယ်သွားတဲ့ အစား အသောက်လေးပေါ်မှာပဲ 'အလိုက်သိတတ်တယ်'ဆိုပြီး ကျေနပ်နေနိုင်ခဲ့တယ်။

❑

အဖေက အသက် ၅၂ နှစ်မှာ ဆုံးသွားတယ်။

ဘမောင် အသက် ၅၀ လောက် တုန်းက ဘမောင်ကို အမေ မကြာခဏ ပြောဖူးတာ သတိထားမိတယ်။

'သားကြီး ကျန်းမာရေး ဂရုစိုက်နော်၊ ကျန်းမာရေးထက် ပိုပြီး အရေးကြီးတာ ဘာမှမရှိဘူး'

အဲဒီ သတိပေးစကားကို အမေ မကြာခဏ ပြောတတ်တယ်။ နောက်တော့မှ ဘမောင် သဘောပေါက်လာခဲ့ပါတယ်။ ကင်ဆာဆိုတာ မျိုးရိုးလိုက်တတ်တယ်လို့ အမေက သိထားတယ်လေ။ အဖေက အရွယ်ကောင်းစဉ်မှာ ဆုံးသွားတော့ အဖေ့အရွယ် မရောက်ခင်မှာ အမေက ဘမောင်အတွက် စိုးရိမ်လာတယ်။ တဲ့တိုးကြီးလည်း ဖွင့်မပြော ရက်တော့ ကျန်းမာရေးကိုပဲ ဂရုစိုက်ဖို့ အမေက ဘမောင်ကို တတွတ်တွတ်

'ဘယ်အချိန် ဘယ်တော့' ဆိုတာကို မသိကြတဲ့ အတွက်ကြောင့် အမေ့ ခရီးဆုံးကို မျှော်မှန်းပြီး ဘမောင်တို့အား လုံး အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားနေကြပါတယ်

မှာတတ်တယ်။

နောက်တော့မှ ဇနီးသည်ကို အမေက ဖွင့်ပြောဖြစ်တယ်။

'သမီးကြီး သားတို့ အဖေက ခပ်ငယ်ငယ်နဲ့ ဆုံးခဲ့တာ။ အခု သူလည်း သူ့အဖေအရွယ် ရောက်တော့မယ်။ ကင်ဆာဆိုတာ မျိုးရိုးလိုက်တတ်တယ်လို့ အမေ သိထားတယ်။ သူ့ကို ဆေးမှန်မှန် စစ်ပေးဦးနော်'

ဇနီးသည်ဆီက တစ်ဆင့် အမေ့ စိုးရိမ်စိတ်ကို ဘမောင်က သိလာတော့ အမေ့ ပူပန်မှုတွေကို ပြန်ပြီး ဖြေသိမ့်ရပါတယ်။

'အမေရယ်...သိပ်ပြီးလည်း ပူမနေပါနဲ့၊ မျိုးရိုးလိုက်တတ်တာပါ။ ဖြစ်ရမယ်လို့လည်း ဆေးပညာမှာ ပြော

မထားပါဘူး။ကျန်တော့်အတွက် အမေ စိုးရိမ် မနေနဲ့၊ အမေသာ ကျန်းမာအောင် နေ'

ကဲ ကြည့်ပါဦး၊ အသက် ၅၀ အရွယ်ဆိုတာ ငယ်တဲ့အရွယ်တော့ မဟုတ်ဘူး။ အဲဒီအရွယ်အထိကို အမေက ဘမောင်အတွက် ပူပန်ပေးနေရတာတုန်းပဲ။ မိဘမေတ္တာဆိုတာ ဒါကြောင့် ဘနဲ့မှ တုန့်ပြန်လို့ မရဘူးလို့ ပြောတာ။

အခုတော့ ဘမောင်လည်း ခြောက်ဆယ်တမ်း ရောက်လာခဲ့ပြီ။ အမေလည်း ၈၆ နှစ်ဆိုတဲ့ ဇရာကို ရောက်သွားပြီ။ အမေ့ဘဝက အိပ်မက်ကောင်းတွေကို မမက်ခဲ့ရတဲ့ ဘဝပါ။ သားသမီးတွေအတွက် ပူပေး၊ ပန်ပေးရင်း နောက်ဆုံး သူကိုယ်တိုင် အိပ်ရာထဲ လဲသွားခဲ့ရတဲ့ အဖြစ်။

အခုအမေ စကားမပြော နိုင်တော့ပေမဲ့ အမေ့ရင်ထဲမှာ သူသားသမီးတွေအတွက် ဘယ်လောက် ပူပန်ပေးနေဦးမလဲ မသိသေးဘူး။ သူခံစားချက်၊ သူ့ပူပန်မှုတွေကို ပေါ့ပါးသွားအောင် အခုဆိုရင် ဖွင့်တောင် မပြောနိုင်တော့ပါလား အမေရာ။

❑

အဖေ့ဘက်က အဘွားဆုံးတော့ အသက် ၈၆ နှစ်၊ အမေ့ဘက်က အဘွားဆုံးတော့လည်း အသက်က ၈၆ နှစ်၊ ဇနီးသည်ရဲ့အမေ ဆုံးတော့လည်း အသက် ၈၆ နှစ်မှာပဲ၊ ဘမောင် အထဲထဲကို ၈၆ ဆိုတဲ့ ကိန်းဂဏန်းက ရောခြည်း ရောက်လာတယ်။ အမေ့အသက်လည်း အခုဆိုရင် ၈၆ ထဲမှာ။

ဘမောင်အတွေးထဲ ရုတ်တရက် ရောက်လာတဲ့ အဲဒီ ကိန်းဂဏန်းကို အတင်း မောင်းထုတ်ပစ်လိုက်မိတယ်။

အမေ့ကျန်းမာရေးက အခုရက်ပိုင်း အတွင်းမှာ တဖြည်းဖြည်းကျလာတာ သတိထားမိလောက်တဲ့ အခြေအနေရောက်ပြီးခဲ့တဲ့ လေးငါးရက်ကစပြီး ထုံးအတိုင်း အမေ့ အခန်းဝင်ပြီး၊ သားချိန် နံဘေးက ခုံမှာ ထိုင်တော့...

www.burmeseclassic.com

www.burmeseclassic.com

ကာ ဘမောင်ကို မျက်တောင် မခတ်တမ်း ကြည့်နေတတ်ရာတယ်။ တစ်ခုခုပြောချင်မှန်း ဘမောင် သိနေပေမဲ့ အမေကားမပြောနိုင်တာ ၃ နှစ်လောက် ရှိသွားပြီလေ။ တစ်ခါတလေမှ ထွက်သာတဲ့ စကားသံကို အဓိပ္ပာယ်ဖော်လို့ မရအောင် လုံးလုံးထွေးထွေး ဖြစ်နေတာဆောင် တစ်နှစ်ကျော်ကျော် ရှိသွားပြီ။ အခုဆိုရင် လုံးလုံးထွေးထွေးနဲ့ အဓိပ္ပာယ်ဆောင်မရတဲ့ စကားတောင် အမေ မပြောတော့ဘူး။

'အမေ နေကောင်းလား...'

သုံးလေးခါလောက်မေးမှ အမေက အားအင်ချည့်နဲ့တဲ့ မျက်တောင်လေး တစ်ချက်ခတ်ပြတယ်။

'အမေ ဘာပြောချင်လဲ ဟင် ...'

အမေ မျက်တောင်လည်း မခတ်တော့။ မျက်လုံးလည်း မှိတ်မပြပါဘူး။ ဘမောင်ကို စူးစူးလေးကြည့်နေရာက နောက်ပြီး မျက်နှာကြက်ကို မျက်လုံးလေး ဝှေ့ပြီး ကြည့်တယ်။ တော်တော်ကြာကြာကြီးကို ကြည့်နေတာ၊ အခါတိုင်း အမေ အဲသလို ကြည့်လေ့ မရှိဘူး။

'အမေ ဘာကို ကြည့် နေတာလဲ၊ ကျွန်တော် ဒီမှာ ရှိတယ်လေ...'

လေးငါးခါလောက် ပြောလွန်းကာပြောမှ အမေက ဘမောင်ကို ပြန်ကြည့်ရှာတယ်၊ ခဏပဲ...၊ ပြီးတော့ မျက်နှာကြက်ကိုပဲ ပြန်ပြီး ငေးကြည့်နေတယ်။

'အမေ မျက်လုံးလေး မှိတ်ထားပြီး ဘုရား၊ တရား၊ သံဃာကိုပဲ အာရုံပြုထားနော်။ ကျွန်တော် အမေ့အတွက် ဆုတ်ပေးမယ်'

ဘမောင်က လက်တစ်ဝါးဆောက်ရှိတဲ့ စာအုပ်နီညိုရောင်လေးကို ဆောင့်ပြရင်း အမေ့ကို ပြောလိုက်တယ်။ အဲဒီစာအုပ်က အမေနဲ့ သိပ်ရင်းနှီးနေတဲ့ စာအုပ်။ အမေ ကျန်းမာရေးဆောင်းတုန်းကဆိုရင် အဲဒီစာအုပ်လေးထဲက ပရိတ်ကြီး၊ မဟာပဋ္ဌာန်း၊ ဓမ္မစကြာ၊ မဟာသမယ၊ ဓာရဏာပရိတ်ဆောတွေကို ရွတ်နေကျ။ အမေ့အိပ်ချိန်မှာ ဘမောင်က အမေ့နားထိုင်ရင်း အဲဒီစာအုပ်လေးထဲက အမေရွတ်ခဲ့တာတွေကို နေ့တိုင်း ရွတ်ပေးတတ်တယ်။ တစ်ခါတလေ လေးဆယ့်ငါးမိနစ်လောက်အကြာမှာ အမေ အိပ်ပျော်သွားတတ်ပြီး တစ်ခါတလေ တစ်နာရီလောက် ကြာတတ်တယ်။ အမေအိပ်ပြီဆိုမှ အမေ့အခန်းထဲက ခြေဖျော့ဖျော့နဲ့ ပြန်ထွက်ပြီး အိမ်ကို သယ်လာတဲ့အလုပ်တွေကို ဘမောင် ဆက်ပြီး လုပ်တတ်ပါတယ်။

အခါတိုင်းဆိုရင် ဘမောင် ထောင်ပြလိုက်တဲ့ စာအုပ်လေးကို အမေက ကြည့်ရင်း၊ ဘမောင်က ရွတ်ဖတ်ရင်း အမေအိပ်ပျော်လေ့ ရှိတတ်တယ်။ အခု အမေက အဲဒီစာအုပ်ကို တစ်ခဏလောက်ပဲ ကြည့်ပြီး မျက်နှာကြက်ကိုပဲ ပြန်ပြီး ကြည့်နေပြန်ပါတယ်။ မျက်နှာကြက်ကိုကြည့်နေတဲ့ အမေ့မျက်လုံးတွေက စူးစူးစိုက်စိုက်ရှိပြီး၊ ကြည်ကြည်လင်လင် ဖြစ်လာတာကို ဘမောင် သတိထားမိတယ်။

အဲသလို အမေ ပြောင်းလဲလာတာ လေးငါးရက်လောက်ရှိသွားပြီ။

ဘမောင် အတွေးတွေက နည်းနည်း ယောက်ယက်ခတ်ရတယ်ပေါ့လေ။ ❑

တကယ်တော့ လူတွေဟာ မတည်မြဲခြင်းဆိုတဲ့ တရားကို ဘယ်သူတွေမှ မလွန်ဆန်နိုင်ကြပါဘူး။ တစ်ချိန်ချိန်လျှောက်ရမယ့်လမ်း၊ သွားရမယ့် ခရီးလည်း ဖြစ်ပါတယ်။ ဘယ်လို ဖြတ်သန်းခွင့် ရကြမလဲဆိုတာပေါ်ပဲ မူတည်ပါတယ်။ ဘာပဲပြောပြော အမေ့ကို ဝန်ထမ်းဘဝမှာ ပစ်ထားခဲ့ရသမျှ အခု အိမ်ခေါ်ထားပြီး လိုလေသေးမရှိ ပြုစုပေးနိုင်ခဲ့တာကိုက ကံထူးတယ်လို့ ခံယူမိပါတယ်။ ဆရာဝန်ကြီးတွေကတော့ 'အပြုစုကောင်းလို့ ဒီလောက်ခံနေတာ' ဆိုပြီး မှတ်ချက်ပြုပါတယ်။ အဓိကကတော့ ဘမောင်ရဲ့ ဇနီးသည်ပါ။ ဘမောင်က အလုပ်တစ်ဖက်နဲ့ဆိုတော့ အမေ့ကို သိပ်မကြည့်နိုင်ဘူး။ သာမန် ကုမ္ပဏီအလုပ်၊ ငွေရှာရုံသက်သက်ဆိုရင် ဘမောင် ပစ်ထားလို့ရပါတယ်။ ကြီးလေးတဲ့တာဝန်တစ်ရပ်ကို ထမ်းဆောင်နေရပြီး အများရဲ့ အကျိုးဖြစ်ထွန်းမှုနဲ့ သက်ဆိုင်နေတဲ့ အလုပ်မျိုးဖြစ်တာကြောင့် အမေ့ထက် အဲဒီ အလုပ်ကို ပိုပြီး ဘမောင် ဦးစားပေးခဲ့ရပါတယ်။ အမေ့မှာကိုက ဘမောင် သူ့အနား သိပ်မရှိစေရတဲ့ကံ ပါလာသလား၊ ဒါမှမဟုတ် ဘမောင်ကပဲ တာဝန် မကျေနိုင်တာလား...ဝေခွဲလို့ မရနိုင်ခဲ့ဘူး။

အမှန်အတိုင်းပြောရရင် ရန်ကုန်မှာရှိနေတဲ့ ကာလလေးမှာပဲ အမေ့အခန်းထဲ ဘမောင် တစ်ခေ့ လေးဆယ့်ငါးမိနစ်၊ တစ်နာရီလောက် ရောက်ပြီး နှမ်းဖြူးရတဲ့ သဘောပါ။ ဇနီးသည်က ဘမောင်ကိုယ်စား အမေ့ ကျန်းမာရေးဆိုင်ရာ အားလုံးကို သူ့အမေတစ်ယောက်လို စီစဉ်ပေးတယ်။ ဘမောင်ရဲ့ ညီနဲ့ ညီမတွေကလည်း ဆေးနဲ့ ဆေးရုံကိစ္စတွေကို အချိန်မှန်မှန် လုပ်ကိုင်ပေးကြပါတယ်။

ဘမောင် အချိန်ရလို့ တရားလေးထိုင်ဖြစ်တဲ့အချိန်မှာ တစ်ခုပဲ ဆုတောင်းဖြစ်ပါတယ်၊ အမေ့အတွက်ပါ။

'အမေ့အနေနဲ့ မနာမကျင်၊ ဝေဒနာမခံစားရဘဲ တရားထူးတရားမြတ်ကို ရရပါစေလို့၏။'

ကိုယ့်အတွက် ဆုတောင်းနေရင် အမေ့အတွက် ပေါ့သွားမှာစိုးလို့။

အမေဟာ သူ့ရဲ့နေဝင်ချိန်ကို ဖြတ်သန်းနေသူ တစ်ဦးပါ။ ကံနာဝဠ်နာပါလို့ လေဖြတ်ပြီး အိပ်ရာထဲ လဲနေခဲ့ပေမဲ့ အဆိုးထဲက အကောင်း ဖြစ်အောင် ဘမောင်တို့အားလုံး ဝိုင်းဝန်းပံ့ပိုးပေးကြပါတယ်။

'ဘယ်အချိန်၊ ဘယ်တော့' ဆိုတာကို မသိကြတဲ့ အတွက်ကြောင့် အမေ့ခရီးဆုံးကိုမျှော်မှန်းပြီး ဘမောင်တို့ အားလုံး အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်ဖို့ ကြိုးစားနေကြပါတယ်။

ပြောရရင်...ဘမောင်တို့ရဲ့ အမေ့

www.burmeseclassic.com

အပေါ် ကျေးဇူး တုံ့ပြန်မှုက ဘာမှ စာဖွဲ့ စရာရှိမှာ ဟုတ်လိမ့်မယ် မထင်ပါဘူး။ ဘမောင်တို့ မောင်နှမ ၄ ယောက်ကို လူတစ်လုံးသူ တစ်လုံးဖြစ်အောင် မုဆိုးမဘဝနဲ့ ရုန်းကန်ခဲ့ရတာတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဘာမှဆို ဘာမှ ဟုတ်မှာ မဟုတ်ပါဘူး။ သားသမီးတွေကို ကျွေးဖို့၊ မွေးဖို့ထက် ဘမောင်တို့ရဲ့ အနာဂတ်တွေကို ပူပန်နေရတာ တစ်ခုတည်းကိုက နည်းတဲ့ပူပန်မှု၊ စိတ်ဆင်းရဲမှုကြီး မဟုတ်ဘူးဆိုတာ သိသာလှပါတယ်။ အမေ့ကို ဘမောင်တို့ ပြန်ကြည့်ရတဲ့ အခါကျတော့... ဘယ်မှ မသွားတတ်တဲ့ အမေ့အတွက် ပူပန်စရာ ဘာမှ မရှိကြပါဘူး။

'ဘာစားချင်တယ်၊ ဘယ်သွားချင်တယ်' ဆိုတာ မရှိတဲ့ အမေ့အတွက် ဘမောင်တို့ ဒုက္ခတော်တော် ငြိမ်းကြရပါတယ်။

သားသမီးတွေကို ဒုက္ခ မပေးတတ်တဲ့ အမေပါ။

သားသမီးတွေကို ပူပန်မှု မမျှဝေတတ်တဲ့ အမေပါ။

သားသမီးတွေကို မုဆိုးမဘဝနဲ့ ဒုက္ခကို ရင်ဆီးခံပြီး ပျိုးထောင်လာခဲ့တဲ့ အမေပါ။

အဲသလို ကျေးဇူးကြီးခဲ့တဲ့ အမေဟာ... အခုလည်း... သူကိုယ်တိုင် ဝေဒနာခံပြီး တရားပြပေးနေပါလေရဲ့။ အမေ့ကို နေ့စဉ် ကြည့်ပြီး... ဘမောင် ဒုက္ခသစ္စာကို နေ့စဉ် ရှုနိုင်နေရပါတယ်။ အမေဟာ သူ့နောက်ဆုံး နေဝင်ချိန်ကို ဖြတ်သန်းနေရဆဲမှာတောင် ဘမောင်ကို နောက်ဆုံး သံဝေဂကျေးဇူးတွေ မျှဝေပေးနေတုန်း ဖြစ်ပါတယ်။

❑

မှတ်မှတ်ရရ... လွန်ခဲ့တဲ့ ၁၀ နှစ် ကျော်လောက်တုန်းက ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်လမ်းက တိပိဋကဓမ္မ ရက္ခိတကျောင်းမှာ ဆွမ်းကပ်နေတုန်း အမေက ဘမောင်ကို ပြောဖူးတာ အမှတ်ရမိပါသေးတယ်။

'သားကြီး... မင်း အသက်တောင် ငါးဆယ်ရှိသွားပြီနော်... ကျန်းမာရေးကို ဂရုစိုက်၊ ကြားလား'

ဘမောင့်အဖေက ၅၂ နှစ်မှာ ဆုံးခဲ့တယ်လေ။ ဘမောင် ၅၂ နှစ်ရောက်ခါနီးတော့ သူ့အသက်၊ သူ့ကျန်းမာရေးကိုတောင် ဂရုမထားဘဲ အမေ ဘမောင်အတွက် စိုးရိမ်ပေးနေတာ။

အခု အမေက ၈၆ နှစ် ထဲရောက်လာပြီ၊ အဘွားနှစ်ယောက်နဲ့ ယောကျ်ားကြီးတွေက တိုက်တိုက်ဆိုင်ဆိုင် ၈၆ နှစ်မှာပဲ ဆုံးသွားကြတာ...၊ ဘမောင် အလှည့်ကျတော့ အမေ့ကို ဘယ်လိုခြေရာမလဲ မသိဘူး။ နှုတ်က မထွက်ဝံ့ ရင်ထဲကပဲ အကြိမ်ကြိမ်ပြော ဖြစ်နေပါတယ်အမေ....။

အမေက... သူ့ကျန်းမာရေး၊ သူ ဂရုမစိုက်နိုင်တော့တဲ့ အခြေအနေပါ။ အမေ့ကိုယ်စား ဘမောင်တို့ကပဲ အမေ့ကျန်းမာရေးကို ပိုပြီး ဂရုစိုက်ပေးသင့်ရတော့မှာပေါ့....။ နောက်ဆုံးအချိန်တွေအထိ 'ဘဝတစ်ခုဖြစ်လာရခြင်း'ရဲ့ သစ္စာလေးပါးကို ဘမောင်တို့ အနီးကပ်မြင်ရအောင် ပြပေးနေတဲ့အတွက် အမေ့ကျေးဇူးတွေဟာ... ဆပ်လို့ မကုန်နိုင်လောက်အောင်ပါပဲ... အမေရယ်...။

■ နေဇင်လတ်

သင့်ရင်သွေးနာမည်ပေးမယ်ဆိုရှာ "မှုလပဏ

ကွန်ပျူတာဖေဒသရေ

မှာ

အပ်နှံမှ စိတ်ချရမယ်။ ပုန်းတစ်ချက်သာ ဆက်လိုက်ပါ

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘဝတစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် တြိစက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

ဒေါက်တာတင်ဇိုလ်ဇိုလ် (နာမကျော ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာထပ်၊ အထုပ်ပြို့နယ်၊ ရန်ကုန်ပြို့။

ဖုန်း-၀၁-၂၂၀၆၅၅၊ ၀၉-၇၃၀၇၇၇၃၊ ၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com

www.burmeseclassic.com

www.burmeseclassic.com

ကသီပန်

ဗိုင်းရင်းဆေးဝါး
ထုတ်လုပ်ရေး

ကေသီပန်
မြတ်သုခ
အမှတ်တံဆိပ်
အဆီကျဆေး

MR 002397 (0314)

အဝလွန်၍ စိတ်ညစ်နေသူများ နှင့်
ဗိုက်ပူခါးတုတ်၍ အလိုမကျဖြစ်နေသူများအတွက်
သွေးထဲမှ မလိုအပ်သော အဆီများကို ပယ်ထုတ်ပေးပြီး
ဆူပြိုးနေသော ကိုယ်ခန္ဓာကို အဆီကျကျစ်လျစ်လှပ သွားစေရမည်။

- ကေသီပန်သွေးပုပ်ချဆေး
- ကေသီပန်ဝမ်းပျော့အကြောပြေဆေး
- ကေသီပန်ဆေးပရုတ်ဆီ
- မင်းသုခ ခေါင်းကြည်ရုပ်ပေါ့ဆေး
- ရွှေသွေး သူငယ်နာရင်လူးဆေး
- ထူးရှယ် ဒဏ်ကျေလိမ်းဆေး
- မြတ်သုခ အဆီကျဆေး

မြတ်ချမ်းသာဆေးတိုက်
အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း၊ ၀၁-၅၁၀၃၆၇၊ ၅၁၁၆၈

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြင်ကွင်းမျိုး မကြုံတွေ့ခဲ့ဖူးပါ။ အိမ်မှာ လာစေကြတဲ့ ငှက်တွေက ငှက်မျိုးစုံတယ်။ စာကလေးအရောင်အရွယ် အမျိုးစုံ၊ ချိုး၊ ဗိတောက်ဝို့၊ ဇွေ့၊ ညောင်းငှက်၊ ဝတ်ရည်စုပ်ငှက်၊ ပြတ်၊ ဗွတ်ဖင်နီ၊ ကြက်တူရွေး၊ ကျီး၊ ရှားပါးအမည်မသိ ငှက်မျိုးစုံ။ ထူးခြားတာက ဒီတောင်ပေါ်ဒေသမှာ ဆက်ရက်(ဧရက်)ငှက် မတွေ့ရပါ။ ရာသီအလိုက်ဆိုသလို ငှက်တွေကလည်း ပြောင်းလဲတွေ့နေရပေမဲ့ အိမ်မှာ ငှက်တွေက ပြတ်တယ်ရယ်မရှိ။ လေးဒဂ္ဂကိုယ်စီနဲ့ ငှက်တွေကို ခြွေခွာတ်တော်မူတတ်တဲ့ သူကောင်းသားကလေးတွေ လာရင်လည်း မောင်းထုတ်ရတာ မကြာဘူး။ လေထဲမှာ အဟန့်အတား အဝိုင်းအခြားမရှိ ပျံဝဲကျက်စားတတ်တဲ့ ငှက်သတ္တဝါမျိုးကိုမှ ပစ်ခတ်၊ ဖမ်းဆီး စားသောက်တတ်ကြတဲ့ လူအချို့ရဲ့ အကျင့်ကို နားမလည်နိုင်သလို၊ ငှက်ကိုမှ လှောင်အိမ်ထဲ မွေးထားတတ်ကြတဲ့ အကျင့်စရိုက်တစ်ခုကိုလည်း ဘယ်လို

ညက ကမ္ဘာ့ဖလား ဗိုလ်လုပွဲကြည့်ခဲ့တာမို့ အိပ်ရာထနောက်ကျတာကြောင့် ဒီမနက် ငှက်တွေ ပိုလို့ ဆူညံနေကြတယ်အထင်နဲ့ အိမ်တံခါးကို ကဗျာကယာဖွင့်၊ မီးဖိုချောင်ကို ခပ်သွက်သွက်ကူးပြီး ထမင်းအိုးထဲက ထမင်းကြမ်းခဲ လက်တစ်ဆုပ်စာ ခူးတဲ့လို့ ရေနည်းနည်းဆွတ်၊ ကျွေးနေကျဇြီထောင့်က သစ်ငုတ်တိုရှိရာ ကသောကမျောရောက်သွားချိန်မှာတော့ မြင်ရတဲ့ မြင်ကွင်းကြောင့် အံ့သြသွားရတယ်။ ခရီးရက်ရှည် ထွက်ချိန်ကလွဲ ဒီလိုငှက်တွေကို မနက်၊ ညနေ အစာကျွေးခဲ့တာ နှစ်နှစ်ပဲကျော်ခဲ့ပြီ။ နေ့စဉ်ဝတ္တရားတစ်ခုလို အချိန်ပေါ်မူတည်လို့ ရံခါစော၊ ရံခါနောက်ကျတတ်တာကလွဲ မဖျက်ကွက်ခဲ့စဖူးပါ။ တစ်ခါဖူးမှလည်း ဒီလို

www.burmeseclassic.com

www.burmeseclassic.com

မှ မုဒိတာမထားတတ်တာက ကျွန် တော့် ရဲ့ မွေးရာပါ စရိုက်တစ်ခုပါ။ ငှက်တွေကို ကျွန်တော်ချစ်တယ်။ အိမ်လာ စားကြတဲ့ ငှက်တွေထဲမယ် အခုတွေ့နေရတဲ့ ငှက်မြီးရှည် (ဒေသအခေါ်)ကြီးတွေကို ခုလို လေးငါးကောင် အုပ်လိုက် တွေ့ရဖို့ဆိုတာက ရှားတောင့်ရှားပါး မြင်ကွင်းမျိုးပါ။ အရွယ်က ကိုးလောက် ရှိပြီး ဖြူနက်စပ်ကျား၊ ဖြူပြာစပ်ကျား၊ မီးခိုးရောင် အစပ်လည်းရှိပြီး တစ်ပေဝန်းကျင် ရှည်လျားတဲ့ သူတို့ အမြီးမှာ အဖြူနဲ့ အခြား အရောင်စပ်ထားတာကြောင့် အင်မတန်လှတဲ့ ဒီငှက်ကြီးတွေဟာ ငှက်ဆိုးထိုးသလို အသံရှိတာကြောင့် မျက်စိ ပသာဒမှာ လှပမေ့ သောတ ပသာဒမှာတော့ နားဝင်ဝီယံ မရှိလှဘူး။

'ငှက်သောက်ရေထဲမှာ ဆီးဖြူသီးတွေ ထောင်းထည့် ပေးရင် ငှက်တွေက သိပ် ကြိုက်တာ ဒကာကြီးရဲ့'

အိမ်မှာ ဆွမ်းခံကြွတဲ့ ဦးပဉ္စင်းကြီးက မိန့်ဖူးတာနဲ့ ငှက်တွေကို ချစ်တတ်လွန်းတဲ့ ကျွန်တော် စမ်းသပ်လုပ် ကြည့် ရာကနေ ကျွန်တော့် ခြံဟာ ငှက်ပေါင်းစုံ မျော်စရာနေရာ ဖြစ်လာတော့တာပါ။ ခုလို မိုး တွင်းဆိုရင် စာကလေးနဲ့ ပြွတ် ငှက်တွေက အများဆုံးပဲ။ ရွှေ ရောင် ငုံးကလေးတွေလည်း ရံခါတစ်ကောင်တည်း၊ ရံခါ မိသားစုအုပ်လိုက် လာစား တတ်ကြပေမဲ့ ဒီနွေတော့ ထူး ထူးဆန်းဆန်း ငှက်မြီးရှည် ကြီးတွေ ဘာကြောင့် ရောက် နေကြပါလိမ့်။ ကြည့်နေတုန်း

ငှက်ရဲ့အားဟာ အတောင်ပံပဲ အတောင်သာ ကောင်းရင် ပြွတ်မကြီး ဝေးရာကို ပျံပြေးလေမလား အတောင်အား နဲ့ လေမှာ ပျံဝဲ အနှံတုတန်ပြန် တိုက်ခိုက် လေမလား ကျွန်တော် သိချင် စမ်းတော့တယ်

မှာပဲ ငှက်မြီးရှည် နှစ်ကောင် ဟာ ကြိမ်ပင်ရှိရာကို အရှိန်နဲ့ ပျံဝဲသွားကြပြီး တဂဲဂဲ ဆူညံ ပြီး တစ်စုံတစ်ရာကို ထိုး ဆိတ်နေကြတာကို တွေ့လိုက် ရတယ်။ အခြားပြွတ်ငှက် သုံး လေးကောင်ကလည်း ငှက်မြီး ရှည်ကြီးတွေကို ပျံဝဲထိုးဆိတ် တိုက်ခိုက်တာကို တစ်ဆက် တည်း တွေ့လိုက်ရတော့ အံ့ သြပြီး ကြောင်စီစီနဲ့ ရပ်ကြည့် နေမိတုန်းမှာပဲ ကြိမ်ပင်ပေါ် ကနေ ငှက်တစ်ကောင်အောက် ကို တဖျပ်ဖျပ်နဲ့ ပြုတ်ကျလာ တာ တွေ့လိုက်ရပြန်ပါတယ်။ မြေပြင်မှာ ဟိုဒီသွားရင်း သစ်ပင်ပေါ်ကို မော်ကြည့်ပြီး အဲဒီငှက်ငယ်က တကူညီကူညီ အော်ဟစ်နေပြန်ပါတယ်။ ဒါပေမဲ့ သူ မပျံနိုင်တာ ကျွန်တော် သတိပြုမိလိုက် တယ်။ ညာဘက်အတောင်ပံ က မြေမှာ တရွတ်တိုက်နေ ရှာလေရဲ့။ သေသေချာချာ ကြည့်လိုက်တော့မှ ကြိမ်ပင် ဖျားအသိုက်ထဲက ပြွတ်မကြီး မှန်း သိလိုက်တာကြောင့် အနားကို အသာတိုးကပ်သွား ပြီး ဖမ်းတော့ ပြွတ်မကြီးက ခုန်ဆွခုန်ဆွနဲ့ ပြေးရှာသေး တယ်။ ကျွန်တော်က လက် နှစ်ဖက်နဲ့ အသာဖမ်းလိုက် တော့ အော်ရင်း ဟစ်ရင်း ပါလာတယ်။ အသံကုန် အောင် အော်ဟစ်နေပေမဲ့ နှုတ် သီးထဲမှာတော့ တီကောင် အရွယ် ခပ်ကြီးကြီးအသေတစ် ကောင်က တန်းလန်းရှိနေ လျက်ပဲ။ မီးဖိုချောင်ထဲဝင် ဆန္ဒင်းမှုန့်နည်းနည်းယူပြီး ငှက်မြီးရှည်တွေရဲ့ နှုတ်သီး ဒဏ်ကြောင့် ရထားဟန်တူတဲ့ ညာတောင်ပံက အနာကို ခပ် ဖွဖွ သိပ်ပေးပြီး ကြိမ်ပင်ခွဆုံ ကို ပြန်တင်ပေးတော့ အပင် ဖျား အသိုက်ထဲက ငှက်ပေါက် ကလေးတွေရဲ့ အသံစာစာ ညက်ညက်လေးတွေ ကြား လိုက်ရတော့မှ ပြွတ်မကြီးရဲ့ လက်ရှိအနေအထား အမှန်ကို ကျွန်တော် သဘောပေါက်လိုက် မိပါပြီ။ မပျံနိုင်တော့တဲ့ အတောင်ပံတစ်ဖက်ဟာ ပြွတ် မကြီးအတွက် ဝန်ထုပ်ကြီး တစ်ခု ဖြစ်နေမှာ အသေအချာ ပါ။ ကိုင်းတစ်ခုကနေ တစ်ခု တတ်နိုင်သမျှ ခုန်ကူးဖို့ ကြိုး စားနေတဲ့ ပြွတ်မကြီးရဲ့ ရင် ထဲက အပူတွေ ကျွန်တော့်ဆီ

အလိုလို ကူးစက်လာခဲ့ပြီး ငှက်ပေါက်လေးတွေကို အ ကျေးချင်း အန္တရာယ် လည်းရင်ဆိုင်နေရတဲ့ ပစ္စု အခြေအနေဟာ ပြွတ်မ အတွက် ဘယ်လောက်ထူ တည်းနေသလဲဆိုတာ ကြင်း ကငှက်ပေါ်လွင်ထင်ရှာ လွန်းနေတယ်။

ကြိမ်ပင်အောက်က နောက်ကို လေးငါးလှမ်းဆုတ် ပြီး အခြေအနေကို စိတ်ဝင် တစား ကြည့်နေစဉ်မှာပဲ ငှက် မြီးရှည်တွေက ပြွတ်မကြီး ကိုရော အပင်ဖျားက အသိုက် ရှိရာကိုပါ ထိုးဆိတ်ဖို့ ကြိုး စားကြပြန်ပါတယ်။ အခြား ပြွတ်ငှက်တွေကလည်း ရင်း မြည်ရင်း ကာကွယ်ကြ ပါတယ်။ ပြွတ်မကြီးကလေး နှုတ်သီးမှာ ကိုက်ချိထားသ အစာကို မလွတ်စတမ်း ကိုက် ချိထားရင်း ငှက်သိုက်ရှိရာ ကို ကြိုးစားတက်နေတယ်။ ငှက်ကြီးသံတွေကြားက ခပ် ယဲ့ယဲ့ ထွက်ပေါ်နေတဲ့ ငှက် ပေါက်ကလေးတွေရဲ့ အော် စာစာလေးတွေက အကူ တောင်းခံနေကြသလား မှတ် ထင်ရင်း ကရုဏာစိတ်နဲ့ လုံးကလေးတွေကို ကောက် ပြီး ငှက်မြီးရှည်တွေကို ပြ တော် ခြောက်ထုတ်ဖို့ ကြိုး စားပေမဲ့ အချည်းနှီးပဲ။ ငှက် တွေ တော်တော်များများ ကျွန်တော့်ကို ကြောက်စရာ လို့ သတ်မှတ်ကြဟန် ရော ပါ။

နေက တဖြည်းဖြည်း မြင့် လာခဲ့ပြီ။ တိုက်ခိုက် လည်း ပိုပြီးတော့ ပြင်းထန် တယ်။ လုပ်စရာရှိသ မလုပ်နိုင်ဘဲ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ဦး ကြည့်နေမိဆဲ။ ချိုးနှစ်ဆောင်ခွပ်တာ၊ နေ့ခင်းဘက်မျက်စိလည်ထွက်လာတဲ့ ဇီးသွတ်ကို ကျီးတွေလိုက်ထိုးဆော်ကြတာ မြင်ဖူးပေမဲ့ ခုလို အခြေအနေကိုတော့ မမြင်ခဲ့ဖူးပါ။ အစာလုပွဲသက်သက်သား ဘယ်လိုရန်ပြိုးလဲ၊ ငှက်ခြံရှည်ကြီးတွေ ဇာတ်တူသားစာတတ်ကြသလား ကျွန်တော်သေ၊ စားတတ်ကြရင်တော့ ပြွတ်မကြီးရဲ့ ငှက်သားပေါက်ဆေးတွေအတွက် မတွေးရဲရော။

တိုက်ပွဲက တစ်ဖက်သတ်ကြီးဆိုတာလည်း ထင်ရှားနေတယ်။ ငှက်မြီးရှည်ကြီးဆွေက အကောင်ကြီး အုပ်စုဆောင့်ပေမဲ့ ပြွတ်မကြီးဘက်မှာ အကောင်ရေနည်းနေတယ်။ အကောင်ကလည်း ငယ်ရတဲ့အထဲမှာ ပြွတ်မကြီးမှာ အတောင်ပံကလည်း မပျံနိုင်ရှာဘူး။ ပျံများ ပျံနိုင်ရင်တော့ ငှက်မြီးရှည် တစ်ဆောင်ချင်းစီကို ပျံဝဲတိုက်နှိုက်လေမှာ မလွဲဘူး။ သားဆောက်နေတဲ့ ကြက်မတောင်မှ သိမ်းစွန်ရဲတွေကို တွန်းလှန်ဘိုက်ခိုက်ရဲတာ ခဏခဏ ကြုံဖူးတယ်။

ကြည့်ရင်း စဉ်းစားနေဘုန်းမှာပဲ ယမနေ ပင်ပေါ်က ငှက်မြီးရှည်ကြီး သုံးကောင်ဟာ ကြိမ်ပင်ဖျားက ငှက်သိုက်ဆီရောက်ဖို့ အရှိန်နဲ့ ပျံဝဲသွားတာယ်။ ပြွတ်မကြီးရဲ့ အော်သံစုံလိုက်ပုံက ရင်ကွဲမတတ်။ ဥပေါက်တွေရဲ့အသံ၊ အခြားပြွတ်ငှက်တွေရဲ့ အသံပါ ဆူညံနေကြပြီ။ ကျွန်တော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘော့။ ရုံခါအဖော်လာနေပေးကြတဲ့ တပည့်တွေကလွဲ တစ်ယောက်တည်းသမား ကျွန်တော့်မှာ ကူညီတောင်းခံစရာ လူလည်းမရှိ။ ပြွတ်ငှက်တွေက မခေပါ။ အကောင်ငယ်ပေမဲ့ ခုခံ ကာကွယ်နိုင်ကြတယ်။ ခုထိတော့ ငှက်ပေါက်ကလေးတွေပါသွားတာ မတွေ့ရသေးဘူး။ ဒါပေမဲ့ ထိုးဆိတ်တဲ့ ဒဏ်တော့ ခံရကောင်း ခံရနိုင်ပါတယ်။ ခါတိုင်းဆို ပြွတ်ငှက်တွေက ဆယ်ကောင်၊ ဆယ့်ငါးကောင် အုပ်လိုက်ပါ။ ဒီနေ့မှ ဘယ်ရောက်နေကြမှန်းမသိ။ ငှက်မြီးရှည်တွေရဲ့ ရန်ကိုကြောက်လို့များ ဝေးရာကို ပြေးလေကြသလား။ ဝိုင်းရံထားတဲ့ အခြားပြွတ်ငှက်တွေကတော့ ပြွတ်မကြီးရဲ့ ရဲဘော်ရဲဘက် စစ်စစ်တွေဆိုတာ သေချာတယ်လို့ အမှတ်ပေးရင်း ကျွန်တော့်စိတ်ထဲမှာ အလိုလိုလေးစား ချီးကျူးစိတ်တွေ တဖွားဖွား ဖြစ်ပေါ်လာကြလေရဲ့။ ရုတ်တရက် စိတ်ကူးရတာနဲ့ ခြံနောက်ဘက်ကိုပြေး၊ ဝါးလှေကားကို ယူပြီးတော့ ကြိမ်ပင်ကို ကပ်ထောင်လိုက်တယ်။ ဒါကိုမြင်တော့ အခြားငှက်တွေအားလုံး တစ်ဖက်စည်းရုံးက ခါတော်မီပင်တွေရှိရာကို ပျံပြေးကြတယ်။ လေးခွရှိပေမဲ့ အနိုင်ကျင့်နေတဲ့ ငှက်မြီးရှည်ကြီးတွေကို ကျွန်တော် မပစ်ရက်တာလည်း အမှန်ပါ။ မတော်တဆ သေသွားရင် စိတ်မကောင်းဖြစ်ရဦးမှာ။ ကျွန်တော်ဖြစ်ချင်တာက ပြွတ်မကြီး ငှက်သိုက်ထဲကိုရောက်ပြီး ငှက်ကလေးတွေကို အစာကျွေးရင်း အန္တရာယ်ကို ရင်ဆိုင်နိုင်ဖို့နဲ့ ဖြစ်နိုင်ရင် ငှက်မြီးရှည်ကြီးတွေ အဝေးကို ပျံသွားစေချင်တာပါ။ ခွခုံက ငှက်မကြီးကို ပြန်ဖမ်းပြီး ကြိမ်ပင်ပေါ် ခက်ခက်ခဲခဲ တက်နိုင်ခဲ့ပေမဲ့ ကျွန်တော် မတ်တတ်ရပ်လို့ရတဲ့ နေရာကနေ အသိုက်ရှိရာကို မမီနိုင်ဘဲ သုံးလေးပေလောက် ဝေးနေပါသေးတယ်။ ပြွတ်မကြီး အတွက်တော့ ဒီအကွာအဝေးဟာ စောစောကလောက် မလှမ်းတော့ပေမဲ့၊ အတောင်ကျိုးတဲ့ ငှက်တစ်ကောင် အတွက်တော့ သိပ်လွယ်ကူမှာ မဟုတ်တာသိပေမဲ့ မတက်နိုင်ဘဲ အနီးဆုံးမှာ ချထားခဲ့ပြီး ကျွန်တော် ပြန်ဆင်းလာခဲ့တယ်။ ငှက်မကြီးရဲ့အသံက ပိုနီးလာတော့ ငှက်ပေါက်ကလေးတွေက ပိုလို့ ဆူညံနေကြတယ်လေရဲ့။ ဆာလောင်မှုကတစ်မျိုး၊ အန္တရာယ်ကို ထိတ်လန့်ရတာကလည်း ကြောက်စရာမို့ မိခင်ငှက်မကြီးကို ဘယ်လောက်များ တမ်းတနေကြ မလဲဆိုတာ စဉ်းစားရင်း ကျွန်တော်စိတ်မကောင်းပါ။

တိုက်ပွဲက ထူးမခြားနားပါ။ကျွန်တော်လည်း မြေပေါ်ရောက်ရော ရန်သူငှက်ကြီးတွေက ကြိမ်ပင်ထက် လေဟာနယ်မှာ ပျံဝဲရင်း ရန်မူကြပြန်ပါလေရောလား။ အသံတွေက ပိုလို့ ဆူညံလာကြတော့တယ်။

'ဖြစ်မှဖြစ်ရလေ ပြွတ်မကြီးရယ်'

အပင်ပေါ် မော့ကြည့်ရင်း ကျွန်တော် ဘာဆက်လုပ်လို့ လုပ်ရမှန်းမသိအောင် ဖြစ်နေတုန်းမှာ တောင်ပေါ်ကျောင်းက မနက်ရှစ်နာရီထိုးသံ ကြားလိုက်ရတာကြောင့် ရေနွေးတောင် မတည်နိုင်တော့။ ခပ်သွက်သွက် ရေဝင်ချိုးပြီး အဝတ်လဲလိုက်ရပေမဲ့ အပြင်က ဆူညံနေတဲ့ ငှက်သံတွေကြောင့် ပြွတ်မ မိသားစုအတွက် စိုးရိမ်စိတ်က ကြီးစိုးနေဆဲပါ။ ကော်ဖီသောက်နေချိန်မှာတော့ ထူးထူးခြားခြား ငှက်သံတွေက တိတ်ဆိတ်သွားပြန်ပါတယ်။ တိုက်ပွဲများ ပြီးဆုံးသွားလေပြီလား၊ ငှက်မြီးရှည်ကြီးတွေ အဝေးကိုများ ပျံသန်းသွားလေကြပြီလား သိချင်စိတ်ကတားမရ။ ကော်ဖီခွက်ကိုင်ပြီး ထွက်ကြည့်မိတော့မှ အခြေအနေ ထူးခြားနေတာကို တွေ့ရပြန်ပါတယ်။ ပြွတ်မကြီးကတော့ အသိုက်နဲ့ လက်တစ်ကမ်းအကွာကို ရောက်နေပြီး ငှက်မြီးရှည်ကြီးတွေကတော့ တစ်ဖက် စည်းရုံးက ခါတော်မီပင်တွေပေါ်မှာ နားနေကြတာတွေ့ရတယ်။ ဘာကြောင့်များ ငြိမ်သက်သွားကြသလဲ ဆိုတာကို သိချင်နေတုန်းမှာပဲ ခြံရဲ့ အရှေ့မြောက်ထောင့်မှာရှိတဲ့ လက်ပံပင်ပေါ်က ကျီးအာသံထွက်လာတာကြောင့် ကြည့်လိုက်တော့ ကျီးလေးငါးကောင်ကိုတွေ့လိုက်ရတယ်။ အခြေအနေ သစ်တစ်ရပ်က တိုက်ပွဲကို ရပ်နားလိုက်စေပုံပါပဲ။ ငှက်မြီးရှည်ကြီးတွေ ငြိမ်ချက်သားကောင်းနေကြတာ ကိုးငှက်တွေကြောင့် ထင်ရဲ့၊ လက်ပံပင်ပေါ်ကို လှမ်းကြည့်လိုက်၊ အသံသဲ့သဲ့တဂဲဂဲနဲ့ အချင်းချင်း တစ်ခုခု

www.burmeseclassic.com

ကို အသိပေးနေပုံမျိုး။ အမြီးရှည်ကြီးတွေ တယမ်းယမ်း၊ အတောင်တွေ တခါခါနဲ့ ဂနာမငြိမ် ဖြစ်နေကြပါပြီ။ ကော်ဖီခွက်ကို ဆေးကြောပြီး အိမ်တံခါးတွေကို သေသေချာချာပိတ်၊ ဆိုင်ကယ်ကို ခြံဝကိုတွန်းထုတ်လာတော့ လက်ပံပင်ပေါ်က ကျီးတွေဟာ ဝုန်းခနဲ ရုတ်တရက် ပျံဆင်းလာကြပြီး ငှက်မြီးရှည်ကြီးတွေ ရှိရာ ခါတော်မီပင်ဆီ ဦးတည်လိုက်တာနဲ့ ငှက်မြီးရှည်ကြီးတွေဟာလည်း တစ်ပြိုင်တည်း ထပျံလိုက်ကြတာ သစ်ကိုင်းတွေတောင် တုန်ခါကျန်ခဲ့တယ်။

'ကောင်းတယ်၊ ဒါမှ သူတို့ကြောက်ရမယ့်ဟာနဲ့ကျတော့ ပြေးပြီ'

လက်ခုပ်တီးချင်စိတ်ကို မနည်းအောင့်ထားရတယ်။ ခပ်ယဲ့ယဲ့တော့ ပြီးလိုက်မိတာ အသေအချာပါ။ ငှက်တွေ ခပ်ဝေးဝေးရောက်သွားတဲ့အထိ ကျွန်တော် သဘောအကျကြီး ကျရင်း စိုက်ကြည့်နေမိပြီးမှ ခြံတံခါးကို သေသေချာချာပိတ်ပြီးတော့ ကြိမ်ပင်ပေါ် လှမ်းအကြည့်မှာ ကျေနပ်စရာမြင်ကွင်းကြောင့် ကျွန်တော် ဘယ်လို ပီတိဖြစ်မှန်းမသိဖြစ်မိသေးရဲ့။ ပြတ်မကြီးဟာ အသိုက်ရှိရာကို အရောက်သွားနိုင်ခဲ့ပါပြီ။ ငှက်ပေါက်ကလေးတွေလည်း အစာစားနိုင်လောက်ပြီလို့ မမြင်နိုင်ပေမဲ့ တွက်ဆလိုက်မိတယ်။ အန္တရာယ်လည်း မရှိတော့ဘူး။ သားအမိတစ်တွေလည်း ပြန်လည်ဆုံတွေ့နိုင်ခဲ့ပြီလေ။ အတောင်နာတာ မြန်မြန် ပျောက်ပါစေလို့ ကျွန်တော် ဆုတောင်းပြီး ဆိုင်ကယ်စက်နှိုးလိုက်ချိန်မှာ မြင်ကွင်းထဲကို ကျီးအုပ်က ပြန်ဝင်ရောက်လာပြန်ပါတယ်။ ကျီးတွေဟာ စောစောက လက်ပံပေါ်မှာပဲ ပြန်နားကြတယ်။ ဝန်းရံနေခဲ့တဲ့ ပြတ်ငှက်တွေကလည်း ခါတော်မီပင်ပေါ်ကနေ ပြတ်မကြီးအသိုက်နား ကြိမ်ပင်ကိုင်းတွေပေါ် နားနေကြလေရဲ့။

တစ်မနက်ခင်းလုံး လေးလံနေတဲ့ရင်က ခုမှ ပေါ့သွားသလို ရှိလာခဲ့ရပြီး ဆိုင်ကယ်ကို မောင်းထွက်လာခဲ့တယ်။ ခြံအထွက် လမ်းချိုးက သစ်သားတံတားပေါ်ကို ရောက်မှ ဇဝေဇဝါစိတ်နဲ့ ခြံဘက်ကို ကျွန်တော် သမင်လည်ပြန်ကြည့်မိတယ်။ စိတ်ထဲမှာလည်း ကျီးတွေ ဘာကြောင့် ပြန်လာပါလိမ့်ဆိုတဲ့ အတွေးကရုတ်တရက် ဝင်ရောက်လာတာလည်း ပါတာပေါ့။

'ဩော်...ဒုက္ခပါပဲလား'

စိတ်ထဲမှာ ရေရွတ်ရင်း ဆိုင်ကယ်ဘရိတ်ကိုနင်း စက်ရပ်လိုက်မိတဲ့အထိ စိတ်ထဲမှာ ဇဝေဇဝါ ဖြစ်သွားရပါတယ်။ ကျွဲရှင်ကို ဆက်သွားရမလား၊ အိမ်ကိုပဲ လှည့်ပြန်ရရင်ကောင်းမလား။ ငှက်မြီးရှည်ရဲ့ ရန်ကအားလို့ မိနစ်ပိုင်းပဲ ရှိသေးရဲ့၊ ပိုဆိုးတဲ့ရန်သူနဲ့ ပြတ်မကြီး ရင်ဆိုင်နေရပါပကောလား။ ကြိမ်ပင်ထက်မှာ ရန်စွယ်ငေါငေါနဲ့ ကျီးမည်းတစ်သိုက်က ပျံဝဲတိုက်ခိုက်စပြုနေတဲ့ မြင်ကွင်း။ ပြတ်ငှက်တွေနဲ့ လေထဲမှာ ဝရန်းသုန်းကားတိုက်ပွဲ။ ပြတ်မကြီးရဲ့ အနေအထားက ပိုဆိုးသွားနိုင်ပါတယ်။ ကျီးဆိုတာ ဇာတ်တူသား စားတတ်တဲ့ ငှက်တွေလေ။ တော်ကြာငှက်ပေါက်ကလေးတွေကို ထိုးသုတ် ကိုက်ချီသွားမှဖြင့် အတောင်ကျိုးနေတဲ့ မိခင်ပြတ်မကြီးခမျာ ကူရာမဲ့၊ ကယ်ရာမဲ့ ဟိုဒီဝဲပျံလိုလည်း မလိုက်နိုင်ရှာ။ ခတ်တာက ကျွန်တော် ကျူရှင်ဖျက်လို့ မဖြစ်နိုင်။ ဇဝေဇဝါစိတ်နဲ့ တံတားပေါ်မှာ ခဏတွေးနေမိဆဲမှာပဲ နွားကျောင်းသားတွေ နွားအုပ်တွေနဲ့ လမ်းပေါ်မှာ ထွက်လာကြပါပြီ။ မထူးတော့ လမ်းရှင်းတုန်း ဆိုင်ကယ်ကို အသာလှိမ့်ထွက်လာခဲ့တယ်။

'ငါပြန်ရောက်ချိန်အထိတော့ ပြတ်မကြီး ကျီးတွေကို ကာကွယ်တားဆီးနိုင်မှာပါလေ'

ဌက် ရဲ့ အား ဟာ အတောင်ပံပဲ။ အတောင်သာကောင်းရင် ပြတ်မကြီး ဝေးရာကို ပျံပြေးလေမလား။ အတောင်အားနဲ့ လေမှာပျံဝဲအနံ့တုတန်ပြန် တိုက်ခိုက်လေမလား။ ကျွန်တော် သိချင်စမ်းတော့တယ်။ အခြားပြတ်တွေတောင် ဝိုင်းရံတိုက်ခိုက်ရဲသေးတာပဲ။ ပြတ်မကြီးတော့ အတောင်ကျိုးလည်း သေသေကျေကျေ ရင်ဆိုင်ပြီး သူမရဲ့ ငှက်သားပေါက်ကလေးတွေကို ကာကွယ်မှာ မုချ။ အတောင်ကျိုးတဲ့ နာကြည်းစိတ်နဲ့တော့မဟုတ်၊ ငှက်သားပေါက်တွေအပေါ် ထားတဲ့ နှိုင်းမရတဲ့ မိခင်မေတ္တာစိတ်နဲ့ ရင်ဆိုင်ကျော်လွှားနိုင်မှာပါလေ။

လမ်းပေါ်မှာ ထော်လာ ကျီ၊ နွားလှည်း၊ နွားအုပ် ဆိတ်အုပ်တွေ၊ ကျောင်းသွား နေကြတဲ့ ကလေးငယ်တွေ ဈေးသွားတဲ့ စက်ဘီးတွေ ယာ မိုးရွာသွန်းထားလို့ ဗွက်ထ တဲ့ လမ်းမမှာ သွားလာနေ တာကို သတိနဲ့ ရှောင်ရ မောင်းနှင်လာရင်း ခါတိုင်း နှုတ်ဆက်နေကျ 'ဆရာသွ ပြီလား' ဆိုတဲ့ အသံ ကျွန်တော့်နားမှာ တိတ်ဆိ နေတယ် ထင်မိတယ်။ စိတ် အာရုံက ခြံထဲက ပြတ်မ ဆီမှာပဲ ကျန်နေရစ်ခဲ့လေ ဒီလို ဇဝေဇဝါစိတ် အရင် မဖြစ်ခဲ့ဖူးပါ။

ကျူရှင်ကအပြန် ပြန်ရောက်ရင်တော့ ပြတ် ကြီးသားအမိတစ်တွေ ကျွန်တော် အရင်ဆုံးကြည့် စိတ်ပိုင်းဖြတ်ထားလိုက်တာ ကျွန်တော် ပြန်ရောက် အချိန် ပြတ်မကြီးမိသား အန္တရာယ်ကင်းကင်းနဲ့ တွေ့ ဖို့ စိတ်ထဲမှာ ဆုတောင်း ပေမဲ့ မယုံမရဲ မသေ တစ်ဝက်တစ်ပျက် ယုံကြည် ကတော့ ယိုင်ယဲ့ယဲ့နဲ့ တစ်ပြိုင်နက်တည်းမှာ ထက်စီးနင်း လုပ်တတ် ငှက်မြီးရှည်ကြီးတွေနဲ့ တွေကို ရွံမုန်းစိတ်က နင်းဝင်ရောက်လာတော့ ကို ကိုယ့်ကိုယ်ကို တဆဲ ဩနဲ့ သတိပြုမိလိုက်ပါ ခုတော့ ငှက်တိုင်းကို တော် မချစ်တတ်တော့ ကိုယ့်ဘာသာ သေချာ ပြီလေ။

လမင်းမေ

www.burmeseclassic.com

www.burmeseclassic.com

ခေါ်၊ မောပန်း၊ ဇက်ကြောတက်၊ နောက်ကြောထိုး၊ နာမှန်ခြင်းများဖြစ်လို့
စိတ်ညစ်နေပါသလား

စိန်ဟာသ်ဆေးတိုက်မှထုတ်လုပ်သော

ရန်ပံုခြင်း ဂျာဆေး

ကိုဆောင်ထားပါ။

ဖြန့်ချိရေး - ဦးမြင့်ဆွေ၏သား ကိုအေးထွန်းဆေးဆိုင်
(C/264)မြေအောက်ထပ်၊ သိမ်ကြီးစျေး (D) ရုံ၊ ဖုန်း ၀၉ ၅၁၇၀၁၆၂

လေထိုးလေဖောင်ခြင်း၊ ခဲကိန်းခြင်း၊ ချောင်းဆိုးရင်ကျပ်သလိပ်ကပ်ခြင်းများကို
ရောက်ရှိစေသော်သဝဏရည်နှင့်သောက်ပါ။
အားမွေးကြော ရင်ပြည့်ရင်ကယ်ဖြစ်ပါက အချိန်မရွေး စွဲနှင့်သောက်ပါ။
ချေပ်၊ ဝမ်းချုပ်ခြင်း၊ အကြောတက်ညောင်းညာသူများ ညအိပ်ချင်စိုင်း ရေနှင့်သောက်ပါ။

ရန်ပံုခြင်း ဘတ်ဒိပ်လန်ငေး

ပင်ရင်း
အမှတ်-၁၄၂၊ ၄-လွှာ၊ ပြဒါးလမ်း၊ ပန်းဘဲတန်းမြို့နယ်
ဖုန်း၊ ဖုန်း-၀၁၀၁၆၈၇၊ ၀၁၀၄၀၀၆

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ငယ်ရွယ်စဉ်က
တေးသံရှင် (ဒေါ်)မာမာအေး

www.burmeseclassic.com

www.burmeseclassic.com

ရေးထုံးဖွဲ့ထုံး၊ စာလုံးပေါင်းသတ်ပုံတွေရဲ့ အရေးတကြီးရှိမှုကို ပြနေတာမဟုတ်ဘူးလား။ ခေတ်ဟောင်းသီချင်းတွေ ပြန်ဆိုကြပြန်တော့ စာလုံးတွေမှားတာ၊ အသံထွက်တွေ မှားတာ၊ စကားလုံးအထားအသို အစိပ်အကျဲ အကပ်အခွာ မသိဘဲဆိုတာ၊ အဓိပ္ပာယ်ယွင်းတာတွေ အများကြီးတွေ့ရတယ်။ မန္တလေးလှိုင်းတေးသံသွင်းက 'မာမာအေးရေ ပြန်မဆိုချင်ဘူးလား' တဲ့။ သဘောက မှန်မှန်ကန်ကန်ဖြစ်အောင် ပြန်လုပ်ကြရအောင်လို့ ပြောတာပါ။ ဒါကြောင့် *မြပန်းခွေ* တစ်ခွေ၊ *ချစ်ရအောင်* ဆိုတဲ့နာမည်နဲ့ ဒေါ်မေရှင်ဆိုခဲ့တဲ့ သီချင်းတွေတစ်ခွေ အစ်မ ပြန်ဆိုတယ်။ ပြီးတော့ ရွှေနှင်းဆီ တစ်ခွေ ဆိုတယ်။

အစ်မက ခေတ်ဟောင်းသီချင်းတွေ ဆိုရတော့မယ်ဆိုရင် မူရင်းဓာတ်ပြားတွေကို အရင်နားထောင်တယ်။ မူရင်းစာသားတွေအတိုင်း ပြန်ကူးတယ်။ ဒီကြားထဲက မသေချာရင် သေချာအောင် မေးတယ်။ များသောအားဖြင့်က အဆိုရှင်တွေ၊ မူရင်းသီချင်းရေးသူတွေက မရှိကြတော့ဘူး။ ဒီတော့ စာနဲ့ ဖြစ်နိုင်ခြေကိုစဉ်းစားပြီး ဒီလိုတော့ ဖြစ်ကောင်းရဲ့လို့ ယူလိုက်ရတာလည်း ရှိပါတယ်။ ဆိုပါတော့။ မမရှင် (ဒေါ်မေရှင်)ရဲ့သီချင်း *မြကေခိုင်* မှာ '*အသားကလေးနှိမ် ပတ္တမြားသွေးရိုရိုxxxညှာ့ငှက်ပလီ*' ဆိုလားပါတယ်။ မသေချာဘူး။ ဓာတ်ပြားမှာ အဲဒီနေရာက ရှုပ်ထွေးနေလို့ မန္တလေးလှိုင်းတေးသံသွင်းက တစ်ဆင့် မမရှင်ကို မေးခိုင်းရတယ်။ မမရှင်က စာသားအမှန်ကို ရွတ်ပြလို့ အမှန်အတိုင်း ဆိုနိုင်ခဲ့ပါတယ်။ မရှိတော့တဲ့ ပညာရှင်တွေကိုတော့ မရောက်နိုင်ဘူးပေါ့။ ပြန်ဆိုတေးရယ်လို့ ပြန်ဆိုကြပြီဆိုကတည်းက ဒီသီချင်းတွေကို နှစ်ပေါင်းများစွာ တည်တဲ့ပါစေဆိုတဲ့ စိတ်နဲ့ ဆိုကြတာပါပဲ။ အစ်မလည်း ဟိုတုန်းက သီချင်းတစ်ပုဒ်ဆိုရတော့မယ် ဆိုရင် အများကြီး စဉ်းစားပြီးမှ ဆိုတယ်။ အမျိုးမျိုးကြိုရ

'တစ်ပြန်တစ်ဖို တစ်နာရီလျှ တစ်ဆယ်ချည်မျှင် မွေနှိုင်အောင်ပဲ' ဆိုတဲ့ စာမျှပါတဲ့ တစ်ပြန်တို့ တစ်ဖိုဇနာတို့ တစ်ဒံသာတို့ တစ်လိပ္ပာတို့ဆိုတာက ရှေးခေတ် မြန်မာနာရီစနစ်က လာတာကိုတော့ သိရမှာပေါ့ တစ်ပြန်တစ်ဖိုဆိုလို့သာ ဖိုရတယ် ဘာပြောမှန်းမသိဘူးဆိုရင် သီဆိုသူကလည်း အာရုံလျော့မှာပေါ့ စာသားကတစ်ပြန် တစ်ဖိုဇနာလောက် မွေဖို့ မပြောနဲ့ ဆဲချည်တစ်မျှင်စာတောင် မမွေနိုင်ဘူးလို့ ပြောချင်တာ ဘယ်လောက်လှသလဲ

ပါတယ် ငါ့မောင်ရယ်။ စာသားမှား၊ စည်းဝါးမှားတွေ၊ တချို့စာသားတွေက ကျန်နေလို့၊ တချို့စာသားတွေက ဘယ်သူက ထည့်လိုက်သလဲ မသိရဘဲ ပိုနေလို့စတာတွေလည်း ကြုံရတယ်။ အစ်မကတော့ ပရိဂျူဆာက သီချင်းဆယ်ပုဒ်လောက် ဆိုစေချင်ရင် ဆယ့်ငါးပုဒ်လောက်ဆောင်းပြီး တောင်းလိုက်တယ်။ သီချင်းရွေးချင်လို့ပါ။

အခုနောက်ပိုင်း ဘာဖြစ်သလဲဆိုတော့ အစ်မသီချင်းတချို့ကို အများပြန်ဆိုနေတာပဲ။ အမျိုးသားအဆိုအနေနဲ့ ပြန်ဆိုနေကြတာတွေ ရှိလာတာ တွေ့တော့ အစ်မ စိတ်ညစ်တယ်။ စိတ်ညစ်တယ်ဆိုတာက သူတို့နဲ့မလိုက်လို့ပါ။ အစ်မက သီချင်းတစ်ပုဒ်မှာ ဒီနေရာတော့ ဒီလောက်နဲ့ တော်ပြီဆိုရင် အဲဒီနေရာမှာ ရပ်ထားလိုက်တာတွေရှိတယ်။ များများကွန့်ရင် နားကလောနိုင်တယ်လို့ စဉ်းစားမိရင် မကွန့်တော့ဘူး။ ဆိုလို့တာက သီချင်းပေါ်မှာ အတိုးအလျှော့ လုပ်ပြီးသား။ အဆိုကို ကွက်တိခွင် ချပြီးသား။ ဒါကြောင့် အစ်မဆိုခဲ့တဲ့ သီချင်းကို ပြန်ဆိုရင် ဆိုမယ့်သူများက အစ်မဆိုပေါက်နဲ့ အနီးစပ်ဆုံးဆို စေချင်တယ်။ မာမာအေးထက် ပိုလုပ်ကြည့်လိုက်ဦးမယ်လို့တော့ မကွန့်နဲ့၊ လွန်သွားလိမ့်မယ်။ ဘာဖြစ်လို့လဲ၊ အစ်မက ဆိုပေါက်ဆိုဟန် အဆွဲအငင် အနားအပြုတွေမှာ တည်းဖြတ်ပြီးသားလို့ ပြောရမှာပေါ့။ တိပြီးသား။

အစ်မ ဥပမာ ပြောပြမယ်။ ရှေးထရှိခဲ့တဲ့ အမေ မကြည်အောင်ရဲ့ သီချင်းတွေ ဆိုပါတော့။ အမေ မကြည်အောင် အသံက မာတယ်။ အလုံးကြီးတယ်။ သီချင်းရဲ့ဆိုပေါက်နေရာတိုင်းမှာ သူ မရောက်နိုင်တော့ အစကလေးတွေ ချန်ခဲ့တာတွေ ရှိတယ်။ ငါက ဟောဒီလောက် အထိသွားချင်တာ၊ သွားမဖြစ်လို့ ဒီလောက်မှာ ထားခဲ့တာလို့ နှုတ်က မမှာခဲ့ပေမဲ့ အဆိုနဲ့ မှာခဲ့တာမျိုး ရှိတတ်ပါတယ်။ ဒါက အဆိုသမားချင်းမှ သိတာလေ။ သဘောကတော့ ဘယ်အထိ ဆက်လုပ်သင့်တယ်လို့ အသံအရ ပြောခဲ့တာ။ အစ်မက အမေ မကြည်အောင့် သီချင်းဆိုပြီဆိုပါတော့။ တချို့နေရာတွေမှာ အစ်မက သူ ချထားခဲ့တဲ့ အသံထက် ကျော်ပြီး အသံအရ ဖြည့်ဖြည့်ဆိုလိုက်ရတာတွေ ရှိခဲ့တယ်။ များသောအားဖြင့်တော့ သူတို့ခေတ် ဆိုပေါက်ဆိုဟန်ကို သိပ်မပြင်ပါဘူး။ ရာခိုင်နှုန်းနဲ့ ပြောရင် မူရင်းအဆိုတော်ရဲ့ ဆိုပုံဆိုပေါက်ကို အစ်မပြန်ဆိုတဲ့အခါ ငါးဆယ်ရာခိုင်နှုန်းလောက်ပါပြီးသား။ ကျန်တဲ့ ငါးဆယ်ရာခိုင်နှုန်းကတော့ မာမာအေး Styleဆိုတာ ရှိသေးတာကိုး။

အစ်မဆိုခဲ့တဲ့ *ဆယ်မိုးဆယ်နေ့ မျှော်လေလေဝေး* ဆိုတဲ့ သီချင်း [illegible] ကြားဖူးတယ်နော်။ အဲဒီသီချင်းက နဂို

www.burmeseclassic.com

www.burmeseclassic.com

ခုရင်းက ရုပ်ရှင်သီချင်း။ မင်းသမီး ဇါဝါဝင်းရွှေ သရုပ်ဆောင်တဲ့ အလွမ်းအိမ်မှာ အစ်မနောက်ခံဆိုပေးရတဲ့ သီချင်းပေါ့။ သီချင်းက ကောင်းလွန်းနေတော့ အစ်မ ရင်ထဲမှာ စွဲနေတယ်။ အစ်မက သီချင်းတစ်ပုဒ်ကြိုက်ပြီဆိုရင် ဒီကနေ့အသံသွင်း နောက်တစ်နေ့မှာ ရနေပြီ။ ဒီသီချင်းကို ဓာတ်ပြားသွင်းဖို့ဖြစ်လာတော့ အစ်မက အဲဒီသီချင်း ထည့်ပေးလိုက်တယ်။ သီချင်းရေးတဲ့ ဆရာကိုလေးညွှန့်တောင် မသိလိုက်ဘူး။ နောက်မှသီချင်းခတောင်းပြီး ပို့လိုက်တယ်။ ဓာတ်ပြားထွက်လာတော့ အောင်မြင်ပါတယ်။ ဒီလိုအောင်မြင်တော့ အမျိုးသားအဆိုတော်တစ်ယောက်က ဆိုချင်ရော။ ဘယ်မှာ ဒုက္ခရောက်ကြသလဲဆိုတော့ သီချင်းစာသားထဲမှာ *'ရွှေအားငယ်လှ အပြန်တစ်ရာ'* ဆိုတာပါတယ်။ ယောကျ်ားအဆိုတော်က ဒီလိုဆိုသင့်ရဲ့လား ဘုံမောင်ရဲ့။ မင်းစဉ်းစားကြည့်လေ။ ယောကျ်ားရင့်မကြိုးက ချစ်အားတွေ ငယ်ရလွန်းတာ အပြန်တစ်ရာလောက်ရှိပြီဆိုတော့ ကြားရသူက အလိုဘယ်နယ်ဖြစ်ပါလိမ့် အတောင်နှစ်ဆယ်ဝတ်ကြီးရယ်လို့ မဖြစ်ဘူးလား။ သူစာသားက *'ရွှေအားငယ်လှ အပြန်တစ်ရာ×××မေထားရွှယ် နှမ မကြံသာ'*။ သိပ်လှတဲ့စာ။ မေထားရွှယ် နှမကို ယောကျ်ားအဆိုတော်က ပြင်မဖြစ်တော့ ရွှေအားငယ်လှ အပြန်တစ်ရာကို နှစ်ခါပြန်ဆိုရော။ ပိုဆိုးရော။ ခွကျရော။

ဒီနေရာမှာ သီချင်းရေးဆရာတွေက ဆိုခွင့်ပြုတာကိုးလို့ ပြောစရာရှိတယ်။ အစ်မလည်း ဒီလိုဖြစ်ရပြီဆိုရင် သီချင်းရေးဆရာတွေကို ပြောတာပဲ။ သီချင်းရေးဆရာက သိသိကြီးနဲ့ လွှတ်လိုက်တာလည်း ရှိနိုင်ပါတယ်။ ဒါပေမဲ့ များသောအားဖြင့်က သီချင်းတစ်ပုဒ်ဒါမှမဟုတ် သီချင်းတွေကို အနုပညာကြေးပေးဝယ်ထားပြီး နှစ်တွေတော်ကြာမှ သီချင်း ထွက်လာတာဆိုတော့ သူတို့ မဆိုစေချင်တဲ့ အဆိုတော်ဖြစ်နေတာ၊ တူရိယာပိုင်းဆိုင်ရာ Arrangeတွေကို ပြင်ပစ်တာ၊ စာသားတွေကို ပြင်တာ လွဲနေတာ စသည်ဖြင့် သီချင်းရေးဆရာများခမျာ သီချင်းထွက်လာမှ သိရတာတွေက အများသား။ တစ်ခါတလေ သတင်းစာကြော်ငြာမှာ သီချင်း Listတွေ တွေ့တော့မှ နောက်ကလိုက်ပြီး အနုပညာကြေး မနည်းတောင်းရတာထားတော့။ မဆီမဆိုင် ဘယ်သူဘယ်ဝါက ထုတ်ယူသွားပြီဆိုလို့ လိုက်ရှင်းရတာတွေလည်း ခံကြရတယ်။ တချို့ဆိုရင် သီချင်းကောင်းတွေကို ကြိုမဝယ်ဘူး။ သူတို့ စိတ်ကြိုက်ယူသုံးတယ်။ Series က မထွက်ဖြစ်ရင် သီချင်းရေးဆရာကို အနုပညာကြေးပေးစရာ မလိုဘူးလေ။ ထွက်ဖြစ်ရင်တော့ သူတို့ကိုပဲ ကျေးဇူးတင်ရမလိုလိုနဲ့ အနုပညာရှင်တွေကို ကျောချင်တာရှိသေးတယ်။ မင်းမေးတဲ့မေးခွန်းနဲ့ ချော်များသွားပြီလား ဘုံမောင်ရယ်။ ပြောမယ်ဆိုရင် အများကြီးပါလေ။

အစ်မကော သီချင်းတွေကို ဆိုရတော့မယ်ဆိုရင် ကိုယ်တိုင်ရွေးသလား။ ရွေးပြီးသားကို ဆိုတာမျိုးနဲ့သွားတာလား။

အစ်မတို့တုန်းကတော့ ကိုယ်ဆိုခဲ့တဲ့ သီချင်းတွေ ကိုယ်ပဲရွေးတာ များတယ်။ အစ်မနဲ့ နည်းနည်းပါးပါးညှိလိုက်ရင် ပြီးတာများတယ်။ သူတို့ကလည်း ထုတ်လုပ်သူတွေဆိုပေမဲ့ ညှိအစ်ကိုမောင်နှမတွေလိုဖြစ်နေတော့ ညှိနှိုင်းရတာ အဆင်ပြေတာ များပါတယ်။ ထုတ်လုပ်သူနဲ့ ဆိုမယ့်သူ နှစ်ဖက်စလုံးက အကောင်းဆုံး လုပ်ချင်တဲ့စိတ်ပဲ ရှိတယ်။ ပရိုဂျူဆာက 'မအေး ကြိုက်သလိုစီစဉ်ပါ' ဆိုတာမျိုးနဲ့ ယုံယုံကြည်ကြည် လွှဲအပ်တာမျိုး ရှိပါတယ်။ ဒီတော့ လုပ်ရတာကောင်းတယ်။ ကိုယ့်စိတ်ကြိုက် စီစဉ်နိုင်တယ်။

ဥပမာဆိုပါတော့ အစ်မဆိုရင် မန္တလေးက လှိုင်းတေးသံသွင်းနဲ့ အလုပ်လုပ်တာများတယ်။ လှိုင်းက ဦးဘမင်းက ဂီတနဲ့ပတ်သက်ရင် ဝါသနာရော၊ အတွေ့အကြုံရောကြီးတဲ့ ပုဂ္ဂိုလ်ပါ။ ဦးဘမင်းက တေးသံသွင်းတွေ ဘာတွေ မပေါ်ခင်ကတည်းက အစ်မသီချင်းတွေကို နိုင်ငံခြားပညာတော်သင်သွားတာ တောင်ထုပ်ပိုးပြီး ယူသွားလေ့ရှိတယ်။ အဲသလို စုစုဆောင်းဆောင်းနဲ့ ဝါသနာကြီးတဲ့ပုဂ္ဂိုလ်။ ဂီတကိုလည်း အင်မတန်မြတ်နိုးသူပါ။ အစ်မရဲ့စိတ်ဓာတ်ကိုလည်း ကောင်းကောင်း သိတယ်။ သီချင်းခွေ စီစဉ်ကြမယ်ဆိုတဲ့အခါ 'မာမာအေးရေ ကျွန်တော်တော့ ဘယ်သီချင်း ဘယ်သီချင်းတွေကို လုပ်ချင်တယ်'လို့ စာရေးတယ်။ ဒါမှမဟုတ် ဖုန်းဆက်တယ်။ သီချင်းနဲ့ ဂီတပိုင်းဆိုင်ရာ အနုပညာရှင်တွေရဲ့ အနုပညာကြေးတွေလည်း အစ်မပဲ လုံးဝ တာဝန်ယူရတယ်။ တစ်ဖက်နဲ့ တစ်ဖက် ယုံကြည်ကြတဲ့အတွက် အလုပ်လုပ်လို့ သိပ်ကို စိတ်ချမ်းသာရတယ်။ အစ်မအတွေ့အကြုံအရ ပြောရရင် ဦးဘမင်း တစ်ယောက်ပဲ အဲသလို နိုင်းတာရှိပါတယ်။ အစ်မကလည်း အဲသလို ပုံအပ်လာတဲ့ အခါမျိုးကျရင်လည်း အစ်မသီချင်းဆိုပဲ့ အစ်မ ယူတယ်။ စီစဉ်ပေးရလို့ ပိုယူတယ်ဆိုတာမျိုး မလုပ်ဘူး။ သီချင်းရေးဆရာတွေကို ကိုယ်တိုင်တွေ့ပြီး အစ်မပဲ အနုပညာကြေးပေးတယ်။ အစ်မဆိုမယ် ဆိုတော့ သီချင်းရေးဆရာတွေကလည်း ကျေကျေနပ်နပ် ခွင့်ပြုကြတာချည်းပါပဲ။

တချို့ သီချင်းရေးဆရာတွေကျတော့ 'မာမာအေးရေ ငါ့က နယ်မှာနေတာဆိုတော့ ညည်းပဲအနုပညာကြေးကိစ္စ စီစဉ်ပေးပါ၊ ညည်းသဘောတစ်ခုပါပဲ'လို့ အဝေးက ခွင့်ပြုကြတယ်။ ဥပမာဆိုပါတော့။ ဆရာ နန်းတော်ရှေ့ ဆရာတင် သီချင်းတွေဆိုမယ်လို့ စီစဉ်ပြီဆိုတာနဲ့ မင်းသားကြီး ဦးရွှေနန်းတင်က 'ဘာသီချင်းဖြစ်ဖြစ် အကုန်လုံး Free. ညည်းသဘောပဲ၊ ညည်းဆိုမှာကို ကန့်ကွက်စရာ မရှိပါဘူး၊ လုပ်ပါ'လို့ ခွင့်ပြုတာများတယ်။ သီချင်းရေးဆရာကိုလေးညွှန့်ဆိုရင် နယ်မှာနေတာဆိုတော့ 'မအေးမြင့်ရေ၊ ငါ့သီချင်းတွေနဲ့

www.burmeseclassic.com

www.burmeseclassic.com

ပတ်သက်လို့ ဘယ်သူကဖြစ်ဖြစ် ဆိုချင်လို့ ခွင့်တောင်းရင် မအေးမြင့်သဘောနဲ့ သာ စီစဉ်ပါ'လို့ ပြောထားတာရှိတယ်။ အစ်မ ပြောချင်တာက အစ်မက စီစဉ်မယ်ဆိုရင် ဘယ်သူကဖြစ်ဖြစ် ယုံကြည်ကြတယ်။ တခြားတေးသံရှင်တွေက ဒါမှမဟုတ် ပရိဂျူဆာက ဘယ်ဆရာရေးတဲ့သီချင်းကိုတော့ လိုချင်ပါတယ်ဆိုရင် သီချင်းရေးဆရာဆီတောင် မသွားတော့ဘူး။ မာမာအေးဆီ သွားလိုက်ရင်ပြီးတယ် ဖြစ်လာတဲ့အထိပဲ။ အနုပညာကြေးဆိုရင်လည်း ကျွန်တော် ကျွန်မတို့က ဘယ်ဆရာရဲ့ ဘယ်သီချင်းကို ယူသုံးထားပါတယ်။ အနုပညာကြေးကို အစ်မပဲ ယူထားပေးပါ။ ကျွန်တော် ကျွန်မတို့ ဆက်သွယ်လို့ မရလို့ပါ ဆိုတာမျိုးလည်း ရှိတယ်။ များသောအားဖြင့်တော့ အစ်မပဲ နှစ်ဖက် အဆင်ပြေအောင် လုပ်ပေးလိုက်တာပါပဲ။ သီချင်းရေးဆရာရှိမယ့်နေရာ စုံစမ်းပြီး ပို့ရပြုရတာတွေ လုပ်ရတာပေါ့လေ။ ဘယ်သူပဲရရ ဝမ်းသာရတဲ့ကိစ္စပဲ။ ဒီလို ဝမ်းသာတဲ့ ပီတိနဲ့ပဲ အစ်မ လုပ်ပေးခဲ့တာပါ။

အမှန်ကတော့ အေဂျင်စီ ရှိသင့်တယ်။ ဂီတလုပ်ငန်းမှာ သီချင်းကိစ္စ၊ အနုပညာကြေးကိစ္စ၊ စာသားမှုမှန် ဖြစ်ရေးကိစ္စတွေကအစ တီးဝိုင်းငှားတာ၊ အဆိုတော်ငှားတာအဆုံး အေဂျင်စီက လုပ်ရင်ကောင်းမယ်။ အစ်မက မာမာအေးတေးဂီတလုပ်ငန်းထောင်ထားတာ ဒါလည်း ပါပါတယ်။ အစ်မက ဂီတလုပ်ငန်းပိုင်းမှာ ပိုက်ဆံယူပြီး လုပ်တာ မရှိခဲ့ဘူး။ မေတ္တာနဲ့ လုပ်ပေးခဲ့တာချည်းပဲ။ သီချင်းတွေကို ကောင်းမွန်သပ်ရပ်တဲ့ Series တစ်ခွေဖြစ်အောင် လုပ်ဖို့ဆိုတာကျတော့ ဂီတပိုင်းက ဦးဆောင်ဦးရွက်လုပ်ရသူတွေမှာ တာဝန်ရှိတယ်။ စာသားမှုမှန်ကိစ္စ၊ သီချင်းကိစ္စတွေက သူပဲ မှန်ကန်အောင်လုပ်ရမယ်။ များသောအားဖြင့်က ဦးဆောင်ဦးရွက်ပြုသူတွေဆိုတာက ငွေသာ ထုတ်ပေးနိုင်တာ၊ သီချင်းကိစ္စတွေမှာ ပါခဲတယ်။ တစ်ချို့ကြ သက်ဆိုင်ရာကို သီချင်းစာ

'ထွဋ်ဘုန်း ခေါင်များ မြတ်စေတီအပါင်း... နယ်ခြားမြေဝေး နောင်းချစ်ထွေးနှင့်' ဆိုပါတော့ ဘုန်းတန်ခိုးတော်အရောမှာ အခေါင်အဖျား ဖြစ်တော်မူသော ဘုရားရှင်၏ ဥဒ္ဒိဿ စေတီတော်အပါးမှာ တစ်ဝေးတစ်မြေ ရောက်နေတဲ့ ရေးကပင် ချစ်ရသူမောင်နဲ့ တစ်ရေးချစ်ခွင့်ကလေး မြင်စမ်းပါရစေလို့ ပြောတာကိုသိမှ ခံစားမှုထည့်နိုင်မှာပေါ့

သားတင်တာ၊ ကာယကံရှင်ရဲ့ ခွင့်ပြုစာတင်ရတာတွေ ရှိခဲ့တော့ ပရိဂျူဆာက ဒါတွေတော့ သူဘက်က လုပ်ပေးတယ်။ တချို့ ပရိဂျူဆာကျတော့ ပုဂ္ဂိုလ်တစ်ယောက်ကို လွှဲအပ်ပြီး အစစအရာရာ စီစဉ်ဆောင်ရွက်ဖို့တာဝန်ပေးတာ ရှိတတ်တယ်။ ဖြစ်သင့်တာက ဒီတာဝန်ယူတဲ့ လူကလည်း ဂီတနဲ့ နီးစပ်ရင် အကောင်းဆုံးပေါ့။ အဆိုတော်ကို အကြံပေးနိုင်ရမယ်။ ဖြစ်သင့်ဖြစ်အပ်တဲ့ သီချင်းစာသားတွေကို နားရည်ဝနေရသလို အဓိပ္ပာယ်အားဖြင့် ဘာတော့ဖြင့် ဖြစ်သင့်တယ်ဆိုတာ သူကလည်း သိထားရင်ပိုကောင်းတယ်။

ဥပမာဆိုပါတော့။ ဆရာ ငြိမ်းရေးတဲ့ *ရေချိုးဆပ်* သီချင်းမှာ *'ဆပ်ပြာကို'ဆဲ'တော့ ဖောင်စွန်းတိုင်ပင် ရေတွေစင်ပါတယ်'* ဆိုတာပါတယ်။ အဲဒီမှာ ဂယက်က ဘာရှိသလဲဆိုတော့ ဆပ်ပြာကို ဆယ်တော့နဲ့ ဆပ်ပြာကိုဆဲတော့ ဆိုတဲ့ စာသား။ ဆပ်ပြာကို ဆယ်တာလား၊ ဆဲတာလားဆိုတာ ဝိဝါဒကွဲစရာတယ်။ အစ်မက လိုက်မေးတယ်။ ဆပ်ပြာကို ဆဲတာလို့ပြောကြတယ်။ အဲဒီသီချင်းကိုဖော်ထုတ်သူက ကိုဝင်းဦးလေ။ သူဆိုပြီးမှ အစ်မတို့က ကြားရတာ ဆိုတာကိုး။ *ရေချိုးဆပ်* သီချင်းကို မြန်မာ့အသံမှာသွင်းတော့ အစ်မက အသံလွှင့်ရုံမှာ လုပ်နေတဲ့အချိန်။ ကိုဝင်းဦးရဲ့ အစ်မတို့ *သည်နွေသည်မိုးသည်ဆောင်း* သီချင်းကလည်း သွင်းနေတာဆိုတော့ ကိုဝင်းဦးကလည်း ရှိနေတယ်။ *ရေချိုးဆပ်* သွင်းတော့ကိုဝင်းဦးက ဆပ်ပြာကို ဆဲတော့လို့ ဆိုတယ်။ အစ်မက ဆပ်ပြာကိုဆယ်တော့ မဖြစ်နိုင်ဘူးလားဆိုတော့ မန္တလေးက ပုဂ္ဂိုလ်တချို့က ဆဲတော့က အမှန်လို့ပြောသတဲ့။ ဒီသီချင်းတီးသူက စန္ဒရားအေဝမ်းခင်မောင်။ ဆရာအေဝမ်းကလည်း ဆပ်ပြာကို စောင်းဆဲတာလို့ပဲ ပြောတယ်။ *ရေချိုးဆပ်* မှာ အနားကလူတွေကို မဆဲချင်တော့ ဆပ်ပြာကို စောင်းဆဲတဲ့ သဘာဝကလေးကို ယူလိုက်တာတဲ့။ ပြောချင်တာက အဲသလို မေးဖူးတဲ့အတွက် အစ်မ ပြန်ဆိုတော့လည်း 'ဆပ်ပြာကိုဆဲတော့' လို့ ပြန်ဆိုလိုက်တယ်။ အဲသလောက်အထိ ဂရုစိုက်ကြပါတယ်။

အဲတော့ ငါ့မောင် စဉ်းစားကြည့်လေ။ စာသားတစ်လုံးတစ်ပါဒဟာ ဘယ်လောက်တောင် ဂရုစိုက်သင့်သလဲဆိုတာ။ သီချင်းရေးဆရာက သူ့စိတ်ကူးဉာဏ်ကလေးကွန့်ပြီး စာတစ်လုံးအသံတစ်သံ နူးနူးညံ့ညံ့တွေးပြီး စီးဆင်းမှုကလေးနဲ့ရေးထားတာကို အဆိုတော်လုပ်လို့ ပျက်ရပြီဆိုရင် ဘယ်ကောင်းနိုင်ပါ့မလဲ။ သူ့သဘောနဲ့သူ စာသားကို ယွင်းချင်လို့၊ ပြင်ချင်လို့ မဖြစ်အပ်ဘူး။ သီချင်းရေးသူ ပညာရှင်ကို စော်ကားရာလည်း ရောက်ပါတယ်။ ဥပမာကွယ် *'တစ်ပြန်တစ်ဖီ တစ်နာရီမျှ တစ်ဆံတစ်မျှင် မေ့နိုင်အောင်ပဲ'* ဆိုတဲ့ စာသားပါတဲ့

www.burmeseclassic.com

www.burmeseclassic.com

တစ်ပြန်တို့ တစ်ဗီဇနာတို့ တစ်အံသာတို့ တစ်လိတ္တာတို့ဆိုတာက ရှေးခေတ် မြန်မာနာရီစနစ်က လာတာကိုတော့ သိရမှာပေါ့။ တစ်ပြန်တစ်ဗီဆိုလို့သာ ဗီရတယ် ဘာပြောမှန်းမသိဘူးဆိုရင် သီဆိုသူကလည်း အာရုံလျော့မှာပေါ့။ စာသားကတစ်ပြန် တစ်ဗီဇနာလောက် ဆမ့်ဖို့ မပြောနဲ့ ဆဲချည်တစ်မျှင်စာတောင် မမေ့နိုင်ဘူးလို့ ပြောချင်တာ။ ဘယ်လောက်လှသလဲ။ ဒါကိုသိမှ ခံစားသီဆိုသူက ဒီသဘောလေးကို ထင်ဟပ်ပြီးတော့ အနှင့်ကလေး ထည့်ဆိုနိုင်မှာပေါ့။ ဒီသဘောပါပဲ။ *'ထွဋ်ဘုန်း ခေါင်ဖျား မြတ်စေတီအပါး၌... နှယ် ခြားမြေဝေး နောင်းချစ်ထွေးနှင့်'* ဆိုပါတော့။ ဘုန်းတန်ခိုးတော်အရာမှာ အခေါင်အဖျား ဖြစ်တော်မူသော ဘုရားရှင်၏ ဥဒ္ဒိဿစေတီတော်အပါးမှာ တစ်ဆေးတစ်မြေရောက်နေတဲ့ ရှေးကပင် ချစ်ရသူမောင်နဲ့ တစ်ရေးချစ်ခွင့်ကလေး မြင်စမ်းပါရစေလို့ ပြောတာကိုသိမှ ခံစားမှုထည့်နိုင်မှာပေါ့။ အစ်မတော့ ကိုယ်တိုင်မကြားဖူးပါဘူး။ တချို့ ပြောကြတယ်။ မေ့ကွက်ကိုရှာကို အမျိုးသားအဆိုတော်က မောင့်ကွက်ကို ရှာလို့ ဆိုတယ်တဲ့။ အဲဒီမေ့ကွက်ဆိုတာက မောင်နဲ့ မေက လာတဲ့'မေ'ကို ပြောတာ မဟုတ်ဘူး။ မေ့စရာအကွက်ကလေး တစ်ကွက်ကို ပြောတာလေ။ အဲဒီမှာ မောင့်ကွက်ကိုရှာလို့ပဲ ဆိုမိတယ်ပဲ ထားပါတော့၊ လွဲရပြီပေါ့။ ဒါလည်း ဟုတ်ချင်မှ ဟုတ်မှာပါ။ စာသားတွေ လွဲကြလွန်းလို့ လူတွေက Joke လုပ်တာလည်း ဖြစ်နိုင်ဖြစ်မယ်။ ဆိုပါတော့ အစ်မ သီချင်းတွေ ပြန်ဆိုကြလို့ လွဲတာပြုတာတွေ့ရင် အစ်မက မပြောဘူးလားလို့ မေးချင်လိမ့်မယ်။ မပြောဘူး။ မပြောဖြစ်ဘူး။ တစ်ဖက်က ငွေကုန်ကြေးကျခံပြီး ထုတ်လုပ်ထားပြီးပြီဆိုမှတော့ အစ်မက ဒီလို ဒီလိုလို့ ပြောဖို့က လက်ခံပါဦးမှလေ။ တစ်ဖက်က ပြန်ပြောရင် စိတ်ဆင်းရဲရမှာ စိုးတာလည်း ပါပါတယ်။ မာမာအေးက သူဆိုမှ ကောင်းတယ်၊ သူများဆိုတာကျတော့ လက်မခံချင်ဘူးဆိုတာတွေ ဖြစ်လာဦးမှာလေ။ ဒါကြောင့် မပြောဖြစ်ဘူး။ ကိုယ့်ကိုယ်ကို အထင်ကြီးလို့ ပြောတဲ့စကားမဟုတ်ပါဘူး။ အစ်မက ကိုယ်ထွင်ထားတာက လှလှပပ လုပ်ထားတာကလေးတွေ တစ်ယောက်က ဆိုလိုက်လို့ မလှမပ ဖြစ်ကုန်ရင် နှမြောတာပေါ့။

တစ်ခါ ဘာရှိပြန်သလဲဆိုတော့ အသံနောက်လိုက်ရတာရှိလို့ အသံသဘောအရ ယွင်းရတာမျိုးတော့လည်း ရှိတာပေါ့။ ဒါကတော့ ဖြစ်တယ်။ ရှေးအဆိုတော်ကြီးတွေက အသံနောက်လိုက်ပြီး ဆိုကြတယ်။ ဆိုပါတော့ 'မိုးတည့် မိုးဒေဝါ' ကို အသံနောက်လိုက်တဲ့အခါကျတော့ 'မိုးတည့် မိုဒေးဝါ' ဖြစ်တယ်။ မိုဒေးဝါ။ အမှန်ဆိုရမှာက မိုးဒေဝါ။ တတ်နိုင်သလောက် မယွင်းအောင်ဆိုတာမျိုးနဲ့တော့ ကိုယ့်မူနဲ့ကိုယ်ဆိုတာမျိုးဖြစ်အောင် အစ်မ ကြိုးစားတယ်။ ဒါကလည်း အသံနောက်လိုက်ရတယ်ဆိုတာကို အသံနောက်မလိုက်ဘူးကွာဆိုတာမျိုးနဲ့ ဖွတ်လုပ်ချင်လို့လည်း မဖြစ်ပြန်ဘူး။ အသံသဘောအရ ပြေပြစ်မှုကလည်း ရှိရသေးတာကိုး။ ဒါက စနစ်တွေ ရှိတယ်။ နောက်ပိုင်းမှာ ဘာတွေတွေ့ရသလဲဆိုတော့ အထူးသဖြင့် အဆိုတော်မိန်းကလေးတွေပေါ့လေ။ မြန်မာစာရဲ့သဘော၊ အသံထွက်ပုံစနစ်၊ အသံထွက်ပေါ်ရာဌာန်တွေရဲ့သဘောကို မသိကြတော့ အဆင်မပြေတာတွေ ကြားရတယ်။ ပညာရှင်တွေက သိတာပေါ့။ တစ်ခါ ဘာရှိသလဲဆိုတော့ နိုင်ငံခြားက သီချင်းတွေကိုကော်ပီလုပ်တော့ သူတို့နဲ့ အစ်မတို့နဲ့ အသံစနစ်ချင်းက မတူဘူး။ အစ်မတို့က သံပြတ်တွေမှာ ရှည်ရှည် မဆွဲဘူး။ စနစ်အရ မဆွဲရဘူး။ 'ယိမ်းတန့်ခဲ့ စိမ်းတလဲ့လဲ့' ဆိုတာတွေမှာ ခဲ့နဲ့တို့ လဲ့တို့ကို ရှည်ရှည်ဆွဲမဆိုကြဘူး။ နိုင်ငံခြားအသံတွေမှာကျတော့ သံပြတ်ကို ဆွဲချင်ဆွဲတယ်။ သူတို့ဆီက အသံရှည်တွေကို အစ်မတို့ဆီမှာ Copy လုပ်တဲ့အခါ အသံတို့နဲ့ ဖြစ်ချင်ဖြစ်တယ်။ အစ်မတို့မှာက ထောင့်ကျိုးတယ်ဆိုတဲ့ စကားရှိတယ်။ ဆယ်ပြားစေ့လိုပေါ့။ အစွန်းကလေးတွေ ထောင့်ကလေးတွေမှာ ပြေပြစ်အောင်ဝိုက်ပြီး သိမ်းထားတာကို ခေါ်တာပါ။ ဒါကြောင့် ထောင့်ကျိုးရတယ်။ ဒါကြောင့် 'မ'ကို 'မာ... အာ အာ' လို့ သံရှည်ဖြစ်နေတာ။ 'ကြ'ကို 'ကြ အာဟာ' လို့ သံရှည်ဖြစ်နေတာ တွေက မြန်မာစနစ်နဲ့ကျတော့ မတူဘူးပေါ့။ ဒါကြောင့် ကိုယ့်ပညာက ဘာလဲ။ အဆိုပညာ။ ဒါကိုပုံပိုးဖို့ စာတွေဖတ်ဖို့ လိုတယ်။

ခံစားမှုထည့်ရတယ် ဆိုတဲ့အခါကျတော့ စာပေါ်မှာ အလေးထားရတဲ့ သဘောလား။ ဆိုလိုတာက စာအရဖွဲ့နွဲ့ထားတဲ့သီချင်းမှာ ခံစားမှုကို အသံနဲ့ဖြည့်ယူရတာရှိတယ်ဆိုရင် အစ်မ ဘယ်လိုဖြည့်ယူသလဲ။

အစ်မကတော့ စာပေါ်မှာ အလေးထားတယ်။ အလွမ်းသီချင်းမို့လို့၊ တေးသွားက အနှင့်ကလေးမို့လို့ လွမ်းရအောင်ဆိုတာက တစ်ဝိုင်း၊ စာက ဘယ်လိုရေးထားသလဲ။ အလွမ်းထဲမှာ မချိတင်ကဲ ဖြစ်စရာလည်း ပါတယ်။ ကိုယ့်ဘက်က အရှုံးပေးလိုက်ရတဲ့ သဘောလည်း ပါတတ်သလို၊ ရှင်က သစ်စိမ်းချိုးဆိုမှတော့ ကျွန်မက သစ်ကြွပ်ချိုးပဲပေါ့ရှင်လို့ အငေါ်တူးတဲ့သဘောလည်း ပါတတ်တယ်။ မိန်းမသားမို့ အားနဲ့ရသူပါဆိုတာမျိုးပါသလို မမျှော်သာတော့လည်း တော်ရာက ဆွေးရသူပါလို့ ကိုယ့်ဘက်က တစ်ထစ်လျှော့ရတာမျိုးလည်း ရှိတတ်တာပဲမဟုတ်လား။ တမ်းတတယ်၊ တမ်းရော်တယ်၊ လွမ်းရတယ်၊ ဆွေးရတယ်၊ ကြေကွဲရတယ်၊ နှင့်ခနဲ ခံစားရတယ်၊ စိတ်လက်ညှိုးနွမ်းရတယ်။ စသည်ဖြင့် ဒီဂရီတွေရှိတယ်။ လွှတ်ပြီးတော့ လွမ်းပစ်ဖို့ဆိုတာကလည်း မဖြစ်အပ်ဘူး။ ဒါကြောင့် စာကို အလေးထားတယ်။ စာက ဘယ်လောက်အထိ ဖွဲ့ထားသလဲဆိုတာ သိမှ ခံစားမှုကို ထည့်ရတယ်။ ဒါပေမဲ့ ခံစားမှုကို ဖော်ကျူးတဲ့အသံက ဒုတိယနေရာ

www.burmeseclassic.com

www.burmeseclassic.com

မှာ ထားတယ်။ ဒါက အလွမ်းသီချင်းကို ပြောတာ။

တစ်ခါတလေကျတော့ အသံနဲ့စာမှာ အသံကိုလျှော့ပေးလိုက်ရတာ ရှိတယ်။ ဆိုပါတော့ *နှစ်ယောက်တည်း* သီချင်းမှာ 'အာကာကိုလွှာပုံပြလို့ မေရကလောင်သဖွယ်' ဆိုတာမှာ အစ်မတို့က ဆိုတဲ့အခါ 'အာကားလွှာပုံပြလို့' ဆိုတာမျိုးဖြစ်သွားတာ ရှိတယ်။ 'အာကာ'ကို 'အာကား' လုပ်လိုက်ရတာ။ အာကာလွှာပုံပြလို့ဆိုတာကို တူရိယာက 'တူနယ် တူနယ် တယ့်နယ်'လို့ တီးထားပြီ။ စာလုံးက ခြောက်လုံး၊ အတီးက ခေါက်လိုက်တာကလည်း ခြောက်လုံး။ စာလုံးစေ့ အသံစေ့ဖြစ်နေပြီ။ ကြားမှာ အသံတစ်သံ ဆက်ထည့်စရာ နေရာမရှိတော့ အာကာကို ပီချင်လို့မရပါဘူး။ မင်း ဆိုကြည့်လေ။ ဒါမျိုးက များများတော့ မရှိတတ်ပါဘူး။ တချို့သီချင်းထဲက တချို့နေရာမှာသာဖြစ်တာဆိုတော့ အသံကို စာက လျှော့ပေးရတာ သိပ်ပြဿနာ မရှိဘူး။ ဒါပေမဲ့ စာကချည်း အလျှော့ပေးနေရပြီဆိုရင်လည်း မသင့်ပါဘူး။

နိုင်ငံခြားသံကို ဗမာသံကူးတဲ့အခါ ပြေပြေပြစ်ပြစ် ချောချောသာသာ ရှိလိုက်တာလို့ ခံစားရပြီဆိုရင် အသံတွေရဲ့နေရာမှာ အချိုးကျတဲ့ စာထည့်နိုင်လို့ပေါ့။ ဆရာရွှေပြည်အေးတို့က ဒီလို စာထည့်တာ ကောင်းတယ်။ မသီရင် ကျောရိုးက နိုင်ငံခြားသံယူထားတယ်ဆိုတာတောင် မသီသာဘူး။ ဆရာအေးက အစ်မ ဆရာကြီးတွေထဲမှာ တစ်ပါးပါပါတယ်။ ဆရာရေးရင် ထောင့်မကျိုးတာ၊ စာသားမပီတာ မရှိသလောက်ဘဲ။ အလင်္ကာကျော်စွာ ဘွဲ့ရကြတဲ့ ဆရာဦးမိုးတို့၊ ဆရာအေးတို့က ရလည်းရသင့်ပါရဲ့။ အင်မတန် တော်ကြပေသကိုး။ ဆရာရွှေပြည်အေးကလည်း အသံစေ့စာစေ့ ရေးတာပဲ။ တစ်ခါတလေ အသံထက် စာက ပိုချင်ပိုတတ်သေးတယ်။ သုံးထပ်လောက်တောင် ကွန့်လိုက်သေးတယ်။ တစ်ခါ ဘာထူးခြားသလဲဆိုတော့ *အညာတစ်ခွင်* ဆိုတဲ့ သီချင်းမှာ မြန်မာမှုကစားစရာတွေ၊ မြန်မာမှုအစားအစာတွေ ရေးသွားတယ်။ ဟင်းစပ်တောင် ပါသေးတယ်။ 'ငုံညင်းထိုးကြမယ်' ဆိုရင်လည်း ကစားဝိုင်းကအသံ၊ 'ဗွေးတုတ်' ဆိုရင်လည်း ကြက်ဖခွပ်ဝိုင်းက အသံ။ ဒါတွေပါ ကျယ်ကျယ်ပြန့်ပြန့် ရေးနိုင်တယ်။ သီချင်းရဲ့နောက်ခံ Atmosphere ပါထည့်နိုင်တယ်။ ဒီလို သီချင်းတွေမှာ အစ်မက ခံစားမှုထည့်ဆိုနိုင်တယ်။ ဆိုပါတော့ *'ဗွေးတုတ် ရေ×××ပေ×××ဗွေးတုတ်ရေ×××အရေး လုပ်ဖို့ ငါမမြင်သလေ×××ကြောက်ရင် လည်းနောက်ဆုတ်နေ'* ဆိုတာမှာ 'ညည်းများတော့အေ...ငါက ဘာအရေးလုပ်လိမ့်မလဲ...မယှဉ်ဝံ့ရင် နောက်သာဆုတ်နေတော့ ကောင်မရေ' လို့ပြောတဲ့ အရပ်သုံးကို သီချင်းလုပ်လိုက်တာ မဟုတ်လား။ ဒီခံစားမှုပါအောင်ဆိုလိုက်တော့ ဝိုင်းလှသွားတာပေါ့။ နောက်ပြီးတော့ ဂီတအဖွဲ့အစဉ်မှာ ဆရာက ဗမာသံကလေးတွေနဲ့ဖွဲ့တတ်တယ်။ ဒီလိုဆိုတော့ သီချင်းကောင်းတစ်ပုဒ် ဖြစ်ရတယ်။ *နပမ်းဆံ* (နားပန်းဆံ)တို့ *ပယောဝါ*တို့။ အများကြီးပဲ။ 'ပယောဝါ'က ဒေါ်မြင့်မြင့်ခင် ဆိုခဲ့တယ်။ 'ပယောဝါ သလေလေ့...ပယောဝါ' ဆိုပြီး အသံကို ဘယ်အဆုံးအထိ ချလိုက်တာတွေဆိုရင် သိပ်ကောင်းတာပဲ။ ဆရာအေးက ကိုယ်တိုင်ရေးတော့လည်း ကောင်းတယ်။ နိုင်ငံခြားသံတွေကို မှီးယူတော့လည်း ကောင်းတယ်။ အစ်မက အီတလျံသီချင်းတွေပါတဲ့ ဓာတ်ပြားနှစ်ချပ်လက်ဆောင်ရလို့ ဆရာ့ကို သွားပေးဖူးတယ်။ ဂီတကောင်စီသီချင်းတစ်ပုဒ်မှာ ဆရာက အဲဒီဓာတ်ပြားထဲက တစ်ပုဒ်ကို အသံထည့်ဖူးတယ်။ စာက ကောင်းတော့ သိပ်ကိုပြေပြစ်တာပေါ့။ ဘယ်သူမှတောင် မသီဘူး။

ဒီခေတ်က တစ်ပန်းသာတယ် ပြောရမလားတော့ မသီဘူး။ အခုက အတီးဆရာတွေက သီချင်းကို အရင်းသွင်းထားပြီးသား။ အားရင်အားသလို စတူဒီယိုကို လာပြီး အတီးမှာ အသစ်ဖြည့်နိုင်ကြတယ်။ ဒီ Body ထဲမှာ အစ်တော်ကလည်း အသာသွားဆိုရုံပဲ။ မှားရင်လည်း ပြန်ဆိုရုံပဲ။ အတီးက Body ရှိပြီးသားကိုး။ အစ်မတို့ခေတ်က ဘယ် ဒီလိုဟုတ်မလဲ။ မိုက်ခရိုဖုန်းက သံမှားများရှိတာ မဟုတ်ဘူး။ သူရှေ့နည်းနည်းတိုး၊ သူက နောက်နည်းနည်းဆုတ်၊ ငုံကဝေးဝေးမှာထား၊ လေမှုတ်တူရိယာတွေက ဘယ်နေရာမှာနေ၊ အဆိုတော်ကဒီလာဆိုပြီး စတူဒီယိုထဲမှာ နေရာချရတာကိုက အကြာကြီး။ အသံစစ်သွင်းကြည့်။ မဟုတ်သေးဘူးဆိုရင် နေရာပြန်ချ။ ဆိုကြည့်၊ တီးကြည့်။ ဟုတ်ပြီ။ တကယ်သွင်းကြပြီဆိုတော့ အတီးကမှားလို့၊ အဆိုကမှားလို့။ ပြန်ဆိုလိုတာက တစ်ယောက်မှားရင် အကုန်လုံးက ပြန်လုပ်ကြရတယ်။ ဒီတော့ ကြိုးကျအောင် နဂိုကတည်းက အကြမ်းကြမ် တိုက်ထားကြရတယ်။ ခေတ်က Live လွှင့်ရတဲ့ခေတ်ဆိုတော့ အသံလွှင့်မယ်ဆိုရင် မှားလို့မဖြစ်ဘူး။ အချိန်ပိုရလို့လည်း မဖြစ်ဘူး။ ဒီအချိန်နဲ့ ဒီအခွင့်ကွက်တိဆိုကြ တီးကြရတာ။ ဆိုပါတော့ ၁၅ မိနစ် ပရိုဂရမ်ရထားရင် အဲ အစဉ်ကြေညာသူအတွက် ချန်ပြီး သူ မိနစ်ခွဲလောက်နဲ့ ကွက်တိတီးကြဆိုကြရတယ်။ ဒီလို Timing ကိုက်အောင်က အပြင်မှာ တိုက်သားကျနေမှဖြစ်တာ အခုခေတ် အဆိုတော်တွေကျတော့ ဟန်ကျလိုက်တာ။ အိမ်ကနေ စတိုင်နဲ့သွားရုံပဲ။ ကိုယ့်ပေးထားတဲ့ အတီးသက်သက် အကြမ်းခွေယူထားပြီး အိမ်ကကက်ဆက်နဲ့ ကျွင်တော့လည်းဖြစ်တယ်။ ဒီဘက် ကြိုသွင်းခေတ်ကိုလည်း အစ်မ မီပါတယ်။ ဒါပေမဲ့ ဟိုတုန်းကလိုဝဲကြိုးကျအောင် ပြင်ဆင်ထားတဲ့အကျင့်က မပျောက်ဘူး။ သီချင်းအပေါ်မှာ အားစိုက်ထုတ်မှုကို အလျှော့မခံဘူး။

(ဆက်လက်ဖော်ပြပါမည်)

■

နေဝင်းမြင့်

www.burmeseclassic.com

www.burmeseclassic.com

ထိုးဖောက်ဝင်ရောက်မှုများ

စာဖတ်သူသို့...

စာရေးဆရာ နေဝင်းမြင့်
ရေးသားပြီး **ထိလုမိုးဆီ**
တိမ်သို့ မီသား ခေါင်းစီးဖြင့်
တေးသံရှင်(ဒေါ်)မာမာအေးနှင့်
ဆွေးနွေးခြင်း ကဏ္ဍကို ရွှေအမြုတေမဂ္ဂဇင်း
အခန်းဆက်ဆောင်းပါးအဖြစ်
ဖော်ပြလျက်ရှိရာမှာ
၂၀၁၃ ဩဂုတ် လထုတ်တွင်
အချို့သောအချက်အလက်များ
မှားယွင်းဖော်ပြပါရှိသွားပါသည်။
စာမျက်နှာ ၁၀၄
တတိယကော်လံတွင် ဖော်ပြပါရှိသည့်
(ငြိမ်းချမ်းရေးသည်
အပေါင်းလက္ခဏာ ဆိုတဲ့
သီချင်းကိုလည်း ဆိုခဲ့တယ်။
ရုပ်ရှင်မင်းသား ကိုမြတ်လေး
ဆိုခဲ့တဲ့သီချင်း) ဆိုသည်မှာ
သီချင်းရေးဆရာ
ရုပ်ရှင်သရုပ်ဆောင်
ကိုမြတ်လေး သီဆိုသည့်
သီချင်းဟု
မှားယွင်းဖော်ပြခဲ့ခြင်းသာ
ဖြစ်ပါသည်။ ၁၉၅၅ ခုနှစ်က
တေးရေးဆရာ မြို့မငြိမ်း ရေးဖွဲ့ပြီး
မြို့မအဖွဲ့မှ တေးသံရှင်တစ်ဦး
သီဆိုခဲ့သော သီချင်းဟုသာ
ယူဆရပါသည်။ တေးသံရှင်
ဒေါ်မာမာအေးက
၁၉၆၀ ဝန်းကျင်တွင်
သီဆိုခဲ့သည်ဟု
သိရှိရပါသည်။

စာမျက်နှာ ၁၀၆ ပထမကော်လံတွင် ဖော်ပြပါရှိခဲ့သည့်
(နောက်ပိုင်းကျတော့ ဦးကိုကို(ဂီတလှလင်မောင်ကိုကို)တို့
ဦးတင်အောင်(ဗိုလ်ကလေးတင်အောင်)တို့က ကိသာဂေါတမီ
ရေးကြတဲ့အခါ အစ်မ ဆိုခဲ့ရပြန်တယ်) ဟု ဖော်ပြပါရှိခဲ့ပါသည်။
အဆိုပါသီချင်းမှာ တေးသံရှင် ဒေါ်မာမာအေး သီဆိုခဲ့ခြင်း
မဟုတ်ဘဲ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဗိုလ်ဇကို၏
စကားပြောနှင့်အတူ တေးသံရှင် အေဝမ်း(ဒေါ်)တင်တင်လှ
သီဆိုခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်မာမာအေး သီဆိုခဲ့ခြင်း မဟုတ်ပါ။
စာမျက်နှာ ၁၀၆ ဒုတိယကော်လံတွင်
(အိုဘယ်တဏှာ မိမာယာရဲ့ Original ဆိုခဲ့သူက စမ်းစမ်းအေး) ဟု
မှားယွင်း ဖော်ပြပါရှိခဲ့ပါသည်။ *အိုဘယ်တဏှာ မိမာယာ*
တေးသရုပ်ဖော်မှာ ဂီတစာဆို မောင်ကြေးမုံ၏
တေးသရုပ်ဖော်ဖြစ်ပြီး တေးသံရှင် ဒေါ်မာမာအေးက
သီဆိုကာ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ စမ်းစမ်းအေးက
သရုပ်ဖော်ကပြခဲ့ဖူးပါသည်။ အဆိုပါ တေးသရုပ်ဖော်ကို
ရုပ်ရှင်ပြန်လည်ရိုက်ကူးရာမှာ ရုပ်ရှင်သရုပ်ဆောင်
(ဒေါ်)အေးအေးသင်း အကယ်ဒမီ ရရှိခဲ့ပါသည်။
ဤတွေ့ဆုံမေးမြန်းခြင်းမှာ ၁၉၉၄ ခုနှစ်က စာရေးဆရာ
နေဝင်းမြင့်က တေးသံရှင် ဒေါ်မာမာအေးအား တွေ့ဆုံမေးမြန်း
ခဲ့သည်များကို စာပေစိစစ်ရေး ခွင့်ပြုချက်ရယူရန် မလိုသော
ယခုကာလတွင် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။
ရေခြားမြေခြားရောက် တေးသံရှင် ဒေါ်မာမာအေးက လိုအပ်သလို
ဖတ်ရှုပြင်ဆင်တည်းဖြတ်ပြီးမှသာ ဖော်ပြခြင်းဖြစ်ပါသည်။
ဩဂုတ်လထုတ် တွေ့ဆုံမေးမြန်းခြင်းတွင်မူ တေးသံရှင်
ဒေါ်မာမာအေး မြန်မာနိုင်ငံသို့ ရောက်ရှိနေချိန်တွင် ဆက်သွယ်ရန်
အခက်အခဲရှိမှုကြောင့် အမှားအယွင်းအချို့ ပါရှိသွားပါသည်။
ယခုပြင်ဆင်ချက်မှာ တေးသံရှင် ဒေါ်မာမာအေး၏
ပြင်ဆင်ချက်အတိုင်း စာရေးဆရာ နေဝင်းမြင့်၏
သဘောတူခွင့်ပြုချက်ဖြင့် ပြန်လည်ဖော်ပြခြင်း ဖြစ်ပါသည်။
မှားယွင်းဖော်ပြခဲ့သည့်အတွက် တေးသံရှင် ဒေါ်မာမာအေး၊
စာရေးဆရာ နေဝင်းမြင့်နှင့်အတူ သက်ဆိုင်သူများအပါအဝင်
စာဖတ်သူများအား အနှုံးအညွှတ်တောင်းပန်အပ်ပါသည်။

■

အယ်ဒီတာ(ရွှေအမြုတေမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျောက်ကိုခေး

နွေနေက အလွန်ပြင်းသည်။
ညရောက်သည့်တိုင် တော်တော်နှင့်
မအေး။ ညဦးနက်မှ အိပ်၍ရသည်။
နွေရောက်တိုင်း အိပ်ရေးပျက်သည့်
ညတွေများသည်။ နေ့ခင်းတွေမှာ
အရိပ်ကောင်းကောင်းရှာ၍
လေကြောရသော နေရာရွေး၍
တစ်ရေးတစ်မော အိပ်ရသည်။
အိပ်မရသည့် အကြွေးကို
ဆပ်ရသည်။ အိမ်နောက်ဘက်
သရက်ပင်ရိပ်တွင် တန်းလျား
လေးချထားပြီး အိပ်လျှင်
အဆင်ပြေသည်။ အိမ်က
အနောက်ဘက်လှည့်မို့
အိမ်အရိပ်ကလည်း
နေ့ခင်းဆိုရပြီ။ တန်းလျားကို
ရေပိပါသုံးလုံးနား
ချထား၍ ရေပိပါမှ

အအေးဓာတ်ကိုလည်း ရသည်။
လှေတဖြူးဖြူးလည်း ရသည်။
တန်းလျားလက်တန်းကို
ခေါင်းခုစာဖတ်ရင်း
ငိုက်မျဉ်းလာတတ်စမြဲ။
မျက်ခွံတွေ လေးလာလျှင်တော့
မျက်နှာပေါ် စာအုပ်ဖွင့်တင်ပြီး
အိပ်လိုက်ရုံသာ။
ဇက်သောင်းလာလျှင်
ခဏနိုးတတ်ပေမဲ့ ပြန်အိပ်၍
ပျော်သွားတတ်ပြန်သည်။
ခုနိုးလာတော့ တန်းလျားအောက်မှာ
တစ်ခုခုရှိနေသလို ခံစားရသည်။
ရေပိပါကို ခန္ဓာကိုယ်တစ်ခုခုနှင့်

www.burmeseclassic.com

www.burmeseclassic.com

အဝိုင်ယေဟိ
သမ္မယောဂေါ
ဒုက္ခာ
ဝိယေဟိ
ဝိပ္ပယောဂေါ
ဒုက္ခာ
ဂျက်ဂီနှင့်
ဒီအိုမ်
မိသားစုတို့
ခွဲခွာခန်းကို
စဉ်းစားမိနေသည်
ဘယ်လိုပုံစံနှင့်
ကွဲကွာကြမှာလဲ
ကွေကွင်းကြ
ရမှာလဲ
သူ အသက်ကို
မေးကြည့်တော့
၇ နှစ်သား
ကျော်နေပြီ

တွန်းပွတ်နေကြောင်း သိနေသည်။ မျက်စိမဖွင့်ဘဲ အာရုံစိုက်ကြည့်တော့ ငြိမ်သွားပြန်သည်။ ဘာမှ မဟုတ်ပါဘူးလေ။ အိပ်ရေးမဝတဝမို့ မျက်စိကိုလည်း ဖွင့်မရ။ ခန္ဓာကို ဘေးစောင်းပြင်ရင်း ပြန်အိပ်ပျော်သွားသည်။

ရေပီပါတွေကို တွန်းတိုက်သံက တန်းလျားအောက်မှ ထွက်လာပြန်သည်။ ဒီတစ်ခါတော့ အာရုံကြည်ကြည်နှင့် နိုးလာသည်။ ကျဉ်နေသော ခြေလက်တွေကို ဇောလှုပ်ရှားပြီး ထထိုင်လိုက်သည်။ တန်းလျားအောက် ငုံ့ကြည့်တော့ လားလား၊ ခွေးတစ်ကောင်။

❑

ရာရာစစ ခွေးမသား။

တန်းလျားအောက်မှာ အစန့်သား စက်တော်ခေါ်နေသည်။ အိမ်နောက်ဘက်မှ ခေါင်းရင်းလမ်းကြားဆီ တံခါးတစ်ပေါက်ကို သရက်ပင်အောက်မှာ ဖောက်ထား၍ ထိုတံခါးမှ ဝင်လာပုံရသည်။ မအိပ်မီက တံခါးကို ဆွဲပိတ်ထားခဲ့သည်။ တစ်ယောက်ယောက် ဖွင့်ပြီး ပြန်မပိတ်ဘဲ ထားခဲ့ပုံရသည်။ ပွင့်နေသော တံခါးမှ ဝင်လာပြီး အိပ်နေပုံရသည်။

အရောင်က အုန်းခွံနီရောင်၊ အကောင်အလုံး အထည်က သာမန်ခွေးတွေထက် သိသိသာသာ ထွားသည်။ ခန္ဓာကလည်း ရှည်သည်။ ခြေဆံ လက်ဆံတွေကလည်း ထွားကျိုင်းသည်။ သို့သော် ခေါင်းက သိပ်မကြီး။ ရှည်မျောမျောဟု ဆိုနိုင်သည်။ အမွေးတွေက မြင်နေကျ ခွေးတွေထက် ရှည်သည်။ အထူးခြားဆုံးကတော့ အမြီးဖားဖားကြီးဖြစ်သည်။ အမြီးဖားကြီးက တော်တော်ကို လှသည်။ အပေါ်ဝိုင်း အုန်းခွံရောင်ကနေ အောက်ဘက်ကို အရောင်ဖျော့သွားသည်။ အောက်ပိုင်းရောက်တော့ ဝါဖန့်ဖန့် ဖြစ်သွားသည်။ အလှားရှည်ရှည် ကိုယ်ကြီးနှင့် ခြေလက်ဆန့်ပြီး စိတ်ချလက်ချ အိပ်နေပုံက မနာလိုချင်စရာပင်ကောင်းတော့သည်။

ကျူးကျူးကျော်ကျော် ခြံထဲဝင်လာပြီး ပိုင်စိုးပိုင်နင်း အိပ်နေသည်ကိုကြည့်ပြီး စိတ်တိုသွားမိသည်က အမှန်။

အမှန်တော့ အိမ်မှာ မည်သည့် တိရစ္ဆာန်မျှ မမွေး။ ကြောင် မမွေး၊ ခွေး မမွေး။ တိရစ္ဆာန်ဆိုရှိ၍ မမွေးဘဲရောက်နေသော ကျွေးဇူးရှင် မာမူလေးတွေသာရှိသည်။ လက်မခံချင်၍ မေတ္တာလည်း မပို့ရဲ။ တွေ့လေရာ ကိုက်ဖြတ်သွားတတ်တာကြောင့် အံကြိတ်ပြီး အသံတိတ်သာ နေရသည်။ မွေ့ရာတွေ ကိုက်လိုကိုက်၊ အဝတ်အစားတွေ ဖောက်လို ဖောက်၊ ကျောင်းလွယ်အိတ်ကို အမြီးဖားတွေက ရွေးပြီး ကိုက်သွား၍ ပစ်ထားရသည်လည်းရှိခဲ့သည်။ ကြွက်ဟုတောင် မခေါ်ဝံ့။ အိမ်နီးချင်းတွေ သူတို့အမျိုးကို ရှိရှိသေသေ ခေါ်သလို မာမူလေးဟု အမည်ပြောင်းပေးထားရသည်။

အိမ်သားတွေက တိရစ္ဆာန်ကို မချစ်ကြ။ မချစ်တာလည်းမဟုတ်။ ညစ်ပတ်၍ဟု ဆိုသည်။ ဧည့်သည်ကြောင်ကလေးတွေ ရောက်လာလျှင်လည်း မောင်းထုတ်ပစ်ကြသည်။ ကြောင်စာ၊ ခွေးစာတွေ ပိုတတ်ပေမဲ့ ပလတ်စတစ်အိတ်ထဲ စုထည့်ပြီး ခြံအပြင် အမှိုက်ပုံးထဲကိုသာ ပစ်လိုက်တတ်သည်။ ခွေးတွေလည်း ခြံထဲ အဝင်မခံ။ ခြံကိုလုံအောင် ကာထားသည်။ ခွေးတိုးပေါက် မရှိ။

ခုတော့ သင်းက ခြံထဲရောက်ပြီး အစန့်သား စက်တော်ခေါ်နေပြီ။

ကြည့်နေစဉ်မှာပဲ ကိုယ်ကိုပြင်၍ ပီပါနား ထပ်တိုးလိုက်သည်။ ပီပါကို ကိုင်ကြည့်တော့ ရေအပြည့်နှင့်မို့ ထင်ပါရဲ့။ သိသာစွာပဲ အေးမြနေသည်။ နွေအပူက သူ့ဝါတွေပင် ခံနိုင်ရည်မရှိတော့။ ပီပါက အအေးကို ကျောနှင့်ကပ်၍ ယူသည်။ မြင်ပြင်းကတ်စရာကောင်းသေးတော့။

'ကျော် ကျော် ကျူး ကျူး ငါ့အောက်များ လာအိပ်နေတယ်။ ဟဲ့ ကောင်မ သွားသွား ခြံအပြင်ထွက်'

တုတ်တုတ်မျှ မလှုပ်။

ပီပါပေါ်ရှိ တုတ်နှင့် တန်းလျားကို ခပ်ကြမ်းကြမ်း ရိုက်ပြီး ထပ်အော်ရသည်။ ဒုံ အခါမှ မျက်လုံးဖွင့်ပြီး ခပ်လေးလေး တန်းလျားအောင်ဘက် ထွက်လာသည်။ ရပ်လိုက်သည့်အခါမှ သာမန်ခပ်ထွားထွားခွေးထက် ထွားကျိုင်းနေသည်မှာ သေချာသွားသည်။ ထရပ်ပြီးလည်း ခြံအပြင် မထွက်။ ခြေလက်တွေ အကြောဆန့်နေသေးသည်။

'ဟေ့ကောင်... မင်းကို ပြောနေတာ။ အပြင်ထွက်ဖို့ ပြောနေတာ'

မော့ကြည့်ပြီး အမြီးကို ယမ်းပြသည်။

'မင်းကို ငါ မသိဘူး၊ ဘော်ဒါဖွဲ့မနေနဲ့၊ သွား အပြင်ထွက်။ ငါ လုပ်လိုက်ရ'

တုတ်နှင့် ရွယ်သော်လည်း အမြီးသာ ယမ်းပြနေသည်။ ပြီးမှ တစ်လှမ်းချင်း လှမ်းကာ ရေချိုးခန်းကြမ်းပြင်ဘက် သွားပြီး တုံးလုံးလဲ့အိပ်နေပြန်သည်။ အပူဒဏ်ကြောင့် မောပန်းနေတာလား မသိ။ ဝမ်းပြင်တစ်ခုလုံး ခပ်သွက်သွက်လှုပ်နေသည်။

ဩော်... သူလည်းလေ ပူနေတာဖြစ်မှာပါ။ စာနာစိတ်ကလေးဝင်လာ၍ ကပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆုတ်ရက်တော့။ ခြေပစ်သက်ပစ် အိပ်ပျော်သွားသောသူကို ကြည့်နေရှာသာ ကြည့်နေမိတော့သည်။

ထိုနေ့ကစ၍ သူ အိမ်ထဲ ဆောက်လာခဲ့ခြင်း ဖြစ်သည်။

❑

ဘယ်က အကောင်လဲ။ ငယ်စားရင်းမှ သတိရလာသည်။ ခပ်ဝေးဝေးကမဟုတ်။ မျက်စောင်းဆိုင်အိမ်က ခွေးဖြစ်သည်။ သူတို့အိမ်က တိုက်အသစ်။ ခြံကျယ်ကြီးထဲတွင် ပြစ်လှုပ်နှင့် ခေတ်ပေါ်တိုက်အသစ်။ ခြံတစ်ခုလုံးကို သည်း အလုံကာထားသည်။ ဧည့်မျက်နှာစာကို စည်းရိုးအပြင်ဘက်မှာ ဗိုလ်ကတော်ဝင်တွေ ခပ်စိပ်စိပ် စိုက်ထားတော့ ခြံထဲကို အပြင်မှ မမြင်ရ။ အိမ် အပေါ်ထပ်က လှမ်းကြည့်မှ သူတို့ ခြံထဲကို မြင်ရသည်။

အသံအောအောနှင့် ညညများမှာ ဟောင်သံကို ကြားရသည်။ နေ့ခင်းတို့မှာ ကြိုးနှင့် ချည်ထားသလား၊ လှောင်အိမ်ထဲ ထားသလားမသိ။ အပြင်ပင် မမြင်ရ။ ညညများမှာသာ ခြံထဲပတ်သွားနေသည်ကို ဝိုးတဝါးမြင်ရသည်။ နောက်ပိုင်း ခြံတံခါးဖွင့်နေစဉ် အလစ်မှာ အပြင်ထွက်ပြေးသလားမသိ။

'ဂျက်ကီ... ဂျက်ကီ၊ သားစမ်း။ ခြံထဲပြန်ဝင် လာသား'

ခေါ်သည့်သူ အသံသာ ကြားရသည်။ ဂျက်ကီကို တော့ မတွေ့ရတော့။ ဈေးရှိ ဆူလမ်းဘက် ဒုန်းစိုင်းသွားလေပြီ။ ဘယ်လိုက ဘယ်လို ပြန်ရောက်လာသည် မသိ။

ညညတွေမှာ အသံအောင် အောင်နှင့် ဟောင်သံကို ကြားရပြန် သည်။ လမ်းထဲမှာ အခြား ခွေးတွေ ဘေးလုံး တစ်သင်းစာမက ရှိသည်။ သူတို့လည်း ဟောင်တာပါပဲ။ ဂျက်ကို အသံလောက်မကျယ်။ အသံအောင်သလို အတော်လည်း လျင်ပုံရသည်။ အပြင် ထွက်ထွက်သွား၍ လိုက်ခေါ်သံကို ခပ်စိပ်စိပ်ကြားလာရသည်။ တစ်ညမှာတော့ စည်ပင်က ခွေးလေ ခွေးလွှင့်တွေ သုတ်သင်မည့် အကြောင်း ကြေညာသံ ကြားလိုက်ရသည်။ မဆီမဆိုင် ရင်းရင်းနှီးနှီး မရှိသေးပေမဲ့ သူကို သတိရသွားသည်။ နောက်နေ့ မနက်မှာ သူသခင်မကြီးအား တခုတ်တရ သတိပေးခဲ့ဖူးသည်။ အမဲလုံး မိမှာစိုး၍ဖြစ်သည်။ အသံနှင့်သာ သံယောဇဉ်ဖြစ်ပြီး သတိပေးဖြစ်ခဲ့သည်။

'ဂျက်ကီက အစားအသောက် ရွေးတယ်။ ပေါင်မုန့်ပဲ စားတာ။ သူ့အတွက် ပေါင်မုန့်ဝယ်ဝယ်ထားရတာ'

ပေါင်မုန့်ပဲစားသည့် ဂျက်ကီ၊ ခပ်လှမ်းလှမ်းကပဲ မြင်မြင်နေရသည်။ ခြံထဲမှာ သိပ် မနေတော့။ လမ်းပေါ် ရောက်နေတာ များပြီ။ ကလေးတစ်အုပ်နှင့် လုံးထွေးလား လုံးထွေးရဲ့။ လမ်းထဲက ခွေးတွေနှင့်လည်း တွဲနေတတ်ပြီ။ လမ်းခွေးတွေက သူ့ကို ရန်ရှာချင်သော်လည်း သူ့ခန္ဓာကိုယ်ကြီးကို ဟန့်နေကြပုံရသည်။

ခပ်ဝေးဝေးက ဂျက်ကီ။ ခုတော့ ခြံထဲ ရောက်လာခဲ့ပေပြီ။

ညနေအေးတော့ အပြင် ပြန်ထွက်သွားပြီး ပျောက်သွားပြန်သည်။ ရက်တော်ကြာ ပေါ်မလာခဲ့တော့။ နေ့ခင်းဘက်တွေမှာလည်း မမြင်ရပြန်။ ညပိုင်း ဟောင်သံကိုပဲ ကြားနေရသည်။ သူ့ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားခဲ့သည်။ တစ်ညတော့ ညပိုင်း ဈေးတစ်ပတ် လမ်းလျှောက်ပြီးအပြန် ရုပ်ရှင်ရုံရှေ့ အဖြတ်မှာ နောက်ဘက်ကနေ ကိုယ်အောက်ပိုင်းကို လာတိုးသည်ကို သိလိုက်ရသည်။ ကြည့်လိုက်တော့ သူ။ ခေါင်းမော့ပြီး ကြည့်ကာ အမြီးကို နှန့်ပြနေသည်။

'ဟာ ဂျက်ကီ၊ မင်းကွာ'

သူ့ခေါင်းကို ပုတ်တော့ ထွက်မသွား။ ရင်းနှီးဟန်ဖြင့် ပရောပရည် လုပ်သည်။ လက်ကို ကိုက်ဟန်ပြုသည်။ လူကိုပတ်၍ တိုးဝှေ့သည်။ လမ်းကောင်းကောင်းပင် လျှောက်မရ။ ဘေးက တိုးဝှေ့လိုက်လာသည်။ အိမ်အဝထိ လိုက်လာသည်။ သူ့ခြံဘက်ကို မသွား။ အိမ်အဝင်ဝင်းတံခါးနား အရောက်မှာတော့ ဆောင့်ကြောင့်ထိုင်ပြီး နေခဲ့သည်။ အိမ်ထဲ လိုက်မဝင်။ စမ်းသပ်သည့်အနေဖြင့် တံခါးကို မပိတ်ဘဲထားခဲ့သည်။ လိုက်မဝင်။ အမြီးနှန့်ပြီးသာ ပါးစပ်ဟပြီး ထိုင်နေသည်။ ကျုပ် စည်းကမ်းရှိပါတယ်ဗျာဟု ပြောနေသယောင်။

သည်ကောင် လူကို ချွေနေသလား မသိ။

❑

ပူအိုက်သည့်နွေညများမှာ အိမ်ရှေ့ခြံအပြင်ဘက် ထွက်ထိုင်ကြသည်။ အဝင်တံခါး တစ်ဖက်တစ်ချက်မှာ အုတ်ခုံလေးတွေ လုပ်ထားသည်။ သုံးပေခွဲခန့် ရှည်သည်။ အုတ်ခုံပေါ် ထိုင်သူ ထိုင်၊ ထိုင်ခုံတွေချပြီး ထိုင်သူက ထိုင်။ လေပြည်က ခပ်ဖြူးဖြူးဆိုတော့ မိသားစုလိုက် ထိုင်ဖြစ်ကြသည်။ ခပ်လှမ်းလှမ်းမှာတော့ ခွေးတစ်အုပ်ထဲမှာ မားမားမားမားနှင့် ဂျက်ကီ။ ကုန်မျိုးစုံရောင်းသည့် ဆိုင်က လမ်းတစ်ဖက်မှာ ခွက်ကြီးချထားပြီး ထမင်း၊ ဟင်း အကျန်တွေ ညစဉ် သွားပုံတတ်သည်။

ထိုနေရာက ခွေးတွေ အတွက် စတုဒိသာ မဏ္ဍပ်။ ပေါင်မုန့်ပဲ စားသည်ဆိုသော ဂျက်ကီကြီး ထိုနေရာတွင် တွေ့တွေ့နေရသည်။ သူ့သခင်တွေကလည်း ခရီးထွက်နေသည်က ခပ်များများ ဆိုတော့ အိမ်မှာ ကျန်နေသူတွေက သူ့ကို ဂရုတစိုက် ရှိပုံမရ။ ထူးခြားသည်က ခွေးစာလာပုံချိန် သူရောက်သွားလျှင် ကျန်ခွေးတစ်အုပ်လုံး တစ်ကောင်မျှ အစာခွက်နား မကပ်ကြ။ သူက နမ်းကြည့်၊ မြည်းကြည့်ပြီး ထွက်သွားမှ ဝင်စားရဲကြသည်။

သူ့ကို အားလုံးက အလိုလို အကြီးအကဲအဖြစ် အသိအမှတ်ပြုလိုက်ပုံရသည်။ လမ်းဘေးမှာ သူ အိပ်နေလျှင် တောင်မှ သူ့အနား အပြေးမသွားရဲကြ။ ဖြည်းဖြည်းလေး လျှောက်ပြီး သူနှင့် မနီးမဝေးမှာ ဝိုင်းအိပ်ကြသည်။ သတိထားမိသလောက် ခွေးမသုံးကောင်က ပင်တိုင် သူ့အနားမှာ အမြဲတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

အထီးနှစ်ကောင်ကတော့ ခွေးမတွေနောက် မနီးမဝေးမှာ ရှိတတ်သည်။

လမ်းထဲက အိမ်တချို့က အိမ်အပြင်ဘက်မှာ စားကြွင်းစားကျန်တွေ ခွက်ထဲ ပုံထားကြ၍ ခွေးအုပ်မှာ တောင်၊ မြောက်ပြေးပြီး အစာလုကြ၊ ရန်ဖြစ်ကြစမြဲ။ ထိုအခါ ဂျက်ကီက ပြေးသွားပြီး အစာခွက်ပေါ် ခွရပ်တတ်သည်။ သူ ရောက်သွားလျှင် ခွေးအုပ်တွေ ရဲသွားကြသည်။ သူက ဟုတ်တိပတ်တိလည်း စားတာ မဟုတ်။ ဟိုနမ်း၊ ဒီနမ်းလုပ်ပြီး တစ်လှမ်းချင်း ပြန်လာတတ်သည်။

အစာရွေးတာ ဟုတ်မှာပါပဲ။ အိမ်ရှင်မကို စည်းရုံးပြီး ဂျက်ကီကို ကျွေးမွေးဖို့ ပြင်ရသည်။ အစောပိုင်းက ငြင်းသော်လည်း နောက်တော့ ဇလုံတစ်လုံးပင် သီးသန့်လုပ်ပေးလာသည်။

ညစာထမင်းစားပြီး ချိန်များမှာ သူကို မျှော်တတ်လာကြသည်။ သူကလည်း ထမင်းစားချိန် မရောက်မီကတည်းက အိမ်ရှေ့ ရောက်နေတတ်သည်။ အုတ်ခုံပေါ် ထိုင်သူ မရှိသည့်အခါများတွင် အုတ်ခုံပြည့် တက်အိပ်နေသည်လည်း ရှိသည်။ သူ အောက်မှာတော့ ရံရွေတော်က အိပ်လို့။ သူဇလုံထဲ စားစရာ ထည့်ပြီးမှ သူကို နှိုးရသည်။ အိမ်နောက်ဘက်မှာ ကျွေး၍ အိမ်ထဲ ဖြတ်ခေါ်ရသည်။ အိမ်ထဲ ရုတ်တရက် မဝင်၍ ဧတ်ခေါ်ရသည်။ အိမ်အဝင်မှာ ပေရပ်နေတတ်တာကပဲ သူကို သံယောဇဉ် ပိုသွားစေတာလား မသိ။

ဆောင်းဝင်အစမှာ ဂျက်ကီ တစ်စတစ်စ ယိုယွင်းလာပုံ ရသည် မသိမသာ ဝိန်လာသည် အိမ်ထဲကိုလည်း အစာ ဝင်မစားတော့ အိမ်ရှေ့ကိုလည်း တစ်ခါတစ်ခါမှ လာတော့သည် ခပ်လှမ်းလှမ်းက အိမ်တစ်အိမ် အပြင်ဘက်ရှိ စားကြွင်း စားကျန်အိုးထဲ သွားနှိုက်သည်ကို မြင်ရသည်

အထူး အခွင့်အရေးရ သွားသည်က အမှန်။

ကျွေးထားတိုင်းလည်း စာချင်မှ စားသည်။ တို့ရုံတို့ပြီး ပြန်ထွက်သွားတတ်သည်။ ထိုအခါမျိုးမှာတော့ အိမ်သားတွေ ပျာကုန်ပြီ။ အချို့တွေ ကျွေးရသည်။ ပေါင်မုန့်၊ ဖဲကျွေးရသည်။ ဇနီးဖြစ်သူဆို ဟင်းကျန်နည်း သည့်နေ့များမှာ ဟင်းရည်ဆမ်း၊ ထန်းလျက်ကိုထု၊ နယ်ဖတ်ပြီး ကျွေးလေ့ရှိလာသည်။ စားသောက်ပြီးလျှင် တော့ ပျောက်သွားပြီ။ အိပ်ချိန် ရောက်မှ တံခါးတွေ ပိတ်ပြီး ချိန်မှာ အိမ်ရှေ့မှာ အသံကြားရသည်။ အပေါ်ထပ်မှ ကြည့်တော့ အုတ်ခုံပေါ်မှာ ငုတ်တုတ်ကြီးထိုင်၍ တောင်၊ မြောက်ကြည့်နေတာ မြင်ရသည်။ လုံခြုံရေး တာဝန်ကျေတယ်ပေါ့။ နာရီဝက်ကျော် ပြန်ကြည့်တော့ မရှိတော့။

နေအလွန်ပူသည့် ဧပြီ၊ မေလများမှာတော့ သူ အိမ်ထဲ ရောက်လာသည်။ အိမ်အောက်ထပ်တစ်ခုလုံး အေးသည့်နေရာရှာပြီး တစ်နေကုန် အိပ်တော့သည်။ အိမ်က အနောက်ဘက်လှည့်မို့ ညနေစောင်း နေထိုးလာလျှင် နေရာရွှေ့ပြီး အိပ်သည်။ ဘယ်လိုမောင်းထုတ်မောင်းထုတ် မသွားတော့။ ဧည့်သည်များ လာလျှင် သူ့ကို ကြောက်ပြီး အိမ်ထဲ မဝင်ရဲ။ သူကတော့ သူ့အပေါ်ဖြတ်သွားတောင် တုတ်တုတ်မလှုပ်။ ညပိုင်းတွေလည်း အပြင်သိပ်မသွားတော့။ အပြင်မှာ ရှာဖွေစားသောက်ပြီး တီဗွီကြည့်နေသည့်မိသားစုကြား ကြမ်းပေါ်မှာ ဝင်အိပ်နေတတ်သည်။

မိုးအဝင် အေးလာတော့ သူ အလာကျဲသွားပြန်သည်။ စားချိန်များမှာ သူ့ကို သတိရနေကြသည်။ အိမ်ရှေ့ ထွက်ရှာတော့လည်း မတွေ့။ တစ်ခါတစ်ရံ ခွေးတစ်အုပ်နှင့် အိမ် ရှေ့က ဖြတ်သွားသည်။ လှမ်းခေါ်တော့ လှည့်ကြည့်ရုံ ကြည့်ပြီး အိမ်ထဲ မလာ။ သတ္တဝါတွေပဲလေ၊ လာမှ ကျွေးပေါ့ဟု ပြောရသည်။ ထည့်ထားသည့် သူ ထမင်းဇလုံကို သွန်ပစ်ရတာများ လာသည်။

'အုန်းအုန်းအူးအူး'

အဝင်တံခါးမှ အသံကြား၍ ထွက်ကြည့်တော့ 'ဂျက်ကီ'။ ဆောင့်ကြောင့်ထိုင်ပြီး အိမ်ထဲကြည့်ပြီး ဆော်နေသည်။ အသံကိုက သနားကမားအသံနှင့်။ ခန္ဓာကိုယ်ကြီးနှင့် မလိုက်ဖက်သည့် အသံနဲ့နဲ့။ စနောက်သည့် အနေဖြင့် တံခါးဖွင့်မထောင်း အိမ်ထဲ ပြန်ဝင်လာသည်။ အသံကျယ်ကျယ်နှင့် ထပ်ဆော်ပြန်သည်။ ထွက်မကြည့်။ အသံက နေရာပြောင်းသွားသည်။ ထပ်ကာ ထပ်ကာ အော်နေသည်။ ချောင်းကြည့်တော့ အုတ်ခုံပေါ်မှာ မတ်တတ်ကြီး။ သံပန်းတွေကြားမှ ခေါင်းထိုးပြီး အော်နေသည်။ အမြီးဖားကြီးကလည်း တလှုပ်လှုပ်။

သနားတာနှင့် တံခါးဟပေးလိုက်တော့ အိမ်နောက်ဘက် သူ့စားစရာ ဇလုံထားရာနေရာကို အပြေးအလွှား ဝင်သွားသည်။ အတော်ဆာလာဟန် တူပါရဲ့။ ပြောင်းအောင်စားပြီးတော့ တင်းတိမ်ပုံမရ။ ဇလုံကို ရေကျင်းပြီး ရေထည့် လိုက်ပေးတော့ တပြွတ်ပြွတ်သောက်သည်။

ဆာသည့်အခါ အိမ်ရှေ့က လာခေါ်လိုက်၊ စားပြီးရင် ခိုင်းသော်လည်း ကြားကြားမခြင်း ပြန်ထွက်သွားလိုက်။ ကြာတော့လည်း ရိုးသွားခဲ့ပါပြီ။

❑

မိုးစွေလာသည့် တစ်ည မှာတော့ ခြံတံခါးဝမှ သူ့သံကို ကြားရသည်။ မိုးထဲလည်း စိုလို့။ ဖွင့်မပေးတော့ဟု ကြည့်နေတော့ သူ ဟယာခတ်နေပြီ။ အိမ်ထဲဝင်လာမှကို ဖြစ်တာ့မည့်ပုံနှင့်။ ခြံပေးလိုက်တော့ အိမ်ထဲဝင်မဝင်။ အိမ်ရှေ့ အဖြောင့်အမွေးတွေကို ခါသွင်း။

www.burmeseclassic.com

www.burmeseclassic.com

စင်သလောက်ရှိမှ အဖိအောက်မှာထားသည့် တန်းလျားပေါ် လွှားခနဲ ခုန်တက်သည်။ တန်းလျားလက်တန်းပေါ် ခေါင်းတင်ပြီး အိပ်တော့သည်။ တကယ့်ကောင်။ အိပ်တာတောင် လက်တန်းပေါ် ခေါင်းတင်လို့။

ဒီလိုပါပဲ။ တစ်နေကုန် ပျောက်နေတတ်ပေမဲ့ မိုးရွာလျှင် ပြန်ပြေးလာပြီး တန်းလျားပေါ် အိပ်သည်။ မိုးတအားသည်းပြီး အေးနေသည့် တစ်ညက သားငယ်က သူ့ကို စောင်သွားခြုံပေးသည်။ ဆေးပြားနေသည့် ခင်းဖျင်နှင့် ခြုံပေးခဲ့သည်။ ခြုံပေးစဉ်က ခါမချ။ အတော်ကြာတော့ သူ ထပြီး အိမ်ထဲဝင်လာသည်။ နှင်အပေါက်က သူ့ခေါင်းထဲ ဒွပ်ဝင်နေပြီး ကိုယ်တစ်ခုလုံးကို ခင်းဖျင်ကြီးက ဖုံးလို့။ သူကြည့်ပြီး တစ်အိမ်သားလုံး ဦးရယ်တော့ အိမ်နောက်ပြေး၊ အိမ်ရှေ့ပြေး လုပ်နေသည်။ ဖရိုဖရဲ အဝတ်ဝတ်ထားသည့် ဂျက်ကီ။

မိုးက မပြတ်ရွာနေတော့ သူ့ကို ခြံအပြင် မောင်းမထုတ်ရက်။ အိမ်အပြင်မှာပဲ အိပ်စေတော့ဟု ခြံဝင်းတံခါးတွေ သော့ပိတ်ထားလိုက်သည်။ အပြင်မထွက်ရ၍ သောင်းကျန်းမှာကိုလည်း စိုးသည်။ အိမ်တံခါးတွေပိတ်ပြီး အိပ်ရာဝင်ခဲ့ပေမဲ့ စိတ်က မဖြောင့်။ တစ်ရေးနိုးမှာ ထကြည့်သည်။ ဂျက်ကီ ခြံဝင်းထဲမှာ မရှိတော့။ အပေါက်မရှိသည့် ခြောက်ပေမြင့်သော အုတ်ရိုးကို သူ ဘယ်လို ကျော်ထွက်သွားသည်ကို မသိ။ မိုးမရွာတော့၍ သူ အပြင်ထွက်သွားပုံရသည်။

ခွေးတို့၏ချစ်သူများလမှာတော့ သူ အိမ်မလာတော့။ ဆူနေသော ခွေးအုပ်ထဲမှ သူ အသံအောအောသာကြားနေရသည်။ သူသခင် အိမ်လည်း မပြန်သလောက် ရှိနေပြီ။ ခွေးချစ်သူများရက်တွေ ကုန်တော့မှ အိမ်ရှေ့ကို သူ ရောက်လာသည်။ ခေါင်းတွေ၊ နားရွက်တွေမှာ ဒဏ်ရာတွေ အမာရွတ်တွေနှင့်။ နံရိုးတွေလည်း ပေါလာနေပြီ။ အိမ်ရှေ့အုတ်ခုံပေါ် ခပ်လေးလေး လာအိပ်သည်။ ပေါင်မုန့်ဖဲ့ကျွေးတော့ အိပ်လျက်က စားသည်။ ပြန်အိပ်သည်။ တစ်ဖက်ခုံပေါ် ထိုင်ပြီး သူ့ကိုကြည့်နေသည်။ အိပ်နေရင်းက အမြီးက ယားသလားမသိ။ ရုတ်တရက် ခေါင်းထောင်ပြီး အမြီးကို ထကိုက်သည်။ နှစ်ချက်လောက် ဇတ်ဇတ်နှင့်အကိုက်မှာ အုတ်ခုံအောက်ကို ဘုန်းခနဲ ပြုတ်ကျသွားတော့သည်။ ခွေးကျကျသည်ဆိုသည်ကို ခုမှ နားလည်သွားရသည်။ သူ့ ခန္ဓာကိုယ်ကြီးနှင့် ပြုတ်ကျသွားသည်မှာ သက်သာလှမည်မထင်။ ကုန်းထပြီး အုတ်ခုံပေါ် ပြန်အိပ်သည်။ ဆန့်အိပ်လိုက်တော့ ခုံနှင့် မဆံ့။ အမြီးက အပြင်ဘက်ကျနေသေးသည်။

ပိန်သွားသည့် ဂျက်ကီကို အစားအသောက် ဂရုတစိုက် ကျွေးဖြစ်ခဲ့ကြသည်။ နံရိုးတွေ ပြန်ပြည့်လာသည်။ ကျောရိုးတစ်လျှောက် အမွေးတွေက အညိုရင့်ရင့် ပြောင်းလာသည်။ အနာတွေပျောက်ပြီး အမာရွတ်တွေပဲ ကျန်တော့သည်။ စိုစိုဖန့်ဖန့် ပြန်ဖြစ်လာပြီးနောက် အိမ်ကို အဝင်အထွက် ကျဲသွားခဲ့ပြန်သည်။ သားအကြီး ညပိုင်းအပြင်က ပြန်လာလျှင်တော့ ခပ်ဝေးဝေး လမ်းထိပ်ကနေ ဆိုင်ကယ်နောက်က ပြေးလိုက်လာပြီး အိမ်ခြံအဝအထိ လိုက်ပို့တတ်သည်။ ခြံရှေ့အုတ်ခုံပေါ် ထိုင်နေခဲ့ပြီး ပြန်ထွက်သွားတတ်သည်။

အပ္ပဖေဟိ သမ္မဖော ဂေါ ဒုက္ခော၊ ဝိဖေဟိ ဝိပ္ပ ယောဂေါ ဒုက္ခော။ ဂျက်ကီနှင့် ဒီအိမ်မိသားစုတို့ ခွဲခွာခန်းကိုစဉ်းစားမိနေသည်။ ဘယ်လိုပုံစံနှင့် ကွဲကွာကြမှာလဲ။ ကွေကွင်းကြရမှာလဲ။ သူ့အသက်ကို မေးကြည့်တော့ ၇ နှစ်သားကျော်နေပြီ။ ဝေးဖို့ရာ နီးလာပြီထင်ပါရဲ့။

❑

ဆောင်းဝင်အစမှာ ဂျက်ကီ တစ်စတစ်စ ယိုယွင်းလာပုံရသည်။ မသိမသာ ပိန်လာသည်။ အိမ်ထဲကိုလည်း အစာဝင်မစားတော့။ အိမ်ရှေ့ကိုလည်း တစ်ခါတစ်ခါမှ လာတော့သည်။ ခပ်လှမ်းလှမ်းက အိမ်တစ်အိမ် အပြင်ဘက်ရှိ စားကြွင်းစားကျန် အိုးထဲ သွားနှိုက်သည်ကို မြင်ရသည်။ ခပ်လှမ်းလှမ်းက အိမ်တံစက်မြိတ်အောက်မှာပဲ ခွေခွေလေး အိပ်နေသည်ကို မြင်ရသည်။ စားပါစေတော့ဟု အရိုးတွေကို ဇနီးသည်က ထုခြေပြီး ဇလုံထဲထည့်ကာ ခြံအပြင်ဘက်မှာ ချပေးပြီး လှမ်းခေါ်ကာ ကျွေးသည်။

'ဂျက်ကီ လာ လာ'

အတော်ခေါ်နိုင်မှ ထလာပြီး စားသည်။ ယခင်လို ခြံသော့တစ်ကောင်ရဲ့ မာန်တွေ မတွေ့ရတော့။ ဟက်ဟက်ပက်ပက် စားနိုင်ခြင်းမရှိတော့။ ထန်းလျက်ကိုလည်း အငမ်းမရ ကောက်မစားတော့။ ယခင်က တစ်ဟပ်ပဲစားတတ်သည့် ပေါင်မုန့်အနုကိုလည်း တို့ကနန်း ဆိတ်ကနန်းသာ လုပ်တော့သည်။

တစ်ရက်နှင့် တစ်ရက် သိသာစွာ ပိန်ကျသွားသည်။ သူသခင် အိမ်တံခါးဝအနီးမှာပဲ အနေများပြီး အိမ်ဘက်ကို လုံးဝမလာတော့။ သူ့အနားသွားပြီး ခေါ်တော့လည်း ထမလာတော့။ သူ သွားစားနေကျ စားခွက်ဆီ ထသွားတာမြင်တော့ စိတ်မချမ်းမသာဖြစ်ရသည်။ နောက် ခြေနှစ်ချောင်းက ယိုင်ထိုးယိုင်ထိုးဖြစ်နေပြီ။ ရပ်ပြီးသေးပန်းတော့ ခြေတစ်ဖက်ကို ကောင်းကောင်း မမြှောက်နိုင်တော့။

ဝေးဖို့ ပို၍ နီးလာပြီထင်ပါရဲ့။

နောက်ပိုင်း ဂျက်ကီကို မတွေ့ရတော့။ အိမ်ချင်းမျက်နှာချင်းဆိုင် ဆိုပေမဲ့ တစ်အိမ်တစ်အိမ် အဝင်အထွက်နည်းသည်။ သူသခင်အိမ်ထဲ ပြန်ရောက်သွားပြီထင်ရဲ့။

နှစ်ရက် သုံးရက် ပျောက်သွားပြီးနောက် ဇနီးသည်က ပြောသည်။

'ဂျက်ကီကြီး မထနိုင်တော့ဘူးတဲ့။ ဟိုဘက်အိမ်က ကလေးတွေ ပြောနေသံကြားတယ်'

တစ်အိမ်သားလုံး ဂျက်ကီကို သတိရနေကြသည်။ အိမ်ကဘွားစိန်က အဆိုးဆုံး။ ယခင်ကဆို ဘွားစိန်က ဂျက်ကီဖို့ မုန့်တွေ အထုပ်လိုက်

www.burmeseclassic.com

www.burmeseclassic.com

ဝယ်ဝယ်ပြီး ကျွေးနေကျ။ ညပိုင်း အိမ်ရှေ့ထွက်ထိုင်နေလျှင် ဘွားစိန်ခုံဘေးမှာ ဂျက်ကီက အိပ်နေကျ။ ဘွားစိန်က မုန့်ထုပ်ကိုင်ပြီး အိမ်ရှေ့ခြံထဲ ဂျက်ကီကိုသွားကြည့်မည် တကဲကဲ။ သွားကြည့်မည်ဆိုသည့် ဘွားစိန်ကလည်း လေဖြတ်ထားဖူး၍ ယိုင်ထိုးယိုင်ထိုး။

ဘွားစိန် ထမင်းစားချိန်ဆို ဂျက်ကီရောက်လာစမြဲ။ ဘွားစိန်က ထမင်းစားပွဲမှာ မစား။ ဆက်တီခုံပေါ်ထိုင်ပြီး ဟင်းပန်းကန်တွေ ခုံတစ်ခုပေါ်တင်ကာ တီဗွီကြည့်ရင်း ညမှာ စားနေကျဖြစ်သည်။ ဂျက်ကီလာလျှင် ဇနီးသည်က ငေါက်တတ်စမြဲ။

'ဟေ့ကောင် စားတဲ့သောက်တဲ့နားလာတာ ငါမကြိုက်ဘူး။ သွား သွား၊ ထွက် ထွက်'

ဘယ် လောက် အော်အော် ဘွားစိန်ရှေ့ လေးဖက်ဝပ်ပြီးနေသည်။ ဘွားစိန်က လည်း အလစ်မှာ အရိုးတွေ အသားတွေ ချချကျွေးသည်။

ခုတော့ ဂျက်ကီကြီး လဲနေပြီတဲ့။ အစာလည်း မစားတော့ဘူးတဲ့။ ဘွားစိန် မျက်ရည်စမ်းစမ်းနှင့်ဖြစ်နေပြီ။ ညနေ အလုပ်က အပြန်မှာတော့ ဇနီးသည်က ဆီးပြောသည်။

'ဘွားစိန် ဂျက်ကီကို သွားကြည့်သေးတယ်။ မုန့်ကျွေးတာလည်း မစားတော့ဘူးတဲ့'

'ဟုတ်လား၊ အင်းပေါ့ကွာ၊ ဂျက်ကီက အသက်ကြီးပြီပဲ'

'ဟုတ်လို့လား၊ ကျသွားတာမြန်တော့ ဂျက်ကီ

တစ်ရက်နှင့် တစ်ရက် သိသာစွာ ဝိန်ကျသွားသည် သူ့သခင် အိမ်တံခါးဝ အနီးမှာပဲ အနေများပြီး အိမ်ဘက်ကို လုံးဝမလာတော့ သူ့အနားသွားပြီး ခေါ်တော့လည်း ထမလာတော့ သူ သွားစားနေကျ စားခွက်ဆီ ထသွားတာ မြင်တော့ စိတ်မချမ်းမသာ ဖြစ်ရသည်

ဟိုရောဂါရတာလားလို့။ သူလိုက်လိုက်ပို့နေတဲ့ လမ်းကြားထဲက ခွေးမလည်း ကလေးမွေးပြီးတော့ ဝိန်လိမ်သေသွားတာတဲ့။ လေးလုံးများလားပဲ'

'ပေါက်ပေါက် ရှာရှာကွာ၊ ခွေး လေးလုံး ကိုက်ရမယ်လို့'

လဲနေပြီဆိုမှတော့ သူ့ကို မတွေ့ရနိုင်တော့၊ ဒီလိုနဲ့ပဲ တို့တွေ မမြင်မတွေ့ရဘဲ ကွေကွင်းကြရမှာလား ဂျက်ကီ။ သူ့သခင် ပြန်လာတုန်း ဆရာဝန်ခေါ်ပြီး ဆေးထိုးပေးသည်ဟု ကြားရသည်။ ဆရာဝန်က 'အားပြတ်နေတာ အားဆေးတိုက်ပေး'ဟု ပြောသွားသည်ဆိုသည်။ စိတ်ထဲကတော့ သိနေပါသည်။ ဂျက်ကီ ဒီတောင်က မကျော်နိုင်တော့။

'ဂျက်ကီ သေသွားပြီ' ဆိုသော အသံသာ စောင့်နေရုံရှိတော့သည်။

အိမ်ရှေ့ဘက်ရောက်တိုင်း ဂျက်ကီကို တွေ့ရလေမလားဟု လိုက်လိုက်ကြည့်မိသည်။ ထွက်မလာနိုင်တော့ပါဘူးလေဟု စိတ်လျှော့ပြီး အိမ်ထဲပြန်ဝင်သည်။ ခဏနေတော့ ခြံအပြင်ထွက်ပြီး လမ်းတစ်လျှောက် တောင် မြောက် လှည့်ပြီး ရှာမိပြန်သည်။ မတွေ့။

စိတ်တုံးတုံးချပြီး တန်းလျားပေါ်လှဲ၍ စာဖတ်နေလိုက်သည်။ စာတစ်မျက်နှာလောက်ပဲ ဖတ်ရသေးသည်။ ခေါင်းအုံးယူဖို့အထမှာ ဂျက်ကီကို အိမ်အောင် တံစက်မြတ် အောက်မှာ တွေ့လိုက်ရသည်။ လေးဖက်ဝပ်နေသည့် နောက်ခြေနှစ်ချောင်းက သေးကိုကား နေသည်။ ခေါင်းကတော့ ထောင်ထားသည်။ အတော် လည်း မောနေပုံရသည်။

'ဟာ ဂျက်ကီ။ ဂျက်ကီ အိမ်ထဲရောက်နေပြီဟေ့'

တစ်အိမ်သားလုံး ထွက်လာကြသည်။ မောနေသည့် ဂျက်ကီအနား ဝိုင်းရပ်ကြသည်။ သူက တစ်ယောက်ချင်းစီ မျက်နှာကို လိုက်ကြည့်ပြီး အမြီးကို ခပ်လေးလေး လှုပ်ပြသည်။ ဒီလောက် ရက်ပိုင်းလေးအတွင်း မင်းဘာလို့ ဒီလောက် ဝိန်ကျသွားရတာလည်းကွာ။ နံရိုးတွေက အပြိုင်းပြိုင်းထနေသည်။

'ဂျက်ကီကို တစ်ခုခု ကျွေးပါဦး၊ အဖတ်တော့ စားနိုင်မှာ မဟုတ်ဘူး။ အရည်ပဲ သောက်နိုင်မှာ'

ဂျက်ကီက ဝပ်နေရာမှ ကုန်းထသည်။ နောက်ခြေထောက်တွေက ထောက်မရ၊ လည်ထွက်ပြီး ပြန်လဲကျသွားတယ်။ နောက် ပြန်ထသည်။ ခြေထောက်တွေ ခပ်ကားကား ထောက်မိချိန်မှာ ရှေ့ကိုလှမ်းသည်။ အိမ်ထဲရောက်ဖို့ သုံးလေးလှမ်း လှမ်းပြီး ပြန်ဝပ်နေရသည်။ တရွတ်တိုက်ပြီး အိမ်ထဲဝင်လာသည်။ ဒီလို ပုံနှင့် ဆိုင်ကယ်တွေ တစီးဆီး သွားနေသည့် လမ်းကိုဘယ်လိုဖြတ်ပြီး အိမ်ထဲရောက်လာပါလိမ့်။

အိမ်ထဲမှာ တရွတ်ဆွဲသွားလိုက် ယိုင်ထိုးယိုင်ထိုး ထလိုက်နှင့် နွေတုန်းက သူ အိပ်နေကျ စားပွဲအောက်ကို ဝင်သည်။ ခေါင်းလေးထောင်ပြီး အိမ်သားတွေကို ကြည့်နေသည်။ မင်းလာနေကျ အိပ်နေကျ နေရာကို လာနှုတ်ဆက်တာလား ဂျက်ကီ။ မောင်းမထုတ်ရက်၊ မနှင်ရက်တော့။ ထန်းလျက် သုံးလေးလုံး ထုထောင်းခြေမွပြီး အရည်ဖျော်၊ အားဆေးနဲ့ရောပြီး သူ့ရှေ့ချပေးသည်။ အနံ့ခံပြီး တို့ပင်မတို့။ ခေါင်းကိုင်းပြီး သူ့ပါးစပ်ကို ဇလုံထဲနှစ်ပေးတော့ ပါးစပ်တွေ့အောင် ထားသည်။

ပါးစပ်ဟပြီး ဖွတ်နှစ်တော့ လျှာနှင့် တစ်ပြွတ်နှစ်ပြွတ်စုပ်ပြီး ကြိတ်မှိတ်ချသည်။ ပြီးတော့ ပါးစပ်ကို တင်းတင်းစေ့ထားတော့သည်။

'မောနေလို့ ထင်ပဲ တယ်၊ ဖြည်းဖြည်းမှစားပါစေ'

ဂျက်ကီက ခေါင်းအောက်ချပြီး ဝပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ခဏနေတော့ စားပွဲအောက်က ကုန်းထပြန်သည်။ ဘယ်သွားမှာလဲဟု ကြည့်နေကြသည်။ ထလိုက်၊ လဲလိုက်၊ ယိုင်ထိုး ယိုင်ထိုးသွားလိုက်၊ တရွတ်တိုက်သွားလိုက်နှင့် အိမ်နောက်ပေါက်ကို ကျော်သည်။ မောတော့ နားသည်။ ဆက်သွားသည်။ နွေတုန်းက သူဝင်အိပ်ဖူးသည့် ရေပီပါဆွေအိမ်ကို တန်းလျားအောက်ကို ဝင်သည်။ ဟောဟဲ့ ဆိုက်ပြီး ဝပ်နေသည်။

အစောက ဖျော်ထားသော ထန်းလျက်ရည်ကို ထပ်တိုက်ကြည့်သည်။ ပါးစပ်ထဲ ဖွတ်လောင်းထည့်သည်။ နည်းနည်းပဲ လက်ခံပြီး ပါးစပ်ကိုစေ့ထားသည်။

'ဂျက်ကီ သောက်လိုက်ကွာ၊ ဒါမှ မင်း အားရှိမှာပေါ့'

မျက်လုံး ပေကလတ် ပေကလတ်လုပ်ကာ အမြီးကို နှန့်ပြသည်။

ရေသောက် ချင် တာ ထင်ပါရဲ့။ မြေအိုးလွတ်တစ်ခုထဲ ရေအပြည့်ထည့်ပြီး တိုက်ကြည့်သည်။မသောက်။ ဝပ်နေတာမို့ ခေါင်းကိုကိုင်ပြီး ရေအိုးထဲ နှုတ်သီးကို နှစ်ထားလိုက်သည်။ ပါးစပ်ကို မဖွင့်။ ခေါင်းကိုဖိထား၍ နှာခေါင်းပေါက်က လေထွေ ပွက်ထလာသည်။ ပြီးတော့ ပါးစပ်ဖွင့်ပြီး ရေကို အငမ်းမရသောက်တော့သည်။ ခေါင်းမော်ပေးလိုက် ပြန်နှစ်လိုက်နှင့် ရေအတော်ဝင်သွားသည်။ ထန်းလျက်ရည် ဆက်တိုက်တော့ လုံးဝမဟတော့။ မျက်စိကိုလည်း မှိတ်ထားသည်။ ဖိုလှိုက်ဖိုလှိုက်နှင့် ဝပ်လျက်သား သူ့ကို ထားခဲ့လိုက်သည်။

အိပ်ပေဦးတော့ ဂျက်ကီ။

အပြင်ကို နာရီဝက်ခန့် ထွက်ပြီး ပြန်လာတော့ ဆီးပြောကြသည်။

'ဂျက်ကီ အီးတွေပန်းပစ်တာ မနည်းဘူး။ တအား အနံ့တွေနံလို့ သွားကြည့်တော့ သူမှာလည်း ပေလူးနေပြီ။ အမည်းရောင်တွေ၊ နံလိုက်တာလည်း တအားပဲ။ တော်တော်ကို ဆေးယူရတယ်'

သွားကြည့်တော့ ရေတွေရွှဲလို့။

'ဂျက်ကီ ထ ထ'

မျက်လုံးကို ဖွင့်ကြည့်သည်။ အစောနှင့်စာလျှင် မျက်လုံးတွေက ပိုကြည်လာသလို ရှိသည်။ ခေါ်လိုက်တော့ ကုန်းထသည်။ တရွတ်ဆွဲပြီး အိမ်ထဲပြန်ဝင်သည်။ မောပြီး ပြန်ဝပ်သွားသည်။

'ဒီအတိုင်းထားလို့တော့ မဖြစ်ဘူး။ သူ့အိမ်ပဲ ပြန်ပို့ရအောင်'

ဘယ်လိုပြန် ပို့ရမလဲတွေးရင်း ရေအိုးနှင့် ရေကို ထပ်တိုက်တော့ မသောက်။ ခေါင်းကို နှစ်ပေးထားမှ တပြွတ်ပြွတ် သောက်သည်။ ထိုစဉ်မှာပဲ သူ့သခင်အိမ်က ကောင်လေးရောက်လာသည်။

'သူ့ကို ဘယ်ခေါ်သွားမလဲ ကိုဖြိုး'

ကောင်လေးက သူ့ကို ခါးလယ်မှ လက်နှစ်ဖက်နှင့် ပွေ့ချီသည်။

'ဂျက်ကီ အိမ်ပြန်တော့ကွာ၊ မင်းလာနှုတ်ဆက်တာတို့တစ်မိသားစုလုံး ဝမ်းသာပါတယ်။ နေကောင်းအောင်နေပြီး နေကောင်းမှ ပြန်လာကွာ'

ကောင်လေးရဲ့ အချီကို လက်မခံ။ အတင်းရုန်းသည်။ မခိုင်သည့် ခြေထောက်တွေကို ကန်ကျောက်သည်။ ခေါင်းတွေလည်း ခါသည်။

'ကောင်းကောင်းလိုက်သွားလိုက်ပါ ဂျက်ကီ'

ပွေ့ချီပြီး မတ်တတ်ရပ်လိုက်ချိန်မှာတော့ ပြန်ငြိမ်သွားသည်။ အားလုံးကို လိုက်ကြည့်ရင်း ပွေ့ခေါ်ရာနောက် ပါသွားသည်။ အမြီးလေး ယမ်းပြသွားသည်ကို နောက်ဆုံး မြင်လိုက်ရသည်။ ❑

ညအချိန်ဆို ခွေးတွေ ဟောင်တတ်ကြသည်။ ခွေးဟောင်သံတွေကို တိတ်ဆိတ်သည့်အခါ ကွဲကွဲပြားပြား ကြားရသည်။ ခွေးဟောင်သံ အနုံကြားထဲမှာ ခပ်အောအော ဟောင်သံကို ကြားရသလိုရှိသည်။ ခုလို အပူလွန်သည့် နွေညတွေမှာ အိပ်မရတော့ ခွေးဟောင်သံတွေကို သတိထားနေမိသည်။ ခပ်အောအော ဟောင်သံက နီးရာမှ တဖြည်းဖြည်း ဝေးသွားသည်။

ပြတင်းပေါက်ဖွင့်ပြီး အိမ်ရှေ့ အုတ်ခုံကို ကြည့်တော့လည်း ဘာမှမရှိ။

တစ်ခါတစ်ခါတော့ အိမ်ရှေ့မှာ ခွေးလေးတစ်ကောင် လာလာနေသည်။ အဖြူရောင်၊ အကောင်က တအားမထွား။ အမြီးဖားကလေးနဲ့ပါပဲ။ အမြီးက သိပ်တော့မမွာ။ ဂျက်ကီသားလေး ထင်ပါရဲ့။

အစလုပ်ပြီး အစားမကျွေးဖြစ်တော့။ အိမ်ထဲအဝင် မခံဖြစ်တော့။ ခပ်စိမ်းစိမ်းပဲ နေဖြစ်တော့သည်။ ■

ကိုခေး

အယ်ဒီတာအဖွဲ့

အခန်း (၃-၀၃)
တိုက်အမှတ် ၂၁/၂၃
၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၁၁၅
E-mail:
nyeinfamily@gmail.com

www.burmeseclassic.com

www.burmeseclassic.com



အလှတွင်အယ်ဆင့် အသွင်တင့်သည့်ရှေ့ အောင်ပြုံးကျော် (ပခုက္ကူ)

ဟန်းဆက်ပေါ်က ခလုတ်လေးတွေကို နှိပ်အပြီးမှာ
ကျွန်တော်ပြုံးနေဖြစ်သည်။ သိပ်မကြာမီ
ဘယ်ဆီကို မင်းရောက်နေလဲ×××ဘာတွေကို မင်းလုပ်နေလဲ
×××တွေးမိပါတယ်×××မေးမိပါတယ်×××သတိရပါတယ်×××
ဆိုသည့်သီချင်းသံကို ဦးဆုံးကြားရမည်။ ပြီးမှ-
'အေး အောင်ဖြိုးကျော် ပြော' ဆိုသည့် ဆရာအသံ ချိုချိုအေးအေးကို
စိတ်ကူးဖြင့် ကြိုတင်ကြားယောင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခန်းမထဲအဝင်မှာ
ဆရာမျိုးက
ကြိုသလို
မအေးမြတ်မြတ်ချို့က
ဖိတ်စာထောင့်ချိုးကို
ဖြဲ၍ ကတ်ထုတ်
ပေးတော့
မယူချင်၊ မနှစ်က
ကိုယ်တိုင် အိတ်ကပ်မှာ
တပ်ပေးပါ့လျက်
သည်နှစ် ရော့၊ အင့်
ပေးသည်ကို
မကျေနပ်၊

'လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်'
'ဟင်' ခန့် [illegible]ငင့်သံ ကျွန်တော့်နှုတ်ဖျားက ထွက်သွားသလို
မှင်တက်အံ့ဩစိတ်နှင့် ဟန်းဆက်ကို အခိုက်အတန့် ငေးနေဖြစ်သည်။
ပြီးမှ နောက်တစ်ခါ ပြန်ခေါ်ဖြစ်သည်။
ကျွန်တော့်ဟန်းဆက်က ဘုရားစူးရစေ့ နိုကီယာဖြစ်သည်။
မကြာခဏ လူကို အရူးလုပ်တတ်သည်။
'လူကြီးမင်းခေါ်ဆိုသော ဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင်'

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ခေါက်
'လူကြီးမင်း .....'
နောက်တစ်ခါ
'လူကြီးမင်း .....'
ကြိမ်ဖန်များစွာ
'လူကြီးမင်း .....'

❑

'ကျွန်မ ခင်သန္တာပါဆရာ၊ ဆရာက နေမကောင်းလို့ ဘန်ကောက် ဆေးရုံမှာ၊ ဆရာ မသိဘူးလား'

'ရွေအမြဲတေရုံးကပါ၊ အာ... ဆရာလား...၊ သိပ် မဆိုးပါဘူး၊ ပြန်လာတော့မှာပါ။ ဆရာရော နေကောင်းရဲ့လား'

❑

ခုတလော မုန်တိုင်း သတင်းကြေညာချက်ကို ရေဒီယိုမှာ မကြာမကြာကြားနေရသည်။ ကျွန်တော့်လက်တို့ ဟန်းဆက်ခလုတ်တွေပေါ် ထိတို့မိပြန်သည်။ *××× ဘယ်ဆီကို မင်းရောက်နေလဲ ××× ဘာတွေကို မင်းလုပ်နေလဲ ×× × လို့*ကိုက်ခနဲ ဝမ်းသာပျော်ရွှင်စိတ်နှင့် သီချင်းအဆုံးမှာ ဆရာ့အမေးကို မစောင့်နိုင်တော့။

'ဆရာ အိုကေရဲ့လား'

'အေး ကေပါတယ်ကွ'

ဆရာ့ဖြေသံဆုံးမှ ကျွန်တော် ရှက်ပြုံးပြုံးဖြစ်သည်။

ကျွန်တော့် လူနာမေးဟန်က အင်မတန် တောသားဆန်စွာ တာတေလန် မယဉ်ကျေးသည်ကို သတိထားမိသွား၍ဖြစ်သည်။ အဆင်တန်ဆာ မလှသော်လည်း ရင်ထဲက အရိုင်းဆန်ဆန် စကားကို ဆရာကလည်း နားလည်ပေးပါသည်။

ကျွန်တော့် လေသံအတိုင်းပင် ပြန်ဖြေတာ ကြားရသည်။

'ဟော့ကောင် မင်း မွေးနေ့ပဲ လာမှာလား'

'လာမှာပေါ့ ဆရာရဲ့၊ ကျွန်တော်က အဲဒီနေ့ကိုစောင့်နေတာ'

'အေး ဒီနှစ်တော့ မင်း လက်ခုပ်တီးပြီး ပြန်ပေါ့ကွာ'

ရွှေဝိုင်းမှာ
တစ်စုတစ်ဝေး
ရှိနေပါလျက်
လှည့်ရှုမျှပင်
မကြည့်
တစ်နှစ်ကာလေး
ဝေးသည်နှင့်
မေ့ရော့ထင်
ငါ့ကို
ဆုမရနိုင်မှန်း
သိလို့
အဖက်မလုပ်ကြတာလား
တကယ်ဆို
နယူးပြောင်ပြောင်
ကိုယ့်မောင်လေး
အဝေးကလာတာ
နွတ်ဆက်မှပေါ့

'အာ...ရပါတယ် ဆရာရဲ့၊ ကိုယ့်တုန်းကလည်း သူများတွေက ဝိုင်းတီးပေးတာ၊ ကိုယ်ကလည်း ပြန်တီးပြီး မုဒိတာပွားရမှာပေါ့'

'စာအုပ်တွေ စုထားပါတယ်ကွ'

ကျွန်တော် တော်တော် ပျော်သွားမိသည်။ လက်ဆင့်ကမ်းဆုကို မဇ္ဈေလို စာအိတ်ဖောက်မည်။ စာအုပ်တွေ ထမ်း၍ ပြန်မည်။

❑

ဆုပေးပွဲက မေ ၂၄ သို့ ပြောင်းသလို မုန်တိုင်းသတင်း ကြေညာချက်က ခပ်စိပ်စိပ်ဖြစ်လာတော့ နည်းနည်းတော့ ပွဲအတွက် စိုးရိမ်မိသည်။ မုန်တိုင်းနှင့်အတူ ပါလာဟန်တူသော ကယောင်ကတမ်းမိုးက တစ်စက်နှစ်စက်ကို တစ်ရက်နှစ်ရက်ရွာပြီး ရပ်နေခဲ့ပြန်သည်။

ရန်ကုန်ကား တက်ရမည့်နေ့မှာ မိုးက တစွတ်စွတ် ရွာနေခဲ့သည်။ ဆရာသာလွန်ကျော်အိမ်ရောက်တော့ ၄ နာရီခွဲပြီ။ သည်တစ်နှစ်တော့ အဖော်နှစ်ယောက်နှင့်။ တစ်ယောက်က နောင်တော် စာရေးဆရာ၊ တစ်ယောက်က သမီးတော်။

အရှည်ဆုံးဟု သတ်မှတ်သော ဧရာဝတီတံတားပေါ် ကားဖြတ်တော့ ပြတင်းပေါက်ခြင်ကွင်းတွင် ပခုက္ကူသည် မိုးရေစက်လက်နှင့် ကျန်ခဲ့သည်။

❑

ရန်ကုန်က မိုးရေစက်လက်နှင့် မကြို။

ကားကွင်းမှသည် ဘားလမ်းဆီကို တက္ကစီဖြင့်ခရီးနှင်တော့ မနှစ်က လိုင်းကား ၂၀၀ ပေးစီးရတာ သတိရပြီး ပြုံးချင်ချင်ဖြစ်သည်။ မြို့မတည်းခိုခန်း အခန်းနံပါတ် ၁၇ ကောင်တာက ညီလေးက မှတ်မိသလို ပြုံးပြသည်။ ပေးလိုက်တော့ တစ်သောင်း။ ဟန်းဆက်ကို ဖွင့်ဖြစ်သည်။

'ဆရာ ကျွန်တော် ရောက်ပြီ'

'အေး မြို့မကိုသွား၊ ၁၀ နာရီလောက် ရုံးပေါ်လာခဲ့'

ဆရာ တပည့် ပြောဖြစ်သည်ကလည်း ထိုမျှသာ။

ဘားလမ်းသည် ဘာမှ မပြောင်းလဲ။ တက္ကစီတို့ ပြည့်နေသလို မည်မည်ရရ ရေမြောင်းပလက်ဖောင်းတို့ကမှတ်မိဟန်နှင့် နှစ်ခါပြန် နွှတ်ဆက်ကြသေးသည်။ ၁၅၈-၁၆၈ ရှေ့ရပ်မိတော့ သွေးတို့ နွေးခနဲ ဖြစ်သည်။ တစ်နှစ်တာ ကွဲကွာခဲ့သော မိသားစုအိမ်လေးက ရှေ့မှာ၊ မအေးမြတ်မြတ်ချို့နှင့် မခင်လေးမြင့်တို့အဖွဲ့ကို ပြေးမြင်မိသည်။

သည်တစ်ခါ ရွှေတံခါးကို တွန်းဖွင့်သူက ဆရာ သာလွန်၊ ကျွန်တော်က နောက်မှ လိုက်ဝင်ရုံ။ မအေးမြတ်မြတ်ချို့က ကျွန်တော့်ကို မမြင်ဖူးသလို ကြည့်သည်။ မခင်လေးမြင့်ကလည်း ထိုနည်းနှင်နှင် ခပ်တည်တည်နှင့်ပင်။

ထိုင်စဖြုရုံ ရှိသေးသည်။ တံခါးအပွင့်မှာ ဆရာမ မသီတာ ဝင်လာတာ မြင်ရသည်။ 'အယ်...ဆရာမ'၊ 'အယ်...ဆရာ' ဆိုသည့် အံ့အားသင့် ဟစ်သံ ဝမ်းသာအားရနွှတ်ဆက်သံက ကစ်

www.burmeseclassic.com

www.burmeseclassic.com

ထပ်တည်း ဆုံကြသည်မို့။ ဆရာမက ကျွန်တော့်ကို ဆရာလို့ ခေါ်တော့ ကျောင်းမိတာတော့ အမှန်ဖြစ်သည်။ စိတ်ထဲကတော့-

'ဆရာမနှယ် စာရေးဆရာသက်တစ်နှစ်သားပဲရှိသေးတာ ကိုယ်မွေးတဲ့ ကိုယ့်တပည့်ကို ဘယ့်နှယ်ခေါ်ပါလိမ့်'

လို့ အတွေးရှည်နေတုန်း-

'ကိုအောင်ဖြိုးကျော်'

နှုတ်ဆက်ရင်း အနားလာရပ်သည့် ဆရာမျိုးကြောင့်လည်း တွန့်ခနဲဖြစ်ရသည်။ ကျွန်တော် ကြားလိုသည်က ကိုယ့်ဆရာမနှင့် ဆရာတွေဆီက (ဟဲ့ အောင်ဖြိုးကျော်၊ ဟေ့ကောင် အောင်ဖြိုးကျော်) အဲဒီလို အဲဒီလိုခေါ်မှ နားထဲအရသာရှိသည်။

ဆရာမက အသားတွေ ပိုဖြူပြီး ခပ်ပြည့်ပြည့်နှင့် ပိုလှလာသည်။ ဆရာမျိုးကတော့ ဘာမှမပြောင်း။

'ဦးဝင်းငြိမ်းက မချော စာအုပ်မိတ်ဆက်ပွဲမှာ... ဆရာ လိုက်သွားပါလား'

ကျွန်တော် ပြုံးမိသည်။ ရွေးဆုတစ်ခါရဖူးရုံမျှနှင့် ရန်ကုန်ပါးဝပြီဟု ဆရာမက အထင်ကြီးလေသည်လား မသိ၊ ကျွန်တော့်မှာဖြင့် ဘားလမ်း သင်ပုန်းကြီးပင် မဆုံးသေး။

'မသွားတတ်ဘူး ဆရာမရဲ့'

ကျွန်တော့်စကားဆုံးတော့ ဆရာမ အပြုံးနုနုကို မြင်ရသည်။ တက္ကစီနဲ့သွားဟုတော့ ဆရာမက မပြော။ ကျွန်တော့်မှာ လမ်းစရိတ်အပိုမပါတာ သိရှာထင့်၊ တစ်ယောက်ကိုသာ ပို့ခိုင်းသည်။

မအေးမြတ်မြတ်ချို့တို့ဆီ အကြည့် ပို့စဉ် ဆရာဝင်လာတာမြင်တော့ အပြုံးဖြင့် နှုတ်ဆက်ဖြစ်တော့ ဆရာက ခပ်တည်တည်။ မချောပွဲကို သွားရန်သာ ပြောသည်။ ပို့ပေတော့ တစ်ယောက်၊ လျှောက်ပေရော့။ အပျိုကြီး အချစ်မိတ်ဆက်ပွဲ၊ မနှစ်က ထရိတ်ဒါးလိုက်ပို့သည့် ညီလေးကို သတိရသည်။ သည်တစ်ခါ ခရီးက မနီး။

စာအုပ်မိတ်ဆက်ပွဲရောက်တော့ ဆရာမ နှင်းဝေငြိမ်း စကားပြောခန်း ရောက်နေပြီ။ ဆရာမက မနှစ်ကလိုပင် ချောဆဲ၊ လှဆဲ။ သိသူတွေပါသလို မသိသူတွေလည်း ပါသည်။ ဆရာ ရွေစိန်ရိုးကို နှုတ်ဆက်သည်။ ကိုဇာဂနာကြီးလည်း ပါသည်။ မဖြူ၊ ကိုမင်းနှင့် မဦးတို့ စုထိုင်နေတာလည်း မြင်ရသည်။ ရွှေအစ်မတော် စာအုပ်ပိုင်ရှင်ကတော့ ရွှေရောင်ဆံပင်အဖြောင့်ဖြင့် လှနေသည်မှာ ၁၆ နှစ်သမီး၊ ဤ ကား ရွှေမျိုးဆက်သစ်၏ ဒုတိယနှစ်ခရီး။

❑

ခန်းမထဲအဝင်မှာ ဆရာမျိုးက ကြိုသလို မအေးမြတ်မြတ်ချိုက ဖိတ်စာထောင့်ချိုးကိုဖြဲ၍ ကတ်ထုတ်ပေးတော့ မယူချင်၊ မနှစ်က ကိုယ်တိုင် အိတ်ကပ်မှာ တပ်ပေးပါလျက် သည်နှစ် ရော့၊ အင့် ပေးသည်ကို မကျေနပ်၊ တပ်ပေးဟု ဂျီကြလျှင်လည်း လူကြားသူကြား ရှက်သွားမှာလည်း စိုးရိမ်ရသေးသည်။

ခန်းမထဲတွင် လူက ပြည့်နေပြီ။ ဆရာချမ်းက အဆင်ပြေသလို ထိုင်ဖို့ ပြောတော့ နီးရာစားပွဲမှာ ဝင်ထိုင်ပြီးမှ ကျွန်တော်မနှစ်က ထိုင်သည့်စားပွဲ၊ မနှစ်က ထိုင်မိသည့်ခုံ ဖြစ်နေသည်ကို သတိထားမိသည်။

ဟုတ်သည်။ သည်စားပွဲ၊ ဘယ်ဘက်မှာ ဆရာမ နှင်း။

'ကျွန်မထိုင်တဲ့ဝိုင်းက ဆုရတတ်တယ်နော် ဆရာ' အသံတို့၏ အင်အားကို ပြန်ကြားဖြစ်သည်။ ဟိုမှာဘက်က မချော၊ ဟိုဘက်က မဖြူ။

အခုတော့ သည်အဖွဲ့တွေ တစ်ယောက်မှ အနားမှာ မရှိပြီ။ ရှေ့ဝိုင်းမှာ တစ်စုတစ်ဝေးရှိနေပါလျက် လှည့်၍မျှပင် မကြည့်၊ တစ်နှစ်ကလေး ဝေးသည်နှင့် မေ့ရော့ထင့်။ ငါ့ကို ဆုမရနိုင်မှန်းသိလို့ အဖက်မလုပ်ကြတာလား။ တကယ်ဆို နဖူးပြောင်ပြောင် ကိုယ့်မောင်လေး အဝေးကလာတာ နှုတ်ဆက်မှပေါ့။

'ဟင့် ခေါ်ဘူး။ နေပေါ့'

ဒါက ကျွန်တော့်ရင်တွင်းဖြစ်စကားများ။

ဆရာမ ခင်သန္တာက စတိုင်လ် အပြည့်နှင့် နှုတ်ဆက်ဖော်ရသေးသည်။ ခဏနေတော့ လင်းနှင့် ဖြူနုဝင်လာတာ မြင်ရသည်။ မနှစ်က မျိုးဆက်သစ်ဆုကို လင်းနှင့် အီမားကိုး ရပါစေဟု ကျွန်တော် ကျိတ်၍ ဆုတောင်းဖြစ်သည်။ အငယ်ဆုံး ညီမလေးတွေအဖြစ် သံယောဇဉ်တော့ဖြစ်မိသည်။

ဖြူနုလည်း မနှစ်က သူ့စားပွဲ၊ သူ့ခုံမှာထိုင်ရင်း ကျွန်တော်နှင့် အကြည့် ချင်းဆုံစဉ် တစ်မိတည်းမွေး မောင်နှမ ရင်းချာလို အဖြူစင်ဆုံး အပြုံးတွေ ဖလှယ်ဖြစ်ကြသည်။

ဟိုင်း၊ သည်ငေးနှင့် ကိုယ့်နံဘေး က ကိုယ်တော်ကို အခုမှ သတိထားဖြစ်သည်။ တိုက်ပုံအင်္ကျီအနက်နှင့် အခန့်သား၊ ရင်ခွင်ဦး ဟဲစားတဲ့။ ငါ့ညီလေးဟု စိတ်က ချက်ချင်းရင်းနှီးမိပြန်သည်။

'ကျွန်တော်က ကြိုသိရတယ်။ ပရိသတ်အကြိုက်ဆုရတယ် အစ်ကို'

အောင်မယ်၊ တယ် ဟုတ်ပါလား။ သူကလည်း ကျွန်တော့်ကို အောင်ဖြိုးကျော်ဟု သိသည်နှင့် ချက်ချင်း ရင်းနှီးဟန်ပြသည်။ ဤသည်မှာ ရွှေတို့၏ သံယောဇဉ်၊ သင်စရာမလို။

သူသည်လည်း တောင်ကြည့်၊ မြောက်ကြည့်နှင့် ဂနာမငြိမ်လှ။ သေချာပြီ။ သည်ချာတိတ် မနှစ်က ကိုယ့်လိုဖြစ်နေပြီ။ စားပွဲပေါ် စားစရာတွေရောက်သည်နှင့် ရင်ခွင်ဦးကို မျက်ရိပ်ပြပြီး တူကိုကိုင်၍ ကြိုးဝါးဖြစ်သည်။ မျိုးဆက်သစ်ကွ စားပြီ။

အခမ်းအနားမှူးက မျက်လှည့် ဆရာစတိုင်လ်ဖြင့် ဘွားခနဲ အနားရောက်လာတော့ ပခုက္ကူစာပေဟောပြောပွဲမှာ ရဲရဲတောက်ပြောသွားသည့် ကိုညီနှင့် ရင်ဘတ်ချင်းကပ် ပွေ့ဖက်နှုတ်ဆက်ဖြစ်သည်။

အဆို၊ အကတွေကြည့်သည်၊ စားပြီ၊ ဆုရသူတွေ ကြေညာသည်၊ လက်ခုပ်တီးသည်၊ စားပြီ၊ လာခဲ့ လိမ္မော်ရည်သောက်ပြီ၊ ဟင် မနှစ်က ငါ့ကို လိမ္မော်ရည်ထဲ အရက်စပ်တိုက်ဖို့ ကြိတဲ့ဟာတွေ။ သိပ်စားနေလို့ မဖြစ်သေး။

www.burmeseclassic.com

www.burmeseclassic.com

ကာ ဟောခနဲ ပြန်ထွက်သွားတာ သတိထားမိသည်။

ဆရာမ မသီတာ နှုတ်ဆက်စော အရွယ်လွန်တွေကို ထူခဲ့သည့်လက် အငယ်ချွန်တွေကို ကူခဲ့သည့်လက်ကို ယုံကြည်အားကိုးစွာ မြတ်နိုးလွန်းစွာ ကျွန်တော့်နဖူးပြင်နှင့် ထိဖြစ်စဉ် မသီတာသည် မသီတာများစွာကို မွေးဖွားခဲ့ပြီ။

❑

အောင်မင်္ဂလာကားကွင်းမှ ရဲဘော် အောင်ကားသည် ကျွန်တော့်ကို ရန်ကုန်နှင့် ဝေးရာ တရွေ့ရွေ့ သယ်ဆောင်ခဲ့စဉ် ဆရာတို့၊ ဆရာမတို့ကို နှုတ်ဆက်ရန် ဟန်းဆက်ကို ဖွင့်ဖြစ်သည်။ ကျွန်တော် မခေါ်ဖြစ်။ နှုတ်ဆက်ရမှာကို နှုတ်မဆက်ချင်။ မချောနှင့် မဦးကား ၁၀၅ မိုင်သို့ ရောက်နေပြီ။

ကားပြတင်းမှ အပြင်ဘက်ကို ကြည့်တော့ ရန်ကုန်က မိုးရေစက်လေး နှင့် ကျွန်ခဲ့သည်။ ၂၀၁၂၊ မေ ၂၆ ည ၁၀ နာရီ မနှစ်က သည်အချိန်မှာ ထမင်း ဒါးပေါ်၌ မျိုးဆက်သစ်ဆုကို ဆရာဦးဝင်းငြိမ်း ကျွန်တော့်ကို ပေးနေခဲ့ချိန်ခုတော့ ၂၀၁၃ မေ ၂၆ ည ၁၀ နာရီ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းပေါ် ကားတစ်စီးနှင့် ကျွန်တော် ရွှေအမြှေးတော ဝတ္ထုရှည်ဆုကို ရင်ခွင်ထဲ ကျစ်ကျစ်လေး အောင် ထွေးပွေ့မိသည်။

'စာမူတစ်ပုဒ်ကို လွယ်လွယ်လေး မလွတ်နဲ့'

အသံတို့၏အင်အား ရွှေတို့ဖခင်၏ ဆုံးမစကား၊ ကျွန်တော့်မျက်ရည်တစ်စက် ရွှေအမြှေးတော်ဆုပေါ် ပေါက်ခဲ့ ပြုတ်ကျသွားခဲ့သည်။

သိပ်မကြာမီ မထင်မရှား အညာ ကျေးလက်က ရွှေအလင်းတန်းစာ ကြည့်တိုက်လေးသည် ရွှေကလောင်နှင့် ဆုဖြင့် အလှတွင် အယဉ်ဆင့်တော့မည် ဟု တွေးမိစဉ်။

ပြိုးသူမှာ မျက်ရည်စတွေနှင့်

အောင်ဖြိုးကျော်ဝေ

အရွယ်လွန်တွေကို ထူခဲ့သည့်လက် အငယ်ချွန်တွေကို ကူခဲ့သည့်လက်ကို ယုံကြည် အားကိုးစွာ မြတ်နိုးလွန်းစွာ ကျွန်တော့်နဖူးပြင်နှင့် ထိဖြစ်စဉ် မသီတာသည် မသီတာများစွာကို မွေးဖွားခဲ့ပြီ

မျိုးဆက်သစ်ဆုကို မဇ္ဈကြေညာသလို စာအိတ်ဖောက်ရဦးမည်။ ဩဇာ မနှစ်က ဆုယူခဲ့သည်စင်ပေါ် တက်ရပေဦးမည်။

ဘယ်အရပ်သူလေးလဲဟဲ့၊ ဘယ် ဒေသသားလေးလဲဟဲ့၊ ရှေ့ဝိုင်းက ဟာ လေးတွေလို လှတပတလေးတွေလား၊ ကိုယ့်လို နဖူးပြောင်ပြောင် လူကောင် ကြီးကြီးဖြစ်နေမလား။ ကျွန်တော့်ကို ခေါ်မည့် ကိုညီ့အသံကို နားစွင့်မိပြန်ပြီ။

'ရွှေအမြှေတော မျိုးဆက်သစ်ဆုကို ဖွင့်ဖောက်ကြေညာရန် ဆရာမ ဇူးဇူးမွန်ကို ဖိတ်ခေါ်ပါတယ်'

ရင်ထဲ ဟင်ခနဲ၊ ဟာခနဲ ဖြစ်သည်ထိ။

ဒီကိစ္စက ကျွန်တော့်အလုပ်၊ မိုင် ၅၀၀ ကျော်ကလာခဲ့သည်မှာ လက်ဆင့်ကမ်းရန်။ ငါက ဘာဖြစ်လို့ ...။ လက်ခုပ်သာ တီးနေရသည်။ စိတ်ထဲ နင်တင် တင်ကြီး။ ဘာလဲ...။ ဘာဖြစ်လို့လဲ။ သည်အတွေးတွေကမရပ် မျိုးဆက်သစ်ကိုပင် နှုတ်မဆက်နိုင်၊ လူတွေကို မေ့၊ စားစရာတွေ မေ့ တွေး... တွေး...။

သမီးငယ်ဆီက လက်ခုပ်သံကို ကြားရသည်။

အကြည့်ကို စင်ပေါ်အရွှေ အတွေး က အပြတ်။

ဝတ္ထုရှည်ဆု ၂၀၁၃ မေလ ရွှေ အမြှေတောမဂ္ဂဇင်းတွင် ဖော်ပြပါရှိသော အောင်ဖြိုးကျော်၊ ပခုက္ကူရဲ့ **ကတ္တီပါ ကန့်လန့်ကာ**။

ကျွန်တော့်တစ်ကိုယ်လုံး ကြက် သီးမွေးညင်းတွေ ရှိန်းမြသွားခဲ့သည်။ သွေးတို့ ပွက်ပွက်ဆူလာစဉ် ဆုပေးပွဲ မြင်ကွင်းက ရုတ်ခနဲ ပျောက်သွားခဲ့ သည်။ စာရေးသည့် ညာလက်ခလယ် တစ်ဆစ် ဖြတ်ခံထားရသည့်နေရာမှ နာကျင်မှုကို လွန်ခဲ့သည့် အနှစ် ၂၀ ကျော်ကာလအတိုင်း ပြန်ခံစားဖြစ်သည်။

တမာပင်တန်းတွေ ခြံရံ၍ ကျိုး ကြေသွားလေပြီဖြစ်သော တံတားတစ် စင်း၊ ဆူညံစွာမြည်ဟည်းနေသော ဂျီး သရီးသံများ၊ ခေါင်းလောင်းသံစာစောင် ကို လက်ကကိုင်၍ အားပါးတရ ဟစ် ကြွေးနေသော အဖြူ၊ အစိမ်းနှင့် ၁၀ တန်း ကျောင်းသားလေးတစ်ယောက်။

'သတ္တိရှိရင် အဝေးက မပစ်နဲ့၊ ရင် ဘတ်လာပြီးတော့ ပစ်'

ဝိုင်း၍ ဆွဲခေါ်နေသော သူငယ် ချင်းများ၊ ကျွန်တော့်ညာလက်သည် လေထဲမြောက်သွားသလို 'မျိုးဆက် သစ်ကွ' မသိစိတ်အလျင်၏ စေ့ဆော် ကြွေးကြော်သံ။

သတိပြန်ဝင်တော့ ကျွန်တော့်ဘေး မှာ ကင်မရာတွေ၊ လူတွေ ဝိုင်းနေပြီ။ ပြန်သာ နှုတ်ဆက်နေရသည်။ မည်သူ၊ မည်ဝါ မကွဲ။ ရသစာပေ တစ်ခေတ် ဆန်းပြီ။ ငါတို့ ရသစာပေဆိုတာ အမျိုး သားရေးကို ဘယ်တော့မှ သစ္စာမဖောက် ဘူး။

ကျွန်တော့်ရင်ထဲက ကြွေးကြော်သံ တွေက အပြင်မထွက်။ ဝင်လေက ဝင် သွားသော်လည်း ထွက်လေက ထုတ်မ ရ။ ကျွန်တော့်ရင်ဘတ်ပေါ် ဆရာမ ခင်သန္တာလက်နှင့် ဖိလိုက်မှ ထွက်လေ

www.burmeseclassic.com

www.burmeseclassic.com

တဆထလ-၁၁/၂၀၁၁ တိုး(၁၈၇) ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၈၁၁၃ YR ၁၀၀၇၉

ကျန်းမာခြင်းသည်လာဘ်တစ်ပါး

ဦးဇောင်မြင့်
လူပျံတော်ပတ္တမြား

သွေးဆေးမှုန့်

သွေးဆေးအဆီ

လေသက်ဆေး

နှုန်းတွင်းလျှာပွတ်ဆေး

သည်းခြေဆေး

လျက်ဆား

ဗုံး ၀၁-၅၄၁၃၁၆ ၀၁-၇၀၁၄၇၃

၀၁-၅၅၄၅၅၄ ၀၁-၅၄၂၁၀၃

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ခွေးစလေးတစ်ကောင် ပမ်းမိတယ်

မည်သို့ပင်ဖြစ်စေ သူကတော့ ဈေးကြီးပေ့ဆိုသောခွေးတွေကဲ့သို့ မွေးမည်၊ ကျွေးမည်ဟု ဆုံးဖြတ်ထားသည်။

❑

'မဲတူရေ၊ သမီးလေး'

'ဟဲ့ စုမေ အဲဒီခွေး ငါ

'သမီး ညည်းဟယ် ဒီမည်းတူး စုတ်ပြတ်နေတဲ့ ခွေးကို ဘယ်က ခေါ်လာတာတုံး။ နောက်ပြီး အမကြီး' 'အမေကလည်း အဲဒီ ယောကျ်ား၊ မိန်းမ ခွဲခြားတဲ့ဟာတွေ ဒီခေတ်ကြီးမှာ မရှိသင့်တော့ပါဘူး' 'ဟဲ့ စုမေ ငါပြောချင်တာ ဒီခွေးအစုတ်အပဲ့ကို မမွေးချင်ဘူးလို့ ပြောတာ ဒါပဲ' 'မရတော့ဘူးအမေ၊ မွေးကို မွေးမှရတော့မှာ။ သမီး ကတိပေးခဲ့ပြီ' ခပ်မြန်မြန် စကားဖြတ်ပြီး အမေနားက ပြေးထွက်လာခဲ့သည်။ အမေပြောမှပဲ ဒီခွေးလေးကို ဘယ်လိုနာမည်ပေးရမလဲ စဉ်းစား မိသွား၏။ မဲတူ...မဲတူဆိုတာ သူနှင့် အလိုက်ဖက်ဆုံးနာမည်ပင်။ မဲတူလေးကို သေချာမွေးရမည်။ ကျွေးရမည်။ အမေ ပြောလည်း ပြောချင်စရာပင်။ မဲတူ၏ အမွေးများက အမည်းရောင်နက်နက် မဟုတ်ဘဲ မွဲတေ နေသော အမည်းရောင်မျိုးပင်။ မွဲနေသောအရောင်နှင့်အတူ သေးကွေး ပိန်လှီလှသော မဲတူ၏ အသွင်အပြင်က တစ်စက်မှ နှစ်လိုဖွယ်ရာ မရှိ။

www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရတာမဟုတ်ဘူးနော်။ ပိုကြည့်မရအောင် မလုပ်နဲ့'

'အမေကလည်း မဲတူလေးက ဘာလုပ်လို့လဲလို့'

'ဘာလုပ်ရမှာလဲ အသွေးအမွေးနဲ့ လိုက်လည်း လိုက်တယ်။ စည်းမရှိ ကမ်းမရှိ တွေ့ကရာ နေရာ ချေးပါသေးပေါက်နဲ့'

'အမေရယ် ၂၁ ရာစုကို ရောက်လာပါပြီ အသားအရောင် ခွဲခြားတာ မရှိသင့်တော့ဘူး။ ဘေလုံးသမား တစ်ယောက်တောင် အသားအရောင် ခွဲခြားလို့ဆိုပြီး ဘေလုံးအဖွဲ့ချုပ်ရဲ့ အပြစ်ပေးခံသေးတယ် မဟုတ်လား'

အမေမျက်နှာ ရှုံ့မဲ့သွား၏။ ပြောမရမှန်း သိသဖြင့် မျက်စောင်းသာ အခါခါ ထိုးနေတော့သည်။ တစ်အိမ်လုံးနှင့် ဆန့်ကျင်၍ မဲတူကို ချစ်ရသည်။ ကာကွယ်ရသည်။ စောင့်ရှောက်ရသည်။ အမေ ပြောလည်း ပြောချင်စရာပင်။ မဲတူလေးက အတော့်ကို ဆိုးသည်။ ညစ်ပတ်သည်။ သို့သော်လည်း မဲတူလေး ကောင်းကောင်းမွန်မွန်ကြီးပြင်းလာဖို့က သူမှာတာဝန်အပြည့်ရှိ၏။

❑

'သေတော့မယ် ဒီခွေးတော့'

ဒီတစ်ခါတော့ အဖေ့အသံ။ မဲတူ ဘာသွားလုပ်တယ်မသိ။

'မိစု ညည်းခွေးတော့ ငါလုပ်ရင်သေတော့မယ်'

'ဘာလို့လဲ အဖေ'

'ဒီမှာ ငါ့ပုဆိုးတွေ ကိုက်ဖြိုထားတယ်'

'အဖေရယ်သမီး အသစ် ပြန်ဝယ်ပေးပါ့မယ်နော်။ သူ့ကို ကိုက်ချင်လို့ ကိုက်တာ မဟုတ်ပါဘူး။ လေတိုက်ပြီး ကျလာလို့ ကိုက်လိုက်ရတာပါ'

'အဖေက ပြန်ဝယ်ပေးဖို့ ပြောတာ မဟုတ်ဘူး။ စည်းကမ်းမဲ့လို့၊ အိမ်ပွာယ် မရှိတာကိုလုပ်လို့ ပြောနေရတာ'

'ဟုတ်ကဲ့ပါ အဖေရယ်၊ သမီး ဒီကောင့်ကို ဆုံးမထားပါ့မယ်'

အဖေလည်း မဲတူကို မာန်ပါပါကြည့်ရင်း ထွက်သွားတော့သည်။ မဲတူကလည်း မဲတူပင်။ သူများ ခွေးတွေဆိုလျှင် မီးခြစ်ယူပေးရတာနှင့်၊ ပစ္စည်းရှာပေးရတာနှင့်၊ သူကတော့ ဒီလိုမဟုတ်။ ကျနေသောပုဆိုးကို ကိုက်ပင် ကိုက်ဖြဲလိုက်သေးသည်။ ကောင်းရော။

'မဲတူ၊ ငဆိုးမ'

သူ ထိုကဲ့သို့ပြောလိုက်သောအခါ မဲတူက အမိပွာယ်ပါသော မျက်လုံးများဖြင့် ကြည့်နေသလိုလိုပင် ထင်မိလာသည်။ မဲတူ၏ မျက်လုံးများကို သူ ကြာကြာ ရင်မဆိုင်တော့ဘဲ ထွက်သွားမိသည်။ တကယ်တော့ မဲတူလေး ဆိုးနေတာအားလုံး သူ့ကြောင့်ပင်။ သူ အလိုလိုက်ထားသောကြောင့် မဲတူက တစ်နေ့တခြား ဆိုးလာခြင်းသာဖြစ်၏။

❑

သူတို့ မိသားစုလည်း မဲတူ၏ ဆိုးခြင်း၊ ပေခြင်းများနှင့် တစ်နေ့တစ်နေ့ လုံးချာလိုက်နေရသည်။ အိမ်ထဲဝင်၍လည်း ချေးပါသေးပေါက်လုပ်တတ်သေးသည်။ အိမ်ကိုလာသော ဧည့်သည်မှန်သမျှကိုလည်း ဆွဲမယ်တကဲကဲ ခြိမ်းခြောက်တတ်သည်။ ထမင်းစားလျှင်လည်း အသားပါမှ စား၏။ မည်မျှပင် ဆာနေကာမူ သူကြိုက်သော အသားမပါလျှင် မစား။ အသေသာခံသွားမည့် ပုံမျိုး။

တစ်ခါက သူ့ကိုကာကွယ်ဆေးထိုးရန် တိရစ္ဆာန်ဆေးကုခန်းသို့ ရောက်သွား၏။ လာသမျှ ခွေးမှန်သမျှ အကုန်အမွေးပွခွေးလေးတွေ၊ ဒိုဘာမင်တွေ၊ တယ်ရီယာလို ခွေးတွေချည်းပင်။ မဲတူက အားလုံးထဲမှ တစ်သွေးတစ်မွေး ထူးနေပြန်သည်။ ခွေးပိုင်ရှင်တွေကတော့ ပိုင်ရှင်သူကိုရော၊ ခွေးကိုပါ နာခေါင်းရှုံ့ချင်နေ၏။ ဘယ်လိုကလေကချေခွေးကို ဒီလိုဈေးကြီးသည့်ဆေးတွေ လာထိုးပေးနေပါလိမ့်ဆိုသည့် အကြည့်တွေကအထပ်ထပ်။ ဘာပဲဖြစ်ဖြစ် ထိုနေ့က ဆေးထိုးခသက်သာသွားတာတော့ အမှန်ပင်။

မဲတူလေးကိုကြည့်ပြီး ဆရာဝန်က ဆေးဖိုးဝါးခ လျှော့ပေးလိုက်သည်။ သို့ပေမဲ့ တစ်ဖက်ကပြန်ကြည့်လျှင် မဲတူလေးကို အခြားခွေးများနှင့် ခွဲခြားမြင်နေသောကြောင့် ဈေးလျှော့ပေးလိုက်သည်ဟုပင် စိတ်ထဲသိပ်မခံချင်ပေ။

'အစ်မ၊ ဆေးထိုးမယ့် ခွေးက ဒီခွေးလား'လို့ မေးရလောက်အောင်ပင် မဲတူ၏ ရုပကာကား ချူချာလှသည်။ သို့ပေမဲ့လည်း သူတို့ခွဲခြားတာကို အပြစ်မမြင်နိုင်။ မဲတူကလည်း မည်းလွန်းတူးလွန်းသည်ပင်။

❑

မဲတူနှင့် စတင်ဆုံစည်းချိန်က မကြာသေးသလိုပင်။ ယခုဆိုလျှင် မဲတူ၏ အသက်ပင် တစ်နှစ်သားရှိနေလေပြီ။ မဲတူကား အရင်လိုပင် ဆိုးတုန်း၊ ပေတုန်း၊ တေတုန်း။

'မမစုရေ၊ လုပ်ပါဦး'

အိမ်ရှေ့မှကလေးတစ်ယောက် အော်သံက သူ့အတွေးကို ပြတ်တောက်သွားစေ၏။ ကလေးတစ်ယောက်၏ ခြေသလုံးကိုသဲကြီးမဲကြီး ကိုက်ခဲထားသော မဲတူကို တွေ့ရတော့ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ပေ။

'ဟဲ့ဟဲ့ ဩ မဲတူ လွတ်စမ်း။ နင် သေတော့မှာပဲ လွတ်ဆို'

နောက်ဆုံး မတတ်နိုင်သည့်အဆုံးတွင် မဲတူ၏ကျောပြင်ကို ခပ်ပြင်းပြင်း ရိုက်လိုက်ရတော့သည်။ ထိုအခါ မဲတူသည် သခင်ကို မှန်တော်တော်ကြည့်ပြီး အဝေးသို့ ပြေးထွက်သွားလေ၏။ မဲတူကိုက်ပစ်လိုက်သော ကလေးကို တစ်ဖက်မှဆွဲထားရင်း မဲတူဘယ်များထွက်သွားလေသလဲဟု မျှော်ကြည့်မိလိုက်ရင်းက-

'ဟဲ့ မဲတူ၊ ဘယ်သွားမလို့လဲ'

သူ့ကို တစ်ချိန်လုံး ချစ်ခင်ကျွေးမွေးကရုစိုက်လာသည့် သခင်ကိုပင် တစ်ချက်မှ လှည့်မကြည့်တော့။

'အဲဒီလို ခွေးမျိုးမြန်မလာတာတောင် နည်းသေးတယ်။ ဘယ့်နှယ်အေ မြင်ရ ကျလူများ ကိုက်ရတယ်လို့။ မဟုတ်တာဆို အကုန်လုပ်တဲ့ခွေး'

အမေ့ရဲ့စကားသံတွေက သူ့ရင်ထဲက အပူဓာတ်ကို ပို၍ကျွမ်းလောင်စေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com

မဲတူ ညနေကတည်းကပင် အိမ်ပြန်မလာ။ သူကတော့ အချိန်တန်ပြန်လာမည်ဟု အထင်နှင့် မဲတူကြိုက်တတ်သော အမဲရိုးကိုချက်ထားကာ စောင့်နေခဲ့သည်။ သို့သော် နောက်နေ့ မနက်အထိ မဲတူ၏ အရိပ်အယောင်ပင် မမြင်ရ။ ညနေစောင်းခါမှ ကလေးတစ်ယောက်က သတင်းပေးလာသည်။

'မမစု၊ ရေ၊ မဲတူကို လမ်းမှာတွေ့ခဲ့တယ်'

'ဟေ၊ ဟုတ်လား။ ဘယ်မှာတုံး'

'အမှိုက်ပုံနားမှာ မမစုရဲ့။ ဘာတွေရှာစားနေတယ်မသိဘူး'

ဩော်၊ မဲတူ...မဲတူ။ အိမ်မှာနေတုန်းကတော့ ထမင်းကို အဆီအနှစ်နှင့် နယ်ကျွေးလျှင်ဟောင် မစား။ သူကြိုက်တာမှ စားတတ်သည့် ခွေးမျိုး။ အခုတော့ အမှိုက်ပုံမှာတောင် ရှာစားနေပါလား။

အိမ်ပေါ်က ဆင်းသွားသည့်သားသမီးကိုပြန်လိုက်ခေါ်သည့် မိဘရယ်လို့ ရှားပါသည်လေ။

'မဲတူ သမီးလေး။ လာလာ အိမ်ပြန်ကြမယ်။ နောက်တစ်ခါ မရိုက်တော့ဘူးနော်'

မဲတူက ခပ်ပေပေကြည့်လို့။ နောက်တစ်ခါဆိုရင်တော့ ရောဘူးနော်။ အိမ်ကိုလုံးဝ ပြန်လာဘူးဆိုတဲ့ အထာမျိုးနှင့်။ ဒီလောက်ဆွဲခေါ်နေတာတောင် အင်တင်တင်လုပ်နေတုန်းပင်။ ဘတ်လည်းတတ်နိုင်သည့် မဲတူ။ အိမ်ပြန်ရောက်တော့ ဆေးချွတ်ချိုးပေးရသေးသည်။ အစားကိုလည်း သူကြိုက်သည့် အစာလေးချက်ကျွေးရ၏။ ဒါတောင် မစားချင် စားချင် စားရသည်ပုံလုပ်သေးသည်။ တတ်လည်း တတ်နိုင်သည့် မဲတူစုတ်။

❑

တကယ်တော့ မဲတူနှင့် သူ၏ ရေစက်ကား ထူးဆန်းလှသည်။ သူတစ်သက်တာတွင် မမွေးနိုင်စရာ အဖြစ်အပျက်တစ်ခုပင်။ အဲဒီနေ့က သွားစရာတစ်ခုရှိလို့ ကမန်းကတန်းကားမောင်းထွက်လာခဲ့သည်။ ကားမောင်းခါစ ဖြစ်သဖြင့် ကားအထာကို သိပ်မသိသေးပေ။ ကားကို မနည်းထိန်းမောင်းလာရ၏။ လမ်းကြိုလမ်းကြားတစ်ခုထဲ အရောက်တွင် ဘယ်ကဘယ်လို ဖြတ်ကူးလာမှန်းမသိသည့် ခွေးတစ်ကောင်ကို သွားတိုက်မိ၏။ အရှိန်ကသိပ်မပြင်းပေမဲ့ ခွေးခေါင်းကို တစ်ခုခုနှင့် ဆောင့်သွားပုံပေါ်သည်။ ခွေးခမျာတစ်ချက်သာ အော်လိုက်နိုင်ပြီး သေသွားရှာ၏။

သူလည်း ကားမောင်းခါစ တစ်ခါမှ မဖြစ်ဖူးသော ကြောင့် လန့်ဖျပ်နေ၏။ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ခွေးအသေကြီးကိုပဲ ကားပေါ်တင်သွားရမလား။ လမ်းပေါ်မှာပဲ ဒီအတိုင်းပစ်ထားခဲ့ရမလား။ ဆွဲပြီး လမ်းဘေးဖယ်ချထားခဲ့ရမလား။ ဝေခွဲမရ။ အဲဒီအချိန်မှာပဲ တအိအိ အော်သံနှင့်အတူ ခွေးလေးတစ်ကောင် လဲနေသည့် ခွေးမကြီးဝိုက်နားသို့ ပြေးဝင်လာလေ၏။ ခွေးလေးက မည်းမည်းတူးတူးလေး။ နို့ပြတ်သေးပုံမပေါ်။ နောက်ဆုံး သူဆုံးဖြတ်ချက်တစ်ခုခုကို ခိုင်ခိုင်မာမာ ချလိုက်သည်။ ထို ခွေးလေးကို သူနှင့်တစ်ပါတည်းခေါ်သွားရန်ပင်။

သူခွေးကလေးကို ခေါ်သွားဖို့ လှမ်းအဆွဲခွေးကလေးက သူ့အမေ နို့ကိုအငမ်း မရစို့နေသေး၏။ သူတော်တော် ကြာအောင် စောင့်နေပေးလိုက်သည်။ သူ့အမေနို့ကို နောက်ဆုံးစို့ရခြင်းမို့ပင်။ ခွေးမည်းမည်းကလေးခမျာ နို့စို့ရင်း အိပ်ပျော်သွားတော့သည်။ ထို အခါမှအသာလေး ပွေ့ခေါ်လာခဲ့ရ၏။ ခွေးကလေးသည် နောက် ဘယ်တော့မှသူ့အမေ နို့ကို မစို့ရတော့ဟု တွေးမိပြီး သူတော်တော်လေး စိတ်မကောင်းဖြစ်မိပြန်သည်။ မတတ်နိုင်။ ခွေးမကြီးအသက်ကို သူယူလိုက်မိပြီဖြစ်၏။

ဘယ်သူမှ မကြာအောင် ခွေးမကြီးကို စကားတစ်ခွန်းပြောခဲ့သည်။

'ငါ နင့် ကလေးကို သေချာမွေးမှာပါဟာ'

❑

အချိန်ကာလတွေ ပြောင်းလဲလာသလို မဲတူလည်း သဘာဝ၏တိုက်ခိုက်ခြင်းကို ခံလိုက်ရတော့သည်။ မိဘဆိုတာသားသမီးဆိုးမွေကောင်း မွေကိုခံရစမြဲမို့ မဲတူ၏ပြောင်းလဲခြင်းကို သူပါလိုက်ခံရတော့သည်။ မဲတူကတော့ သူ့ကို အရင်လိုအနိုင်ယူတုန်း။ နောက်ထပ်အနိုင်တွေယူဖို့ပင် ထပ်မံကြိုးစားနေတုန်းဖြစ်သည်။

မဲတူ၏ အသံကား သူ့နားထဲ မခံမရပ်နိုင်အောင်ပင်။ တော်တော်နာကျင်နေသည့်ပုံစံနှင့်။ ဒီလောက်ဂျစ်တီး ဂျစ်ကန်နိုင်သည့်ခွေး အသံတောင် ပြာချင်နေလေပြီ။ တအိအိသာ အသံထွက်တော့သည်။ မဲတူသည် သူ့ကို အသနားခံသော မျက်လုံးများဖြင့် ကြည့်နေလေသည်။ မတတ်နိုင်။ ဒီတစ်ခါတော့ မဲတူ၏ ဒုက္ခကို သူ ဘယ်လိုမှ မတတ်နိုင်ပေ။ မဲတူရှိရာမှ အသံလေးတစ်သံထွက်လာသည်။

'အိ...အိ...အိ...'

ဟော၊ မည်းမည်းလေး တစ်ကောင်ထွက်ပြီ။ ဟော နောက်တစ်ကောင်။ နောက်တစ်ကောင်ကလည်း အမည်းလေးပဲ။ မဲတူနှင့်တစ်ပုံစံတည်း မည်းမည်းတူးတူးလေး သုံးကောင်။ မဲတူကား မောလွန်းလို့ အသံပင် မထွက်နိုင်တော့။ ချထားပေးသည့် ရေခွက်ကိုပင် ထမသောက်နိုင်။ မဲတူသည် သူ့ဘဝတွင် တစ်ခါမှ မပင်ပန်းဖူးသော ပင်ပန်းမှုမျိုးကို ကြုံလိုက်ရလေသည်။ ကလေးတွေလည်းပြီပို့ မဲတူ၏ ဆိုးပေခြင်းတွေ လျော့ကျလာလေ မလားဟု ခပ်ယဲ့ယဲ့မျှော်လင့်မိသည်။

မဲတူ၏ ကလေးသုံးကောင် သူတို့အမေကြီး မဲတူထံမှ နို့ကိုအသည်းအသန် စို့နေလေသည်။ မဲတူ ငယ်ငယ်က နောက်ဆုံးနို့စို့နေပုံကို မြင်ယောင်လာမိသည်။ ခွေးကလေးတွေ ကံကောင်းပါသည်။ မဲတူလိုငယ်ငယ်ရွယ်ရွယ်နှင့် မိခင်မဆုံးရှုံးအောင် သူ ထိန်းသိမ်းစောင့်ရှောက်ပေးရလိမ့်မည်။ ကားဖြင့် တိုက်လိုက်မိသော မဲတူ့အမေ အပေါ်တင်ထားသည့်အကြွေးများကျေသလောက် ရှိပြီဟု ထင်ပါ၏။

သုဝဏ်

www.burmeseclassic.com

www.burmeseclassic.com

အခြေခံစာမျိုး ဖြစ်သည်။ အဆိုတစ်ရ
မပြုနိုင်သူများ ရေးလေ့ရှိသော 'ပြီးစာ' မျိုးမဟုတ်
ကိုယ်လိုသလို၊ ကိုယ်ထင်သလို ဘာသာပြ
မသင့်လှပါ။ မသင့်လှဟူ၍သာ ဆိုပါသည်။ မလုပ်
မဆိုပါ။ တစ်ခါက မြန်မာဘာသာပြန်တစ်
'ကျွန်တော်က ပညာရှင်မဟုတ်ဘူး။ ပညာရ
သိစရာလည်း မလိုဘူး။ ကိုယ်သိသလိုပြန်
ဟူ၍ပင် ရေးသည်ကိုဖတ်ရဖူးသည်။ ယခု
ထိုသဘောမျိုးဖြင့် လုပ်ရဲသဖြင့် **စာပေဆိုတာ** ဘာ
ဟူ၍ စာတစ်အုပ်ပင် ထွက်နေပါပြီ (ရွှေအမြ
မဂ္ဂဇင်းတွင်ပင် ရှေးက ရေးသားဆွေးနွေးခဲ့ဖူး
မြန်မာရသပညာ စာအုပ်ကဲ့သို့ ပညာရပ်အ
ကျွမ်းကျင်မှု စိုးစဉ်းမျှ မရှိဘဲလျက် ရေးသားထား
စာအုပ်မျိုးသာဖြစ်သည်) ထို **စာပေဆိုတာ**ဘာ
စာအုပ်ထဲတွင် ပါသည်များမှာ အလွဲလွဲအမှားများ
ဖြစ်နေပါသည်။ အနောက်မြောက်တောင်ရိုးဒေသ
ကျောင်းဆရာဟောင်းကြီးတစ်ဦး၏ မိဇိုရမ်
ထည့်လိုက်သော စာတွင်သော် 'ဘယ်လိုလူမျိုး
ဝယ်ဖတ်သလဲ မသိဘူး' ဟူသော ကောက်ချက်ပ
တရားလှပါသည် (သူက ငှားဖတ်မိသည်ဟု ဆိုသည်
ပညာရပ်အခြေခံစာဖြစ်၍ (ရှေးစကားအရဆို
ပါ၌လျှောက် ပြန်သည်ကဲ့သို့ပြန်မှသာ သင့်သည်

အမှာ။

ရွှေအမြုတေမဂ္ဂဇင်းတွင် ပါမောက္ခ
အိဂလ်တန်နှင့် မေးလားး၏
စာပေနှင့်စပ်လျဉ်းသောအမြင်ကို
မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ပါသည်။
ထိုနောက်(အီးမေးလ်အပါအဝင်) စာပေအချို့
ရရှိခဲ့ပါသည်။ အများစုမှာ ၎င်းတို့ **စာပေဆိုတာ ဘာလဲ**
စာအုပ်တွင်ပါသော အိဂလ်တန်နှင့်မေးလားတို့၏
အရေးအသားများနှင့် ယှဉ်တွဲကာဆွေးနွေးကြခြင်း
ဖြစ်သည်။ ဤနောက် ပညာရှင် မြန်မာအမျိုးသမီး
ကလေးတစ်ဦးက ထိုစာအုပ်ကို ပို့ပေးပါသည်။
ထိုစာအုပ်မှာ (အရပ်စကားဖြင့် ပြောရလျှင်)အလွန်
အရပ်ဆိုးအောင် ဘာသာပြန်ထားသော
(တစ်နည်း ပြန်လည်ရေးသားထားသော)
စာအုပ်ဖြစ်ပါသည်။ ကျွန်တော်တို့ လူမျိုးတွင်
(အဘယ်ကြောင့်မှန်းမသိ) ရှိနေတတ်သော
'အဘိဓာန်တစ်အုပ်ရှိလျှင် ဘာသာပြန်လို့ဖြစ်တယ်'
ဟူသော အမြင်တွင် အခြေခံကာ သာသာပြန်လိုက်ခြင်း
ဖြစ်ပုံရသည်။ ဤသို့သော ဘာသာပြန်ပုံမျိုးမှာ
ဝတ္ထုစသည့်ဖန်တီးစာ အရေးအသားမျိုးကို
ဘာသာပြန်ရာတွင် မထောင်းမတာ ရှိသည်။
စာပေဆိုတာဘာလဲ ဆိုသည်မှာ ပညာရပ်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com

ပြဿနာမှာ ပထမစာပိုဒ်မှပင် စတော့သည်။ မေးလား ရေးခဲ့သည် *'သို့ဖြစ်လေရာ၊ စာပေသည် သမိုင်းဆိုင်ရာပြောင်း လဲမှုများနှင့် စက်မှုနည်းပညာဆိုင်ရာ ပြောင်းလဲမှုများ မှန်သမျှ အတွင်း ရှင်သန်ရပ်တည်၍သာနေပေဦးမည်။။ စာပေသည် မည်သည့်ကာလနှင့်ဒေသအတိုင်းအတာအတွင်း၌မဆို လူသား တို့၏ ယဉ်ကျေးမှုအတွက် အရေးပါသော(အရေးကြီးသော) အကြောင်းတစ်ရပ်ဖြစ်ပေသည်'* တွင် **'သမိုင်းဆိုင်ရာ ပြောင်း လဲမှုများ'** နှင့် **'စက်မှုနည်းပညာဆိုင်ရာ ပြောင်းလဲမှုများ'** နှစ်ခု တို့မှာ အခြေခံအားဖြင့် မတူညီကြ။ မူရင်းတွင်သော် These Two Contradictionary Premise ဟု ဆိုခဲ့သည်။ **စာပေဆိုတာ ဘာလဲ** တွင်သော် *'ပဋိပက္ခ အယူအဆနှစ်ခု'* (စာ၊ ၁၉၆)ဟု ဘာသာပြန် ရေးသားထားသည်ကို တွေ့ရ၏။ စင်စစ် Contradictory သည် Contradict မဟုတ်ပါ။ သို့ဖြစ်၍ Contradictory Premise သည် (ယင်းစာမျက်နှာတွင် ဖော်ပြ ထားသော)'ပဋိပက္ခ အယူအဆ' Contradicting Assumption မဟုတ်။ Contradictory မှာ ဆီလျော်အပ်စပ်မှု သိအိုရီများအရ နှိုင်းယှဉ်၍မရနိုင်သော၊ အဆက်အစပ် မရှိနိုင်သော သဘောကို ဆောင်ခြင်းမျှသာဖြစ်သည်။ အနောက်တိုင်းအစဉ်အလာ ယုတ္တိဗေဒ၏ ဘောင်အတွင်း၌ ဆိုလိုသည်မှာ **'တူညီသော အနေအထားတစ်ခုအတွင်း၌ မှန်ခြင်း မှားခြင်းကို အဆုံးအဖြတ် မပြုနိုင်သော အဆိုများ၊ အကြောင်းအချက်များ'** သာ ဖြစ်ပေ သည်။ ဆိုရှယ်လစ်ခေတ်အခါက အသုံးတွင်ကျယ်ခဲ့သော 'ပဋိပက္ခ' ဟူသော အသွင်ဆောင်သည် မဟုတ်။ ဤနေရာ တွင်သော် မေးလားက အနောက်တိုင်းအတွေးအခေါ်စနစ်၏ ဆင်ခြေများအတွင်းမှ ဘာသာစကားကို သုံးစွဲခဲ့သည်ဖြစ်ရာ Contradictory မှာ ပါရာဒေါက်(စ)ဟူသော အနက်နှင့် အနက် ဖလှယ်ကာ သုံးစွဲခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် နောက် စာပိုဒ်၌ မေးလားက What brings about this paradoxical situation? ဟု ရေးခဲ့ခြင်းဖြစ်သည်။ ပါရာဒေါက်(စ)ကို လွယ် လွယ်ဆိုရသော် (ခက်ခက်ဆိုလိုသော် စာတစ်အုပ်ခန့်ရေးကာ ရှင်းရန် လိုအပ်ပါလိမ့်မည်။။) အနေအထားတစ်ခုအတွင်း မှန်ကောင်းမှန်မည်ဖြစ်သော်လည်း ဆန့်ကျင်ဘက်တစ်စုံ (သို့ မဟုတ်၊ တစ်စုံထက် ပိုသော)အကြောင်းအရာအချက်အလက် များ ပါဝင်နေသော အဆိုဖြစ်သည်။ သို့ဖြစ်ရကား မေးလား၏ အရေးအသားထဲတွင် ဖော်ပြထားခဲ့သော **'သမိုင်းဆိုင်ရာ ပြောင်းလဲမှုများ'** နှင့် **'စက်မှုနည်းပညာဆိုင်ရာပြောင်းလဲမှု များ'** သည် *'စာပေသည် မည်သည့်ကာလနှင့်ဒေသအတိုင်း အတာအတွင်း၌ မဆို၊ လူသားတို့၏ ယဉ်ကျေးမှုအတွက် အရေးပါသော(အရေးကြီးသော)အကြောင်းတစ်ရပ်ဖြစ်ပေ သည်။။'* မည်သောအဆိုနှစ်ရပ်တို့မှာ ပဋိပက္ခဖြစ်နေကြသည် မဟုတ်ပါ။ ထိုပြောင်းလဲမှုနှစ်ခုသည် တစ်ခုနှင့်တစ်ခုဆန့်ကျင် ရန်အကြောင်းသည်ကဲ့သို့ စာပေ၏ ရှိနေခြင်းကို ပဋိပက္ခပြုရန် အကြောင်း မရှိပါ။ ၎င်းတို့၏သီးခြားဖြစ်စဉ်များအတွင်း

ကျွန်တော်တို့ လူမျိုးတွင် (အဘယ်ကြောင့် မှန်း မသိ) ရှိနေတတ်သော 'အဘိဓာန် တစ်အုပ်ရှိလျှင် ဘာသာ ပြန်လို့ဖြစ်တယ်' ဟူသော အမြင်တွင် အခြေခံကာ သာသာပြန်လိုက်ခြင်း ဖြစ်ပုံရသည် ဤသို့သော ဘာသာပြန်ပုံမျိုးမှာ ဝတ္ထုစသည့် ဖန်တီးစာ အရေးအသားမျိုးကို ဘာသာပြန်ရာတွင် မထောင်းမတာ ရှိသည် စာပေဆိုတာ ဘာလဲ ဆိုသည်မှာ ပညာရပ်ဆိုင်ရာ အခြေခံစာမျိုး ဖြစ်သည် အဆိုတစ်ရပ်ကို မပြုနိုင်သူများ ရေးလေ့ရှိသော 'ဖြူးစာ' မျိုး မဟုတ်ပါ ကိုယ်လိုသလို ကိုယ်ထင်သလို ဘာသာပြန်ရန် မသင့်လှပါ

မြင်မိပါသည်။ အကယ်၍ ခြံငုံပြီး(ပိုဏ္ဏထ္ထ သဘောဖြင့်) အနက် ဖော်ပြန်ဆိုမည်ဆိုလေသော် ဘာကို စာရင်း၏အနက်မှာ သွေဖည်မသွားရန် အားထုတ်သင့်လှပါသည်။ ဤအရေးအသားတွင် သော် စာရေးလိုက် သူတို့၏ တောင်းဆိုချက် အရ အစပိုင်း စာပိုဒ်အချို့၊ စာမျက်နှာအချို့နှင့် နိဂုံးပိုင်းတို့မှ အနက်ယူလွဲမှားမှုနှင့် 'ပြမှုရန်မသင့်သော' ဖြတ်တောက် ဖယ်နှတ် ဆုတ်ချန်ထားခြင်းအချို့ကို ရှင်းပြလိုပါသည်။ **စာပေဆိုတာ ဘာလဲ** တွင် ပါမောက္ခ မေးလားက ရေးခဲ့သည်ဆိုသော **စာပေဆိုတာ ဘာလဲ** ဆိုသော အရေးအသားမှာ စင်စစ် မေးလား၏ ရည်ညွှန်းဆိုလိုချက်များ မဟုတ်ပါ။ မေးလား ရေးခဲ့သော **စာပေဆိုတာ ဘာလဲ** ဟူ၍သာ ဆိုရပါမည်။ ရွှေအမြုတေ မဂ္ဂဇင်းတွင် ပါမောက္ခ အီဂလ်တန်နှင့် မေးလားတို့၏ စာပေနှင့် စပ်လျဉ်းသောအမြင်ကို မြန်မာဘာသာသို့ ပြန်ဆိုရေးသားခဲ့ရာ ကျွန်တော့်တွင်အထိုက် အလျောက်တာဝန် ရှိနေခဲ့သဖြင့် စာဖတ်သူများအမြင် ရှင်းလင်းရန် ဤအရေးအသားကို ရေးသားလိုက်ရပါသည်။ ❑

www.burmeseclassic.com

www.burmeseclassic.com

အလိုအလျောက် ဖြစ်ပေါ်ပြောင်းလဲနေကြခြင်းသာ ဖြစ်သည်။

ဒုတိယစာအပိုဒ်တွင်သော် အနက်ပယ်လွဲပုံများသာမက မြန်မာဘာသာပြန်ဆရာများ ပြုလေ့ရှိသော ကိုယ့်စိတ်ကိုယ့်သဘောဖြင့် ဖြုတ်ခြင်း၊ ချန်ခြင်း ပြုထားခြင်းများကို တွေ့လာရတော့သည်။ နားလည်လွဲပုံမှာ ဂျောန်ဆင် Samuel Johnson ၏ အဘိဓာန်နှင့် စပ်လျဉ်းသောအပိုင်းဖြစ်သည်။ မေးလားဇာ၏ မူရင်းအရေးအသားတွင် The Word 'literature'is defined by 'Johnson exclusively in now obsolescent sense of 'Acquaintance with 'letters'or books; polite or humane learning; Literary Culture" ဟုဆိုသည်။ ဆိုလိုသည်မှာ **'ဂျောန်ဆင်အနက်ပေးခဲ့သော စာပေသည် ပေးစာများ၊ စာအုပ်များ၊ သိမ်မွေ့စွာလေ့လာရယူနိုင်ခြင်းများ၊ အရေးအသားဖြင့် ဖွင့်ဆိုသော ယဉ်ကျေးမှုသဘောများဆိုသည်များမှာ ယနေ့ကာလများတွင် မရှိသလောက်ဖြစ်နေပေပြီ။'** ဟူ၍ဖြစ်သည် (ကျွန်တော်၏ ဘာသာပြန်ဆိုချက်၊ အကျယ်ကို ရွှေအမြုတေ မဂ္ဂဇင်း၊ အမှတ် ၂၇၄၊ ၂၀၁၂၊ စက်တင်ဘာတွင် ကြည့်ပါ)။ သို့ရာတွင် **စာပေဆိုတာဘာလဲ** စာအုပ်၏ စာမျက်နှာ ၁၉၇ တွင်သော် ဤသို့ရေးသားထားသည်ကို တွေ့ရသည်။ *'ဂျွန်ဆင် အဓိပ္ပာယ်ဖွင့်တဲ့စာပေမှာ ပေးစာတွေနဲ့ အခြားအခြားလေ့လာစရာတွေကို ထည့်ထားတာ ယနေ့ခေတ်မှာ သိပ်မဟန်လှတော့ပါဘူး။ ဆိုပါတယ်။'* စင်စစ် မေးလားဆိုလိုသည်မှာ **ဂျောန်ဆင်၏ အနက်ဖွင့်ဆိုချက်များမှ(တစ်)စာပေသည် ပေးစာများ၊ စာအုပ်များ၊ သိမ်မွေ့စွာ လေ့လာရယူနိုင်ခြင်းများ။ အရေးအသားဖြင့် ဖွင့်ဆိုသော ယဉ်ကျေးမှုသဘောများ(စာပေယဉ်ကျေးမှုကို ဆိုလိုသည်)သည် (နှစ်) ယနေ့ကာလများတွင် မရှိသလောက်(ပျောက်ဆုံးနေပြီဟု ဆိုရမလောက်)ဖြစ်နေပြီ** ဟူ၍ဖြစ်သည်။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်၏ ဘာသာပြန်တွင်သော် *(တစ်)ဂျွန်ဆင်အဓိပ္ပာယ်ဖွင့်တဲ့စာပေ (စင်စစ် စာပေ)မှာ ပေးစာတွေနဲ့ အခြားအခြားလေ့လာစရာတွေကို ထည့်ထားတာ (နှစ်)ယနေ့ခေတ်မှာ သိပ်မဟန်လှတော့ပါဘူး* ဟူ၍ဖြစ်သည်။ မေးလားဇာ၏ ဆိုလိုရင်းတွင် ဂျောန်ဆင် အနက် ဖွင့်ပုံများကို စာဖတ်သူအပြည့်အဝ မြင်စေသိစေချင်သည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်၏ ဘာသာပြန်တွင်ကဲ့သို့ သိမ်းကျုံးကာ *'အခြားလေ့လာစရာတွေ'* ဟု ဖြန်းပြီး ရေးမထား။ မေးလားဇာ၏ ရှင်းလင်းပြဆိုချက်များကို ကိုယ့်စိတ်ကိုယ့်သဘောဖြင့် ဖြတ်တောက်ဖယ်နုတ်ထုတ်ချန်လိုက်သဖြင့် မေးလားဆိုလိုသည့်အတိုင်း မဟုတ်တော့ချေ။ ထို့ပြင် *'ယနေ့ခေတ်မှာ မဟန်တော့ပါဘူး'* [အင်္ဂလိပ်ဘာသာစကားအားဖြင့် ဆိုရသော် Not Suitable/ Notapplicable/ Not Appropriate ဟူ၍ဖြစ်သည်။)ဟု မဆို။ Obsolescent sense ဟူ၍သာ ဆိုသည်။ Obsolete ဟူ၍ပင် မဆို။ တဖြည်းဖြည်းလျော့ပါးပျောက်ကွယ်လာသဖြင့် မရှိသလောက်ဖြစ်နေပြီဟူ၍သာ ဆိုသည်။ 'မဟန်တော့ဘူး' ဆိုသည့် အသုံးမတည့်မှု သဘော ကိုဆိုလိုခြင်း မဟုတ်သဖြင့် လုံးလုံးကြီးအနက်လွဲသွားတော့သည်။ မေးလား ရေးသည်က တစ်မျိုး၊ **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ဘာသာပြန်သည်က တစ်မျိုးဖြစ်သွားတော့သည်။

အဆိုပါစာကြောင်းနှင့် ဆက်လျက်စာကြောင်းမှာ ဤသို့ဖြစ်သည်။ One example the OED gives it as late as 1880." He was a man of very small literature." ထိုစာကြောင်းမှာ မေးလားက အောက်စဖို့အင်္ဂလိပ်ဘာသာ အဘိဓာန် OED လာ အနက်ဖွင့်ဆိုမှုတစ်ခုကို နမူနာပေးခြင်းဖြစ်သည်။ မြန်မာလိုသော် 'အောက်စဖို့ အင်္ဂလိပ်စာအဘိဓာန်တွင် စာပေဟူသော အသုံးအနှုန်းအတွက် နမူနာပေးခဲ့သည့် **'သူသည် စာပေ၌ နွမ်းပါးသူမျိုးဖြစ်သည်'(စာပေနှင့်ပတ်သက်၍ သိမ်ဖျင်းသူ၊ အောက်တန်းကျသူ၊ အရာမဝင်သူဟုဆိုလိုခြင်းဖြစ်သည်။)ဟူသော နမူနာမျိုးမှာ သက္ကရာဇ် ၁၈၈၀ ခန့်က ဖြစ်ခဲ့ပေသည်။'** ဟု ဆိုရပေမည်။ စာပေဟူသော စာလုံး/စကားလုံး၏ အသုံးအနှုန်းကို နမူနာပေးခြင်းသာဖြစ်သည်။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်၌ *'ဥပမာပြောရရင် ၁၈၈၀ လောက်မှာ OED က ဂျွန်ဆင်ဟာ မဆီမဆိုင်တွေထည့်ဝင်နဲ့ သူလို့ဆိုပါတယ်။* (စာ၊ ၁၉၇)ဟု ဘာသာပြန်ထားသည်ကို တွေ့ရလေသည်။ စင်စစ် အောက်စဖို့ အင်္ဂလိပ်ဘာသာအဘိဓာန်က နမူနာပေးကာ ရေးသားထားသော He မှာ ဂျောန်ဆင်ကို ရည်ညွှန်းသည်မဟုတ်။ နမူနာပေးထားခြင်း သက်သက်သာ ဖြစ်သည်။ ဂျောန်ဆင်ကိုယ်တိုင်မှာ အင်္ဂလိပ်ဘာသာအဘိဓာန်ပြုစုသူတစ်ဦးဖြစ်ခဲ့သည်။ ထိုနမူနာပေးထားသောကွင်းစကွင်းပိတ်အတွင်းမှ စာကြောင်းကို နားလည်ရန်မှာ အင်္ဂလိပ်စာပါမောက္ခဖြစ်ရန် မလိုပါ။ လေး,ငါးတန်းတွင် အင်္ဂလိပ်စာ စာသင်ခဲ့ရသူတိုင်း နားလည်လောက်ပါသည်။ ပါမောက္ခမေးလားက အောက်စဖို့ အင်္ဂလိပ်ဘာသာအဘိဓာန်က စာပေဟူသော စာလုံး၊ စကားလုံးအတွက် ပေးခဲ့သောအနက်ဖွင့်ဆိုချက်ကို ပေးခဲ့သောအနက်ထဲမှ အသုံးခုကိုပေးကာ ဆွေးနွေးရေးသားရာတွင် တတိယအနက်ဖြစ်သော Now also in a restricted sense,...ဟုပါခဲ့လေသည်။ ထိုအသုံးအသားမှာစာပေဟူသော စာလုံး၊ စကားလုံးကို အနက်ဖွင့်ဆိုရာတွင် **'တင်းတင်းကြပ်ကြပ် ကန့်သတ်အနက်ပေးရသော်...'** ဟူသော သဘောဖြစ်ပါသည်။ ဤသို့ရေးရသည်မှာလည်း အဆိုပါစာကြောင်း၏ ရှေ့မှစာကြောင်းတွင် Literary Production as a whole...ဟု ရေးသားခဲ့သောကြောင့်သာ ဖြစ်သည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်စာမျက်နှာ ၁၉၇ တွင်သော် *'ယခုခေတ်မှာ သီးခြားကန့်သတ်ထားတဲ့အယ်ရိုးသုံးတယ်'* ဟု ဆိုထားလေရာ ထိုအချက်ကို မေးလားကလည်း မဆို။ အောက်စဖို့ အင်္ဂလိပ်ဘာသာအဘိဓာန်ကလည်း မဆိုဟူ၍သာ ဆိုရပေတော့မည်။

စာပေဆိုတာ ဘာလဲ စာအုပ်တွင် ဖော်ပြထားသည့် ကမ္ဘာကျော်ပညာရှင်များ၏ အရေးအသားများကို မြန်မာဘာသာစာဖြင့် ပြန်ဆိုရေးသားထားခြင်းများ ဖြစ်ပါသည်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်က ပညာရှင်မဟုတ်ဘူး ပညာရှင်လို သိစရာလည်း မလိုဘူး ကိုယ်သိသလို ပြန်တယ်' ဟူ၍ပင် ရေးသည်ကို ဖတ်ရှုးသည် ယခုလည်း ထိုသဘောမျိုးဖြင့် လုပ်ရဲသဖြင့် **စာပေ ဆိုတာ ဘာလဲ** ဟူ၍ စာတစ်အုပ်ပင် ထွက်နေပါပြီ

သို့ရာတွင် သတင်းစာ၊ မဂ္ဂဇင်း၊ အပတ်စဉ်ထုတ်စာစောင်စသည်များမှာ ရုပ်အခြေခံ ဖြင့်တည်နေသောအရာ၊ အရာဝတ္ထုများသာ ဖြစ်ပါသည်။ အသွင်တစ်ရပ်အဖြစ် ညွှန်းရရုံတည်နေသော သဏ္ဌာန်များမဟုတ်ပါ။ ပုံပန်းသက်သက် မဟုတ်ကြပါ) ဖြစ်တဲ့ 'သတင်းစာ၊ မဂ္ဂဇင်း၊ အပတ်စဉ်ထုတ် စာစောင်တွေနဲ့လည်း သက်ဆိုင်တယ်'။ (စာ၊ ၁၉၈)ဟု မေးလားက ဆိုလိုသည် မဟုတ်။ ထပ်မံ၍ ဆိုပါရစေ။ ပါမောက္ခ မေးလား ဆိုလိုသည်မှာ **စာအုပ်များထုတ်ဝေလာသောခေတ်ကာလနှင့်လည်း ဆိုင်သည်** (သို့မဟုတ်၊ ကြောင့်) ဟူ၍ သာဖြစ်ပါသည်။

ဤစာပိုဒ်မှာပင် မေးလားက စာပေ၏ ဖွံ့ဖြိုးတိုးတက်လာခြင်းကို အနောက်တိုင်းပုံစံ ဒီမိုကရေစီစနစ်များနှင့် ဆက်စပ်ပြခဲ့သည်။ 'ဒီမိုကရေစီစနစ်'ဟု သုံးစွဲရာတွင် သေချာစွာ ရှုပ်လုံးပေါ်ရန်အတွက် အနောက်တိုင်းပုံစံဒီမိုကရေစီ(စနစ်)များ Western-style democracies ဟု ဆိုခဲ့သည်။ ယနေ့ကာလ မြန်မာနိုင်ငံတွင် 'ဒီမိုကရေစီ' ဟူသော စာလုံး၊ စကားလုံးကို မရေမရာ သုံးစွဲပုံမျိုးမဟုတ်။ အရှေ့ဥရောပတွင် သုံးစွဲခဲ့သောဒီမိုကရေစီ (ဆိုလိုသည်မှာ ဆိုရှယ်လစ် ဒီမိုကရေစီ' ဟူသော အသုံးအနှုန်းနှင့် ရောထွေးမသွားစေချင်၍ဖြစ်သည်။ မေးလားက ပုံစံကိုထည့်သွင်းထားသည်မှာ ပုံစံအရ အကောင်အထည် ဖော်ထားခြင်းမရှိသော အဆိုသက်

ဆိုပညာရှင်ကြီးများမှာ ဆိုကာမျှ မည်ကာမျှ ပညာရှင်ကြီးများ မဟုတ်ကြပါ။ ပညာရှင်၊ ပညာသင်များက တန်ဖိုးထားကြရသူများဖြစ်ပါသည်။ အင်္ဂလိပ်စာဖတ်တတ်သည်ဆိုတိုင်း လွယ်လွယ်နားလည်ရန်ခက်ပါသည်။ အကြောင်းတစ်ချက်မှာ သူတို့၏အရေးအသားများမှာ အခြားသော ပညာရပ်/ဘာသာရပ်များနှင့်လည်း ဆက်စပ်နေသောကြောင့် ဖြစ်သည်။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်၌ အလွယ်ဆုံးသော အချက်များပင် လွယ်လွယ်နားလည်ပုံမရကြောင်း တွေ့နေရလေသည်။ သို့ဖြစ်ရကား အဘယ်ကြောင့် ဤသို့သော ပညာရှင်ကြီးများ၏ အရေးအသားများကို ဘာသာပြန်ပါသည်လဲဆိုသည်မှာ နားလည်ရန်ခက်နေသည်။ နမူနာပေး၍ ဆွေးနွေးပါဦးမည်။ မေးလား၏ အရေးအသားမှ 'မည်သည်က စာပေဆိုသည်ကို ဖြစ်ပေါ်လာစေနိုင်ခဲ့ပါသနည်း' ဟူသော အပိုင်းမှ အစပိုင်းတွင် Western Literature belongs to the age of the printed book ဟု ရေးသားထားသည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်၌သော် *'အနောက်တိုင်းစာပေဟာ ပုံနှိပ်မီဒီယာနဲ့ သက်ဆိုင်ပြီး...* '(စာ၊ ၁၉၈)ဟု ရေးသားထားသည်ကိုတွေ့ရသည်။ မေးလားဆိုလိုသည်မှာ *'အနောက်တိုင်းစာပေသည် စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဝေသော ခေတ်ကာလနှင့်လည်း ဆိုင်သည်'* ဟူ၍သာဖြစ်သည်။ တစ် *'စာအုပ်အဖြစ် ပုံနှိပ်ထုတ်ဆင်း'* printed book သည် 'ပုံနှိပ်မီဒီယာ Print Media ဟုတ်ပါ။ မေးလားဆိုလိုသည်မှာ ပုံနှိပ်စက်များပေါ်လာသဖြင့် ပုံနှိပ်ထုတ်ဝေလာခြင်းသည် အနောက်တိုင်း လူအဖွဲ့အစည်းအတွင်းမှ အဓိကပြောင်းလဲလာခြင်းတစ်ရပ်ဟု ဆိုလိုခြင်းသာဖြစ်သည်။ ထို့ပြင် Book as medium ဟူ၍လည်း ဆိုခဲ့။ မဆိုခဲ့ရသည်မှာ မေးလားသည် အင်္ဂလိပ်စာကောင်းကောင်းတတ်သောပါမောက္ခတစ်ဦးဖြစ်သောကြောင့် ဖြစ်ပါသည်။ သူဘာကို ဆိုလိုချင်သည်ကိုသိသဖြင့် ဆိုလိုရင်းပေါ်အောင် စကားလုံးရွေးကာသုံးထားခြင်းဖြစ်သည်။ ထို့ပြင်(နှစ်)မေးလားဆိုချင်သည်မှာ **ပုံနှိပ်စက်များပေါ်လာခဲ့ပြီးသည့်နောက် စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်း စသည်များ ပုံနှိပ်ထုတ်ဝေလာခဲ့သော 'ခေတ်ကာလ'** (မူရင်း အင်္ဂလိပ်ဘာသာအရေးအသား၌သော် The age of... ဟုရေးသားခဲ့သည်)ကို ဆိုလိုခြင်းသာဖြစ်သည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ရေးထားသည်ကဲ့သို့ *'အနောက်စာပေဟာ ပုံနှိပ်မီဒီယာနဲ့သက်ဆိုင်ပြီး အခြားသော ပုံနှိပ်သဏ္ဌာန်တွေ* (ဤတွင် မြန်မာဘာသာစကား အသုံးအနှုန်း၏ ဘောင်အတွင်း၌ 'ပုံနှိပ်သဏ္ဌာန်' ဆိုတာ ဘာလဲဟု မေးစရာရှိနေပြန်သည်။ သဏ္ဌာန်=သဏ္ဌာန=အသွင်အပြင်ဖြစ်လေရာ 'ပုံနှိပ်သဏ္ဌာန်' ဆိုသည်မှာ 'ပုံနှိပ်အသွင်အပြင်' ဟူ၍ အနက်ဖော်ရမည်ဖြစ်သည်။ ထိုသို့ဖြစ် လေသော် 'ပုံနှိပ်အသွင်၊ ပုံနှိပ်အသွင်အပြင်' ဆိုသည်မှာ (၄င်း တွင် ဖြည့်ထားချက်အရ) *'သတင်းစာ၊ မဂ္ဂဇင်း၊ အပတ်စဉ်ထုတ် စာစောင်တွေ'* ကို ဆိုလိုခြင်းဖြစ်သည်ဟု နားလည်ရပေမည်။

www.burmeseclassic.com

www.burmeseclassic.com

သက်နှင့် ရောထွေးမသွားစေရန် ဖြစ်သည်။ ထို့ပြင် အနောက်တိုင်းပုံစံ ဒီမိုကရေစီ၏ဖွဲ့ဖြိုးတိုးတက်လာခြင်းမှာ ပုံနှိပ်စက်များပေါ်ပေါက်လာခဲ့ခြင်းနှင့် ဆိုင်သည်ဟူသော သမိုင်းဆိုင်ရာ အသိအမှတ် ပြုမှုရှိနေသောကြောင့်လည်းဖြစ်သည်။ ထို့ပြင် တစ်ဝ၊ အနောက်နိုင်ငံများဟုဆိုသော်လည်း (ရှေ့တွင်ဆို့ခဲ့သည့် အတိုင်း) အရှေ့ဥရောပနိုင်ငံများက လက်ခံထားသော ဒီမိုကရေစီနှင့် ရောထွေးမသွားစေချင်သောကြောင့်လည်း ဖြစ်သည်။ အရှေ့ဥရောပတွင် ဒီမိုကရက်တစ် နည်းလမ်းတကျ ဟူသော အသုံးအနှုန်းကို သုံးစွဲသော အုပ်ချုပ်ရေးစနစ်များမှာ ကွန်မြူနစ်သို့မဟုတ် ဆိုရှယ်လစ်အမြင်များတွင် အခြေခံထားသော အုပ်ချုပ်ရေးစနစ်များသာဖြစ်လေသည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်၌သော် **'အနောက်တိုင်း ဒီမိုကရေစီ'**(စာ၊ ၁၉၈)ဟူ၍သာ ရေးထားကြောင်းတွေ့ရသည်။ ထို့ထက်ပို၍ ဆိုးရွားသောအချက်မှာ ထိုအနောက်တိုင်းပုံစံဒီမိုကရေစီ ဆိုသည်ကို မေးလားက ရှင်းလင်းပြထားသောစာပိုဒ် မပါတော့ခြင်းဖြစ်သည်။ မေးလားက This means regimes with expanded suffrage, government by legislatures, regulated juricial systems and fundamental human rights or civil liberties ဟု ရေးသားခဲ့သည်ကို ဘာသာပြန်ရန် နားမလည်နိုင်တော့သဖြင့်ဖြုတ်ချခဲ့ပုံရပေသည်။ ထိုရှင်းလင်းချက်မှာ အဓိကရည်ညွှန်းဦးတည်ထားသည့်ဆိုလိုချက်အတွက် 'အသား' ဖြစ်သည်။ ထိုထိုသော ဒီမိုကရေစီစနစ်က ပိုမို၍ ယေဘုယျကျသော ပညာရေးစနစ်ကို ဖြည်းဖြည်းချင်းဖွံ့ဖြိုးလာနိုင်စေခဲ့သည် Such democracies slowly developed more or less universal education ဟု မေးလားက ဆက်ပြီး ရေးသားခဲ့ပြန်သေးသည်။ ဤနေရာတွင် သူသုံးထားသော More or less မှာ **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ဘာသာပြန်တွင် သုံးထားသော *'အနည်းနဲ့အများဆိုသလို'* ဟူသော တိုက်ရိုက်မြန်မာပြန်အနက်အရ သုံးစွဲထားသည်မဟုတ်။ Mostly သဘောဖြင့် အနက် ယူထားသည်ဖြစ်ရာ *'အနည်းနဲ့အများဆိုသလို ဖွံ့ဖြိုးလာစေတယ်'* ဟု အနက်ယူထားပုံများ လွဲနေပြန်သည်။ အလားတူပင် ဤစာကြောင်းနှင့် ဆက်လျက်ရှိနေသောစာကြောင်းမှ More or less မှာလည်း တစ်သဘောတည်းသော အနက်ကို ဆောင်သည်။ They also allowed citizens more or less free access to printed materials ဟု ရေးသားခဲ့သည်။ စနစ်က ပြည်သူပြည်သားများကို ပုံနှိပ်ဖော်ပြထားသည်များနှင့် ပိုပြီး အထိအတွေ့ပေးလာခဲ့သည်။ ပိုပြီးလွတ်လပ်စွာ ထိတွေ့ခွင့်ပေးခဲ့သည်ဟူသော သဘောဖြစ်သည်။ **စာပေဆိုတာဘာလဲ** စာအုပ်၌သော် *'ပြည်သူတွေကို ပုံနှိပ်မီဒီယာနဲ့ ထိတွေ့လာစေတယ်'* (စာ၊ ၁၉၈။)ဟု ဘာသာပြန်ထားသည်ကို တွေ့ရပြန်သည်။ ထိုအချက်မှာ လုံးဝ မမှန်။ ပြည်သူများအနေဖြင့် ပုံနှိပ်ထားသော စာအုပ်၊ မဂ္ဂဇင်း၊ လက်ကမ်းကြော်ငြာ၊ ကြော်ငြာဆိုင်းဘုတ်စသည့် ပုံနှိပ်ထားခြင်းများနှင့် ပိုမိုထိတွေ့ခွင့်ရခြင်းသာဖြစ်သည်။ ပုံနှိပ်မီဒီယာနှင့်ထိတွေ့ခွင့်ရလာသည်မဟုတ်။ ပုံနှိပ်မီဒီယာဟု ဘာသာမပြန်ဘဲ စာပေလုပ်ငန်းကောင်စီ၊ ကောင်စီဥက္ကဋ္ဌစသည်တို့နှင့်ထိတွေ့လာစေတယ်ဟု ဘာသာမပြန်လိုက်သည်ကိုပင် ကျေးဇူးတင်စရာဖြစ်သည်။ ထိုစာပိုဒ်မှ နောက်ဆုံးစာကြောင်း၏ဒုတိယပိုင်းမှာ… to the means of printing new ones ဟူ၍ဖြစ်သည်။ ဤအပိုင်းမှာ ရှေ့က ရေးသားခဲ့သော They also allowed citizens more or less free access ၏အဆက်ဖြစ်သည်။ **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ဘာသာပြန်ထားသည်မှာ *'ဒီတော့မှ ပုံနှိပ်မီဒီယာခေတ်သစ်ရယ်လို့ စလာတာပါ'* (စာ၊ ၁၉၈။)ဟူ၍ဖြစ်၏။ ပါမောက္ခ မေးလား ရေးခဲ့သည်မှာ ထိုသို့မဟုတ်ကြောင်း ရှင်းပြရန်ပင်လိုလိမ့်မည်မထင်။

နောက်စာပိုဒ်တွင်လည်း ပုံနှိပ်မီဒီယာကို တလွဲဆင်ခြင်ကောင်းသုံးထားပြန်သည်။ မေးလားသည် ပုံနှိပ်မီဒီယာထက် ပုံနှိပ်(စက်)အခြေခံပုံနှိပ်ထုတ်ဝေဖြန့်ချိမှုကို ဦးတည်ရေးသားခြင်းဖြစ်သည်။ အကြောင်းမှာ 'ပုံနှိပ်မီဒီယာ'ဟူသော အသုံးအနှုန်းတွင် စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်တို့သာမက အခြားအခြားသောပုံစံဖြင့် ပုံနှိပ်ထုတ်ဝေထားခြင်းများလည်း ပါသည်။ မီဒီယမ် Medium တစ်ခုချင်းစီ၌ အခြေတည်ထားပုံမတူကြပုံနှိပ်မီဒီယာအဖြစ် မျိုးတူစုပြုထားခြင်းခံရသော ပုံနှိပ်ထုတ်လုပ်ပစ္စည်းတိုင်းမှာ ထိမ်းကွပ်ကြပ်ညှပ်ထားခြင်း(အခြားတစ်နည်းဆင်ဆာပြုခံထားရခြင်း)မဟုတ်။ ထို့ကြောင့် မေးလားက Various forms of censorship...limit the power of printing press ဟု ရေးခဲ့ခြင်းဖြစ်သည်။ ဤတွင် မေးလားဆိုလိုသော the power of printing press မှာ ပုံနှိပ်ထုတ်ဝေဖြန့်ချိမှုစွမ်းနိုင်မှုသာဖြစ်သည်။ သို့ရာတွင် **စာပေဆိုတာ ဘာလဲ** စာအုပ်၌ *'ပုံနှိပ်မီဒီယာရဲ့ ပါဝါကို ကန့်သတ်ထားတယ်'* ဟု ရေးသားထားလေရာ မေးလား၏ ဆိုလိုရင်းအတိုင်းမဟုတ်တော့။ ထုံးလုံးကြီး လွဲနေပြန်သည်။ အကြောင်းမှာ မေးလားဆိုလိုသည်မှာ **'ပုံနှိပ်ထုတ်ဝေမှု'** တွင် **'ဆင်ဆာ ရှိနေခြင်း'** သာဖြစ်သည်။ ဤနေရာတွင် အသုံးပြုထားသော Power ဆိုသည်မှာ လုပ်နိုင်စွမ်း၊ စွမ်းနိုင်မှုသာဖြစ်သည်။ ပါမောက္ခမေးလား၏ အသားကို **စာပေဆိုတာ ဘာလဲ** စာအုပ်၌ ဖော်ပြထားခြင်းများတွင် *'ပုံနှိပ်မီဒီယာ'*ဟု ဖော်ပြထားခဲ့ခြင်းများမှာ လုံးဝလွဲမှားနေခဲ့သည်ဆိုသည့်အချက်ကို အထောက်အကူပြုရန်(မေးလား၏ ဆိုလိုရင်းကို သဘောပေါက်ရန်)ဤစာပိုဒ်တွင် ဖော်ပြထားသော စာတစ်ကြောင်းကို လေ့လာကြည့်စေချင်သည်။ ၄င်းမှာ The printing and circulation of clandestine newspapers, menifestos and emancipatory literary works...ဖြစ်၏။ ဆိုလိုသည်မှာ **'ပုံနှိပ်ထုတ်လုပ်ခြင်းနှင့် ပြန့်နှံ့ခြင်းများကြောင့် တော်လှန်ရေးအတွက် လိုအပ်လျက်ရှိသော လျှို့ဝှက်သတင်းစာများ၊ ကြေညာချက်များ၊ နိုင်ငံရေး လှုံ့ရေးအရ ကန့်သတ်ထားနိုင်စွမ်းမရှိသည့် အလားအလာများ**

www.burmeseclassic.com

www.burmeseclassic.com

ဖော်ထုတ်လာနိုင်ခဲ့ ကြခြင်း'ပင် ဖြစ်သည်။ ရှေးကပေါ်ပေါက်ခဲ့သော တော်လှန်ရေးများတွင် ပုံနှိပ်စက်ပေါ်ပေါက်လာခြင်းကြောင့် အထောက်အကူပြုနိုင်ခဲ့မှု တစ်ရပ်ဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ Clandestine newspaper မှာ တော်လှန်ရေးကာလ သို့မဟုတ် ဖိနှိပ်ချုပ်ချယ်ခံကာလများတွင် တရားမဝင် ထုတ်ဝေသော သတင်းစာမျိုးဖြစ်သည်။ လျှို့ဝှက်(ထုတ်ဝေဖြန့်ချိသော) သတင်းစာမျိုးဖြစ်ရာ **စာပေဆိုတာ ဘာလဲ** စာအုပ်၌ Clandestine Newspaper ကိုလွတ်လပ်တဲ့သတင်းစာ (စာ၁၉၈) ဆိုသည်မှာ လုံးဝမှားပြန်သည်။ Clandestine မှာ တရားမဝင်၊ တိတ်တိတ်ပုန်း၊ လျှို့ဝှက်စသည့်အနက်ဆောင်သည်။ ဥပမာ Clandestine Operation... 'တို့အရေး'ကဲ့သို့သော သတင်းစာမျိုးဟု ဆိုရမည်။)အကယ်၍ 'လွတ်လပ်သော သတင်းစာ'ဟု အနက်ယူခဲ့သော် ပါမောက္ခ မေးလားဆိုလိုထားသော **'တော်လှန်ရေးပေါ်ပေါက်ရန် အတွက် ပုံနှိပ်လုပ်ငန်းက အထောက်အကူပြုခြင်း'**ဆိုသည်မှာ အဓိပ္ပာယ် မရှိနိုင်တော့။ တော်လှန်ရေးကာလ သို့မဟုတ် တော်လှန်ရေး အပြုအမူများအတွက် ဦးတည် ရည်ရွယ်ကာ ထုတ်လုပ်ကြသော သတင်းစာများမှာ ပုန်းလျှိုး ကွယ်လျှိုး ထုတ်ဝေခဲ့ရသော သတင်းစာများသာဖြစ်သည်။

ဤသို့သော မမှားသင့်သည် အမှားများသာမက မလိုအပ်ဘဲလျက် ဖြတ်တောက်ဖယ်နုတ်ထုတ်ချန်ထား ရစ်ခဲ့သော စာကြောင်းများ၊ စာပိုဒ်များလည်း **စာပေဆိုတာ ဘာလဲ** စာအုပ်မှ ပါမောက္ခမေးလား၏ စာတမ်းကို ဘာသာပြန်ထားခြင်းတွင် အများအပြားတွေ့နေရပြန်သည်။ အထောက်အထားပြရသော် **စာပေဆိုတာ ဘာလဲ** စာအုပ်၏ စာမျက်နှာ ၂၀၀မှ နောက်ဆုံး စာပိုဒ်ကို ကြည့်စေချင်သည်။ မေးလားက ရှေ့တွင် လိုအပ်စွာ ဖော်ပြခဲ့သောအဆိုများမှတစ်ဆင့် 'လွတ်လပ်စွာ ပြောဆို(ရေးသား)ခွင့်'အကြောင်းကို ရှင်းပြလိုသည်။ ထို့ကြောင့် ယာယီအဆိုပြုသည့် သဘောအနေဖြင့် Perhaps the most important feature making literature possible in modern democracies has been freedom of speech ဟု ရေးသားခဲ့သည်။ ထိုစာကြောင်းမှာ ပါမလာခဲ့။ ထိုစာကြောင်းတစ်ကြောင်းတည်းမဟုတ်။ ဖြတ်ချထားခဲ့သော စာကြောင်းရေ စုစုပေါင်းမှာ ကိုးကြောင်းဖြစ်သည်။ ထိုစာကြောင်းများကို ဘာသာပြန်ပြီး ဖော်ပြရသော် ဤသို့ဖြစ်၏။

ခေတ်သစ် ဒီမိုကရေစီများအတွင်း၌ စာပေဟူ၍ ဖြစ်ပေါ်လာနိုင်ခဲ့သော အရေးကြီးလှသည့်အကြောင်းတစ်ရပ်မှာ လွတ်လပ်စွာပြောဆို(ရေးသား)ခွင့်ဖြစ်ပေမည်။ ဤလွတ်လပ်မှုများသောအားဖြင့် **လွတ်လပ်စွာ ရေးသားခွင့်၊ ပုံနှိပ်ဖော်ပြခွင့်**ကို ဆိုရပေမည်။ **လွတ်လပ်စွာ ပြောဆိုခွင့်က မည်သူက ဆို၊ မည်သည်၊ မည်သူကို မဆိုဝေဖန်စိစစ်နိုင်ခွင့်ပေးသည်။ အရာရာကို မေးခွန်းထုတ်နိုင်သည်။ အနောက်နိုင်ငံများက စာပေဟူသည်ကို သိမှတ်လက်ခံထားကြပုံတွင် စာပေသည် ပြောချင်သည်ကို(ရေးချင်သည်ကို)ပြောနိုင်(ရေးနိုင်)သည် သာမက ထိုပြောဆိုရေးသားခြင်းအပေါ် ပြောဆိုရေးသားသူတွင် တာဝန်မရှိဟူသော အယူအဆတစ်ရပ်ရှိသည်။ ထိုအယူအဆကို ဒယ်ရီဒါက တက်ဆောင်မောင်းနှင်းပြောဆိုရေးသားခဲ့သည်။ မည်သည့်အတွက်ကြောင့် ထိုသို့ဖြစ်နိုင်ရပါမည်နည်း။**

ထိုစာကြောင်းများကို အရေးမကြီးသဖြင့် ဖြုတ်ချထားခဲ့သည်ဟု ဆင်ခြေမပေးနိုင်။ မပေးနိုင်ရသည်မှာ ထိုစာကြောင်းများ၏ အဦးအစတွင် ဖော်ပြခဲ့သောယာယီအဆိုသည် နောက်စာကြောင်းများအတွက် အရေးကြီးနေသောကြောင့် ဖြစ်သည်။ ဆက်လျက်ဖော်ပြခဲ့သော အရေးအသားမှာ ဤသို့ဖြစ်သည်။

စာပေမှာ စိတ်ကူးစိတ်သန်း၌ အခြေတည်သည်ဖြစ်ရာ စာပေအရ ရေးသားဖော်ထုတ်တင်ပြထားမှုတိုင်းမှာ စမ်းသပ်မှုတစ်ရပ်၊ အယူအဆတစ်ရပ်၊ တကယ်ဖြစ်ရပ်ဖြစ်ခြေတို့တွင် အခြေခံမထားခြင်းတစ်ရပ်ဟူ၍ အမြဲတစေ ဆင်ခြေပြုနိုင်နေသည်။ ဒေါ်စတွိုင်ယက်(ဇ)စတီမှာ ပုဆိန်ကိုသုံးကာ လူသတ်သော လူသတ်သမားမဟုတ်။ ထို့ပြင် သူ၏ ပြစ်မှုနှင့်ပြစ်ဒဏ် Crime and Punishment ဝတ္ထုမှာ ပုဆိန်သုံး၍ လူသတ်ရန် အတွက် နည်းပေးလမ်းပြပြုထားသည် မဟုတ်။ သူက စိတ်ကူး စိတ်သန်းအခြေခံကာ ရေးသားခြင်းတစ်ရပ်ကို ပြုခြင်းသာဖြစ်သည်။ ပုဆိန်သုံး၍လူသတ်သူတစ်ဦးအနေဖြင့် မည်သို့နေမည် ဆိုခြင်းကို ပုံရုပ်ဖော်ကြည့်ခြင်းဖြစ်သည်။ ခေတ်သစ်ကာလတွင် ပုံနှိပ်ထုတ်ဝေလာခဲ့ကြသောစုံထောက်ဝတ္ထုများတွင် အစဉ်အလာတစ်ရပ်အနေဖြင့် ရေးသားလေ့ရှိသော စာတစ်ကြောင်းရှိလေသည်။ ၄င်းမှာ 'ဝတ္ထုထဲတွင် ဖော်ပြထားသော ဇာတ်ကောင် တစ်ဦးတစ်ယောက်သည် ပြင်ပ၌ တကယ်ရှိနေသူ သို့မဟုတ် ကွယ်လွန်ခဲ့ပြီးသူ တစ်ဦးတစ်ယောက်နှင့် တူနေခဲ့ သည်ရှိသော် တိုက်ဆိုင်မှုတစ်ခုမျှသာဖြစ်သည်'ဟူ၍ ဖြစ်၏။ ဤသို့ရေးသားထားရသည်မှာ တရားစွဲဆိုခြင်းခံရမည်ကို ကြောက်၍မဟုတ်။ ခေတ်သစ်ကာလစာပေဟူသော လက်ခံထားရှိမှုအတွင်းမှ လိုအပ်ချက်တစ်ရပ်ဟု မြင်ထားသော ရည်ညွှန်းရာတွင် တာဝန်ရှိမှု အပိုင်းရှိသည်။ ထိုအပိုင်းကို နှည်းလမ်းတကျ သုံးစွဲကာ လွတ်လပ်ခွင့်(လွတ်လပ်ခြင်း၊ လွတ်လပ်စွာရေးသားနိုင်ခွင့်)ကို ရယူလိုက်ခြင်းသာဖြစ်သည်။

ပါမောက္ခမေးလား၏ ဆိုလိုရင်းအကျဉ်းမှာ ခေတ်သစ်ကာလတွင် ဒီမိုကရေစီစနစ်ပေါ်ပေါက်လာခြင်းအတွက် လွတ်လပ်ခဲ့သည်မှန်သော်လည်း ရေးချင်တိုင်းရေး၍မဖြစ်။ရေးသည်ရှိသော် အန္တရာယ်ရှိနိုင်နေသေးသည်။ ထို့ကြောင့်ပင် အရေးအသားအားဖြင့် ရည်ညွှန်းဖော်ထုတ်ထားခြင်းများအပေါ် ရေးသားသူက တာဝန်ယူနေရသေးသည်ဟူသော အမြင်ဖြစ်လေသည်။

သို့ရာတွင် **စာပေဆိုတာဘာလဲ** စာအုပ်၏ ဘာသာပြန်၌ ပထမပိုင်းကို ဖြုတ်ထားလိုက်သည်သာမက ဒုတိယပိုင်းကို မေးလားရေးခဲ့သည့်အတိုင်း မဟုတ်ဘဲ ထင်ရာတွေးရေး ကိုယ်

www.burmeseclassic.com

ထင်သလို ဘာသာပြန်လိုက်သည်ကို တွေ့ရပြန်လေသည်။ ထိုပြန်ဆိုချက်များအနက် အဆိုးရွားဆုံးမှာ အရေးအသားအား ဖြင့် ရည်ညွှန်းဖော်ထုတ်ပြဆိုထားခြင်းများ အပေါ် (ဖော်ထုတ် ရေးသားသူ၏) တာဝန်ရှိမှုအပိုင်းကို နမူနာပေးရေးသားသော အချက်မှာ လုံးဝဥဿုံလွဲနေပြန်တော့သည်။ မူရင်း၌ ပါမောက္ခ မေးလားက A ritual formula is printed at the beginning of many modern dectective stories: 'Any resemblance to real people, living or dead, is purely coincidental' ဟူ၍ဖြစ်၏။ ဤသည်ကို **စာပေဆိုတာဘာလဲ** စာအုပ်တွင်...

ခေတ်ပေါ်စုံထောက်ဝတ္ထုတွေရဲ့အစမှာ တွေ့ရတတ်တဲ့ ဖော်မြူလာတစ်ခုက ပြင်ပလောကထဲက တကယ့်လူတွေ အကြောင်းဝတ္ထုထဲမှာ ရေးသမျှဟာ တိုက်ဆိုင်မှုလိုလို ဘာလို လိုရေးတာပါပဲ။ (စာ၊ ၂၀၁။)။ ဟု ပြန်လည်ရေးသားထား သည်ကို တွေ့ရသည်။ ပို၍ဆိုးလွန်းလှသော အနက် ဖော်ထားပုံတစ်ခုမှာ Formula ကို 'ဖော်မြူလာ' ဟု ရေးသား ထားခြင်းဖြစ်သည်။ မရေးရဟုမဆို။ အကြောင်းမှာ ရေးသား ခြင်းမှာ ပုဂ္ဂလိကလုပ်ပိုင်ခွင့်ဖြစ်သဖြင့် ရေးချင်သလို ရေးနိုင်ပါ သည်။ သို့ရာတွင် Formula မှာ (ဤနေရာ၌ ဆိုလို သည်မှာ) 'စာတစ်ကြောင်း' သို့မဟုတ် 'စာလုံးအစုအဝေး တစ်ခု' A set of words/ letters...သာဖြစ်ပါသည်။ A ritual formula မှာ **'အစဉ်အလာတစ်ရပ်အနေဖြင့် ရေးသားလေ့ရှိသော စာတစ် ကြောင်း'**...သာဖြစ်ပါသည်။ (ရှင်းလင်းအောင် ဥပမာပေး ရလေသော The World Spirit on the horse back ဆိုသည် ကို 'မြင်းကုန်းနှီးထက်က ကမ္ဘာ့အရက်ပျံကြီး' ဟု ဘာသာ မပြန်နိုင်သည်ကဲ့သို့ ဖြစ်ပါသည်။ နပိုလီယွန်ကို ဆိုလိုခြင်း သာဖြစ်သည်)။ မေးလားက ဆိုလိုသည်မှာ ၄င်းစာကြောင်း များကို အနောက်နိုင်ငံဘာသာစာဖြင့် ရေးသားထုတ်ဝေသော စုံထောက်ဝတ္ထုများ၏အစတွင် ပုံနှိပ်ဖော်ပြလေ့ရှိခြင်းဖြစ်သည်။ ထိုသို့ပြုရသည်မှာ (ရေးသားဖော်ပြထားရသည်မှာ) တရားအစွဲ မခံရရန်ဖြစ်လေသည်။ သို့ရာတွင် **စာပေဆိုတာဘာလဲ** စာအုပ် ၌ဘာသာပြန်ရေးသားထားလိုက်ပုံမှာမူ လုံးလုံးကြီး လွဲမှားစွ လိုက်ရန်သာရှိတော့သည့် လွဲမှားပုံများဖြစ်နေသည်။ '...ပြင်ပ လောကထဲက တကယ့်လူတွေ အကြောင်းဝတ္ထုထဲမှာ ထည့် ရေးသမျှဟာ တိုက်ဆိုင်မှုလိုလို ဘာလိုလိုရေးတာပါပဲ' ဟူ၍ မေးလား၏မူရင်းအရေးအသားက ထိုသို့စိုးစဉ်းမျှပင် အနက် မဆောင်ချေ။ ဤနေရာတွင်ပင် ရပ်တန့်လိုပါသည်။ မရပ်သော် ရေးပြ စရာအများကြီး ရှိနေပါသည်။ ကျွန်တော် မြင်မိသရွေ့ ရေး ရသော် ပါမောက္ခ မေးလား၏ 'စာပေဆိုသည်မှာ အဘယ် နည်း' ဟူသော အရေးအသားကို **စာပေဆိုတာဘာလဲ** စာအုပ် တွင် ဖော်ပြထားသော 'စာပေဆိုတာဘာလဲ' (စာ၊၁၉၆-၂၁၅) ဘာသာပြန်က လုံးလုံးကြီး ဖျက်ဆီးပစ်လိုက်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

■ မြင့်သန်း

www.burmeseclassic.com

www.burmeseclassic.com

ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေး (ထုတ်လုပ်ရေး) ဖြစ်မှုနှာ ရင်သား၊ သားအိမ်၊ ဆီးကျိတ်၊ သည်ပင်း အကျိတ်အဝုပများအတွက် နာဗည်ကျော် တပင်တိုင်ပြုနှင်းအနှီ၊ နေ့ဆေး ညဉ့်ဆေး သုံးမျိုးတွဲနှင့် ထူးထူးခြားခြား ဆေးစွမ်းကောင်းများ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ဝဂ/ဝ၁၁ YR ၃၇/၀၉

မဟိဒ္ဓိဆေး ဆရာကျော် ဆေးသုံးမျိုးတွဲ ကြိုတင်ကာကွယ် ဓာတ်သုံးပါ။

ပဲယမုန်နိုင်းအောင် နာကျင်ကိုက်ခဲ ကျော်ရင်းနာများ လေးအက်နာ၊
ကျီးလင်း လေဖြတ် လေးန်း၊ ကိုယ်တစ်ခြမ်းသေခြင်းများနှင့်
ဝေါင်းကိုက်ခက်ကြောတက်ခြင်းများ ပြေပျောက်နေပါသည်။

မဟိဒ္ဓိဆေး ရန်ကုန်ဆေး၊ လိမ်းဆေး အထူးထုတ်

ဒေးဆန်း-ဒေါသုံး-ဖြစ် အပိုနိုးအစက်၊ သစ်သားရုပ်တစ်ခုလုံးကျွတ်

"ဘိုးဘိုးရေ ... ဘိုးဘိုး"

"သဲသဲပါလား။ မတွေ့တာကောင်ကြာပြီနော်"

"မတွေ့ဆို သမီးရဲ့ဖေဖေမှာ အဖုအကိုက်တွေထွက်နေလို့ ဘိုးဘိုးရဲ့ ဆေးကို သောက်နေတာ ၆လလောက်ရှိပြီ။ ဆေးကလည်း ဝယ်ရတာ မခက်ခဲဘူး။ ဆေးဆိုင်တိုင်းမှာ ရောင်းတယ်။ ဈေးလည်း သိပ်မကြီးဘူး။ ဖေဖေ့ကိုယ်ဖေဖေမှာ အဖုအကိုက်တွေ ပျောက်သွားတာ ဘိုးဘိုးသိသားပဲ။ ဒီတော့ ဖေဖေ့ကို ဆေးဆက်ပေးဖို့ ဘိုးဘိုးဆီ ခေါ်လာတာ"

"အဖုအကိုက်တွေထွက်တိုင်း စိတ်မပူပါနဲ့ကွယ်၊ အဖုအကိုက် မြစ်နှင့်တဲ့ဆေး မဟိဒ္ဓိဆေးတိုက်မှိုတယ်။ ဘိုးဘိုး လိပ်စာပေးလိုက်ပါ့"

ကျွန်မလည်း ဖေဖေ့ကိုခေါ်ပြီး မဟိဒ္ဓိဆေးတိုက်သို့သွားရာ ထိုဆေးတိုက်တွင် ဆရာကြီး ဆရာကျော်၊ ဆရာမကြီးဒေါ်ခင်ငွေးကြည့်တို့ကို တွေ့ခဲ့ရသည်။ ဆရာကြီး ဆရာကျော်သည် ဖေဖေ့ကို သေချာစွာကြည့်ရှုပြီး ဆေးများပေးကာ အောက်ပါအတိုင်း ရှင်းပြပါသည်။ "ဒီဆေးက အဖုအကိုက် မြစ်ပွားနှာ၊ သားအိမ်အလုံး ရင်သားအကိုက်အနာစိုသွေး၊ ဝက်ခြင်းများ၊ ကိုယ်တွင်းနာများကို အစိုင်ဆုံးဖြစ်တဲ့ တပင်မြန်နီ ဆေးပင်ဆေး၃ စစ်စစ် ၁၀၀ ရာခိုင်နှုန်းပါဝင်တဲ့ ဆေးပြားဖြစ်ပါသယ်။ တပင်ဟိုင်ပြုနှင်းဆေးပင်ဟာ အဖြူ၊ အနီ၊ နှစ်မျိုးရှိတဲ့အနက် အနီဖို့ မိုမိုဆေးစွမ်းထက်ပြီး ကင်ဆာအကျိတ်ဖြစ်ကာစကိုပင် ကောင်းကြောင်း ကျွန်းမာရေးဌာနကထုတ်တဲ့ "လက်တွေ့အသုံးချ ဆေးဝင်အပင်များ" မှာ ဖော်ပြထားပြီးဖြစ်ပါတယ်။ အဖုအကိုက်အနာကို သွေးလိမ်းပေးရုံနဲ့ မပျောက်ကင်းကြောင်း ဆိုထားပါတယ်။ အဖုအကိုက်မြစ်ပွားနှာ ဝေဒနာရှင်ဟွေဟာ တပင်တိုင်ပြုနှင်းအနီဆေးနဲ့အတူ ဆေးတို့ ဆေးတိုက်ကထုတ်လုပ်တဲ့ ရုပ်လုံးသွေးသန့်ဆေးအေး။ ဝမ်းပျောက်ကြောပြေ လေဆေးတို့ကိုပါ နေ့ဆေး ညဆေးအဖြစ် တွဲသောက်ရင် ပိုကောင်းထိထိရောက်ရောက် သက်သာပျောက်ကင်းစေကြောင်း ရှင်းပြပေးပါသည်။

"ဟုတ်ကဲ့ ဘာကြောင့်ထိရောက်သလဲဆိုတာ ရှင်းပြပေးပါဆရာကြီး"

တပင်တိုင်ပြုနှင်းက အဖုအကိုက်အနာကို ချေဖျောက်ပေးတယ်။ အဖုအကိုက်ဖွင့်ပေးတယ်။ ရုပ်လုံးသွေးသန့်ဆေးအေးက သွေးသားကဲ့ သည့်စင်ခန္ဓာကိုယ်အပုအအေားကို တိန်းညှိပေးတယ်။ ဝမ်းပျောအကြောပြေဆေးက (မလ)အညစ်အကြေးတွေဖြစ်စေတဲ့ ဝမ်းပုပ်၊ ဆီးပုပ်၊ သွေးပုပ်တွေကို ထုတ်ပေးပြီး အကြောပြေ ပေါ့ပါးလန်းဆန်းစေပါတယ်။ သုံးမျိုးကို အဖုအကိုက် မြစ်ပွားနှာ မြန်စေရလေအောင် ကာကွယ်ဆေး(ရောဂါကျရောက်ခြင်းမရှိစေရန်ကာကွယ်ဆေး)အဖြစ်နဲ့ နေ့စဉ်မှန်မှန် ပို့ဝဲသုံးဆောင်ပေးနိုင်ရန် ထုပ်ပေးလိုက်ပါ။ မြစ်ပွားနှာအဖုအကိုက်အပြင် နှလုံးလေးဖက်နာပျောက်၊ ဆီးရောဂါ၊ နှလုံးရောဂါ၊ ဝမ်းလျော၀မ်းမြက်၊ လိပ်ခေါင်း၊ အသည်းရောဂါ၊ ဆီးမြို့ရောဂါ အမျိုးမျိုးကိုလည်း ကုသပေးနေပါတယ်။

"မဟိဒ္ဓိဆေးတိုက်ကထုတ်လုပ်တဲ့ ဆေးစွမ်းကောင်းများကိုလည်း သိပါရစေရှင့်"

"ဆေးပင်ပုံပါတဲ့ အစိမ်းရောင်စက္ကူဘူးအထူးထုတ် တပင်တိုင်ပြုနှင်းအနီစစ်စစ် ဆေးပြား၊ လက်ဆတ်တဲ့ ဆေးနီဥပစ်စစ်၊ သွေးသားကို သန့်ရှင်းစင်ကြယ်စေပြီး အသားအရေလှုပနှုံပြေတဲ့ သီရိဝပုနှုရုပ်လုံ သွေးသန့်ဆေးအေး၊ ညတစ်ကြိမ်သောက်ရုံနဲ့ ဝမ်းပျောအကြောပြေ အဆီကျပြီး လေမမြဖတ်အောင် ကာကွယ်ပေးတဲ့ ဝမ်းပျောအကြောပြေလေဆေး၊ အဆင့်မြင့်မြင့်နဲ့ အကောင်းဆုံးလိမ်းရှုဆေး (Roll On) သွေးတိုးကိုသာ ကျစေပြီး သွေးပေါင်တိုးကျစေခြင်းမရှိတဲ့ သွေးတိုးကျဆေး၊ အစာအိမ်ရောဂါ ပျောက်ဆေး၊ ဝမ်းလျော၀မ်းပျက်ရောဂါဆေး၊ ချောင်းဆိုးပျောက်ဆေး၊ အသည်းဆေး၊ အဆုတ်ကုဆေး နှလုံးအားတိုးဆေး၊ ပျက်စီးကြည်ဆေး၊ ရှားပါးသစ်ခေါင်းပျားရည်၊ ဂျိုးမပျားရည်၊ ရနိုင်ပန်းပြောင်ပုံညင်းဆီ စတဲ့ အကောင်းဆုံးဆေးပစ္စည်းများ ရရှိနိုင်ပါတယ်။

"သိပ်ကောင်းတဲ့ဆေးကွေပဲ။ ဒါပေမဲ့ ဆရာကြီးဆီကို မလာနိုင်တဲ့ သူများအတွက် ရနိုင်မယ့်နေရာကိုပါ ညွှန်ပြပါဦး"

ပင်ရင်းဆိုင်ကတော့ ရန်ကုန်ပြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၀၁၊ အခန်း ၃၊ ၁၂ လုံးတန်း။ ရန်ရှင်းလမ်းမကြီးပေါ်မှာရှိတဲ့ မဟိဒ္ဓိဆေးတိုင်းရင်းဆေးထုတ်လုပ်ရေး၊ တစ်ပြည်လုံးဖြန့်ချိရေး ဦးမြင့်ဆွေနှင့်သားများ။ သိပ်ကြီးဈေး၊ City Mart ရန်ကုန်-မန္တလေး ဆိုင်ခွဲများအားလုံး၊ စိန့်ဖြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင် ၂၄ လမ်း သိမ်ကြီးဈေး၊ ကိုဝင်းဖြင့်+မဘေဘီ ၁၅၅ လမ်း၊ ရွှေညာသားဆေးဆိုင်တို့မှ အဓိကဖြန့်ချိပေးပါတယ်။

ဆန်းဦးအောင်ဖြန်မာဆေးဆိုင်၊ လူထုမေတ္တာဆေးဆိုင်၊ ကိုလွန်းဆေးဆိုင်၊ စိန်စိန်ဖြန်မာ ၁၃ လမ်းစေတနာဆေးဆိုင်၊ စူပါဝမ်းကျန်တိုက်၊ စိန်ဂေ ဟာစူပါစင်တာ၊ ဇစ်တိုးဒီးယားကုန်တိုက်၊ ရွှေဘုံသာလမ်းကိုမောင်စိန်၊ ဆေးကမ္ဘာ ဆေးရာဖာ(ဦးလှမြင့်)၊ ရွှေပိုးဆေးဆိုင်၊ ကယားဆေးဆိုင်၊ မန္တလေးမှာ စိန်ကြည့်စတိုး၊ အောင်ရတနာဆေးဆိုင်၊ ရွေးချိုမှာရှိတဲ့ လမ်း ဆေးဆိုင်၊ ပတ္တမားစဉ်းဆေးဆိုင်၊ ပြင်ဦးလွင်နာရီစင်အနီး အောင်မိသားစု ဆေးဆိုင်၊ စစ်တွေမှာ ကေဆာစီ၊ မြစ်ကြီးနားမှာ တစ်ဦးတည်းကိုယ်စားလှယ် ဆရာရန်နိုင်ဘုန်းမြင့်ဆေးကုခန်း၊ မော်လမြိုင် ရွှေအုန်းသီးဆေးဆိုင်၊ ပဲခူး ဦးဘဝင်း၊ ဦးခွားလေးဆေးဆိုင်၊ မုဒိမ်မှာ ရွှေနွန်ညီ၊ ရွှေဒီးကွက်၊ အေး ချမ်းဆေးဆိုင်၊ လေးကုန်ကဆေးဆိုင်တို့တွင် ဖြစ်ပါတယ်။ အသေးစိတ်သိချင် ရင်တော့ ဖုန်း-၅၅၅၁၃၃၇ ကို ဆက်လို့ရပါတယ်။ မေတ္တာဖြင့် ကိုင်ပင်ဆွေးနွေး ကုသပေးပါတယ်။

www.burmeseclassic.com

ဆရာကျော် မဟိဒ္ဓိတိုင်းရင်းဆေးထုတ်လုပ်ရေး ၂၀၁/၃၊ ရန်ရှင်းလမ်း။ ရန်ကင်းမြို့နယ်။
ဖုန်း ၀၁- ၅၅၅၁၃၃၇

www.burmeseclassic.com

အုပ်ကြီးက တစ်ရာနှစ်ရာ

ယဉ်ယဉ်နု၊ မန္တလေး

'မမ မြစန်းကြည် အုပ်ကြီးက
သူအိမ် ခဏလာခဲ့ပါဦးတဲ့ဗျို့'
ကလေးတစ်ယောက်က အပျိုကြီးမြစန်းကြည်
အပ်ချုပ်ဆိုင် နှစ်ထပ်အိမ် မည်းမည်းကြီးရှေ့မှ ပြေးပြေး
အော်အော် အော်သွားသည်။ ဆွမ်းခံကိုယ်တော်
ကြွနေသဖြင့် ဆွမ်းလောင်းနေသော မြစန်းကြည်က
ဆွမ်းလောင်းရင်းတန်းလန်းမို့ အေးအေးလိုသာ
ပြန်ပြောပြီး ဆွမ်းဆက်လောင်းနေသည်။ ဆယ့်ငါးဓိနစ်၊
ဓိနစ်နှစ်ဆယ်လောက်ပဲ ကြာမည်ထင်သည်။
မြစန်းကြည်ဆီမှာ စက်ချုပ်လာသင်နေသော
နီနီထွန်း ခြင်းတောင်းလေးဆွဲ၍ အိမ်ထဲဝင်လာရင်း...
'မမမြစန်းကြည် ဦးကြီတိုင်းအောင်က မှာလိုက်တယ်။

အတွဲ(၂)ရှု အောက်တိုဘာ ၂၀၁၃
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်စ/ဆုံး

၁၈၆ ရွှေအပြာတော ရုပ်စုံမဂ္ဂဇင်း အောက်တိုဘာ ၂၀၁၃
www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

သူ့အိမ်ခဏလာခဲ့ဦးတဲ့'

'သွားလိုက်ပါ သမီးရယ်၊ ဆွမ်းခံကိုယ်တော်တွေ ကျန်တာ အမေ ဆက်လောင်းထားလိုက်ပါ့မယ်။ စောစောကတည်းက ခေါ်နေတာ လူကြီးဆိုတော့ မကောင်းဘူး၊ အားနာစရာ။ သမီးကိုလည်း ဆူနေဦးမယ်'

'ဆူရဲဆူကြည့်ဦးပါလား၊ သမီးက ဆူစရာ ဘာလုပ်လို့တုံး'

'ဟဲ့ သမီး ဒီလိုမပြောရဘူး။ သူက ရပ်ကွက်လူကြီး၊ သာရေးနာရေးအသင်းမှာ ဥက္ကဋ္ဌလုပ်လာတာဖြင့် နှစ်ရှည်လုပြီ။ တစ်ရပ်ကွက်လုံးရဲ့ ဦးလေးသားချင်းလို ဖြစ်နေတာ။ ဆူလည်း ပြန်မပြောနဲ့ ခံလာခဲ့'

မြစန်းကြည် အမေ့ကိုတော့ ဘာမှမပြောခဲ့ပါ။ စိတ်ထဲကတော့ ပွစိ၊ ပွစိ။ ဆူရဲဆူကြည့်ဆိုပြီး ပေါက်ဆတ်ပေါက်ဆတ်လျှောက်လာခဲ့သည်။ ရပ်ကွက်အလယ်ကောင်က ဥက္ကဋ္ဌကြီး ဦးကြီတိုင်းအောင်၏ နှစ်ထပ်တိုက်ကိုရောက်တော့ ဥက္ကဋ္ဌကြီးကို ကြိမ်ပက်လက်ကုလားထိုင်ကြီးပေါ်တွင် အဆင်သင့်တွေ့လိုက်ရလေသည်။ ထုံးစံအတိုင်း ဝဖြိုးစူထွက်နေသော ခန္ဓာကိုယ်ပေါ်တွင် ဟာဝေယ်ရှပ်နှင့် ကုလားပုဆိုးအပြာအကွက်ကျဲကြီးနှင့် ခေါင်းလေးငုံ့၍ဝင်လာသော မြစန်းကြည်ကိုတွေ့တော့ လာဟော့ဟု လှမ်းခေါ်ပြီး နောက်ဖေးဘက်လှည့်၍ ကော်ဖီယူခဲ့ဟော့ဟု လှမ်းအော်လိုက်သည်။ မြစန်းကြည်က ခုံတန်းလျားမှာ ဝင်ထိုင်သည်။

ဦးကြီတိုင်းအောင်က ဥပမိကာလည်းခုံ၊ အပြောအဆိုကာလည်း အမိန့်သံပါပါ ပြောတတ်တော့ အားလုံးက လေးစားကြောက်ရွံ့ကြသည်လေ

'အုပ်ကြီး ဘာပြောမလို့လဲ။ အစောကြီးရှိသေးတယ်။ ဒီနေ့အဖိတ်နေ့လည်း မဟုတ်ပါဘူး' မြစန်းကြည်စကားကို မဖြေသေးဘဲ အုပ်ကြီးကတော် ခေါ်မြတင်လာချသည့် ကော်ဖီခွက်ကို လက်ညှိုးထိုးပြီး 'သောက်လိုက်ဦး၊ ငါ့တူမ' ဟုပြောသည်။ မြစန်းကြည် ကော်ဖီငုံ့သောက်နေစဉ် အိမ်ထဲသို့ လူတစ်ယောက်ပျာယာခပ်ပျာယာဝင်လာသည်။ ဝင်လာသူက ဥက္ကဋ္ဌကြီး၏သမက် ကိုဝင်းမောင် ဖြစ်သည်။

'အဖေ ဒီနေ့ မိတာခေ ဆောင်ရမှာလေ'

'အေး၊ စာရွက်ပြစမ်း'

'ဒီလ များတယ်အဖေ။ နှစ်သောင်းခွဲကျော်လိမ့်မယ်'

'ဟကောင်ရ များလှချည့်လား၊ မြတင်ရေ နှစ်သောင်းခွဲတောင်တဲ့'

'အမလေးတော် ဒုက္ခပါပဲ များလှချည့်လား'

မြစန်းကြည် လည်ချောင်းထဲမှ ကော်ဖီက မျိုမကျတော့ဘဲ သီးတော့မလို ဖြစ်သွား၍ မနည်းသတိထားလိုက်ရသည်။ လွန်ခဲ့သော နှစ်နှစ်လောက်ကတည်းက သီးပင်စားပင် စိုက်ပင် ပျိုးပင်တွေနှင့် အိမ်ဆက်ကျဲလှသော စံပယ်ခြံရပ်ကွက်သို့ မြို့ထဲက မြေတွေရောင်းပြီး ပြောင်းလာသောလူတွေ များလာပြီး စံပယ်ခြံသားတွေက မြေကွက်တွေ ခွဲခွဲပြီးရောင်းကြသည်။ အိမ်တွေသာတိုးလာပြီး လျှောက်ထားရခက်ခဲသော မိတာက မတိုးပေ။ ဒီတော့ အကွက်မြင်သည့် အုပ်ကြီးက သူ့လက်သူ့ခြေဖြစ်နေသည့် ဓမ္မာရုံမှ ရှေးအင်္ဂလိပ်ခေတ် ခေတ်ဟောင်းမိတာကြီးကို သူ့နှစ်ထပ်တိုက်သို့ ရွှေ့လိုက်သည်။ ထို့နောက် မြို့ထဲက ပြောင်းလာကြသူတွေ အိမ်တွေကို တရားမဝင် မီးကြိုးသွယ်ပြီး ပေးနေတာကြာလှပါပကော။ မီးရတဲ့သူတွေကလည်း အုပ်ကြီးကို ကျေးဇူးလည်းတင်ရ၊ ဝမ်းလည်းသာကြသည်။

'မင်းတို့နော်၊ ဒါက ဓမ္မာရုံရန်ပုံငွေ သိလား။ တစ်အိမ်တစ်လ ငါးထောင်နဲ့ မိတာ မသွယ်ဘဲရတာ ကျေးဇူးတင်ဦး။ ဒီငွေငါးထောင်က မင်းတို့ကုသိုလ်၊ ငါစားတယ်လို့မျှား နည်းနည်းလေး မထင်လိုက်လေနဲ့၊ ဓမ္မာရုံရဲ့ငွေ သိလား'

ဒီလို ဥက္ကဋ္ဌကြီးက ရပ်ကွက်လုံးသိအောင် ပြတ်သားသား ပြောတော့ ရပ်ကွက်သားတွေလည်း သဘောကျကြည်ကြသည်။ ဦးကြီတိုင်းအောင်က ဥပမိကလည်းခုံ၊ အပြောအဆိုကလည်း အမိန့်သံပါပါ ပြောတတ်တော့ အားလုံးက လေးစားကြောက်ရွံ့ကြသည်လေ။ ဥက္ကဋ္ဌကြီး မိတာစုက ဓမ္မာရုံမှာ ပန်းဥယျာဉ်လဲတော့ မြစန်းကြည်တို့ ကိုယ်တိုင်ပင် မီတာခနှုန်း ဖိုးမျှသည် ထင်ခဲ့တာပါ။ ကနေမှ တိုက်တိုက်ဆိုင်ဆိုင် တစ်လကုန်တဲ့ မီတာခကို ဒီလိုက်ရသည်။

'ဦးသိန်းဝင်းတို့ဦးက လေးငါးအိမ်၊ ဦးကျော်ဦးက အကွက်ရိုက်ရောင်းတာတော့ ဆယ်အိမ်၊ လမ်းမတော်က အိမ်နှစ်ဆယ်လောက်ရှိတယ် စုစုပေါင်း သုံးဆယ်ပဲ လျှော့လျှော့ပေါ့ပေါ့ တွက်ပါဦး။ တစ်သိန်းခွဲ။ မီတာခနှစ်သောင်းကျော်ကိုများတယ်ပြောနေတော့ အရင်တုန်းက တစ်သောင်းကျော်ပဲ ကျသာနေမှာ။ အဲဒါဆို တစ်လတစ်သိန်းကျော်ငွေတွေ ရနေတာပါလား။ တစ်လလုံးပန်းနိုက တစ်သောင်းထားပါဦး အမယ်လေးလေး'

'ဟဲ့ မြစန်းကြည်'

'ရှင် ဗုဒ္ဓေါ'

အုပ်ကြီးက ငေါက်လိုက်၍ စိတ်ထဲမှာ စဉ်းစားတွက်နေသော မြစန်းကြည် လန့်ဖျပ်သွားစေသည်။ အုပ်

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ကြောက်ကြောက်လန့်လန့်ကြည့်မိနေစဉ် ရပ်ကွက်သာရေးနာရေးအသင်းဥက္ကဋ္ဌ ကိုဝင်းမောင်ဝဲလေ။ အဲဒီတော့ စိတ်ကြိုက်လုပ်နိုင်တာပေါ့တော်၊ လုပ်ကြပေါ့တော်လို့ တဒင်္ဂီလေးဆွတ်ငင်း တွေးမိအောင် တွေးလိုက်မိသေးသည်။

'ရှင် ဘာ ဘာပြောလို့လဲ'

'ညနေ နင် အားလား'

'ကျွန်မ အမြဲတမ်း အားဘူး။ အပ်ထည်တွေ ရှိနေတာ'

'ညနေတော့ အားပါတယ်။ ညည်းအဒေါ်က မကျန်းမာဖြစ်နေလို့ ပရိတ်လေးရွတ်ချင်တာတဲ့။ ညည်းက ရပ်ကွက်မမွှစကြားအသင်းခေါင်းဆောင်မဟုတ်လား။ အဲဒါကြွက်သားကြာဆံကြော်ကျွေးမယ်အေ၊ အအေးတိုက်မယ်အေ၊ အသင်းသူတွေ လိုက်ဖိတ်ပေးပါဦး'

'ဘာရယ် အဖိတ်နေ့ကလည်း နှစ်ရက်လိုတော့ဘာ။ ရပ်ကွက်သူတွေကလည်း အားကြတာ မဟုတ်ဘူး။ အဖိတ်နေ့မှ ရွတ်ပါလား'

'အဖိတ်နေ့ကတော့ ပုံမှန်ပွဲပေါ့အေ။ ဒါက ကြားဖြတ်ပေါ့။ ငါတို့အိမ်အပေါ်ထပ်မှာ ရွတ်ရမှာပါအေ။ ရွတ်တဲ့လူတွေ ညည်းအဒေါ်က မှန်မိတ်ကပ်တစ်ဘူးစီ ပေးဦးမှာတဲ့။ ဝယ်ထားတယ်'

မြစန်းကြည် ဟင်ခနဲဖြစ်သွားပြီး စဉ်းစားသည်။ မှန်မိတ်ကပ်ဆိုသည့် ကရင်ပတ်ဖ်က အနည်းဆုံးတစ်ဘူး ငါးရာကျော်သည်၊ ဒီလောက် ငွေကုန်ခံရွတ်မယ့်ပွဲ။ ဘာလုပ်ဖို့လဲဆိုသည့် အတွေးက ခေါင်းထဲဝင်လာသည်။ သိချင်လျှင်တော့ ရွတ်မှဖြစ်မည်။

'ရပ်ကွက်သူတွေ လိုက်ပြောကြည့်လိုက်ဦးမယ်'ဟု မယုတ်မလွန်ပြောပြီး ဦးကြီတိုင်းအောင်အိမ်မှ ပြန်လာသည်။ အမေ့ကို အသင်းသူတွေ လိုက်ဖိတ်ဦးမယ် ပြောခဲ့ပြီး ရပ်ကွက်ထဲထွက်ခဲ့ရာ ပထမဆုံးဝင်သည့် တင်တင်မာတို့ အကြော်ဆိုင်မှာပင် အကြောင်းစုံလောက် နီးနီးသိလိုက်ရလေသည်။

'မြစန်းကြည်က အိမ်ထဲမှာ တကုပ်ကုပ် အင်္ကျီချုပ်နေလို့ မသိတာ။ ငါတို့က လူစုံတယ်လေ၊ တစ်ယောက်ပြော၊ တစ်ယောက်ပြောနဲ့'

'ကဲပါအေ သိတာလေးပဲ ပြောစမ်းပါဦး'

'ဒီလိုလေ ကောင်မရဲ့။ ဘုရားပွဲရန်ပုံငွေတွေကို အုပ်ကြီးသမက် ကိုဝင်းမောင်က ဖဲရှုံးပစ်လိုက်တယ်လေ။ အဲဒီတော့ ကိုဝင်းမောင်မိန်းမ မရီလေးက သူ့ဆုကြေးကို အုပ်ကြီးတို့နဲ့ မျက်နှာချင်းဆိုင်အိမ်က အုပ်ကြီးတူ ကိုညွှန့်ဝင်းကို ရောင်းတယ်။ ကိုညွှန့်ဝင်းကလည်း ရပ်ကွက်ငွေမို့ အရှက်ကွဲနေပါမယ်လေဆိုပြီး ဝယ်ပေးလိုက်တယ်။ ပြေလည်သွားတယ်ဆိုပါတော့။ ဒါပေမဲ့ ဆုကြေးပေါက်တဲ့ ရက်ရောက်တော့ မရီလေးက မပေးတော့ဘဲ ဆုကြေးခေါင်းဆီက မရသေးသလိုနဲ့ ဟိုလိုလို ဒီလိုလိုလုပ်နေလို့ ကိုညွှန့်ဝင်းမိန်းမ မညိုနဲ့ မရီလေးနဲ့ ရန်ဖြစ်ကြတယ်'

'အမယ် လေးတော်အများပိုင်ငွေတွေကို'

'အခုရက်ပိုင်း ဖိနပ်ထောင်နှစ်ယောက် ကိုညွှန့်ဝင်းနဲ့ ကိုစန်းလွင်ပေါင်းပြီး ဥပုသ်နေ့တိုင်း ဘုံဆွမ်းလောင်းမယ်လို့ သဒ္ဓါပေါက်တာနဲ့လောင်းတာ နှစ်ပတ်ရှိပြီ၊ ဒီဆွမ်းတန်းက တစ်ရပ်ကွက်လုံး တတ်နိုင်သမျှ ထွက်လောင်းကြတာမဟုတ်လား။ အဲဒီတော့ သူတို့နှစ်ယောက်က လမ်းမတန်းက အိမ်တွေကို ပိုက်ဆံစုကောက်ပြီး ကိုညွှန့်ဝင်းတို့ ဖိနပ်ရုံမှာ စုချက်ပြီးလောင်းမယ်၊ ဆွမ်းလောင်းအသင်းလေးဖွဲ့မယ်လို့ စဉ်းစားကြတယ်။ အဲဒီအသံလည်း ကြားရော အုပ်ကြီးက ဒေါသူပုန်ထတော့တာပဲ'

'ဟော့တော့ ဘာဖြစ်လို့တုံး ကောင်းတာကို'

'အဓိကကတော့ ဆွမ်းလောင်းအသင်းမှာ သူ့ကို ဥက္ကဋ္ဌ မတင်လို့'

'ဟောတော့'

'ရပ်ကွက်ထဲမှာ မိန်းဖြစ်တဲ့ သာရေးနာရေးအသင်းရှိတယ်။ ဘာအသင်းထပ်ဖွဲ့ဖွဲ့ ဒီအသင်းလက်အောက်ကဖြစ်ရမယ်။ သူပဲ ဥက္ကဋ္ဌဖြစ်ရမယ်။ ရတဲ့ငွေတွေ သူလက်အပ်ရမယ် သူစီမံခန့်ခွဲမှု…'

'နေပါဦးအေ၊ နေပါဦးအေ။ တစ်မိုးလုံးဖျောက်ဆိပ်ဖြစ်ချင်တာပေါ့ ဟုတ်လား'

'ဟုတ်တယ်၊ ဒါပေမဲ့ အဓိကက ငွေ၊ ငွေကိုင်ချင်တာ'

မြစန်းကြည် သက်ပြင်းကြီးတစ်ချက်ချလိုက်ရသည်။

'အဲဒါ မြစန်းကြည်ရယ်။ ဒီနေ့ညနေ ခြောက်နာရီကိုညွှန့်ဝင်းတို့က ဥပုသ်ဆွမ်းလောင်းအသင်းဖွဲ့ကြမှာ၊ ကိုညွှန့်ဝင်းတို့အိမ်မှာ။ အဲဒါကို အုပ်ကြီးက မျက်နှာချင်းဆိုင်တိုက်ပေါ်ကနေ လော်စပီကာကြီးနဲ့ မြစန်းကြည်တို့ကို ပရိတ်တွေ ရွတ်ခိုင်းပြီး အသံနဲ့ နှောင့်ယှက်မှာ။ ကောင်မရေ ကြည့်သာလုပ်ပေတော့၊ ငါတော့ မလာဘူး'

'ဘာ'

မြစန်းကြည် တစ်ချီတည်း ငိုင်သွားလေသည်။ ဒုက္ခပါပဲ၊ ဒါဆိုရင် တင်တင်မာနဲ့ တစ်တန်းတည်းအရွယ် သူငယ်ချင်းရပ်ကွက်သူတွေ ဘယ်သူမှခေါ်ရမည်မထင်။ ဘာမှမသိသေးသည့် ဆယ်ကျော်သက်ကောင်မလေးတွေ၊ ဇာဇာတို့၊ သီတာတို့၊ မိုးမိုးတို့၊ အေးအေးတို့ကိုသာရအောင်ခေါ်ရတော့မှာပဲဟု တွေးရင်း လေးကန်စွာထိုင်ရာက ထလိုက်ရသည်။ အဲဒီညနေ ခြောက်နာရီမှာ ပရိတ်ရွတ်ပြီး ဘယ်လိုနှောင့်ယှက်နှောင့်ယှက် ကိုညွှန့်ဝင်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူသည့် ဥပုသ်ဆွမ်းလောင်းအသင်းက အောင်မြင်စွာ ဖွဲ့စည်းလိုက်လေသည်။

'ဘယ့်နယ် ဗျာအဓိပ္ပာယ်မှ မရှိတာ။ ရပ်ကွက်ထဲမှာ ဘာလုပ်လုပ်သူချည်း ငွေကိုင်ချင်လို့ ဖြစ်ပါ့မလား။ ဆွမ်းချက်နေတုန်း ထင်းတစ်ချောင်းလာထိုးတာ မဟုတ်ဘူး။ သူသမီး၊ သူမိန်းမကလည်း ကြက်သွန်တစ်ဥ လာမှ မသင်တာ။ နေရာတကာဇာ'

မြစန်းကြည် ဆွမ်းလောင်းအသင်းအတွက် [illegible] ရွေးနေရင်းက ဥက္ကဋ္ဌကိုညွှန့်

www.burmeseclassic.com

ဝင်းကို လှမ်းကြည့်မိသည်။ လူလတ်ပိုင်းအရွယ် ဥက္ကဋ္ဌ ကိုညွှန့်ဝင်းက တက်ကြွသည်။ ကိုယ်တိုင်ရပ်ကွက်အတွင်း လှည့်အလှူခံ၊ ကိုယ်တိုင် အပင်ပန်းခံချက်၊ ကိုယ်တိုင် လောင်းလှူဆိုတော့ အရပ်က အရိပ်အကဲကြည့်ပြီး ချီးမွမ်းကြသည်။ တကယ်လုပ်တော့ ရပ်ကွက်ကလည်း တကယ် ပါဝင်ကူညီကြသည်မို့ ဆွမ်းလောင်းအသင်းလည်း ပုံမှန် လည်ပတ်လျက်ရှိသည်။

'ဟောဒီမှာ ဒါက ဆွမ်းလောင်းပြီး ဒီအပတ်ပိုတဲ့ငွေ တစ်သောင်းရှစ်ထောင်၊ ရက်စွဲရေးပြီး သားရေကွင်းလေးနဲ့ ပတ်လို့ ဒီမှန့်ပုံးထဲထည့်ထား လိုက်ပြီ။ ကျွန်တော့် ဇီရိထဲမှာ အမြဲရှိတယ်နော်၊ ခင်ဗျား တို့အားလုံး ကြိုက်တဲ့အချိန် စစ်နိုင်တယ်'

အဲ့သလို ဥက္ကဋ္ဌ ကိုညွှန့်ဝင်းက အပြတ်ပြောထားသည်ကို ရပ်ကွက်သားတိုင်း ဘဝင်ကျကြသည်။ ဒါမှ ငါတို့အုပ်ကြီးက၊ ဒါမှငါတို့ ဥက္ကဋ္ဌက ဟု တပြုံးပြုံး ရှိကြသည်။ လက်ဖက်ရည် ဆိုင်တွင် ကိုညွှန့်ဝင်း၊ ကိုစန်းလွင်တို့ နှင့် ဆွမ်းလောင်းဆွမ်းချက် အမာခံလူငယ်များဖြစ်ကြသည့် လူအေး၊ ကိုဦး၊ စိုးကြီး၊ မိုးခိုင်တို့ တတွဲတွဲ၊ တဝါးဝါး၊ တဟားဟား ရှိသည့်အခါ ဦးကြဲတိုင်းအောင်က မျက်နှာကြီးမဲ့ပြီး ထသွားလေ့ရှိသည်ကို ရပ်ကွက်သူတွေအတွက် ပြောစရာ သတင်းဖြစ်နေလေသည်။ သည်လိုနှင့် နွေ၊ မိုး၊ ဆောင်း လည်ပတ်ပြီး တစ်ရက် မြစန်းကြည် စိတ်အေးလက်အေးအင်္ကျီ ညှပ်နေစဉ်

> ကျွန်တော့် မိန်းမကလည်း ပါရမီဖြည့်ဖက် ကောင်းဗျ ကိုစန်းလွင် လုပ်သာလုပ် ရှင်ရော ကျွန်မရော ကုသိုလ်ရေး လုပ်ဖို့သာ အဓိက ဖိနပ်ရံ ဝိတ်ရတော့ကော ဘာဖြစ်လဲ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးက ကျွေးလိမ့်မယ် လို့ ပြောတာ

အိမ်ပေါ်သို့ လူတစ်ယောက်က သုတ်ခနဲ တက်လာ၍ လှမ်းကြည့်လိုက်မိသည်။

'လာ တင်တင်မာ။ ဘယ်ကလှည့်လာတာတုံး'

'ကိုညွှန့်ဝင်းမိန်းမ မည်လာတယ်ဆို'

'လာတယ် လေအေ၊ သူ့သမီးလေးအတွက် စကပ် လာအပ်တာ။ ပြန် သွားပြီလေ။ ဆီပုံးကြီးနဲ့ အသင်းအတွက် ဆီသွားဝယ်မယ်ဆိုလားပဲ'

တင်တင်မာက သက်ပြင်းတစ်ချက်ချပြီး ခုံတန်းရှည်တွင် ဝင်ထိုင်သည်။

'ဒုက္ခပါပဲအေ။ ဒီမှာ အကြော်ကြော်ဖို့ အရေးကြီးနေတာ'

'ငွေဆွဲမလို့လား၊ မည်ရွေ့ပြန်တိုး ပေးတယ်လို့လည်း မကြားမိပါဘူး'

တင်တင်မာက ဟိုဟို ဒီဒီ ကြည့်ပြီး အသံကိုနှိမ့်၍-

'နွေ့ပြန်တိုး မဟုတ်ဘူးဟဲ့ ကောင်မရဲ့။ နွေ့ပြန်ဆိုနှစ်ဆယ်တိုး ပေးရမှာ။ အခု ဟာက မုန့်ပုံးထဲထည့်ထားတဲ့ ဆွမ်းလောင်းသင်း ပိုတဲ့ ပိုက်ဆံတွေလေ၊ နင် သိတယ် မဟုတ်လား'

'အေး သိတယ်'

'အဲဒါတွေ များသထက် များလာတော့ ကိုညွှန့်ဝင်းက မတုန်မလှုပ် နေနိုင်ပေမဲ့ မည်ရွေ့က အကွက်မြင်တဲ့သူဆိုတော့ အူယားလာတာပေါ့။ အဲဒါနဲ့ စိတ်ချရတဲ့လူတွေကို တိုးတိုးတိတ်တိတ် တစ်ဆယ်တိုးနဲ့ ချေးတာ။ တိုးတိုးတိတ်တိတ် ဆိုပေမဲ့ တစ်ရပ်လုံးပါပဲအေ'

'ဟင် ဒုက္ခပါပဲ၊ အဲဒါ ကိုညွှန့်ဝင်းလည်း မသိဘူးလား'

'သိချင်လည်း သိမှာပေါ့၊ မသိချင်လည်း မသိဘူးပေါ့။ မသိချင်ယောင် ဆောင်နေတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့'

တင်တင်မာ ပြောစကားက ရှင်းလှပါသည်။ မြစန်းကြည်မှာ အင်္ကျီဆက်ညှပ်နေလျှင် မှားကုန်တော့မှာမို့ ကတ်ကြေးကို ပြန်ချလိုက်ရသည်။ ခဏနေမှ သတိရလာပြီး ကမန်းကတန်း မေးမိသည်။

'ဟဲ့ တင်တင်မာ အတိုးတွေကရော မုန့်ပုံးထဲ ပြန်ထည့်လား'

တင်တင်မာက အာရုံ ကောဆိုသည့် အကြည့်နဲ့ ကြည့်ရင်း-

'နင့်နှယ်ဟယ် ပိုက်ဆံ တွေချေးဖို့ မုန့်ပုံးထဲမှာ ထား ပြားမှတော်ရောင် မရှိတော့ဘူး အတိုးဆိုတော့ ဝေးရောပေါ့ သဘောပေါက်။ ကဲ ငါ လည်း မည်ရွေ့ကို လိုက်ရှာ လိုက်ဦးမယ်၊ အကြော်ကြော် ရမှာတောင် နောက်ကျနေပြီ'

အိမ်ပေါ်မှ တင်တင်မာ ဆင်းသွားပြီးနောက် မြစန်း ကြည် ခေါင်းတွေ မူးလာ ပက်လက်ကုလားထိုင်ပေါ် ခဏ လှဲနေလိုက်ရသည်။ အမေက တလှုပ်လှုပ် အိပ် ခန်းထဲက ထွက်လာပြီး-

'သမီး ဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလား အိပ်ပျော်နေတာလား။ ရပ် ကွက်ထဲမှာ ဆူညံနေတာပဲ ဘာဖြစ်နေတာလဲ'

စက်ချုပ်သင်နေသည့် နီနီထွန်းက ဝင်၍-

'မမ မြစန်းကြည် အိပ် ပျော်နေတာ၊ အခုမှတော့ ထွက်ကြည့်မနေနဲ့တော့ ရန်ဖြစ် က ပြီးသွားပြီ။ ရန်ဖြစ်တာ မဟုတ်ဘူး။ ဦးကြဲတိုင်း အောင်က ဝရန်တာကနေ ခေါ်ပြီး ဆဲနေတာ၊ ငါ့ ဥက္ကဋ္ဌ မတင်ချင်တဲ့ရပ်ကွက် ဘာထင်တယ်၊ ညာထင် တယ်၊ ကောင်းတယ်၊ ဆွမ်း လောင်းဖို့ဆိုပြီး ငွေတိုးချေး စားတယ်၊ ဖွတ်ထွက်မို့ တောင်ပို့မှန်း သိကုန်ကြ အော်နေတာ မမနဲ့၊ ခုနကလေး ငြိမ်သွားတာ။ ကောင်းတယ်

www.burmeseclassic.com

www.burmeseclassic.com

ကိုညွှန့်ဝင်းတို့၊ မည်သို့ လှူပ်ဆောင် မလှုပ်ရဲဘူး၊ အသံထွက်ရဲဘူး'

'ဟင် နီနီထွန်း နင်ရော သိလား'

'အို မမ မြစန်းကြည်ကလည်း တစ်ရပ်ကွက်လုံးလိုလို သိနေတာဥစ္စာ။ မမမြစန်းကြည်က ဘယ်သွား အိပ်ဖော်နေတာတုံး။ သြော် ဆွမ်းလောင်းအသင်းဖွဲ့တဲ့ဥစ္စာ ဆူညံနေအောင် ပရိတ်ရွတ်တဲ့အထဲမှာ မမက ခေါင်းဆောင်မို့ ကိုညွှန့်ဝင်းတို့အုပ်စုက ကျယ်ရာမှာ မမကို အုပ်ကြီးဦးကြဲတိုင်းအောင်လူလို့ ပြောနေကြတာ၊ ဒါကြောင့် အပျိုတွေက မမကို အတွင်းရေးမတိုင်ပင်တော့ဘဲ လက်ရှောင်နေကြတာထင်တယ်'

'ဘာ နီနီထွန်း ပြန်ပြောစမ်း၊ ငါက ဦးကြဲတိုင်းအောင်ရဲ့လူ ဟုတ်လား။ အမလေးဝေးသေးတယ်။ ငါက အရပ်ထဲမှာ မဖွဲချင်လို့။ ဦးကြဲတိုင်းအောင်အကြောင်း ငါတစ်ယောက်တည်း သိထားတာ အများကြီး'

မြစန်းကြည် ဆွေးဆွေးခုန်မတတ် ဖြစ်သွားပြီး နီနီထွန်းကို မျက်လုံးပြူးကြည့်၍ ကုန်းအော်တော့သည်။ အမေက ဟဲ့ သမီး ဘာဖြစ်နေတာလဲဟု ပူပင်သောကနှင့် မေးပြီး နီနီထွန်းကတော့ မျက်လုံးများ အရောင်တလက်လက် တောက်ပအောင် စိတ်ဝင်စားမှု အပြည့်နှင့် အနားသို့ တိုးကပ်လာသည်။

'ဟုတ်လား မမ၊ ပြောစမ်းပါ အုပ်ကြီးအကြောင်း'

'ဟယ် နင်ကလည်း ငါ မပြောချင်ပါဘူးဆိုမှ'

'အဲဒါကြောင့် မမကို အုပ်ကြီးလူလို့ ပြောကြတာပေါ့၊ ဆန်းသလား'

နီနီထွန်းက နှုတ်ခမ်းစူပြီးပြောသဖြင့် မြစန်းကြည် ဆဲမိတော့မလို စိတ်ဆိုးသွားစဉ် အမေက လေအေးလေးနဲ့ဝင်ပြီး-

'ကွယ်၊ လူဆိုတာ ဘယ်သူ ပြည့်ဝတာကျလို့ အကုန်လုံး ချို့ယွင်းချက်ရှိကြတာပဲ။ သူ့အပြစ် ကိုယ်ပြော၊ ကိုယ့်အပြစ် သူပြော လုပ်နေကြရင် တစ်ရပ်ကွက်တည်း သားတွေ ညီညွတ်မှု ပြိုကွဲတာကလွဲလို့ ဘာရှိမှာလဲ။ ပြောမနေပါနဲ့ သမီးရယ်၊ နီနီထွန်းကလည်း နားထောင်ချင်မနေနဲ့။ ကိုယ့်အလုပ် ကိုယ်လုပ် သွား သွား'

နီနီထွန်းက ခေါင်းငုံ့ပြီး စက်ခုံဆီသို့ ထွက်သွားတော့မှ မြစန်းကြည် အားအင်ကုန်ခန်းစွာ ပက်လက်ကုလားထိုင်ပေါ်သို့ ပစ်လှဲချလိုက်သည်။ ရင်တွေ တဒိန်းဒိန်း တုန်ပြီး ဒေါသကတော့ ဖြစ်နေဆဲ။ ဘယ့်နယ်တော် ရပ်ကွက်ကလေး ဆီမီးခွက်လောက်ထဲမှာ ဥက္ကဋ္ဌက နှစ်ယောက်။ လက်သစ် တစ်ယောက်၊ လက်ဟောင်း တစ်ယောက်။ ကိုယ်က ရပ်ကွက်ဓမ္မစကြာအသင်းခေါင်းဆောင်မို့ သူ ခေါ်လို့ သွားရွတ်ရတာနဲ့ သူလူ ဖြစ်ရတော့မှာလား။ တစ်ရပ်ကွက်လုံး ရွတ်ပေးပါဦး မြစန်းကြည်ရယ်ဆိုရင် ရွတ်ပေးနေရတာ။ ဒါဖြင့် ငါက တစ်ရပ်ကွက်လုံးက လူတွေရဲ့ သူလူ၊ ကိုယ့်လူ အပြောခံနေရတာပေါ့။ တွေးရင်းတွေးရင်း မြစန်းကြည် ဒေါသတွေက ထိန်းချုပ်မရ ဖြစ်လာသည်။ ပက်လက်ကုလားထိုင်ပေါ်က ဝုန်းခနဲ ထပြီး အိမ်ထဲကဖျတ်ခနဲ ထွက်ခဲ့သည်။

'ဘယ်တုံးဟဲ့' ဟု အမေ အော်တာတောင် ပြန်မပြောခဲ့။ ဒေါသနှင့် လျှောက်လာလို့ ကိုညွှန့်ဝင်းတို့ အိမ်ရှေ့ ဘယ်လို ရောက်မှန်းမသိ ရောက်လာသည်။ အိမ်ထဲကို လှမ်းဝင်လိုက်တော့ ဧည့်ခန်းဆက်တီမှာ ထိုင်နေသည့် ကိုညွှန့်ဝင်းတို့ လင်မယားအပြင် ကိုစန်းလွင်ကိုပါ တွေ့လိုက်ရသည်။ မြစန်းကြည်က တံ့ဆိုင်းမနေဘဲ ကိုညွှန့်ဝင်းနားတိုးကပ်သွားပြီး-

'ဒီမယ် ကိုညွှန့်ဝင်း ရှင်တို့ ဥက္ကဋ္ဌချင်း အာဏာလုကြတာနဲ့ ကျွန်မကို မဆိုင်ဘဲ ဆွဲမထည့်ပါနဲ့။ ရှင်တို့ ပရိတ်ခေါ်ရွတ်ခိုင်းလည်း ကျွန်မက ရွတ်ရမှာပဲ။ အုပ်ကြီး ရွတ်ခိုင်းလည်း ရွတ်ရမှာပဲ။ ကျွန်မက ဒီရပ်ကွက်မှာ ဓမ္မစကြာအသင်းခေါင်းဆောင်၊ ဘယ်သူခေါ်ခေါ် ရွတ်ပေးရမှာပဲ'

'နေစမ်းပါဦး မြစန်းကြည်ရဲ့ ထိုင်ပါဦး၊ ဘာဖြစ်လာတာလဲ'

'မထိုင်ပါဘူး။ ရှင်းမလို့ လာတာ၊ ရှင်တို့ ဆွမ်းလောင်းအသင်းဖွဲ့တဲ့ဥစ္စာက အုပ်ကြီးအိမ်မှာ ပရိတ်ရွတ်တာနဲ့ ကျွန်မက အုပ်ကြီးလူ ဖြစ်ရရောလား။ စကားကို ဆင်ခြင်ပြော၊ ကျွန်မ ကိုယ့်ထမင်း ကိုယ်စားတာ။ ကျွန်မ ဘယ်သူ့လူမှ မဟုတ်ဘူး။ ဒါလာပြောတာ၊ သွားမယ်'

မြစန်းကြည် ပြောလိုက်ရမှ ရင်ချောင်သွားပြီး စိတ်အေးလက်အေး အိမ်ဘက်ကို ပြန် လျှောက်လာခဲ့သည်။ အေးအေးဆေးဆေး အိမ်ထဲကို ဝင်လိုက်တော့ အိမ်ဝမှာ အမေက ပျာပျာသလဲ ဆီးကြိုပြီး 'လာလာ မောင်စန်းလွင်-' ဆို၍ လှည့်ကြည့်လိုက်တော့ နောက်မှာရပ်နေသည့် ကိုစန်းလွင်ကို တအံ့တသြ တွေ့လိုက်ရသည်။ ကြည့်ရတာ မြစန်းကြည်နောက်က ကပ်လိုက်လာပုံရသည်။ အစွမ်းကုန် ပြုံးနေသည့် စန်းလွင်က ထိုင်ထိုင်ချင်း-

'ကောင်းတယ် ဗျာ၊ သိပ်ကောင်းတယ်။ ဒီရပ်ကွက်မှာ မြစန်းကြည်တို့လို ပွင့်ပွင့်လင်းလင်း ဒိုးဒိုးဒေါက်ဒေါက် ပြောတတ်တဲ့လူတွေ လိုအပ်တယ်။ မြစန်းကြည်က ဖြောင့်လည်း ဖြောင့်မတ်တယ်၊ ထက်လည်း ထက်မြက်တယ်။ ကျွန်တော်တို့ရပ်ကွက်မှာ သိပ်လိုတယ်။ အားလုံးက မြိုစိမ် မလှုပ်တလှုပ် တေမိတွေချည်းပဲ'

'ဟုတ်တယ်ရှင်၊ ကျွန်မလည်း ပြောခံရတော့ မကျေနပ်လို့'

'ဒါပေါ့ ကျုပ်တို့ ဆွမ်းလောင်းသင်းဥက္ကဋ္ဌကလည်း နာမည်ပျက်နေပြီ။ အင်း ဘယ်သူမှ မကောင်းကြပါဘူးဗျာ။ လူငယ်တွေက မကျေနပ်ကြတော့ဘူး။ အဲဒါ ကျွန်တော်က ဆွမ်းလောင်းအသင်း လက်လွှဲယူရမလို ဖြစ်နေတယ် မြစန်းကြည်ရဲ့'

မြစန်းကြည် တစ်ချီတည်း ငြိမ်သွားသည်။ ပါး စပ်ကို နာနာ ပိတ်ထားလိုက်သည်။ မဖြစ်၊ မဖြစ်။ လူကို

www.burmeseclassic.com

www.burmeseclassic.com

သား၊ အသင်းသူတွေက အိမ်ခွက်ပန်းကန်ဆေးသည့်နေရာ၊ ဧည့်ခံသည့်နေရာ၊ ကျွေးမွေးသည့်နေရာတွေကို ဝင်ဆော့တာဝန်ယူကြတော့ အုပ်ကြီးဦးကြိတိုင်းအောင်၏ သားရေး၊ နာရေးအသင်းက လုံးပြောက်ကွယ်လုနီးပါး မြစ်သွားသည်ကို ဦးကြိတိုင်းအောင်က မကျေနပ်တာ တစ်ရပ်ကွက်လုံး သိကြသည်။

'မကျေနပ်လည်း မတတ်နိုင်ဘူး မြစန်းကြည်ရယ်။ ရိုသေလေးစားခံရမှုဆိုတာ အလုပ်လုပ်တဲ့လူအပေါ်မှာ မူတည်တာ။ ကိုစန်းလွင်က အလုပ်ကို အလုပ်မဲ့အောင် လုပ်တယ်။ လူ့ဘေးစားအောင်နေတယ်။ အသင်းသားတွေကို အထင်မသေးအောင် ဝတ်စုံကစပြီး စဉ်းစားစီစဉ်ပေးတယ်။ ကဲ ဘာလို့သေးလဲ'

'ဟုတ်တယ် တင်တင်မာရဲ့။ ညည်းတို့ပဲ စဉ်းစားကြည့်အေ၊ ချက်တဲ့ပြုတ်တဲ့နေ့ဆိုရင် လက်ဖက်ရည်ဆိုတာ မသောက်ချင်မှ အဆုံးပို့လျှံတောင်နေတယ်။ ဥာဏ်အိပ်ချက်တဲ့လူတွေကို ဘယ်နှစ်ယောက်ချက်ချက် ဥာဏ်လယ်စာ ကျွေးသေးတယ်'

'သူလို အုပ်ကြီးမျိုးတော့ ရှားပါတယ်အေ။ သူတစ်ယောက်ရှိမယ် ထင်ပါရဲ့'

မြစန်းကြည်နှင့် တင်တင်မာတို့ စကားကောင်းနေကြသည်ကို အကြောဝယ်လာသည့်မိန်းမတွေက တပြုံးပြုံဖြင့် နားထောင်နေကြသည်။ တဖြည်းဖြည်းနှင့် ဥပသဒ်ဆွမ်းပတ် ဆွမ်းလောင်းအသင်းသားတွေ ပျော်ကြသည်။ ဆွမ်းလောင်းအကြိုရက်တွင် ဆန်ရွေးကြ၊ ကြက်သွန်လှီးကြဖြင့် မိန်းမတွေက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အလုပ်လုပ်ကြရာသို့ အမေကိုယ်တိုင်ပင် အိမ်က ကြက်သွန်လှီးမောကိုင်ပြီး တက်တက်ကြွကြွ လှုပ်ရှားနေတာ မြင်ရလို့ မြစန်းကြည် အလွန်ပင် စိတ်ချမ်းသာရလေသည်။ ဒီလိုနေမျိုးတွင် နီနီထွန်းကို လည်း အနားပေးထားရလေ့ရှိသည်။ နောက်တစ်နေ့ နံနက် ဆွမ်းလောင်းချိန်တွင် သံဃာတော် အပါး ငါးရာခန့် သပိတ်ပိုက်ကြလာ ကြသည်ကို ဝေလီဝေလင်းမှ စ၍ အမေတို့ကဲ့သို့ သက်ကြီးရွယ်အိုများကို ခေါ်ကာ ဆွမ်းလောင်းစေပြီး ကိုစန်းလွင်တို့က နောက်ဆုတ်နေလေ့ရှိသည်။

'ကျွန်တော်တို့က ငွေခဲတဲ့နေရာ ချက်တဲ့ပြုတ်တဲ့နေရာ ခန္ဓာကိုယ်နဲ့ရင်းပြီး ကုသိုလ်ရပြီးပြီ မဟုတ်လား မြစန်းကြည်ရဲ့။ ဆွမ်းလောင်းတဲ့ နေရာမှာတော့ သက်ကြီးရွယ်အိုတွေ ကုသိုလ်ယူကြပါစေဗျာ။ လောင်းလှူတဲ့နေရာမှာ လှူရင်း ဝိတိဗွာရင် အရှိန်အဟုန် သိပ်ကြီးတာလေဗျာ'

မြစန်းကြည်ကိုယ်တိုင် ကိုစန်းလွင်စကားကို ကြည်ညိုစွာ နားထောင်မိရင်း ကိုညွှန့်ဝင်းနှင့် ကွာလေစွယ်စဉ်းစားမိလေသည်။ အမေတို့လူကြီးပိုင်းကလည်း ချီးမွမ်းသံတွေ လွှဲနေသည်။ သာရေး၊ နာရေးဆိုလျှင်လည်း တူညီဝတ်စုံတွေနှင့် အသင်းသားတွေ ဆွမ်းလောင်းအကြိုရက်တွင် ဆန်ရွေးကြ၊ ကြက်သွန်လှီးကြဖြင့် မိန်းမတွေက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အလုပ်လုပ်ကြရာသို့ အမေကိုယ်တိုင်ပင် အိမ်က ကြက်သွန်လှီးမောကိုင်ပြီး တက်တက်ကြွကြွ လှုပ်ရှားနေတာ မြင်ရလို့ မြစန်းကြည် အလွန်ပင် စိတ်ချမ်းသာရလေသည်။ ဒီလိုနေမျိုးတွင် နီနီထွန်းကို လည်း အနားပေးထားရလေ့ရှိသည်။ နောက်တစ်နေ့ နံနက် ဆွမ်းလောင်းချိန်တွင် သံဃာတော် အပါး ငါးရာခန့် သပိတ်ပိုက်ကြလာ ကြသည်ကို ဝေလီဝေလင်းမှ စ၍ အမေတို့ကဲ့သို့ သက်ကြီးရွယ်အိုများကို ခေါ်ကာ ဆွမ်းလောင်းစေပြီး ကိုစန်းလွင်တို့က နောက်ဆုတ်နေလေ့ရှိသည်။

'ကျွန်တော်တို့က ငွေခဲတဲ့နေရာ ချက်တဲ့ပြုတ်တဲ့နေရာ ခန္ဓာကိုယ်နဲ့ရင်းပြီး ကုသိုလ်ရပြီးပြီ မဟုတ်လား မြစန်းကြည်ရဲ့။ ဆွမ်းလောင်းတဲ့ နေရာမှာတော့ သက်ကြီးရွယ်အိုတွေ ကုသိုလ်ယူကြပါစေဗျာ။ လောင်းလှူတဲ့နေရာမှာ လှူရင်း ဝိတိဗွာရင် အရှိန်အဟုန် သိပ်ကြီးတာလေဗျာ'

မြစန်းကြည်ကိုယ်တိုင် ကိုစန်းလွင်စကားကို ကြည်ညိုစွာ နားထောင်မိရင်း ကိုညွှန့်ဝင်းနှင့် ကွာလေစွယ်စဉ်းစားမိလေသည်။ အမေတို့လူကြီးပိုင်းကလည်း ချီးမွမ်းသံတွေ လွှဲနေသည်။ သာရေး၊ နာရေးဆိုလျှင်လည်း တူညီဝတ်စုံတွေနှင့် အသင်းသားတွေ ပျော်ကြသည်။ ဆွမ်းလောင်းအကြိုရက်တွင် ဆန်ရွေးကြ၊ ကြက်သွန်လှီးကြဖြင့် မိန်းမတွေက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် အလုပ်လုပ်ကြရာသို့ အမေကိုယ်တိုင်ပင် အိမ်က ကြက်သွန်လှီးမောကိုင်ပြီး တက်တက်ကြွကြွ လှုပ်ရှားနေတာ မြင်ရလို့ မြစန်းကြည် အလွန်ပင် စိတ်ချမ်းသာရလေသည်။ ဒီလိုနေမျိုးတွင် နီနီထွန်းကို လည်း အနားပေးထားရလေ့ရှိသည်။ နောက်တစ်နေ့ နံနက် ဆွမ်းလောင်းချိန်တွင် သံဃာတော် အပါး ငါးရာခန့် သပိတ်ပိုက်ကြလာ ကြသည်ကို ဝေလီဝေလင်းမှ စ၍ အမေတို့ကဲ့သို့ သက်ကြီးရွယ်အိုများကို ခေါ်ကာ ဆွမ်းလောင်းစေပြီး ကိုစန်းလွင်တို့က နောက်ဆုတ်နေလေ့ရှိသည်။

'ဒါတို့ရပ်ကွက်မှာ အများအကျိုးကို မှန်မှန်ကန်ကန် ဆောင်ရွက်ချင်သည့်သူ မရှိတော့ဘူးလား ငွေနှင့် ထိလိုက်လျှင် လူတိုင်းက ဒီလို ဖြစ်သွားကြတာပဲလား ဆိုသည့် အတွေးနှင့် ငေးနေမိသည်

မငယ်ရန် ဆောင်ရွက်ပေးသည်။ အုပ်စုအဖွဲ့များဖြင့် စုပေါင်းပြီး ကောင်းမြတ်သော အကျိုးဖြစ်အောင် ဆောင်ရွက်ရသည်ကို မြစန်းကြည် တဖြည်းဖြည်း ပျော်လာသည်။ ပိုက်ဆံ အလှူခံထွက်သည့်နေ့တွင် ဟစ်မခေါ်ရဘဲ ကာလသား၊ ကာလသမီး လူစုံတက်စုံ ဖလားပိုက်သူက ပိုက်၊ ဆန်တောင်းထမ်းသူက ထမ်းဖြင့် ရပ်ကွက်တကာ လှည့်ပြီး အလှူခံထွက်ကြသည်။ ဖလားထဲမှာ ငွေတွေ ဖွေးနေအောင် မြင်ရလျှင် အသင်းသူ၊ အသင်း

ကာ ကြောက်ရသည်။ မတော်တဆ အင်းလိုက်မိရင် သူလူဖြစ်သွားဦးမယ်၊ ဒုက္ခ။ အမေက မျက်လုံးပြူးနေပြီး နီနီထွန်းက စိတ်ဝင်စားစွာ အနားရောက်လာသည်။

'အဲဒါ လာမယ့် ဥပုသ်ပတ်ကစပြီး ကျွန်တော် လွဲယူတော့မယ်။ ကျွန်တော့် ဖိနပ်ရဲ့က ဆွမ်းချက်ဖို့လည်း ကျယ်တယ်။ သားသမီး၊ တူ၊ တူမ၊ တပည့်လက်သားများတော့ ဝိုင်းလုပ်ဝိုင်းစား အများကြီး ရှိတယ်။ အရေးကြီးတာက ငွေကောက်ခံမယ့် နေရာမှာ ထက်ထက်မြက်မြက်၊ တက်တက်ကြွကြွ၊ ဖြောင့်မတ်မှန်ကန်မှုရှိတဲ့ မြစန်းကြည်တို့လို လူမျိုး ဦးဆောင်ဖို့လိုတယ်။ ကျွန်တော့်အသင်းကို မြစန်းကြည် ကူညီစေချင်တယ်'

'ရှင်'

'လုပ်ပါ မြစန်းကြည်ရယ်။ လူတွေက ဘယ်သူမှ မယုံရလို့ပါ။ မြစန်းကြည်ရဲ့ အသင်းသူတွေကို လည်း စည်းရုံးပေးပါဦး။ အလှူခံထွက်ရင် ဦးထုပ်၊ ရင်ထိုးတံဆိပ်၊ လုံချည်၊ အင်္ကျီ၊ ဂျာကင်၊ တီရုပ်အားလုံး ဆင်တူဝတ်ရအောင် စီစဉ်မှာ။ စနစ်တကျ ဖွဲ့စည်းရမှာ။ သူများအပြောအဆို မခံရအောင်၊ အထင် မသေးအောင်လေ'

သည်လိုနှင့် ရပ်ကွက်သူ နာမည်ကြီးပေမို့ မြစန်းကြည်လည်း မရှောင်နိုင်၊ မလွှဲနိုင်ဖြင့် ဘဏ္ဍာငွေ ရှာကြံရေးအဖွဲ့ဝင်ဖြစ်ရပြန်လေသည်။ ကိုစန်းလွင်က သူ ပြောသည့်အတိုင်း အတိအကျ စီစဉ်ညွှန်ကြားပြီး သူတို့၏ အဖွဲ့သူ၊ အဖွဲ့သားများကို မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com

နာမည်ရလာသလို၊ အုပ်ကြီးကိုစန်းလွင်လည်း ဟိုဘက် ရပ်ကွက်၊ ဒီဘက် ရပ်ကွက်များတွင် လူရှိသေး၊ ရှင်ရှိသေး နာမည်ကြီးသထက် ကြီးလာသည်။

'ကျွန်တော်က ဘယ်ဆာ့မှ နောက်မတွန့်တဲ့ တိုတိတ်သမားဗျ။ ပရဟိတအကျိုးနဲ့ အတ္တဟိတအကျိုးဆုံ့လာရင် ပရဟိတကိုပဲ ဦးစားပေးမယ့်သူပါ။ ကြည့်ဦး ဆွမ်းလောင်းအသင်းကို ဦးစားပေးပြီး လုပ်နေရတာ စိတ် ကြည် နူး လွန် း လို့ ကျွန်တော်ရဲ့ ပင်ကိုလုပ်ငန်းဖြစ်တဲ့ ဖိနပ်ရုံတောင် လှည့်မကြည့် နိုင် တာကြာပေါ့။ ကျွန်တော့် မိန်းမကလည်း ပါရမီ ဖြည့်ဖက်ကောင်းဗျ။ ကိုစန်းလွင် လုပ်သာလုပ်၊ ရှင်ရော ကျွန်မရော ကုသိုလ်ရေးလုပ်ဖို့သာ အဓိက၊ ဖိနပ်ရုံပိတ်ရတော့ကော ဘာဖြစ်လဲ။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးက ကျွေးလိမ့်မယ်လို့ ပြောတာဗျ'

လူကြီးစုံရာ ရပ်ကွက်ဝိုင်းတွေမှာ ကိုစန်းလွင်က အဲဒီလိုပြောရင် အားလုံးက ခေါင်းတညိတ်ညိတ်နှင့် သာဓုခေါ်ကြရလေသည်။ ဆွမ်းလောင်းအသင်း အလှူခံသည့်အချိန်နှင့် အလှူခံသည့်ရက်ကို တိုးမြှင့်ပြီး မြို့ထဲရပ်ကွက်တွေအထိ လှည့်လည်အလှူခံကြသလို ဆွမ်းချက်သည့် ဆန်၊ ဝက်သားပိသာတွေ တိုးမြှင့်လာပြီး သံဃာတော်တွေပါ တိုးလောင်းကြရတော့ ရပ်ကွက်သားတွေပိုပြီး ပီတိဖြာကြရလေသည်။

'မမ မြစန်းကြည် တယ်လီဖုန်းလာတယ်'

ရပ်ကွက်ထိပ်က ပီစီအို ဆိုင်ကလာပြော၍ မြစန်းကြည် အပြေးအလွှား သွားနားထောင်ပြီး ချက်ချင်းဆိုသလို အိမ်ဘက်ကို ပြန်ပြေးလာသည်။ အကြော်ဆိုင်က တင်တင်မာက မြစန်းကြည် သုတ်သီးသုတ်ပျာ ဖြစ်နေတာကို မြင်တော့ နောက်ကလိုက်လာသည်။

'အမေ ရွာမှာ အဘွားနေမကောင်းလို့တဲ့၊ အမေအမြန်သွားမှဖြစ်မှာ၊ အို အမေတစ်ယောက်တည်းလည်း သွားလို့ဖြစ်မှာ မဟုတ်ပါဘူး၊ ကျွန်မပါ လိုက်ခဲ့မှဖြစ်မှာပါ'

'သွားသာသွားမမ အပ်ထည်တွေ ကျွန်မတာဝန်ထား၊ အိမ်လည်းစောင့်ပေးမယ်'ဟု နီနီထွန်းက ဝင်ပြောသည်။

တင်တင်မာက 'မြစန်းကြည်ရယ် နင်ပြေးသွားလို့ ဘာများအရေးကြီးလို့လဲလို့ နောက်ကလို က် လာတာ၊ မသွားမှ မဖြစ်ဘဲ သွားပေါ့အေ၊ ဒီလိုပေါ့။ ငါတော့ အားလျော့ပါသေးတယ်အေ၊ အခုအပတ်မှစပြီး အုပ်ကြီးက ဈေးချိုတစ်ရက်၊ ကိုင်းတန်းဈေးတစ်ရက် အလှူခံတိုးထွက်ရမယ်လို့ ပြောနေတာ၊ ညည်းမပါတော့ ပျင်းပါသေးတယ်အေ'

ဘယ်လောက်ပဲ ပရဟိတ လုပ်ချင်လုပ်ချင် ကိုယ့်အဘွား ကျန်းမာရေးဆိုတော့ အကုန်ပစ်ထားခဲ့ရသည်။ မြစန်းကြည်နှင့် အမေတို့ အဝေးပြေးကားဖြင့် ရွာသို့ ပြန်လာခဲ့ရသည်။ ဟိုရောက်တော့ အဘွားကို စိတ်ရောကိုယ်ပါ ပြုစုပေမဲ့ ရောဂါက မသက်သာဘဲ တိုးလာ၍မြို့နယ်ဆေးရုံသို့ တင်လိုက်ရသည်။ ရွာက သားသမီးတွေက လယ်လုပ်၊ ပဲနှမ်းတောင်သူအလုပ်တွေနဲ့မို့ မြစန်းကြည်တို့ သားအမိပဲ ဒိုင်ခံဆေးရုံစောင့်ရသည်။ ဆေးရုံကဆင်းပြန်တော့ နာလန်ထစအဘွားကို အသက်ကြီးပြီမို့ ကလေးလိုပြန်ပြီး ပြုစုတတ်တာ ငါတူမမြစန်းကြည်ပဲရှိတာအေ၊ မြို့သံယောဇဉ် တွယ်မနေပါနဲ့တော့၊ ရွာသာရွှေ့ခဲ့ပါတော့။ ညည်းတို့သားအမိနှစ်ယောက်တည်းများ ငါတို့ကျေးထားနိုင်ပါတယ်အေဆိုသည့် ဆွေမျိုးတစ်စုက ဝိုင်းတားကြတာကြောင့် မြစန်းကြည်တို့ ပြန်ရက် နှောင့်နှေးရပြန်သည်။

'အမေရေ အပြီး ရွာမှာနေလို့တော့ မဖြစ်ဘူးတော့။ တစ်ခေါက်တစ်ကျင်းတော့ ပြန်ချေဦးမယ်။ ကျွန်မစက်ဆိုင်လည်း ဘယ်အခြေအနေ ဆိုက်နေလဲ မသိဘူး၊ ဖောက်သည်တွေနဲ့ နီနီထွန်းရော အဆင်ပြေပါ့မလားမသိ'

တစ်ရက် မြစန်းကြည် အမေ့ကို ပွင့်ပွင့်လင်းလင်းပြောပြမိသည်။ ဘယ့်နှယ်နှစ်လကျော် သုံးလထဲရောက်နေပြီ မြစန်းကြည် မြို့ကို ပြန်ချင်နေသည်။ အမေကတော့ ရွာက အမျိုးတွေ ဝိုင်းဝိုင်းလည်နှင့် နေရတာ ပျော်နေသလားမသိ၊ မလုပ်တလုပ်သာရှိပြီး ပြန်မည်လို့ စကားတစ်ခွန်းမဟပေ၊ အမေ့ကို မြစန်းကြည် စိတ်တိုလာသည်။

'ကဲ အမေ အမျိုးတွေနဲ့ ပျော်နေရင် မလိုက်ချင်ရင် နေခဲ့ဦး။ ကျွန်မကတော့ အခုလို သီတင်းကျွတ်၊ တန်ဆောင်မုန်းဆို အင်ထည်တွေ မတရား ချုပ်ရတာ၊ ရပ်ကွက်ထဲမှာ စက်ဆိုင်တွေ အပြိုင်ဆိုတာလည်း အမေ အသိ၊ တော်ကြာ ကိုယ့်ဖောက်သည်တွေ သူများလက် ပါဦးမယ်။ ကျွန်မကို ကားလက်မှတ်သာဖြတ်ပေးတော့၊ ကိုယ့်ဟာကိုယ် ပြန်မယ်'

'ညည်းတစ်ယောက်တည်း ပြန်လို့တော့ ဖြစ်ပါ့မလားအေ'

'အမေက မပြန်ချင်သေးဘူး မဟုတ်လား၊ နေခဲ့ပေါ့'

'ဟုတ်တယ်၊ ကြီးကြီးက ရွာမှာနေခဲ့၊ မမမြစန်းကြည်ကို သား လိုက်ပို့လိုက်မယ်၊ သားလည်း မြို့ကို အလည်ရောက်ရော'

'ဟဲ့ အောင်မင်းစိန် နင်တကယ်ပြောတာလား'

'တကယ်ပေါ့ဗျ'

မြစန်းကြည်ဖြင့် အမေနှင့် သူ မပြေမလည် ကြားထဲမှာ ဝင်ပြောလိုက်သည့် ဦးလေး၏သား အောင်မင်းစိန်ကို ကျေးဇူးတင်လိုက်တာ၊ အောင်မင်းစိန်ကလည်း အဝေးသင်နှင့် ဘွဲ့ယူပြီး လယ်ထဲချောင်းထဲ မဆင်းရသေးမီ မြစန်းကြည်နှင့် မြို့ကို လိုက်လည်ရမည် ဖြစ်၍ အရမ်းပျော်နေသည်။ မြစန်းကြည် ကလည်း လောက်လောက်လားလား တစ်ဝမ်းကွဲမောင်တစ်ယောက် လိုက်ပို့မည်ဖြစ်၍ စိတ်ချလက်ချ အမေ့ကိုထားခဲ့ပြီး မောင်နှမနှစ်ယောက် အဝေးပြေးကားနှင့် မြို့သို့ ပြန်လာခဲ့ကြသည်။ အထုပ်တွေထမ်းပြီး အရပ်အဝင်-

www.burmeseclassic.com

'မမတို့ အရပ်က အပျံစားပါလား။ RC တိုက်တွေချည်းပဲ တယ်ဟုတ်ပါလား။ အိမ်မှ တစ်အိမ်နှစ်အိမ်ရှိတာ။ ဟင်း ဟင်း မမအိမ်က အိမ်မည်းကြီး'

စကားတွေ တဖောင်ဖောင်ပြောနေသည့် မောင်ကို ပြန်မပြောနိုင်ဘူး။ အိမ်ထဲကိုသာ မြန်မြန်ဝင်မိသည်။ အိမ်ထဲမှာ နီနီထွန်းက စက်ချုပ်နေပြီး တင်တင်မာကို ထူးထူးဆန်းဆန်း နီနီထွန်းနားမှာ ထိုင်နေတာတွေ့ရလို့ မြစန်းကြည် အံ့သြသွားသည်။

'ဟော မမပြန်လာပြီ' ဟု နီနီထွန်းကအော်သည်။

'ဟဲ့ ထူးထူးဆန်းဆန်း တင်တင်မာက အင်္ကျီအပ်နေတာလား အတော်ပဲ၊ အတော်ပဲ၊ ရွာက ထန်းလျက်တွေ ပေါက်ပေါက်ဆုပ်တွေ၊ ပဲလျော်ကြော်တွေ ပါလာတယ်။ ဟဲ့ အောင်မင်းစိန် တောင်းထဲက အထုပ်တွေ ဖြေစမ်း၊ လက်ဆောင်တွေ ပေးရအောင်။ အုပ်ကြီး ကိုစန်းလွင်တို့ဖို့လည်း ပါတယ်။ ငါ အများကြီးထည့်ခဲ့တာ။ ဒါနဲ့ နေစမ်းပါဦး။ ဒီနေ့ အဝေးဖိတ် မဟုတ်လား၊ ညည်းတို့က ဆွမ်းဆန်ခံ မထွက်ဘဲ ဘာလုပ်နေကြတာတုံး'

မြစန်းကြည်အမေးကို ဘယ်သူမှ မဖြေကြပေ။ လက်ဆောင်တောင်းနားကို ဝိုင်းအုံလာကြပြီး အထုပ်တွေကို နှိုက်ကြသည်။

'ရော့ ဒါက တင်တင်မာဖို့၊ နီနီထွန်းက ဒါယူ၊ အထုပ်ကြီးကတော့ အုပ်ကြီးတို့အိမ်ဖို့အေ။ သူကတော့ ကိုယ့် အုပ်ကြီးလည်းဖြစ်ကုသိုလ်လုပ်နေတဲ့သူဆိုတော့ ကြီးကြီးပေးရမှာပေါ့။ တင်တင်မာ နင်ပြန်ရင် အဲဒီလက်ဆောင်ထုပ် အုပ်ကြီးဝင်ပေးလိုက်အေ'

'နင်ဘာနင်သာ သွားပေးလိုက်စမ်းပါ၊ ငါမသွားချင်ဘူး'

'ဟဲ့'

တင်တင်မာက ဆတ်ခနဲ ငြင်းလိုက်လို့ မြစန်းကြည် ဟဲ့ခနဲ အော်လိုက်မိသည်။ ပျက်တက်တက်ဖြစ်နေကြသော မျက်နှာတွေကို စူးစူးစမ်းစမ်း စပ်စုကြည့်မိရင်းက တစ်စုံတစ်ခုကို သဘောပေါက်သလို ဖြစ်လာပြီး လက်ထဲက အထုပ်တွေကို လွှတ်ချလိုက်ရင်း....

'ဟဲ့ ငါသွားနေတုန်းနင်တို့...'

'အေး လာ ခရီးရောက်မဆိုက်ဘဲ နင့်ကို ပြောရဦးမယ်'ဆိုပြီး တင်တင်မာက ခုံတန်းလျားပေါ် သွားထိုင်လိုက်သဖြင့် မြစန်းကြည် အူကြောင်ကြောင်နှင့် ထိုင်လိုက်ရသည်။

'အစကတော့ ငါတို့ အုပ်ကြီး အရမ်းတော်တာ၊ တကယ်ကောင်းတဲ့ လူတစ်ယောက် ငါတို့ရပ်ကွက်က ရလိုက်ပြီလို့' ငါတို့လည်း အောက်မေ့ခဲ့ကြတာ၊ ကိုစန်းလွင်က သူပြောတဲ့အတိုင်း တကယ်လုပ်တဲ့လူဟ'

'ဟင် ဟင် နင်ဘာပြောတာလဲ'

မြစန်းကြည် နားမျက်စိလည်သွားသည်။ 'သူပြောတဲ့အတိုင်းလုပ်တာဆိုရင် အပြောနဲ့ အလုပ်နဲ့ ညီတဲ့လူပေါ့။ ဒါဆိုရင် ဘာဖြစ်ကြတာလဲ'။ တင်တင်မာက တခစ်ခစ်ရယ်နေသည်။

'နင်လည်း မှတ်မိမှာပါ၊ ကိုစန်းလွင်က လူထူထူဆိုရင် ခဏခဏပြောတယ်လေ၊ သူ့ကိုယ်ကျိုးစီးပွားမလုပ်တော့ဘူး၊ ဖိနပ်ရုံ လှည့်မကြည့်တော့ဘူး။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးက ကျွေးလိမ့်မယ်ဆိုတာလေ'

'ဟင် အဲ့ ဒါ ဘာဖြစ်လို့တုံး'

'အဲ့ဒါပေါ့ဟ၊ သူတို့ မိသားစုတွေနဲ့ ဖိနပ်ရုံအလုပ်သမား ဆယ်ယောက်လောက်က ဘာအလုပ်မှ မလုပ်တော့ဘဲ ရတနာသုံးပါးကျွေးတာစားနေကြတာလေ၊ တစ်ပတ်ကို ငါးရက်အလှူခံတယ်၊ တစ်ရက်က ဆွမ်းချက်တယ်၊ ဥပုသ်နေ့ ဆွမ်းလောင်းတယ်၊ ငါတို့လည်း ပထမတော့ သတိမထားမိသေးဘူး။ ငါး ရက်ကြီးဆိုတော့ ရပ်ကွက်သူ ရပ်ကွက်သားတွေက ကိုယ့်အလုပ်နဲ့ကိုယ် အလှူခံမလိုက်နိုင်ကြဘူး။ အုပ်ကြီးက ရပါတယ်၊ ရပါတယ်၊ ရပ်ကွက်က မလိုက်နိုင်လည်း ကျွန်တော့် လူနဲ့ ကျွန်တော် ရအောင် လုပ်ပါ့မယ်ဆိုပြီး လုပ်တာ။ တဖြည်းဖြည်းနဲ့ ရပ်ကွက် ဆွမ်းလောင်းသင်းက သူ့ကိုယ်ပိုင် ဆွမ်းလောင်းအသင်းဖြစ်သွားရောဟ။ အလှူခံရတာတွေနဲ့ လူနှစ်ဆယ်လောက် နေ့တိုင်းစားတယ်၊ သုံးတယ်။ ရွှေတွေငွေတွေ ပိုတယ်၊ ရပ်ကွက်က မြင်နေရတာပဲ။ ဒါပေမဲ့ သူက နပ်တယ်။ ဆွမ်းကို ဆွမ်းဟင်းခွက်တွေ တိုးလောင်းတယ်။ ကိုယ့်စီးပွားရေးကိုယ်ကော မလုပ်နိုင်ဘူး။ ဖိနပ်ရုံပိတ်မလောက်ဖြစ်တဲ့အထိ ကျိုးစွန့်ပြီး လုပ်ရတာ။ မူးဘူး၊ မပူဘူး။ ရတနာသုံးပါးက ကျွေးပါလိမ့်မယ်ဆိုတာ နာနာပြောတော့ လူကြီးလည်း ဆွမ်းလောင်းသင်း မပျက်ရင်ပြီးတာပါပဲလေ ဆိုပြီး နှာစေးနေကြတာပေါ့ဟာ။ ငါတို့လည်း မသွားကြတော့ဘူး။ သူတို့ကလည်း အဝင်မခံတော့ဘူး၊ သူ့ဘာသူ့ပြည့်နေတာ ပါပဲဟာ'

မြစန်းကြည် ခုံတန်းလျားကို ကျောမှီချလိုက်ရင်း စိတ်ပျက်လက်ပျက် ဖြစ်သွားရလေသည်။ ငါတို့ရပ်ကွက်မှာ အများအကျိုးကို မှန်မှန်ကန်ကန် ဆောင်ရွက်ချင်သည့် သူ မရှိတော့ဘူးလား။ ဆွမ်းထိလိုက်လျှင် လူတိုင်းက ဒီလိုဖြစ်သွားကြတာပဲလား။ သည့်အတွေးနှင့် ငေးနေသည်။ တင်တင်မာ ပြန်သွားတော့ ခုံတန်းလျားလေးမှာလှဲ၍ တစ်မှေးမှေးမိသည်။ မိုးကြိုး သည်းထန်စွာ ရွာသည်ကို ပင် မသိတော့။ ဘယ်လောက် အိပ်ပျော်သွားသည်မသိ။ မြစန်းကြည်နိုးလာတော့ မိုးလည်း စဲသွားပြီ၊ ရေပါသောမိုးကြောင့် မြောင်းတွေပိတ်၍ ရပ်ကွက်လည်း ရေလျှံနေပြီ။ ဒီရှုခင်းကို ခဏောက်ကြည့် နေသော အောင်မင်းစိန်က-

'မမမြစန်းကြည် ပေါက်တူးရှိလား၊ ပေးစမ်းပါဦး ဘယ်သူမှလည်း ထွက်မလာကြဘူး။ ရွာမှာ ရေလွှမ်းခဲ့တဲ့ အခင်းထဲ ကတူးပေါက် ဖောက်ပေးမှ ရေကုန်တာ။

www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့သော
ရွှေအမြူတေမဂ္ဂဇင်းသည် စာပေလောကတွင်
အခိုင်အမာ ရပ်တည်ခဲ့ပြီး ယခုအခါ
၂၄ နှစ်ပြည့်မြောက်ပြီဖြစ်ပါသည်။
၂၀၁၃ ခုနှစ် နိုဝင်ဘာလထုတ် ရွှေအမြူတေမဂ္ဂဇင်းကို
၂၄ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ထူးခြားခဲ့ညားစွာ
စီစဉ်ထုတ်ဝေမည် ဖြစ်ပါသည်။
ပါနေကျအခန်းကဏ္ဍများအပြင်
တစ်မူထူးခြားသော ကဏ္ဍများ၊ တွေ့ဆုံမေးမြန်းခြင်းများ၊
ဖက်ရှင်ဒီဇိုင်း အစီအစဉ်များအပြင်
ယနေ့မြန်မာနိုင်ငံမှာ အကျော်ကြားဆုံး အထင်ရှားဆုံး
ပုဂ္ဂိုလ်များ၏ ပြောစကားများကိုလည်း
ကြားကြရမည်ဖြစ်ပါသည်။
ရွှေအမြူတေ၏ အထင်ရှားဆုံးအခန်းကဏ္ဍဖြစ်သည့်
ရွှေအသစ်ကဏ္ဍကိုလည်း
တစ်မူထူးခြားစွာ စီစဉ်တင်ဆက်မည်ဖြစ်သည်။
အလားတူ ရွှေအမြူတေ၏ စင်တင်စာရေးဆရာများ
ရေးသားသည့် ရသဝတ္ထုအစုံအလင်ကိုလည်း
ဖော်ပြမည်ဖြစ်သည်။
လစဉ်ပါနေကျ အခန်းကဏ္ဍများကိုလည်း
ထူးထူးခြားခြား မြင်တွေ့ဖတ်ရှုကြရအောင်
စီစဉ်ဆောင်ရွက်လျက် ရှိပါသည်။
၂၄ နှစ်ပြည့်ရွှေအမြူတေ အထူးထုတ်ကို
စာဖတ်သူများလက်သို့ အချိန်မီရောက်ရှိနိုင်ရန်
ကြိုးစားလျက်ရှိကြောင်း
သတင်းကောင်းပါးလိုက်ပါသည်။

■

အယ်ဒီတာအဖွဲ့

အဲဒီလို လုပ်ပေးလိုက်ဦးမယ်'

မြစန်းကြည် သူမောင်ကို ချီးမွမ်းအံ့သြရင်း ပေါက်တူးထုတ်ပေးလိုက်သည်။ အောင်မင်းစိန်က မိုးတဖွဲဖွဲထဲ ထွက်သွားပြီး မြောင်းဖုံးတွေ လိုက်လှန်သည်။ မြောင်းထဲမှာ ပိတ်နေသည့် နွံတွေ၊ သဲတွေ၊ ခဲတွေ၊ ပလတ်စတစ်အမှိုက်တွေကို မြောင်းပေါင်း ပေါ်တင်ပြီး ရေစီးရေလာကောင်းအောင် လုပ်နေတော့ ဟိုအိမ် ဒီအိမ်က ယောကျ်ားသားတွေ၊ လူငယ်တွေ ထွက်လာပြီး ဝိုင်းလုပ်နေကြတာ မြစန်းကြည် တွေ့ရသည်။ ခါတိုင်း မိုးရွာလျှင် တစ်ရက်လောက် ရေဝပ်နေသည့် ရပ်ကွက်က နာရီပိုင်းနှင့် ရေကျသွား၍ အားလုံးပျော်နေကြသည်။ အောင်မင်းစိန်တို့ စည်းရုံးရေး ကောင်းလိုက်ပုံက ည နေစောင်းတွင် အရပ်ထဲက လူငယ်တွေက အောင်မင်းစိန်ကို လက်ဖက်ရည်ဆိုင် သွားမယ်လို့ လာခေါ်ကြသည်။

'တယ်ဟုတ်ပါလား ဟော့၊ မမကလည်း အပ်ထည်တွေပုံနေလို့ ခေါင်းမဖော်တမ်း ချုပ်နေရတာနဲ့ အောင်မင်းစိန် ပျင်းနေမယ်ထင်နေတာ၊ အခုတော့ မင်းက အဖော်တွေရလို့'

'မမတို့အရပ်ထဲက လူငယ်တွေက ကျွန်တော့်ကို သိပ်ခင်ကြတာဗျ၊ သဘောလည်း ကောင်းကြတယ်'

သုံးလေးရက် မြစန်းကြည် သူမောင်ကို လှည့်မကြည့်နိုင်၊ အပ်ထည်တွေကို သာ ပွတ်တောအမီပေးဖို့ အာင်းချုပ်နေရသည်။ အောင်မင်းစိန်ကိုလည်း မိုးလင်းသည်နှင့် လူငယ်တွေ လာခေါ်သွားကြသည်။

'မမ မြစန်းကြည် တစ်ထောင်ထည့်ပါ။ တစ်အိမ်တစ်ထောင် ငွေကောက်ရမှာမို့ ကျွန်တော်တို့ ရန်ပုံငွေ'

'ဟင် ဘာလုပ်မလို့လဲ'

'ဟာ မမတို့ရပ်ကွက်က ရေဆိုးထဲ ဝပ်နေတယ်။ အမှိုက်တွေလည်း ပွလို့၊ ကိုင်းတောတွေက ရှိသေး။ ဒါတွေကို ရှင်းဖို့၊ လင်းဖို့ ရပ်ကွက်သန့်ရှင်းရေး အသင်းဖွဲ့လိုက်တယ်လေ။ ကျွန်တော် လည်း ရွာကို တော်တော်နဲ့ ပြန်ဖြစ်မှာ မဟုတ်လို့ အကြံပေးလိုက်တာနဲ့ ဖွဲ့လိုက်ကြတာ၊ အဖွဲ့ဆိုတော့ ရန်ပုံငွေ လိုတယ်လေ'

မြစန်းကြည် သူမောင်ကို မျက်လုံးပြူးကြည့်မိသည်။

'နင်က အဲဒီအဖွဲ့မှာ'

'ဟုတ်တယ်၊ ကျွန်တော်က ဥက္ကဋ္ဌလေ၊ အခုဆိုရင် လူငယ်တွေက ကျွန်တော့်ကို အုပ်လေးလို့ ခေါ်နေကြပြီ မမရဲ့၊ နာမည်မခေါ်ကြတော့ဘူးဗျ'

မြစန်းကြည် တုန်တုန်ယင်ယင် ထုတ်ပေးလိုက်သည့် တစ်ထောင်တန်ကိုယူပြီး အောင်မင်းစိန်က လေလေး တချွန်ချွန်နှင့် ထွက်သွားလေသည်။ အိတ်ကပ်ထဲက တစ်ထောင်တန် အထပ်လိုက်ကို ကြည့်ရင်း...

'ဩော် ဒီရပ်ကွက်သေးသေးလေးထဲမှာ ဥက္ကဋ္ဌ တစ်ယောက် တိုးလာပြန်ပါပေါ့လား'ဟု မြစန်းကြည် တိုးတိုးလေး ရေရွတ်လိုက်မိတော့သည်။ ■

ယဉ်ယဉ်နု၊မန္တလေး၊

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဓလေ့ဒေသ စာဒဿိမ္ဘ မောရမ်ကောလစ်ခြင်း မဟုတ်မမှန်ပြဿနာကြီး ကြောက်ရွံ့ရေးသားခဲ့ကြမှုကို ချေပခြင်း

မောင်သန်းဆွေ၊ဆားဝယ်

နာမည်ကျော် အိုင်းရစ်စာရေးဆရာကြီး မောရစ်ကောလစ်ရေးသည့် She was a Queen စာအုပ်သည် မြန်မာ့သမိုင်း၏ ပုဂံခေတ်မှ မိဖုရားစောအကြောင်းကို ရေးသားခဲ့သည့် နာမည်ကြီး စာအုပ်တစ်အုပ်ဖြစ်သည်။ စာရေးသူအနေဖြင့် မောရစ်ကောလစ် ရေးသမျှ စာအုပ်များသည့် အင်္ဂလိပ်ကို မကျွမ်းသော အိုင်းရစ်လူမျိုးပီပီ ပြဿနာကိုကား မဖန်တီးဘဲ အကောင်းရေးသားခဲ့သည်ဟုဆိုသော ထင်ခဲ့ပါသည်။ သို့သော် သူ ရေးခဲ့သည့် ဇနီးမောင်စာအုပ်နှင့် ပတ်သက်၍ မြန်မာကို ချစ်မြတ်နိုးလှပါသည်ဆိုသော မောရစ်ကောလစ်သည် မြန်မာမင်းအနွယ်တော် မင်းသမီးကလေးနှင့် ဥရောပတိုက်သား ပန်းချီဆရာတို့၏ အချစ်ဇာတ်လမ်းအစား မြန်မာမင်းအနွယ်တော် မင်းသားတစ်ပါးနှင့် ဥရောပတိုက်သူတို့၏ အချစ်ဇာတ်လမ်း ကိုသာ ရေးဖွဲ့သည်ဟု စဖတ်ရသောခဲ့ပါသည်။ မောရစ်ကောလစ် ရေးသည့် She was a Queen ဇာတ်ပဲကို ဖတ်ခဲ့ဖူးသည်။ ထိုစာအုပ်ကိုဖြီးသောအခါ မောရစ်ကောလစ်၏

www.burmeseclassic.com

www.burmeseclassic.com

ရေးသားချက်များကြောင့် သူအပေါ် အကြည်ညိုဖျက်ခဲ့ရသည်။ ပြန်လှန်ချေပ၍ ရေးသားချင်သော်လည်း ကျွန်တော်ကဲ့သို့သော ပါမွှားစာရေးဆရာတစ်ယောက်က ကမ္ဘာကျော်စာရေးဆရာကြီးတစ်ဦးကို ဝေဖန်ချေပ၍မရေးသားရဲခဲ့ပါ။

ယခုမူ သူရိယသတင်းစာတိုက်မှ ဘာသာပြန်ထားသည့် ကထိကဦးသက်တင်၏ **စောဒေဝီ** စာအုပ်ကို ချေပထားသည့် **တရုတ်နှင့်မညားဆောင်းပါး** ကိုဖတ်ရှုပြီးနောက် ကထိကဦးသက်တင်နှင့်အတူရောရ၍ မောရစ် ကောလစ်၏ မဟုတ်မမှန်လုပ်ကြံစော်ကားရေးသားချက်များကို ချေပရေးသားလိုက်ရပါသည်။

She was a Queen စာအုပ်နှင့် ပတ်သက်၍ မြန်မာဘာသာပြန်ဆိုချက်များစွာရှိပါသည်။ အချို့က 'မိဖုရားစော' ဟူ၍လည်းကောင်း၊ 'မိဖုရားဖွားစော' ဟူ၍လည်းကောင်း ဘာသာပြန်ဆိုခဲ့ကြသည်။ သူရိယသတင်းစာတိုက်မှ ဘာသာပြန်တွင်မူ 'စောဒေဝီ' ဟူ၍အမည်ပေးထားသည်။ မူရင်းစာအုပ်တွင်-

'မှန်နန်းရာဇဝင်၌ စာတင်ထားသည့်အတိုင်း မှန်သောအဖြစ် အပျက်များဖြစ်သည်' ဟု မျက်နှာဖုံးစာရွက်နှင့် နိဒါန်းတွင် မောရစ်ကောလစ်ရေးသားထားသည်ကို တွေ့ရပါသည်။ ဤသည်ကို ကထိက ဦးသက်တင်က မှန်နန်းရာဇဝင်လာအဖြစ်အပျက်တိုင်း မဟုတ်ဘဲ၊ ရဟန္တာတစ်မျှ ပုဂံသူပုဂံသားတို့ကိုးကွယ်ခဲ့သော ပန်သကူမထေရ်ကြီးကို လည်းကောင်း၊ ဘုရားဒါယကာသာသနာ့ဒါယကာဖြစ်တော်မူသော နရသီဟပတိ(တရုတ်ပြေးမင်း) ကို လည်းကောင်း၊ အကျင့်စာရိတ္တ၊ ဉာဏ်အမြော်အမြင်၊ အဆင်အခြင်၊ အသိအလိမ္မာ၊ သီလသမာဓိတို့နှင့် ပြည့်စုံတော်မူသော သာသနာ့ဒါယိကာမ မိဖုရားဖွားစောကို လည်းကောင်း၊ မြန်မာလူမျိုးတို့ကိုလည်းကောင်း စော်ကားရိုင်းပျထားသည်မှာ သိပေါမင်းနှင့်

ဒဂုံ သားမြတ်ပုံကို အတုယူ၍ ဥဒ္ဒိဿစေတီ တည်ရန် အကြံပေးစကားကို မစောသည့် ဗုဒ္ဓဘာသာ ကိုးကွယ်သော မြန်မာမိန်းမတစ်ဦး အဖြစ်ဖြင့် ဘယ်နည်းနဲ့မျှ စိတ်ကူး ပြောဆိုမည် မဟုတ်

မိဖုရား စုဖုရားလတ်ကို မစွတာန္တိုင့်စော်ကားထားသည်ထက် ဆိုးရွားညစ်ညမ်းသည်ကိုတွေ့ရပါသည်ဟု ရေးထားသည်။

ပုဂံရာဇဝင်မှ မင်းခွေးချေးကို မောရစ်ကောလစ်က 'ညစ်ပတ်သောခွေးကလေး' ဟူ၍ ရိုင်းပျစွာအမည်သစ်ပေးထားသည်။ ဦးကုလားနှင့် မှန်နန်းရာဇဝင်များတွင် မင်းခွေးချေးဟူ၍သာ ဆိုထားပါသည်။

'မောရစ်ကောလစ် အခြေခံသော ဦးဖေမောင်တင်နှင့် ကို-အိပ်-လုစ်တို့ အင်္ဂလိပ်ဘာသာပြန်ထားသည့် မှန်နန်းရာဇဝင်စာအုပ် စာမျက်နှာ ၁၅၈၊ ခြောင်းရေ ၁၅ တွင် (ခွေးချေး)ဟူသော အနက်ဖြင့်သာ ရေးသားထားသည်။ (ညစ်ပတ်သောခွေး)ဟူသော အနက် ဖြင့် ဘာသာပြန်မထားပါ။ ထို့ကြောင့် မင်းခွေးချေးကား (ညစ်ပတ်သောခွေးကလေး)မဟုတ်။ ညစ်ပတ်စွာရေးထားသော မောရစ်ကောလစ်ကို သာလျှင် (ညစ်ပတ်သော ကောလစ်)ဟု အ ထူးပေးသင့်တော့သည်' ဟု ကထိ ဦးသက်တင်က ရေးထားသည် တွေ့ရပါသည်။

ကထိကဦးသက်တင်က-

'(ညစ်ပတ်သောခွေးကလေး) သော ကောလစ်၏အခေါ်သည် လည် ကောင်း၊(ဦးကုလား၏မင်းခွေး ဟူသော အခေါ်သည်လည်းကော မြန်မာဘုရင်တစ်ပါးကိုခေါ်ကောင်း အမည်များမဟုတ်ချေ။ ဦးကုလား ရေးသားချက်သည် မတင့်တယ်၊ ရာဟု မှန်နန်းဆရာတို့ မစဉ်းစားမိ နရသီဟပတေ့မင်းကို(မင်းခွေး) ၍ မယဉ်ကျေးသောအမည်နှင့် ယခု မှတ်သားနေကြသည်။ မှန်နန်းဆရာ ကသာ ဦးကုလား၏ မယဉ်ကျေး အခေါ်ကိုလက်မခံဘဲ၊ စဉ်းစားစ သုတ်သင်ပစ်ခဲ့ပါမူ ကောလစ်က သော လူမျိုးကွဲတစ်ဦးက မြန်မာဘာ တစ်ပါးကို မလေးမစားရေးသားနိ လမ်းပေါ်ပေါက်မည်မဟုတ်ပါ။' ဟု မှန်နန်းရာဇဝင်ရေးသားသူများကို ပြစ်တင်ဝေဖန်ထားသည်။ (မင်းခွေး ချေး)ဟု နရသီဟပတေ့မင်းကို ခေါ်ခြင်းသည် ဦးကုလားနှင့်မှန်နန်း ဆရာတို့ မှားလေသည်။ အဘယ် ကြောင့်ဆိုသော် ပေါက္ကရာဇဝံသပါဠိတ်

(၁) မင်းခွေ နာမဿ ရာဇကုမာ ဿ ဟူ၍လည်းကောင်း၊

(၂) ဒလနဂရံ မင်းခွေနာမ ရာ ကုမာရံ ဟူ၍လည်းကောင်း၊

(၃) သောမင်းခွေနာမ ရာဇပုတ္တော ဟူ၍လည်းကောင်း ပါဠိစီ၍ ရေးသား ထားသောကြောင့် (မင်းခွေ)ဟု လိုက် မရေးဘဲ (မင်းခွေးချေး) ဟုရေးသော ဦးကုလားနှင့် မှန်နန်းဆရာတို့သည် မှား လေသည်။

(မင်းခွေ)ဟူသော အမည်၏ အနက်ကို ကား ထိုမင်းသားငယ်ရွယ် ချေဆတ်သောရောဂါအပြင်းအစဉ်ဖြစ် ၍ အိပ်ရာထဲတွင် ခွေလျက်နေရသော ကြောင့်(မင်းခွေ)ဟူ၍ဟုတ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com

ဘရုတ်ပြေးမင်းအများတော်ပုံ စာတမ်းဘွင် တွေ့ရပါသည်။

ဦးကုလား၏အများကို မှန်နှန်းဆရာတို့လိုက်၍ မှားထားသောကြောင့် ဘက္ကသိုလ်ကျောင်းအုပ်ကြီး ဦးဖေမောင်တင်ကလည်း မှန်နှန်းကို အင်္ဂလိပ်ဘာသာပြန်ထားရာ၌ Dog's Dung (ခွေးချေး)ဟု ပြန်ဆိုထားသည်။ ထိုမှန်နှန်းအင်္ဂလိပ်မူကို အခြေပြုရေးသောကောလစ်က (မင်းသားမင်းခွေ)ကို (ညစ်ပတ်သော ခွေးကလေး) ဟု ကောင်းသော စိတ်ထားနှင့် ချဲ့ထွင်ရေးသားပြန်တော့သည်ကို တွေ့ရ၏။

ကထိက ဦးသက်တင်က ထိုစာဒေဝီ စာအုပ်နှင့်ပတ်သက်၍-

'ကျစ္စာမင်းကြီးနှင့် အတူစက်ရုန်းရွေးကောက်ခံရတော်မူသော ကိုယ်လုပ်တော်သည် ပရမတ္ထမိန္ဒုကျမ်းနှင့် ပတ်သက်သော မေးခွန်းများကို အဖြေနိုင်ဆုံးသော ကိုယ်လုပ်တော်ဖြစ်သည်ဟု ကောလစ် ရေးထားသည်ကို တွေ့ရပြန်သည်။ ကောလစ်၏စိတ်ကူးသည် ညစ်ညမ်းရုံသာမက အလွန်သိမ်ဖျင်းကြောင်း ထိုရေးသားချက်က သက်သေခံတော့သည်။ လောကတ္တရာကျမ်းကို ကျမ်းကျင်သောကြောင့် ကာမဂုဏ်ဆုပေးသောထုံးစံသည် ဗုဒ္ဓဘာသာထွန်းကားရာ မြန်မာနိုင်ငံတော်၌ မည်သည့်အခါကမှ မရှိခဲ့။ ကောလစ်တို့ တိုင်းပြည်၌ ဦးဗဟိုလ်ကျမ်းစာကို ကျမ်းကျင်သော မိန်းမတစ်ဦးအား ကာမဂုဏ်ဆုချီးမြှင့်သော ထုံးစံရှိ၍များ တိုင်းပြည်ချင်းစာလျက် ရေးသားရေ့သလား' ဟု ဆွေးထင်စရာ ရှိတော့သည်ဟူ၍ ပြင်းပြင်းထန်ထန် ချေပရေးသားထားသည်။

၄င်းစာအုပ်တွင် မဖုရားဖွားစောသာမန် မစောဘဝက သူကောင်းပြုခံရသောအဝိုင်း၌ တရုတ်ပြေးမင်း နောက်သို့ လိုက်သွားရန် မစောပြင်ဆင်နေသောအခါ၊ သူ၏သူငယ်ချင်းများလာ၍ ဘီးတိုးစကားပြောသည်ကို *'ငါ၏သားမြတ်ပုံကို စေတီတည်ပြီးမှ တစ်ဖန်မေးဝါ'* ဟု မဖုရားလောင်းမစော ပြန်ပြောဟန်ရေးသားထားသည်ကို တွေ့ရသဖြင့် ကထိက ဦးသက်တင်က ရေးသားထားသည်မှာ-

'မိမိသားမြတ်ပုံကို အတုယူ၍ ဥဒ္ဒိသစေတီတည်ရန် အကြံပေးစကားကို မစောသည် ဗုဒ္ဓဘာသာကိုးကွယ်သော မြန်မာမိန်းမတစ်ဦးအဖြစ်ဖြင့် ဘယ်နည်းနဲ့မျှ စိတ်ကူးပြောဆိုမည်မဟုတ်။ သားမြတ်သာမကယောနိကို ပင်ဝတ်လစ်စလစ်ထား၍ ဖန်းချီ၊ ဖန်းပုတို့သာမဟုတ် ကပ္ပါကြည့်သူ အမြောက်အမြား၏ အကြည့်ခံနေကျဖြစ်သော ဥရောပတိုက်သူတို့၏ စိတ်တွင်သာထိသို့သော စကားမျိုးကို စိတ်ကူးပြီးပြောဆိုပေမည်။ သားမြတ်တည်းဟူသော ကာမဂုဏ်ဝတ္ထုကို အတုယူ၍ ကိုးကွယ်ရန် စေတီတည်သော ထုံးစံဗုဒ္ဓဘာသာမြန်မာတို့၌ ဘယ်အခါကမှ မရှိခဲ့။ အိန္ဒိယပြည်တွင် တည်ထားသော မြတ်စွာဘုရား၏ ဥဒ္ဒိသစေတီဖြစ်သည့် 'ကြွတ် သဏ္ဍာအံ့ ထူပါရုံပုံကို ယူ၍ မြန်မာပြည်တွင် စေတီတည်ကြသည်။ သားမြတ်ပုံကိုယူ၍ ဘောဘောကြီး၊ စစ်ကိုင်းကောင်းမှုတော်စသော ထူပါဟူသမျှကိုတည်ခဲ့သည်ဟု ကောလစ်မှတ်ပါလင့်' ဟူ၍လည်း ကထိက ဦးသက်တင်က ရှင်းလင်းထားသည်။

တစ်ဖန်ဆက်၍ ထိုစာအုပ်တွင်ပင် တရုတ်ပြေးမင်းနှင့် မိဖုရားတို့သည် သေရည်ယစ်ကြသည့် သဘောမျိုးနှင့် ကောလစ် ရေးထားသည်ကို တွေ့ရပြန်သဖြင့် မင်္ဂလာစေတီဘုရား ဒါယကာ၊ ဒါယိကာမတို့ကို ယစ်ထုတ်ဖြစ်အောင် ရေးခြင်းသည် မိုက်ရိုင်းလှ၏။ ဘုရားဒကာများသည် ယစ်ထုတ်မဟုတ်ကြောင်း မသေမချင်း မှတ်ပါလေ၊ အမောင်ကောလစ်။ ထိုမင်းသည် ကောလစ်ရေးထားသလို ယစ်ထုတ်သာဖြစ်လျှင် အနှစ်သုံးဆယ်တိုင်တိုင် နန်းထိုင်သည်ကို တိုင်းနေပြည်သူမှူးမတ်များက အဘယ်သို့လျှင် လက်ခံကြမည်နည်း။ မြန်မာလူမျိုးတို့သည် ယစ်ထုတ်ကို နန်းထက် တင်ထားရိုး ထုံးစံမရှိ။ မင်းတရားရွေးချယ်ခံရသူများကို ဆောက်ခြင်းဖြင့် ယစ်ထုတ်ဖြစ်လာလျှင် သုတ်သင်ပစ်တတ်ကြောင်း သိနိုင်လေသည်။ တရုတ်ပြေးမင်း၏ကျောက်စာများတွင် ဘုရားလောင်းဟူသော စကားနှင့် ထိုမင်းဘွဲ့အမည် ပူးတွဲရေးထိုးထားသည်ကိုထောက်သော် ဘုရားလောင်း ဘွဲ့ခံလောက်အောင် ကိုယ်ကျင့်တရားကောင်းသည်ဟု ယူဆထိုက်ပေသည်။ ရွှေမြန်မာမင်းမိဖုရားတို့သည် သေရည်သောက်ခြင်းကို မိမိတို့ကိုယ်တိုင်လည်းမပြု၊ ပြည်သူပြည်သားများကိုလည်း တားမြစ်သည်။(အင်္ဂလိပ်မင်းလက်ထက် မှာကဲ့သို့မဟုတ်ပါ)ဟု ကထိက ဦးသက်တင်က ရှင်းလင်းချေပထားပြန်သည်။

ထိုစာအုပ်တွင် ကမ္ဘောဇပြည်သူကချေသည်မသည် တရုတ်ပြေးမင်း ဒလတွင်ရှိနေခိုက်ရောက်လာ၍ 'ရှင်ရွှေ' ဟူသောဘွဲ့နှင့် မိဖုရားမြှောက်ခံရသည်ဟုကမောက်က မဆိုထားပြန်ကြောင်း။

(၁) မိဖုရားရှင်ရွှေသည် ကချေသည်မဘဝမှ အထွဋ်အထိပ်သို့ ရောက်သည်ဟု မှန်နှန်းရာဇဝင်ကမဆို။

(၂) ပေါက္ကာရာမ မဟာရာဇဝံသ ပါဠိတွင် 'ရှင်ရွှေဒေဝီယံ။ မိစောဦး မီတရံ ဝိဇာထိ' ဟူ၍ ရှင်ရွှေတွင် သမီးတော် မိစောဦးကို မြင်ကြောင်းသာ မှန်နှန်းကလည်း ဆိုပါ၏။

(၃) တြိဘဝနာ ဒီတျဓမ္မရာဇာ ဇေယျသူရ၏ မင်း၏ပယ်မယားကြီးတို့လောက စန္ဒနာမဒေဝီ သုံးလူလှ မိဖုရားတောင်ပြင်သည်တွင်- 'စောပုလဲ' ဟူသော သမီးတော်တစ်ပါးရှိကြောင်း၊

သမ္မူလဘုရားကျောက်စာတွင် ဆိုသည်။

(၄) ထိုသမီးတော်သည် တရုတ်ပြေးမင်း၏ မိဖုရားဖြစ်ကြောင်းကို (သုံးလူလှသမီး မင်းကြီး ပယ်မယာ စစ်ပုလဲ)ဟု သမ္မူလဘုရားကျောက် စာကဆိုပြန်သောကြောင့် သိရပြန်သည်။

(၅) ထို့ပြင်(သုံးလူလှမြေး မင်းကြီးသမီး စစ်ဦး)ဟု ထိုကျောက်စာက ဆိုပြန်သည်။

www.burmeseclassic.com

ထို့ကြောင့်-

(က) စောဦးသည် တရုတ်ပြေးမင်း၏ သမီးဖြစ်သည်။

(ခ) စောဦးသည် ထိုမင်း၏ မိဖုရားစောပုလဲမှာ မြင်သည်။

(ဂ) စောဦးသည် သုံးလူလှမိဖုရား၏ သမီး စောပုလဲမှာ မြင်သည်။

(ဃ) စောဦးသည်သုံးလူလှမိဖုရား၏ မြေးဖြစ်သည်တို့ကို သိရပါသည်။

ပေါက္ကရာဇဝင်ပါ၌၊ ဦးကုလား၊ မှန်နန်းများက (စောဦး)သည် (မိဖုရားရှင်ရွှေ၏သမီးဆိုရကား အထက်ပါ (က၊ ခ၊ ဂ၊ ဃ)များနှင့် ညီသော်-(၁) စောဦး၏ မယ်တော်-စောပုလဲ။ (၂) စောဦး၏ မယ်တော်-ရှင်ရွှေ။ ထို့ကြောင့် (၃) စောပုလဲ- ရှင်ရွှေ)

မိဖုရားရှင်ရွှေသည် နားဆောင်းများမင်းနှင့် မိဖုရား သုံးလူလှ၏သမီး စောပုလဲပင်ဖြစ်သည်ဟု ထင်ရှားသောကြောင့် မောရစ်ကောလစ် ရေးသကဲ့သို့ (ကမ္ဘောဇကချောသည်မ) မဟုတ်ပါ။

စာအုပ်၏ အခန်း ၁၅တွင် ကမ္ဘောဇကချောသည်မ မိဖုရားရှင်ရွှေသည် တရုတ်ပြေးမင်းအား (ကိုယ်တုံးလုံးအက) ကပြလေဟန် ကောလစ်က ရေးထားသည်မှာလည်း မြန်မာအမျိုးသမီးတို့၏ ယဉ်ကျေးမှုကို ထိခိုက်ပါသည်။ ကိုယ်တုံးလုံးအကသည် ဥရောပတိုက်၌သာ ခေတ်စားလျက်ရှိသော မျက်နှာဖြူလူမျိုးတို့၏ ယဉ်ကျေးမှု ဖြစ်သည်။ အလွန်အရက်ကြီးသော ဗုဒ္ဓဘာသာ မြန်မာတို့သည် (အထူးသဖြင့် ပုဂံခေတ်က) လျှို့ဝှက်အပ်သော အင်္ဂါများကို ဟင်းလင်းထားလျက် ကသည့်နည်းမျိုးကို နန်းတွင်းနန်းပြင် ဘယ်ခါမျှ ကပြလိမ့်မည် မဟုတ်ပါဟုလည်း ကထိက ဦးသက်တင်က ရေးထားသည်။

ပုဏ္ဏမထေရ်ကို မိန်းမတို့၏ နှစ်သက်ခြင်းကို ခံရသူဖြစ်သည်၊ အကြောင်းသော်ကား မိန်းမတို့၏ မလျော်ကန်သော နေရာမှ အမွေးအမှင်ကို လက်နှင့်ကိုယ်တိုင် နုတ်ပေး၊ ဆေးထည့်ပေးခြင်းလုပ်သော ပုဂ္ဂိုလ်ဖြစ်

ယောနိကိုပင်
ဝတ်လစ်စလစ်
ထား၍
ပန်းချီ၊ ပန်းပုတို့သာ
မဟုတ်
ကပွဲကြည့်သူ
အမြောက်အများ၏
အကြည့်ခံနေကျ
ဖြစ်သော
ဥရောပတိုက်သူတို့၏
စိတ်တွင်းသာ
ထိုသို့သော
စကားမျိုးကို
စိတ်ကူးပြီး
ပြောဆိုပေမည်

သောကြောင့် မကောင်းသတင်းထွက်လောက်အောင် ဖြစ်ရသည်မှာ မထေရ်နှင့် မိန်းမများ အကျွမ်းဝင်ပုံ ဖြစ်လေသည်ဟု ရဟန္တာဟူ၍ ကျော်ကြားသော ရဟန်းတစ်ပါးကို စော်ကားမော်ကားညစ်ညမ်းစွာရေးသား ထားသောကြောင့် ရေးသူမောရစ်ကောလစ်ကို အံ့သြရပါသည်။ တရုတ်ပြေးမင်းလက်ထက်တွင် ပုဏ္ဏမထေရ် ပေါ်ပေါက်သည်ဟု မှန်နန်းတွင်မဆို။ နရပတိ စည်သူလက်ထက်တော်တွင် ပေါ်ပေါက်သည်ဟု ဆိုသည်။ ထိုမထေရ်၏အမည်ရင်းမှာ သီလဝုဓိဖြစ်ကြောင်း၊ ပုဂံပြည်တွင် ငစွယ်ရှင်ပုံသကူကြီးကို ရဟန္တာ အရီယာဟူ၍ သမုတ်ကြကြောင်း၊ မောင်းထောင် သာသနာပိုင် လူပျံတော် အမတ်ကြီး ဓမ္မသင်္ကြန်က သာသနာလင်္ကာရစာတမ်းတွင်ဆို ထားသည်။ ထိုသို့သော အရိယာပုဂ္ဂိုလ်မျိုးကို မိန်းမတို့နှင့် ပတ်သက်၍ ညစ်ညမ်းစွာ ရေးထားခြင်းမှာ မိုက်ရိုင်းစော်ကားလွန်း အား

ကြီးသည်ဖြစ်ပါကြောင်း၊ ခရစ်ယာန် ဘုန်းကြီးများသည် ထိုအလေ့ရှိသော ကြောင့်များ ဘုန်းကြီးချင်းစာ၍ ခြင်းပေလောဟု ကောလစ်ကို တော့မလို ဖြစ်နေ၏၊ ဟူ၍လည်း ကထိက ဦးသက်တင်က ခံပြင်းလွန်ရှင်းပြ၍ မေးခွန်းပြန်ထုတ်ထားသည်။

မိဖုရားစောနှင့် ပတ်သက်မဟုတ်မမှန်လုပ်ကြံရေးသားထားသည်။ မုတ္တမက ဖမ်းလာသော သုံးများ အနက် တရုတ်ပြည် ဟန်ချိမင်း 'စာချီဟောင်း ချန်စီယန်ချန်း' မည်သော တရုတ်တစ်ယောက်လည်း ပါကြောင်း၊ ရှေးဦးစွာ သဘင်ဝန်ခန့်သည် နောက် နန်းရင်းဝန်ရာထူးကြီးကို အပ်သည်ဟု ဆိုထားသည်မှာလည်း တက်တက်စင်အောင် မှားနေသည် အမတ်ကြီး ရာဇသင်္ကြန်ဆုံးပြီးနောက် သူဦးရီးတော်ကို နန်းရင်းဝန် ခန့်ထားသည်။ ထို့ကြောင့် ကောလစ်ရေးသော သို့ ချန်စီယန်ချန်းသည် ပုဂံနန်းတွင်း နန်းရင်းဝန်ရာထူးကို မရဖူးပါ။ မြန်မာရာဇဝင်တွင် ဘယ်မင်းလက်ထက်မှာ တရုတ်လူမျိုးကို နန်းရင်းဝန်ခန့်ထား သည်မရှိပါ။

မိဖုရားဖွားစောသည် တရုတ်မင်း စာချီဟောင်း ချန်စီယန်ချန်းကို ကြီး ဟန်ရေးသားထားပြန်သည်။ ထိုတရုတ် ထံမှ မှာတမ်းကဗျာများကို လက်ခံပြီ ပီတိဖြစ်နေဟန် ရေးသားထားပြန်သည်။ ထိုသူကို မိဖုရားဖွားစောနှင့် တရုတ်မင်းကလည်း လိုလားသည်ဟု ရေးထားသည်။ ထိုကဲ့သို့ မဟုတ်ဘာမှ လုပ်ဇာတ်ထွင်၍ ရေးသားခြင်းမြန်မာရာဇဝင်တွင် အကျင့်စာရိတ္တ စိတ်သဘောထားအလွန်နူးညံ့၍ အလိမ္မာ ဆင်ခြင်တုံတရားနှင့် ပြည့်သော မိဖုရားဖွားစောကို စော်ကားရောက်သည့်အပြင် တရုတ်ပြေးမင်းလည်း စော်ကားရာရောက်ပါသည်။

မိဖုရားဖွားစောကို ထို့ရုတ် ချန်ယန်ချန်းနှင့်ညားပြီး ကမ်းဖြူရွာတွင်

www.burmeseclassic.com

www.burmeseclassic.com

ခြင်းနေကြောင်း ရေးသားပုံမှာလည်း သုံးသပ်ဟုတ်ရပါ။

ပုဂံမြို့ ဆုတောင်းပြည့်ဘုရားကျောက်စာတွင်-

'သက္ကရာဇ် (၆၆၁)ခု၊ မာခသံ ရှိရုတပိုဝ်ဘွယ် လဆုတ် ၃ ရက်၊ ဗ္ဗ နိယ်အာ၊ အရိမတ္တနာပူရမည်သော ပြည်၌၊ အစိုဝ်ရထသော၊ အလွန်တကယ် မှန်တန် ခိုင်ကြီးစွာသော×××ဆင်ဖြူသီခင်ဟု ကျော်ဧောထင်ရှားထသော ×××တရာမင်ကြီး၏၊ အထောင်မကသော အရောင်အဆင်လှသော မိန်းမတိုင် ထက်အစိုဝ်ရထသော အမိဖုရားစောသည် × ဧတိ × ပိဋ္ဌကတ်သုံးပုံ × ကျောင်း × သိမ် ×လှူတော်မူ၏။ ထိုတရာနှာသော အခါ၌ကိုးကြီးလေ လာတော်မူ ပါ၍ ဘုရာလေ နှာတော်မူ၏' ဟူ၍ ဆိုထားသောကြောင့် ကောလစ် ရေးသားသလို အမိဖုရာစောသည် ကမ်းဖြူရွာပြန်၍တရုတ်နွံညားမနေပါကြောင်း။ ပုဂံနန်းမှာပင် စောနစ်မင်း၏ မိန်းမလှတစ်ထောင် ကျော်ကို အစိုးရသော မင်းမိဖုရားကြီး အဖြစ်ဖြင့် နေထိုင်ကြောင်း ထင်ရှားပါသည်။

'ထို့ပြင် သက္ကရာဇ် ၆၆၂ ခု ရောက်သောအခါ ကိုးသိန်းသော ခန်းမင်းကြီး၏ စစ်သည်တို့ကို လက်ရုံးတော်ဖြင့် အောင်လတ်၍ မြန်မာပြည် ရှမ်းပြည် အလုံးကို အစိုးရသောသီဟသူရဟူသော မင်းကြီးသည်၊ သက္ကရာဇ် ၆၇၅ ခုတွင် ပန်းယွန်နန်း ဖွင့်ခဲ့သော အစီအရင်ကို မသိသောကြောင့် ပုဂံမှ မိဖုရားဖွားစော ကို ချီးပင့်ရသည်။ သီဟသူမင်းကြီး လည်း တစ်ပယ်ထောက်ရစ်တိုင်အောင် ခြေလျင်စီးကြို၍ တံကျစ်ကြိုးနှင့် မိဖုရားဖွားစော စီးလာသော ဖောင်ကို ငင်တော်မူ၏' ဟူ၍ (စစ်ကိုင်းစောဥမ္မာကျောက်စာ၊ စောဦးကျောင်း ကျောက်စာ၊ မှန်နန်းရာဇဝင်) အရသိရသောကြောင့် စောနစ်မင်း၏ အထောင်မကသော မိန်းမလှတို့ကို အစိုးရလျက်နေစဉ် ပန်းယွန်နန်းတည် သီဟသူမင်းက ပင့်၍ ပန်းယနန်း ဖွင့်ပွဲကို မိဖုရားဖွားစော စီရင်ပေးနေရကြောင်း ထင်ရှားသည်။ ကမ်းဖြူရွာပြန်၍ ကောလစ်ရေးသကဲ့သို့ တရုတ်ချန်စီယန်ချန်းနှင့် ညားမနေပါ။

စောဒေဝီ စာအုပ်တစ်အုပ်လုံးတွင် ကောလစ်ရေးထားသမျှ ချ၍သုံးသပ်ရသော် ရှေးမြန်မာ ရဟန်းကောင်း၊ မင်းကောင်း၊ မိဖုရားကောင်း၊ နန်းတွင်းသူတို့ကို ပစ်ရလောက်အောင်ဂုဏ်ပျက်အောင် ရေးခြင်းပေတည်း။ မြန်မာ၊ ရှင်လူ၊ ရဟန်း အားလုံးကို အသရေပျက်အောင် ရေး၍စော်ကားခြင်းပေတည်း။

မြန်မာမင်း မိဖုရားတို့ကို မထီမဲ့မြင်ပြုခြင်း၊ ထိပါးခြင်း၊ စော်ကားခြင်း အမှုတို့ကို အင်္ဂလိပ်စာရေးဆရာတို့သာလျှင် ဒိုင်ခံရေးနေပါသည်။ ရေးအခါက ထိပါးခဲ့သည်လည်း များလှသည်။ ထိုသို့ထိပါးစော်ကားသမျှ စာတမ်းစာအုပ်များထဲတွင် မောရစ်ကောလစ်၏ စောဒေဝီစာအုပ်သည် အဆိုးရွားဆုံး၊ အစော်ကားဆုံး၊ အထိပါးဆုံး၊ အမိုက်ရိုင်းဆုံးစာအုပ်ဖြစ်လေသည်။ ■

မောင်သန်းဆွေ၊ထားဝယ်၊
ကိုးကားချက်

ကထိက ဦးသက်တင်၏ 'တရုတ်နှင့် မညား' ဆောင်းပါး။ သူရိယသတင်းစာ။

Dictionary for All

သာလွန် အင်္ဂလိပ်-မြန်မာ အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

ဒဂုံ၊ ဝိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဝိုလ်ဆွန်မက်လမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။ ကုန်သည်လမ်းနှင့်ပုဇွန်လမ်းထောင့်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့။ ဒဂုံ၊ ဝိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဂုရုလမ်းဆုံရာတွင် ဝိုလ်တန်းထောင့်၊ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

၂၀၂ ရွှေအပြုံတေ ရုပ်စုံမဂ္ဂဇင်း အောက်တိုဘာ ၂၀၁၃

www.burmeseclassic.com

ရာတွင်းထိုက ငွေတောကောင်ကြီး

ဖောင်စိုးဝင်း/ဟုန်မော



၁။ သုံးနေကျ အရှေ့အိမ်မှ မြေရေတွင်းက ရေထွက်နှုန်းနည်းပြီး သည်နှစ်နွေက ခပ်သုံးသူက ဒုနှင့်ဒေး။ သောက်ရေနှင့် ချက်ရေး၊ ဖြုတ်ရေး ခါတိုင်းနှစ်တွေထက် အတွက် ရေကို ခွဲတမ်းချပြီး ချွေချွေတာတာ သုံးစွဲနေရသည်။ ဝိုပူသည်။ အပူဒဏ်နှင့်အတူ နေညိုလာခါနီမှာ ဆိုင်ကယ်တစ်စီးကို မိသားစုသုံးယောက် သောက်ရေသုံးရေ ရှားပါးမှုကိုပါ မနိုင်ရင်ကာစီးပြီး တစ်မိုင်ကျော်ကျော်လှမ်းသော လယ်ကွင်း မကြုံစဖူးကြုံရသည်။ ဘေးက စမ်းချောင်းသို့ ရေချိုးဆင်းရသည်။

www.burmeseclassic.com

www.burmeseclassic.com

မသာလေး တစ်ခါ ပြောထားရင် မှတ်မထားဘူး နောက်ပေါက်ရဲ့ ပေါက်ကြည့်စမ်း ကျောကွဲအောင် ဆော်ပစ်ဦးမယ်

'ကို ယ်ပိုင်ရေတွင်း ကလေးတစ်တွင်းလောက် တူးရရင် မကောင်းဘူးလား မမြန္မာယ်'

'ရှင့် သဘောပဲလေ၊ အကုန်အကျ မများရင် တူးပေါ့'

❑

၂။

သည်လိုနှင့် ရေအနည်း ဆုံးကာလဖြစ်သော ကဆုန်လမှာ ရေတွင်းတူးသမား ကိုရင်မောင်ကို ငှားပြီး တူးလိုက်သည်။ ပေနှစ်ဆယ် ပျော့ပျော့ရေတွင်းကို ကိုရင်မောင်တို့သားအဖက နှစ်ရက်နှင့် ပြီးစီးအောင်တူး၏။

ကိုရင်မောင် အာမခံထားသလို တွင်းက ရေအောင်သည်ဟု ယေဘုယျ ဆိုရပေမည်။ ရေက ကြည်လို့၊ အေးလို့။ သောက်လို သောက်၊ ချိုးလို ချိုး။ အရသာရှိလိုက်သည့် ရေကြည်ရေသန့်။

သက်ငယ်ပျစ် အသစ်ကလေးများဖြင့် ကျကျနန အဓိုးမိုး။ ဝါးထရံထူထူလေး တွေကို လေးဖက်လေးတန် ကာရံလိုက်သည့်အခါ ပကာသနမဆန်သော မြေရေတွင်း ရိုးရိုးကလေးဖြစ်လာသည်။

ရေငင်ပုံး အနေတော် အရွယ်နှင့် ပလတ်စတစ်ကြိုး ကို စက်သီးတစ်လက်မှာ တပ်ပြီး ခေါင်မိုးက 'အခြင်' မှာ အခိုင်အမာချည်လိုက်သည်။ သည်လို ဆို လျှင် တွင်းထဲကရေ အပေါ်ရောက်အောင် ငင်နိုင်ပြီ။ အိမ်မှာရှိသော ကွန်ကရစ်ကျောက်ပြားနှစ်ပြားကို ရေတွင်းဘေး ခပ်လှမ်းလှမ်းမှာ ယှဉ်ပြီး ချထားလိုက်သည်။

ကျောက်ပြားလေး ပေါ်မှာ သက်သောင့်သက်သာ အဝတ်လျှော်လို လျှော်၊ ရေချိုးလို ချိုး။

တောရွာဝယ်အတိုင်း ရိုးရိုးလေး ခံထည်နေသော ရေတွင်းကလေးကိုကြည့်ပြီး သူမှာ ပီတိတွေ ဝေနေခဲ့သည်။ ရေတွင်းဘေးက ဝါးနက်ရုံ နှစ်ရုံကလည်း ရေချိုး လာသူကို နေရောင်ခြည် အပူဓာတ်များမှ အထိုက်အလျောက် ကာကွယ်ပေးသလို ရှိနေသည်။

'ရေတွင်းတူးတာ တော့ ဟုတ်ပြီ။ ဘေးအိမ်က လာ ခပ်ကြ၊ ချိုးကြရင် ဘယ့်နယ် လုပ်မလဲ'

အိမ်သူသက်ထား ဒေါ်မြန္မာယ်က သူ့ကိုစိုးရိမ်တကြီး လှမ်းမေးသည်။ သူခမျာ 'ရေဘေးဒုက္ခသည်' ဘဝကို မြိန်မြိန်ကြီး ဖြတ်သန်းခဲ့ဖူးသည်မို့ ငွေကုန်ကြေးကျခံပြီး တူးထားသည့် တွင်းက ရေတွေကို ကုန်သွားမှာ နှမြောနေဟန်တူပါသည်။

'မင်းကလည်းကွာ ရေဆိုတာ သုံးနိုင်လေ ထွက်လေပဲ။ ခပ်စမ်းပါစေ၊ သုံးစမ်းပါစေ။ သုံးနိုင်မှ ကောင်းတာကွ။ ပြီးတော့ မင်းမကြာဖူးဘူးလား။ ရေအကျိုးဆယ်ပါး မတောင်းဘဲ ပြည့် တယ် ဆို တာ။ ကုသိုလ်ဆိုတာ ရှာတတ်မှ ရတာကွ။ သီရိမွှာသောက မင်းကြီးဆိုရင် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တည်ခဲ့တာကွ။ နည်းနည်းနောနော ကုသိုလ်လားကွာ။ မင်း စဉ်းစားကြည့်စမ်း'

ရေတွင်းတူးရင်း ကိုရင်မောင်နှင့် သုံးရက်လား ပေါင်းမိသည်။ ဓမ္မကထိကလေသံက အလိုလိုနေရင်း သူပါးစပ်ထဲ ရောက်လာသည်။ အနီးဆုံးလူဖြစ်သော သူဇနီးမမြန္မာယ်ကို 'ရေတွင်းတရား' တိုတိုတုတ်တုတ် ဟောပြလိုက်သည်။ သူဇနီးကလည်း ပါရမီဖြည့်ဖက် ပီသပါပေ၏။ အနီးဝန်းကျင်က အိမ်တွေကို ရေလာခပ်ကြ၊ သုံးကြဖို့ အားမနာတမ်း သုံးစွဲကြဖို့ ဖိတ်မန္တကပြုရင်း ကုသိုလ်ပွားသည်။

❑

၃။

အိမ်ရှစ်လုံး၏ ရေသုံးအားကို ရေတွင်းကလေးက ကြွေကြွေခံထားနိုင်သည်။ ချိုး ရေ၊ သုံးရေကအစ ချက်ရေး ပြုတ်ရေး၊ နွားရေတိုက်ဖို့ပါ မကျန် အလျှံပယ်သုံးစွဲနေသည့်တိုင် ရေတွင်းကလေးမှာ တစိမ့်စိမ့်ထွက်ဆဲ။ မနက်မိုးလင်းက မိုးချုပ်တိုင်အောင် ရေချိုးသူ၊ ရေငင်သူများဖြင့် အသက်ဝင်နေသည်။

ပြဿနာတစ်ခုတော့ ရှိ လာ၏။

ရေတွင်းကလေး သန့်ရှင်းတည်ပြီး ငါးလခန့် ရှိချိန်တွင် အကျည်းတန်မှုအချို့ကို တွေ့လာရသည်။ အခြားကြောင့် မဟုတ်ပါ။ လူတို့၏ စွန့်ပစ်ပစ္စည်းများကြောင့် ရေတွင်းကလေး အရှုပ်ဆိုးလာသည်။ ရေတွင်းပတ်လည် မနီးမဝေး၌ ဆပ်ပြာမှုန့်အိတ်ခွံ အမျိုးမျိုး၊ ခေါင်းလျှော်ရည် အိတ်ခွံ အမျိုးမျိုး၊ ဆပ်ပြာဘူးလွတ်၊ ကြွပ်ကြွပ်အိတ်ရောင်စုံတို့ ပြန့်ကျဲနေသည်။

သူက ညစ်တီးညစ်ပတ်နေတာကို မနှစ်မြို့။ အထူးသဖြင့် ရေတွင်းကလေးလို နေရာမှာ ပိုပြီး သန့်ရှင်းနေစေချင်သည်။ ပြီးတော့ သူက အရင်ဘဝက စည်ပင်သာယာ အမှိုက်သိမ်းအလုပ်သမားဘဝက ဆင်းသက်ခဲ့ဟန် တူပါသည်။ တောင်းတစ်လုံးယူပြီး ရေတွင်းပတ်လည်က အမှိုက်တွေကို သိမ်းကျုံးသန့်ရှင်းလိုက်သည်။ မိနစ်အနည်းငယ်အတွင်း ရေတွင်းကလေး

www.burmeseclassic.com

ပြန်လည် သန့်ရှင်းသွားသည်။ သူက စာရေးဆရာဝီဝီ စာတိုပေတိုလည်း ရေးလိုက်သေးသည်။ မီးသွေးခဲတစ်ခဲယူလိုက်ပြီး ရေတွင်းခေါင်မိုး 'ထုပ်တန်း'ပေါ်မှာ စာတစ်ကြောင်း ရေးခြစ်လိုက်သည်။

'မိတ်ဆွေ သန့်ရှင်းမှုဖြင့် ကူညီပါ'

❑

၄။

'ဟဲ့...ဟဲ့ ရှမ်းမ နင့်ကလေး ရေတွင်းဘေးမှာ ရှူးပန်းနေပြီ။ အဝေးကို ခေါ်သွားစမ်း၊ တကတည်း ညစ်တီးညစ်ပတ်နဲ့ တော်'

မမြန္ဓယ်က ပါးစပ်မှာ ဘရိတ် မရှိ။ တွေ့ရာကို တုတ်ထိုးအိုးပေါက် ပြောချလိုက်မှ ကျေနပ်သည်။ ရေတွင်းကလေးကို မှီခိုနေသည့် အိမ်တွေမှာ တစ်အိမ်လျှင် အနည်းဆုံး ကလေးနှစ်ယောက်နှုန်း ပိုင်ဆိုင်ကြသည်။ အမေဖြစ်သူက ရေခပ်အဝတ်လျှော်နေချိန်မှာ ကလေးတွေက စိတ်ထင်တိုင်း ကြဲကြလေ၏။ ရေတွင်းထဲသို့ ဆပ်ပြာ ပစ်ထည့်လို ထည့်၊ တုတ်တိုတုတ်စ ပစ်ထည့်လို ထည့်၊ တံတွေးထွေးချလား ထွေးချကြ၏။

အခုလည်း ရှမ်းမကလေးက ရေတွင်းပေါင်းဘေးမှာ ရှူးရှူးပန်းနေပြီ။ ရှမ်းမကလည်း လက်သံပြောင်၏။ တစ်စက္ကန့်လျှင် သုံးချက်နှုန်း ကျလာသည့် လက်ဝါးတွေကို ရှမ်းမသား လေးကလည်း ထုံပေပေ ခံလျက်သား။

'မသာလေး တစ်ခါ ပြောထားရင် မှတ်မထားဘူး။ နောက်ပေါက်ရဲ့ ပေါက်ကြည့်စမ်း ကျောကွဲအောင် ဆော်ပစ်ဦးမယ်'

'ဟိုတစ်နေ့ကလည်း ဟိုမြက်ဖုတ်နားမှာ ဘယ်သူ့ကလေး ပါထားမှန်း မသိပါဘူးအေ။ နည်းတဲ့ အပုံကြီး မဟုတ်ဘူး။ မိဝေတို့ ခွေးမဆင်းလာပြီး ဟပ်စားသွားလို့သာ တော်တော့်တယ်။ မဟုတ်ရင် ငါကိုယ်တိုင် အဲဒါကြီးကို ကျုံးရမှာ ထိ... ရွံစရာကြီး'

မမြန္ဓယ်က ရေတွင်းကလေးမှာ ရေခပ်ရင်း 'ဒရဝမ်'ရာထူး အလိုလိုရထားသူမို့ သူမြင်ရာ၊ တွေ့ရာကို အားမနာတမ်း ရေရွတ်ရင်း ညည်းညူရှာသည်။

'အဲဒါ မထွေးတို့ ကလေး နေမှာ။ သူတို့ ကလေး သုံးယောက်က ပိုပြီး စည်းကမ်းမဲ့သေး'

'ဟဲ့...ဟဲ့ ညည်း ကလေး ဒီလောက် ချီးတော်ရော့ပေါ့ဟဲ့။ လူက လက်သီးဆုပ်လောက်နဲ့ ရေသုံးပုံးကုန်အောင် ချိုးရတယ်လို့၊ အသေးပတ်ပြီး ဖျားကုန်၊ နာကုန်မှဖြင့်'

မမြန္ဓယ်က ဗျစ်တောက်ဗျစ်တောက် ပြောလို့ မဆုံးတော့ပြီ။ သူကတော့ ဖြူသည်ဖြစ်စေ၊ မည်းသည်ဖြစ်စေ တစ်ခွန်းမှ ဝင်မပြော။ ဆိတ်ဆိတ်နေ ထောင်တန်သည်ဟု သဘောထားလိုက်သည်။ သူက စာရေးသားရတာကိုသာ ဝါသနာထုံသည်။ နောက်တစ်နေ့၌ ထုပ်တန်းပေါ်မှာ သူ၏ ဒုတိယစာစုကို တွေ့ရပါပြီ။

'စည်းကမ်းရှိပါ မိတ်ဆွေ'

❑

၅။

ရေတွင်းဘေးက ဝါးလုံးတန်းပေါ်မှာ ဘောင်းဘီအစုတ်၊ ဘရာစီယာအစုတ်တွေ ပရမ်းပတာ ပစ်ထားခြင်း၊ အဝတ်ဖွပ်သော လက်ပုတ် အမှတ်မထင် ပျောက်ဆုံးခြင်း၊ ဆပ်ပြာမှုန့်အိတ်ခွံ၊ ခေါင်းလျှော်ရည်အိတ်ခွံများ ထုံးစံမပျက် လွင့်ပစ်ထားခြင်းကိစ္စများကို ဖြစ်ရိုးဖြစ်စဉ် ဟုသာ သဘောပိုက်လိုက်သည်။

'ကိုစံဝင်း ရေပုံးကြီး ပြတ်သွားပြီ'

'ပြတ်သွားရင် အသစ်ဝယ်တပ်လိုက်ပေါ့ကွာ'

'အသစ်ဝယ်တပ်တာ ရှင် ပြောမှလား။ ရှင့်ရေဆွဲပုံးကဖြင့် ရေတွင်းထဲ ကျသွားပြီဥစ္စာ'

'ကောင်လေး တစ်ယောက်ကို အကူအညီ တောင်းပြီး ရေတွင်းထဲ ငုပ်ပြီး ဆယ်လိုက်ပါကွာ။ ငါ့မှာ ကိုယ်ကြီးလက်ကြီးနဲ့ ဆင်းရခက်၊ တက်ရခက်'

'ဘယ်ကောင်လေးမှ မရှိဘူး တော်ရေ့။ ရှင့်ရေတွင်းမှာ ရေလာခပ်မယ့်သူပဲ ရှိတာ။ အကူအညီရဖို့က တော့ ဝေးပါသေးရဲ့'

'ဒီလိုဆိုလည်း ဘယ်တတ်နိုင်မှာလဲကွာ။ ရေဆွဲပုံးအသစ်တစ်လုံးပါ ထပ်ဝယ်လိုက်ကြတာပေါ့'

ရေလာခပ်နေကျ ဝန်းကျင်အိမ်များမှ ကျေးဇူးရှင် တွေကလည်း ရေပုံးကြီး ပြတ်သည့်နေ့မှစ၍ စည်းလုံးညီညွတ်စွာဖြင့် တစ်စုံတစ်ယောက်မှ မျက်စိလည်ပြီး ရောက်မလာကြတော့ချေ။ နီးစပ်ရာ ရေတွင်းများသို့ အသီးသီး စားကျက်ပြောင်း သွားကြလေပြီ။

ရေတွင်းကလေးမှာ ဟိုတုန်းကလို စိုစိုပြည်ပြည် ဝေဝေစည်စည် မရှိတော့ပြီ။

ရေဆွဲပုံးနှင့် ကြိုးအသစ်တစ်ပင်ကို အပြေးအလွှားဝယ်ပြီး စက်သီးမှာ တပ်ဆင်လိုက်မှ လုံလုံလောက်လောက် ပြန်လည် သုံးစွဲရလေသည်။

စက်သီးလည်သံ၊ ရေပုံးသံ၊ ရေချိုးသံတွေ ကြားသည်နှင့် ဝန်းကျင်မှ ကျေးဇူးရှင်များက ရေထမ်းပုံးတွေ ယူငင်ရင်း အလှူလှူဆင်းလာကြသည်။

'ရေငင်ပုံးကို ဖြုတ်ယူသွားရင် ကောင်းမယ်ထင်တယ်။ ဟင်း ဘာသိဘာသာ နေနိုင်လွန်းတဲ့သူတွေကို ဒဏ်ခတ်ပစ်ရမယ်'

ဇနီးသည်က အရင်းအနှီးစိုက်ထုတ်ထားသူပီပီ ရေတွင်းနှင့်တကွ ပစ္စည်းပစ္စယများကိုပါ တွန့်တိုနေသည်။

'ရေတွင်းတူးကတည်းက ဒီပတ်ဝန်းကျင်နဲ့ ပတ်သက်ရမယ်ဆိုတာ ငါ့ကြိုတင်တွက်ထားဖို့ ကောင်း

www.burmeseclassic.com

အဲဒါ မထွေးတို့ ကလေး နေမှာ သူတို့ ကလေး သုံးယောက်က ဝိုင်းစည်းကမ်းမဲ့သေး

တယ်ကွ။ သုံးကြစမ်းပါစေကွာ၊ ကုသိုလ်ရပါတယ်။ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်တည်ခဲ့တဲ့...'

'တော်ပါတော့ ရှင့်ကို ပြောလိုက်ရင် ဒီဓာတ်ပြားဟောင်းချည်းပဲ'

❑

၆။

မနှစ်က ရေတွင်းကလေးတစ်တွင်း မဖြစ်ညစ်ကျယ်တူးထားခြင်းကြောင့် သည်နှစ်နွေမှာ ရေအတွက် ကသီလင်တ မဖြစ်ရတော့ပေ။ သို့စဉ်တိုင် သည်နှစ်မှာလည်း ယခင်နှစ်ကလို ရေက ရှားပါးမြဲ။ အနီးဝန်းကျင် ရေတွင်းများမှ ရေပြတ်လပ်ချိန်၌ ရေခပ်၊ ရေသယ်သူ အများအပြား ရေတွင်းကလေးသို့ ချီတက်လာကြသည်။ ရေတွင်းကလေး၏ ရေစိမ့်ထွက်မှုနှုန်းနှင့် ခပ်ယူသုံးစွဲမှုအနေအထားက မမျှမတဖြစ်လာသည်။

တပ်ဆင်ထားသည့် စက်သီးနှင့် ဆွဲပုံးကို အားကိုးမနေကြတော့ဘဲ ကိုယ်ပိုင်ကြိုးတပ်ဆွဲပုံးကိုယ်စီဖြင့် ရရှိသမျှ အလုအယက် အပြိုင်အဆိုင် ငင်ယူကြလေသည်။ ရေတွင်းပိုင်ရှင်ကိုလည်း ဂရုမစိုက်ကြတော့ပေ။ ရေမဖူလုံခြင်း အကျပ်အတည်း၌ လူတို့၏ အတ္တက ထင်သာမြင်သာအောင် ရုပ်လုံးပေါ်လာသည်။

ရေလုယက်ကြရင်း တစ်ယောက်နှင့် တစ်ယောက် ဆဲရေးတိုင်းထွာကြသည်။ ခိုက်ရန်ဖြစ်ကြသည်။ ထဘီအောက်၊ တဘက်အောက် ညစ်ညစ်ပတ်ပတ် စကားလုံးများဖြင့် ခိုင်းနှိုင်းကြသည်။ တုတ်တဝဲဝဲ၊ ဓား တဝဲဝဲဖြင့် သတ္တိပြကြသည်။ 'ရေစစ်ပွဲ' ဟု ဆိုလိုက်ကြပါစို့။

သူကလည်း အငြိမ်မနေတတ်။ တစ်ဆိတ်ရှိလျှင် ထုပ်တန်းပေါ်သို့ လက်က ရောက်သွားပြီ။ ရေငင်သူများကို သူစာတွေက သတိပေးသလိုလို၊ အမိန့်ပေးသလိုလို။

'ရေငင်ရာမှာ ယဉ်ကျေးပါ'

❑

၇။

နွေမကုန်မီ ရေကုန်သည့် အနေအထား ရောက်လာသည်။

လိမ္မာပါးနပ်သူများက တစ်ညလုံးစိမ့်ထွက်သမျှရေကို မိုးမလင်း၊ ကြက်မတွန်မီ တိတ်တဆိတ် လျှို့ဝှက် ငင်ယူကြသည်။ ရေကြည်ရေသန့်ကလေးတွေ သက်သောင့်သက်သာ ရနိုင်သည်မဟုတ်လား။ ဝီရိယထားခြင်းနှင့် အိပ်ရေးပျက်ခြင်းကို စာဖွဲ့မနေတော့ပြီ။ ရေသာ အဓိက မဟုတ်လား။

မနက် မိုးစင်စင်လင်းသော် တွင်းထဲမှ ရေက ခန်းလေပြီ။ ဘုရားသောက်တော်ရေ၊ ဆွမ်းချက်ရန်ရေ လာခပ်သူများက ရေတွင်းဟောင်းလောင်းကို ငုံ့ကြည့်ပြီး ရေသူခိုးအား မေတ္တာပို့ကြသည်။

'ဒီလောက်တောင် တစ်ကိုယ်ကောင်းဆန်တာ လွန်တာပ'

'အချင်းချင်း မျှတပြီး ခပ်ကြရင် အားလုံးသောက်ရသုံးရမှာ။ အခုတော့...'

သူလက်က မီးသွေးခဲကို ငင်ပြီး ထုပ်တန်းပေါ် ရောက်သွားပြန်သည်။ စာတစ်ကြောင်း ထပ်တိုးပြန်ပြီ။

'ကိုယ်ချင်းစာစိတ် မွေးကြပါ'

❑

၈။

ရေတွင်းကလေးကို အသုံးပြုလာသည်မှာ နှစ်တွေ အထိုက်အလျောက် ကြာမြင့်ခဲ့ပြီ။ သူရေးသားခဲ့သမျှ စာကြောင်းတွေလည်း ထုပ်တန်းပေါ်မှာ မှိန်ဖျော့ဖျော့ ရေးတေးတေးသာ ထင်ကျန်၏။

ရေတွင်းကလေးကို အမိုးတွေ အကြိမ်ကြိမ် ထပ်လှယ်ခဲ့ရပြီ။ ယခုဆိုလျှင် သွပ်မိုးနှင့် သပ်သပ်ရပ်ရပ် ဖြစ်နေပြီ။ အခြင်တွေ၊ မြားတန်းတွေ အကြိမ်ကြိမ် ထပ်လှယ်ခဲ့ရပြီ။

လေးဖက်လေးတန် အကာအရံတွေ လဲလှယ်သင့်တာ လဲလှယ်၊ အစားထိုးသင့်တာ အစားထိုးရင်း မူလရေတွင်းကလေးအသွင်မှ သစ်လွင်သပ်ရပ်တင့်တယ်သော ရေတွင်းအသစ်ကလေး ဖြစ်နေပြီ။ ရေတွင်းဘေးမှ ချိန်ယှဉ်ပိတ်ပေါင်းများ ရှင်းလင်းလိုက်သည့်ခဏ၌ ရေတွင်းကလေးမှာ အပြောင်းအကြီး ပြောင်းလဲသွားသည်။

သို့သော် မပြောင်းလဲခြင်း တစ်ခုကိုတော့ ရေတွင်းကလေးမှာ မြင်တွေ့နေရဆဲ။ ထိုတစ်ခုမှာ...

- ရေတွင်းပတ်လည်မှာ အမှိုက်တွေကို ယခင်ကလို ပရမ်းပတာ စွန့်ပစ်နေကြဆဲ။

- နွေရောက်လာလျှင် ရေကို သူထက်ငါ ဦးအောင် လုယက်ငင်ယူကြရင်း ခိုက်ရန်ဒေါသ ဖြစ်ပွားဆဲ။

- ရေတွင်းထဲက ရေနည်းနည်းကို မှောင်ရိပ်ခိုပြီး မသမာသောနည်းများဖြင့် နှိုက်ယူနေကြဆဲ။

- ရေတွင်းကလေးထဲမှ ရယူခြင်းများဖြင့် ရပ်တည်နေကြပြီး ပေးဆပ်ခြင်းကို ဥပေက္ခာပြုထားကြဆဲ။

- ရေတွင်းကလေး၏ ကျန်းမာရေးကို အားလုံးက လျစ်လျူရှုထားကြဆဲ။ ■

မောင်စံပင်း၊ မန်းဆေ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

စိတ်၌ခံစားရ၍ပြုလုပ်မှသာလျှင် လက်ရာမြောက်သော အနုပညာဖြစ်လာနိုင်၏။ အနုပညာတို့သည် ရင်တွင်း၌ပဋိသန္ဓေတည်သော သောကအမှောင်တိုက်အား အမြဲမဟုတ်စေကာမူ ခေတ္တခဏမျှ အလင်းထွန်းလင်းပေးနိုင်သော မီးရှူးတန်ဆောင်ပင်ဖြစ်၏။ အနုပညာကို ခံစားမိသောသူတိုင်းသည် မိမိတို့၏ စိတ်ရှုပ်ထွေးခြင်းဟူသော တွင်းနှုတ်ခမ်းဝမှ တက်၍ စိတ်သစ်၊ အားအင်သစ်၊ အကြံဉာဏ်သစ်ဟူသော တန်ဖိုးမဖြတ်နိုင်သည့် လေနုအေးတို့ကို ရှူရှိုက်နိုင်ကြကုန်၏။ ဤသည်ပင်လျှင် အနုပညာ၏တန်ခိုးဩဇာပင်တည်း။

အနုပညာဟုဆိုလျှင် အနုသယအချစ်ကို ရေးဖွဲ့ထားသည်များဟုပင် အချို့က အကြမ်းဖျင်းယူဆတတ်ကြ၏။ အမှန်စင်စစ် အနုပညာဆိုသည်မှာ သိဂ်ါရ အစရှိသော ရသ ၉ ပါးလုံးအား ပေးစွမ်းတတ်သောသဘောရှိ၏။ လူတို့သည် တစ်ခါတစ်ရံ ဝမ်းနည်းလိုစိ၏။ တစ်ခါတစ်ရံ ပျော်မြူးလိုစိ၏။ တစ်ခါတစ်ရံ အံ့သြလိုစိ၏။ တစ်ခါတစ်ရံ ကြောက်ရွံ့လိုစိ၏။ အနုပညာဟူသည် လူသားတို့၏ စိတ်ခံစားမှုများအား အခြေခံထားခြင်းဖြစ်ပေရာ ပုံစံမျိုးစုံ၊ ရသမျိုးစုံတို့ဖြင့် ပေါ်ထွက်လျက်ရှိပေ၏။ လူတို့သည်များပြားလှစွာသော အနုပညာများစွာထဲမှ မိမိကြိုက်နှစ်သက်ရာကို ရွေးချယ်ခံစားတတ်ကြပေသည်။

လူတို့သည် သောတအာရုံကို ဦးစားပေးကြ၏။ ချိုမြိန်သာယာသော အသံများကို လွန်ကြူးစွာ နားထောင်လိုကြသည်။ ထို့ကြောင့်ပင် သီချင်းရေးဆရာများက တောဘွဲ့၊ တောင်ဘွဲ့၊ မယ်ဘွဲ့၊ မောင်ဘွဲ့၊ မိုးဘွဲ့၊ လေဘွဲ့ အစရှိသည်များကို မြန်မာစာ၏ အနှစ်သာရတို့ဖြင့် စီရင်မွမ်းမံလျက် လင်္ကာဥန့်ပေါင်းတို့အား ရေးစပ်သီကုံးကြ၏။ ထိုသီချင်းစာသားများကို ဂီတပညာရှင်များက ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်အစရှိသည့် မြန်မာ့တူရိယာများဖြင့် ဖြည့်စွက်လိုက်သည့်ခဏဝယ် ရသမြောက်

အနုပညာဟူသည် ခံစားချက် ရေစီးကြောင်းကို လိုက်၍ ခရီးနှင်ရသော လှေငယ်တစ်စင်းပင် ဖြစ်၏၊ အဆို၊ အက၊ အရေးအတီးအပြင် အခြားသော လက်မှုပညာ ဗိသုကာပညာများတို့သည် စိတ်၌ခံစား၍ ပြုလုပ်မှသာလျှင် လက်ရာမြောက်သော အနုပညာ ဖြစ်လာနိုင်၏

သောသီချင်းများ အစီအရီထွက်ပေါ်လာကြကုန်၏။ ထိုသီချင်းများကို ပင်ကိုအသံကောင်းသူတို့က အသံ အနိမ့်အမြင့်၊ အဆွဲအငင်၊ အရှိုက်အ ...များဖြင့် သီဆိုလိုက်သောအခါဝယ် ထိုသီချင်းများသည် လူတို့၏ဘဝခံစားချက်များဖြင့် လိုက်လျောညီထွေရှိပါက လွန်စွာမှပင် နားဝင်ချို၍ ဂီတအနုပညာ၏သဘောကို အပြည့်အဝပေးစွမ်းနိုင်တော့သည်။

'မြမန်းဂီရိ၊ သေလာတောင်၊ နှန်းတည်ထောင်၊ ဘုန်းရောင်နေသို့လင်း... နောင်ညီကို၊ ရွှေဘိုန္နယ်တော်ရင်း၊ ရာအဆူဆူ၊ ပြည်သူခဝပ်စင်း...' ဟူ၍ ရေးစပ်ထားသော ကုန်းဘောင်မင်းဆက်များ၏ ဘုန်းတော်ဘွဲ့ကို စောင်းဖြင့် တီးခတ်သီဆိုသည်ကိုကြားမိသည်အခါတွင် မိမိကိုယ်တိုင် ကုန်းဘောင်ခေတ်သို့ ပြန်ရောက်သွားသည်ဟု ခံစားမိပါသည်။ ထုပိကာ၊ စုလစ်မွမ်းချွန်တို့၏ အဆင့်ဆင့် အထပ်ထပ် တင့်လျက်လှပသော ရွှေနန်းတော်ကြီးအားလည်း မြင်ယောင်လာမိပါသည်။ ရွှေနန်းတော်အတွင်း သီဟာသနပလ္လင်ထက်၌ သန့်လျက်ကို ကိုင်စွဲ၍ မင်းမြောက်တန်ဆာတို့ဖြင့် ပန်ရလှသော ဘိုးတော် အလောင်းမင်းတရား၏ ခုံညားသောသွင်ပြင်ကိုလည်း စိတ်ထဲတွင်ခံစားလာမိပါသည်။ တင်းတသလို လွမ်းဆွတ်သလိုဖြင့် ဝမ်းနည်းလာမိပါသည်။ ဤသည်ပင် မြန်မာ့အနုပညာကြိုးသီချင်းတစ်ပုဒ်၏ ဆွဲဆောင်ချက်မျှသာဖြစ်ပါသည်။ အနုပညာအားလုံးအား ဧစ္ဆပ်စွာ ခံစားမိပါက ဆိုနိုင်ဖွယ်မရှိပါချေ။

'တပ်တော်ဦးဆီ မျှော်လိုက်ပြီတော့ ရဲတံခွန်တွေ လေကစားကြွားလှုပ်လှုပ်ဝေ-တပ်ဦးဆီ မျှော်လိုက်ပြန်တော့ ရဲတံခွန်တွေ အလံတွေ ရဲမာန်ပွားလောပေ သေပါစေ ရင်ကို မြေကတုတ် မဆုတ်မတွန့်... မရွံ့တဲ့သူတွေ...' ဆိုသော တောင်ငူခေတ် ရတုဘုရင်နှင့် သျှင်နောင်၏ စစ်ချီသီချင်းကို ကြားလိုက်သည့် တစ်ခဏဝယ် ကျွန်ုပ်သည် စစ်မြေပြင်သို့ ရောက်ရှိသွားပြန်ပါသေးသည်။ များပြားလှစွာသော တပ်ပြတပြော မြင်ကွင်းများကို စတင် မြင်တွေ့ရ၏။ တင်းမာခက်ထန်၍ ဇာတိသွေးဇာတိမာန်တက်ကြွနေသော စစ်သည်များ၏ မျက်နှာ၊ တစ်ဆယ့်ခြောက်ခေါဘဏီတပ်နှင့်တကွ တဒုန်ခြိမ့်သံသော စစ်မောင်းသံ၊ ချပ်ဝတ်တန်ဆာနှင့်တကွ ဓားကိုယ်စီလွယ်ထားသော အိုးစားများ၊ အကြပ်ဗိုလ်မင်းများ၊ ဟိုးဘက်၌ ကကြိုးတန်ဆာအပြည့်အစုံ တပ်ဆင်ထားသော ဆင်ဖြူတော်ကြီး အပေါ်တွင် စစ်သူကြီး အဆောင်ယောင် တို့နှင့်တကွ မတ်တတ်ရပ် လက်ပိုက်၍ တပ်ဦး၌ တလူလူလွင့်နေသော အတိတ်ခွန်များအား မမှိတ်မသုန်ကြည့်နေသော ရတုဘုရင် နတ်သျှင်နောင်၊ ခွန်အားသာသူ နတ်သျှင်နောင်အား စိတ်မနှံသဖြင့် ...၊ နတ်သျှင်နောင်နှင့် မခွဲနိုင်သဖြင့် စိန်ခြူးကြာညောင် လေးလင်းသည့် ညဝယ် မှန်ရွှေဖြူပြင်၌ မေးတင်၍ သီတဂူလစန္ဒာသား နတ်သျှင်နောင်အမှတ်ဖြင့် စကားတွေကြော

www.burmeseclassic.com

www.burmeseclassic.com

သော နေပြည်တော် ရွှေစံအိမ်မှ 'ရာဇဓာတုကလျာ' အစရှိသည့် တောင်ငူခေတ် မြင်ကွင်းတို့အား တစ်ကွက်ပြီးတစ်ကွက် မြင်လာလေတော့၏။ 'အတွေး' ဟူသော ဆေးခွက်၌ 'အနုပညာ' စုတ်တံကို နှစ်၍ စိတ်ကူးယဉ်ပန်းချီကားတစ်ချပ်အား ခမောမပန်းရေးဆွဲနေမိသည်။ ပျော်စရာ ကောင်းလှပေ၏။ ထိုထိုရသမြောက် သောသီချင်းများကို နန်းတော်ရှေ့ ဆရာတင်၊ မြို့မငြိမ်း၊ ရွှေပြည်အေး၊ ရွှေတိုင် ညွှန့်၊ စန္ဒရားလှထွတ်၊ စောင်းဦးဘသန်း အစရှိသည့်အနုပညာဝမ်းစာပြည့်လှသော ပညာရှင်များက မီးကုန်ယမ်းကုန်ရေး စပ်ခဲ့ကြပေ၏။ အနုပညာဟူသော ကောင်းကင်ပြင်၏ထင်ရှားတောက်ပ လှသော ငွေကြယ်ပွင့်များပင် ဖြစ်သည်။ သို့သော် ထိုငွေကြယ်ပွင့်များကား ကောင်းကင်ပြင်တွင် မရှိတော့။ ကြွေလွင့်ခဲ့ရချေပြီ။ ထိုငွေကြယ်ပွင့်တို့၏ အရိုန်အဝါများကတော့ဖြင့် မြန်မာ့အနုပညာမိုးကောင်းကင်၌ ထွန်းလင်းဆဲပင် ရှိပါသေး၏။

အနုပညာကို ခံစားလိုသူတို့သည် သောတအာရုံသာမက မျက်စိပသာဒလည်း လွန်စွာခံစားလိုကြပြန်သည်။ ထို့ကြောင့် အနုပညာရှင်တို့သည် ရသမြောက်သော တီးလုံးတီးကွက်၊ သီချင်းစာသားများနှင့် လိုက်လျောညီထွေဖြစ်ဆရန် အကပညာဖြင့် တင်ဆက်လာကြပြန်၏။ မြန်မာအကသည် လွန်စွာ ခက်ခဲလှသည်။ ဓနွာကိုယ်၏ သုံးပုံနှစ်ပုံအား ချိုး၍ ကပြရသောအကဖြစ်သည်။ ခေါင်း၊ ခါး၊ ခြေ၊ လက် လေးဖက်စလုံးညီမှ ကြည့်၍လှသော အကဖြစ်သည်။ ဆိုင်းသံ၊ ဗုံသံ၊ ပတ်မကြီးသံ၊ ပတ်လုံးသံ တစ်ချက်ချင်းစီ၌ ခေါင်း၊ ခါး၊ ခြေလက်တို့အား တစ်ကွက်ချင်းစီ၊ တစ်ဆစ်ချင်းစီချိုး၍ ကပြရသည်။ မင်းသမီး မထွေးလေး၊ မြခြေကျင်း မငွေမြိုင်၊ လေဘာတီ မမြရင်၊ ကဗျာလွတ် အက တီထွင်ခဲ့သော ဒေါ်သြဘာသောင်း၊ မင်းသားခြေထိုးအကကို တီထွင်ခဲ့သည့် ဂရိတ် ဦးဖိုးစိန်၊ ဇာတ်တော်ကြီးများအား ကိုယ်တိုင်ရေး၊ ကိုယ်တိုင်ဆို၊ ကိုယ်တိုင်ကခဲ့သော အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် အစရှိသည်တို့မှာ မြန်မာအကပညာ၏ မိခင်၊ ဖခင်များပင် ဖြစ်ကြလေ၏။

ထို့ပြင် ယိုးဒယားကို ဘုရင်နောင်သိမ်းပိုက်စဉ်က မြန်မာနိုင်ငံသို့ရောက်ရှိလာခဲ့သော အီနောင်နန်းတွင်းဇာတ် တစ်ပုဒ်ရှိသေးသည်။ ဤသည်မှာ ရာမာယဏဇာတ်တော်ပင်ဖြစ်၏။ ထို ဇာတ်ကို မြန်မာအနုပညာရှင်တို့က မြန်မာမူပြု၍ မြန်မာအကများဖြင့် ထုံးဖွဲ့၍ မြန်မာ့နန်းတွင်း ပြဇာတ်တစ်ပုဒ် ဖြစ်အောင် မွမ်းမံခဲ့ပေ၏။ လေးတင်ခန်း၊ သမင်လိုက်ခန်း၊ မယ်သီတာခိုးခန်း အစရှိသည်တို့မှာ ယနေ့တိုင် လူအများနှစ်ခြိုက်နေဆဲ ဖြစ်၏။ ထို့ပြင် ဗုဒ္ဓဝင်၊ ဇာတ်နိပါတ်၊ ရွှေကုန်သည်၊ လှည်းကုန်သည် အစရှိသည့် ရသမြောက်၊ သုတမြောက်လှသော ဇာတ်တော်ကြီးများကိုလည်း ရွှေမန်းတင်မောင်က ရေးစပ်ကပြခဲ့သေးပေ၏။ ယဉ်ကျေးသိမ်မွေ့၍ တိုင်းတစ်ပါးသားများကပါ အထင်ကြီး လေးစားရသော မြန်မာ့အနုပညာများပင် ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုတို့ဖြင့် ဖွဲ့စည်းထားသော အစုအဝေးဖြစ်၏။ ထို့ကြောင့် မျိုးနွယ်စုတစ်ခုစီ၌ ကိုယ်ပိုင် အတီး၊ ကိုယ်ပိုင် အက၊ ကိုယ်ပိုင်အနုပညာ တစ်ခုစီရှိကြ၏။ ကချင်သည် မဇောအက၊ ကယားသည် ဒေါင်းအက၊ ကိုန္ဒရာအက၊ ကရင်သည် ဖားစည်သံဖြင့်ကရသော ခုံးယိမ်းအက၊ ချင်းသည် ဝါးညှပ်အက၊ ဗမာသည် စည်းပုံ၊ ထိုင်မသိမ်းတို့ဖြင့် ကရသော ဗမာအက၊ မွန်သည် တလိုင်းရိုးရာတီးလုံးဖြင့် သိမ်သိမ်မွေ့မွေ့ကရသော မွန်အက၊ ရခိုင်သည် ငြိမ့်ညောင်းသော သံစဉ်ဖြင့်ကရသည့် ဆီမီးခွက်အက၊ ရှမ်းသည် ရှမ်းအိုးစည်သံဖြင့် ကရသော ရှမ်းအက၊ ဓားသိုင်းအက စသည်ဖြင့် ဒေသဆိုင်ရာ၊ လူမျိုးဆိုင်ရာ ယဉ်ကျေးမှုအနုပညာများလည်း များပြားစွာ ရှိသည်။ မြန်မာနိုင်ငံ၏ အနုပညာသည် အကိုင်းအခက်များစွာဖြင့် သစ်သီးဝေဆာ၊ အရွက်စိမ်းဖြာ၊ မြင့်မားခံ့ထည်လှသော အရိပ်ရ သစ်ပင်ကြီးတစ်ပင်ပေတည်း။

ထို့ပြင် အနုပညာရှင်တို့သည် လူတို့၏နှလုံးသား အစာအာဟာရ ငတ်မွတ်ခေါင်းပါးမှုကို စာပေသက်သက်ဖြင့် ဖြည့်ဆည်းခဲ့ပြန်သေး၏။ လင်္ကာ၊ ပျို့၊ ရတု၊ တေးထပ်၊ ဒွေးချိုး၊ လေးချိုး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဝတ္ထုလတ် အစရှိသည်တို့ဖြင့် ဝံသာနုစိတ်ဓာတ်၊ ဇာတိမာန်၊ အချစ်၊ အလွမ်း အစရှိသည့် ရသပေါင်းစုံကို ကဏ္ဍမျိုးစုံ၊ ရွထောင့်မျိုးစုံတို့ဖြင့် ထုဆစ်ခဲ့ပေ၏။ စာရေးဆရာ၏ အတတ်ပညာကောင်းမွန်ပါက လူတစ်ဦးတစ်ယောက် သို့မဟုတ် လူစုလူဝေးတို့၏ စိတ်ဓာတ်၊ ခံယူချက်၊ နည်းလမ်းအစရှိသည်တို့ကို မှန်ကန်ဖြောင့်မတ်အောင် တည့်မတ်ပေးနိုင်စွမ်းရှိပေ၏။ အမျိုးသားပညာဝန် ဦးဖိုးကျား၊ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၊ သိန်းဇေမြင့်၊ နေသူရိန် (မဟာဆွေ)၊ မြန်မာ့စာပါမောက္ခ ဦးဖေမောင်တင်၊ တက္ကသိုလ် ဘုန်းနိုင်၊ သိပ္ပံမောင်ဝ၊ သခင်အောင်ဆန်း၊ ပိမိုးနင်း အစရှိသည့် မြန်မာစာပေပညာရှင်တို့မှာ လွတ်လပ်ရေးအတွက် ကလောင်လက်နက်ကို စွဲကိုင်၍ တိုက်ပွဲဝင်ခဲ့ကြသည်။ အားကျချီးကျူးစရာပေ။ ဆရာကြီး ရွှေဒေါင်း၊ သော်တာဆွေ၊ ဒဂုန်တာရာ၊ ဒဂုန်ရွှေမျှား၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဂျာနယ်ကျော် မမလေး၊ ပါရဂူ… အစရှိသည့် အနုပညာရှင်များကလည်း အဆင့်မြင့်မားလှသော အရေးအဖွဲ့စွမ်းရည်တို့ဖြင့် ဂုဏ်သိက္ခာကြီးမားလှသော ရသစာပေ၊ သုတစာပေတို့အား ဖန်ဆင်းခဲ့ကြ၏။ 'သင်၏ မျိုးသား၊ စာစကား လည်း၊ ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏' ဆိုသည့်အတိုင်း ကျင့်သုံးခဲ့ကြပေ၏။ လေးစားအားကျ စံနမူနာထား ဖွယ်ရာပင်ဖြစ်၏။

အတီးနှင့် ပတ်သက်ရာတွင်လည်း

www.burmeseclassic.com

မြန်မာ့ဆိုင်းဝိုင်း၏ အရှိန်အဝါမှာ ယနေ့တိုင် ကမ္ဘာတစ်ခွင် စာတင်ဆဲပင်ဖြစ်၏။ ဆိုင်းလောကဏ္ဍ၏ ဖခင်မှာ နေမျိုးဗလ စည်သူ ရွာစားကြီး စိန်ဗေဒါဖြစ်သည်။ စိန်ဗေဒါသည် ခွဲ၊ လုံ့လ၊ ဝီရိယကြီးမား၏။ အနုပညာကို လေးစား၏။ ဆိုင်းအတတ်၌ သူမတူအောင် ကျွမ်းကျင်၏။ မနက် ဝေလီဝေလင်းတွင် သံဃာတော်များအား ဆွမ်းလောင်းရန် နှိုးဆော်သည့် 'ဝေလာ' တီးလုံးကို တီထွင်ခဲ့၏။ ယခုခေတ်တွင် ဓမ္မပူဇာသဘင်များ၌ ဓမ္မကထိက ကိုယ်တော်များကြွလာသည့်အခါ ထိုတီးလုံးဖြင့်ပင် ပင့်ဆောင်ကြ၏။ ရှင်ပြုပွဲများတွင် မပါမဖြစ်သည့် *'အရှေ့ကိုလျှောက်ပါလို့... အနောက်ကိုတဲ့မျှော်လိုက်ရင်... တံခွန်တိုင်... ရွှေကုဋ္ဌားနဲ့'* ဟူသော မင်္ဂလာဖြောတီးလုံးကိုလည်းကောင်း၊ ရေဒီယိုတွင် မကြာခဏလွှင့်သည့် မြန်မာစံတော်ချိန် တီးလုံးကိုလည်းကောင်း အစရှိသည့် များစွာသော တီးလုံးတီးကွက်များကို တီထွင်ခဲ့သည်။ စောင်းဆရာ ဒေဝဏ္ဍန္ဒာ မောင်မောင်ကြီး၊ ဆိုင်းဆရာ ဆရာစိမ့်၊ စောင်းဦးဘသန်း၊ ဆရာစံ၊ ဦးသိန်းမောင်၊ ပတ္တလား ဦးစံခင် အစရှိသည်တို့မှာ မြန်မာ့ဂီတကို ဦးဆောင်ခဲ့သော အတီးပညာရှင်များပင်ဖြစ်သည်။ ထို့ပြင် အလင်္ကာကျော်စွာ ဆရာ မြို့မငြိမ်းက မြန်မာ့ဆိုင်းဝိုင်းနှင့် အနောက်တိုင်း တူရိယာများကို တွဲဖက်၍ သီချင်းများစွာကို ရေးစပ်သီကုံးကာ 'ဆစ်ဖိုနီ' ဟု ခေါ်သော သံစုံတီးဝိုင်းကြီးတစ်ခုကို တည်ထောင်ခဲ့သေးသည်။ ယခုခေတ် မြို့မတူရိယာအဖွဲ့ဟု ကျော်ကြားသော တီးဝိုင်းပင်တည်း။

ထို့ပြင် မြန်မာတို့သည် ရုပ်သေးပွဲများကိုလည်း နှစ်ခြိုက်အားပေးကြသေးသည်။ သိကြားရုပ်၊ ဓော်ဂျီရုပ်၊ မင်းသမီးရုပ်၊ မင်းသားရုပ်၊ လူကြမ်းရုပ်၊ လူရွှင်တော်ရုပ် အစရှိသည်တို့ဖြင့် ရုပ်သေးရုပ်ကလေးများကို ကြိုးဆွဲ၍ ရုပ်သေးဆရာများက အဆို၊ အိုင်၊ အပြောများဖြင့်တွဲဖက်ကာ ရုပ်သေးရုပ်ကလေး

မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးစုတို့ဖြင့် ဖွဲ့စည်းထားသော အစုအဝေး ဖြစ်၏၊ ထို့ကြောင့် မျိုးနွယ်စုတစ်ခုစီ၌ ကိုယ်ပိုင် အတီး၊ ကိုယ်ပိုင် အက၊ ကိုယ်ပိုင်အနုပညာ တစ်ခုစီ ရှိကြ၏

များကို တကယ့်လူအစစ်များဟု ထင်မှတ်လာလောက်အောင် ကပြရချေ၏။ စင်စစ်အားဖြင့် ရုပ်သေးပညာမှာ ဇာတ်သဘင်ပညာထက် ခက်ခဲလေ၏။ နိုင်ငံခြားသားများ မြန်မာတို့၏ ရုပ်သေးသဘင်ကို အထင်ကြီးလေးစားစွာဖြင့် လေ့လာကြည့်ရှုကြ၏။ ရုပ်သေးမင်းသမီး ဆရာပု၊ ဆရာတင်၊ ဆရာဉာဏ်ကြီး ခရိုင်ဘုရင် အစရှိသည်တို့မှာ မြန်မာ့ရုပ်သေးပညာရှင်များပင်ဖြစ်၏။

'ပန်းဆယ်မျိုး' အတတ်ပညာများတွင်လည်း မြန်မာတို့သည် ထိပ်တန်းကပင်။ အသုံးအဆောင်၊ နေအိမ်အဆောက်အဦများကို တည်ဆောက်ပြုလုပ်ရာတွင်ပင် အနုပညာကို ထည့်သွင်းကြသည်။ ဗုဒ္ဓဆင်းတုတော်များကိုလည်း မုဒြာ အမျိုးမျိုး၊ ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဓရုပ် အစရှိသည်များကိုလည်း ဗိသုကာ အမျိုးမျိုးဖြင့် တည်ထားကိုးကွယ်ခဲ့ကြသည်။ ပုဂံမြို့ရှိ ဘုရား၊ ကျောင်း၊ စေတီ၊ ပုထိုးများက သက်သေပင်ဖြစ်သည်။ စားပွဲ၊ ကုလားထိုင်၊ ကွမ်းအစ်၊ ယွန်းခွက်မှစ၍ များစွာသော အသုံးအဆောင်များကိုလည်း ကနုတ်များ၊ ပန်းများ၊ အရုပ်များဖြင့် လှပစွာ တန်ဆာဆင်တတ်ကြလေ၏။ ကြောင်းစရာကောင်းသော ဘီလူးရုပ်ကိုပင် ကနုတ်များ၊ ပန်းများ၊ အရောင်အသွေးများဖြင့် စီရင်မွမ်းမံသောအခါ လှပတင့်တယ်လေ၏။ သို့သော် ကြောက်မက်ဖွယ် 'ဘယာနကရသ' လည်း ပျောက်မသွားပေ။ လေးစားစရာကောင်းလှသည့် ပြောင်မြောက်သော အနုပညာ အရည်အသွေးများပင်ဖြစ်သည်။ အနုပညာ အကြောင်းသည်ကား စာဖွဲ့၍ပင် မကုန်နိုင်သော ကြီးမားခိုင်ခံ့သည့် သန့်ရှင်း အစဉ်အလာကြီးတစ်ရပ်ပေတည်း။

ထိုထိုသော ပြောင်မြောက်လှသည့် မြန်မာ့အနုပညာတို့မှာ ခေတ်ကြောင့် စနစ်ကြောင့် တိမ်မြုပ်ပျောက်ကွယ်လျက်ရှိသည်။ ဆို၊ က၊ ရေး၊ ပြိုင်ပွဲကြီးများပြုလုပ်၍ ဆက်လက် ထိန်းသိမ်းထားပါသော်လည်း မပျောက်ပျက်သွားသည်ကပင် သေးသည်ဟု ပြောရချေမည်။ သို့သော် မြန်မာ့အနုပညာ၏ တန်ဖိုးအဖုံဖုံကို စားတတ်သူများသာ သိရှိပေ၏။ မြင်သံကြားမှ မြန်မာ့အနုပညာနှင့်ထက် သက်၍ ရုပ်သံလွှင့်လျှင် တိမ်ဝိုက် တတ်ကြသောခေတ်ဖြစ်ရာ များစွာသော နည်းစရာကောင်းလှပေ၏။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံကြီး တည်တံ့သရွေ့ မြန်မာနိုင်ငံတည်းဟူသော သင်္ကေတပင်ကြီး၏ ရေသောက်မြစ်ဖြစ်သော မြန်မာ့အနုပညာတို့မှာ နိုင်ငံသားတို့၏ ခံစားချက်တည်းဟူသော မြေဆီလွှာအား အစဉ်ထာဝရ ကုတ်တွယ်ကာ နိုင်ငံသားတို့၏ ခံစားချက်များ၊ ယုံကြည်သောကများကို ပြေပျောက်စေရန် တာဝန်ကမ္ဘာတည်သရွေ့ ကြီးပမ်းနေလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်မိပါသည်။

သက်ဦးစေ

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်

ဆရာဦးမင်းသန်းထိုက်

(တဆ-၃၃၅၈)

အနာပေါက်အထူးကုသမားတော်ကြီး

ခန္ဓာကိုယ်အတွင်း၊ အပြင်ရှိမို့နာ၊ အမြစ်ပွားနာ၊ ကင်ဆာအလုံးအခဲ၊ အကြွေတ်အပုများအား မခွဲမခိတ်၊ ခုပ်အပ်မထိုး၊ အနာလေပ်မကု၊ ဓားဆေးထည့်သွင်းမကု(သဘာဝအတိုင်း) ဆေးအုံ၊ ဆေးကပ်၊ ဆေးရွက်နှင့် အုံထားရုံဖြင့် အမြစ်မကျန်ခေရအောင် ကုသရန်ိုင်တဲ့ဆေး ကိုယ့်ပြည်တွင်းမှာရှိနေတယ်။

မကုခင် လာရောက်ဆွေးနွေးပါ။ ဂရင်ဂျိနာ၊ လိပ်ခေါင်း(အတွင်း) ရက်ပိုင်းအတွင်း ရောဂါပျောက်ကင်း ခေရမည်။

(တနင်္လာနွေနေမှအပနေ့စဉ်နံနက် ၁၀း၀၀နာရီမှညနေ ၅း၀၀နာရီအထိ)

အမှတ်(၃၉၈)၊ ရွှေဘုံသာအထက်လမ်း၊ သီတာမင်းအထူးကုဆေးခန်းထပ်ခိုး၊ ရန်ကုန်မြို့။

ဗုဒ္ဓံ ဓမ္မံ သံဃံ

လားရှိုးမြို့ နက္ခတ်သိဒ္ဓိရှင် **ဆရာတော် ဦးပဏ္ဍိတာဘိဝံသ** ၏ သမီးတော်ဦး

ဆန်းကြယ်မေဒင် **ဆရာမ နေဝင်းခမ်းလန်**

မိတ်ပေါင်းကို စောင့်မျှော်ဖိတ်ခေါ်ရင်း မိတ်သစ်ကိုရည်းကြိုဆိုပါတယ်ရှင်။

အမှတ် (၆၈၆)၊ မဟာဗန္ဓုလလမ်း၊ ၄၆ ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
[ဒဂုံမောင်လှက်ရည်ဆိုင်ဘေးကပ်]
ဖုန်း - ၀၉ ၃၁၃၄၃၁၉၁

www.burmeseclassic.com

www.burmeseclassic.com

ဒီလမှာလည်း စာရေးသူအများစုရဲ့ အဆင်ပြေတဲ့ စာမူတော်တော်များများကို ဖတ်ရတဲ့အတွက် ဝမ်းသာပါတယ်။ ထုံးစံအတိုင်း စာမူတွေကို အဆင်ပြေပြေ၊ မပြေမပြေ ပို့နေသေးသူတွေ ရှိနေပေမဲ့လည်း အရင်ကထက်စာရင် စာမူကောင်းလေးတွေ ပိုပါလာတဲ့အတွက် ကျေနပ်ကြောင်း ပြောပါရစေ။

၁။ *ချော်ရှင်းလင်္ဂဓံပါသော ဇင်လေး*
ခေးဟောသာ

ရေးနေကျ နွမ်းပါးတဲ့ဘဝထဲက အိမ်ထောင်ရေးကဲ့သာ တာ ညံ့ဖျင်းမှုအကြောင်းဖြစ်ပြီး အရေးအသားအားနည်းနေပါတယ်။ စကားပြေ၊ စကားပြောရောနေပြီး တင်ပြပုံ ဆွဲဆောင်မှု မရှိပါဘူး။

၂။ *ကျွန်တော် ဘုံဆိုင်*
စံပယ်ဖြူ

ကလောင်နာမည် ဆင်တူယိုးမှား ရှိနှင့်ပြီးဖြစ်သည့် အတွက် နောင်ကို တခြားကလောင်နာမည်နဲ့ ကြိုးစားစေချင်ပါတယ်။ ဆောင်းပါးဆန်တဲ့ အတွေးနဲ့ အရေးဖြစ်ပြီး အရေးအသား ပြေပြစ်ပေမဲ့ ရသအားနည်းနေပါတယ်။

၃။ *ကာရန်ညီအပြိုး*
ရင်ငြိမ်းသူ

သာမန်အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး စကားပြေ၊ စကားပြော ရောထွေးနေပါတယ်။

၄။ *အရိပ်မဲ့တို့၏ အရိပ်မည်း*
လင်းလတ်အောင် (Y.T.U)

အရေးအသား ဆွဲဆောင်မှု အားနည်းတဲ့အတွက် ဇာတ်ကြွမလာပါဘူး။ နွမ်းပါးတဲ့လူတွေရဲ့ ဖြစ်လေ့ရှိတဲ့ အကြောင်းအရာကို အခြေခံရေးဖွဲ့ထားပြီး စကားပြေ၊ စကားပြောလည်း ရောထွေးနေပါတယ်။

၅။ *သားရွှေအိုးထမ်း ပြန်မလာသော်ငြား*
၆။ *မျက်ရည်စက်များနှင့်အတူ*
ယဲရဲ

စကားပြေ၊ စကားပြော ရောထွေးနေတဲ့ စာမူများ ဖြစ်တယ်။ အရေးအသား ဖောင်းပွပြီး ဆောင်းပါးဆန်တဲ့ ဖွဲ့ဆိုမှုနဲ့ ရေးဖွဲ့ထားတာ ဖြစ်နေပါတယ်။ သားရွှေအိုးထမ်းက ခေါင်းစဉ်ကြောင့် ကြိုမှန်းလိုရတဲ့ ဇာတ်မျိုးဖြစ်ပြီး မျက်ရည်စက်... ကတော့ ဘုန်းကြီးတစ်ပါး ပျံလွန်တော်မူခြင်းအပေါ် ခံစားချက်ကို ရေးဖွဲ့ထားတာဖြစ်ပြီး အရေးအသား မကျွမ်းကျင်တဲ့အတွက် မပေါ်လွင်ပါဘူး။

၇။ *လရောင် လမ်းညွှန်သော ညတစ်ည*
၈။ *အသုံးလုံးနဲ့ ပြဇာဒိန်ဟောင်း*
ရှိန်းခန့်စော်(ပင်းတယ)

အတွေးမရှင်းလို့ အရေးမရှင်းတဲ့ စာမူဖြစ်ပြီး ဝါကျစည်းပုံ အားနည်းချက်တွေ ရှိလှပါတယ်။ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၉။ *လမ်းခွဲ*
မြတ်

သာမန်အချစ်ဝတ္ထုတစ်ပုဒ်ဖြစ်ပြီး စကားပြေ၊ စကားပြော ရောထွေးနေပါတယ်။

၁၀။ *လက်ဖျောက်*
၁၁။ *အမျှတမန်းချီ*
သျှင်လင်းလက်(ဆောင်တွင်း)

www.burmeseclassic.com

www.burmeseclassic.com



အရေးအသား ဆွဲဆောင်မှု အားနည်းတဲ့ စာမူများ ဖြစ်ပါတယ်။ နှစ်ပုဒ်စလုံးက ပထမနာမ်စားနဲ့ အပြောတွေကို ဦးစားပေးပြီး ရေးဖွဲ့သွားတာဖြစ်တဲ့အတွက် သွက်လက်မှုမရှိသလို အနုပညာလည်း အားနည်းနေပါတယ်။

၁၂။ *ဂလောက်လေးရဲ့ ဂလောက်သံ*
ပြာရည်ဖွဲ့ဦး

ရေးဖွဲ့နေကျ ဇာတ်ကွက်မျိုးကို ရေးဖွဲ့နေကျ အရေးအသားမျိုးနဲ့ ရေးထားတာဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။

၁၃။ *သိုက်မြို့ဝေး ၄၈်တစ်ကောင်၏ နောက်ဆုံးခြေရာ*
ကချင်လေး(ဆေး-မန်း)

စကားပြော၊ စကားပြော ရောထွေးနေပြီး စာတမ်းဆန်တဲ့ အရေးအသားဟန်မျိုး ဖြစ်ပါတယ်။ အတွေးရှိပေမဲ့ အရေး မလိုက်နိုင်သေးတဲ့အတွက် အားနည်းရတာပါ။ ကြိုးစားပါဦး။

၁၄။ *ဟုတ်သည်ရှိသော် မဟုတ်သည်ရှိသော် စိမ်းရိမ်စိတ်တော့ ကင်းအောင်းနေတယ်*

၁၅။ *၁၀ နှစ်တာအတွင်း ပြောင်းလဲခြင်းများနဲ့အတူ*
မျိုးမျိုး(ဂါထာ)

စာပိုဒ်အရှည်ကြီးတွေကို အသုံးပြုပြီး ဒေသန္တရအကြောင်း အရာတွေကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အရေးအသား ဆွဲဆောင်မှု မရှိပါဘူး။ စာများများ ဖတ်ပါဦး။

၁၆။ *ဒါကို အမှားအယွင်းတစ်ခုလို့ မထင်ချင်ပါ*
ညီမင်း(လည်ငေါက်)

ဇာတ်ကောင်နေရာ ပြောင်းပြီး တစ်ဆက်တည်း ရေးသားထားတဲ့ စာမူမျိုး ဖြစ်နေပါတယ်။ စာများများ ဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၁၇။ *အရောင်ကွဲမြစ်*
သံလွင်ကို(မော်လမြိုင်)

အရေးအသား ပြေပြစ်ပေမဲ့ စာတမ်းဆန်တဲ့ တင်ပြပုံမျိုး ဖြစ်ပါတယ်။ ဆွဲဆောင်မှု အားနည်းနေပါတယ်။

၁၈။ *ဘာဖြစ်လို့ ကိုယ်ကိုကိုယ် အထင်အမြင်သေးပြီး စိုးရိမ်လွန်နေကြတယ်*

၁၉။ *ဘာနဲ့ အလုပ်စလုပ်ရင်ကောင်းမလဲ*
သန့်ဇင်

စာတစ်ပျက်နာမပြည့်တဲ့ စာညွှန်လိုလို၊ ဆောင်းပါးလိုလို စာမူနှစ်ပုဒ်သာ ဖြစ်ပါတယ်။ ရွေးသင်္ကန်းကဏ္ဍကို စာမူပို့လိုရင် ရွေးသင်္ကန်းကဏ္ဍမှာ ဖော်ပြလေ့ရှိတဲ့ စာမူတွေဟာ ဘယ်လို စာမူမျိုးလည်း ဆိုတာကို အရင်လေ့လာစေချင်ပါတယ်။

၂၀။ *နေဝန်းနီ*
လင်းရိပ်ဖြူ

အရေးအသား ပြေပြစ်ပြီး ပြောချင်တာရှိပေမဲ့ အကြောင်းအရာနဲ့ တင်ပြပုံ ရိုးစင်းနေပါတယ်။ ကြိုးစားပါဦး။

၂၁။ *ကြက်ခြေခတ်နဲ့ ကျွဲပြိုးရင်းကျွဲ*
ဝင်းထိန်အောင်

အရေးအသား အားနည်းနေပြီး ပြောချင်တာကို ပီပြင်အောင် မပြောနိုင်သေးတဲ့ စာမူတစ်ပုဒ် ဖြစ်ပါတယ်။ စာများများဖတ်ပြီးမှ စာရေးဖို့ ကြိုးစားပါ။

၂၂။ *အောင်ပြဿနာနှင့် ဘာမထီလျှမ်းထက် အခက်လက်ဆောစီထဲမှာ*
အောင်စိုးခိုင်

စကားပြော၊ စကားပြော၊ ရောထွေးနေပြီး ဟိုဘက်ဆော်

www.burmeseclassic.com

www.burmeseclassic.com

က အရေးအသားမျိုး ဖြစ်နေပါတယ်။ ပြဿိုဏ် ပြောဖို့ကို ပိုပြီး အာရုံထားတဲ့အတွက် အနုပညာအားနည်းပါတယ်။

၂၃။ *ရေကို အရေးဖော်ခြင်း*

ဂျူပီတာ

အရေးအသား ပြေပြစ်ပြီး တင်ပြပုံသင့်ပေမဲ့ ဆွဲဆောင်မှု ပိုင်းမှာတော့ အားနည်းနေပါတယ်။ ဇာတ်ကောင်စရိုက်ကို ဒီထက်ပိုပြီး ပေါ်လွင်အောင် ရေးနိုင်မယ်ဆိုရင် ကောင်းပါမယ်။

၂၄။ *ဟင်း*

ပွန်းမိုမို

ထူးခြားမှုမရှိတဲ့ အကြောင်းအရာတစ်ခုကို သာမန်အရေး အသားနဲ့ ရေးဖွဲ့ထားတာဖြစ်ပြီး ဆောင်းပါးဆန်ပါတယ်။

၂၅။ *တန်ဖိုး*

မိုးခကျော်သွင်

လူတစ်ယောက်ရဲ့ နောက်ဆုံးအချိန်မှာ သားသမီးတွေနဲ့ ပတ်သက်ပြီး ခံစားချက်တွေကို ရေးထားတာပါ။ အရေး အသားသင့်ပေမဲ့ ဆွဲဆောင်မှုအားနည်းပြီး မသွက်လက်ပါဘူး။

၂၆။ *အဖြေမသိတဲ့ ပုစ္ဆာများ*

ခွန်းဆက်(မိုးညှင်း)

HIV နောက်ခံ စာမူတစ်ပုဒ်ဖြစ်ပြီး ဇာတ်ဆင်ထားတာ သဘာဝမကျပါဘူး။ ဇာတ်နာအောင် ဖန်တီးသလို ဖြစ်နေပါ တယ်။

၂၇။ *ဆေးစင်တဲ့ ကြွေးတမျှင်*

နေအောင်လင်း(စလေ)

စကားပြော၊ စကားပြော ရောနေပြီး ဆောင်းပါးလိုလို၊ စာညွှန်လိုလို ဖြစ်နေပါတယ်။

၂၈။ *အိပ်တန်း*

လင်းဝေအိမ်

ရသအားနည်းတဲ့ ဆောင်းပါးဆန်ဆန်၊ စာညွှန်ဆန်ဆန် စာမူတစ်ပုဒ် ဖြစ်ပါတယ်။

၂၉။ *အရိပ်*

ဝေမိုးသောက်

ဆောင်းပါးဆန်တဲ့ အတွေးနဲ့ အရေးကို ဝတ္ထုထဲမှာ ခွင်ဖန်တီးထားသလို ဖြစ်နေပါတယ်။

၃၀။ *အတွားအိုနစ်ယောက်*

၃၁။ ချစ်ခြင်းအားဖြင့် ... Valentine

ရဲရွှမ်းနေ

အရေးအသား ပြေပြစ်ပေမဲ့ ***အတွားအိုနစ်ယောက်*** က တော့ သုံးနေကျ လှည့်ကွက်မျိုးကို သုံးထားတဲ့အတွက် ခိုင်း စင်းသွားရပါတယ်။ ***ချစ်ခြင်းအားဖြင့်...*** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်ပါတယ်။

နောက်ထပ် ဆရာ ဦးဝင်းငြိမ်းထံ တင်ပြပေးလိုက်တဲ့ ဝတ္ထုတွေကတော့-

-ပေါ်ဦးလင်း ရဲ့ *မမြင်နိုင်သောနားရွက်*
-မင်းညီသွေး ရဲ့ *ယိုင်နဲ့နဲ့*
-လင်းလက်တာရာ ရဲ့ *ဘုကန်းဆာရမြန်မာ*
-ထက်အောင်(ဗန်းမော်) ရဲ့ *အော်သံ*
-သုတအောင် ရဲ့ *စတီးတစ်ခြမ်း ကျွန်းတစ်ခြမ်း*
-လင်းယုန်သစ် ရဲ့ *ဥဉ်*
-အသင် ရဲ့ *လှောကားထစ်*
-နေ(ပင်လယ်ငြာ) ရဲ့ *သခင်* တို့ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ခါတင်စာရင်းဝင်လာတဲ့ ရွှေအသစ်ဝတ္ထုတိုများထဲက မလေးရှားနိုင်ငံက ဆရာ လင်းလက်တာရာ ရေးသားပေးပို့ခဲ့တဲ့ ဘူကန်းဆာရမြန်မာ ဝတ္ထုတိုက မလေးရှားနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာအလုပ်သမားများရဲ့ အတွေ့အကြုံကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ အိုဗာစတေးဖြစ်သွားကြတဲ့ အတွက် မလေးရဲတွေကို ကြောက်လန့်နေရတာကြောင့် ကိုယ့်ကိုယ်ကို မြန်မာလို့ မပြောရဲကြတဲ့သူတွေအကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ စာအရေးအသား ကောင်းမွန်ပါတယ်။ သာမန်အချိန်မှာဆိုရင် ဒီဝတ္ထုဟာ ရွှေအသစ်ဝတ္ထုတို ဖြစ်လာနိုင်ပေမဲ့ အခုနောက်ပိုင်းမှာ ဆန်ခါတင်ဝင်လာတဲ့ ရွှေအသစ်ဝတ္ထုတိုတိုင်းလိုလိုက ကောင်းနေတာကြောင့် မထူးဆန်းတဲ့အကြောင်းအရာကို ချန်လှပ်ထားခဲ့ရပါတယ်။

ဆရာ ရဲစွမ်းနေရဲ့ ချစ်ခြင်းအားဖြင့် ... Valentine ဝတ္ထုတိုက ရွှေနှလုံးသားကဏ္ဍအတွက် ရွေးချယ်ထားပါတယ်။ သင့်တော်ရာလမှာ ဖော်ပြပေးပါမယ်။

ဆရာ လင်းယုန်သစ်ရဲ့ ဉာဉ် ဝတ္ထုက မြန်မာနိုင်ငံရဲ့ အိုးတန်ရတနာတွေဖြစ်တဲ့ ကျွန်းသစ်နဲ့ စံကားဝါတို့ကို တရားမဝင်ခုတ်လှဲရောင်းချသူတွေအပေါ်မှာ အကျိုးအမြတ်ရရှိခဲ့တဲ့ ကျေးရွာဥက္ကဋ္ဌတစ်ယောက်အကြောင်း ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဝတ္ထုတစ်ပုဒ်ကို စရေးတော့မယ်ဆိုရင် 'စကားပြော' နဲ့ ရေးမှာလား၊ 'စကားပြော' နဲ့ ရေးမှာလား အရင်စဉ်းစားပါ။ စကားပြောနဲ့ဆိုရင် တောက်လျှောက်စကားပြောနဲ့ ရေးရပါမယ်။ စကားပြောနဲ့ဆိုရင်လည်း တောက်လျှောက်စကားပြောဝဲ ရေးရပါလိမ့်မယ်။ ဆရာ လင်းယုန်သစ်ရဲ့ ဝတ္ထုမှာ စကားပြော၊ စကားပြောတွေ အများကြီးရောနေပါတယ်။ ပြင်ပေးလိုက်ရင် ဖြစ်နိုင်ပေမဲ့ စာရေးသူကိုယ်တိုင် အများကို သိစေချင်တာကြောင့် ပြန်ဖတ်ကြည့်ပါလို့ပဲ တိုက်တွန်းချင်ပါတယ်။

ဆရာ အောင်မြင့်ထွေး၏ စတီးတစ်ခြမ်း ကျွန်းတစ်ခြမ်း ဝတ္ထုတိုက မယားကြီး၊ မယားငယ် အပြိုင်အဆိုင် ဝုဏ်တု ဝုဏ်ပြိုင် လုပ်ကြပုံများ ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဆွဲဆောင်မှုမရှိပါ။

ဆရာ ထက်အောင်(ဇန်းမော်) ရဲ့ အော်သံ ဝတ္ထုကတော့ နယ်ဆေးရုံကလေးတစ်ခုမှာ ကြုံရတဲ့ အဖြစ်အပျက်တစ်ခုကို ရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ ဆရာဝန်စာရေးဆရာတွေအနေနဲ့ စာရေးမယ်ဆိုရင် ရှုမှာ ဆရာဝန်၊ စာရေးဆရာ၊ သရုပ်ဆောင် လုပ်သွားခဲ့တဲ့ ဒေါက်တာ မောင်သင်ရဲ့ စာတွေကို လေ့လာစေချင်ပါတယ်။ ဆရာ ထက်အောင်ရဲ့ ဝတ္ထုမှာ ဆွဲဆောင်အားမရှိတာကြောင့် ကျွန်တော် ချန်ထားခဲ့ပါတယ်။

ဒါကြောင့် ဆန်ခါတင်ဝင်လာတဲ့ ဝတ္ထုများထဲက ဆရာ ပေါ်ဦးလင်းရဲ့ မခြင်နိုင်သော နားရွက်၊ နေ(ပင်လယ်ပြာ)ရဲ့ သခင်၊ ဆရာမ အသင်ရဲ့ လေကားထစ်၊ ဆရာ မင်းညီသွေးရဲ့ ယိုင်နဲ့နဲ့ တို့ကို ရွှေအသစ်ဝတ္ထုတိုများအဖြစ် ရွေးချယ်ဖော်ပြပေးလိုက်ပါတယ်။ ပြီးခဲ့တဲ့လက နေရာအဆက်အဆဲကြောင့် ချန်ထားခဲ့တဲ့ ဆရာ ရေအေးရဲ့ မွေးမွေလေ့၊ ဆရာ ခန့်ညီဖေရဲ့ မျှော်လင့်ခြင်းအသစ် ရင်တွင်းဖြစ်တည် တို့ကိုပါ ဖော်ပြပေးလိုက်တာကြောင့် ဒီလရွှေအသစ် ၆ ပုဒ် ဖတ်ကြရမှာ ဖြစ်ပါတယ်။

■

ဝင်းငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



ယိုးဒယားမင်းသမီးလေး

"မင်းအမေက လာမယ့် တနင်္ဆောင်တိုင် မပြန်ခဲ့နဲ့ဦးတဲ့"
အသက်အရွယ်အရ နုနယ်သေးတယ်ဆိုပေမဲ့ အိပ်ရာထက်
ခွေနေရသည့် လူအိုတစ်ယောက်လို ဖိုးပိန်မျက်နှာက
ချက်ချင်းအိုစာသွားသည်။ ဘာမှန်းမသိသော အလုံးကြီး
တစ်လုံးက ဖိုးပိန်လည်ချောင်းထဲသို့ တစ်ဆို့လာသည်။

နောက် မေးဖျားလေးတွေ တဆတ်ဆတ်တုန်လာသည်။ စကား
လမ်းကြို့ သယ်လာသည့် သူတောင် လူနာရောဂါအခြေအနေ
သိသော ဆရာဝန်တစ်ယောက်လို ဖိုးပိန်ကိုကြည့်ကာ သနား
မိသည်။

လူကြီးတစ်ယောက်ရှေ့မှာမို့ ဖိုးပိန်က အိုင်တက်လာသော
မျက်ရည်များကို မျက်တောင်ဖြင့် ပုတ်ခတ်လိုက်ရင်း.....

"အမေရော နေကောင်းတယ်မဟုတ်လား"

စကားကြို့သယ်လာသူက ဖြည်းညင်းစွာ ခေါင်းညိတ်
ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အနေကြာလာသည်မို့ ပေါက်ဖော်ကြီးက သူ့ကို ရာထူးတိုးပေးလိုက်သည်။ ပန်းကန်ဆေးဘဝမှ ကျွတ်လာသော ဖိုးပိန်ကလည်း စားပွဲထိုးဘဝကို ပို၍ ကြိုးစားပြလိုက်သည်။ ရောက်စကညည့်သည်များကို ဦးလေးကြီး၊ အဒေါ်ကြီးအစား ဆရာတို့ အစ်မတို့လို အစားထိုး ခေါ်ဝေါ်တတ်လာသည်။ သို့သော် ငြီးငွေ့စိတ်ကတော့ ဖိုးပိန်မှာမပျောက်။ အရောင်မပေါသော တိုက်ခန်းဟောင်း တစ်လုံးဘေးသို့ ခွဲကားထားသော မိုးကာည့်ည့်စ် လက်ဖက်ရည်ဆိုင်ဟာ ဖိုးပိန်အတွက်တော့ ကြည့်လိုက်တိုင်း ငြီးငွေ့ဖွယ်အတိပါ။ မျက်လုံးနှစ်လုံး ပွင့်သည်နှင့် ပေါက်ဖော်ကြီး၏ ဆဲခြင်းနှင့် နှိုးသံက နှိုးစက်ပေးထားသော နာရီတစ်လုံးဟု ဖိုးပိန် ခံစားရသည်။ တချို့က ချာတိတ်တချို့က ဟေ့ကောင်ဟု ခေါ်ခြင်းမှလွဲ၍ ဖိုးပိန် အတွက် သီးခြား အသိအမှတ်ပြုစရာ မရှိပေ။ အသက်အရွယ် ကြီးကြီးငယ်ငယ်တို့က ဖိုးပိန်ကို စားပွဲထိုးတစ်ယောက်အဖြစ်မှ လွဲ၍ သီးခြားခံစားပေးစရာ မရှိပါ။ တချို့တလေသား ဖိုးပိန်ကို အညာသားဟု အသိအမှတ်ပြုကာ စကားပြောဖော်ရလေသည်။

ဖိုးပိန်နှင့် ရင်းနှီးသော ဧည့်သည်အချို့၏ 'မင်း ကျောင်းမနေဘူးလား' ဟူသော မေးခွန်းမျိုးကို ဖိုးပိန် အလိုလို ကြောက်ရွံ့မိသည် 'မင်းအရွယ်က ကျောင်းနေရမယ့် အရွယ်ပါ' နောက်ဆက်တွဲ စကားလုံးတွေနှင့် ဖိုးပိန် ရင်ကို ဖိတွန်း လိုက်ပြန်သည်

ဖိုးပိန်နှင့် ရင်းနှီးသော ဧည့်သည်အချို့၏ 'မင်း ကျောင်းမနေဘူးလား' ဟူသော မေးခွန်းမျိုးကို ဖိုးပိန် အလိုလို ကြောက်ရွံ့မိသည်

ရှိဦးမည်။ ရွာမှ ဦးလေးတစ်ယောက်သွင်းပေး၍ ရောက်လာခြင်းပင်။ ရောက်စတွင် မမြင်ဖူးတာတွေမြင်ရ၊ မတွေ့ဖူးတာတွေ တွေ့ရ၍ ပျော်သလိုလိုရှိသည်။ ရွာတွင် မနက်ထမင်းကြမ်းကြော်စားရသော ဖိုးပိန်က အိကြောကွေး တစ်ချောင်းနှင့် လက်ဖက်ရည်ချို ဆိမ့် နှစ်ပြီးစားရတာကို ပိုပြီး ဘဝင်ကျမိသည်။ တကယ်တမ်း ဖိုးပိန်လုပ်ရတော့ နောက်ဖေးတွင် လက်ဖက်ရည်ချိုးအထပ်ထပ် တက်နေသော ကော်ဇလုံကြီးဘေးမှာပါ။ ဧည့်သည်များသောက်၍ ကျန်သော လက်ဖက်ရည်ခွက်များ ဆေးကြောရသည့် အလုပ်ပါ။ ရောက်စမှာပင် ဖိုးပိန် ပေါက်ဖော်ကြီးလက်ကို ကောင်းကောင်း မြည်းစမ်းရခဲ့သည်။ လက်ဖက်ရည်တစ်ခွက်ကွဲတိုင်း ဇက်ပိုးတစ်ခါအုပ်ခံရသော ဖိုးပိန် မျက်ရည်ပင်ကျမိသည်။သို့သော် ဖိုးပိန် သူ့ဘဝအကြောင်းကို ကောင်းကောင်းနားလည်သည်။ ထို့ကြောင့် ဖိုးပိန် လစာငွေကိုသာ ကြိုးစားစုနေမိသည်။ 'အနေကြာရင် ပျော်လာမှာပါ' ဟု အမေမှာလိုက်သော စကားက ဖိုးပိန်အတွက်တော့ အနေကြာလေ ငြီးငွေ့လာလေ ဖြစ်လာသည်။ နေ့စဉ် ပေါက်ဖော်ကြီး၏ အဆဲအဆေါက်၊ ဆဲသံများက ဖိုးပိန်အတွက် ရိုးအီလာသည်။ ဝမ်းတီး၊ တူးတီး၊ ပေါ့ဆိမ့်၊ ကျဆိမ့်၊ ပုံမှန်ဆိုတာတွေက ဖိုးပိန်အတွက် တစ်သက်မမေ့လောက်အောင် စွဲထင်သွားစေသည်။

တဖြည်းဖြည်းနှင့် ဖိုးပိန် တစ်ယောက် လက်ဖက်ရည်ဆိုင်နှင့် လိုက်ဖက်ညီလာသည်။

ဖိုးပိန်အသံက အလိုလို တိမ်ဝင်သွားသည်။

ဖိုးပိန်ဟာ လက်ဖက်ရည်ဆိုင်အိုတစ်ခု၏ စုတ်ချာချာ စားပွဲထိုးလေးတစ်ယောက်ပါ။ သူ ဒီဆိုင်ကိုရောက်တာ ငါးနှစ်ခြောက်နှစ်ခန့် ရှိပြီဖြစ်သည်။ဆိုင်လာသောက်သည့် ဖောက်သည် တော်တော်များများက 'အညာသား'၊'အညာသား'ဟု အသိအမှတ် ပြုကြသည်။ အညာသားဟု အခေါ်ခံရလျှင် သူ သဘောကျသည်။ ညစ်မွဲသော အသားရေကို အရောင်မှိန်သော အင်္ကျီ၊ လက်ဖက်ရည်ချိုးကပ်နေသော ဘောင်းဘီတိုဖြင့် သူ့ကိုယ်သူ ဖုံးအုပ်ထားလေ့ရှိသည်။ သူ့ကိုကြည့်ရလျှင် တစ်ခါတစ်ရံ ငိုင်နေတတ်သည်မှလွဲ၍ အမြဲသွက်လက်နေသည်။ ဖောက်သည်များက ဖိုးပိန်ကိုသာ သဘောကျသည်။ ထို့ကြောင့် ဆိုင်ရှင်ပေါက်ဖော်ကြီးက အခြားစားပွဲထိုးလေးများ တစ်သောင်းခွဲပေးလျှင် ဖိုးပိန်ကို နှစ်သောင်းပေးထားသည်။ ဖိုးပိန်က ဆိုင်သက်တမ်းရော လူသက်တမ်းပါ အခြားစားပွဲထိုးလေးများထက် ကြီးရင့်လေသည်။ ဆယ့်ငါးနှစ်ဆိုသည့် ဆိုင်သက်တမ်းက ဖိုးပိန်အတွက် ရှစ်နှစ်ကိုးနှစ်သားလေးများကို စီမံခန့်ခွဲနိုင်စွမ်းရှိလေသည်။ ကျန်စားပွဲထိုးလေးများက ဖိုးပိန်ကို ဆိုင်ရှင်ပေါက်ဖော်ကြီးထက်ပင် ချစ်ခင်ကြသည်။ ကြောက်စရာကောင်းသည်ကတော့ ဖိုးပိန်ထက် ပေါက်ဖော်ကြီးက ပို၍ လက်စောင်းထက်သောကြောင့် ပေါက်ဖော်ကြီးကိုသာ ပို၍ ကြောက်ရသည်။ ထိတွေ့မှု သက်တမ်းပိုရှိသော ဖိုးပိန်ပင်လျှင် ပေါက်ဖော်ကြီးကို ကြောက်ရသည်။ ပေါက်ဖော်ကြီးက တစ်ခါအုပ်လျှင် ဆွေမျိုးမေ့လောက်သည်ထိ ကျန်ငယ်သားများ ကြောက်ရသည်မှာ ဖိုးပိန်အတွက် မဆန်းပေ။ ပေါက်ဖော်ကြီးနှင့် ရွယ်တူနီးပါးရှိသော အဖျော်ဆရာပင် ပေါက်ဖော်ကြီးအား ရိုရိုသေသေ ရှိသည်။

ဖိုးပိန် ဆိုင်ကို စရောက်တော့ ကိုးနှစ်သားလောက်ပင်

'အမေနေကောင်းရင် ပြီးတာပါပဲဗျာ၊ ဒီတစ်ခါ ရွာပြန်ရင်တော့...'

ဖိုးပိန်အသံက အလိုလို တိမ်ဝင်သွားသည်။

ဖိုးပိန်ဟာ လက်ဖက်ရည်ဆိုင်အိုတစ်ခု၏ စုတ်ချာချာ စားပွဲထိုးလေးတစ်ယောက်ပါ။ သူ ဒီဆိုင်ကိုရောက်တာ ငါးနှစ်ခြောက်နှစ်ခန့် ရှိပြီဖြစ်သည်။ဆိုင်လာသောက်သည့် ဖောက်သည် တော်တော်များများက 'အညာသား'၊'အညာသား'ဟု အသိအမှတ် ပြုကြသည်။ အညာသားဟု အခေါ်ခံရလျှင် သူ သဘောကျသည်။ ညစ်မွဲသော အသားရေကို အရောင်မှိန်သော အင်္ကျီ၊ လက်ဖက်ရည်ချိုးကပ်နေသော ဘောင်းဘီတိုဖြင့် သူ့ကိုယ်သူ ဖုံးအုပ်ထားလေ့ရှိသည်။ သူ့ကိုကြည့်ရလျှင် တစ်ခါတစ်ရံ ငိုင်နေတတ်သည်မှလွဲ၍ အမြဲသွက်လက်နေသည်။ ဖောက်သည်များက ဖိုးပိန်ကိုသာ သဘောကျသည်။ ထို့ကြောင့် ဆိုင်ရှင်ပေါက်ဖော်ကြီးက အခြားစားပွဲထိုးလေးများ တစ်သောင်းခွဲပေးလျှင် ဖိုးပိန်ကို နှစ်သောင်းပေးထားသည်။ ဖိုးပိန်က ဆိုင်သက်တမ်းရော လူသက်တမ်းပါ အခြားစားပွဲထိုးလေးများထက် ကြီးရင့်လေသည်။ ဆယ့်ငါးနှစ်ဆိုသည့် ဆိုင်သက်တမ်းက ဖိုးပိန်အတွက် ရှစ်နှစ်ကိုးနှစ်သားလေးများကို စီမံခန့်ခွဲနိုင်စွမ်းရှိလေသည်။ ကျန်စားပွဲထိုးလေးများက ဖိုးပိန်ကို ဆိုင်ရှင်ပေါက်ဖော်ကြီးထက်ပင် ချစ်ခင်ကြသည်။ ကြောက်စရာကောင်းသည်ကတော့ ဖိုးပိန်ထက် ပေါက်ဖော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

လိုက်ပြန်သည်။ အဲဒီစကား ဆွေ၏ အဖြေကို ဖိုးပိန်မသိပါ။ ဆိုအဖြစ်ကို ဖိုးပိန် အခုထိ သုံးမရသေးပါ။ သူနှင့်တစ်ဘန်းတည်း အတူတက်ခဲ့ကြသူတောင် ရှစ်တန်းကိုးတန်းတွေ ရောက်နေကြပါပြီ။ ဖိုးပိန် ခုအချိန်အထိ ကျောင်းနေနှင်ပါသေးသည်။ သို့သော် သူအမေစကားကိုတော့ သူမလွန်ဆန်ဝံ့။ သူ့အမေက အကောင်းဆုံးနှင့် အသင့်တော်ဆုံးကို စီစဉ်ခဲ့သည်လို့တော့ ဖိုးပိန်ယုံကြည်သည်။ ထို့အတွက်လည်း ဖိုးပိန် ခုထိ နောင်တမရပါ။ သူအမေကို ကျေးဇူးဆပ်ခွင့် ရသည်လို့ ဖိုးပိန်ခံယူထားသည်။ အဖေဆုံးကတည်းက အမေတစ်ယောက်တည်း ရုန်းကန်ခဲ့ရသည်ကို ဖိုးပိန်မကြည့်ရက်ခဲ့။ လူမမည်အရွယ် သူညီမနှစ်ယောက်တာဝန်က သူ့အပေါ်ကို အလိုလို ကျရောက်လာသည်ဟု ဖိုးပိန်ထင်သည်။ ထို့အကြောင်းအရာတွေက ဖိုးပိန်ကို ရုန်းကန်မြို့ကြီးသို့ အလိုလို သယ်ဆောင်သွားသည်။ တစ်လတစ်ခါဆိုသလို အိမ်သို့ ငွေပို့နိုင်ခြင်းက ဖိုးပိန်အတွက် အဆိုးထဲက အကောင်းဟု ဆိုရမည်။ ထို့အတွက်ကြောင့် သူမပျော်သောအရပ်၊ သူကြောက်ရသော ပေါက်ဖော်ကြီး အားလုံးသော အရာများထဲမှ သူ ရုန်းမထွက်နိုင်ခဲ့။

ဖိုးပိန်အတွက် ဇာတိအရပ်က သူ့ကိုကောင်းကောင်း မပြုစုနိုင်ပါဘူး။ တစ်နေ့လုပ်တစ်နေ့စားဆိုပေမဲ့ နေ့စဉ်အလုပ်ကမရှိ။ ရှိပြန်တော့လည်း တစ်နေကုန် နေပူစပ်ခါးထဲ ချွေးသံရွှဲရွှဲနှင့် ရင်းနှီးပါမှ ရသည့်ငွေလေးတစ်ထောင် မိသားစုဝမ်းရေးကို မဖြည့်ပေးနိုင်ပါဘူး။ အများတကာလို ဖိုးပိန်တို့ မိသားစုမှာ လယ်တွေ ယာတွေမရှိ။ ဖိုးပိန်ဘဝဟာ ရွာမှာတော့ နေ့စားလုပ်သားတစ်ယောက်အနေနှင့်ပဲ ကုန်လွန်စေပါသည်။ သားအမိ နှစ်ယောက်လုံး ကုန်းရုန်းရှာပါမှ ရသည့်ပိုက်ဆံက တစ်နေ့စားဖို့ထက် မပိုပါဘူး။အရွယ်မရောက်သေးသည့် ညီမနှစ်ယောက်က အိမ်မှုကိစ္စလေးအားကိုးရရုံမှတစ်ပါး တခြားအားကိုးဖို့ရာ သူတို့မှာ မလုံလောက်။ နေ့စဉ်တိုင်းလိုလို နေရောင်နှင့် အနှံတုနေရသည်မို့ ဖိုးပိန် အသားအရေဟာ ညိုမြဲသယောင်ရှိသည်။ ကျန်ကလေးများနှင့်စာလျှင် ဖိုးပိန်က ကြီးကောင်ပေါက် အရွယ်ဟု ထင်ရသည်။ ခန္ဓာနှင့်မမျှသော အလုပ်တွေက ဖိုးပိန်ရဲ့ ကြွက်သားတွေကို မသေမသပ် ထုဆစ်ပေးထားသည်။ သူသူငယ်ချင်းများက စာသင်ကျောင်းတွင် စာသင်နေရသလို ဖိုးပိန်လည်း လောကဓံကျောင်းတွင် ဘဝရပ်တည်မှုဘာသာကို သင်ယူခဲ့ရသည်။

ဖိုးပိန် ဒီဆိုင်ကိုရောက်လာပြီးမှ ပေါက်ဖော်ကြီးက ခွင့်ဆယ်ရက်ပေး၍ အညာဒေသဇာတိရွာလေးကို တစ်ခေါက်ပြန်ခွင့် ရခဲ့ဖူးသည်။ ခွင့်ပေးသော ပေါက်ဖော်ကြီးကိုပင် ရင်ထဲမှလာသော ရှိခိုးခြင်းဖြင့် ဖိုးပိန်ထိုင်ကန်တော့လိုက်မိသည်။ နေ့စဉ်ရက်ဆက် အော်ဟစ်ဆဲဆိုတတ်သော ပေါက်ဖော်ကြီးသည်ပင် ထိုနေ့က ကျက်သရေ အရှိဆုံးဟု ဖိုးပိန်ထင်မိသည်။ ထိုနေ့တစ်နေ့လုံး ဖိုးပိန် ပေါက်ဖော်ကြီး၏ ခွင့်ပြုချက်ဖြင့် အလုပ်မဆင်းတော့ပေ။ ရန်ကုန်မြို့ထဲသို့ မရောက်ဖူးသော နေရာအချို့ကို ဖိုးပိန် ထိုနေ့က လျှောက်လည်ခွင့်ရခဲ့သည်။ လျှောက်လည်ရင်းမှ သူ့အမေကြိုက်တတ်သော ငါးရံခြောက် ငါးဆယ်သားခန့် လစာလေးထဲမှ ဖဲ့ဝယ်ခဲ့သေးသည်။ ဖိုးပိန်ပြန်တော့ သူနေခဲ့သည့် နာမည်မရှိသော မွဲခြောက်ခြောက် လက်ဖက်ရည်ဆိုင်လေးကို ရှေ့တည့်တည့်မှ သေသေချာချာကြည့်ကာ သူစိတ်ထဲ တစ်စုံတစ်ခုကို ကြိုးဝါးခဲ့သေးသည်။ ရွာကိုပြန်ရောက်သည့် သားတော်မောင်ကို သူ့အမေ၏ မျက်ရည်ဝဲအပြုံးက ဖိုးပိန်ရင်ကို အေးမြစေသည်။ ငါးရံခြောက်ထုပ်ကလေး လက်ထဲထည့်ကာ ဖိုးပိန်ကန်တော့တော့ သူ့အမေ့မျှော မျက်ရည်လေးတစ်စင်းစင်းနှင့်။ ထိုညက တစ်ယောက် အကြောင်းတစ်ယောက် ဘယ်လောက်ပြောင်းလဲလာပုံကို သားအမိနှစ်ယောက် ညဉ့်နက်သည်အထိ ဖောင်ဖွဲ့ခဲ့ကြသည်။ ဖိုးပိန်က ရင်ထဲက အကြီးမားဆုံးကြွရွယ်ခဲ့သမျှကို သူ့အမေကို မဝံ့မရဲ ဖွင့်ပြောမိသည်။

'အမေ ကျွန်တော် ရန်ကုန်မပြန်ချင်ဘူး'

သူ့အမေမျက်နှာက ချက်ချင်းဆိုသလို တွေဝေသွားသည်။ ဖိုးပိန်ကတော့ သူ့အမေပြောလာမည့် စကားကို တာဝေးပြေးရန် သေနတ်သံကို စောင့်ဆိုင်းနေရသော တာဝေးပြေးသမားလို နားစွင့်နေသည်။ အတန်ကြာသည်အထိ သူ့အမေထံမှ စကားလုံးထွက်မလာ။

'ကျွန်တော် ဒီမှာပဲ နေ့စားလုပ်မယ် အမေရာ နော်'

ဖိုးပိန်က သူ့ဘက်ပါလာစေရန် ပိုမိုကောင်းမွန်သောစကားနှင့် သူ့စကားကို ခိုင်မာစေရန် ကျားကန်လိုက်သည်။

'မင်းဟို မှာနေတော့ တောက်တောက်ပြောင်ပြောင် နဲ့ ကောင်းကောင်းစားရတာပေါ့'

ဖိုးပိန် သူ့အမေစကားကြောင့် ကျဉ်ခနဲခံစားလိုက်ရသည်။ ဖိုးပိန် လက်ဖက်ရည်ဆိုင်မှာ ဒုက္ခခံခဲ့ရတာကိုသိသည့် သူကပြောလျှင် သူ့အတွက် ရွဲ့ပြောနေသလိုပါ။ ဖိုးပိန်ပြောပြချင်ပေမဲ့ အရွယ်ကျစပြုလာပြီဖြစ်သည့် သူ့အမေကိုကြည့်ကာ မပြောဖြစ်ခဲ့ပါ။ ထို့အကြောင်းတွေကိုလည်း သူ့အမေ မသိစေချင်ပါ။

'မင်းဒီမှာနေရင် ချဉ်ပေါင်ဟင်းပဲ နေ့တိုင်းစားရမှာနော်'

လက်ဖက်ရည်ဆိုင်မှာ ချဉ်ပေါင်ဟင်းကိုပင် လက်ဖက်ရည်အကြင်းပန်းကန်လောက် ပုံစံခွက်နှင့် ကျွေးသည်ကို ဖိုးပိန် မပြောတော့ပါ။

'နောက်ပြီး မင်းဟိုမှာနေတော့ တို့သားအမိတွေ မင်းလစာကို စားရတာပေါ့'

ထိုစကားက ဖိုးပိန်ကြံစည်သမျှကို တင်းတင်းကျပ်ကျပ် ရစ်ပတ်ဖုံးအုပ်ကာ တစ်စစီပင် ကြေမွသွားတော့သည်။

'ပိုက်ဆံမရှိရင် လူရာမဝင်သာ မင်းသိရဲ့သားနဲ့'

သူ့အမေ ဖိုးပိန်မျက်နှာ[illegible]

www.burmeseclassic.com

ထားသော ဘက်ထရီသုံး မီးလုံးလေးကို တွေ့ဝေစွာကြည့်ရင်းပြောလာသည်။

"စားပွဲထိုးဆိုတာလည်း လူရာအသွင်းမခံရပါဘူး" ဟု ဖိုးပိန်ရင်ထဲမှာ တက်လာသော စကားက လည်ချောင်းထဲတွင် အရည် ပျော် သွားသည်။ ပေါက်ဖော်ကြီး၏ အမေ၊ နှမမနေရအောင် ဆဲဆိုသံတွေကို ဖိုးပိန်ကြားယောင်နေသည်။ မထင်လျှင် မထင်သလို ခြေထောက်နှင့်ကန်၊ ဇက်ပိုးအုပ်တာတွေကို ဖိုးပိန်သူ့အမေကို ပြန်ပြောဖို့ သတ္တိမရှိ။ သူ့အမေသိထားသလို ကောင်းကောင်းနေ ကောင်းကောင်းစားလို့ပဲ ဖိုးပိန်ခံယူလိုက်သည်။ ဘက်ထရီမီးသီးရောင် မှိန်မှိန်လေးက သားအမိနှစ်ယောက်၏ အတွေးတွေကို ဝေခွဲမရအောင် ပြုစားထားသည်။

"ဒီမှာလည်း အလုပ်က ပုံမှန်မရှိဘူး"

အတန်ကြာမှ မီးရောင် မှိန်မှိန်အောက်က သူ့အမေ အသံ တိမ်တိမ်လေးကို ဖိုးပိန်ကြားလိုက်ရသည်။ ဒါကို ဖိုးပိန်လည်း ကောင်းကောင်း သိသည်။ ရွာတွင် ကောက်စိုက်၊ ပျိုးနုတ်၊ ပဲစင်းငုံချိန်၊ နှမ်းပေါ်ချိန်မှလွဲ၍ ဘာမှမည မည်ရရ ပြစရာအလုပ်က မရှိပေ။ ကွမ်းခြံနှင့် ရာသီပေါ် သီးနှံစိုက်ခင်းများရှိသော်လည်း တစ်နှိုင်တစ်ပိုင် စိုက်ကြသည့် မို့ ဖိုးပိန်တို့လို နေ့စားသမား အတွက် ဝမ်းမကျောင်းနိုင်။

"ဖြစ်နိုင်ရင်တော့ မိသားစုတွေ အတူတူနေချင်တာပေါ့၊ မင်းဟိုမှာနေတော့ ငါလုပ်စာနဲ့ အငယ်မနှစ်ယောက်ကို ကျွေးနိုင်တယ်။ ဟောဖိုးပိန် အမှန်တကယ် ရုန်းထွက်ချင်တာ ရန်ကုန်မြို့ကြီးလား ပေါက်ဖော်ကြီး ကိုလား ဒါမှမဟုတ် လက်ဖက်ရည်ခွက် တွေကိုလား နေ့စဉ် အော်နေရသည့် ဝမ်းတီး တူးတီး ဆိုတာလား ဖိုးပိန် ကောင်းကောင်း မသိ

မင်းလုပ်စာက ဝိုထွက်လာတာပေါ့၊ ခုတောင် မင်းလစာလေးနဲ့ အကြွေးတွေ တော်တော်ကျေသွားပြီ။ အခုမင်းပါလာတဲ့ ပိုက်ဆံလေးနဲ့ အကြီးမနားကပ်လေးတောင် လုပ်နိုင်ပြီလေ"

သူ့အမေစကားသံ တိတ်သွားပြီး ဖက်ကြမ်းဆေးလိပ်ကို မီးတို့ကာ ဖွာနေသည်။ မီးခိုးငွေ့တွေကြားမှာ သားအမိနှစ်ယောက် အတန်ကြာ စကားပိတ်နေခဲ့သည်။ ညက အကြောင်းမဲ့ တိတ်ဆိတ်နေသည်။

"မင်းဟိုမှာနေရတာ အဆင်မပြေလို့လား"

အတန်ကြာမှ သူ့အမေ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်သံက ဖိုးပိန်နားထဲတွင် ထိတ်လန့်စရာကောင်းလောက်အောင် မြည်ဟည်းသွားသည်ဟု ထင်ရသည်။

"အဆင်ပြေပါတယ်"

ဖိုးပိန် သူ့အမေကို ဒရောသောပါး လိမ်ပြောမိခဲ့သည်။ သူ့အမေ သူ့ကြောင့် ပူပန်မှုမရှိပါက ထိုလိမ်လိုက်ရသော အကျိုးအပြစ်ကို ဖိုးပိန် ကျေနပ်စွာ ခံယူနိုင်သည်။ ဖိုးပိန်ရင်ထဲတွင် ပေါင်မုန့်ကြီး ကြီးတစ်လုံး နင်နေသလို ခံစားရသည်။

"ဒါဆိုရင် သွားရမှာပေါ့ကွ"

ဆိုသည့် သူ့အမေ၏ နောက်ဆုံးပိတ် စကားဝိုင်း သိမ်းသွားသော အသံက ဖိုးပိန်ရင်ဝကို ဆယ်ပေါင်တူနှင့် အထုခံလိုက်ရသည့်နယ် ခံစားရသည်။ ထိုနေ့ညက ဘက်ထရီမီးလေး အားကျသွားမှ ဖိုးပိန်အိပ်ရာဝင်ခဲ့သည်။ အိပ်မက်ထဲတွင်တော့ အဆီတဝင်းဝင်းနှင့် ပေါက်ဖော်ကြီးကို ကြောက်မက်ဖွယ် မြင်တွေ့လိုက်ရသည်။

ထို့ကြောင့်ပင် ဖိုးပိန် ပေါက်ဖော်ကြီးဆိုင်သို့ တစ်ကျော့ပြန်လာခဲ့ရသည်။ ဒါတောင် ရွာကကလေးတစ်ယောက်စ နှစ်ယောက်စဆိုသလို သူတို့မိဘတွေက ဖိုးပိန်ကိုအားကျကာ သူနောက်သို့ ထည့်လိုက်ကြသည်။ ဖိုးပိန်က သူ့လိုမဖြစ်စေချင်တာလား၊ ဒါမှမဟုတ် သူ့အဖြစ်ကို မမြင်စေချင်တာကြောင့်လားမသိ ဆိုင်မှာလူမလိုဟု ပိတ်ခဲ့လေသည်။ ဖိုးပိန်ဆိုင်ကို ပြန်ရောက်တော့လည်း ပေါက်ဖော်ကြီး၏ "ပြန်ရောက်လာပြီလား" ဆိုတဲ့ မေးခွန်းလွဲ၍ တစ်ဆိုင်လုံးက အရင် အတိုင်းပင်။ လက်ဖက်ရည်သောက်သူများ၊ စားပွဲခုံများ၊ ခွေးခြေခုံများ၊ ရေခွေးအိုးများ အပါအဝင် ပေါက်ဖော်ကြီး သူ့ကိုခိုင်းရန် အဆင်သင့်ရှိနေသလို ထင်ခဲ့ရသည်။

ယခုလည်း သူ့အမေ တန်ဆောင်တိုင် ပြန်မလာနိုင်လို့မှာလိုက်သည်တဲ့။ သူ့ဒီ ပြန်ရောက်တာ တစ်နှစ်လောက် ရှိပြီမို့ ရွာသို့ပြန်ချင်စိတ် ရုန်းကြွနေသည်။ ကိုဖိုးပိန်က တစ်လနှစ်လလောက်တော့ သူ့အတွက် ဝန်မပိုပါ ပြာသိုလဘုရားပွဲဆိုတော့ ဖိုးပိန်ပြန်ဖြစ်အောင် ပြန်ခဲ့ဖြစ်သည်။ ဖိုးပိန်အတွက် ပေါက်ဖော်ကြီးနှင့် ဝေးရင်းကို ဟော်သလို ဝမ်းတီး တူးတီး ဆိုသည့် အသံကိုလည်း မကြားချင်တော့ပါ။ လက်ဖက်ရည်ချိုးတက်နေသော အဝတ်အစားများကို မလျှော်ချင်တော့ပါ။ ရန်ကုန်ဆိုသည့် မြို့ကြီးက ဖိုးပိန်အတွက် ဝင်အောင် ဘယ်လိုမှ သက်မကြားမပေးတတ်။ လူကြီး အားလုံးကိုလည်း လူတိုင်း စားခွဲခြားတတ်သော သတ္တဝါ အဖြစ် ဖိုးပိန် မြင်သည်။ အိပ်လျှင်ပင် သူနေသည့် လက်ဖက်ရည်ဆိုင်ကို အမှတ်မက်လျှင် ချွေးပြန်လောက်အောင် ကြောက်သည်။ အပြင်မှာလည်း ပေါက်ဖော်ကြီးက ဖိုးပိန်အတွက် ကြောက်စရာ အကောင်းဆုံးဟု မြင်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘကယ်တမ်း ဖိုးပိန် အိမ်ပြန်ရမည်ကို စဉ်းစားလိုက်တိုင်း တစ်စုံတစ်ခုကို စိုးရွံ့နေသည်။ ဘာကို စိုးရွံ့ရမှန်း ဖိုးပိန်မသိ။

ဖိုးပိန် အမှန်တကယ် ရုန်းထွက်ချင်တာ ရန်ကုန်မြို့ကြီးလား၊ ပေါက်ဖော်ကြီးကိုလား၊ ဒါမှမဟုတ် လက်ဖက်ရည်ခွက်တွေကိုလား၊ နေ့စဉ် အော်နေရသည့် ဝမ်းတီး၊ တူးတီးဆိုတာလား ဖိုးပိန်ကောင်းကောင်းမသိ။ သူအိမ်ကိုတော့ အမှန်တကယ် ပြန်ချင်သည်။ ရွာမှာပဲ ရှိသည့်အလုပ်ကို ဖိုးပိန် ကုန်းရုန်းလုပ်ချင်သည်။ မိသားစုနှင့်အတူ နေချင်စိတ်က ဖိုးပိန်တွင် အပြည့်ရှိသည်။ ရွာကိုပြန်ရောက်လျှင် ဖိုးပိန်ကြားရမည့် စကားကိုလည်း အလွတ်ရနေသည်။

'ရွာမှာ အလုပ်မရှိဘူး' တို့၊ 'အဆင်ပြေတဲ့တစ်နေ့' တို့ဆိုတာတွေက ဖိုးပိန်ရွာပြန်ချင်စိတ်တွေကို အကြီးမားဆုံး အတားအဆီးအဖြစ် တည်ရှိနေကြသည်။ ဖိုးပိန်စုလို့ရသည့် လစာငွေကလေးက ရွာမှာ ချွေချွေတာတာသုံးလျှင်ပင် နှစ်လမပြည့်တတ်။ ထိုပိုက်ဆံလေး ကုန်သွားပြန်လျှင် ဖိုးပိန်အတွက် အလုပ်တစ်ခုက မဖြစ်မနေ လိုအပ်လာပြန်သည်။

ဖိုးပိန်အတွက် ပြန်ရက်နီးလေ ပျော်ရလေဖြစ်မည့် အစား တစ်ခုခုကို ပို၍ စိုးရွံ့လေဖြစ်လာသည်။ ညအိပ်ရာဝင်တိုင်းလည်း ပြန်မည့်ရက်ကို လက်ချိုးရေတွက်ရသည်က ဖိုးပိန်အတွက် အလုပ်ပိုတစ်ခု ဖြစ်လာသည်။ သေချာသည်ကတော့ ဖိုးပိန်ပြန်လျှင် ဒီဆိုင်ကို လုံးဝပင်ပြန်လာချင်စိတ် နည်းနည်းလေးမှ မရှိပေ။

'အမေတို့ အဆင်ပြေတဲ့တစ်နေ့ အတူတူနေကြရမှာပေါ့'

မျက်ရည်စအချို့နှင့် သူ့အမေမှာလိုက်သောစကားက ဖိုးပိန်နားထဲတွင် အကြိမ်ကြိမ်ကြားယောင်မိသည်။ သားတစ်ယောက်က မိခင်တစ်ယောက်၏ ရင်ခွင်မှာ ခိုလှုံဖို့ အဘယ်မျှလောက် အဆင်ပြေရမည်ကို ဖိုးပိန်မတွေးတတ်တော့။ မတောင့်တ မကြောင့်ကြဘဲ နေနိုင်လောက်အောင်ပင် ဖိုးပိန်အတွက် အာမခံပေးနိုင်စရာ ရွာမှာ အလုပ်ရှာမတွေ့ပေ။ ရွာကိုပြန်လျှင် အရင်တစ်ခေါက်ကလို ပေါက်ဖော်ကြီးဆိုင်ကို ပြန်လာရမည်မှာ ဖိုးပိန်အတွက် အသက်ရှူကျပ်စေတာ အမှန်ပင်။ ဖိုးပိန်အတွက် ထိုအရာက လွတ်မြောက်စရာ မရှိလောက်အောင် တစ်ခုခုက ချောင်ပိတ်ထားသည်လို့ သူ့တွေးထင်မိသည်။

ထို့အတွက်လည်း ညအိပ်ရာဝင်တိုင်း ဖိုးပိန်ဆုတောင်းမိသည်။ ထိုသို့ ဆုတောင်းပြီးတိုင်း အဝတ်အစားထည်သောသေတ္တာလေးကို ဖွင့်ကြည့်မိသည်။ ထိုအထဲမှာ သူ့ဘဝအတွက် မျှော်လင့်စရာတစ်ခုရှိသည်လို့ ဖိုးပိန်မငံ့မရဲ တွေးမိသည်။ ထိုအရာလေးကို တတွတ်တွတ်ရေရွတ်ရင်း အိပ်လာတာ ရွာကပြန်ရောက်ကတည်းကဖြစ်သည်။ ချဉ်စော်နံလှသော ခေါင်းမြီးခြုံ မှောင်မှောင်ထဲမှာပင် မမေ့အောင် ဖိုးပိန်ထပ်ရွတ်မိသည်။ သူ ရွာ့ဂိုက်သည့် အကွရာတစ်လုံးနှင့် ဂဏန်းခြောက်လုံးကတော့ ခေါင်းမြီးခြုံ မှောင်မှောင် အောက်မှာ တကယ့်ကို တိုးတိုးညင်းညင်းလေးရယ်ပါ။ ■

မင်းညို့သွေး

ဒီလိုအမျိုးသမီးထဲ သင်ပါနေပြီလား ?

* နာမည်အစအက္ခရာကို န၊ဒ၊မ၊ည ဘလုံးလုံးဖြင့်စပေးထားသော
* နာမည်အစအက္ခရာကို လ့၊စန်း၊အုန်း၊နွယ်၊မို့ ဖြင့်စပေးထားသော
* မိမိအင်္ဂလိပ်မွေးရက် (၂၊ ၂၀ ၂၉၊၃၊ ၁၁၊ ၂၂၊ ၃၁၊ ၆၊ ၁၅၊ ၂၄၊ ၈၊ ၁၇၊ ၂၆၊ ၉၊ ၁၈၊ ၂၇) စသော ဘရက်ရက်တွင် မွေးဖွားခဲ့သော
* အသားအရည်ပြူသော၊ ဝင်းသော၊ အသားလတ်သော သူများဖြစ်လျှက် နှ၊ဒ၊မ၊ည အက္ခရာဖြင့် နာမည်အစပြုပေးထားသော
* လက်ရှိအသက် ၂၀၊ ၂၆၊ ၂၈၊ ၂၉၊ ၃၅၊ ၃၆၊ ၃၈၊ ၄၄၊ ၄၆၊ ၅၃၊ ၅၄၊ ၅၇၊ ၅၉၊ ၆၀၊ ၆၂ စသည့် အသက်တစ်နှစ်နှစ်ဖြတ်သန်းနေသော

စသည့် ဤအချက်များထဲမှ အနည်းဆုံး ၂ချက်ခန့်နှင့် ကိုက်နေပါက အချစ်ရေး၊ အိမ်ထောင်ရေးတွင် ဒုက္ခသောက များခြင်း၊ စိတ်ချမ်းသာမှုနည်းခြင်း၊ ကွဲကွာပျက်စီးခြင်း၊ တခုလပ်၊ မုဆိုးမ၊ အိမ်ထောင်ဆက်ဖြစ်တတ်ခြင်း၊ သစ္စာဖောက်မှု အပြိုင်အဆွဲ အထွေးကိစ္စတို့ ပေါ်ခြင်းများ ကြုံရတတ်၍ ဒီလိုအမျိုးသမီးထဲ သင်ပါနေပါက ... သင်ဘာလုပ်မှာလဲ။

ဆရာမ ထက်နွေးစန္ဒီ LL.B, LL.M, DBL, DML

(အမျိုးသမီးသိုးသန့် လက္ခဏာဗေဒင်ဟောခန်း)

တိုက် - 40 G-2 ဦးဝိစာရလမ်း၊ မဟာဗြိုင်အိမ်ရာ၊ မြောက်ဒဂုံ၊

Ph : 09 5164326 , 09 73106180 , 09 43094806

www.burmeseclassic.com

ပေါ့ပေါ့လျော့

ရေဒေး

အမေသည် ကုန်ခဲ့သည့် ညခင်းအစောပိုင်းက အိပ်မပျော်။ အိပ်ရာထဲတွင် ဟိုဘက် ဒီဘက်လှိမ့်ကာ အချိန်ကုန်၏။ တောင်တွေးမြောက်တွေး တွေးလျက်ပင် အချိန်ကုန်၏။ သူ ငယ်အိပ်ချိန်၊ သက်ကြီးခေါင်းချချိန်၊ လုလင်ပြုန်ချိန်အချိန်များသာ တ

၁။

'ဒိတ်' ခနဲ ရင်ခုန်သံကိုကြားမှ အိပ်မက် မက်နေပါလားဟု သိကာ အမေသည် စိတ်သက်သာရာရသည်။ သို့တိုင် အမေ၏ရင်သည် တလှပ်လှပ်တုန်ဆဲ။ 'ဘုရား ဘုရား ဘယ်လို အိပ်မက်ပါလိမ့်' ဟု တွေးရင်း အမေသည် တုန်နေသော ရင်ကိုဖိရ၏။ ဘယ်လို အဓိပ္ပာယ်များပါလိမ့်ဟု တွေးလျက် စိတ်သည် ဆောက်တည်ရာမရ။ အိပ်မက်ဆိုးပေတကား။

www.burmeseclassic.com

www.burmeseclassic.com

ရွေ့ကုန်သည်။ တစ်မှေးမျှပင် မအိပ်ရ။ အရာဏ်တက်ခါနီးမှ ဖျတ်ခနဲ တစ်မှေးပျော်သည်။ သို့သော် အိပ်မက်ဆိုးကြောင့် ချက်ချင်းပင် လန့်နိုးလာရ၏။

အမေသည် စောစောထွေးလျှင် အိပ်မက်သည် ကွက်ကွက်ကွင်းကွင်းပင် ပေါ်သည်။ အိပ်မက်ထဲတွင် ဒီအမေ့သမီးသည် အမေနှင့် လေးတောင်ခန့်အကွာတွင် ထိုင်နေ၏။ အနီနှင့် အဝါပွင့်များ

www.burmeseclassic.com

www.burmeseclassic.com

တွေးမိပြန်သည်။ ထို့နောက် အိပ်ရာနှင့် မျက်စောင်းထိုး တွင်ရှိသော ဘုရားစင်ဘက် သို့ မျက်နှာမူလျက် လက် အုပ်ချီ၏။ ဂင်္ဂါဝါလု သဲနုမ က ပွင့်တော်မူခဲ့ပြီးသော ဘုရားအဆူဆူနှင့် တပည့် သာဝက အဆူဆူ၊ တောထွေး နတ်၊ တောင်စောင့်နတ်၊ အိမ် စောင့်နတ်၊ အရှင်ကြီး၊ အရှင် ကောင်းများစွာတို့အား တိုင် တည်ပြီး ရွတ်ဖတ်သရဇ္ဈာယ် ခြင်းပြုသည်။ တစ်နယ်တစ် ကျေးသို့ရောက်နေသော သော ကြာသမီးအား ကြည့်ရှုမိုင်း တော်မူပါရန် အပူကပ်လေ၏။

❑

၂။

ယိမ်းထိုးနေသော ထင်း မီးတောက်သည် တဖြည်း ဖြည်း မှေးမှိန်၏။ မီးခဲမဲ့ သည် ထရံကြိုကြားမှ တိုးဆင် လာသောလေတွင် တစ်ချက် တစ်ချက် 'ဖောက်' ခနဲ တောက်သည်။ အမေသည် ထင်းများကို တဂျွတ်ဂျွတ် ချိုးခြေပြီး ဆတ်ခနဲ ထည့် လျှင် မီးတောက်သည် ဝုန်း ခနဲ ပြန်ပေါ်လာသည်။ ထို အခါ အခွေတလူလူနှင့် ငြိမ် သက်နေသော ရေနွေးအိုး သည် တရှူးရှူး တရဲရဲ အော် ထွက်လာပြန်သည်။ အမေ၏ စိတ်သည်လည်း မီးထိုးခံရ သော ရေနွေးအိုးကဲ့သို့ပင် တည်း။ အိပ်မက်၊ ခေါင်းစဉ် ပန်း၊ သမီး၏ အကြည့်ဆန်း ချောင်ကြိုချောင်ကြားအနှံ့ ရှာ သည့်တိုင် တရားခံရှာမရသော အပုပ်နံ့အားလုံးကို ခြေ ခနဲဒိုင်းခနဲ သတိရလျှင် ချက် တွင် အလုံးဆို့သွားကုန် ဖြစ်၏။ 'အမယ်လေး ဘုရားဘုရား

ဒီအမွေ သမီးသည် အမေနှင့် လေးတောင်ခန့် အကွာတွင် ထိုင်နေ၏ အနီနှင့် အဝါပွင့်များ ပါသော လုံချည်ကို အထက် အောက် ပြောင်းပြန် ဝတ်ထား၏ မျက်နှာသည် မသာ မယာ၊ ဆံပင်ဖွာလန်ကြဲ၏ ထိပ်တည့်တည့်တွင် ခေါင်း ရန်းပန်း နီနီမြန်းမြန်းကို ပန် ထားပေသည်။ အထူးဆုံး ကား သမီး၏ ကြည့်ပုံဆန်း တည်း။ သမီး၏ မျက်လုံး များသည် နီရဲကာ မျက်ရည် တို့သည် တစိမ့်စိမ့်စီးလျက်။ ထိုသို့ ငိုလျက်သားပင် သမီး သည် အမေဖြစ်သူအား တရှိုက်မက်မက်ငေး၏။

အကြည့်သည် တစ်သက် တွင် နောက်ထပ် ပြန်မမြင်ရ တော့မည့် ချစ်သူခင်သူတစ်ဦး အား ကြည့်သော အကြည့်မျိုး ဖြစ်၏။ ထိုအကြည့်ကို မြင် လျှင် အမေ၏ စိတ်တွင် ထင့် ခနဲဖြစ်၏။ ထို့ကြောင့် 'ဟဲ့ အစိမ ဘာဖြစ်တာတုံး' ဟု အလန့်တကြားမေး၏။ သမီး သည် ဘာစကားမျှမဆို။ အမေကိုသာ တွေတွေကြီး စိုက်ကြည့်ပြီး တအင့်အင့်ငို သည်။ အမေသည် စိုးရိမ် စိတ်ကြောင့် ဝရုန်းသုန်းကား ပင်ထကာ သမီးထံသွားသည်။ သမီးကား အမေ၏အကပ်ကို မခံ၊ လှောကားရင်းဘက်သို့ သာ တရွေ့ရွေ့ ယိုင်ပြီးဆုတ် ၏။ အမေ၏စိတ်တွင် 'ဒီ အမေ၊ ဒီသမီး နှစ်ဦးတည်းရှိ သော မိသားစုတွင် ဘာများ သိုဝှက်ချင်ရသေးသနည်း' တွေးကာ ဒေါသဖြစ်၏။ ထို့ ကြောင့်ပင် 'ဟဲ့ ပြောပါဟဲ့' ဟု ဒေါမာန်ပါပါ အော်ရင်းပင် သမီးအနား ဖျတ်ခနဲကပ် သည်။ ထိုအချိန်တွင် ဆိုးရွား လှသော ညှို့စို့စို့အနံ့အား ရှူ မိပြီး 'အမယ်လေး' တကာ အိပ်ရာမှ နိုးရပေသည်။

အိပ်မက်ကြောင့် က ယောက်ကယက်ဖြစ်နေသော အမေ၏ စိတ်အတွေးသည် ပစ္စက္ခအခြေအနေတွင် တဖြည်း ဖြည်း စုစည်းမိလာသည်။ လူသည် ချွေးသီးချွေးပေါက် တို့ဖြင့် ရွဲနှစ်ကာ ပူလောင် မွန်းကျပ်နေသည်ကို သတိထား မိလာသည်။ ကိုယ်ပေါ်တွင် ဘီလူးစီးသကဲ့သို့ တက်ဖိ ထားသော စောင်ပုံကြီးကို လည်း သတိထားမိလာ သည်။ 'လေးလိုက်တာ' ဟု စိတ်ထဲတွင်တွေး၏။ ထို့ နောက် ခြေနှင့်လက်တို့ကို လှုပ်ရှားတွန်းထိုးပြီး စောင် အား ခွာချသည်။ အေးစိမ့် သော လေ၏ အထိအတွေ့ နှင့်အတူ နာဝတိုးဝင်လာ သော အော်ဂလီဆန်ဖွယ် အပုပ်နံ့ကြောင့် အမေသည် 'ဝေ့' ခနဲ ပျို့အန်တော့မလို ဖြစ်သွား၏။ အမယ်လေး ဆိုးလိုက်တဲ့အနံ့ နံလိုက်တဲ့ အနံ့။ အမေသည် ရုတ်ခြည်း ပင် အိပ်မက်ထဲက အပုပ်နံ့ကို သတိရ၏။ အတွေးများသည် ပလုံစီ လာကြပြန်သည်။ အိပ် မက်ထဲက အနံ့သည် အဘယ့် ကြောင့် အပြင်လောကသို့ ရောက်နေရသနည်း။ မဝံ သော အတွေးတစ်ချက်ကို ဖျတ်ခနဲဆက်စပ်တွေးမိလျှင် 'ဝုန်း' ခနဲပင် အိပ်ရာထက် ၎ တ် တု တ် ထ ထို ၎ သ ည် ။ တည်ငြိမ်စပြုသော ရင်သည် တလှပ်လှပ် တုန်ပြန်သည်။ အတွေးများကား မရပ်နိုင်။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် ကာလသုံးပါးသို့ ဖျိုးဖျိုး ဖျတ်ဖျတ်ပြေးသည်။ ခေါင်း ရန်းပန်းသည် သေခြင်း၏ နိမိတ်တည်း။ လုံချည်ကို အဘယ့်ကြောင့် အထက် အောက် ပြောင်းပြန်ဝတ်ထား ရသနည်း။ မည်သည့် အ ကြောင်းကြောင့် ဤမျှ ငိုနေ ရသနည်း။ ပြီးလျှင် အပုပ်နံ့။ ယခုပင် နာဝသို့ တစ်ချက် တစ်ချက် လာလှေ့သည့် ဆိုး ဝါးလှသော အပုပ်နံ့။ 'အို မဖြစ်နိုင်ပါဘူး၊ မဟုတ်နိုင်ပါ ဘူး' ဟု အမေသည် တစ်ဦး တည်း ခေါင်းခါလည်ခါ ငြင်း ၏။ သို့တစေ ရုတ်ခြည်းပင် ပြန်ငြိမ်သက်လျက် 'သေပြီ ထင်ပါရဲ့၊ ကံဆိုးပြီထင်ပါရဲ့' ဟူသော အတွေးကို ကွက်ခနဲ

www.burmeseclassic.com

www.burmeseclassic.com

ဟု တဓိပြန်လျှင် စိတ်သည် စဉ်းငယ်မျှည့်သက်သလို ဖြစ်၏။ 'အနိစ္စပေပဲ၊ ကံပေပဲ' ဟု ဆင်ခြင်လျှင် ရင်ချောင်သလို ဖြစ်လာလျက် ထိုစိတ်သည် တာရှည်မခံ။ သမီး၏ မျက်နှာကိုမြင်လျှင် ထိုစိတ်တို့သည် ဖျိုးဖျိုးဖျက်ဖျက် လျင်လျင် မြန်မြန်ပင် ပျောက်ကွယ်သွားကြသည်။

သမီးသည် အရပ်ပြတ်ပြတ်၊ အသားအရေပါးပါး၊ မျက်နှာပြားပြားနှင့် တောသူဝီဝီ ဒေါင်းတည်မောင်းတည် ဖြစ်သည်။ သွားအနည်းငယ် ခေါချင်သော်ငြား နှာတံစင်းစင်းကြောင့် ကြည့်ကျေသည်။ ငယ်စဉ်ကမူ လူမျိုကာလသားတို့အကြား ကျော်ဆင့်သလောက် ကျော်သည်။ တချို့သည် အံ့သြ၊ တချို့သည် ချီးကျူး၊ တချို့သည် ကဲ့ရဲ့ သဘြိုဟ်ဖြစ်လျက် သမီးကား မတုန်လှုပ်။ 'မုန်ပါတယ် ငါ့ကောင်ရာ၊ ငါမလိမ်ပါဘူး၊ မဟုတ်မမှန်ဆို ရင်ဖြင့် သန်းဟန်စီးတဲ့ စက်ဘီးဖြစ်စေ' ဟု ခပ်ရွတ်ရွတ် ကာလသားတို့က ကျိန်ဆိုသည်ဟူ၏။ အမှန်ဆိုလျှင်ကား သမီးသည် သနားစရာတည်း။ သမီးအပျိုဖော်ဝင်စ ခြိုးခြံတွင် အဖေနှင့် အစ်ကိုသုံးယောက်တို့သည် ပျက်စီးနေလေပြီ။ ဖိုး၊ ဘိန်းတို့ကို လက်တွင် ဆုပ်ကိုင်လျက်ပင် သေမင်းထံသို့ အပြေးအလွှားသွားနေကြလေပြီ။ အမေသည် အနံ့ဖြစ်သည်။ အအဖြစ်သည်။ ထိုအခါ သမီးသည် ထိုခေတ် ထိုအခါက ရွှေပါးလှသည့် ယောကျ်ားစီးစက်ဘီးကို ခွလျက် နေ့နေ့ညည ပင် လှုပ်ရှားရတော့သည်။ အများ မေးငေါ့သည်ကို သိလျက် မသိဟန်ပြု၏။ ချီးကျူးသည်ကို သိလျက် ဂုဏ်မမြောက်သလို နေ၏။ အမှန်စင်စစ် သမီးသည် မိသားစုအတွက် လူလောကအပြင်ဘက် ထွက်ခဲ့ခြင်းတည်း။

ယောကျ်ားနှင့်သားများ တစ်ယောက်ပြီးတစ်ယောက် သေပုံ၊ အမေသည် အစားမသိ၊ အအိပ်မသိ အရိုးဂေါက်ဂက်နှင့် အိပ်ရာထက်တွင် နှစ်ပေါင်းအတော်ကြာ တုံးလုံးကလေး လဲနေရပုံ၊ သမီး၏ ပြုစုယုယမှုများကြားမှ အမြဲဖြတ်ခံရသော နှင်းဆီပင်သည် မြေတွင် ရှင်သန်လာသကဲ့သို့ သူမ တဖြည်းဖြည်း ပြန်ကောင်းလာပုံ၊ လူတိုင်းသည် သမီးအား ဝိုင်းပြီး ဩဘာပေးကြပုံ အဖြစ်အပျက် တသီတသန်းကို အမေသည် တရေးရေးသတိရ၏။ ထိုစဉ် ပစ္စက္ခအခြေ အနေကို စေ့ငုမိပြန်၏။

ထင်းခြောက်ကို ပျုတ်ခနဲ ချိုးလျက်ပင် မီးထဲ ဆတ်ခနဲ ထိုးထည့်လျှင် မီးသည် တဟည်းဟည်း ထတောက်၏။ ဆူလုလု ဟင်းရည်အိုးသည် ခပ်ပြင်းပြင်းပွက်၏။ အမေ၏ အတွေးအမျှင်များသည် ထောင်းခနဲ ငါးပိန့်နှင့် ပြန်ပေါ်လာသည်။ အမေသည် 'အမယ်လေး သမီးလိမ္မာလေးကိုမှ' ဟု မချိတင်ကဲရွတ်၏။ ဒီအခြေအနေ ဒီလိုဖြစ်ခဲ့လျှင် သူမသည် ဖျိုးဖျိုးဖျက် ဖျက်ထလျက် သမီးနောက် လိုက်ရတော့မည် မဟုတ်လား။ 'ငါ့နယ် နံလှချည့်၊ အလှချည့်' ဟုလည်း ကိုယ့်ကိုယ်ကို အပြစ်တင်၏။

ထို့နောက် 'အိုအေ မသေချာတဲ့ အိပ်မက်ကို အရေးပြုလို့' ဟု စိတ်တွင် ပုန်ကန်လိုက်ပြန်သည်။

ထိုစဉ် အမေ၏နားတွင် 'အရီး အရီး' ဟု ခပ်အုပ်အုပ် အသံကို ကြားသလိုရှိလျှင် ခေတ္တမျှငြိမ်၏။ ပြီးလျှင် 'ဟဲ့ ဘာတုံး' ဟု လေးလေးပင်ပင် အသံပေးသည်။

'စောစောစီးစီးအေ' ဟု တိုးတိုးဆက်ရွတ်သည်။

ခဏမျှကြာလျှင် အမေနှင့် မိန်းမတစ်ယောက်သည် မီးဖိုဘေးတွင် ပူးကပ်ကာ စကားဆိုလျက်ရှိ၏။ ဆံပင်စုတ်ဖွာနှင့် ဖလန်ထည်ညစ်ညစ်ကို ဝတ်ထားသော ကဖျစ်ကညစ် ထိုမိန်းမသည် 'ကျန်မဖြင့် ညကတည်းက လာချင်လွန်းလို့ အူကိုယားနေတာပဲ' ဟု သည်းထိတ်ရင်ဖိုဟန်ဖြင့် စကားစ၏။ အသံသည် အရေးကြီးဟန်ဖြင့် ရုတ်တရက် တိုးသွား၏။ ကြမ်းကို ပုတ်ကာပုတ်ကာဖြင့် စကားဆိုနေသော ထိုမိန်းမ၏ကိုယ်သည် ကုန်း၍ ကိုင်း၍ အမေ့နားသို့ တဖြည်းဖြည်း တိုးကပ်၏။

ထိုမိန်းမပြောသော ကိစ္စသည် အရေးကြီးကိစ္စမဟုတ်။ အမည်မသိ မိန်းမတစ်ယောက် ဖျား၍ နာ၍ သေသည့် သတင်းမျှသာဖြစ်၏။ သို့သော် သေသည့်နေရာသည် အမေ၏ သမီး စပါးရိတ်သွားသော ဟိုပင်အနီးရှိ နန့်ရင်းရွာတွင်ဖြစ်၍ သေသူမှာ တစ်နယ်တစ်ကျေးမှလာသော စပါးရိတ်သမတစ်ယောက်ဖြစ်လျှင် အမေ့ရင်သည် တဒုန်းဒုန်းခုန်လာသည်။

'ကျန်မယောကျ်ားရထားပေါ်ကကြားလာတာတဲ့။ ညနေ အိမ်ရောက်ရောက်ချင်းကတော့ ဆည့်ကရှူပဲ၊ စကားကလည်း မစပ်မိနဲ့။ ညကြီးမိုးချုပ် အိပ်ဖို့လုပ်နေရင်းမှ စကားစပ်မိတော့ အိပ်လို့တောင်မပျော်တူး။ ကျန်မလေ အရီးကို လာပြောချင်လိုက်တာ။ ဒါနဲ့ သန်းဟန်ဆီကရော ဘာသတင်းမှ မကြားဘူးလား'

ထိုမိန်းမ၏ စကားသည် အမြီးရောက် ခေါင်းရောက်ဖြစ်၏။ အချုပ်မှာ မှော်မှုပြန်လာသော သူ့ယောကျ်ားသည် ဟိုပင်ဘူတာမှတက်သော လူတစ်အုပ် အော်ကြီးဟစ်ကျယ် ပြောနေရာမှ တစ်စွန်းတစ်စ ကြားလာခဲ့ခြင်းတည်း။ အိပ်မက်အခံရှိသော အမေသည် ထိုမိန်းမ၏ နိမ့်ချည်မြင့်ချည် ပြောနေသောအသံ၊ ရှေ့နောက်ယိမ်းထိုးနေသော စိုးရိမ်သောကဟန်ကို မြင်လျှင် သေသူအမည်မသိ စပါးရိတ်သမသည် သူမ၏ သမီးဟု တထစ်ချ ထင်လာတော့သည်။ ထို့ကြောင့် 'ငါ့နယ် ကံဆိုးလှအေ' ဟု မပီမသ ဝူးတူးဝါးတားဆိုရင်း ရှိက်၏။ ထိုအခါလွန်ခဲ့သော မိနစ်ပိုင်းတွင် စိုးရိမ်သောက အပြည့်ဖြစ်နေသော မိန်းမသည် အတန်မျှ ဆွံ့အသွားသည်။ စကွန့်ပိုင်းမျှ ကြာသောအခါတွင် တုန်လှုပ်သော အသံဖြင့် 'မဟုတ်တာဘဲ အရီးရယ် မဟုတ်တာဘဲ' ဟု တတွတ်တွတ်ဆို၏။ 'ကျုပ်က သန်းဟန်သေတာ မပြောပါဘူး' ဟု ခပ်ဆော်ဆော်

www.burmeseclassic.com

www.burmeseclassic.com

ခေါင်ရန်းပန်းသည်သေခြင်း၏ နှမိတ်တည်း လုံချည်ကို အဘယ်ကြောင့် အထက် အောက် ပြောင်းပြန်ဝတ်ထား ရသနည်း မည်သည့် အကြောင်းကြောင့် ဤမျှ ငိုနေရသနည်း ပြီးလျှင် အပုပ်နံ့ ယခုပင် နာဝသို့ တစ်ချက်တစ်ချက် လာတော့သည့် ဆိုးဝါးလှသော အပုပ်နံ့

ညည်းသည်။

အမေသည် ပါးပေါ်တွင် တလိမ့်လိမ့် စီးကျနေသော မျက်ရည်များကို ဘယ်ညာလွှဲသုတ်၏။ ထို့နောက် 'ငါညာက သန်းဟန်ကို အိပ်မက်မက်တယ်'ဟု အသံတုန်တုန်ဖြင့် စကားစသည်။ ပြီးလျှင် အိပ်မက်မက်ပုံ၊ အိပ်ရာမှ နိုးထပုံ၊ အပုပ်နံ့ရပုံတို့ကို လုံးဝေပတ်စေ့ ပြန်ပြော၏။ 'သေချာပါတယ်အေ သေချာပါတယ်၊ တစ်ခုခုတော့ ဖြစ်နေပြီ'ဟု ဝမ်းနည်းပက်လက် ရေရွတ်သည်။ သတင်းသမားကား မျက်နှာငယ်ဖြင့် တသြသြ စကားထောက်၏။

ရုတ်တရက် သတင်းမေးမိန်းမနှင့် တွတ်ထိုးဆဲတွင် အမေသည် 'မဖြစ်ဘူး မဖြစ်ဘူး၊ ငါလိုက်မှဖြစ်မယ်'ဟု ဆုံးဖြတ်၏။ နံရံထက်တွင် ချိတ်တင်ထားသော ကချင်လွယ်အိတ်အဟောင်းကို ပြေးဖြုတ်သည်။ ရှိစုမဲ့စု အဝတ်နှစ်စုံကို ထိုးသိပ်ထည့်၏။ 'နင် မီးတွေဘာတွေ ကြည့်ကျက် ငြိမ်းထားလိုက်ဦး၊ ငါတော့ရှိတဲ့ရထားနဲ့ပဲ လိုက်တော့ မအေ့'ဟု ထိုမိန်းမအား ကပျာသီသုတ်မှာလျက်ပင် အိမ်မှထွက်ခဲ့သည်။ အမှန်စင်စစ် အမေသည် ယခုအရွယ် အသက်ခြောက်ဆယ်ကျော် ခေါင်းဖြူစွယ်ကျိုးသည့်တိုင် သူမနေထိုင်ရာရွာနှင့် ခြောက်မိုင်ကျော်ဝေးသော မော်လူးမှ တစ်ပါး မည်သည့်နေရာမျှ ရောက်ဖူးသူ မဟုတ်။ မည်သည်ကိုမျှ သွားဖူးသူ မဟုတ်။ ရွာတွင် အသုံးလုံး သင်စဉ်ကလည်း ယောင်တိယောင်ဝါး ဖြင့်ပြီးခဲ့သူ ဖြစ်လေရာ မည်သို့ သွားရမည်ကိုလည်း သိသူမဟုတ်။ အမေသည် ဇော နှင့် သုတ်သီးသုတ်ပျာ လျှောက်လာလျက် ဘုတာရုံထီးတည်းကို မြင်လျှင် ရုတ်တရက် လန့်ကာသွား၏။ 'ဘုရား ဘုရား ဘယ်နှယ်လုပ်ရပါ့'ဟု အထိတ်တလန့်ရွတ်မိသည်။ ချက်ချင်းပင် 'အိုအေ ပါးစပ်ပါရွာရောက်တာပဲ'ဟု တွေးကာ မာန်တင်း၏။

'အိုအေ ဘာဖြစ်သေးတုံး'ဟု စိတ်ထဲတွင် မခန့်ဟန် တွေးလျက်ပင် အမေသည် ဘုတာရုံထဲ ချီတုံချတုံ အတော်ကြာ ရပ်နေသေးသည်။ နောက်ဆုံး 'မဖြစ်သေးပါဘူး'ဟု စိတ်တုံး တုံးချလျက် 'အထက်ဘက် သွားမယ့်ရထား ရှိသတဲ့လားတော့'ဟု အနီးရှိ ယောကျ်ားတစ်ယောက်ကို ခပ်ရွဲ့ရွဲ့မေးသည်။ 'မသိပေါင်ဗျာ အထူးတော့ တက်သွားပြီဆိုပဲ'ဟု ထိုသူပြောလျှင်ကား အမေသည် ဘာဆက်မေးရမှန်း မသိတော့။ လွတ်နေသော ခုံတစ်ခုတွင် တိတ်ဆိတ်စွာ ဝင်ထိုင်ပြီး တောင်တောင်ဣဣတွေးနေ၏။ ရထားစီးရမည့်အရေးကို တွေးကာလန့်သည်။ 'အိမ်ပဲ ပြန်လိုက်ရကောင်းမလား'ဟု လည်း တွေးသည်။ သမီးဖြစ်သူကို သတိရလျှင် 'မဖြစ်သေးပါဘူး၊ သွားကိုသွားမှ ရမှာပဲ'ဟု စိတ်ကိုတင်းလိုက်ပြန်သည်။ ကုန်းနေသော ခါးသည် ခပ်မတ်မတ်ဖြစ်သွား၏။ လုံချည်အထက်နားစကို ဆွဲလိပ်ပြီး နံရိုးအောက်နားတွင် ခပ်တင်းတင်း ပြင်ဝတ်၏။ အဖြူနှင့်အနက် တစ်ဝက်စီ ရောနေသော လက်သီးဆုပ်သာသာ ဆံထုံးကိုလည်း ခပ်ကျစ်ကျစ် ပြင်ထုံး၏။ ပြီးလျှင် သူမ၏ လွယ်အိတ်အစုတ်ကလေးကို ရင်တွင် စေ့စေ့ပိုက်လျက် ငြိမ်ပြန်လေသည်။

ရထားသံချောင်း ခေါက်ချိန်တွင် လက်မှတ်ရုံသို့ လူများ ဝုန်းခနဲ ထပြေးလျှင် အမေသည် ရုတ်တရက် လန့်ကာသွားသည်။ 'ဘာများပါလိမ့် ဘာများပါလိမ့်'ဟု စိတ်သည်မရိုးမရွ။ 'အထက် ရထားလက်မှတ်ရောင်းတာတဲ့'ဟု ကြားလျှင်ကား အမေသည် အတင်းပင် လူအုပ်ထဲ တိုးတော့၏။ 'ဒီဘွားတော် တိုးလှချည့်'ဟု အော်လျှင်လည်း ဂရုမစိုက်။ လက်မှတ်ရလိုက်လျှင်ဟူသော အတွေးနှင့် ရင်သည် တထိတ်ထိတ်၊ အပြီးအရယ်ကင်းစွာ လက်မှတ်ရောင်းနေသော စာရေးအား 'မောင်မင်းကြီးသား မျက်နှာမဲ့လေး ကျန်းမာပါစေချမ်းသာပါစေတော်'ဟု စိတ်ထဲမှ တတွတ်တွတ်ရွတ်၍ မေတ္တာပို့၏။ 'ဟိုပင် တစ်စောင်တော့'ဟု အသံတုန်တုန်ဖြင့်ပြောရင်း 'ကုန်ပြီ'ဟူသော ပြောလိုက်တော့မလားဟု စိတ်တွင် ထင့်သည်။ ရထားလက်မှတ် လက်ထဲရောက်ချိန်တွင်ကား 'အမယ်လေး ငါ့မတက်ရသေးခင် ရထားထွက်သွားရင် ဒုက္ခ'ဟူသော အတွေးသည် ကြီးစိုးပြန်၏။

များမကြာမီ အမေသည် တကျုံးကျုံးခုတ်နေသော ရထားပေါ်တွင် ပတ်ဝန်းကျင်နှင့် ကင်းကွာလျက် အထီးတည်းရှိ၏။ နဘား-မြစ်ကြီးနား ခေါက်ပြန်ရထားသည် မြေလိမ်မြေကောက်သဖွယ် နေးချည်မြန်ချည် တကျုံးကျုံး ခုတ်လျက်ရှိသည်။ တောင်စဉ်တောတန်းသည် နီးတစ်ဝေးတစ်လှည့်။ ရံဖန်ရံခါ သလိပင် ရထားစီး ကုန်စိမ်းသည်များသည် သူပစ္စည်းများ နှမ်းကုန်တော့မဟဲ့၊ ငါ့မနဲ့တွေ ဖတ်ကုန်တော့ မဟဲ့ အော်ကြဟစ်ကြ ရန်ဖြစ်ကြသည်။ ထိုပွက်လောရိုက်ရာသော လောကအလယ်တွင် အမေသည် ထီးတည်းတိမ်းမှောက်လျက်။ ရထားလမ်းကြောချုံနွယ် ဝိတ်ပေါင်းကိုလည်း ကောင်း၊ လွှမ်းမိုးလွှမ်ခြုံသော

www.burmeseclassic.com

www.burmeseclassic.com

ပန်းများကိုလည်းကောင်း၊ လည်တံရှည် ဖျိုင်းတို့ကိုလည်း ကောင်း ဘာကိုမျှမမြင်။ စိတ်သည် သမီးထံတွင်သာ တရစ်ဝဲဝဲတည်း။

လူငြိမ်သော်ငြား စိတ်ကားမငြိမ်။ လှုပ်လှုပ်ရှားရှား ပြေးပြေးလွှားလွှား ရှိစဉ်က ငုပ်လျှိုနေသည့် သောကသည် ခေတ္တမျှ ငြိမ်ငြိမ်ထိုင်မိလျှင် လေပင့်ခံရသော မီးကဲ့သို့ပင် ဟုပ်ခနဲ ဟုပ်ခနဲ ပြန်ပေါ်လာကြသည်။ စိတ်နှလုံးသည် မသာယာ။ အော်ဟစ် ငိုရန်လည်း အားမရှိ။ ဘုရားကိုသာ တွင်တွင်တဖာ။ မဟုတ်ပါစေနဲ့ဟုသာ တွင်တွင်ဆုတောင်း၏။ ရထားသည် တဘူးဘူး တဘဲဘဲ အော်မြည်၍ ငြိမ့်ခနဲ ထိုးရပ်တိုင်းပင် အမေရင်သည် ပူခနဲဖြစ်လျက် 'ဟိပင်ဘူတာလားတော့' ဆိုသည့် စကားကိုသာ အဆောတလျင် မေး၏။ ရထားပြတင်းမှ တိုးဝင်လာသော လေကြောင့် ပွယောင်းနေသော ဆံပင်ကိုလည်း သိမ်းရန်သတိမရ။ စားရန်လည်း စိတ်ထဲမရှိ။ သောက်ရန်လည်း အတွေးထဲမဝင်။ ညနေသုံးနာရီ ကျနေကျဲကျဲတောက် ရှိချိန်တွင်ကား အမေသည် ဟိုပင်ဘူတာနှုတ်ခမ်းတွင် နွမ်းနွမ်းခွေခွေရုပ်မိပေသည်။

❑

၃။

အမေ တက်စီးမိသော ထော်လာကျီသည် စုတ်စုတ်ဖြစ်သည်။ အသံကား လေယာဉ်သံဖြစ်၏။ အခိုးအငွေ့ကား မီးခိုးခေါင်းတိုင်ဖြစ်၏။ သွားနှုန်းက လိပ်ပေတည်း။ ထိုသို့ စုတ်ရသည့်အထဲတွင် လမ်းကား ချိုင့်၊ ခွက်၊ ကျင်းများ ပေါလှပေရာ အမေသည် 'အင့်' ခနဲပင် အသံမထွက်နိုင်၏။ ကား၏ တစ်တောင်ခန့် မြင့်သော နံရံကိုသာ မြဲမြံစွာ ကိုင်ပြီး ရှေ့သို့ မျှော်မျှော်ကြည့်သည်။ သို့သော် တလိမ့်လိမ့် ညိုမှောင်သော ဖုန်လုံးကြားတွင် အပင် ရိုးတိုး ရိပ်တိပ်သာတွေ့၏။ အမေ၏ ရင်သည်ကား ပူ၍ပူ၍ လာသည်။ စိတ်ထဲတွင်လည်း 'သမီးရေသမီး အမေလာပြီကွဲ့' ဟု အော်ဟစ်၏။ 'အမယ်လေး အရှင်ကြီး အရှင်ကောင်းတို့ရယ် ကျွန်မ သမီးအလိမ္မာလေးကို စောင့်ရှောက်ပါဦး' လည်းပါ၏။ ကားမောင်းသော ကောင်လေး၏ *'မွေး…မွေးမေ ကျေးဇူး…ဆပ်ဖူးချင်တယ် လေ တစ်နယ်စီခြားလို့ ဝေးကွာခဲ့ပေ…သားချစ်တဲ့ မွေးမေမေ…သား…သားချစ်တဲ့ မွေးမေမေ'* ဟူသော ဆွဲဆွဲငင်အသံကို ကြားလျှင် အမေရင်သည် ဝုန်းခိုင်းကြသည်။

ကားပေါ်တက်ကာစတွင် အမေသည် 'နန့်ရင်းရွာမှာ ကောက်ရိတ်သမတစ်ယောက် သေတယ်ဆို' ဟု မေးလျှင် 'ဟုတ်ပါ့ဗျာ' ဟု ဖြေပုံ၊ 'ဘယ်သူတဲ့တုံး' ဆက်မေးလျှင် 'မသိပေါင်ဗျာ၊ ငယ်တော့မငယ်တော့ဘူးဗျ လေး ဆယ်ကျော်ပြီဆိုပဲ' ဟု ဖြေပုံတို့ကို သတိရ၏။ အမေသည် ထိုအဖြေကိုကြားလျှင် ငိုင်ကာသွား၏။ မဟုတ်နိုင်ပါဘူးဟု တွေးတထင့်ထင့်ရှိသောစိတ်သည် တုံးတုံးကျလုလုဖြစ်သည်။ စဉ်းစားရင်းပင် မျက်ရည်ပူများသည် ပါးတွင် စိုစွတ်လာသည်။ 'ဟင့် အင်း မယုံဘူး၊ အလောင်းမမြင်မချင်း မယုံနိုင်ပါဘူး အေ' ဟု စိတ်တွင်း တီးတိုးဆိုရင်း ခေါင်းယမ်းသည်။

'နန့်ရင်းရောက်ခါနီးပြီဗျ' ဟူသော ကားသမား၏ စကားသံကိုကြားလျှင် အမေ၏ရင်သည် ပို၍ တုန်လှုပ်လာသည်။ နှလုံးခုန်သံသည် ပို၍ပို၍ မြန်လာသည်။ လူသည် ဇောချွေးများထွက်လျက် ဟိုက်ခနဲ ဟာခနဲရှိ၏။ ဘာကိုမျှ ရင်မဆိုင်ဝံ့စွာ မျက်စိမှိတ်ကာ ခေါင်းငုံ့နေဆဲတွင် ထော်လာကျီသည် တုံ့ခနဲ ရပ်သည်။ 'ရောက်ပြီ' ဟူသော အသံကြောင့် မဝံ့တဝံ့ မျက်စိဖွင့်မိလျှင် အမေ၏ရင်သည် ဝုန်းခနဲ ပြိုဆင်းသည်။ အမေ၏ရှေ့တွင်ကား ခေါင်းတလား တစ်စုံပေတည်း။ အနီ၊ အဝါ ပန်းပိတ်ပါးစများဖြင့် ဆင်ယင်အပ်သော ခေါင်းတစ်လုံးတည်း။ ထို ခေါင်း၏အပေါ်တွင်ကား ထမင်းပန်းကန်တစ်ချပ်နှင့် ရေတစ်ဖန်ခွက်သည် ငေါင်းစင်းစင်းရှိ၏။ အဖြူ၊ အနီ၊ အစိမ်း၊ အညို ပန်းများ ထိုးနှိက်ထားသော ပန်းအိုးသည် အခေါင်းထက်တွင်ထီးတည်း။ အမေသည် ထော်လာကျီထက်မှ ဝုန်းခနဲပင် ခုန်ဆင်းမိသည်။ မြေပြင်ထက်တွင် ခွေခွေယိုင်ယိုင် လဲကျသွားသည့်တိုင် နာသည်မသိ၊ ကျင်သည်မသိ။ 'သမီးရဲ့ သမီး' ဟု နှုတ်မှ သတိလက်လွတ် တတွတ်တွတ်ရွတ်ရင်း လေးဖက်ထောက်ကာ ကုန်းရုန်းထ၏။ မသာတင်ထားသော လှည်းနားသို့ ယိုင်ယိုင်ထိုးထိုး တရွေ့ရွေ့ တိုးရင်း ရှိုက်ကြီးတငင် စဝိုသည်။ 'သမီး အလိမ္မာလေးကိုမှတော်' ဟု ဟစ်မိ၏။ ပတ်ဝန်းကျင်ကိုလည်း ဂရုမထားမိ။ လူသူလေးပါးကိုလည်း မမြင်မိတော့။

ငိုရင်းရှိုက်ရင်း ထွက်လာသောနှပ်နှင့် မျက်ရည်များကို လုံချည်အထက်နားစနှင့် ဒုံးပြီး ဆွဲဆွဲသုတ်နေသော အမေသည် ကျောပြင်သို့ 'ဖြန်း' ခနဲလာရိုက်သည့်လှုပ်ကြောင့် ဆတ်ခနဲမော့ကြည့်သည်။ အမေ၏ရင်သည် ဒိန်းခနဲခုန်၏။ အမေမြင်ရသည်ကား သေပြီဟု အမေထင်နေသော အမေ၏သမီးပေတည်း။ ထို့ကြောင့် 'အစိမ အစိမ မသေဘူးနော်' ဟူသော အမေ၏ အသံတုန်တုန်နှင့် 'အမေ ဘာလုပ်နေတာတုံး' ဟူသော သမီး၏ စိတ်ရှုပ်ထွေးသံတို့သည် ပြိုင်တူနီးပါးပင် ထွက်လာကြသည်။ အမေသည် 'အစိမ' ဟုခေါ်ရင်း သမီး၏လက်ကို တုန်တုန်လှုပ်လှုပ် ဆွဲကိုင်သည်။ ထိုစဉ်အမေက ငိုင်းကြည့်နေသော ပတ်ဝန်းကျင်ကို သတိထားမိလာသည်။ သမီး၏ ပြုံးစိစိဟန်မှန်ကိုလည်း ဂရုပြုမိလာသည်။ ရုတ်တရက် ရှက်စိတ်သည် အမေအား ဖြန်းခနဲဖုံး၏။ အမေသည် သမီး၏ လက်မောင်းကို ဖျတ်ခနဲ ခပ်ဆတ်ဆတ်ရိုက်ရင်း ပြုံးတုံ့တုံ့ ငူတူတူ မျက်နှာဖြင့် 'သေခြင်းဆိုးမ၊ မသာမ ငါကသေပြီ အောက်မေ့နေတာ' ဟု လွှတ်ခနဲ အော်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ကြိုးမဲ့မင်း

မဖြေနိုင်သေးသူ

မနေ့ညက အောင်ဒင် အိပ်မက်မက်တယ်။
အိပ်မက်ထဲမှာ လူတစ်ယောက်က
'အကျင့်ဆိုးတွေ အကျင့်ဟောင်းတွေ
ဟုတ်လား စောက်ကျင့်တွေကို
ပြင်ကြွေ့လိုပြီဆိုတာ ကျွန်တော်ကနေ
ပြောခဲ့ချင်တယ်' တဲ့။ အိပ်မက်ထဲမှာ
အောင်ဒင်လည်း နည်းနည်းဒေါသီးသွားတယ်
ဘယ့်နယ် ဒီလူပေါ့လေ၊ ဒါပေမဲ့
အိပ်မက်ထဲမှာပဲဟာ။ ဒါဗိုလ်ချုပ်မိန့်ခွန်းကြီးပဲဟလို့
တွေးမိလို့ ပြောတဲ့လူကို လှမ်းကြည့်တော့မှ
ဗိုလ်ချုပ်က ပြုံးပြုံးကြီးလုပ်ပြီး
အောင်ဒင်ကို ကြည့်နေတော့တယ်။
ဗိုလ်ချုပ်မှန်းသိတော့ အောင်ဒင်လည်း
ဗိုလ်ချုပ်ကို ပြေးဖက်တော့တာပဲ။ အဲဒီမှာ
ပြုံးဆို အိပ်မက်က လန့်နိုးလာတယ်။
အောင်ဒင်ဆိုတာ သူတစ်သက်နဲ့တစ်ကိုယ်

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်မဖြောနဲ့ ရိုးရိုးရဲဘော်လေးတွေတောင် အိပ်မက်ထဲထည့်မမက်ဖူးဘူး။ ထည့်မက်စရာလို့လည်း မတွေးဖူးဘူး။ ဒီတစ်ခါမှ ထူးထူးဆန်းဆန်း။ ဩော် ခေတ်ကာလကလည်း အခုမှ ဗိုလ်ချုပ်ကို အိပ်မက်ထဲထည့်မက်လို့ရတဲ့ အခြေအနေမျိုး ဖြစ်နေတာကိုး လို့ ပြန်တွေးမိတယ်။

မနက် ရောက် တော့ အောင်ဒင် လက်ဖက်ရည်ဆိုင် ထိုင်တယ်။ ဖိုးကျော်တို့ မြင့်အောင်တို့ မလာသေးတော့ ထိုင်ရင်း တွေးမိတွေးရာ အရှေ့ရောက်အနောက်ရောက်၊ တောင်ရောက် မြောက်ရောက် တွေးနေတယ်။ ဘေးဝိုင်းက အဘိုးကြီးတွေ ဗရုတ်ရွတ်တ ထိုင်ပြောနေကြတာတွေက နားထဲ တိုးတိုးပြီးဝင်လာတော့ စိတ်က သိပ်မကြည်ချင်ဘူး။ အားအားယားယား မနက်ဆို လက်ဖက်ရည်ဆိုင်ကလေးထိုင် သောက်တင်း ကလေးပြော၊ နိုင်ငံရေးလိုလို ဖြိုင်ဆိုင်ရေး လိုလိုတွေနဲ့ သက်ဆိုးရှည်နေကြတဲ့ လူတွေလို့ စိတ်က အဆိုးမြင်နေမိတယ်။ လူတွေ ဟာလေ ဘယ်လိုပြောပြော ဘယ်လိုဆိုဆို ဒီသောက်ကျင့်တွေပျောက်မှာ မဟုတ်ဘူး။

'ပျစ်'

အခုပဲ တွေးနေရင်းကို ကွမ်းတံတွေးက ခြေထောက်ကို လာစဉ်တယ်။ ထွေးတဲ့လူကို လှမ်းကြည့်တော့ အဘိုးကြီးက သူ့ကို မတောင်းပန်တဲ့အပြင် မျက်ထောင့်နဲ့ကြီးနဲ့ အရာရှိကြီးက ရုံးက ပြာတာလေးကို ကြည့်သလို ကြည့်နေလို့ သူလည်း ဒေါသကို အမြန်ထိန်းပြီး မျက်နှာလွှဲ

> လူမုန်းများတဲ့ ကဗျာဆရာ တစ်ယောက်က ရုပ်သံအစီအစဉ် တစ်ခုထဲမှာ စာဆိုရင် ဘာစာဖြစ်ဖြစ် ဖတ်သင့်တယ်တဲ့ ဟား ဟား အောင်ဒင် ရယ်တောင် ရယ်ချင်သေးတယ် ဖတ်ကြ ပါတယ်ဗျာ ခင်ဗျား ပြောသလို ဒေါက်တာ ချက်ကြီးတို့ ရတနာဝင်းထိန်တို့ သိုင်းလောကရဲ့ စိန်ခေါ်သံတို့

လိုက်ရတယ်။ ဒီအရွယ်ကြီးတွေနဲ့ ဖက်ကိုက်နေလို့လည်း လူမြင်မတော်ဘူး။ အလကားအဘိုးကြီးတွေ။ ဘာ ဒီမိုကရေစီလဲ။ ပါးစပ်က မန္တန်ရွတ်သလို ရွတ်နေရုံနဲ့ ပဒေသာပင်ကြီး သီးတော့မလို၊ ဘာတဲ့ အဲဒါနဲ့ ပတ်သက်လို့၊ လွတ်လပ်ရေးနဲ့ ပတ်သက်လို့ ဗိုလ်ချုပ်ပြောသွားတာ ရှိပါသေးတယ်။

'စိတ်ကူးက ဘယ့်နယ် စိတ်ကူးကြသလဲဆိုရင် ပဒေသာပင်ကြီး ချက်ချင်းပေါက်လာတော့မလို၊ နေချင်းညချင်း ပေါက်လာတော့မလို ခင်ဗျား တို့ ထင်ကြတဲ့သူတွေ များကြတယ် ဟုတ်လား'

❑

ခွေးမသားတွေကလည်း အခုထိ မလာကြသေးဘူး။ တစ်ယောက်တည်းထိုင် ရင်ငေါင်စင်းစင်း ဖြစ်လာပြီ။ ဘေးဝိုင်းက အသံတွေကိုလည်း တဖြည်းဖြည်း မုန်းလာရာက ရွံတဲ့အဆင့်ရောက်နေပြီ။ ရွံရွံနဲ့ ပြန်အနှံထုတ်ရမယ်ဆိုရင် အယုတ္တ အနှတ္တ ဆဲသံဆိုသံတွေ ထွက်သွားမလားလို့ တွေးရင်း သူဘာလို့ ဒေါသထွက်နေရတာလဲလို့ စဉ်းစားမိသွားတယ်။ ပြောပြောကြပါစေပေါ့။ လူတိုင်း မွေးရာပါ အခွင့်အရေး အရ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိနေတာပဲ။ ဒါပေမဲ့ တချို့လူကြီးတွေ ဘေးထိုင်ဘုံပြောတွေကျတော့လည်း သိပ်မဟန်ဘူးလို့ တစ်ယောက်တည်း ခေါင်းတခါခါ ဖြစ်နေမိပြန်ရော။

လူကြီးတွေ ဒီလိုဖြစ်နေလို့ လူငယ်တွေကရော ဟန်ရဲ့လားလို့။ တချို့ စာရေးဆရာတွေက လူငယ်တွေကို ဂုဏ်မြောက်ချင်ရင် ဗိုလ်ချုပ်တို့ ခေတ်က ခေါင်းဆောင်ဝိုင်း လူငယ်တွေအကြောင်း ရေးကြ၊ တကယ်သိလိုသမဂ္ဂမှာ လူငယ်တွေ နိုင်ငံ့အရေး ဘယ်လိုတွေးတော၊ ဘယ်လို လုပ်ကိုင်ကြတဲ့အကြောင်းတွေ ရေးကြ၊ နောက်ပြီး လူငယ် ခေါင်းဆောင်တွေဖြစ်တဲ့ ကိုအောင်ကျော်တို့၊ သခင် ဗဟိန်းတို့၊ ကိုဖုန်းမော်တို့ မှန်ပါတယ်။ အဲဒီလို လူငယ်တွေ ရှိခဲ့သလို အဲဒီခေတ် အဲဒီအခါမှာပဲ လူငယ်ဖျင်း လူငယ်အ လူငယ်တုံးတွေ ခဲ့ဦးမှာပါ။ ခေတ်တိုင်း ခေတ်တိုင်းမှာ မျိုးမစစ်တွေ၊ စုန်ပြုံးတွေ ရှိတတ်ကြတာပဲလေ။ သူတို့ကတောင် ဦးရေ ပိုများမယ်။ ရဲဘော်သုံးကျိပ် ဆိုတဲ့ နိုင်ငံရဲ့ လူစွမ်းကောင်းတွေထဲမှာကို မောင်ရွှေမော ဆိုတဲ့ ဗိုလ်နေဝင်း ပါခဲ့သေးသကိုး။ နောက်ပြီး ကရေ ခေတ်လူငယ်တွေနဲ့ သိပ်ဟန်ရတဲ့ အဆိုတော် မွန်းအောင်ရဲ့ လူငယ်ခြေကျတွေ ဆိုတဲ့ သီချင်းလေး ရှိသေးတယ်လေ။

တစ် လော လေး ဆောင်းပါးတစ်ခုထဲမှာ လူငယ်တွေ စာမဖတ်တာ အပြစ်ဆိုစရာမရှိပါဘူး စာရေးဆရာ တစ်ပါးက လုပ်သေးတယ်။ ကနေ့ခေတ်မှာ ဗဟုသုတဆို တာ စာအုပ်တစ်ခုတည်းကပင် ရတာမဟုတ်တော့ဘဲ ခရီးရှယ်နက်ဝပ်တွေဖြစ်တဲ့ အေးဘွတ်ခ်တို့ ဘာတို့မှာလဲ ရနိုင်ပါတယ်တဲ့။ လူငယ်တွေ အကြောင်း ဘာမှ မသိဘဲနဲ့ လုပ်သေးတယ်။ သူပြောတဲ့ ဖေ့ဘွတ်ခ်သမားတွေက ကိုယ်ထင်ရာ ကိုယ်လျှောက်ရေး သတင်းလိုလို၊ အတင်းလိုလို တွေ့သမျှ မြင်လေရာ အေးဘွတ်ခ်ပေါ်တင် လိုက်လုပ်သူကလုပ်၊ အလကား ကော်မန့်ရေးသူက ဝင်ရေး။ ကရေ ဖေ့ဘွတ်ခ်သုံးနေတဲ့ လူငယ်တွေထဲမှာ ဗဟုသုတရစရာ ဝက်ဆိုင်ဝင်ကြည့် သူဟာ တစ်ရာမှာ အလွန်ဆုံးဆယ်ယောက်ပဲ မပိုဘူး။ လောင်းရဲတယ်။ ဒီကြားထဲ မီးလောင်ရာလေပင့် အရေးအသားပွေနဲ့ လူထုကြားထဲ ဝင်နှောင့်ချင်တဲ့ အသိုင်းအဝိုင်းတွေက

www.burmeseclassic.com

www.burmeseclassic.com

ရှိသေးတယ်။

နောက်တစ်ယောက် လာသေးတယ်။ လူမုန်းများတဲ့ ကဗျာဆရာတစ်ယောက်က ရုပ်သံအစီအစဉ်တစ်ခုထဲမှာ စာဆိုရင် ဘာစာဖြစ်ဖြစ် ဖတ်သင့်တယ်တဲ့။ ဟားဟား အောင်ဒင် ရယ်တောင် ရယ်ချင်သေးတယ်။ ဖတ်ကြပါတယ်ဗျာ ခင်ဗျားပြောသလို ဒေါက်တာချက်ကြီးတို့၊ ရတနာဝင်းထိန်တို့၊ သိုင်းလောကရဲ့ စိန်ခေါ်သံတို့။ လူငယ်တွေအကြောင်း သေသေချာချာ ဂဃနဏ ဘာမှကွဲကွဲပြားပြားမသိဘဲ လူငယ်တွေကို ဩဝါဒခွေနေတာကတော့ ရယ်စရာပဲ။

❑

ဟိုကောင်တွေ ခုထိ မလာကြသေးဘူးဘဲ။ အောင်ဒင် စိတ်ပျက်လာတယ်။ လူစည်တဲ့ လက်ဖက်ရည်ဆိုင်မှာ တစ်ဝိုင်း တစ်ယောက်တည်း ငိုင်ပြီး စနစ်တကျတွေးခေါ်ရင်း စနစ်တကျ ပျင်းရိလာတယ်။ နာရီကို ကြည့်လိုက်တော့ ၉ နာရီခွဲပြီ။ ဒီအချိန်ဆို ဖိုးကျော်တော့ လာသင့်နေပြီ။ ဒီကောင်က လူပျို။

အောင်ဒင်တို့ အဖွဲ့ထဲမှာ မြင့်အောင်က အရင် အိမ်ထောင်ကျတယ်။ ပြီးတော့ ရဲထွဋ်။ ဒီကောင်ကတော့ မိုက်တယ်။ မိန်းမယူတာ အမွေတွေပါ ပါလာတော့ ရန်ကုန်မှာ အခြေကျနေပြီ။ နောက်ပြီး ဝင်းထွန်းအေး။ အဲမယ် ဒီကောင့် ဖူးစာက အမိုက်သားဗျ။ တစ်ချိန်လုံး ချက်တင်ထိုင်၊ ဂိမ်းဆော့၊ ကွန်ပျူတာရှေ့က မထတဲ့ကောင် မိန်းမမရဘူးအောက်မေ့တာ။ ဘယ်ဟုတ်မလဲ ချက်တင်ထဲမှာတွေ့တဲ့ ရှမ်းပြည်နယ်ဘက်က ဟာလေးနဲ့ ငြိပြီး ရှမ်းပြည်နယ်ထိ တက်သွားပြီး မင်္ဂလာဆောင် ပစ်တာဗျာ။ အခုတော့ တောင်ပေါ်သား ဖြစ်သွားပြီ။ နောက်ပြီးတော့ အောင်ဒင်ပေါ့။ သမီးလေးတစ်ယောက်တောင် ရနေပြီ။ အခုတော့လည်း သူငယ်ချင်းတွေ ကိုယ့်ဘဝကိုယ်ရုန်းရင်း မနက်ဘက် လက်ဖက်ရည်ဆိုင်ထိုင်ဖော်ဆိုလို့ ဖိုးကျော်ရယ်၊ မြင့်အောင်ရယ်၊ အောင်ဒင်ရယ် သုံးယောက်ပဲ ရှိပါတော့တယ်။

ဖိုးကျော် ဆိုတဲ့ကောင် ကတော့ မြင့်အောင်ကိုကြည့်ပြီး-

'မင်းတို့လောက် ငါ မမိုက်ရဲပါဘူးကွာ၊ မှားတယ်ဆိုတာ မသိလို့မှားတာဘဲကောင်းတယ်၊ သိရက်နဲ့တော့ မိုက်တွင်းမနက်ချင်ဘူး၊ မိန်းမဘာလို့ယူမှာလဲကွာ လက်ပါနေတာပဲ' လို့ ပြောတတ်တယ်။

'တို့လည်း ဒီလိုပါပဲကွာ၊ ဒီလိုနဲ့ပဲ ဒီလိုတွေ ဖြစ်လာရတာပါ' လို့ သူသားလေး လက်ညှိုးထိုးရင်း မြင့်အောင်က ပြန်ပြောတတ်တယ်။ မြင့်အောင်က ကွန်ပျူတာစာစီစာရိုက် ဆိုင်ဖွင့်ထားတယ်။ စီးပွားရေး မဆိုးဘူး ဆိုရမယ်။ ဒါပေမဲ့ ဒီကောင့်တွေ့လိုက်ရင် ပါးတယ် ပါးတယ်နဲ့ ညည်းနေတာပဲ။ နောက်ပြီး ဒီကောင့်မိန်းမက နည်းနည်းပါးပါး အပြင်ထွက်ရင်ကို မကြိုက်ချင်ဘူး။ ဟိုပြောဒီပြောနဲ့။ ဒါကြောင့် အောင်ဒင်တို့ ဖိုးကျော်တို့က မြင့်အောင်မိန်းမကိုဆိုရင် သိပ် အစေးမကပ်ဘူး။

ဖိုးကျော်ကတော့ ပါလေရာ။ နာရေးကူညီမှု အသင်းမှာ ပါတယ်။ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွေအတွက် အလှူငွေကောက်တဲ့နေရာမှာ ပါတယ်။ စာပေဟောပြောပွဲ စီစဉ်တာတွေမှာ ပါတယ်။ ဟိုအမှု ဒီအမှုခံရတဲ့သူဘက်က ဝင်ပါတယ်။ တစ်ခါတလေ အောင်ဒင်က ဒီကောင့်ကို မျက်စိနောက်တယ်။

'မင်းဟာက တဖြည်းဖြည်းနဲ့ စိမ်းသလိုလို နီသလိုလိုနဲ့ ဘာမှန်းကို မသိပါဘူးကွာ' လို့ ပြောတတ်တယ်။

❑

မြင့်အောင် ရောက်တော့ ဆယ်နာရီထိုးပြီးပြီ။ တကယ့်တကယ်က အရင်ဆို ဒီကောင်တွေ မလာလည်း ကိုယ့်ဘာသာ ပြန်ရုံပေါ့။ ဒီနေ့မှ စောစောစီးစီး နိုးနေတာနဲ့ ထွက်ခဲ့ရင်း မိန်းမဆီက ပိုက်ဆံတောင်းဖို့ မေ့ခဲ့လို့ စောင့်နေရတာ။

'နောက်ကျလှချည်လားကွ၊ ငါစောင့်နေတာ ကြာလှပြီ လခွမ်းပဲ' လို့ အောင်ဒင်က လှမ်းဆဲတော့-

'မင်းလို မဟုတ်ဘူးကွ ဆိုင်ပါးချိန်လောက်မှ ငါက ထွက်လို့ရတာ' မြင့်အောင်က ပြန်ပြောတယ်။ ဘာလို့ ငါလို မဟုတ်ရတာလဲလို့ အောင်ဒင် မေးမလို့လုပ်ပြီးမှ မမေးတော့ပါဘူးဆိုပြီး အသာငြိမ်နေလိုက်တယ်။ ပြီးမှ-

'မင်းလက်ဖက်ရည်ဖိုး ရှင်းကွာ' လို့ပဲ ပြောလိုက်တော့တယ်။ မြင့်အောင်က-

'အဲလိုမှန်းသိ ထွက်မလာပါဘူးကွာ၊ ဆိုင်နည်းနည်းပါးနေတာနဲ့ ပျင်းလို့ ငါထွက်လာတာ။ ဒါနဲ့ အောင်ဒင် မင်းအားနေမယ့်အတူ ငါ့ဆီလာကူကွာ' တဲ့ ပြောတယ်။ အဲဒါတွေ အောင်ဒင် ဝါသနာ မပါ။ ခေါင်းခါပြလိုက်တယ်။

မြင့်အောင်လည်း ဘာမှ မပြောတော့ဘူး။

'ဖိုးကျော် ဘယ်ရောက်နေလဲကွ' လို့ အောင်ဒင်က မေးလိုက်တယ်။

'သူ့အလုပ်နဲ့ သူနေမှာပေါ့ကွာ မင်းသာ လက်ကြောမတင်းတာ' တဲ့ မြင့်အောင်ကပြောပြီး အောင်ဒင်ကို စိုက်ကြည့်နေတယ်။ မနက်လက်ဖက်ရည်ဆိုင်လေး အတူထိုင်ဖို့တောင် မလာနိုင်ဘူးလို့ အောင်ဒင်တွေးရင်း ဒေါသနည်းနည်းထွက်နေပြန်ရော။ ဒီနေ့ခေတ်ကြီးနဲ့ သူနဲ့တော့ မဖြစ်သေးဘူးလို့ အလိုမကျမှုတွေ လောက်တဖွားဖွား ဖြစ်နေတယ်။ မြင့်အောင်ရောက်လာတော့လည်း စကားဖွယ်ဖွယ်ရာရာ ပြောလို့မရ။ မြင့်အောင်ကလည်း ဘာမှမပြောဘဲ ငြိမ်နေကြတာကို အတော်ကြီးကြာသွားတယ်။

မြင့်အောင်က 'ငါ ပြန်တော့မယ်ကွာ ဆိုင်က ငါမရှိလို့ သိပ်ရတာမဟုတ်ဘူး' လို့ပြောပြီး ပိုက်ဆံရှင်းတယ်။ ဒါနဲ့ အောင်ဒင်လည်း ထပြန်လာလိုက်တော့တာပဲ။

တစ်လမ်းလုံး အောင်ဒင် ဒီကောင်တွေအကြောင်း တွေးနေမိတယ်။ [illegible] တစ်မျိုးဖြစ်နေတယ်ဗို့ [illegible]

www.burmeseclassic.com

ရင်း အို ဘာဖြစ်ဖြစ်ကွာ ငါ့အလုပ်မဟုတ်ဘူးလို့ ဒေါသထွက်မိတယ်။ ဆယ့်တစ်နာရီအိမ်ပြန်ရောက်တော့ မိန်းမကစ္စေးဆိုင်သိမ်းပြီးလို့ အိမ်ပြန်ရောက်ပြီး ထမင်းဟင်းချက်ပြုတ်ပြီးသွားပြီ။ အောင်ဒင်ဗိုက်လည်း မဆာပါဘူး။

စာဖတ်မယ်ဆို ပြီး စာအုပ်စင်က ဖတ်ရမယ့် စာအုပ်ရွေးနေလိုက်တယ်။ မိန်းမက ဘေးက လိုက်လာရင်း မနက်က ဆိုင်ကို ဖိုးကျော် လာသွားတယ်လို့ ပြောတယ်။ အောင်ဒင် ဒေါသထွက်သွားတယ်၊ ဘာလဲဟ ဒီကောင်က လက်ဖက်ရည်ဆိုင်မလာဘဲနဲ့ ဆိုင်လာပြီး ဘာလာလုပ်ရတာလဲလို့ မိန်းမကို မေးတော့ မိန်းမက-

'ကိုအောင့်ကို ပြောမရလို့တဲ့၊ ဟိုဟာဖြစ်ရင် သူတို့နာရေးကူညီမှုအသင်းမှာ ကားမောင်းတဲ့လူတစ်ယောက် လိုနေတယ်တဲ့။ အဲဒါ လစာကတော့ ပရဟိတအလုပ်ဆိုတော့ ငါးသောင်းလောက်ပဲ ပေးနိုင်မယ်တဲ့ ကားလာမောင်းပေးပါလားလို့ လာပြောတာ'

အောင်ဒင် နည်းနည်းစိတ်ညစ်လာတယ်။ မိန်းမကိုလည်း ညစ်ကြည့်နဲ့ စိုက်ကြည့်နေတော့ မိန်းမကလည်း ဘာမှမပြောတော့ဘူး၊ အိမ်ရှေ့ ပြန်ထွက်သွားတယ်။ ဒီကောင်တွေ ဘာဖြစ်နေရတာလဲ။ ကိုယ့်အလုပ် ကိုယ်မလုပ်ဘူးလို့ အောင်ဒင် စိတ်ထဲက ပြောနေမိတုန်း-

'ဟေ့ကောင် မင်း ငါမပြောချင်လို့ ကြည့်နေတာ၊ မင်း သောက်လုပ်လုပ်ဖို့ မစဉ်းစားတော့ဘူးလား၊ ကလေးက တဖြည်းဖြည်း အတန်းကြီးလာရင် ငွေကုန်ကြေးကျက ပိုများလာမယ်။ ငါ့မြေးလေး မင်းအတွက်နဲ့ မျက်နှာငယ်ရမယ်၊ နောက်ပြီး မင်းတို့ကို ငါ အမြဲတမ်း အိမ်မှာ တင်မထား နိုင်ဘူးကွ' လို့ အဖေက ဟိုဘက်အခန်းက နေ အောင်ဒင့်ကို လှမ်းပြောတယ်။

'အဖေရာ ဘယ်လိုဖြစ်နေတာလဲ အော်ကျယ်အော်ကျယ်နဲ့၊ တိုးတိုးပြောလည်း ရပါတယ်' ဆိုတော့-

'ငါ့ဒီး တိုးတိုးပြောပါလားကွ။ မင်းဘယ်နှခါရှိပြီလဲ ပြောနေရတာ သောက်သုံးက မကျဘူး၊ သောက်စာတွေဖတ်၊ သောက်လက်ဖက်ရည်ဆိုင်ထိုင်ပြီး သောက်ရေးမပါတာတွေ လုပ်နေတာ'

အောင်ဒင် ဒါကြောင့် လက်ဖက်ရည်ဆိုင်က မထချင်တာ။ အိမ်ပြန်ရောက်ရင် ဒီအသံတွေပဲ ကြားရတယ်။ သူအလုပ်တွေ အများကြီး လုပ်ခဲ့ဖူးပါတယ်။ ဒါပေမဲ့ အလုပ်တွေက သူကိုနှိပ်ထုတ်နေသလို ဖြစ်နေတာကို မသိကြဘူး။ အလုပ်ရှင်တွေဟာ မတရားခိုင်းပြီး လစာကျတော့ မဖြစ်သလောက်ပေးတာတွေ၊ အလုပ်နဲ့မဆိုင်တဲ့ အလုပ်တွေပါ ခိုင်းတာတွေ၊ ကြာကြာလုပ်ရင် ကျန်းမာရေးထိခိုက်နိုင်တဲ့ အလုပ်တွေ၊ အလုပ်ခွင်တိုင်း အလုပ်ခွင်တိုင်းမှာ မတရားမှုဟာ ကိန်းဝပ်နေတာပဲ။ အစိုးရက ဒါတွေကို ဖြေရှင်းမပေးနိုင်ဘဲနဲ့ သူအလုပ်မရှိတာ၊ အလုပ်မလုပ်တာ သူအမှားမှ မဟုတ်ဘဲ။

လူတွေလည်း ဘယ်လို တွေဖြစ်နေကြမှန်း မသိဘူး။ ကွန်မြူနစ်တွေ ကျနေတာပဲ။ လူတိုင်း အလုပ်လုပ်ဖို့တို့၊ လုပ်အားတန်ဖိုး နားမလည်ဘူးတို့။ တစ်ခါလာ အလုပ်၊ တစ်ခါလာ အလုပ်နဲ့ အလုပ်နဲ့ လုပ်အားထဲကကို မထွက်ဘူး။ သူလည်း စာလေးပေလေး ရေးနေတာပဲ။ တစ်ချိန်ချိန်တော့-

'ကြည့်လိုက်ရင် စာယောင်ယောင် ဘာယောင်ယောင် သောက်သုံးမကျတဲ့ စာရေးနေလို့ ထမင်းမစားရဘူးကွ၊ အုမတောင့်မှ သီလဆိုတာ စောင့်နိုင်တယ်။ မင်းနော် အောင်ဒင် မင်း နာတော့မယ်' တဲ့။ အဖေက ဂုဏ်သိက္ခာထိပါးတာတွေ ပါလာတယ်။ လူအခွင့်အရေး ချိုးဖောက်တာတွေ ပါလာတယ်။ အောင်ဒင် သည်းခံနိုင်စွမ်းနည်းလာတယ်။ နားကလည်း ငြီးနေပြီ။ ဒါနဲ့ လက်ဖက်ရည်ဆိုင် ပြန်သွားမယ်ဆိုပြီး လက်ဟန်ခြေဟန်နဲ့ မိန်းမဆီက ပိုက်ဆံလှမ်းတောင်းတယ်။ မိန်းမက သူ့ပိုက်ဆံအိတ် အဟောင်းလေးထဲက ငါးရာတန် တစ်ရွက်ထုတ်ပေးရင်း-

'ကိုအောင်ရယ် အလုပ်ကလေးရှိတော့ ဘာရယ်မဟုတ် အလုပ်ထဲကနေပြီး စာရေးဖို့ ကုန်ကြမ်းလေးဘာလေး ရနိုင်တာပေါ့။ သမီးလေးကလည်း ကျောင်းသာလွှတ်လိုက်ရတယ်၊ နေသိပ်မကောင်းချင်ဘူး' တဲ့။ အားပေးတာလိုလို၊ နှစ်သိမ့်တာလိုလို၊ သတိပေးတာလိုလိုနဲ့ ဘာပြောချင်မှန်းမသိတဲ့ ငါကျော်ကြီး ထွက်လာတယ်။ ဒါပေမဲ့ မိန်းမပြောတာလည်း ဟုတ်တော့ဟုတ်တယ်။ နောက်ပြီး သမီးလေး မျက်နှာကို ဆွေးကြည့်လိုက်တော့ တစ်ဖက်သားစိတ်ကြည်နူးမိပြီး တစ်ဖက်ကလည်း အမောနည်းနည်း ဆို့ချင်သွားတယ်။ ဒါပေမဲ့ သမီးလေး မျက်နှာလေးကြည်နူးစိတ်ကို ပိုဖြစ်စေပါတယ်။ ရှိနေတဲ့ ဒေါသလေးတွေတောင် ပြေသွားတယ်။ ဒါနဲ့ မိန်းမကို လှမ်းကြည့်ပြီး-

'အေးပါ မိန်းမရယ် ကိုအောင် အလုပ်ရှာပါဦးမယ်' လို့ ပြောလိုက်တယ်။ ဒါကို ဟိုဘက်အခန်းကနေ အဖေက ကြားဖြစ်အောင် ကြားတယ်နဲ့ တူပါတယ်။ လှမ်းအော်သေးတယ်။

'အေး ဟုတ်ချင်ဟုတ်ပေါ့ကွာ၊ ပြီးရင် အဖျားရှူးရှူးသွားတဲ့ မင်း သောက်ကျင့်တွေ မပျောက်လို့တော့ ဟင်း မလွယ်ဘူး အောင်ဒင် မင်း မလွယ်ဘူး' တဲ့။

မနက်က အိပ်မက်ထဲမှာ ဗိုလ်ချုပ်က အကျင့်ဆိုးအကျင့်ဟောင်းတွေ စောက်ကျင့်တွေကို ပြင်ရမယ်တဲ့။ အခု အဖေကလည်း ဗိုလ်ချုပ်လေတွေနဲ့ ဘာလားလို့ ရယ်ချင်စိတ်ကလေးတောင် ပြေသွားသေးတယ်။ နောက်ပြီး တစ်ခါမှ မတွေးစဖူး အောင်ဒင်တွေးမိတယ်။ ဗိုလ်ချုပ်လည်း သူ့ကိုများ သေချာပြောနေတာလားလို့။ ■

ပေါ်ဦးလင်း

www.burmeseclassic.com

www.burmeseclassic.com

☞ လုပ်ငန်းနာမည်ကျေးဇူးယူမှု မှန်ကန်ကောင်းမွန်ပါစေ ☜

* လုပ်ငန်းသစ်စတင်လုပ်ကိုင်လိုသူများအတွက် * ကုမ္ပဏီ၊စက်ရုံ၊ဆိုင်ကြီး၊ဘဏ်၊ပုဂ္ဂလိကပညာရေးကျောင်း၊မိုတယ်၊ဟိုတယ်၊အင်း၊ပုဂ္ဂလိကဆေးရုံ၊သင်တန်း အစရှိတဲ့လုပ်ငန်းကြီးမျိုး လုပ်မယ်ဆိုရင် ရေရှည်အောင်မြင်၊ တိုးတက်၊ ကြီးပွားချမ်းသာစေမည့် နာမည်မှန်၊ နာမည်ကောင်းဖြစ်ဖို့လိုပါတယ်။ ကိုယ်ပိုင်တစ်ဦးတည်းလုပ်မှာလား၊ စပ်တူလုပ်မှာလား၊ ဘယ်နှစ်ဦးစပ်မှာလဲ၊ ပြည်တွင်းမှလူလား၊ နိုင်ငံခြားကလား၊ ယောကျ်ားလား၊ မိန်းမလား၊ဦးဆောင်မည့်သူက ဘယ်သူလဲ၊ အစရှိသဖြင့် သေချာစီစစ်ပြီးမှ နာမည်ကွေးသင့်ပါတယ်။ (တာဝန်ယူပါရစေ)

ဆရာကြီး ဦးအောင်မြင့် (ဥပဒေဘွဲ့)၊(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။

ဖုန်း ၀၁ ၅၈၆၇၀၄၊ ၀၉ ၅၀၆၂၈၄၇၁၊ ၀၉ ၅၁၇၇၆၂၂၂၊ ၀၉ ၇၃၀၀၅၅၉၂၄

* ထုံးထြည်အားထိုးမှထာလာခဲ့ဝါ။ *

လောကမှီ လောကသွဲ့ ဒွါဒသစက္ကံ့ ပလုဒ္ဓတိတိလောကော

ဆရာ ဇေမျိုးရှိန် (B.A)

နက္ခတ္တဗေဒ လက္ခဏာပညာရှင်

ရုံးခန်းတည်နေရာ

အမှတ် (၇)၊ ကိုးထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - မနက် (၇)နာရီမှ နေ့လည် (၁)နာရီအတွင်း
အမှတ် (၄၉)၊ ဆူးလေဘုရားအဝိုင်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဟောခန်းထိုင်ချိန် - - နေ့လည် (၂)နာရီမှ ည(၈)နာရီအတွင်း

09 420025649

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံ
လယ်သမားကြီးသည်
လယ်ကွင်းများ၏
တစ်ဖက်တွင်ရှိသော တောထဲသို့
သွားကာ သားကောင်ရှာတတ်သည်
ထိုအခါတွင် လယ်သမားကြီးသည်
မုဆိုးတစ်ယောက်ဖြစ်နေပြီး
ခွေးလိမ္မာသည် အနံ့ခံကောင်းသော
အမဲလိုက်ခွေးတစ်ကောင်
ဖြစ်ရပါသည်

ထိုနေရာကို ခပ်ဝေးဝေးမှကြည့်လျှင်
လယ်ကွင်းများထဲတွင် စာခြောက်ရုပ်များကို
နေရာအနှံ့ တွေ့ရလိမ့်မည်။
လယ်တဲကလေးများ၏ ရှေ့ဘက်တွင်
ငှက်မောင်းနေသောကလေးတစ်ယောက်
သို့မဟုတ် မိန်းမတစ်ယောက်ကို
တွေ့ကြရမည်။ သို့သော်
လယ်ကွင်းပြင်ထဲမှ တဲတစ်တဲ၏
အောပတ်ဝန်းကျင်တွင်တော့
စာခြောက်ရုပ်များ ရှိမနေပါ။
ထိုတဲရှိ စပါးပုံထားသော
တလင်းထဲတွင် ခွေးတစ်ကောင်
ရှိနေသည်။ ထိုတဲတွင် နေထိုင်သော
လယ်သမားသည် အောပတ်ဝန်းကျင်ရှိ
အခြားလယ်သမားများနှင့် မတူသည့်
အချက်နှစ်ခုရှိသည်။ သူသည်
တစ်ကိုယ်ရေသမားဖြစ်ခြင်းနှင့်
သူတွင် အလွန်လိမ္မာသော
ခွေးတစ်ကောင်ရှိခြင်း ဖြစ်သည်။
နေပူပူအောက်တွင်
အလုပ်လုပ်နေသောအခါ
ခွေးတရွဲရွဲနှင့် သူကျောပြင်သည်
ပြောင်လက်နေတတ်သည်။
ရှည်လျားသော ဆံပင်သည်
ငှက်သိုက်တစ်ခုလိုပင်
ရှုပ်ထွေးနေသည်။ မျက်နှာပေါ်မှ
ကျန်ရှိနေသေးသော
နုပျိုမှုအနည်းငယ်ကိုလည်း
ပါးသိုင်းမွေးများက
ဖုံးထားသေးသည်။

နေ့ခင်းများတွင် သူသည် စပါးသိမ်းသည့်အလုပ်ကို တာ
နေ့လုံး လုပ်ကိုင်သည်။ သူ၏ ခွေးလိမ္မာသည် သူနှင့်အတူ
ကူညီပေးသည်။ စပါးခင်းများကြားတွင် ခွေးလိမ္မာသည်
အစွမ်းကုန်အောင် အလုပ်ကြိုးစားသည်။ ဝင်းဝါနေသော စပါး
ပင်များအကြားတွင် မကြာခဏပျံတက်သွားသော ငှက်အုပ်များ
ကို အဝေးကပင် မြင်နိုင်သည်။ ထိုအခါမျိုးတွင် ခွေးလိမ္မာ
ပါးစပ်ထဲတွင် ငှက်တစ်ကောင် ပါလာတတ်သည်။ ခွေးလိမ္မာ
သည် ငှက်ကို ချီကာ လယ်သမားရှေ့တွင် ချပေးတတ်သည်။
လယ်သမားသည် ခွေး၏ကျောပြင်ကို ညင်သာစွာ ပွတ်သပ်

www.burmeseclassic.com

www.burmeseclassic.com

ဘဝင်

ပဒုမာမင်းသား



အာဇာနီ ၂၇၇၊ အောက်တိုဘာ ၂၀၁၁

၂၀၁၃ အောက်တိုဘာ ဒုတိယအကြိမ် ပုံနှိပ်

www.burmeseclassic.com

www.burmeseclassic.com

ပေးတတ်သည်။

စပါးနယ်ချိန်ရောက်သောအခါ ခွေးသည် လယ်သမားကြီးနှင့်အတူ ညဉ့်နက်သန်းခေါင်အထိ မအိပ်ဘဲ တလင်းထဲတွင် ရှိနေတတ်သည်။ စပါးနယ်ရာ လှည်းကလေးပေါ်တွင် ခွေးကလေးလည်း အတူလိုက်ပါသည်။ လသာသော ညများတွင် လယ်သမားသည် ရတတ်သမျှ သီချင်းများကို ဆိုညည်းတတ်သည်။ ထိုညများတွင် လယ်သမားကြီး၏ အသံနှင့်အတူ ခွေး၏ တအီအီ အော်သံကို လည်း ကြားရတတ်သည်။

တစ်ခါတစ်ရံ လယ်သမားနှင့် ခွေးသည် သူငယ်ချင်းရောင်းရင်းများပမာ ဖြစ်ကြရသည်။ လယ်သမားကြီးသည် နေ့ခင်းဘက်တွင် လယ်ကွင်းနှင့် သီးနှံစိုက်ခင်းများ၌ အချိန်ကုန်ပြီး ညဘက်တွင် အနီးအနားရှိ အခြားတဲများသို့သွားကာ ဝိုင်းဖွဲ့စကားပြောတတ်သည်။ အခြားလယ်သမားများနှင့် အတူတောအရက်၊ ထန်းရည်တို့ကို သောက်သုံးကြသည်။ ထိုအခါမျိုးတွင် လယ်သမားကြီးသည် စိတ်ဆတ်သူဖြစ်သည့် အတွက် မကြာခဏ စကားများကြရသည်။ ညအမှောင်ထဲတွင် ထိုတဲများဆီမှ ပြန်လာသောလမ်းတစ်လျှောက်လုံးတွင် လယ်သမားကြီးသည် သူ၏ မကျေနပ်ချက်များကို ခွေးအားထုတ် ဖော်ပြောလာတတ်သည်။ ခွေးသည် သခင်၏မကျေနပ်ချက်များကို နားလည်သဘောင်နှင့် ခုန်ဆွခုန်ဆွဖြစ်နေတတ်သည်။

တစ်ခါကလည်း ခွေး

နေပူပူ အောက်တွင် အလုပ်လုပ်နေသောအခါ ခွေးတရွှီရွှီနှင့် သူ့ကျောပြင်သည် ပြောင်လက်နေတတ်သည် ရှည်လျားသော ဆံပင်သည် ငှက်သိုက် တစ်ခုလိုပင် ရှုပ်ထွေးနေသည် မျက်နှာပေါ်မှ ကျန်ရှိနေသေးသော နပျိုမှ အနည်းငယ်ကိုလည်း ပါးသိုင်းမွေးမျှားကာ ပုံးထားသေးသည်

လိမ္မာသည် လယ်သမားကြီး၏ အသက်ကို ကယ်တင်ခဲ့ဖူးသည်။ တစ်ညတွင် လယ်သမားကြီးသည် အိပ်ရာဝင်ရန်အတွက် ကွပ်ပျစ်ပေါ်သို့ တက်ရန်ပြင်သည်။ ထိုအချိန်တွင် တဲကလေးထဲ၌ရှိနေသော ခွေးလိမ္မာသည် အဆက်မပြတ် ဟောင် လေသည်။ လယ်သမားကြီး၏ ပုဆိုးစများကို ဆွဲခြင်းဖြင့် ကွပ်ပျစ်ပေါ်သို့ မတက်ရန် တားရာသည်။ ထိုနောက်လယ်သမားကြီး၏ အိပ်ရာခေါင်းရင်းဘက်ဆီသို့ ပြေးပြီး အဆက်မပြတ်ဟောင်နေသည်။

ချက်ချင်းပင် ခွေးလိမ္မာ၏ ကျေးဇူးကြောင့် လယ်သမားကြီးသည် အန္တရာယ်ကောင်းကို တွေ့လိုက်ရသည်။ မည်းနက် ပြောင်လက်နေသော မြွေဟောက်တစ်ကောင်သည် လယ်သမားကြီး၏ ခေါင်းအုံးအောက်တွင် ရှိနေခဲ့သည်။ လယ်သမားကြီးသည် ထိုမြွေကို နှိမ်နင်းလိုက်နိုင်သည်။ ထိုညတွင် သူတို့သည် မြွေကင်းသားကို စားကာ ညဉ့်နက်မှ အိပ်ရာဝင်ခဲ့ကြသည်။ သခင်ကို အချိန်မီကာကွယ်နိုင်သည့်အတွက် ခွေးလိမ္မာသည် ခေါင်းမော်ကာ ဂုဏ်ယူနေခဲ့သည်။

တစ်ခါတစ်ရံ လယ်သမားကြီးသည် လယ်ကွင်းများ၏ တစ်ဖက်တွင်ရှိသော တောထဲသို့ သွားကာ သားကောင်ရှာတတ်သည်။ ထိုအခါတွင် လယ်သမားကြီးသည် မုဆိုးတစ်ယောက်ဖြစ်နေပြီး ခွေးလိမ္မာသည် အနံ့ခံကောင်းသော အမဲလိုက်ခွေးတစ်ကောင်ဖြစ်ရပါသည်။ ခွေးလိမ္မာ၏ အကူအညီဖြင့် ယုန်စသော တောကောင်ငယ်လေးများကို အတူတကွလိုက်တတ်သည်။ လယ်သမားကြီးသည် အမဲလိုက်တော်သူအဖြစ်လည်း နာမည်ကြီးလာခဲ့သည်။ ခွေး၏ ကျွမ်းကျင်မှုများကြောင့် သားကောင်များ အမြောက်အမြားရလာတတ်သည်။

ရရှိလာသော သားကောင်များဖြင့် ပြန်လာသည်ကို မြင်သော် အခြားလူများက လယ်သမားကြီးကို ချီးကျူးမဆုံးဖြစ်ကြသည်။ ထိုအခါမျိုးတွင် ခွေး၏ကျောပြင်ကို ပွတ်သပ်ကာ လယ်သမားကြီးသည် ပြုံးနေတတ်သည်။

တစ်ခါတစ်ရံ တောထဲတွင် အန္တရာယ်ပြုတတ်သော တောကောင်များနှင့် တွေ့လျှင်လည်း လယ်သမားကြီးနှင့် ခွေးသည် အသက်လုရှုခြင်း ကြရသည်။ ခွေးသည် ပို၍ လျင်မြန်စွာပြေးနိုင်သည့်အတွက် အမြဲတမ်းလိုလို လယ်သမားကြီးမှာ နောက်၌ ကျန်ရစ်ခဲ့တတ်သည်။ ထိုအခါမျိုးတွင် ခွေးလိမ္မာသည် အန္တရာယ်တွင်းမှ တစ်ကောင်တည်း ကိုယ်လွတ်ရုန်းထွက် ပြေးခြင်းမျိုး မရှိခဲ့ပေ။ လယ်သမားကြီးကို စောင့်ကာ အတူတကွ ပြေးကြပြီး နောက်ဆုံးတွင် အတူတကွ လွတ်မြောက်လာမြဲပင် ဖြစ်သည်။ ထိုအခါ ခွေးပစ်လက်ပစ်ထိုင်ချလိုက်ပြီး မောဟိုက်နေသည့် ကြားမှပင် လယ်သမားကြီးသည် ခွေးကို ဖက်ထားတတ်သည်။

နေ့ရက်များ ကြာလာသော်လည်း တဲကလေးထဲတွင် လယ်သမားကြီးနှင့် ခွေးလိမ္မာသည် မိသားစုဝင်များကဲ့သို့ နေထိုင်ခဲ့ကြသည်။ မကြာခဏပင် သူတို့၏ တဲကလေးသို့ မိသားစုဝင်အသစ်များ ရောက်လာကြသည်။ မိန်းမပျိုလေးတစ်ဦးနှင့် ခွေးမလေးတစ်ကောင် ဖြစ်ပါသည်။ အရင်နှစ်များတွင် သူတို့သည် လယ်သမားကြီးတို့ တဲကလေး၏ ရှေ့ဘက်တဲထဲတွင် နေထိုင်ခဲ့ကြသည်။

ညဘက်များတွင် လယ်သမားကြီးသည် ထိုတဲဆီသို့ အလည်သွားရင်း မိန်းမပျိုလေးနှင့် ချစ်ကြိုက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုညများတွင် ခွေး

www.burmeseclassic.com

www.burmeseclassic.com

သော်လည်း လယ်သမားကြီးသည် စားစရာနှင့် တော အရက်ဝယ်ချိန်မှလွဲ၍ တဲ အပြင်ဘက်သို့ ထွက်လာသည် ဟူ၍ မရှိတော့ပေ။ စိုက်ထား သော ဟင်းသီးဟင်းရွက်ပင် များသည် နွမ်းခြောက်ကုန် တော့သည်။ တစ်နေ့ တစ်နေ့ တဲအတွင်းမှ ဝုန်းဒိုင်းကြဲသံ များသာ ထွက်လာသည်။ မိန်းမဖျိုလေးသည်လည်း ပြန် လာခြင်းမရှိပေ။ သို့သော် နေ့ ဘက်များတွင် မိန်းမဖျိုလေး သည် လယ်သမားကြီး ရှိရာ တဲဘက်သို့ အချိန်အတော် ကြာအောင် ရပ်ကြည့်နေသည် ကို ခပ်ဝေးဝေးကပင် တွေ့ နိုင်သည်။

သူတို့နှစ်ဦး ဝေးနေကြ သော်လည်း ခွေးနှစ်ကောင် မှာတော့ ချစ်ခင်နေဆဲပင်။ တဲ ပတ်ဝန်းကျင်တွင် ပြေးလွှား ကလူကျီစယ်နေကြဆဲဖြစ် သည်။ ယခုအခါ ခွေးမလေး မှာ ကိုယ်ဝန်ရှိလာပြီဖြစ်သည်။ ခွေးနှစ်ကောင်မှာ နေ့ခင်း ဘက်များတွင် ပို၍ မခွဲနိုင်ဘဲ တပူးပူးတွဲတွဲဖြစ်နေသည်။ ညဘက်များတွင် ခွေးမလေး မှာ မိန်းမဖျိုလေးဆီသို့ ပြန် သွားသော်လည်း ခွေးလိမ္မာမှာ လို က်သွားခြင်း မရှိပေ။ သခင်၏ တဲဘေးတွင်ပင် အိပ်မြဲဖြစ်သည်။

မနက်ခင်းတစ်ခုတွင် တော့ လယ်သမားကြီးသည် အိပ်ရာမှနိုးနိုးချင်း တဲ၏ပြတင်း ပေါက်ဘေးတွင် အချိန်ကြာ ရှည်စွာ ထိုင်နေခဲ့သည်။ တော အရက်တစ်ပုလင်းသည် သူ ဘေးနားတွင် ရှိနေပြီး မကြာ ခဏပင် လယ်သမားကြီးသည် ပုလင်းထဲမှ အရက်များကို

နေ့ရက်များကြာလာသော်လည်း တဲကလေးထဲတွင် လယ်သမားကြီးနှင့် ခွေးလိမ္မာသည် မိသားစုဝင်များကဲ့သို့ နေထိုင်ခဲ့ကြသည် မကြာမီပင် သူတို့၏ တဲကလေးထဲသို့ မိသားစုဝင် အသစ်များ ရောက်လာကြသည်

လိုက်သည်။ မိန်းမဖျိုလေး သည် လဲကျသွားမတတ် ယိုင် နဲ့သွားသည်။ ထို့နောက် သူမ သည် နောက်သို့တဖြည်းဖြည်း ဆုတ်ရင်း တဲနှင့်ဝေးရာဆီသို့ ပြေးနေသည်။ ခပ်ဝေးဝေး ရောက်သောအခါ တဲဘက်သို့ ပြန်လှည့်ပြီး ခွေးမလေးကို အော်ခေါ်နေသည်။ ခွေးမ လေးမှာ ရုတ်တရက်ပြေးသွား သည်။ ထို့နောက် ခွေးမလေး နှင့်အတူ မိန်းမဖျိုသည် မူလ သူမတို့နေထိုင်ရာ တဲကလေး ဘက်သို့ ပြန်သွားခဲ့သည်။

လယ်သမားကြီးသည် အော်ဟစ်မြည်တမ်းလျက်ပင် ရှိသေးသည်။ ဆဲဆိုသံများ ပို၍ကျယ်လာခဲ့သည်။ 'လုံးဝ ပြန်မလာခဲ့နဲ့' ဆိုသော စကား ကို အကြိမ်ပေါင်းများစွာ ရေ ရွတ်သည်။ ထို့နောက် မျက်စိ ရှေ့၌ ရှိသမျှအရာများကို တုတ်တစ်ချောင်းဖြင့် လိုက် ရိုက်နေသည်။ စဉ့်အိုးများကို ရိုက်ခွဲလိုက်သည်။ တဲရှေ့ တွင် လယ်သမားကြီးသည် အရူးတစ်ယောက်လိုပင် ပြေး လိုက်လွှားလိုက်ဖြစ်နေသည်။

တစ်ကောင်တည်း ကျန် ခဲ့သော ခွေးလိမ္မာသည် အိမ်ဦး လေးလှုပ်ကာဖြင့် လယ်သမား ကြီးအနားသို့ ကပ်သွားသည်။ လယ်သမားကြီး၏ ခြေ သလုံးများကို နားရွက်များဖြင့် ပွတ်သပ်သည်။ ရုတ်တရက် လယ်သမားကြီးသည် ကိုင် ထားသော တုတ်ဖြင့် ခွေး လိမ္မာကို ရိုက်ချလိုက်သည်။ ခွေးသည် တအူအူအော်ကာ လယ်သမားကြီးအနားမှ ပြေး ထွက်သွားခဲ့သည်။

ထို နေ့မှ စ၍ ရက် သတ္တပတ်နှစ်ပတ်ကျော်ကြာ လာခဲ့သည်။ လယ်သမားကြီး ၏ဆဲဆိုသံများဖြစ်သည်။ ထို့ နောက်တဲကလေး၏ တံခါး ပေါက်မှတစ်ဆင့် မိန်းမဖျိုလေး ပြေးထွက်လာခဲ့သည်။ သူမ ၏ လက်ထဲတွင် အဝတ်အစား ထုပ်ထားသော အထုပ်ကလေး တစ်ထုပ်ပါလာသည်။ လယ် သမားကြီးသည် သူမကို အတင်းမောင်းထုတ်နေသည်။

ခွေးနှစ်ကောင်သည် သခင်များ၏ အပြုအမူကို ငေးစိုက်ကြည့်နေခဲ့ သည်။ လယ်သမားကြီးသည် မိန်းမ ဖျိုလေး၏ ပါးပြင်ကို ဖြောင်း ခနဲ အသံမြည်အောင် ရိုက်ချ

လိမ္မာလေးလည်း တကောက် ကောက် ပါသွားတတ်ရာ ထို တဲရှိ ခွေးမလေးနှင့် တပူးတွဲ တွဲဖြစ်ရပါသည်။ နောက်ဆုံး တွင် လယ်သမားကြီးနှင့် မိန်းမဖျိုလေးတို့ အကြောင်း ပါကြပြီး တဲကလေးဆီသို့ ပြောင်းရွှေ့လာကြသည်။

သူတို့၏ တဲကလေး သည် ပို၍ အသက်ဝင်လာခဲ့ ပါသည်။ လယ်သမားကြီး သည် ပျော်ရွှင်မဆုံးဖြစ်နေခဲ့ သည်။ စိုက်ခင်းများကြား တွင် မိန်းမဖျိုလေးနှင့် နှစ် ကိုယ်ကြား စကားပြောကာ ရယ်မောနေတော့သည်။ ခွေး လိမ္မာလေးသည်လည်း ခွေးမ လေးနှင့် မိုးမမြင်အောင် ချစ် ကြပါတော့သည်။ ခွေးနှစ် ကောင်သည် စားအတူ၊ သွား အတူ ဖြစ်နေပါသည်။ စပါး ခင်းများကြားတွင် ပြေးလွှား ကလူကျီစယ်နေကြသည်။

မိန်းမဖျိုလေးသည် အချက်အပြုတ်ကောင်းသူ ဖြစ်သည့်အတွက် လယ်သမား ကြီးသည် သူမ၏ လက်ရာ များကို စွဲလမ်းနေရပါသည်။ ခွေးနှစ်ကောင်မှာတော့ တစ် ခါတစ်ရံ အစာစားချိန်တွင်ပင် ရောက်မလာနိုင်ပါ။ အချစ် နယ်ကျွံကာ အစားအသောက် ကို မေ့လျော့နေကြပြီ ဖြစ် သည်။

ထို ကြည် နူး စရာ ကောင်းသော အဖြစ်အပျက် များသည် မကြာခင်မှာပင် ရုတ်တရက်ပျက်ပြယ်သွားခဲ့ ပါသည်။ တော်သလင်းလ၏ နေသာသော နေ့တစ်နေ့တွင် ဖြစ်ပါသည်။ ထို့နေ့တွင် တဲ အတွင်းမှ ကြမ်းတမ်းယုတ် ညံ့သော စကားသံများထွက်

www.burmeseclassic.com

မော့သောက်နေခဲ့သည်။ ပြတင်းပေါက်မှကြည့်လျှင် လယ်ကွင်းပြင်ထဲတွင် ခွေးနှစ်ကောင်ကို မြင်ရသည်။ ပုံမှန်နေ့များကဲ့သို့ပင် ခွေးနှစ်ကောင်သည် တပူးတွဲတွဲဖြင့် ပျော်ရွှင်နေခဲ့သည်။ ဟိုမှသည်သို့ ပြေးနေကြသည်ကို လယ်သမားကြီးသည် နေ့လယ်ခင်းရောက်ချိန်အထိ မမှိတ်မသုန်ကြည့်နေခဲ့သည်။ ခွေးမလေး၏ ဗိုက်သည် နေ့စေ့လစေ့ကိုယ်ဝန်လို ဖောင်းထွက်နေပြီဖြစ်သည်။

နေ့လယ်ခင်းတွင် ခွေးနှစ်ကောင်သည် လယ်သမားကြီး၏ တဲဘက်ဆီသို့ ပြေးလာခဲ့သည်။ အစာဆာနေပုံရသော ခွေးနှစ်ကောင်မှာ အစာခွက်ထားရာနေရာသို့ တည့်မတ်စွာပြေးသွားခဲ့သည်။ သို့သော် အစာခွက်များထဲတွင် ပုပ်သိုးနေသော စားကြွင်းစားကျန်များသာ ရှိနေသည်။

ခွေးနှစ်ကောင်သည် ထိုနေရာမှထွက်သွားပြီး မိန်းမပျိုလေးရှိရာ တဲဘက်ဆီသို့ ပြေးသွားခဲ့သည်။ လယ်သမားကြီးသည် ခွေးနှစ်ကောင်ကို မျက်ခြည်မပြတ် ကြည့်နေဆဲပင်။ မကြာမီပင် ခွေးနှစ်ကောင်သည် ထိုတဲအတွင်းသို့ ဝင်သွားသည်။

အချိန်အနည်းငယ်ကြာသောအခါ မိန်းမပျိုလေး၏ တဲအတွင်းမှ ပြေးထွက်လာသော ခွေးနှစ်ကောင်သည် ပို၍ ခုန်ပေါက်နေလေတော့သည်။ အစာဝသွားသော ခွေးနှစ်ကောင်သည် လယ်သမားကြီးရှိရာ တဲကလေးဆီသို့ ပြန်လာခဲ့သည်။ လယ်သမားသည် တဲရှေ့တွင် ထွက်ထိုင်နေသည်။ သူ့လက်ထဲတွင် ဓားရှည်တစ်ချောင်းကို ကိုင်ထားသည်။

အန္တရာယ်ကို မသိသော ခွေးနှစ်ကောင်သည် လယ်သမားကြီးအနားသို့ တိုးကပ်သွားသည်။ ခွေးလိမ္မာသည် အမြီးလှုပ်ကာဖြင့် လယ်သမားကြီး၏ ခြေထောက်များကို လျှာဖြင့်ပွတ်သပ်သည်။ ရုတ်တရက် လယ်သမားကြီးလက်ထဲမှ ဓားသည် မြွေဂတ်တက်သွားသည်။ 'ပျော်ချင်ဦးကွာ… သွားချင်ဦးကွာ' ဟု အဆက်မပြတ် အော်နေသော လယ်သမားကြီး၏အသံများတွင် ဒေါသများ ဖုံးလွှမ်းနေခဲ့သည်။

ရုတ်တရက် ဆွဲငင်၍ အူလိုက်သော ခွေးမလေး၏ အသံကို ခပ်ဝေးဝေးမှပင် ကြားနိုင်သည်။ ထိုအသံတွင် ကြောက်လန့်မှုများ၊ နာမလည်နိုင်မှုများ၊ ကြေကွဲဝမ်းနည်းမှုများ ပါလိမ့်မည်။

သွေးများသည် မြင်မကောင်းလောက်အောင်ပင်။ ခွေးလိမ္မာသည် ထိုနေရာ၌ပင် သေဆုံးသွားခဲ့သည်။ လယ်သမားကြီး၏ ဓားဦးသည် ခွေးမလေးဆီသို့ လှည့်လာသောအခါ ခွေးမလေးသည် အဆက်မပြတ်ဟောင်ကာ ထိုနေရာမှာ ပြေးထွက်သွားခဲ့သည်။

နောက်ရက်များတွင် ကိုယ်ဝန်အရင့်အမာကြီးနှင့် ခွေးမလေးသည် မိန်းမပျိုလေး၏ တဲအတွင်း၌သာ နေ့ရှိသရွေ့ ခွေလဲနေခဲ့သည်။ ထိုအချိန်တွင် မိန်းမပျိုလေးသည်လည်း နေမကောင်းဖြစ်လာခဲ့သည်။ အိပ်ရာထဲတွင်လဲကာ အားအင်ချည့်နဲ့ နေခဲ့သည်။

မှောင်ရီပျိုးစအချိန် ညနေခင်းတစ်ခုတွင် မိန်းမပျိုလေးတို့ တဲဆီကိုလယ်သမားကြီး ရောက်လာခဲ့ပါသည်။ မိန်းမပျိုလေးရှိရာသို့ တည့်မတ်စွာ ဝင်သွားပြီးနောက် သူတို့နှစ်ဦး အချိန်အတန်ကြာအောင် ပွေ့ဖက်ကြသည်။

ထိုညတွင်ပင် လယ်သမားကြီးသည် မိန်းမပျိုလေးကို ပွေ့ခေါ်၍ သူ့တဲသို့ ပြန်လည်ခေါ်ဆောင်သွားခဲ့သည်။ မိန်းမပျိုသည် ကွပ်ပျစ်အောက်တွင် ခွေနေသော ခွေးမလေးကို အတူလိုက်လာရန် ခေါ်ပါသေးသည်။ အမှောင်ထဲတွင် ခွေးမလေးသည် အသံမပြုဘဲ သူတို့နှစ်ဦးသာ ငေးစိုက်ကြည့်နေခဲ့သည်။

နောက်တစ်နေ့တွင် လယ်သမားကြီးသည် ဟင်းသီးဟင်းရွက်ပင်များကို ပြန်လည်စိုက်ပျိုးသည်။ မိန်းမပျိုလေးသည် သူ့ဘေးနားတွင် ထိုင်နေခဲ့သည်။ လယ်သမားကြီးသည် မိန်းမပျိုလေးဆီသို့ မကြာခဏ ပြေးသွားပြီး သူမ၏ ဗိုက်ကို လက်ဖြင့်စမ်းသည်။ ထို့နောက် နားဖြင့်ကပ်၍ နားထောင်သည်။ ခပ်ဝေးဝေးက ကြည့်လျှင်ပင် လယ်သမားကြီး အလွန်ပျော်ရွှင်နေမှန်း သိနိုင်သည်။

ထိုနေ့နံနက်တွင် ကိုယ်ဝန်အရင့်အမာနှင့် ခွေးမလေးသည် လယ်ကွင်းများနှင့်ဝေးရာသို့ တဖြည်းဖြည်းထွက်သွားခဲ့သည်။

■

နေ၊ပင်လယ်ဖြာ၊

ဖြန့်ချိရေး

စာပေ

အမှတ် ၁၃၃
၄၀ လမ်း
ကုန်သည်လမ်းနဲ့
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၃၉၈၂၂၀
၀၉၅၁၃၃၄၀၄၀

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန် ဆရာမြင့် (၈) ဆရာသြဘာ





နက္ခတ္တာဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597

ဆရာမိုး

အမှတ်တံဆိပ်

အမောလုံ နှလုံးအားဆေး

ဝင်အိပ်ပျော် မူးမောကင်းဝေး

ဆရာမိုး အမောလုံ နှလုံးအားဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် 0114 Y 010936

www.burmeseclassic.com

www.burmeseclassic.com

မျော်လင့်ခြင်းအသစ် ရင်တွင်းဖြစ်တည်

ကျောင်းဆင်း
ခေါင်းလောင်းသံက
စည်းချက်မကျ
မြည်းဟည်းလာသည်။
ကလေးငယ်တို့၏
နိုင်ငံတော်
သီချင်းသီဆိုသံက
သံပြိုင်ထွက်ပေါ်လာ၏။
တိတ်ဆိတ်ငြိမ်သက်
နေသော
ကျောင်းပတ်ဝန်းကျင်
သည်လည်း
ကလေးငယ်တို့၏
ဆူဆူညံညံ
အသံများကြား
သက်ဝင်လှုပ်ရှား
လာပါသည်။
ကျောင်းရှေ့သစ်ပင်ပေါ်မှ
ဝုန်းခနဲ ထပျံသွားသော
ခိုငှက်တစ်အုပ်နှင့်
မြေပြင်ပေါ်မှ
ကျောင်းသား
အုပ်တို့
အပြိုင်
ကြဲနေ
ကြသလို
ရုတ်ရုတ်
သဲသဲ
ရှိလွန်းလှ၏။
သူထက်ငါ ဦးအောင်
ကျောင်းတံခါးဝတွင်
စုပြုံတိုးနေကြသော

သူ့အဖေ၏
တဟွတ်ဟွတ်
ချောင်းသံကြောင့်
အသာ
နားစွင့်
နေလိုက်သည်
ခဏအကြာ
ဘာသံမှ
မကြားတော့
ဆက်ရက်မင်း
စည်းစိမ်နှင့်
ဆက်ငြိမ့်
နေလောက်ပြီ



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

အလုပ်ဖြစ်သော်လည်း ခ
နောက်ပိုင်း သိပ်အဆင်မပြေ
ချင်တော့။ နာရီပျက်လည်း
ပြင်မည့်သူက မရှိလောက်
တော့ဘူးထင်၏။ တရုတ်
များ အလွန်ပေါသည့် အခြေ
မျိုးတွင် ပြင်ခနှင့် အသစ်
ဈေးက ဘာမျှမကွာတော့။
သူ့အဖေအတွက် ငှတ်တုတ်
ထိုင်နေရချိန်များ များလာ
သည်။ ရှုနှာရှိုက်ကုန်း သူ့
အဖေမှာလည်း ပင်ပင်ပန်း
ပန်း တခြားအလုပ်မလုပ်နိုင်
မလုပ်တတ်။ ဒီတော့ နှုတ်
ဝါသနာအခံရှိသည့်အသောက်
အစားနှင့်သာ အချိန်ကုန်များ
နေသည်။ ရံဖန်ရံခါမှ ရသည့်
ဝင်ငွေကလည်း သူ့အရက်နှုတ်
ပင် အလျှဉ်မမီ။ နံရံတွင် ချိတ်
ထားသော ပြက္ခဒိန်ဟောင်း
လေးကို လှမ်းကြည့်ပြီး သူ
အမေကို သတိရသွား၏။ ဒီ
နေ့ အမေ အိမ်ပြန်နောက်ကျ
လိမ့်မည်။ ညနေအဆိုင်းက
သည့်နေ့များတွင် အစောဆုံး
ဆယ့်တစ်နာရီခန့်မှ အိမ်ပြန်
ရောက်လေ့ရှိသည်။ အမေ့ဝင်
ငွေနှင့် သူတို့ သုံးယောက်
မနည်းရုန်းကန်နေရသည်ကို
သူ အသိပင်။ ဒီကြားထဲ
အဖေ့အရက်ဖိုးက ခွဲပေးရ
သေး၏။ တစ်ခါတစ်ရံ အမေ
က အပိုဝင်ငွေလေး ရရအောင်
သေးသဖြင့် တော်ပါသေး
သည်။ သို့သော် ဆေးရုံမှ
မွေးလူနာ၊ မီးနေသည့်
အညစ်အကြေးများကို လျှော်
ဖွပ်ပေးမှရသည့် အပိုဝင်ငွေ
အတွက် အမေ့ကို သနားမိ
သေးသည်။ ဆေးရုံသန့်ရှင်း
ရေးအလုပ်ကလည်း မည်သူ
ပင်ပန်းကြောင်း သူ့ကောင်း
ကောင်းသိ၏။ ဖိုးကျော်

အောက်လျှောကျနေသည့်
ပုဆိုးကို အပေါ် ဆွဲတင်ပေး
လိုက်၏။ ဝတ်ထားသော
ကျောင်းစိမ်းလုံချည်ကို ချွတ်
ချလိုက်ပြီး အသံမထွက်
အောင် ဂရုစိုက်ခါလိုက်၏။
ပြီးနောက် အသာခေါက်
လိုက်ပြီး ခေါင်းအုံးအောက်သို့
ထိုးထည့်ထားလိုက်သည်။
ပြီးမှ အိမ်နောက်ဘက် မီးဖိုရှိ
ရာ ကပြင်လေးဆီ ထွက်လာ
ခဲ့သည်။

ထမင်းစားပွဲ ခုံအပုလေးပေါ်မှ အုပ်ဆောင်းကို
ဖယ်လိုက်ပြီး သူ့အမေ ပြင်
ထားခဲ့သည့် ညနေစာကို
တစ်ချက် လှမ်းကြည့်လိုက်
၏။ ဘဲဥဟင်းအရည်ကျဲတွင်
ဘဲဥတစ်ခြမ်းက အထင်း
သားပေါ်နေ၏။ ငါးပိရည်
ပန်းကန်မှာလည်း လက်ကျန်
ဖြစ်သဖြင့် ပန်းကန်လုံး
အောက်ခြေ ကပ်နေလေ
သည်။ ထမင်းခဲကတော့
အနည်းငယ် အပေါ်ကြော
တင်းနေပြီ။ ဖိုးကျော်လည်း
လက်ဆေးအင်တုံထဲ လက်
နှိုက်ဆေးပြီး စားပွဲဝင် ထိုင်
လိုက်၏။ အေးစက်စက်
ထမင်းခဲကို လက်ဖြင့် ခြေ့နေ
ရင်း သူ့အဖေ၏တဟွတ်
ဟွတ် ချောင်းသံကြောင့်
အသာနားစွင့်နေလိုက်သည်။
ခဏအကြာ ဘာသံမှ မကြား
တော့။ ဆက်ရက်မင်းစည်း
စိမ်နှင့် ဆက်ငြိမ့်နေလောက်
ပြီ။ ထမင်းမစားဖြစ်သေးဘဲ
ဖိုးကျော်တစ်ယောက် သူ့အဖေ
အကြောင်း တွေးနေသည်။
သူ့အဖေ၏နာရီပြင်ဆိုင်လေး
မှာ ရပ်ကွက် ဈေးလေးထိပ်
တွင်ရှိသည်။ ဟိုးအရင်က
တော့ အထိုက်အလျောက်

သူ့အိပ်မက်ထဲတွင်
သူ့အမေနှင့်
အဖေက
ဝတ်ကောင်း
စားလှတွေနှင့်
ဆိုင်ကယ်
အသစ်ကြီးကို
သူ့အဖေက
မောင်းပြီး
သူ့ကို
ကျောင်းလာ
ကြိုသည်ဟု
အိပ်မက်ကို
အစအဆုံး
မှတ်မိနေသည်

ချွတ် ညည်းညူသံထွက်ပေါ်
နေ၏။ ဆယ်ပေပတ်လည်
ခန့် အိမ်လေးအတွင်းသို့
တစ်ချက်ဝေ့ကြည့်လိုက်ရင်း
ဖိုးကျော် အသာလှမ်းဝင်
လာခဲ့သည်။ တစ်ခုတည်း
သော အိမ်ခန်းအတွင်းမှ သူ့
အဖေ အိပ်ပျော်နေသည်ကို
မြင်နေရ၏။ အိမ်ထောင့်တစ်
နေရာတွင် လွယ်အိတ်ကိုချ
ပြီး အခန်းတွင်းသို့ ဝင်လာခဲ့
သည်။ သူ့အဖေကတော့
တရူးရူး အိပ်ပျော်နေဆဲ။
လဲကျနေသော ပုလင်းလွတ်
ကို ဘေးတွင် ထောင်လိုက်
ပြီး သူ့အဖေ၏တင်ပါး

ကျောင်းသားများ၏ နောက်
နားတွင် ဖိုးကျော်တစ်ယောက်
တဖြည်းဖြည်းချင်းလိုက်လာ
နေပါသည်။ အမြန်မရောက်
လျှင် အိမ်ကထွက်ပြေးတော့
မတတ် တိုးဝှေ့နေကြသော
ကျောင်းသူ ကျောင်းသားများ
ကို ဖိုးကျော် နားမလည်စွာ
ငေးကြည့်နေမိသည်။ တစ်နေ
ကုန် မိဘနှင့်ခွဲပြီး အိမ်အပြန်
တွင် တွေ့ကြရမည့်သူများ
တွေဘဝကို စာနာမိသလိုလို
တော့ဖြစ်မိ၏။ လာရောက်
ကြိုနေသောမိဘများ၏လက်
ကိုဆွဲပြီး ခုန်ပေါက်မြူးထူး
စွာ ပြန်သွားကြသော အဖော်
များကို အားကျစွာ ငေးမော
ရင်း ဖိုးကျော်တစ်ယောက်
တစ်လှမ်းချင်း လမ်းလျှောက်
ပြန်လာခဲ့တော့သည်။

❑

ဆယ်မိနစ်ခန့် လမ်း
လျှောက်ရုံဖြင့် ဖိုးကျော်တို့ရပ်
ကွက်ကလေးသို့ ရောက်
သည်။ မညီမညာလမ်းလေး
အတိုင်း ဝင်လာခဲ့၏။ တဲသာ
သာ အိမ်မကျတကျ အိမ်
လေးများကို မမြင်ဖူးသကဲ့သို့
ငေးမောရင်း ဖိုးကျော် အိမ်
ပြန်ရောက်လာသည်။ ဆိုးရွား
လှသော အနံ့ဆိုးများက ဖို
ကျော်အား ထူးထွေအနှောင့်
အယှက် မပေးတော့ပေ။
ကျွင်းသားရပြီးသားဖြစ်နေသဖြင့်
သူ့နှာခေါင်းမှာ ယဉ်နေပေပြီ။
ခနော်ခနဲ့ ဝါးခြေတက်ခုံလေး
မှတစ်ဆင့် အိမ်ပေါ်သို့ တက်
လာခဲ့၏။ မဟတဟ တံခါး
ပေါက်မှာလည်း လူတက်ရုံ
ဖြင့် အလိုလို ပွင့်သွားသည်။
အိမ်၏ ဝါးကြမ်းခင်းများမှာ
လူတစ်ယောက်၏အလေးချိန်
ကို မခံနိုင်သလို ချိုးချိုး ချွတ်

www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက် သက်ပြင်းချရင်း ထမင်းကိုသာ ကုန်းလွှေးလိုက်ပါတော့သည်။

❑

ဖိုးကျော် အိမ်စာလုပ်အပြီးတွင်တော့ ညနေ ငါးနာရီခန့် ရှိလိမ့်မည်။ မလှမ်းမကမ်းရှိ စက်ရုံဆီမှ သံချောင်းခေါက်သံ မကြားသေး။ လွယ်အိတ်ထဲမှ စာအုပ်များကို သွန်ချလိုက်ပြီး အိမ်ထောင့်တွင် ပုံထားခဲ့သည်။ ၄င်းနောက် ဘုရားစင်ပေါ်မှ ထီလက်မှတ်အုပ်များနှင့် စာရင်းစာအုပ်ကို လွယ်အိတ်ထဲထည့်လိုက်၏။ ရေအိုးစင်မှ သောက်ရေတစ်ခွက်ခပ်သောက်ပြီး သူ့အဖေကို တစ်ချက်လှမ်းကြည့်လိုက်သေးသည်။ တရှူးရှူးနှင့် အိပ်ကောင်းနေဆဲ။ အိမ်တံခါးကို နောက်ပြန် ကျောနှင့် ကပ်ပိတ်ခဲ့ပြီး ဖိုးကျော် လမ်းထိပ်ထွက်လာခဲ့တော့၏။

'ဟေ့ကောင် ဖိုးကျော် မြန်မြန်လာကွာ၊ မင်းတစ်ယောက်ကျန်တော့တာ၊ ဘာတွေ အလုပ်ရှုပ်နေတာတုံး'

လမ်းထိပ်ရောက်လျှင် ရောက်ခင် မြင့်ဆွေ၏ အော်သံကြောင့် ခပ်သွက်သွက် လျှောက်ရင်း ပြန်အော်ပြောလိုက်သည်။

'အေးပါကွာ လာနေပါပြီ။ မင်းတို့ကလည်း လောလိုက်တာ၊ ငါ အိမ်စာလက်စသတ်နေလို့ပါကွ'

'မင်းကလည်းကွာ ခုနစ်တန်းစာလောက်ကတော့ အေးဆေးပါ။ မျက်စိမှိတ်ဖြေတောင် ရသေး'

မြင့်ဆွေ၏စကားကို မတုံ့ပြန်တော့ဘဲ ဆိုင်ကယ်နောက်သို့ ဖိုးကျော် တက်လိုက်ပါသည်။ သူနောက်မှ မြင့်ဆွေနှင့် ချစ်ထွေးက လိုက်တက်လိုက်ကြ၏။ ဆိုင်ကယ်ကယ်ရီနောက်တွင် ထိုင်လိုက်လာနေရင်း အတွေးကိုယ်စီဖြင့် ငြိမ်သက်နေကြသည်။ ဖိုးကျော်တို့ မြို့သစ်မှ မြို့ထဲရောက်ရန် နာရီဝက်ခန့် အချိန်ပေးရ၏။ နေ့စဉ် ဆိုင်ကယ်ကယ်ရီတစ်စင်းကို ဖိုးကျော်တို့ ထီယူရောင်းသည့် ဆိုင်မှ စီစဉ်ပေးသည်။ မြို့ထဲက လူစည်ကားသော လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်များအနီးတွင် ချထားပေးခဲ့ပြီး ညဆယ့်တစ်နာရီခန့်မှ တစ်ခေါက် ပြန်လာကြိုသည်။ ဖိုးကျော်တို့အတွက် အဝိုင်ငွေ ကျောင်းစရိတ်တော့ အနည်းငယ် ကာမိပါ၏။ တစ်ခါတစ်ရံ သူ့အမေ အကျပ်အတည်းဖြစ်ချိန်မျိုးတွင် သူစုဘူးလေးကိုပင် အားကိုးရတတ်သေးသည်။ ထီဆိုင်ကလည်း ရောင်းပြီးမှသာ စာရင်းနှင့် ငွေချေရသဖြင့် အရင်းအနှီးလည်း မလိုပေ။ အနည်းအကျဉ်း အမြတ်ငွေနှင့် ဧည့်သည်များမှ တစ်ခါတစ်ရံ ပေးတတ်သည့် မုန့်ဖိုးများကြောင့် ဖိုးကျော်တို့ ဒီအလုပ်ကို စွဲစွဲမြဲမြဲ လုပ်ဖြစ်နေကြပါသည်။

❑

ဖိုးကျော် ဒီနေ့ စိတ်ထဲတင်းနေသည်။ ဖြစ်ပုံကိုလည်း မကျေမနပ်ခံစားရ၏။ ကိုယ့်ဘက်ကလည်း ဘာမှ မတတ်နိုင်တော့ စိတ်သာ လျှော့ထားရုံ ရှိတော့သည်။ ဖြစ်စဉ်ကို ပြန်တွေးနေမိပြန်သည်။ ဒီနေ့ အခါတိုင်းလိုပင် ညနေစောင်း ထီရောင်းထွက်လာခဲ့ကြပါသည်။ ဘီယာဆိုင်ထဲ အာပေါက်မတတ်ပြောလွန်းသဖြင့် ဧည့်သည်က စိတ်ကြိုက်ရွေးပြီး သုံးစောင်တွဲ တစ်တွဲထိုး၏။ ဖြစ်ချင်တော့ ဧည့်သည်ရွေးသည့် အတွဲက နှစ်စောင်တည်းဖြစ်နေသည်။ တစ်စောင်မှာ ဘယ်လိုကဘယ်လို လျော့နေသည်ကို သတိမထားလိုက်မိ။ အိတ်ကတော့ ပွင့်နေ၏။ လွယ်အိတ်ကို သွန်ချရှာတော့လည်း မတွေ့။ စာရင်းစာအုပ်ကြားတွင်လည်း မရှိ။ ဧည့်သည်ကို မနည်းတောင်းပန်ပြီး တခြားအတွဲကို ထိုးခိုင်းလိုက်ရသည်။ မြင့်ဆွေနှင့် ချစ်ထွေး မေးတော့လည်း ဘာမှ မသိသလို။ ဘဝင်ကတော့ သိပ်မကျချင်။ လက်ဆုပ်လက်ကိုင်လည်း မပြနိုင်သဖြင့် သူ့စိုက်လျော်ရုံသာ ရှိတော့၏။ ထီသုံးစောင်အတွက် စုဘူးထဲမှ တစ်ထောင်တန်တစ်ရွက်ကိုသာ မြင်ယောင်နေပြီး စိတ်မကောင်းဖြစ်နေတော့သည်။ အိမ်သို့ ပြန်လာခဲ့ရသော်လည်း ဖိုးကျော်တစ်ယောက် တိတ်ဆိတ်နေတော့၏။ မတတ်နိုင်သည့်အဆုံး ထီနှစ်စောင်ထိုးဖြစ်သည်ဟုသာ သဘောပိုက်ထားလိုက်တော့သည်။

ဒီစိတ်က ဖိုးကျော်ကို အချိန်ပြည့် နေရာယူထားသည်။ ခံစားချက်မျိုးစုံနှင့် ဝမ်းသာလိုက်၊ ဝမ်းနည်းလိုက် ဖြစ်နေရ၏။ သံသယဝင်သည့်အချိန်တွင် ဒေါသကလည်း ဖြစ်ရသေးသည်။ စိတ်အထင်ကြောင့်လားမသိ၊ မြင့်ဆွေနှင့် ချစ်ထွေးကို ကြည့်ရသည်မှာ ပုံမှန် မဟုတ်ထင်နေမိသေးသည်။ ဘဝတူချင်း မလုပ်သင့်ဟု တွေးနေမိသေးသည်။ တစ်ညက အိပ်မက်အပြီး ဖိုးကျော် တစ်ယောက် အတွေးတွေယောက်ယက်ခတ်နေတော့၏။ သူ့အိပ်မက်ထဲတွင် သူ့အမေနှင့် အဖေက ဝတ်ကောင်းစားလှတွေနှင့်။ ဆိုင်ကယ်အသစ်ကြီးကို သူ့အဖေက မောင်းပြီး သူ့ကို ကျောင်းလာကြိုသည်ဟု အိပ်မက်ကို အစအဆုံး မှတ်မိနေသည်။ အိပ်နေရာမှ ထထိုင်လိုက်မိပြီး ခေါင်းအုံးအောက်မှ ထီလက်မှတ်လေး နှစ်စောင်ကို ထုတ်ကြည့်ဖြစ်ခဲ့သေး၏။ စိတ်ကူးထဲတွင် ပီတိဖြင့် ကြည်နူးမည်ကြံကာရှိသေး၊ ပျောက်သွားသော ထီလက်မှတ်တစ်စောင်ကြောင့် ဇောချွေးများ ပြန်လာပါသည်။ ထီပေါက်တာတော့ ပေါက်ပြီး ဟိုတစ်စောင်က ထပေါက်လျှင်တော့... ဆက်မတွေးရဲတော့။ စိတ်ကို ဖြေသိမ့်ပြီး အိပ်ရန်ကြိုးစားပါသော်လည်း အချည်းအနှီးပင်။ တွေးလိုက်တိုင်း ထမင်းလုံးတစ္ဆေခြောက်သလို တန့်နဲ့နဲ့ ခံစားနေရသည်။ ကျောင်းသွားရသည်မှာလည်း စိတ်မပါ။ ထီရောင်းတော့လည်း စိတ်မပါ။ ဘယ်သူမှ ဖွင့်မပြောရသော် တစ်ယောက်တည်း ကိုတ်ခံစားနေရသော သူ့အဖြစ်ဟာ အတော်ဆိုးသည် ထင်၏။

www.burmeseclassic.com

ဖိုးကျော်လက်ထဲမှ ငွေရှစ်ထောင်ကို ယူလိုက်ရင်း ပျော်သွားသည့် သူ့အမေမျက်နှာကို ကြည့်နေရင်း ဝိတိစိတ် အဟုန်ကြောင့် ဖိုးကျော်၏ မျက်နှာမှာ ဝင်းပနေပါသည်

အားသည့်အချိန်တိုင်းတွင်တော့ စာအုပ်ကြားမှ ထီလက်မှတ်လေး နှစ်စောင်ကို ထုတ်ထုတ်ကြည့် ရလွန်းသဖြင့် ဟောင်းနွမ်းနေသည်ပင် ထင်ရ၏။ ထီပေါက်လျှင်ဆိုသော အတွေးနှင့် ဖျော်မည်ကြံကာရှိသေး၊ ဟို တစ်စောင်က အတွေးထဲ ရောက်ရောက်လာပြီး ငိုင်ငိုင်သွားရသည်။

❑

လဆန်းတစ်ရက်နေ့ မနက်ဖြစ်၏။ ဖိုးကျော် မနက်အစောကြီးကတည်းက နိုးနေမိသည်။ ဖြစ်ချင်တော့ ဒီနေ့ အမေက သိပ်နေမကောင်း။ ကျောင်းသွားခါနီး လဲအိပ်နေသော အမေ့ကို နှုတ်ဆက်ပြီး ထွက်သွားတော့ မည်အပြု…

'ဖိုးကျော်… သားကျောင်းသွားတော့မှာလား၊ သား ဖြည်းဖြည်းသွားနော်။ အမေကတော့ ဒီနေ့ နေမကောင်းတော့ အလုပ်မသွားနိုင်လောက်ဘူး။ ပြီးတော့ သားဆီက အမေ ပိုက်ဆံနည်းနည်း လိုချင်သေးတယ်။ လက္ခန်ရင် အိမ်လခပေးဖို့ရယ်၊ ညနေ ဆေးသွားထိုးရအောင်ရယ်။ သားထဲမှာ ဘယ်လောက်လောက်ရမလဲ သားရယ်၊ အမေလည်း လက်ကျန်ကနည်းနေတော့ ညော်ဒုက္ခ… ဒုက္ခ ငွေပြတ်တဲ့ အချိန်မှ နေမကောင်းဖြစ်ရတယ်လို့။ သားပိုက်ဆံလည်း အမေ ယူမသုံးရက်ပါဘူးကွယ်။ တကယ်လို့ ဆေးဖိုးမရှိလည်း အိမ်လခအတွက် ငါးထောင်လောက်ဆို ပြေလည်မှာပါ'

ဖိုးကျော်လည်း တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့်…

'ရတယ်အမေ၊ သား ညနေ ကျောင်းက ပြန်လာရင် အဆင်ပြေမှာပါ။ ဒီကြားထဲ နေ့ခင်း အဆင်ပြေရင်တောင် ပြေမှာ၊ ခုတော့ သားကျောင်းသွားတော့မယ်အမေ၊ လိုတာ ရှိရင် အဖေ့ကိုနှိုး ခိုင်းလေ'

သူ့အတွေးနှင့် သူ သဘောကျပြီး ဖိုးကျော်တစ်ယောက် ပြုံးနေ၏။ စိတ်ကူးထဲတွင်တော့ နေ့လယ် ကျောင်းသို့ မောကြီးပန်းကြီး ပြေးလာမည့် သူတို့ ထီဆိုင် ပိုင်ရှင် ဦးမောင်၏ ပုံစံသာ မြင်နေမိတော့သည်။ ကျောင်းတက်ရသည်မှာ ကြာလွန်းလှသည်ဟု ဖိုးကျော်စိတ်တွင်ထင်နေမိ၏။ ကျောင်းတက်သက်တမ်းတစ်လျှောက် ဒီနေ့က အကြာဆုံး ထင်နေသည်။ ညနေကျောင်းဆင်းချိန် နီးလာလေ ရင်တွေ အနုန်မြန်လာလေ ဖြစ်နေ၏။ နေ့လယ်က ဘာအကြောင်းမှ မထူးသဖြင့် စိတ်ထဲတွင်တော့ တထင့်ထင့်။ နိုင်ငံတော်သီချင်းဆိုအပြီး ဖိုးကျော် ကျောင်းပေါက်တွင် ရှေ့ဆုံးမှ ရောက်နေသည်။ ခပ်သုတ်သုတ်လမ်းလျှောက် လာခိုက် နောက်မှ ဆိုက်ကားဘဲလ်သံကြောင့် လမ်းဘေးကပ်ပေးလိုက်ရင်း လှည့်ကြည့်မိသည်။ လမ်းထဲမှ ဆိုက်ကားဆရာ ဦးလှရွှေက…

'ဟေ့ ဖိုးကျော် ကျောင်းပြန်လာပြီလား ကွ၊ မင်းသူငယ်ချင်း မြင့်ဆွေ အကြောင်း ကြားပြီးပြီလား ကွ'

'ဗျာ ဘာဖြစ်လို့လဲဗျ၊ ကျွန်တော် လည်း ခုမှ ကျောင်းပြန်လာတာဆိုတော့ ဘာမှ မသိသေးဘူး၊ ပြောစမ်းပါဦး ဘိုးရွှေရ'

'ညော်ဘဲ မင်းမသိသေးဘဲကိုး၊ ငါလည်း လမ်းထိပ်က ကြားလာတာပဲ။ မြင့်ဆွေထိပေါက်တယ်လို့ ပြောနေကြတာပဲ၊ ဘာတဲ့ သိန်းငါးဆယ်ဆိုလားကွ၊ မင်း သွားမေးလိုက်ဦး၊ ကဲ သွားပြီဟေ့'

ဦးလှရွှေ၏ စကားအဆုံး ဖိုးကျော် ကတုန်ကယင် ဖြစ်သွားသည်။ ကမ္ဘာမြေကြီး အိုးထိန်းစက်ကဲ့သို့ ချာချာလည်သွားသည် ထင်လိုက်မိ၏။ တစ်နှစ်တစ်ခုက ဦးခေါင်းတက် ဆောင့်သလို ဒိန်းခနဲဖြစ်သွားသည်။ ပြီးနောက်မှ သတိပြန်ရပြီး အိမ်သို့ အမြန် သုတ်ခြေတင်တော့၏။ အိမ်ရောက် ရောက်ချင်း ဘာကိုမှ မသိတော့၊ လွယ်အိတ်ကို ဘုန်းခနဲ ပစ်ချပြီး ခေါင်းအုံးအောက်မှ ထီလက်မှတ်နှစ်စောင်ကိုယူပြီး ဦးမောင်ထီဆိုင်သို့ သုတ်ခြေတင်တော့သည်။ စိတ်စောဆောင်နေသဖြင့် ဘာကိုမှ သတိမထားမိတော့။ ထီဆိုင် အရောက် ဘာစကားမှ မပြောနိုင်သေးဘဲ ဟောဟဲဟောဟဲလိုက်နေသည့် သူ့ကို ကြည့်ရင်း ဦးမောင်က-

'ဖိုးကျော်ရာ၊ ဝိရိယကောင်းလှပါလား၊ ကျောင်းကနေ အိမ်တောင်ရောက်ခဲ့ရဲလား ကွ၊ ဘာလဲ မင်းသတင်းကြားလာပြီပေါ့။ အေးကွာ တကယ့် မင်္ဂလာသတင်းကွ၊ မင်းတို့တွေလည်း ဝမ်းသာစရာပေါ့'

ဦးမောင်၏ စကားအဆုံး ဖိုးကျော်က လက်ထဲတွင်ဆုပ်ကိုင်လာသော ထီလက်မှတ်နှစ်စောင်ကို ဦးမောင်လက်အတွင်း ဇွတ်ထိုးထည့်ပေးရင်း ငိုသံပါကြီးဖြင့်-

'မဟုတ်ဘူး… မဟုတ်ဘူး။ အဲဒါ ကျွန်တော့် လက်မှတ်။ မယုံရင်ကြည့် ကျွန်တော့်စုံတွဲထဲက တစ်စောင်ဗျ၊ မြင့်ဆွေ ခိုးသွားတာ၊ တကယ်ပေါက်တာ ကျွန်တော်ဗျ ကျွန်တော်။ ဦးမောင် လုပ်ပါဦးဗျ… အီးဟီး… ဟီး…

www.burmeseclassic.com

www.burmeseclassic.com

ပြောလည်းပြော၊ ငိုလည်း ငိုနေသော ဖိုးကျော်ကို တစ်လှည့်၊ ထီလက်မှတ်နှစ်စောင်ကို တစ်လှည့်ကြည့်ရင်း ဦးမောင် နားမလည်တော့-

'နေပါဦး ဖိုးကျော်ရာ၊ ဘာတွေဖြစ်လာတာတုံးဟ… မင်းနယ် မထိတ်သာ မလန့်သာကွာ၊ ပြောဦးဟ ဘာဖြစ်တာလဲ'

'ဦးမောင်… ဒီနေ့ မြင့်ဆွေ ထီပေါက်တယ်ဆို၊ အဲဒီကိစ္စ'

ဦးမောင်က မျက်မှောင်တစ်ချက်ကုပ်လိုက်ပြီး-

'မင်း ဘယ်သူပြောလဲ၊ အေး သိန်းငါးဆယ် ထီဆုကြီးပေါက်တာ၊ မြင့်ဆွေတော့ မြင့်ဆွေပဲ ဘာလဲ မင်းသူငယ်ချင်း မြင့်ဆွေ ထင်လို့လား။ ဘာကလာ ငါဆိုင်အရောင်းကပေါက်တဲ့ စစ်ကိုင်းက ဦးမြင့်ဆွေပါကွာ။ ကဲကဲ… ငါဆိုင်လည်း ကံဇာတာတက်လာပြီ၊ မင်းတို့တွေကိုလည်း မုန့်ဖိုးပေးမလို့ကွ၊ ပြီးရင် ဟိုကောင်တွေရော လွတ်လိုက်ဦး… ရော့ ရော့'

ဖိုးကျော်လည်း ဦးမောင်ပေးလိုက်သော တစ်ထောင်တန် သုံးရွက်ကို စိတ်အမှတ်မဲ့ လှမ်းယူလိုက်ရင်း နှုတ်ဆက်ပြန်ခဲ့တော့သည်။ ဘာမှန်းမသိသော စိတ်ခံစားချက်တို့ကြောင့် ကြောင်စီစီဖြစ်နေ၏။ အိမ်သို့ ဘယ်လိုနည်းနှင့် ပြန်ရောက်လာသည်ကိုပင် သတိမထားမိတော့ချေ။ တစ်ထောင်တန် သုံးရွက်ကတော့ လက်ထဲတွင် တင်းတင်းဆုပ်ကိုင်ထား၏။ အိမ် အရောက် တွင် တော့ အမေ့ကို ပိုက်ဆံပေးရန် ဘုရားစင်ပေါ်ရှိ စုဘူးလေးကို လှမ်းယူလိုက်သည်။ လက်က ကတုန်ကယင်မို့ ဘုရားသောက်တော်ရေခွက်ကို တိုက်မိသွား၏။ ရေခွက်ကို ပြန် ထောင်လိုက်ပြီး ရေအနည်းငယ်စို သွားသော ပရိတ်ကြိုးစာအုပ်ကို ရေခါရန် ယူလိုက်သည်။ အသုံးနည်းသောစာအုပ်မို့ ဖုန်တွေက သောသောထနေ၏။ စာအုပ်ကို လှမ်းအမလိုက်တွင် မြင်လိုက်ရသည့် အရာတစ်ခုကြောင့် ဖိုးကျော် ဆတ်ခနဲ ဖြစ်သွားသည်။ ဖုန်နှင့် ရေများ ပေကျံနေသည့် ထီလက်မှတ်လေးတစ်စောင်ပင်။ ဖိုးကျော်လည်း သေချာအောင် ပွတ်ကြည့်မိ၏။ သေချာပါသည်။ ပျောက်ဆုံးနေသည့် ထီလက်မှတ်လေးတစ်စောင်ပင်။

❑

ဖိုးကျော်လက်ထဲတွင် တစ်ထောင်တန် ရှစ်ရွက်ကို ကျစ်ကျစ်ဆုပ်ရင်း သူ့အမေအိပ်နေသည့်အခန်းတွင်းသို့ ဝင်လာခဲ့သည်။ ဖိုးကျော်လက်ထဲမှ ငွေရှစ်ထောင်ကို ယူလိုက်ရင်း ပျော်သွားသည့် သူ့အမေမျက်နှာကိုကြည့်နေရင်း ပီတိစိတ်အဟုန်ကြောင့် ဖိုးကျော်၏ မျက်နှာမှာ ဝင်းပနေပါသည်။ ကာလကြာ သယ်ပိုးထားရသည့် ဝန်အလေးကြီးအား ခုမှ လွတ်ချလိုက်သလို ဖိုးကျော်၏ စိတ်မှာလည်း လွတ်လပ်ပေါ့ပါးသွား၏။ သူ့အမေ၏လက်ကို ဆုပ်ကိုင်ထားရင်း ဖိုးကျော် တစ်ယောက် အခန်းအပြင်သို့ ငေးမောနေပါသည်။ လေအတိုက်တွင် လွင့်ပါသွားသော ထီလက်မှတ်အပိုင်းပြတ်လေးများနှင့်အပြိုင် ဖိုးကျော်၏ စိတ်သည်လည်း …။ ■

ခန့်ညီဖေ

ပြည်ဝ နိုင်ငံခြားဆိုင်ရာများအတွက်အထူး

* ပညာရေးကိစ္စအတွက်ဖြစ်စေ၊ အလုပ်အကိုင်ကိစ္စအတွက်ဖြစ်စေ၊ ပြည်ပနိုင်ငံရပ်ခြားကို ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံးသွားရောက်ရစေဖို့၊
* ပြည်ပနိုင်ငံခြားသွားဖို့ ဖြေဆိုရမည့် ဂရေးဖြေ/နူတ်ဖြေ၊ လက်တွေ့စုံသည့်စာမေးပွဲများကိုလွယ်ကူစွာ ဖြေဆိုအောင်မြင်စေဖို့၊
* ပြည်ပနိုင်ငံခြားမှ အလုပ်ခေါ်စာ အမြန်ဆုံး ရောက်ရှိလာစေဖို့၊
* ပြည်ပကိုသွားရောက်ပြီး အလုပ်ရှာဖွေ ငလျာက်ထားလျှင် အလုပ်အကိုင်ကောင်း အမြန်ဆုံးရရှိဖို့၊

ဆရာဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့)

(လက်ဘရာဇေဒင်ဟောခန်း)

ပီတ်ရက်
မရှိပါ

ဟောခန်းအမှတ် ➤ အခန်း(B-1) မြေညီထပ်၊ တိုက် (၄၀)၊
မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊
(၄၀) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ဖုန်း - ၀၉၇၃၁၄၇၀၂၄၄၊ ၀၉၅၅၀၉၀၉၉၁

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

ပန်းကားထစ်အိုင်

www.burmeseclassic.com

www.burmeseclassic.com

ဃခုကလေးပင် စိတ်ပျက်ပျက်နှင့် ပြန်သွားသည်ဟုလည်း ဆိုသည်။ ထိုကလေး၏ရှေ့တွင်တော့ လေ့ကျင့်ခန်းလုပ်လက်စ ဖြစ်ဟန်တူသော ကျောင်းစာအုပ်များ ပွင့်လျက်သား ရှိနေသည်။

အပျော်တမ်း ကွန်ပျူတာ သင်ကြားမှုတစ်ခုအပေါ်၌ သူမမှာ တာဝန်ဟူသည့် ချည်နှောင်မှု မရှိပါ။ အတန်းပညာရေး သင်ကြားမှုလိုမျိုး မဖြစ်မနေဟူသည့် အနေအထားမျိုး မရှိသည်မှာ မှန်သော်လည်း ကလေးဘက်မှ စိတ်လိုလက်ရရှိမှုကိုတော့ သူမ လိုလားပါသည်။ ထို့ကြောင့်လည်း ကလေးနှင့် ရင်းနှီးမှုယူဖို့ကြိုးစားရသည်။

'သား ဘယ်နှတန်း ရောက်ပြီလဲ'

'၃ တန်း'

တိုတိုပြတ်ပြတ်ပင် ဖြေသည်။

'သားကို ကြည့်ရတာ တစ်ခုခုကို မကျေမနပ်ဖြစ်နေသလိုပဲ၊ ဘာဖြစ်လို့လဲ၊ အဆူခံထားရလို့လား'

သူ ဖြေချင်ပုံမရပါ။

သူမအား အရေးမလုပ်ကြောင်းပြသည့်အနေနှင့် သူ့ရှေ့၌ ပွင့်လျက်သား ရှိနေသော ကျောင်းစာအုပ်များကို သာ လိုက်၍ပိတ်နေပါသည်။

'သား ဖိုက်မဆာဘူးလား'

ရုတ်တရက် အမေးကြောင့် သူ ကြောင်သွားပုံရသည်။ သို့သော်လည်း တစ်ချက်သာ မျက်လုံးလှန်ကြည့်၍ လုပ်လက်စအလုပ်အား ဆက်လုပ်ပါသည်။ စာအုပ်များအား လွယ်အိတ်ထဲသို့

တာချို့ကိစ္စတွေကို သား ကြီးလောလျှင် နားလည်လာလိမ့်မည်ဟု သူမ ပြောရန်ခိုင်လျှင် ကောင်းမည် သို့သော်လည်း ကလေး တစ်ယောက် အတွက် ထိုစကားသည် မည်သည့်နည်းနှင့်မှ အရာ မရောက်နိုင်ပါ

တစ်အုပ်ချင်းထည့်သည်။

'ဒီလိုလေ သားရဲ့၊ မမ ငယ်ငယ်တုန်းက စိတ်ကောက်တော့ မယ် ဆိုရင် အရင်ဆုံး ဘာလုပ်လဲဆိုတော့ ဖိုက်ပြည့်အောင် အရင်စား တယ်။ ဖိုက်ပြည့်ပြီဆိုတော့မှ စိတ် စကောက်တာ'

သူမ စကားအဆုံးတွင် မျက်လုံးများအတွင်းမှ အရောင်တချို့ အနည်းငယ် လျော့သွားရင်းက...

'ထမင်း စားပြီးသွားပြီ' ဟုဆိုပါသည်။

အခြေအနေ မဆိုးပါ။

'သားက စိတ်သာ ကောက်တာ၊ တကယ်က လိမ္မာတဲ့ကလေးပဲကိုး၊ စာအုပ်တွေကို သေချာသိမ်းနေတယ်။ တကယ်ဆို ဒီအတိုင်း ပစ်ထားရမှာ မဟုတ်ဘူးလား'

သူမ အပြောကြောင့် သူ ရုတ်တရက်တန့်သွားခဲ့သည်။ ဆက်၍ လိမ္မာရမည်လား၊ မလိမ္မာရမည်လား စဉ်းစားရကျပ်သွားပုံရသည်။ ကလေး တစ်ယောက်သည် ကလေး တစ်ယောက်သာဖြစ်သည်မို့ ဘယ်လိုပဲဖြစ်ဖြစ် ချစ်စရာ ကောင်းပါသည်။

'သားရယ် အကြီးကြီး မကျေမနပ် မဖြစ်စမ်းပါနဲ့၊ မမ ငယ်ငယ်ကများ စိတ်ကောက်ပြီဆိုရင် လူကြီးတွေက မသိချင်ယောင်ဆောင်နေကြတာ။ သားကို သားမိဘတွေက ဆူတယ်ဆိုတာ သားကို ဂရုစိုက်လို့ပေါ့။ မမဆို စိတ်ကောက်တိုင်း ဝမ်းနည်းရတယ်။ သူတို့က မသိချင်ယောင်ဆောင်နေကြတော့ သားလိုတောင် ဂရုတစိုက်နဲ့ အဆူမခံရဘူး'

သူမ၏ စကားအဆုံးတွင် ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် လက်ထဲမှ စာအုပ်လေးအား လွယ်အိတ်ထဲသို့ ထည့်လိုက်ပါသည်။

'ကလေးတွေမှာ စိတ်ကောက်ရတဲ့အကြောင်းရင်း ရှိတယ်ဆိုတာကို လူကြီးတွေက နားမလည်ကြဘူး။ အမှန်ဆို အကြောင်းရင်းကို သူတို့က နားထောင်ပေးကြရမှာ၊ မမကတော့ အဲလို တွေးခဲ့ဖူးတယ်။ သားရော ဘယ်လိုထင်လဲ'

သူ ငြိမ်သွားခဲ့သည်။

လုပ်နေသည့် အလုပ်များအား ရပ်တန့်ကာ ငြိမ်သွားခဲ့ပါသည်။ ထို့နောက်တော့ သူမအား မျက်လုံးချင်းဆုံ၍ကြည့်လာသည်။

'သား စာအများကြီး မဖတ်ချင်ဘူး'

ဩော် သူမကို သူ စကားပြောလိုစိတ် ရှိလာသည်ပဲ။

'ကျောင်းလည်း မတက်ချင်ပါဘူး။ သားကို ဘာပြောပြော လူကြီးတွေကို သား မယုံဘူး။ လူကြီးတွေက အမြဲ လိမ်နေကျပဲဟာ'

သူမ စိတ်လေးသွားရသလို ထိုကလေးနှင့် လူကြီးများ၏ကြားမှ လိုအပ်ချက်ကို လည်းတွေ့လိုက်ရသည်။ မိမိဆန္ဒအတိုင်း အလိုအလျောက် လိုက်ပါဖို့ဆိုလျှင် အရင်ဦးဆုံး လိုအပ်သည်က ထိုကလေး၏ မိမိအပေါ် ယုံကြည်မှုပင် ဖြစ်သည်။ ထို့နေ့က သူမ စာမသင်ဖြစ်ခဲ့ပါ။ ထိုကလေးနှင့်သာ စကားအတော်များများ ပြောဖြစ်ခဲ့ပါသည်။

❑

ဒီနေ့မှာတော့ ကလေးက ခါတိုင်းနေ့တွေထက်ပို၍ အနည်းငယ် ကြည်သာရွှင်လန်းနေခဲ့သည်။ အကြောင်းကတော့ စာသင်ချိန်အပြီးတွင် မိသားစုတစ်ခုလုံး တစ်နေရာသို့သွားကြရန် အစီအစဉ်ရှိနေ၍ဖြစ်သည်။ သို့သော်လည်း ထိုရွှင်လန်းမှုကို ကြာရှည်တော့ မခံလိုက်ပါ။ ပြောင်းလဲသွားသည့် အခြေအနေတစ်ခုနှင့်အတူ ကလေး၏အဖေဖြစ်သူက ကိစ္စတစ်ခုနှင့် အပြင်သို့ ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

သူမ သက်ပြင်းချရပြန်ပါသည်။ ထိုကလေးအပေါ် နားလည်မှုနှင့်အတူ သူမစိတ်လည်းမောသွားရသည်။ ဖြစ်ပေါ်သွားသည့် အခြေအနေသည် ထိုကလေး၏အစွဲအား ပိုမိုခိုင်မာစေရန်အတွက် ထပ်မံ တွန်းအားပေးလိုက်သလို ပင်။ ယခုအချိန်၌ ထိုကလေးမှ စကားတစ်ခွန်း ပြောလာခဲ့လျှင် ချက်ချင်းပင် သူ နားဝင်နိုင်အောင် ပြန်လည်ဖြေရှင်းနိုင်ရန်မှာ အတော်လေးကို ခဲယဉ်းလိမ့်မည်။

သို့သော်လည်း သူမ ဆုတောင်း မပြည့်လိုက်ပါ။ သူက သူမအား မော့ကြည့်လာပါသည်။

'မမကို သားပြောဖူးသားပဲ၊ လူကြီးတွေက ညာနေကျပါလို့'

တချို့ကိစ္စတွေကို သားကြီးလာလျှင် နားလည်လာလိမ့်မည်ဟု သူမ ပြော၍ရနိုင်လျှင် ကောင်းမည်။ သို့သော်လည်း ကလေးတစ်ယောက်အတွက် ထိုစကားသည် မည်သည့်နည်းနှင့်မှ အရာ မရောက်နိုင်ပါ။ တချို့သောဖြေရှင်းချက်များအား ကလေးတစ်ယောက်အနေနှင့် နားလည်လက်ခံနိုင်မည်မဟုတ်ပါ။ လတ်တလော အချိန်ဖြစ်နေခြင်းကြောင့်လည်း အလွယ်တကူနှင့် နားဝင်နိုင်ဖို့လည်း ခဲယဉ်းပါသည်။

ကလေးကတော့ ဟိုယခင်ပုံစံအတိုင်း မှုန်ကုပ်ကုပ် အေးစက်စက် ကလေးတစ်ယောက်ပြန်ဖြစ်သွားခဲ့သည်။

'သား ခဏနေရင် မမနဲ့အတူ တစ်နေရာကို အဖော်လိုက်ခဲ့မလား'

သူက သူမအား စူးစမ်းသလိုကြည့်သည်။

'သား မရောက်ဖူးတဲ့နေရာတစ်ခုကိုလေ၊ မမတစ်ယောက်တည်းဆိုတော့ သားပါရင် အဖော်ရတာပေါ့။ ပြီးတော့ သားလည်း သွားစရာမရှိဘူးဆိုတော့ အပျင်းပြေပေါ့၊ ဘယ်လိုလဲ'

ခဏလောက် စဉ်းစားသလိုလုပ်ပြီးနောက် ခေါင်းညိတ်သည်။

ကလေးထံမှ သဘောတူညီမှုကို ရရှိပြီးသည့်အခါ တွင်တော့ ကလေး၏ အမေအား ခွင့်တောင်းပြီးနောက် အရင်ဆုံး သူမတို့ မြေနီကုန်း City Mart သို့သွားဖြစ်သည်။ ကလေးများအား ကျွေးရန်အတွက် ကလေးများနှင့် အဆင်ပြေမည့် မုန့်တချို့ ဝယ်ရန် ဖြစ်သည်။

သူမ သွားရန်ရည်ရွယ်သည်ကတော့ ရွှေဂုံတိုင်ရှိ မိဘမဲ့ကလေးပြုစုရေးဌာနသို့ ဖြစ်သည်။ တကယ်တမ်းဆိုလျှင် အစီအစဉ်ရှိပြီးသားမို့ အစောကြီးကတည်းကပင် ကြိုတင်ရည်ရွယ်၍ ဝယ်ထားသောမုန့်များမှာ အိမ်၌ အဆင်သင့်ပင် ရှိနေပါသည်။ သို့သော်လည်း ရုတ်တရက် ဖြစ်ပေါ်သွားသည့် အခြေအနေအရ သူမ အိမ်ပြန်၍လည်း မဖြစ်နိုင်တော့သောကြောင့်ဖြစ်သည်။

သူမ မုန့်အတော်များများ ဝယ်သည်ကို မြင်သောအခါ 'မမ မုန့်တွေ ဘာလုပ်ဖို့လဲ'ဟု ကလေးပီပီ သူက စူးစမ်းသည်။

'ကလေးတွေကို ကျွေးဖို့ပေါ့သား'

သူမအဖြေကြောင့် 'မမမှာ ကလေးတွေ ရှိလို့လား' ဟု တအံ့တသြဆိုသည်။

ထိုကလေး၏ စကားသည်လည်း မှန်နိုင်ပါသည်။ သူတို့လေးတွေကလည်း သူမအား 'အမေ'ဟု ခေါ်ကြသည်ပဲ။

ကလေးပြုစုရေးဌာနသို့ရောက်တော့ ခဏတော့ သူ စူးစမ်းသေးသည်။ ထို့နောက်မှ သူမနှင့်အတူ ကလေးများအား မုန့်လိုက်၍ စေသည်။ ကလေးအားလုံး ၃ နှစ်အောက်ကလေးများမို့ သူထက် အတော်လေးငယ်ကြသူများဖြစ်သည်။ ထိုကလေးများအား အတန်ကြာငေးကြည့်နေရင်းက ခဏနေတော့ ထိုကလေးများနှင့် သူဆော့သည်။ အပြန်လမ်းတွင်တော့ သူက သူမအား ထိုကလေးများနှင့် ပတ်သက်၍ မေးခွန်းများစွာ မေးသည်မို့ စိတ်ရှည်လက်ရှည်နှင့် သူ၏ မေးခွန်းများအား သူမ ဖြေရပါသည်။

သူ၏မေးခွန်းအားလုံး ဖြေပြီးသွားသည့်အခါ၌တော့ သူ့ကိုလည်း ပြန်၍ မေးခွန်းတစ်ခု မေးဖြစ်ခဲ့သည်။

'သားကို မမ တစ်ခု မေးမယ်နော်'

သူမအား ပြောလေ ဟူသည့် အဓိပ္ပာယ်နှင့် မော့ကြည့်နေသည်မို့...

'ဥပမာ ဆိုပါစို့ သားရယ်၊ သားက အဲဒီကလေးတွေကို ဘယ်နေ့ကျရင် နောက်တစ်ခေါက် မုန့်တွေလာကျွေးဦးမယ်လို့ ပြောခဲ့တယ်ဆိုပါတော့'

အင်း...ဟုဆိုရင်း သူ ခေါင်းညိတ်သည်။

'အဲဒီနေ့ရောက်တော့ သားကို လိုက်ပို့ပေးမယ့်သူ မရှိဘူးဆိုပါတော့။ လိုက်ပို့မယ့်သူမရှိရင် သားလာလို့မှ မရတာ၊ မဟုတ်ဘူးလား။ အဲဒီလို အခြေအနေကြောင့် သား မသွားဖြစ်တော့ အဲဒီကလေးတွေက သူတို့က သားက ညာတယ်လို့ပြောရင်'

သူ့မျက်နှာလေးက တစ်မျိုးလေးဖြစ်သွားခဲ့ရင်း 'သား ညာတာမှ မဟုတ်တာ'ဟု ဆိုသည်။

'ဟုတ်တယ် သားရဲ့၊ သား တမင်လုပ်တာမှ မဟုတ်တာ၊ ဒီလိုပဲပေါ့သားရယ်၊ ပြောထားခဲ့သလို ဖြစ်မလာတိုင်းလည်း ညာတာလို့ သတ်မှတ်လို့ မရပြန်ဘူး'

သူ ငြိမ်သွားခဲ့သည်။ စဉ်းစားနေပုံလည်း ရသည်။

'အားလုံးကိုတော့ မဆိုလိုဘူးပေါ့သားရယ်၊ သားလည်း လူကြီးဖြစ်လာပြီပဲ။ တမင်ညာတာ ဟုတ်လား၊ မဟုတ်ဘူးလားဆိုတာကိုလည်း သား စဉ်းစားတတ်နေပြီလေ၊ မဟုတ်ဘူးလား'

သူမကို သူ ခပ်ငေးငေးကြည့်ရင်းက 'အင်း'ဟု ခပ်လေးလေး ဆိုပါသည်။

ဘာပဲပြောပြော ထို 'အင်း' အတွက်တော့ သူမ အတော်လေး ကျေနပ်ခဲ့ရပါသည်။

❑

တကယ်တမ်းက သူမ Seminar လာတက်ခြင်းပင်။ နေရာကတော့ MICT ဝင်းအတွင်းရှိ Main Building ထဲ၌ ဖြစ်သည်။ သူတို့မြို့မှ

www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေသွားခဲ့သည်။ ထို့သူငယ်ချင်းမသည် ကိုယ်တိုင် ဦးဆောင်၍ Software များ ရေးသည့်အလုပ်ကို လုပ်နေသူဖြစ်သည်။ အလုပ်ပါးနေ၍ အလုပ်ပိုရှိလျှင် လုပ်လို့ သည်ဟုဆိုသည်။ ထို့ကြောင့်လည်း သူနှင့်အတူလုပ်ရန် ဆုံးဖြတ်လိုက်သည်။ သူမ အတွက်လည်း ငွေအများကြီး မလိုအပ်ပါ။ Project ကြီးသည်မို့ ရလာမည့်ငွေ ပမာဏသည်လည်း များသည့်အတွက် ထိုငွေများထဲမှ တစ်ဝက်ဆိုလျှင်ပင် သူမ Exam ဖြေဖို့အတွက် လုံလောက်ပါသည်။

ထို့ကြောင့်လည်း သူငယ်ချင်းမနှင့် ချိန်း၍ သူမရဲ့ စကားပြောဖြစ်ကြသည်။ ဦးနောက် သူကိုခေါ်၍ Customer နှင့် သွားတွေ့ဖြစ်ကြပါသည်။

ထိုရက်ပိုင်းတွေအတွင်း၌ သူမ စာသင်ပေးနေသည့် ကလေး၏ အခြေအနေသည်လည်း တဖြည်းဖြည်းနှင့် ပြောင်းလဲလာခဲ့သည်။ တကယ်တမ်းက ထိုကလေးသည် ဉာဏ်ကောင်းသော ကလေးတစ်ယောက်သာဖြစ်သည်။ ကျောင်းပျော်ခြင်း မရှိသည့် ထိုကလေးအား နည်းလမ်းတစ်ခု သူမ ပေးခဲ့သည်။

'ကျောင်းတက်ရတာ မပျင်းရအောင် လုပ်လို့ရတဲ့ နည်းရှိတယ်၊ သား စမ်းကြည့်ချင်ဘူးလား' ဟု သူမေးတော့ မျက်လုံးဝိုင်းရွှဲနှင့် သူမအား ကြည့်သည်။

'သားရဲ့ ကျောင်းတွေထဲမှာ ဘယ်ဘာသာရပ်သား အကြိုက်ဆုံးလဲ'

မနက်ဖြန်သည် ထိုကလေး၏ မွေးနေ့ဖြစ်သလို ထိုကလေးမှာ သူမအား တောင်းသည့် မွေးနေ့ လက်ဆောင်မှာ သူမထံမှ အချိန်ဟု ဆိုသည် သူ၏ မွေးနေ့၌ သူ့အား သူမက အချိန်ပေးရမည်ဟု ဆိုသည်

ညိတ်ရင်းက 'အိုကေ' ဟုဆိုသည်။

ထို့နောက်တော့ 'နင် ဖြေမယ့် Exam အတွက်ရော ပိုက်ဆံသွင်းပြီးပြီလား' ဟု ဆိုသည်။

ခေါင်းကိုသာ သူမ ယမ်းပြလိုက်ရသည်။ ပြီးမှ..

'အဲဒီအတွက် အပြင် Project တစ်ခု လက်ခံဖို့ ငါ စဉ်းစားထားတယ်၊ ဒီတစ်ခါ Project က နည်းနည်းကြီးတယ်'

ငွေကြေးနှင့်ပတ်သက်၍ မည်သူ့ဆီကမှ အကူအညီ မတောင်းလိုသော သူမ၏ ခေါင်းမာမှုကို သူ ကောင်းကောင်းသိသည်။

'နင် တစ်ယောက်တည်း ဖြစ်ပါ့မလား'

'....'

သူမ၏ အကြည့်အား သူ တစ်ခုခု နှိုးရိမ်သွားပုံရသည်။

'ငါပြောချင် တာက လုပ်နိုင်ခြင်း၊ မလုပ်နိုင်ခြင်းကို မဟုတ်ဘူး။ နင်ဖြေရမယ့် Exam မတိုင်ခင် အဲဒီ Project ပြီးနိုင်၊ မပြီးနိုင်ဆိုတာ'

သူမ သိပါသည်။

'အေးပါဟာ ငါ သိပါတယ်'

'နင် ခေါင်း သိပ်မမာနဲ့၊ လိုအပ်ရင် ငါ့ကိုပြော'

သူ့ကို သူမ ခေါင်းညိတ်ပြလိုက်ရသည်။

ထို့နောက်တော့ သွားစရာရှိသေးသောသူက 'ငါ ဖုန်းဆက်လိုက်မယ်' ဟုဆိုပြီး နှုတ်ဆက်ကာ ပြန်သွားခဲ့သည်ဖို့ အတွေးများနှင့် သူမ တစ်ယောက်တည်း ကျန်နေခဲ့သည်။ ဒီရက်ပိုင်း အတွင်း Project ကိစ္စအတွက် သူမ လုံးပမ်းရဦးမည်။ သူ ပြောသလိုပင် သူမ တစ်ယောက်တည်းနှင့်တော့ အချိန်မီပြီး နိုင်မည် မထင်ပါ။ သူမပြောလျှင် ကူညီမည့်သူများရှိသော်လည်း သူတို့အားလုံး သည်လည်း အားလပ်ကြသူများ မဟုတ်ပါ။ ဒီအတွက် အဆင်ပြေမည့် နည်းလမ်းတစ်ခုခုတော့ ရှာရဦးမည် ဖြစ်သည်။

❑

တိုက်တိုက် ဆိုင်ဆိုင်ပင် သူငယ်ချင်းမတစ်ယောက်မှ ဖုန်းဆက်လာ၍ သူမအတွက် ထွင် ISO 9000 အကြောင်း ရှင်းလင်းနေသူမှာ ဂျပန်လူမျိုး Akihiro Tamaki ဖြစ်ပြီး ISO 9000 နှင့် ပတ်သက်၍ မေးခွန်းများ ထမေးရင်း အပြန်အလှန် ဆွေးနွေးနေသူများလည်း ရှိနေသည်။ လူအားလုံးပင် ခေါင်းစဉ်တစ်ခုအပေါ်၌ အာရုံရောက်ရှိနေကြသော်လည်း သူမ၏စိတ်တွေကတော့ ISO အပေါ်၌ အပြည့်အဝ ရှိမနေခဲ့။ Seminar ပြီးမှပင် သူငယ်ချင်းအား မြင်မိသည်။ သူကတော့ နောက်မှဝင်လာပြီး နောက်ဆုံး၌ ထိုင်သူမို့ အစောကြီးက တည်းကပင် သူမအား မြင်သည်ဟုဆိုသည်။ ဒီ Seminar ၌ သူအား တွေ့လိုက်ရ၍ သူမ အနည်းငယ်တော့ အံ့သြမိသည်။ ပြီးတော့လည်း လည်ကတုံးနှင့်။

'နင်က လည်ကတုံးတွေဘာတွေနဲ့ဆိုတော့ ကြီးကြီးမားမား လိမ်လည်မှုတွေ လုပ်တော့မယ်ပေါ့'

သူမအပြောကြောင့် သူ ရယ်သည်။

'မဟုတ်ရပါဘူးဟာ ဒီကအပြန်မှာ Formal Meeting တစ်ခု ဝင်စရာရှိလို့ပါ'

ထို့နောက် တစ်ဆက်တည်းပင် 'ငါ ဘာလုပ်ပေးရဦးမလဲ' ဟု ဆိုသည်။

'အပြင်မှာ အလုပ်ခေါ်သံကြားရင် ငါ့ကိုပြောစမ်းပါဟာ၊ ဒါမှ မဟုတ်လဲ စုံစမ်းပေးစမ်းပါ၊ ငါ အခုလုပ်နေတဲ့ အလုပ်ကနေ ထွက်ချင်ပြီ'

သူမကို တစ်ချက်ကြည့်သည်။ မေးခွန်းတော့ ပြန်မထုတ်ပါ။ ခေါင်းကို ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com

သူမ၏ မေးခွန်းအား 'သချိုင်'ဟု သူ ဖြေသည်။

'သားတို့ အတန်းထဲမှာ စာအတော်ဆုံးကရော ဘယ်သူလဲ'

သူမအား နာမည်တစ်ခု သူ ရွတ်ပြသည်။

'အိုကေ ဒါဆိုရင် ဆရာမက ပုစ္ဆာတွေတွက်ခိုင်းတဲ့အချိန်မှာ သားနဲ့ အဲဒီ အတော်ဆုံးကောင်လေးနဲ့ ဘယ်သူက အရင်ဆုံးပြီးအောင် တွက်နိုင်သလဲဆိုတာ စမ်းကြည့် ချင်ဘူးလား၊ သားက ဉာဏ်ကောင်းတာပဲ ဟာ ဘယ်လိုလဲ စမ်းကြည့်ရ မလား၊ အပျင်းပြေပေါ့'

သူမ၏ အကြံပေးချက်အား သူ လက်ခံပါသည်။ ဒီအတွက်လည်း သူမ ဝမ်းသာရသည်။ ဘယ်အတွက်မှ သူမ လုပ်နေခြင်း မဟုတ်ပါ။ ကလေးတစ်ယောက်တွင် ကလေးတစ်ယောက်နှင့် ညီသောဆန္ဒနှင့် တက်ကြွမှုများရှိစေလို၍သာ ဖြစ်ပါသည်။

နောက်ပိုင်းတွေမှစ၍ ထိုကလေးသည် တစ်စတစ်စနှင့် ပြောင်းလဲလာခဲ့သည်။ တဖြည်းဖြည်းနှင့် သူမအပေါ် ပိုမိုယုံကြည်လာမှုတို့နှင့်အတူ သူမ၏ စကားများအားလည်း အလွယ်တကူနှင့် နားထောင်တတ်လာခဲ့သည်။

သူမအဖို့ အလုပ်များ စုံနေသည်မို့ ထိုရက်များအတွင်း အတော်လေးကို ပင်ပန်းရသည်။ အပြင် Project နှင့်ပတ်သက်၍လည်း လိုအပ်သည့် Requirement အားလုံး စုစည်းရသည်။ ထို့နောက်တော့ သူမတို့ နှစ်ယောက် ကိုယ့်အိုင်းနှင့်ကိုယ် ခွဲလိုက်ကြသည်။ System Design နှင့် Program Design များအား ကိုယ်စီဆွဲရဦးမည်ဖို့ Customer နှင့်တော့ တစ်ပတ်ခွာ၍ ချိန်းလိုက်သည်။

ထိုနေ့တွင်မှ သူမတို့၏ Design နမူနာများကိုပြရင်း စရန်ငွေလည်း ရမည်ဖြစ်သည်။ သူတို့ချင်းလည်း ထို နေ့မှပင် တွေ့ရန် ချိန်းလိုက်ကြပါသည်။

❑

ဒီနေ့ မနက်တော့ ကုမ္ပဏီမှ နေ့တစ်ဝက် ခွင့်ယူဖြစ်သည်။ သူမ၏ အပြင် Project ကိစ္စအတွက်တော့ မဟုတ်ပါ။ OES အဖွဲ့ဝင်များနှင့်အတူ တောင်ဒဂုံ အမှတ် ၉ ကျောင်းသို့ သွားကြခြင်းဖြစ်သည်။ သူမတို့၏ ခေါင်းစဉ်ကတော့ ထိုကျောင်းမှ ဆင်းရဲချို့တဲ့သည့်ကလေးများအား ကျောင်းစရိတ်ထောက်ပံ့ရန်နှင့် ထိုကလေးများအား ကျောင်းဝတ်စုံ၊ စာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ပေတံ အစရှိသည်တို့ ပေးဝေရန်အတွက်ပင်။

ထို့ကြောင့်လည်း ထိုနေ့က အလုပ်အင်တာဗျူးကိစ္စနှင့် ပတ်သက်၍ သူမ၏ ရုံးသို့ ဖုန်းဆက်သည့် (သူမ အလုပ်ရှာခိုင်းထားသော) သူငယ်ချင်းနှင့် လွဲသွားခဲ့သည်။ သူမထံသို့ ရောက်လာသည့် Message မှာလည်း အပြည့်အစုံ မဟုတ်သည်မို့ သူ ဆက်မှန်းလည်း မသိခဲ့။ ညဘက် အိမ်ပြန်ရောက်ချိန်၌တော့ သူမအား သူ ဖုန်းထပ်ဆက်လာသည်။ သူမ ရှာခိုင်းထားသည့်အလုပ်နှင့်ပတ်သက်၍ မနက်ဖြန် နေ့လယ်၌ အင်တာဗျူးရှိသည်ဟု ဆိုသည်။

မနက်ဖြန်...

မနက်ဖြန် သူမနှင့် သူမ၏သူငယ်ချင်းတို့ စရန်ငွေယူရန်နှင့် စာချုပ်ချုပ်ရန်အတွက် Customer ထံသို့သွားရမည်။ သို့သော်လည်း ထိုကိစ္စမှာ မနက်အစောပိုင်း၌ဖြစ်သည်မို့ ကိစ္စတော့မရှိလှ။ အဓိကတော့ သူမ စာသင်နေရသည့်ကလေးပင်။ ညနေကပင် ထိုကလေးအား သူမ ကတိတစ်ခုပေးခဲ့၍ ဖြစ်သည်။

မနက်ဖြန်သည် ထိုကလေး၏ မွေးနေ့ဖြစ်သလို ထိုကလေးမှ သူမအား တောင်းသည့် မွေးနေ့လက်ဆောင်မှာ သူမထံမှ အချိန်ဟု ဆိုသည်။ သူ၏ မွေးနေ့၌ သူအား သူမက အချိန်ပေးရမည်ဟု ဆိုသည်။ ထို့အတွက်လည်း သူမဘက်မှ ကတိပေးခဲ့ပြီးဖြစ်သည်။

ဖုန်းပြောနေရင်း သူမ ဘက်မှ အသံတိတ်သွားခဲ့သည်မို့ သူငယ်ချင်းက 'နင် ဘာတွေ စဉ်းစားနေတာလဲ' ဟုဆိုသည်။

'ငါ့မှာ တခြားကိစ္စ တစ်ခုရှိလို့'ဟု သူမဆိုတော့ ဟိုဘက်က ဇောင်ခြိမ်သွားခဲ့သည်။

'စဉ်းစားပေါ့ဟာ၊ နင့် အတွက် ဘယ်အရာက ပို အရေးကြီးလဲဆိုတာ'ဟုပြော ရင်း သူ ဖုန်းချသွားခဲ့သည်။

သူမအတွက်ကတော့ အရာအားလုံးပင် အရေးကြီးပါသည်။

သူမ နေ့စဉ်ပုံမှန် ကျင်လည်မှုတစ်ခုအတွက် အဆင်ပြေစေမည့် နေရာသစ်တစ်ခုအား မဖြစ်မနေ လိုအပ်လှသလို၊ ခက်ခက်ခဲခဲနှင့် ရရှိထားသည့် ယုံကြည်မှုတစ်ခုအတွက်လည်း...။

ဖန်တီးမှုတိုင်းသည် ခက်ခဲသလောက် ဖျက်ဆီးလိုလျှင်တော့ အလွယ်လေးပင် ဖြစ်သည်။

သူမ ပေးခဲ့သော အချိန်များနှင့် စွမ်းဆောင်ခဲ့သမျှသောအရာအားလုံးမှာ 'ညာနေကျပါ'ဟူသည့် စကားတစ်ခွန်း၏အောက်၌ အလွယ်တကူပင် ပျောက်ဆုံး၍ သွားနိုင်သည်ပဲ။

ကိုယ်တိုင် ဖန်တီးဖူးလျှင်တော့ ထိုခံစားချက်အား နားလည်နိုင်မည်ဖြစ်သည်။

ညနေကမှ ထိုကလေးနှင့် တွေ့ဖြစ်ခဲ့ခြင်းဖြစ်သည်။

ထိုကလေးထံ သူမ သွားဖြစ်သည့်အချိန်များမှာ ထိုကလေး၏ ကျောင်းပိတ်ရက်များ၌သာဖြစ်သည်။ ဒီနေ့ကတော့ Shopping Mall တစ်ခုသို့ အလုပ်မှအပြန် ဧဏာဝင်းသောသူမနှင့် အမေဖြစ်သူ ဈေးဝယ်သည့်နောက်သို့ လိုက်လာသော ထိုကလေးတို့တွေ့ဖြစ်ကြခြင်း ဖြစ်သည်။

အပြန်၌ သူမအား အတင်းလိုက်ပို့သည်မို့ သူတို့ကားနှင့် ပါလာဖြစ်ခဲ့သည်။ ထိုကလေးက ကားနောက်ခန်းတွင် သူမနှင့်အတူလိုက်ထိုင်ရင်းက ဧဏာနေတော့...

'မမ'ဟု ခေါ်သည်။

'အင်း ပြောလေသားရဲ့'ဟု သူမဆိုတော့ ဧဏာငြိမ်၍ စဉ်းစားသည်။ ထို့နောက်

www.burmeseclassic.com

မှ··

'ဆရာမက အခုလာမယ့်အပတ် ရသအချိန်ကျရင် ကိုယ့်ရည်မှန်းချက်အကြောင်း တစ်ယောက်ချင်းစီ ပြောပြရမယ်တဲ့'

'ဩော် သားက စဉ်းစားလို့ မရဘူးဆိုပါတော့'

'အင်း သား မသိဘူး' ဟု ဆိုသည်။

သူမ ပြုံးရင်းက ကလေး၏ ဆံပင်များအား ခပ်ဖွဖွ သပ်လိုက်သည်။

'သား ဘာလုပ်ချင်တယ်ဆိုတာ စဉ်းစားလို့မရရင် သူများအတွက်ရော ဘာလုပ်ပေးချင်လဲဆိုတာ စဉ်းစားကြည့်ပါလား။ သူများအတွက် လုပ်ပေးချင်တာက လည်း ကိုယ်လုပ်ချင်တာ ဖြစ်နိုင်တာပဲလေ သားရဲ့'

သူမစကား အဆုံးတွင် သူမအား မော့ကြည့်လာသည်။

'ဖြည်းဖြည်းချင်း စဉ်းစားကြည့်ပေါ့သားရဲ့၊ အချိန်ရှိပါသေးတယ်၊ နောက်ဆုံး သားဘက်က ဘယ်လိုမှ စဉ်းစားလို့ မရတော့ဘူးဆိုရင် မမလည်း ကူပြီးစဉ်းစားပေးတာပေါ့၊ ဟုတ်လား'

သူမအား သူ ခေါင်းညိတ်ပြပါသည်။

ထိုကလေးအား တစ်စုံတစ်ရာသော တွန်းအားမပါဘဲနှင့် သူအလိုအလျောက် စဉ်းစားခြင်းမျိုးသာ သူမ ဖြစ်စေလိုပါသည်။

ကလေးများ၏ ကိုယ်ပိုင်အတွေးများသည် လူကြီးတို့၏ ဆန္ဒများအောက်၌ အလိုအလျောက်ပင် ပျောက်ကွယ်တတ်ကြရလေ့ရှိသည်။

ကလေးတစ်ယောက်၌ ကိုယ်ပိုင်အတွေးရှိရန် လိုအပ်သလို ကိုယ်တိုင်လည်းပေး၍ တွေးခိုင်းသင့်သည်။ ကောင်းမွန်မှန်ကန်သော အတွေးဖြစ်ရန် အတွက်ကိုသာ ဘေးမှနေ၍ ဖေးမပေးတတ်ရန်သာ လိုပါသည်။

'သား စဉ်းစားလို့ရရင် မနက်ဖြန်ကျရင် မမကို ပြောပြမယ်'ဟု ဆိုသည်။

သူမကိုယ်တိုင်လည်း သိချင်လှပါသည်။

ထို့နောက် တစ်ဆက်တည်းပင် သူမအား သူ့အတွက် အချိန်ပေးရန် တောင်းဆိုခဲ့ခြင်း ဖြစ်သည်။ သူ့အား တစ်နေရာသို့ လိုက်ပို့ပေးရမည်ဟု ဆိုပါသည်။ ထို့အတွက်လည်း သူမဘက်မှ ကတိပေးခဲ့ပါသည်။

❑

မိုးလင်းကတည်းက ပင် သူငယ်ချင်းမအား ဖုန်းခေါ်နေခဲ့သော်လည်း အဆင်မပြေပါ။ Customer ထံသို့ သွားရန်အတွက် အစောကြီး ကတည်းကပင် ကြိုတင်ချိန်းထားပြီးဖြစ်သော်လည်း သူ၌ တစ်စုံတစ်ရာကိစ္စ ရှိမည်စိုး၍ ဖုန်းကြိုဆက်ကြည့်ခြင်းလည်း ဖြစ်သည်။ ဘယ်လိုမှခေါ်မရသည့်အဆုံး၌ သူ၏အိမ်သို့ သူမ စောစောထွက်ခဲ့သည်။ အိမ်ရောက်တော့လဲသည်း သော့ခလောက်ကြီးတစ်ခုကသာ ဆီး၍ကြိုသည်။

သူနှင့်သူမ အသေအချာ ချိန်းဆိုထားခြင်းပင်ဖြစ်သည်။ သူ၌ ဘာကိစ္စတွေများ ရှိနေပါသည်လဲ။

သူမတစ်ယောက်တည်း လုပ်သည့် ကိစ္စမဟုတ်သည့်အတွက် သူ မပါဘဲနှင့်တော့ သူမ မသွားလိုပါ။ အချင်းချင်းကြား၌ ရှိသင့်သည့် အရာတစ်ခုကြောင့်လည်း ဖြစ်သည်။ ထို့ကြောင့်လည်း သူ့အိမ်ရှေ့ရှိ ဆိုင်တစ်ဆိုင်အတွင်း၌ပင် သူ့အား သူမ စောင့်နေလိုက်သည်။

အလုပ်အင်တာဗျူးကိစ္စနှင့် ပတ်သက်၍လည်း ဖုန်းဆက်သည့် သူငယ်ချင်းအား တောင်းပန်ရဦးမည်။ ညကပင် သူမ အသေအချာ ဆုံးဖြတ်ခဲ့ပြီး ဖြစ်သည်။ နှစ်ခုအနက် တစ်ခုသာ ရွေးရမည်ဆိုတော့လည်း တစ်ခုကိုသာ သူမ ရွေးရပါသည်။ မတတ်နိုင်ပါ။

အချိန်များသာ တဖြည်းဖြည်း ကုန်လာခဲ့သော်လည်း သူငယ်ချင်းမ ပြန်ရောက်မလာခဲ့။ နောက်ဆုံး၌ Customer ထံသို့ ဖုန်းဆက်ရန် သူမ ဆုံးဖြတ်လိုက်သည်။ ဒီနေ့ အဆင်မပြေသည့်အတွက် နောက်ရက်မှပင် သူမတို့လာခဲ့မည်ဟု ပြောရန်သာ ရှိတော့သည်။

ဖုန်းခေါ်၍ သူမနာမည်အား ပြောရုံပင်ရှိသေး···

'အဆင်ပြေတယ်ညီမလေး၊ ညီမလေးတို့ဘက်က ထပ်တောင်းတဲ့ပမာဏကို အစ်မတို့ဘက်က လုပ်ပေးနိုင်ပါတယ်၊ စရန်ငွေကိုတော့ မနေ့က ပေးခဲ့တဲ့အတိုင်းပဲ ထားလိုက်တော့ပေါ့။ ငွေအပြီးချေတဲ့ အခေါက်ကျမှပဲ ထပ်တိုးတဲ့ငွေကို ထည့်ပေးမယ်နော်၊ အစ်မတို့ဘက်ကလည်း မြန်မြန်လေးပြီးချင်တာ တစ်ခုပါပဲ၊ အဲဒါလေးတော့ ကြိုးစားပေးပါနော်' ဟု ဆိုသည်။

ရုတ်တရက် သူမ နားမလည်ပါ။

ထပ်တောင်းတဲ့ပမာဏ···

မနေ့က····

စရန်ငွေ····

ဘာတွေများလဲ···။

သူမတို့ ဒီနေ့မှ ချိန်းထားခြင်း ဖြစ်သည်ပဲ။

'မနေ့က ညီမလေးက အလုပ်မအားလို့ဆို'

အလုပ်မအားလို့····

တဖြည်းဖြည်းနှင့် သူမ နားလည်စပြုလာသည်။

ထို့နောက်····

အဲ့သြမှု···။

ဘာကြောင့်လဲ····

သူမ ဘာများ ပြန်ပြောရပါမည်လဲ။

သေချာသည်ကတော့ သူမပြောမည့်စကားများအား ပြောစရာမလိုတော့ခြင်းပင်။

ထိုအစ်မအား ဟုတ်ကဲ့ဟု သူမ ပြန်ပြောမိသလား မပြောမိလားပင် သူမ မသိတော့။ သူမ၏ စိတ်ထဲ၌ ဘာကြောင့်လဲဟူသည့် မေးခွန်းတစ်ခုသာ ထပ်ထလဲလဲနှင့် ရှိနေသည်။

သည်အတိုင်းဆိုလျှင် သူမဖြေမည့် Exam အတွက်—

ကြောင်ရပ်နေမိသော သူမအား တစ်စုံတစ်ယောက်မှ ဝင်တိုက်သွားရင်းက သူ့ကိုင်ထားသည့် ဖိုင်အတွင်းမှ စာရွက်တချို့ လျှောကျ ပြီး ကျဲကုန်မှပင် ရုတ်တရက် အသိပြန်ဝင်လာရသည်။

'တကယ်တမ်းက စီးပွားရေးကို ဗလာဖြစ်အောင် ထားနေရင် အကောင်းဆုံးပဲ'

သူမ လှမ်းကောက်ယူသော စာရွက်များ၏ ခေါင်းစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ဩဂုတ် ၇ ရက်မှ စတင်ပေးဘ ၆ ရက်အထိ
လေးကိုရိုက်ပေးသော ဆိုင်များများ

(၁)ကျွမ်းတော ကျွန်တော်နှင့်ချစ်သူ ချင်း/ဆောင်၊ (၂)အောင်နန်း ချေး(သရက္ခ်) ပြုလုပ်ရောင်းချသူ ၊အနီးတော်၊ (၃)အကိုလေး ဘုတ်(သလွန်) ရွာအပြင်ဘက် အထီးကျန်ပင် ၊ရဲရွာ၊ (၄)ပြုံးနဲ့ဝါ သစ်းအလှမာ ၊သထုံ၊ (၅)ပြုံးနဲ့ဝါ ဝိုင်ချိုမယ်ချိုးရာသောရွာကုန်မာ ၊သထုံ၊ (၆)လင်းရိပ်ပြု အထင်မရှိကြပေမဲ့ပွင့်များ ဖန်လေး၊ (၇)ခွေနိုးဆိပ်(အောင်လံ) နေတစ်ဝင်းရဲ့ဒိုင်ယာရီ ဖန်လေး၊ (၈) ခွေနိုးဆိပ်(အောင်လံ)စ် ဖန်လေး၊ (၉)ခွေနိုးဆိပ်(အောင်လံ) ရုပ်ဝတ်ခွေ၊ဖန်လေး၊ (၁၀)လင်းယဉ်နဲ့ပြုံး(သစ်ကလေး) မြောက်ပြုံလေများအေးစေသား ၊ကျွင်း၊ (၁၁)ချောင်ဝင်းရွာ ပြုံမဆုံနိုင်တော့ဘူးလား ၊လမ္မတ္ထာ၊ (၁၂) ရဲထွဋ်နိုင်(Arakan Actor) ဆုတောင်းပြည့်ခဲ့တာလား ၊ပတုတ်ထူး ဆုတောင်းမှားခဲ့တာပါ ၊ရန်ကုန်၊ (၁၃)ရွှေကိုယ်နတ်(UCSM) ရုပ်ဆောင့်ရွေ့ခဲ့များ ရှာဖောင် ၊ဖန်လေး၊ (၁၄) မြတ်သွင်းသွင် ပဖဖဖဖန် ၊မကွေး၊ (၁၅) မိုးမြင့်မော ချိုပြုံနှင်းစက်ရောက်တွယ် ၊လမ္မတ္ထာ၊ (၁၆) သံလွင်ကို (မော်လမြိုင်) လမ်း ၊သန်လွင်၊ (၁၇)ကျွမ်းတော မိုးရေတွေ့ဝိုတဲ့ည ၊ချင်း/တောင်၊ (၁၈)နန်းဟသံ(မိုးကုတ်) ပြုစားခံရသူများ ၊မိုးကုတ်၊ (၁၉)မိုးရည်နိုင် မြစ်တစ်ဝင်းရဲ့ မြေရာ ၊ရန်ကုန်၊ (၂၀)သံလွင်သန္တာ(သထုံ) အပြုရောင်ခြင့်ဖွဲ့ တည်ခဲ့လေသော ဝိုကောင်းထင်တွင် ၊သထုံ၊ (၂၁)သံလွင် သန္တာ(သထုံ) နှင်းစက်များနှင့်အတူ ၊သထုံ၊ (၂၂)ငယ်လေး တော်ဝင် အနှတ်တရ ၁၈ ရက်နေ ၊စစ်ကိုင်း၊ (၂၃) ကြာပြုန္နယ် တစ်ကယ်လွမ်သာ ၊ရန်ကုန်၊ (၂၄) ကြာပြုန္နယ် ဝေဟင်္ဂလရောင် ၊ရန်ကုန်၊ (၂၅)ကြာပြုန္နယ် အိမ်ပြန်ငါး ၊ရန်ကုန်၊ (၂၆) ဆွေဝင် ဦး အရှိဝ်တစ်ခု၏ကောက်ကြောင်း ၊ပြည်၊ (၂၇) ကြယ်စင်သစ် (လွိုင်ကော်) အတွေပါးဝါး ၊လွိုင်ကော်၊ (၂၈) မင်းရက္ခ မောင့် ချစ်သူအမှတ်း ၊ကလော၊ (၂၉) သစ်နေမြို့တစ်ကမ္ဘာလုံး ကြားပါစေ ၊ဟိုင်းကြီးကျွန်း၊ (၃၀) ကိုကိုးအဲ ကိုယ်ထင်ပြတဲ့ အရိုဝ် ၊မုံရွာ၊ (၃၁) အောင်ဝိုးနိုင် အတွေးဆားတောင်များကို ကျော်ပြတ်ညော် ၊စစ်ကိုင်း၊ (၃၂) ပြည့်နှစ်မြို့ တစ်ခါက ဝိုရိုပ်များ ၊ကလေး၊ (၃၃) သွန်းဆက်နိ ပြတ်သန်းစီးဆင်းရာ ၊ကျောက်ဆည်၊ (၃၄) ကိုမောင်စိုး လောကမံ ၊ပခုက္ကူ၊ (၃၅) နန်းမိုခမ်း ရောင်းလမ်းမ အပြင် ၊ရန်ကုန်၊ (၃၆) နန်းမိုခမ်း ဘိုးတော်လိမ်ခဲ့ သူ့ဆီမှာစာ ၊ရန်ကုန်၊ (၃၇) နန်းမိုခမ်း ကိုကြီးလို့ပဲ ခေါ်ချင်တယ် ၊ရန်ကုန်၊ (၃၈) ဦဦးယဉ် နေတဲ့လား၊ ငါအခု ဦးရေးချီးနေတယ် ၊ဖိုရွာ၊ (၃၉) နိုင်လေး(ရွှေတောင်) သေတံမရောက်သက်မ ပျောက်ခဲ့ရသော ထူငယ်တစ်ဦး၏ တစ်ဦး ၊E-mail၊ (၄၀) လွမ်းနောင် သန္တတ်ယန်း၏ ချစ်ကြည်ရေးများစေ ၊စစ်ကိုင်း၊ (၄၁) သီသီဟန်(ကျိုက်ထို) ဝက်မဲ ၊ကျိုက်ထို၊ (၄၂) သီသီဟန်(ကျိုက်ထို) အချစ်ထက် နက်ရှိုင်းသော သံယောဇဉ် ၊ကျိုက်ထို၊ (၄၃) သီသီဟန်(ကျိုက်ထို) ထမင်းတစ်လုတ် ၊ကျိုက်ထို၊ (၄၄) သီသီဟန်(ကျိုက်ထို) ချီးမွမ်းခံရစ်ရက် ကဲ့ရဲ့ခံရစ်ရက် ၊ကျိုက်ထို၊ (၄၅) သီသီဟန် (ကျိုက်ထို) ခေါင်းစဉ်များသော အချစ်နှင့်အတူ ၊ကျိုက်ထို၊ (၄၆) သုတအောင် ချည်တိုင် ၁-၁

ကျန်စာမှတ်ချို ပြုရန်ရှိ

သူ့ဆီနေသည့် ဝိုင်းတစ်ဝိုင်းမှ ထွက်ပေါ်လာသော စကားသံ ဖြစ်သည်။

ဘယ်လိုအဓိပ္ပာယ်မျိုး အပါသော မျက်လုံးများနှင့် ဆိုသူအား ခဏတော့ သူမ ကြည့်ခဲ့မိသေးသည်။

ထိုသူသည် ဗလာများ အကြောင်း ခွဲခြားမသိသူဖြစ်သည်။

ယခုအချိန်၌ သူမထံ ဘွင် ငိုချင်၊ ရယ်ချင်စိတ်မရှိ၊ ချစ်ခြင်း၊ မုန်းခြင်းလည်းမရှိပါ။

စိတ်တစ်ခု ဗလာဖြစ်ခြင်းသည် ရင့်ကျက်ခြင်း(သို့မဟုတ်)ငြိမ်းချမ်းခြင်း ဖြစ်နိုင်သည်မှာ မှန်သော်လည်း အဓိပ္ပာယ်မဲ့ခြင်းလည်း ဖြစ်နိုင်ပါသေးသည်။ ❑

ကလေး၏အိမ်သို့ ရောက်တော့ ထိုကလေးက ပြုံးရွှင်စွာနှင့် သူမအားဆီးကြိုသည်။ ထိုအချိန်၌တော့ သူမ၏စိတ်များ ငြိမ်သက်စပြု နေပြီဖြစ်သည်။

သူမကိုမြင်သည်နှင့်...

'မမ၊ သား မုန့်တွေ ဝယ်ထားတယ်၊ သားကို ဟိုတစ်ခါသွားတဲ့ ကလေးတွေဆီကို လိုက်ပို့ပေးနော်'ဟု ဆိုသည်။

အနည်းငယ်တော့ သူမ အံ့သြသွားရသည်။ ထိုကလေး၏ အာရုံထဲ၌ မှတ်မှတ်ထင်ထင် ရှိနေခဲ့သည်ပဲ။

ဒီတစ်ခါတော့ သူ၏ ဦးဆောင်မှုနောက်သို့ သူမ လိုက်ရပါသည်။

ကလေးများအား မုန့်လိုက်ဝေရင်း အရင်တစ်ခေါက် ကလိုပင် ထိုကလေးများနှင့် သူ ဆော့သည်။

ထို့နောက်တော့ အဲ့သြစရာကောင်းသော စကားတစ်ခွန်းအား မထင်မှတ်စွာနှင့် သူ ဆိုခဲ့ပါသည်။

'မမ၊ သားကြီးလာရင် ကလေးတွေကိုကုတဲ့ ဆရာဝန်လုပ်မယ်၊ ပြီးရင် ဒီလို ကလေးတွေကို အလကားကုပေးမယ်'

'.....'

ရုတ်တရက် သူမ ဘာဖြစ်သွားမှန်းပင် မသိလိုက်ပါ။ သူမအား ခပ်ပြုံးပြုံးနှင့် ကြည့်နေသည့် ထိုကလေးအား အကြောင်သား ပြန်ငေးနေမိသည်။ ထိုကလေး၏ ဆံပင်များအား ခပ်ဖွဖွ သပ်ဂိုက်ရုံ ကလွဲ၍ သူမ ဘာစကားမှ ပြန်မဆိုနိုင်ခဲ့ပါ။

သူမ ကျေနပ်ပါသည်။

ထိုကလေး၏ ရည်မှန်းချက်သာ မပြောင်းလဲခဲ့ဘူးဆိုလျှင် သူဆန္ဒရှိသည့်အတိုင်း ဖြစ်လာနိုင်ကောင်းပါသည်။

သို့မဟုတ်လျှင်လည်း သူအသက်အရွယ်နှင့်အလိုက် သူ တကယ်လိုချင်သောအရာ ရှိကောင်းရှိလာနိုင်ပါသည်။ ဦးတည်ချက် ပြောင်းလဲခြင်းသည် အဓိကပြဿနာမဟုတ်ပါ။ ဦးတည်ချက်ရှိနေဖို့သာ လိုအပ်ပါသည်။

သူမ ကျေနပ်ပါသည်။ တကယ်ကို ကျေနပ်ခြင်းဖြစ်သည်။

❑

တစ်ပြိုင်တည်းမှာပင် လူကြီးတစ်ယောက်အတွက် ရော ကလေးတစ်ယောက် အတွက်ပါ သူမ လေ့ကားထစ် တစ်ထစ်ဖြစ်ခဲ့ဖူးပါသည်။■

အသင်

www.burmeseclassic.com

www.burmeseclassic.com

(ယခင်လမှအဆက်...)

၂၂။

ပွဲခင်းကြီးတစ်ခွင်လုံး
ငြိမ်သက်လျက်ရှိလေသည်။
ဗြာဟ္မဏယဇ်ရက်တွေဆိုဆော့
အညာဆောင်းကြမ်းညက
စိမ့်နေအောင်
အေးစက်လွန်းလှပါ၏။
သည်ကြားထဲ တသုန်သုန်
သွေးနေသည့်
မြောက်လေကြောင့်
ဇာတ်စင်နဖူးစည်း
ကြာယပ်များ
တိုင်ဖုံးစများပင်
ဝရုန်းသုန်းကား
ဖြောင်းဆန်နေကြသည်။
ညဦးကတည်းက
တိုက်နေသည့်
ဆောင်းလေပြင်းကြောင့်
ဇာတ်နဖူးစည်းထိပ်မှာ
တပ်ထားသည့်
'ခါတော်မီ မောင်သီလ
ဇာတ်သဘင်အဖွဲ့'လို့
ရေးထားသည့်
သုံးပေ×တစ်ပေခွဲ
ဆိုင်းဘုတ်ပင်
ပြုတ်ကျသွားခဲ့သည်။
နှစ်ပါးခွင်မစောင်
အဖေသီလကိုယ်တိုင်

www.burmeseclassic.com

ဦးသြဲသံအေး တို့ဇာတ်က
ပြည်လုံးကျော်သရေသာ ဆိုသယ်၊
ပြည်လုံးဝေးလို့ တို့ဇာတ်ထဲမှာတောင်
ကျော်သရေ မရှိချင်တော့ဘူး
ဇာတ်ထဲမှာတင် ပုလင်းထောင်ကုန်ကြပြီး
ဖရိုက်နေကြပြီး မင်းသမီးကလေးတွေရဲ့
ခြင်ထောင်လှပ်သာတွေ ဖြစ်လာပြီ

တောမင်းသမီး

ခင်ခင်ထူး

အမှတ် ၂၀၇၊ အောက်တိုဘာ ၂၀၁၃

ဖုံးနုံစက္ကူဓါတ်
အခန်းဆက် ဝတ္ထုရှည်

မင်းသမီးကြီးနှစ်လက်၊
လူပြက်နှစ်ယောက်နှင့်
အတူထွက်လေ့ရှိသည့်အတိုင်း
ခါတိုင်းညတွေလိုပင်
တရှောင်ရှောင်
မမာသည့်ကြားက
ပရိသတ်ကိုငဲ့သောအားဖြင့်
အေးခဲနေသည့် ညကိုမမှဘဲ
မျက်နှာပြထွက်နေခြင်း
ဖြစ်၏။ ခေတ်မင်းသား
ကလေးတွေချည်း
လွှတ်မထားဘဲ
ကိုယ်တိုင်ထွက်လိုက်ရမှ
ကျေနပ်ရှာသူဆိုတော့
အများဆုံး နာရီသုံးမတ်၊
တစ်နာရီလောက်တော့
တစ်ခန်းတစ်ကဏ္ဍ
အချိန်ယူလေ့ရှိသည်။
ရွာတွေကလည်း
မင်းသားကြီးကိုယ်တိုင်
တစ်ခန်း ထွက်မှ
ကျေနပ်ကြသည်။
မင်းသားကြီး
ခါတော်မီ မောင်သီလနှင့်
မင်းသမီးကြီး
မာယာကြည်တို့ အချီအချ
နှစ်ပါးကြည်ချိန်ဖြစ်၏။
ရာသီက
အေးလွန်းလှပေသိ



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်ခုံပေါ်က ဇာတ်သူဇာတ်သားများအဖို့ရာ ပွဲခင်းထဲက ပွဲကြည့်တွေလို စောင်ကျားကြီးတွေခြုံ၊ အချမ်းပြေ ဆေးလိပ် တဖွာဖွာနေနိုင်ကြတာ မဟုတ်လေတော့ ဇာတ်ဝင်အင်္ကျီပါး ကလေးနှင့်ပင် ဆောင်းကို အနှံတုံကြရသည်။ ညဉ့်နက်ပိုင်း ဝင်စပြုပြီ။

'အမိလည်းတစ်ဝ၊ နှမလည်းမည်××× ငါးလီကောင်း ငြင်း ခြောက်ပြစ်ကင်း××× မင်းပိန္ဓာနွယ် သရေသစ်ပါတဲ့××× ချစ်စရာမယ်ကလေး××× မာယာကြည် နှမ'

'အပါးတော်နှား၏ မခွာရှိကြောင်းပါမောင်ရဲ့ ××× မယားအထူးချစ် အမူးသစ်ကလေးပါမောင်ရယ်××× လင်ခေါ် ရင် ရှင်၊ တော် လို့ထူး××× ခင်ဇော်ပျိုတစ်ဦးအနေနဲ့ မောင့် အပါးက ပါရမီဖြည့်လျက်ပါ××× စကားဝစန မပီကလာ အပါးမသွေပ တီတီတာတာ××× အဖိုးတန်လင်ကခေါ်မှတော့ ××× အရှိုးခံကလေးက မခွဲတရို့ပါတော်ရဲ့'

'သြော်၊ မာယာကြည်အလှမယားကရမက်က××× အခစားမပျက်ဘူးပေါ့××ဟုတ်ကဲ့လား'

'တက်တူရေ'

'ဟေ၊ ဘာတုံးဟ ဒန်ချိုင့်ရ'

'မင်းသားကြီးနဲ့မင်းသမီး နှစ်ယောက်ပြောနေသာ ကြားလား'

'ပြောစမ်း'

'မင်းသား ကိုသီလက သူ့မယား မာယာကြည်ကို ခေါ်လိုက်သာ ချစ်စရာမယ်ကလေးတဲ့'

'မဟုတ်သာပြောသာပါကွာ တကယ်မမှတ်ပါနဲ့၊ မာယာကြည့်ရုပ်မြင်ရင် ငါ မျက်ရည်ကျသယ်။ ငါ့ဘွားအေနဲ့တူလို့'

'နောက်ပြီး မာယာကြည်က ပြောသေးဗျာ။ သူ့ကိုယ်သူ အရိုးခံကလေးတဲ့။ အဲသာတော့ ငါလက်မခံဘူး'

'ဘာပြုလို့'

'တစ်ရက် မာယာကြည့်ခြင်ထောင်လှန်ကြည့်တော့ အထဲမှာ ဘာတွေ့သယ်မှတ်တုံး'

'ဘာများပါလိမ့်'

'ခဲလံကျည်တောက် နှစ်ချောင်းကွ'

'ကြိုက်လို့နေမှာပါကွာ'

'တော်ကြစမ်းပါကွယ်။ ပီယဝါစာ ချစ်ဖွယ်သောစကားနဲ့ ခေါ်တာ၊ ထူးတာ ယဉ်ကျေးမှုကိုးကွယ့်။ တကယ်ကျတော့ တရားရှာတော့ ကိုယ်မှာတွေ့ ဆိုသလိုပဲ။ လေးပါးသရုပ် အမှန်ထုတ်သော် ဒုက္ခသစ္စာတဲ့၊ သမုဒယသစ္စာတဲ့၊ နိရောဓသစ္စာတဲ့၊ မဂ္ဂသစ္စာတဲ့ အင်း၊ ပုထုဇဉ်တွေဆိုတော့လည်း တရားသိတာက သတ်သတ်၊ တရားမရှိတာက သတ်သတ်ကိုး တက်တူရဲ့။ ရှေးတုန်းက ငါတို့ဘုရားအလောင်း ဥဒေါင်းမင်း ဘဝမှာ မနဲ့ ဖြားယောင်းတော့ ပါရတာကိုးကွ။ ဒါကြောင့် ခန္ဓာငါးလီ ဘုံလောကီကို ဒုက္ခဆိုကြသမျှတ်လား။ သီချင်း လေးတောင်ရှိဗျာ။ မောင်ကျော်ဌေး၊ ရွာစား'

'တစ်သောင်းရှိဇမ္ဗူ××× အပေါင်းညီယို အလောင်းပို့ တစ်ပါးရယ်သော်မှ××× မမှားဝစန စကားမှတ်ကြ××× မယားမဟာဿတစ်ထောင်ပါ××× အမြောင်ကညာက တစ်သိန်းပ××× မတိမ်းရ ကိန်းအကျ မိန်းမစစ်အခြေမှန်××× ဟောသည် မောင်သီလကလေ တစ်ပါးဇနီး ကျွန်ုပ်က အခြေ နော်သန္ဒာပွား××× မယားကြီးဥက္ကဋ္ဌ တင်တော်မူပါမဗျား အားဟား'

အဆိုပိုဒ်၊ အကပိုဒ်တွေမှာ လမိုင်းကပ်နေတော့ နှစ်ပါး ကြည်ခန်းသည်ပင် တစ်နာရီပျော်ပျော်ရှိလေပြီ။ အဖေသီလ အသံကို ဥဩသံအေး ကြားနေရသည်။ အဖေသီလတို့ နှစ်ပါး ခန်းအပြီးမှာ ရှေ့ကန့်လန့်ကာကြီး မချဘဲ မီးတစ်ချက်မှိတ် လိုက်သည်နှင့် ရဲတင်းနှင့်အတူ အလိုက်တသင့် လူလဲရမှာ ဆို တော့ ရဲတင်းရော၊ ဥဩသံအေးပါ အသင့်ဖြစ်နေကြပြီ။ ရဲတင်းက ပုဆိုးတဆစ၊ ဥဩသံအေးက ဆံညှပ်ဆံခွကလေး တွေကို လက်နှင့်လိုက်စမ်းသည်။ သည်တစ်ချီ အတီးပိုဒ်မှာ မင်းသားကြီး အဖေသီလက မင်းသမီးကြီးကို ပွေ့ဟန်ပြုလိုက် တော့မှာဖြစ်သည်။ ဆိုင်းက ဗြောင်ခနဲအချမှာ လူလဲရတော့မှာ ဖြစ်လို့ ဥဩသံအေးက ထဘီမငြိအောင် ခြေနားခတ်ထား လိုက်ပါ၏။

သို့သော်…။ မီးအမှိတ်မှာ အဖေသီလခမျာ ခါတိုင်း လူလဲသလို ထမပြေးနိုင်တော့။ အမေမာယာကြည်က အရှုပ် ကျိုးပြတ် ပိကျလာသောမင်းသားကြီးကို အလိုက်တသင့် ရွေ ထားရပြီ။

'မင်းသားကြီးလဲသွားပြီ၊ မင်းသားကြီးလဲသွားပြီ။ ပြည် ဖုံးကားချလိုက်ဟေ့'

မီးပြန်အလင်းမှာတော့ ပြည်ဖုံးကားချနှင့်ပြီ။ သည်တော့ မင်းသားကြီးကို လူပြက်တွေက ပွေ့ယူကြရသည်။ မင်းသား ကြီး ခုတင်ရှိရာ ခေါ်သွားကြခြင်းဖြစ်၏။ ပရိသတ်က မီးပိတ် လိုက်ချိန်မှာ တစ်ခုခုဖြစ်မှန်းတော့ သိလိုက်ကြသည်။ ဘာဖြစ် လိုက်မှန်း မသိလိုက်ကြဘဲ ဝုန်းခနဲကျလာသော ကတ္တီပါကား လိပ်ကြီးကိုသာ ကြည့်နေကြရသည်။ ရွာစား စိန်ကျော်ဌေး လည်း သိလိုက်ပြီ။ ဇာတ်ကို အဟာမခံဘဲ မြိုင်ထချိုးလိုက် ပါ၏။ ကတ္တီပါ ပြည်ဖုံးကားကြီး မတင်သေးဘဲ မင်းသား ရဲတင်းက သီချင်းဆိုလိုက်တော့မှ ပရိသတ်က ဝေါခနဲ အသံ လိုက်ကြသည်။ ကတ္တီပါ ပြည်ဖုံးကားကြီး မတင်သေးခင် တော့ ဥဩသံအေးက အဖေ သီလရှိရာဘက်ကို ခေါင်း တလှည့်လှည့်။ အဖေသီလ ဘာဖြစ် သွားတာလဲ။ မူးမေ့သွား ရုံပဲလား၊ စိုးရိမ်စရာလား။ တစ်ခုခုဖြစ်တာတော့ သေချာသည်။ ကျလုကျခင် မျက်ရည်တွေကို မျက်တောင်ပုတ်ရင်း သိ လိုက်ရပါ၏။ ပြည်ဖုံးကားကြီးက တအိအိတက်နေပြီ မတင် လား။ ပြီးတော့ ဥဩသံအေးဆိုရမည့်အလှည့်။ ဥဩသံ က စိတ်ကိုငြိမ်အောင် စုစည်းလိုက်ပြီး သီချင်းပိုဒ်ဖွင့်

'မြပိတုန်းကေ××× အလှဆုံးခွေ××× ဘဝဆုံး'

www.burmeseclassic.com

www.burmeseclassic.com

သွေမပျက်ပါဘူး××× နှန်းဦးဖွားချစ်ရသူရေ××× သုံးရွေ့ကြော်ရှင်××× နဝရတ်ကုံး အမြတ်ဆုံးမို့ ချပ်ရုံးဆင်××× ကမ္ဘာတစ်ခွင် ဆုံးဆ နှုန်းမမျှ ဘုန်းဘုရားချစ်လင်×××'

ဥဩသံအေးက စောင်ကျားကြီးတွေခြုံပြီး သစ်တုံးကြီးတွေချထားသလို ထိုင်နေကြသည့်ပွဲကြည့်တွေကို ခပ်ဝါးဝါးသာ မြင်နေရသည်။ မျက်ရည်တွေကြောင့်ဖြစ်၏။ သီချင်းဆိုရင်း၊ ကရင်းမှာပင် စိတ်က ဇာတ်ခုံနောက်ကိုချည်း ရောက်နေခဲ့သည်။ မြောက်လေက ဆတ်ဆတ်တုန်အောင် တိုက်နေသည့်ကြားက မောသလိုလို၊ ဆိုသလိုလို ခံစားနေရသည်။ အဖေကြီး သီလဇာတ်က ဥဩသံအေးအဖို့ရာ စင်တော်ဖွင့် ဇာတ်ဖြစ်ခဲ့ရတာ မဟုတ်လား။ ကျေးဇူးရှင်တွေ စာရင်းထိုးရပြီဆိုလျှင် ငယ်ငယ်ကတည်းက တစ်တက်တစ်ဖဲ့ သင်ပေးခဲ့ကြသူတွေနှင့်အတူ တင်ရှိရသောကျေးဇူးရှင် ဖြစ်သည်။ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ ရှိသူဖြစ်သည်။ ဇာတ်သူဇာတ်သားမိန်းကလေးတွေအပေါ် နှမ်းတစ်လုံးစာသော်မှ အတို့အထိ၊ အကျောအတင် မရှိသူဖြစ်သည်။ ခါတော်မီ မောင်သီလဇာတ်အဖွဲ့ကြီး အောင်မြင်လာခြင်းနှင့်အတူ ပွဲကြည့်ပရိသတ်တို့၏ အားပေးမှုတိုးပွားလာခြင်းတွင် အဖေသီလ၏ လုံ့လဝီရိယ၊ အစီအမံအကွပ်အကဲကောင်းတာ အဓိကပင်။

ဥဩသံအေးက သူ့အခန်းပြီးသည်နှင့် မင်းသမီးဝတ်မချွတ်နိုင်သေးဘဲ ဇာတ်ခုံထောင့်က အဖေသီလ ခုတင်ရှိရာ ပြေးလာခဲ့သည်။ မင်းသား ရဲတင်းကလည်း မနာက်ကပါလာခဲ့သည်။ ခုတင်ဘေးမှာ ရွာလူကြီးတချို့နှင့် မင်းသမီးတွေ ဝိုင်းနေကြသည်။ ဇာတ်ထဲက ဆေးဆရာ ဦးကြာရံပင်မက ရွာက ဆေးဆရာလည်း ပင့်ထားပြီဆိုသည်။ အမေကြီး ပိတုန်းက ဥဩသံအေးကို လက်ကုတ်ပြီး ခေါ်လို့လိုက်လာခဲ့သည်။

'မောင်သီလတော့ ကိုယ်တစ်ခြမ်း လေဖြတ်သွားရာသယ်။ ပါးလည်း ရွဲသွားသယ်။ ကနေ့ည မှ အေးချက်ကတော့ အေ၊ မင်းသား နေ့လယ်က ခေါင်းလျှော်လိုက်သာပဲ မှားရော့လား။ ညဦးက ခါတော်မီ မောင်သီလဇာတ်နဖူးစည်း ဘုတ်ပြားပြုတ်ကျကတည်းက ငါမကြိုက်သာ။ နိမိတ် မကောင်းသာပေါ့အေ။ ငါ့သားကြီး ရတနာသုံးပါးဂုဏ်တော်ကြောင့် ကျန်းမာပါစေ ဆုတောင်းရသာပဲ။ ဟင်း... ဘာတွေဖြစ်လာဦးမယ် မပြောတတ်ပေါင်အေ။ ကိုင်း၊ ညည်းလည်း အဝတ်လဲတော့လေ'

ဘာတွေဖြစ်လာဦးမှာလဲ။ ဘာတွေကော ဖြစ်လာစရာရှိလို့လဲ။ အဖေကြီး မကနိုင်တော့ ရဲတင်း ကလိမ့်မပေါ့။ အမေကြီး ပိတုန်း ဘာတွေတွေးလို့ ဘာတွေပူနေတာပါလိမ့်။ အဖေကြီး ကျန်းမာရေးကို ပူတာလား။ အဖေကြီး ကျန်းမာရေး မကောင်းလျှင်သော်မှ ကျန်တဲ့လူတွေက ဇာတ်ကို ထိန်းကြရုံပေါ့။ ဥဩသံအေးက ဇာတ်ခုံတစ်နေရာမှာ ထောင်ထားသော 'ခါတော်မီမောင်သီလ ဇာတ်သဘင်အဖွဲ့' ဆိုသည့်နဖူးစည်း ဆိုင်းဘုတ်ပြားကို လှမ်းကြည့်လိုက်သည်။ ညဦးက ပြုတ်ကျသည့်နဖူးစည်း။ သူခေါင်းထဲ ဒိုချင်းတစ်ပိုဒ် ဖျတ်ခနဲရောက်လာခဲ့ပါ၏။

'ပူသမျှ မူစလို့တင် လိုက်မယ်××× ကမ္ဘာမီး ဗျာကြီးသူ ဒုက္ခဆွေးတာကာ××× အေးကွက်မလယ်××× သူရီယာခုနစ်စင်းကဲ့သို့ ပူမိတာ အလွန်ပြင်းပါဘိ××× ရင်တွင်းမှာ မလင်းနှယ် ××× ယွန်းကွယ်ပါလို့ သေခမန်း ××× ယခုလေ သမုဒ္ဒရောဝါဝင်းရယ်တို့××× လေးဖေကို အေးစေခြင်းရယ်နှင့် ××× အမယ်မင်း၊ နှင်းရေနဲ့ဖြိန်း'

သို့ပေသိ မမြဲခြင်းတရားကသာ မြဲခဲ့လေပြီ။ တစ်ဇာတ်လုံးက လေးဖေကို အေးစေချင်လို့ နှင်းရေနှင့်ဖျန်းသော်မှ မအေးနိုင်တော့ပြီ။ နောက်တစ်နေ့မှာ မြို့တက်ဆေးကုဖို့ဆိုကာ အဖေ သီလကို ခေါ်သွားကြပါ၏။ အားလုံးက မျက်ရည်နှင့်နှုတ်ဆက်ကြရုံကလွဲလို့ စကားမဆိုသာခဲ့ကြ။ ဥဩသံအေးကတော့ အဖေ သီလကိုမျှော်ပြီး ကားပေါ်တင်ကြတော့ ထိုင်ကန်တော့ရင်း ချုံးပွဲကြီးချင့်လိုက်မိတော့သည်။

❑

သည့် နောက် တော့ ဇာတ်အဖွဲ့ကို အဖေသီလ၏ ယောကျ်ဖ ဦးဇော်ညွန့်က ဆက်ထိန်းသည်။ နဖူးစည်း ဆိုင်းဘုတ်ကလည်း ပြောင်းခဲ့ပြီ။ ခါတော်မီမောင်သီလ စီမံအုပ်ချုပ်သော 'ပြည်လုံးကျက်သရေဇာတ်အဖွဲ့' ဆို သည့်စာလုံးတွေ နေရာယူလာခြင်းပင်။

ဇာတ်အဖွဲ့အနေနဲ့တော့ ပြက္ခဒိန်ပါ လက်ခံပြီးကား

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပွဲခွင်တွေကို လိုက်ကခဲ့ကြရသည်။ တစ်ညတစ်ခန်း ကိုယ်တိုင်ကလိုက်၊ ဆိုလိုက်ရမှကျေနပ်ရှာသူ မင်းသားကြီး အဖေသီလ မပါတော့ ဝါးစည်းပြေသလို လျော့ရဲလာခဲ့တာလည်း အမှန်ပင်။ တစ်ညနေမှာတော့ အမေ မပုတ်ကလေးကပင် ညည်းလာခဲ့ပါ၏။

'ဉာဿံအေး၊ တို့ဇာတ်က ပြည်လုံးကျက်သရေသာ ဆိုသယ်၊ ပြည်လုံးဝေးလို့ တို့ဇာတ်ထဲမှာတောင် ကျက်သရေ မရှိချင်တော့ဘူး။ ဇာတ်ထဲမှာတင် ပုလင်းထောင်ကုန်ကြပြီ။ ဖဲရိုက်နေကြပြီ။ မင်းသမီးကလေးတွေရဲ့ ခြင်ထောင်လှပ်သာတွေဖြစ်လာပြီ။ ဇော်ညွန့်ကလည်း အမူးသမား၊ ဩဇာဆိုလို့ နှစ်ပြားသားမှရှိတဲ့ကောင် မဟုတ်ဘူး။ ငါတော့အေ ကလို့သာကနေရသယ် တယ်မဟန်ချင်တော့ဘူး။ ငါတော့ အခြေအနေရာမကျရင် ရွာပြန်ပြီး ပဲနှတ်စားတော့မယ်အေ။ ပဲနှတ်ရင်း၊ ကြက်သွန်ဥတူးရင်း ဟိုကသည်က လာငှားတော့လည်းလိုက်ကရဲပေါ့။ ညည်းကတော့ ငယ်ပါသေးသယ်အေ၊ တစ်ဇာတ်မခေါ်၊ တစ်ဇာတ်ခေါ်မှာပါ။ ဒါပေသိ ပြေးလမ်းတော့ ကြည့်ထားပေါ့အေ'

'အဖေသီလသတင်း ဘာကြားသေးတုံး အမေပုတ်'

'အိပ်ရာပေါ်မှာပဲလို့ ကြားသယ်။ ဇာတ်တော့ မကနိုင်လောက်တော့ပါဘူး။ မင်းသား ကိုသီလမိန်းမ မသန်းရီက လည်း ဇာတ်တော့ မဖြုတ်လောက်ဘူးထင်သာပဲ။ မသန်းရီက ရိုးသယ်၊ ဇာတ်ကို မကိုင်နိုင်ဘူး'

'ကျုပ်ကတော့ ကျုပ်သဘောနဲ့ကျုပ် မထွက်ချင်ဘူး အမေ ပုတ်ကလေးရယ်၊ အဖေသီလ ကျေးဇူးရှိလို့ပါ။ အဖေက ပဲ ကျုပ်ကို သဘင်လားမြောက်အောင် ပျိုးထောင်ခဲ့သာ။ အဖေ ဝေဒနာခံစားရမှ ကျုပ်ကစပြီး ပစ်မသွားချင်ဘူး။ အမေ သန်းရီ ဇာတ်မဖြုတ်သရွေ့ပေါ့လေ'

'အေးပါအေ၊ ကြည့်ကြသေးသာပေါ့။ ငါကလည်း ရွာပြန်မြေမဆွချင်လို့ ကုတ်ကတ်နေခဲ့တဲ့မင်းသမီးပါဟဲ့၊ သဘောပြောသာပါ'

သည့်နောက်တော့ ပြည်လုံးကျက်သရေ ဇာတ်အဖွဲ့ဆိုသည့် နာမည်အရ ဇာတ်သစ်လိုဖြစ်သွားခဲ့ရာက အငှားအပြုန်းလာခဲ့သည်။ ထွက်သူတွေက ထွက်ကုန်ကြသည်။ ဝင်သူတွေက ဝင်ကြပြန်၏။ ဇာတ်ကိုခင်းကြပြီဆိုတော့လည်း သူလူနှင့်သူစာ ခါတိုင်းလို တည်မရဘဲ ရှိခဲ့သည်။ တချို့မြို့ငယ်၊ ရွာကြီးတွေကတော့ ခါတော်မီ မောင်သီလဇာတ်မှန်းသိကြလို့ မိတ်မပျက် ငှားကြတာတော့ရှိပါ၏။ မင်းသား ရဲတင်းနှင့် မင်းသမီး ဉာဿံအေးတို့အတွဲကြောင့် အစည်းမပြေပေသိ ဟိုတုန်းကလို မရုန်းနိုင်တော့ပြီ။ သည်တော့မှ ဦးဆောင်မင်းသားကြီးများ၏ တန်ဖိုးနှင့်အရှိန်ဩဇာကို ဉာဿံအေးနားလည်ရတော့၏။

ဇာတ်နားသည့်တစ်ရက်မှာဖြစ်၏။

ဝါခေါင်မိုးက အမေပေးလိုက်သော အသည်းပုံ ရွှေလည်သီးကို ထုတ်ကြည့်သည်။ လည်သီးကလေးက ရွှေသားအတိဖြစ်၍ နှစ်ခြမ်းစပ်ထားသည်။ နှစ်ဖက်စလုံးမှာ အသည်းပုံနှုတ်ခမ်းသားတစ်လျှောက် ကျောက်မွှင့်ကလေးတွေစီထားလို့ တဖျပ်ဖျပ်တောက်နေလေ၏။ နှစ်ခြမ်းစပ်ဆိုတော့ အားစုံကိုင်ပြီး ခွာလျှင်တစ်ခြမ်းစီ ကွာသွားသည်။ ပတ္တာမပါ အံကျစွပ်ဆိုတော့ ထပ်ခနဲ ဖိပိတ်လိုက်ရုံသာ။ အသည်းချိုင့်နေရာမှာ ကွင်းကလေးပါလို့ ဆွဲကြိုးမှာ ဆွဲနိုင်သည်။ သည်လည်သီးကို ချည်ထားသည့် ပိတ်စကလေးက ရှေးက ခေတ်စားသောရင်စည်းပဝါဟုဖြစ်၍ ခြင်ထောင်ဇာလို ဇာပေါက်ကလေးတွေ ပါပါ၏။ လည်သီးကလေးကို ပတ်မိရုံဆိုတော့ ဖြန့်ကြည့်မဖြက်က လက်သုံးလုံးလောက်၊ အရှည်က တစ်ထွာ မရှိတရှိ။ ဉာဿံအေးငယ်ငယ် တစ်နှစ်သမီးလောက်မှာ လည်သီးကလေးကို သည်အစကလေးနှင့် လိပ်ပြီး လက်ဖျံမှာ ချည်ပေးထားသတဲ့။ ပြီးတော့ညောင်ခါးဘုရားပွဲ ပွဲခင်းစပ်က လက်ပံပင်ပါးပျဉ်းခွက်ကျယ်ကျယ်ထဲမှာ အသာသိပ်ခဲ့သတဲ့။

အမေ ဘယ်သူလဲ။

ပိတ်စကလေးကိုကြည့်ပြီး အမေ မဗိုင်းတောင့်က ဇာတ်မင်းသမီးတစ်လက်လက်များ ဖြစ်နေရော့လားလို့ တွေးမိသတဲ့။ မဖြစ်နိုင်။ ဇာတ်ထဲက မင်းသမီးဆိုမှတော့ ကလေးတစ်ယောက်မွေးပြီး ဇာတ်ကလူတွေမသိအောင် အိုးပုတ်ဟောင်းလို့ လွှင့်ပစ်ခဲ့ဖို့ဆိုတာ ဖြစ်နိုင်ခြေ နည်းလှသည်။ ဖြစ်နိုင်စရာစဉ်းစားတော့ ရွာတကာက ဖုန်လုံးထောင်းထောင်း၊ လှည်းကျောင်းကျောင်း အုပ်မနိုင်၊ စည်းမနိုင်လာကြသည့် ပွဲကြည့်မိန်းမတွေထဲကဖြစ်လိမ့်မည်။ တစ်ရွာမှာ ကလေးလာပစ်တာမျိုးဆိုတော့ ဖြစ်ချင်လည်းဖြစ်နိုင်တာပဲ မဟုတ်လား။ တစ်ချက်စဉ်းစားမရတာက သည်လောက် တန်ဖိုးကြီးသည့် ပစ္စည်းကိုထားခဲ့မှတော့ ဥစ္စာရှိသူ မအေကိုယ်တိုင်က ဘာကိန်းကိုယ့်ရင်သွေးကို ကျီးထိုးကြွက်စား ပစ်ထားခဲ့ရတာတဲ့လဲ။ တွေးလေ အူချာပေါက်လေဆိုတော့ တစ်ခါတစ်ခါ ထုတ်ကြည့်ပြီးလေတိုင်း 'ထင်ပါရဲ့' လောက်နှင့် ပြီးခဲ့ရတာချည်းပင်။ နဂိုသိထားသည့်ဘဝ မဟုတ်ဘူးဆိုကာမှ အမေ မဇီးမကုတောင် လွမ်းမိသလိုလို။ သူဘဝအမှန်ကို အမေ မဗိုင်းတောင့်ဖွင့်မပြောခဲ့ရင်တောင် အကောင်းသား။ အခုတော့ ဉာဿံအေးဘဝက ပိုလို့ပင် စိတ်ရှုပ်စရာ ကောင်းနေပါရော့လား။ အို့ သူ့အမေက အမေ မဗိုင်းတောင့်ပဲပေါ့။ သည်လိုနှင့် စိတ်ကူးဖြတ်ချခဲ့ရပေါင်းတွေများခဲ့ပြီ။ သည်တစ်ခါတော့ ပြန်မသိမ်းတော့ဘဲ ဆွဲထားသည့်ဆွဲကြိုးကလေးမှာ တွယ်လိုက်သည်။ ဇာတ်မှာက လူသစ်အဝင်အထွက်တွေ ရှိလာပြီ မဟုတ်လား။ လည်သီးကလေးတဝင်းဝင်းနှင့်ဆိုတော့ အမေ မပုတ်ကလေးကပဲ စမေးလေ၏။

'အလို့၊ ဉာဿံအေးက မအေမသေခင် အမွေရစ်ပါပကောအေ၊ မကျားကြည်ဖြောဖူးလို့ ညည်းအမေအရောင်းသိရသယ်။ ငါလည်း တွေ့ဖူးလိုက်သားပဲ၊ ကြည့်ရမ်း ခွေး

www.burmeseclassic.com

www.burmeseclassic.com

မအေသာဆိုသယ်။ အကြော်ရောင်းပြီး ရွှေဆင်သာ မအံ့သြပေါင်အေ၊ ဆင်တဲ့လည်သီးက အဖိုးတန်လွန်းလို့ အံ့သြသာပါ'

'အမေ မဖိုင်းတောင့်က နဂိုကတည်းက ရှိခဲ့တဲ့ ရွှေတို့ရွှေစကလေးနဲ့ စုဆောင်းလို့ရတဲ့ပိုက်ဆံကလေးပေါင်းပြီး ပခုက္ကူရွှေဆိုင်မှာ သွားလုပ်သယ်ပြောသာပဲ အမေ ပုတ်ကလေးရဲ့၊ လှလို့လား'

'မလှဘဲလားအေ၊ ညည်း အမေ တောသူမက သည်လို တော့ မျက်စိရေးတတ်သားပါကော။ ဝမ်းသာလို့ ပြောသာပါ။ ဂရုစိုက်ပါအေရယ်။ ပျောက်သွား သမျှောစရာ။ တို့ဇာတ်ထဲက ဖဲဝိုင်း၊ ဂျင်ဝိုင်းက များပါဘိသနဲ့'

'အဲသာကြောင့် ထုတ်ဆွဲသာ အမေ ပုတ်ကလေးရဲ့'

သည်ဆွဲကြိုးနှင့် လည်သီးကလေးကို အမေကြီး ပိတုန်းကလည်း တဆဆလာကိုင်ကြည့်သည်။ မျက်လုံးမကောင်းတော့ မျက်လုံးနှင့် နီးနီးဆွဲယူကြည့်ခြင်းဖြစ်၏။ ဆင်စွယ်ကို နှစ်ဖက်ပိတ် စည်တိုပုံကလေးပွတ်ပြီး သူနားပေါက်မှာ ထိုးထားသည့် အမေကြီး ပိတုန်းက ပြုံးသည်။

'ညည်းလည်သီးနဲ့ ငါ့ဆင်စွယ်နားတောင်း လဲပါလားအေ။ ငါလိုချင်လို့ပါ။ နေပါဦးအေ့၊ ညည်းလည်သီးက ကျောက်ပွင့်ကလေးတွေပါသာတော့ ဟုတ်ပါရဲ့။ ဘယ်နလုံးပါသာတုံး'

'နှစ်ဖက်စလုံးမှာပါသာ အမေကြီးရဲ့။ တစ်ဖက်က အလုံးနှစ်ဆယ်၊ တစ်ဖက်က ဆယ့်ရှစ်လုံး'

'ဒါဆို ညည်းအမေ အသက်သုံးဆယ့်ရှစ်နှစ်မှာ လုပ်တဲ့ လည်သီးအေ့'

'အယ်တော်၊ အမေကြီးဘယ်လိုသိလို့ ဘယ်လိုပြောလိုက်သာတုံး'

'စိတ်ထင်ပြောရသာပါအေ။ တစ်ခေတ်က သည်လိုလည်သီးတွေ ခေတ်စားလှပေါ့အေ။ အဲသလိုပဲ ဘယ်အရွယ်မှာ လုပ်သယ်ဆိုသာသိအောင် ကျောက်ပွင့်ကလေးတွေ ထည့်ကြသာလေ့သယ်'

သည်တစ်ခါလည်း ဥဩသံအေး တွေရပြန်ပြီ။ တကယ် များဟုတ်နေရော့လား။ သည်လိုစဉ်းစားလို့လည်း မဖြစ်နိုင်ပြန်ပါ။ ကျောက်ပွင့်အရေအတွက်က လည်သီးလုပ်တုန်းက အမှေအသက် ဟုတ်ချင်မှဟုတ်မှာပေါ့။ လည်သီးပတ်လည် ကျောက်ပွင့်ကလေးတွေ ဆဲ့သလောက်စီထားတာကော မဖြစ်နိုင်ဘူးလား။ ဒါဖြင့် နှစ်ဖက်အရေအတွက် မတူတာကကော။ ဒါလည်း ကျောက်ပွင့်ချင်း အရွယ်မညီကြလို့ပေါ့။

'အဲသလိုတော့လည်း မဟုတ်နိုင်ပါဘူး အမေကြီးရယ်'

'ဟုတ်လောက်ပါသယ်အေ။ သုံးဆယ့်ရှစ်နှစ်ဆိုရင်တော့ မိန်းမသားများ သွေးမဆုံးသေးဘူး။ သားသမီး မွေးမယ်ဆိုဖြစ်သယ်'

သူရင်ဘတ်က လည်သီးကိစ္စက မိန်းမသားတွေ ဥတုပန်းပွင့်တဲ့အထိရောက်သွားလို့ ဥဩသံအေး ရယ်မိရသည်။ သည်

> ဘဝဆိုတာ
> တိုတောင်း
> လွန်းလှပါတယ်
> ဥဩရယ်
> တစ်လှည့်ကြုံရဖို့
> စောင့်ရမယ့်
> အချိန်တွေကသာ
> ကြာတတ်တာ
> များပဲ
> အစ်ကို့ရင်ထဲ
> ရှိတဲ့အတိုင်း
> ပြောချင်တာ
> ရှိတယ်'
> 'ပြောပါ အစ်ကို'
> 'စိတ်မဆိုးနဲ့
> ဥဩရယ်...
> အစ်ကို
> ပြောချင်တာ..'
> 'ပြောပါအစ်ကိုရဲ့၊
> ဥဩက
> ဘာလို့
> စိတ်ဆိုးရမှာလဲ
> အစ်ကို့စကားကို
> ဥဩ
> အမြဲ
> နားထောင်သူပါ

ဇာတ်ထဲမှာ အားလုံးလိုလိုက ဥဩသံအေးကို ချစ်ခင်ကြသည် ဆိုဦးတော့ အမေကြီး ပိတုန်းက အချစ်အခင်ပိုသည်ထင်မိသည်။ အမေကြီး ပိတုန်းက ဇာတ်အတွေ့အကြုံ ရှိသလို သက်ကြီးရွယ်အိုဆိုတော့ လောကအကြောင်း၊ ဓမ္မအကြောင်းကောင်းကောင်း သိသူဖြစ်သည်။ အထူးသဖြင့် ဘွားအေအရင်းလို အရိပ်တကြည့်ကြည့် ရှိတတ်ပါ၏။ သည်ဇာတ်ကဆင်းရင် ဘယ်သွားနေရမှန်း မသိပါဘူးအေလို့ ပြောဖူးပေသိ ဖြစ်လာမည့်အရေးတွေးပူပုံလည်း မရှိ။ ဥဩသံအေးက ကရကာနှင့် မေးသည့်အခါတိုင်း 'အသက်ကြီးလွန်းမက ကြီးတော့လည်း ဇရပ်နဲ့ရေအိုးစင်တွေ ပြည့်လို့ပါအေ'လို့ ခပ်ပေါ့ပေါ့ ပြောတတ်သည်။

နှစ်ကိုယ်တွေ့ တွေ့ကြုံခဲ့ဆိုလျှင်တော့ ရဲတင်းကိုယူအေ့လို့ စတတ်သည်။ ညည်းကို သည်ကောင်က ခုထိ ရည်းစားစကားမပြောသေးဘူးလားလို့ မေးတတ်သည်။

'အမေကြီး ပိတုန်းရယ် ကျုပ်ကခဲ့သမျှ ရွာတွေမှာ ကာလသားတွေက လေယာဉ်ပျံစာအိတ်ကလေးတွေနဲ့ ပေးကြတဲ့စာတွေ အများကြီး အမေကြီးရဲ့။ သူတို့ကို ခင်ပါမင်ပါဆိုတဲ့ စာမျိုးတွေပါသလို၊ ရည်းစားစာတွေလည်း ပါသာများသယ်။ ကျုပ်က လင်မလိုချင်ဘူးရယ်။ အမေမရှိတော့ရင်တော့ မပြောတတ်ဘူး။ အမေ့ကိုလုပ်ကျွေးချင်သေးသယ်။ အမေက ခုတောင် အကြော်ကလွဲ[illegible]

www.burmeseclassic.com

နိုင်တော့ဘူး။ ဇာတ်ထဲကိုခေါ်ပြန်တော့လည်း မလိုက်နိုင်ပါဘူးအေတဲ့၊ အမေကို သနားလို့ပါ'

'ညည်းရှပ်၊ ညည်းရည်နဲ့ လင်မလိုချင်ဘူးရယ်လို့အေ။ ညည်းနဲ့ငါ အရွယ်ချင်းလဲလိုက်ချင်ပါ့။ *'မသေရှဉ် ရွှေဘုံကြီးမှာလ၊ သစ်သီးနဲ့ ပွဲတော်တည်၊ ဖန်ခြယ်တဲ့ဝတ်လဲ၊ မွေးလို့ရယ်လို့ အုပ်လုံးစပယ်ကြိုင်တဲ့၊ မြကေနိုင်မင်္ဂလာညလဲကို ရှင်းမယ်ကြဲဆဲ'* ဆိုသာ စံပယ်နဲ့မွေးတဲ့ဆံပင်အုပ်လုံးကြီးနဲ့ လှနေသာကို ညည်းက ဘန်းကုပ်ရွက်ချင်သာကောအေ့။ ညည်းတို့ မငယ်ကြတော့ဘူး။ လင်ယူသာ ဘုန်းကြီးကျောင်းသားများဟင်းနှီက်သလို လက်မြန်ရသယ်ဟဲ့၊ တစ်ဖက်က မလှုပ်ရင်တောင် မိန်းကလေးဆိုသာ မာယာရှိရသယ်'

အမေကြီး ပိတုန်းက အတည်လိုလို၊ အရွှတ်အနောက်လိုလို ပြောတတ်လို့ အလေးအနက်ရယ်လို့တော့ မထားမိတာများသည်။ ပြောသာပြောရတာပါလေ။ အသက်အရွယ်က ရင်ခုန်ရသည့်အရွယ်ဆိုတော့ သဘာဝကို မလွန်ဆန်သာတွေလည်း ရှိခဲ့ဖူးသည်ပင်။ အထူးသဖြင့် သွေးငှက်ကို လှပအောင် တသသရှိတတ်သူ၊ အင်္ကျီလည်ကတုံး ဖြူဖြူစင်စင်ဝတ်တတ်သူ၊ ကျေးတစ်ရာပုဆိုးညီညီနှင့် ပခုက္ကူဖိနပ်ကို မက်ရေစက်ရေရှိသူ၊ စကားပြောဟာ့ မွန်မွန်ရည်ရည်ရှိသူ သည်မင်းသားဆီက တစ်ခုခု မျှော်လင့်မိတာမရှိ မဟုတ်။ ရှိခဲ့ပါ၏။ ဒါပေမဲ့ နာမည်ကသာ ရဲတင်း၊ နှုတ်က မရဲတင်းလေတော့ ကောင်းကင်က ကျလာမည့် မိုးကို မျှော်ရသည့် လယ်ကောလို ရှိရတာများပြီ။ အမေကြီး ပိတုန်းက မိန်းကလေးဆိုသာ မာယာရှိရသတဲ့။ ဘယ်လိုမာယာပါလိမ့်။ ရေလာမြောင်းပေးလုပ်ရတာကိုပြောတာများလား။ သည်လိုတော့ ဉာဩသံအေးအဖို့ရာ ရေတစ်သွယ် စီးပါ့မယ့်အရေး ဘယ်တော့မှ မြောင်းတူးဖြစ်လိမ့်မည်မထင်။ တစ်ခါမှာတော့ မြောင်းမပေးဘဲ ရေဆင်းလာခဲ့လို့အံ့သြရသည်။ မင်းသားရဲတင်း အနားလာထိုင်ခြင်းဖြစ်၏။

'ဉာဩရယ်၊ အစ်ကိုတော့ လာမယ့်နှစ် ဇာတ်ပြောင်းဖို့များပြီ။ မင်းသား ဖေတင်ကြိုင့်ဇာတ်ကိုကူးဖို့ အမေက လူကြိုနဲ့စာပို့သယ်။ မင်းသားကြီး ဖေတင်ကြိုင်က အမေလိုက်ခဲ့ဖူးတဲ့ဇာတ်ဆိုတော့ ညည်းသား ငါ့ဆီလွှတ်လိုက်လို့ ပြောသတဲ့'

'အစ်ကို့အမေက ဘယ်သူတုံး။ မင်းသမီးပဲလား၊ အမေမာယာကြည်ပြောဖူးသာတော့ အစ်ကိုတို့က သဘင်မျိုးရိုးတွေဆို'

'ဟုတ်တယ်ဉာဩ၊ အဖေက မင်းသားကြီးပါ။ မင်းသားစိန်မှန်တဲ့ နတ်မောက်နယ်ဘက်က။ မရှိရာတော့ပါဘူး။ အစ်ကို သုံးလေးနှစ်သားလောက်က ဆုံးရှာသာပါ။ အမေက မင်းသမီးကြီး မခက်တင်တဲ့။ အစ်ကိုတို့မှာ အဖေတူ အမေကွဲ မွေးချင်းတွေရှိပေမဲ့ အစ်ကိုကတော့ အမေကမွေးတဲ့ သားတစ်ယောက်တည်းပါ။ အစ်ကိုကြီးက ဆိုင်းဆရာ၊ အစ်မတွေက မင်းသမီးကခဲ့ကြဖူးပေမဲ့ အရှည်မပါကြပါဘူး'

'အစ်ကိုကကော ဇာတ်ပြောင်းမယ်ပေါ့။ ကျုပ်ကတော့ ကျောက်ဆူး မနုတ်နိုင်သေးပါဘူးအစ်ကိုရယ်'

'အစ်ကိုလည်း အမှေစာရလို့ဖတ်ရသာ ရှိသာပါ။ မှန်သာပြောရရင် ဉာဩနဲ့ခွဲခဲ့ရမှာ မဝံ့သာလည်းပါပါသယ်'

'ဒါတော့ မဆိုင်ပါဘူးအစ်ကိုရယ်၊ လူဆိုသာ ကိုယ့်တက်လမ်းကိုယ်ရှာပြီး ကိုယ့်ခရီးကိုယ် သွားရသာချည်းပါအစ်ကို။ အစ်ကိုနဲ့ကျုပ် ကံသင့်ရင် တစ်ပွဲမကြဲ၊ တစ်ပွဲကြဲ၊ တစ်ဇာတ်မကြဲ၊ တစ်ဇာတ်ကြဲ၊ ကြဲကြဦးမှာပါ'

'ဘဝဆိုတာ တိုတောင်းလွန်းလှပါတယ် ဉာဩရယ်။ တစ်လှည့်ကြဲရဖို့ စောင့်ရမယ့်အချိန်တွေကသာ ကြာတတ်တာမျိုးပဲ။ အစ်ကို့ရင်ထဲရှိတဲ့အတိုင်း ပြောချင်တာရှိတယ်'

'ပြောပါအစ်ကို'

'စိတ်မဆိုးနဲ့ဉာဩရယ်...အစ်ကိုပြောချင်တာ..'

'ပြောပါအစ်ကိုရဲ့၊ ဉာဩက ဘာလို့စိတ်ဆိုးရမှာလဲ။ အစ်ကို့စကားကို ဉာဩ အမြဲနားထောင်သူပါ။ ရင်ထဲ ရှိသာပြောပါ အစ်ကို'

'အစ်ကို ပြောမထွက်ပါဘူးလေ။ တစ်ချိန်ချိန်တော့ အစ်ကိုပြောပါ့မယ် အခုတော့...'

'ဉာဩနာလောက်မယ့် စကားမို့လားအစ်ကိုရယ်။ အစ်ကိုနဲ့ ဉာဩကြားမှာ မပြောသာတဲ့စကား ရှိသေးလို့လား။ အစ်ကို့သဘောပါလေ။ ငိုချင်းတစ်ပုဒ်ထဲကလိုပေါ့ *'ဖြစ်ရုံ တုန်ပါဘိ နှလုံး၊ ဘယ်သင်းဘယ်လိုဖြစ်သယ်လို့ စနစ်ကုန်ပြန်လှန်နော လို့ရယ်ရှင် မြော်နေပါဦး'* ဆိုသာလေ။ အစ်ကိုပြောနိုင်ပြီဆိုတဲ့တစ်နေ့ ဉာဩကို ဆက်ဆက်သာ ပြောလှည့်ပါ။ နေရိုးဖန်ရီတောက်ချိန်အထိပေါ့လေ'

သည်လောက်နှင့်ပြီးခဲ့ရသောစကားတွေကို ရည်းစားစကားရယ်လို့ ဉာဩသံအေး မတွေးတတ်နိုင်အောင် ဖြစ်ခဲ့ရပါ၏။ မိန်းမသားဆိုတော့လည်း သိလိုက်တာမှ။ မပြောဘဲ ချန်ခဲ့သည့်စကားတွေကို ကုတ်နှင့်ကော်ထုတ်လိုက်ချင်စမ်းပေသိ။

'ရေညီညီကမ်းသောင်ဦးမှာလ သည်ဖောင်ကိုချည်ဆောင်ဖို့ ခက်လှချည့်' ဆိုတော့လည်း ကိုယ်တော့်သဘောပေါ့ရှင်။ တကယ်လည်း မင်းသား ရဲတင်း ဆိုင်းမဆင့်၊ ဗုံမခေါက်မအေခေါ်ရာနောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့သည်ပင်။ ဇာတ်ရာသီမကုန်ခင်မှာပင် လိုက်သွားခဲ့ခြင်းဖြစ်၍ ဉာဩသံအေး မရှိသခိုက်ဆိုတော့ လူချင်းနှုတ်ပင် မဆက်လိုက်ရတာကလည်း ဘဝ၏ဆန်းကြယ်သော အကြောင်းများလား၊ ကိုယ့်ကိစ္စအသာထားလို့ ဇာတ်မှာ မင်းသား ရဲတင်း မရှိပြန်တော့ ဉာဩသံအေးအဖို့ရာ အတွဲဖျက်ခဲ့ရသည်။ ပြည်လုံးကျွတ်သရေဇာတ်အဖွဲ့မှာ ယိုယွင်းမှုတွေ များသည်ထက်များလာခဲ့သည်။ ရုန်းဖော်ရုန်းဖက် မရှိပြန်တော့ ဉာဩသံအေးကိုယ်တိုင် စိတ်တွေပြိုကျခဲ့ရတာလည်း အကြိမ်ကြိမ်ပင်။ လောင်းကစားပြဿနာ၊ ခိုက်ရန်ဖြစ်ပွားခြင်းပြဿနာ၊ ငွေကြေး မှားမလင်းပြဿနာ၊ လူမှုရေးပြဿနာ စသည့် ပြဿနာပေါင်းကလည်း စိတ်မချမ်းသာစရာ ကောင်းလှပါ၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတော့ ဇာတ်ခေါင်းကွဲစရာ အကြောင်းဖန်လာခဲ့လေသည်။

❑

ဇာတ်ခေါင်းကွဲကြပြီဆိုသည့်စကားက တိုတောင်းလှပေသိ၊ ထိုအဖြစ်၏နောက်ဆက်တွဲဖြစ်သော ပျက်ရသည့်ဘဝတွေ၊ ကစဉ့်ကလျားဖြစ်ရသည့်အဖြစ်တွေကတော့ အရှုပ်ဆိုးလှပါ၏။ ဇာတ်ခေါင်းကွဲရသည့်အဖြစ်က ဘေးကြောင့်မဟုတ်ဘဲ ရန်ကြောင့်ဖြစ်ခဲ့ရသည်။ ရန်ကြောင့်ဖြစ်ရသည့် ဘေးလို့တော့ ဆိုနိုင်ပါ၏။ ဇာတ်ခုံမကို တစ်ဖက်တစ်ချက်အဖီချထားသည့် လင်းနို့တောင်အတွင်းဘက်ထောင့်မှာ လူမမြင်၊ သူမမြင်ဖဲဝိုင်း တစ်ဝိုင်းက အမြဲရှိသည်။ မနက်ဘက် ပွဲသိမ်းပြည်ဖုံးကားချပါပြီဆိုကတည်းကစသည့် ဖဲဝိုင်း ညနေဘက် ပွဲမီးထွန်းတော့မှ သိမ်းလေ့ရှိ၏။ ဇာတ်သူဇာတ်သားချင်း ကစားကြရာက အပြင်လူတွေပါ ပါလာတတ်သည့်ဖဲဝိုင်းဖြစ်သည်။ တချို့ပွဲက ပွဲကြီး။ ပွဲအုပ်ချုပ်သူ မင်းသားကြီး မောင်သီလ၏ ယောကျ်ဖ ဇော်ညွန့်ကိုယ်တိုင်က အကောက်အစားယူတာဆိုတော့ တားမြစ်သူ မရှိ။ ဇာတ်ဆိုင်းဆရာ စိန်ကျော်ဌေးက အခါခါ တားပေသိ၊ ဇော်ညွန့်က နားမဝင်။

ဇော်ညွန့်က 'ဆိုင်းဆရာ၊ ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ညနေဘက် ကရောင်းရိုက်ဖို့သာ လုပ်စမ်းပါ' လို့ပင် အငေါတူးတတ်တော့ အခက်သား မဟုတ်လား။ ဇာတ်ထဲမှာပဲ ငွေမျှောလို့ ငွေနဲ့လိုက်ကြရာက မနက် မိုးလင်းလို့ ဖဲဝိုင်းစမည့်အချိန်ကို မျှော်သူများပြီ။ နိုင်လို့စီးပွားဖြစ်သူ မရှိဘဲ၊ လုံးပါးပါးသူတွေများလာတော့ ဇာတ်ထဲမှာ အပျောက်အရှုတွေလည်း ရှိလာသည်။ မတန်တဆအတိုးနှင့် ငွေချေးငွေယူတွေ ရှိလာသည်။ ပိုင်သမျှ ပစ္စည်းသိမ်းတာတွေ ဖြစ်လာသည်။

ဒီလိုနှင့် ထိုတစ်ရက်မှာ လူရိုက်ပွဲဖြစ်ခဲ့သည်။ အရိုက်ခံရသူက အပြင်လူ။ ဇာတ်ခုံရှေ့ သွေးရဲရဲမှောက်ခုံလဲနေသူကို အကြောင်းပြု၍ ဇာတ်နှင့်ရွာ ရိုက်ကြ၊ နှက်ကြဖြစ်ခဲ့သည်။ ရန်းရင်းဆန်ခတ်ဖြစ်နေသည့်ကြားက ဇာတ်ခုံနောက်ဘက် ထန်းလက်မိုးပေါ်ကျလာသည့် မီးကွင်းကြောင့် မီရာ၊ ရရာဆွဲပြီး ထွက်ပြေးကြရသည်။ ဇာတ်ပစ္စည်း အတော်များများ ဆုံးရှုံးခဲ့ရသလို တစ်ဦးချင်းပိုင်သည့်ပစ္စည်းတွေလည်း မီးလောင်ခံကြရပါ၏။ ကျန်ကောင်းကျန်ရာပစ္စည်းတွေ ထုပ်ကြ၊ သိမ်းကြရင်း ထိုရွာမှာပဲ ငုတ်တုတ်ထိုင်ကြရုံကလွဲလို့ အခြားမရှိသည့်အခြေအနေဖြစ်လာတော့ ရွာခံလူကြီးများကပဲ စောင့်ရှောက်ခဲ့ကြသည်။ ရွာဘုန်းကြီးကပဲ ထမင်းကျွေးထားလို့ ရှေ့ခရီး စဉ်းစားနိုင်ခဲ့ကြပါ၏။

ဥဩသံအေးအဖို့ရာလည်း မထူးလှပါ။ စဉ်းစားရပြီ။ ဘယ်သွားမှာလဲ။ ဘာလုပ်မှာလဲ။ နောက်ရက်မှာ သတင်းကြားနှင့် ရောက်လာသည့် မင်းသားကြီး မောင်သီလ၏ ဇနီးဖြစ်သူ အမေသန်းရီက ဇာတ် ဖြုတ်ရတော့မည့်အကြောင်း ပြောသည်။ ဇော်ညွန့်အချိုးနှင့် နဂိုကလည်း စဉ်းစားထားပုံရပါ၏။ သို့သော် ခရီးရောက် မဆိုက်ပင်ပြောလာတော့ လူတိုင်းအုံသြရသည်။ လောလောဆယ်မြို့က ဇာတ်ထောင်ရာ သူအိမ်မှာ ခေတ္တခိုနိုင်ကြောင်း၊ လိုက်ချင်သူတွေ လိုက်ခဲ့နိုင်ကြောင်း၊ ဇာတ်ကိုပြန်ထောင်ဖို့ အင်အားမရှိတော့လို့ ကိုယ့်လမ်းကိုယ် သွားချင်သူရှိတော့လည်း သွားနိုင်ကြောင်း၊ ကြိုသုံး(ကြိုတင်သုံးငွေ)ထုတ်ထားကြသူတွေ အဖို့ရာလည်း ပေးဆပ်ရန်မလိုတော့ကြောင်း မျက်ရည်တွေကြားက ပြောရှာပါ၏။

'အစ်မကြီး ဝိတုန်းတော့ ကျုပ်တို့နဲ့ လိုက်နေလှည့်။ အစ်မကြီးတစ်သက် ကျုပ်ကျေးပါ့မယ်။ ဒေါ်ပြားကော ဘယ်လိုစဉ်းစားတုံး'

'ကျုပ် ရွာပြန်မှာပါ။ မသန်းရီတို့အိမ် တစ်ရက်နှစ်ရက်ခိုပြီးမှ ပြန်မယ်'

'ရပါသယ်၊ ဥဩမ၊ ညည်းကော'

'ကျုပ်လား'

အမေသန်းရီက တစ်ယောက်ချင်း သဘောထားတွေလိုက်မေးနေချိန်မှာ ဥဩသံအေးလည်း စဉ်းစားပြီ။ ကနဦးတုန်းကတော့ အမေပုတ်ကလေးနှင့် လိုက်နေဖို့ စဉ်းစားထားသည်။ ရွာကိုလည်း အကြောင်းဆိုးနှင့် မပြန်ချင်တော့ပြီ။ အခုတော့ အမေ သန်းရီက ဥဩသံကော ဥဩမဆိုမှ မြို့ကိုလိုက်သွားဖို့ အခွင့်သာပြီဆိုတော့ လိုက်ချင်တုန်း လက်တို့ဖြစ်ရသည်။ ဥဩသံအေးက အသုံးရုပ်လို့ များများထုတ်ထားတာ မရှိတော့ ရကောင်းရရာ ရစရာ လေးလိုက်တောင်းရင်း ငြိမ်ဟာ

ဇာတ်ခေါင်းကွဲသည် ဆိုသည့်စကားကို ကိုယ်တိုင် ကြုံရတော့မှ ကောင်းကင်က မိုးကြိုး ပစ်လိုက်သလို အစိတ်စိတ် ကွဲကြ ရတာပါလားလို့ သိရတော့သည် သည်ရွာကပဲ ကိုယ့်ဆုံးဖြတ်ချက် နှင့်ကိုယ် အရပ်ရစ်မျက်နှာ အသီးသီး ထွက်ခွာသွားကြ တာကလည်း တရားရစရာ ကောင်းလှသည်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ခိုမည်။ မြို့ဆိုတော့ ဟိုနား၊သည်နား ချိကောက်ကလေးတွေ လိုက်နိုင်မည်။ သင့်တော်ရာဇာတ် တစ်ဇာတ်ဇာတ်ကိုလိုက်ဖို့ စုံစမ်းမည်။

'ကျုပ် အမေ သန်းရီနဲ့ လိုက်ခဲ့မယ်၊ ရာသီကျွတ်တဲ့ အထိတော့ နေချင်သယ်၊ နောက်နှစ်တော့ ရောက်ရားပေါ့တော်'

'ညည်း အဖေကြီးက မကျန်းမာလေတော့ ဘာသာချက် ပြုတ်စားနိုင်ရင်နေရုံပေါ့၊ လူအလိုတော့အေ ကြိုက်သလောက် နေပါ'

သည်လိုနှင့် ဥဩသံအေး မြို့ကို ပါလာခဲ့ရသည်။ ဇာတ်ခေါင်းကွဲသည်ဆိုသည့်စကားကို ကိုယ်တိုင်ကြုံရတော့မှ ကောင်းကင်က မိုးကြိုးပစ်လိုက်သလို အစိတ်စိတ် ကွဲကြရ တာပါလားလို့ သိရတော့သည်။ သည်ရွာကပဲ ကိုယ့်ဆုံးဖြတ် ချက်နှင့်ကိုယ် အရပ်ရှစ်မျက်နှာ အသီသီး ထွက်ခွာသွားကြ တာကလည်း တရားရစရာ ကောင်းလှသည်။ မနေ့တစ်နေ့ ကပဲ ဇာတ်ခုံကိုအိမ်အမှတ်နှင့် စုစုရုံးရုံးနေခဲ့ကြတာ မဟုတ် လား။ ဇာတ်သူဇာတ်သားတွေအဖို့ရာ အနာဂတ်ဆိုတာ သိပ် ဝေးဝေးလံလံ မဟုတ်။ သည်ကြားထဲက မင်းသား ရဲတင်းကို ဖျတ်ခနဲ သတိရလိုက်မိသေးသည်။ သူကော ဇာတ်ခုံပေါ်မှာ ပဲလား။ မလွမ်းလှပေသိ တစ်ခါက နေ့ရက်တွေကို အောက်မေ့ မိရပါ၏။ ရဲတင်းနှင့် ဥဩသံအေး အတွဲညီလိုက်ပုံများ။ ဘာ ဇာတ်ထွက်ထွက်၊ ဘယ်လိုကက ပရိသတ်က ကြိုက်လိုက်ကြ တာရယ်လို့ ပရိသတ်နှုတ်ဖျားက မချခင်မှာပင် လက်တွဲပြုတ် ကြရသည်။ ဘယ်လို ကဲကြမ္မာလဲလို့တောင် မသိတတ်နိုင် တော့။ အခုတော့ ချိပါနှင့်ပခန်း အလှမ်းဝေးရတာများပါလား။

'ဥဩသံအေး၊ ဟိုရောက်ရင် သိပ်ကြာကြာသောင်တင် မနေနဲ့ ကြားလား၊ ညည်းအရည်အချင်းနဲ့ ဇာတ်တစ်ဇာတ်ဇာတ် ကိုရောက်အောင်ကူး။ ဒီကြားထဲ ငါလည်း စုံစမ်းပေးမယ်။ ချိတ်မိတာနဲ့ ညည်းကို ငါ လာခေါ်လှည့်မယ်။ ငါတော့ ရွာ မပြန်သေးဘူး။ ရွာပြန်လည်း ထမင်းတစ်လုတ် ပဲနုတ်စားရမှာ အေ့၊ သားသမီးတွေ၊ မြေးတွေလုပ်ကျေးရမှာ ပိုလိမ့်ဦးမယ်။ ငါ့တစ်ဝမ်းတစ်ခါး ဇာတ်ထမင်း၊ ဇာတ်ဟင်းစားလို့ရပါသယ်။ တစ်ခုပဲ ညည်းကို ငါမှာချင်သာ ညည်း မင်းသမီးဆက်ဖြစ်ချင် သယ်ဆိုရင်တော့ ညည်းသဘောပေါ့အေ၊ နို့မဟုတ်ရင်တော့ ညည်းရွာကို ညည်းရောက်အောင်ပြန်ပါ ငါ့တူမရယ်'

အမေ ပုတ်ကလေးက သည်လိုနှုတ်ဆက်တော့ ဥဩသံအေး မျက်ရည် မဆည်နိုင်ခဲ့။ သူ့ကို ရွာကနေခေါ်လာပြီး ငါးနှစ်လောက် သူတတ်သမျှ၊ မှတ်သမျှ မင်းသမီးပညာတွေကို ဆရာစားမချန်သင်ပြပေးခဲ့သော ဆရာဆိုလည်းဟုတ်၊ အမေဆိုလည်း ဟုတ်သည့် ကျေးဇူးရှင် မဟုတ်လား။

အဖေသီလတို့အိမ်ရောက်တော့ အဖေကြီး ကောင်း ကောင်းကျန်းမာနေတာ တွေ့လိုက်ရလို့ ဝမ်းသာရသည်။ လူတွဲ နှင့် လျှောက်နိုင်၊ လှမ်းနိုင်ပြီ။ စကားကို တုံ့ဆဆပြောနိုင်ပြီ။ ဇာတ် ပြန်ကဖို့တော့ မဖြစ်နိုင်တော့ပြီ။ အဖေသီလကိုတွေ့ တော့ စည်စည်ဝေခဲ့သော ပွဲခင်းရက်တွေကို မြင်ယောင်ရင်း ငိုမိရပါ၏။ အမေကြီး ပိတုန်းနှင့် ဥဩမပါလာလို့ အဖေသီလ က ဝမ်းသာသတဲ့။ အမေ သန်းရီကလည်း အများရှေ့မို့ ဘာ သာချက်ပြုတ်စားနိုင်ရင် လိုက်ခဲ့ပြောရပေသိ တို့နဲ့ တစ်ဆိုး တည်း စားပါအေ မချက်ရပါဘူးလို့ ပြောရှာပါသည်။ နှစ်ရက် သုံးရက်လောက်မှာ ဆိုင်းပစ္စည်းတွေ ပြန်ရောက်လာသည်။ ဆိုင်းက ဇာတ်ပိုင်ဆိုင်းဆိုတော့ စိန်ကျော်ဌေးကိုယ်တိုင်က လာအပ်ခြင်း ဖြစ်သည်။ လူရွှင်တော် ကိုတက်တူရော ကိုဒန်ချိုင် ပါပါလာလို့ ထိုညက အမေ သန်းရီနှင့်ရှေ့ရေး တိုင်ပင်ကြပါ ၏။ စိန်ကျော်ဌေးတီးနေသည့်ဇာတ်ဆိုင်းကို ဆိုင်းကြီး၊ ဝိုင်းကြီး လှလှပပဖြင့် ညည့်ခံဆိုင်းထောင်ဖို့၊ လူရွှင်တော်နှစ်ယောက်ကို ဆိုင်းနောက်ထလုပ်ဖို့တိုင်ပင်ကြတော့ အကြမ်းအားဖြင့်သဘော တူကြသည်။ ဥဩသံအေးကိုလည်း အမေသန်းရီတို့ကိုတစ်နှစ် တစ်ဝါ ကူပါဦးဆိုလေတော့ မငြင်းသာပြန်။ ဆိုင်းပွဲရှိတော့ ဆိုင်းပွဲနှင့်ဆို၊ မင်းသမီးချည်း အရပ်ပြဇာတ်လို၊ ဇယင်ကျူးလို့ ချီကောက်ငှားတော့လည်း လိုက်ကနိုင်ဖို့ အမေသန်းရီက စီစဉ် ပေးမည်ဆိုပါ၏။ ဥဩသံအေးအဖို့ရာ သစ်မရခင်စပ်ကြား ဝါးပေါင်းကွပ်ဆိုတာလို ကျေးဇူးရှင်များက အကူအညီတောင်း လာတော့ တစ်နှစ်တစ်ဝါကူဖို့ ဆုံးဖြတ်လိုက်ရပါ၏။

BURMESE CLASSIC

ဥဩသံအေးက သူ့အတွက် နေရာပေးထားသည့် အိမ် အပေါ်ထပ် ထောင့်ခန်းမှာ နေလိုက်သည်။ ဇာတ်ခုံမှာတုန်းက ရရာမိရာ ဆွဲဖြတ်ခဲ့သည့် တင်းထိမ်ကြေးတွေကို ထောင့်လေး ထောင့်ကြိုးပစ်ပြီးကာလိုက်သည်။ အဖေသီလတို့အိမ်က တိုက် ခံအပေါ်က ပျဉ်ကာအိမ်ကြီးဖြစ်၍ ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ အမေကြီး ပိတုန်းကတော့ တက်ရ၊ ဆင်းရလွယ်အောင် အောက်ထပ်မှာပဲ နေရှာသည်။ တိုက်ခံအိမ်သားက ဇာတ် ပစ္စည်းတွေထားသည့် အခန်းထဲမှာ ခုတင်တစ်လုံး ထိုးပေး ထားခြင်းအားဖြင့် စားချိန် စားလိုက်၊ အိပ်ချိန်အိပ်လိုက် နေသူ ဖြစ်၏။ ပျင်းလွန်းတော့ အိမ်မကြီးပေါ် တက်လာတတ်သည်။ ဥဩသံအေးက အမေကြီး ပိတုန်းတက်လာပြီဆိုသည်နှင့် စကားတစ်ခွန်းသီချင်းတစ်ပုဒ်၊ အတွေ့အကြုံတစ်မျိုးမျိုး အောင်ယူလေ့ရှိ၏။ အမေကြီး ပိတုန်းကလည်း သူတို့ငယ်ဘဝ သမစဉ်(သမားစဉ်)တွေကို ပြောပြတတ်သည်။

'နတ်ကတော်ထွက်မှ ဗောင်းဆောင်း၊ ရုံပန်းထည်ကြီး ရင်ဘတ်စည်းပြီး ထကရသာမဟုတ်ဘူးအေ့။ အမေရေယဉ် အမေဂျမ်း၊ ပုပွါးမယ်တော်၊ ရွှေကိုင်းမယ်တော်ရယ်လို့ ဆိုင်တဲ့ ဇာတ်ထုပ်တွေရှိလာရင် ဆိုင်တဲ့အလုပ်လုပ်တတ်ရသယ်။ နတ်ကတော်ခန်းမှာတော့ တောင်ပြန်းမင်းနှစ်ပါးအဘ မင်းကျော်စွာကတော့ မပါမပြီးပေါ့အေ၊ ပုပွါးမယ်တော်ပင်ပြီဆိုပါတော့အေ။ *'ပုပွါးသေလာ ဝေဆာမြန်း ဒေဝါမြန် ယက္ခာ××××လေသာဖျန်းလို့ သက်ပါသော် ကရမက်မာ ကြိုင်သင်း ဟင်း ဟင်း××× သီးစုံနှောလို့ မုန့်ပွဲခဲ့ရာ ပုပွါးမယ်တော် ကြွလှမ်းပါတော့ဘုရား'*

www.burmeseclassic.com

www.burmeseclassic.com

အဲသလို ချလိုက်သာလည်းရှိတယ်။ မဟုတ်ဘူး။ ယိုးဒယားသံကလေးနဲ့ ဆက်ချင်တယ်ဆိုလို့ရှိရင် အသံကိုမချတော့ဘူး။ တင်ထားလိုက်သာ ဆိုင်းကသိပြီ မပိတုန်းတော့ ယိုးဒယားဘက်ကူးတော့မယ်ကိုး။ သည်တော့ ဆိုင်းက 'တယ်ဗျော်'လို့ ယိုးဒယားချီအသံနဲ့ပို့သယ်။ ဆိုင်းက မချိုးရင် အမေကြီးက ပါးစပ်ကနေ တယ်ဗျော်၊ တယ်ဗျော်နဲ့ ဆိုင်းဆရာကို အော်သာပဲ မချိုးမချင်း။ အမှန်ကတော့အေ နတ်ကတော်က ယိုးဒယား မကရပါဘူး၊ ပွဲဒုတိယညမှာတော့ အပျိုတော်ထွက်သယ်။ ဒါဆိုရင်တော့ အညာက်ကလေးကချင်လို့၊ အယဉ်ကလေးကချင်လို့ဆို ဟုတ်သေးရဲ့။ ဒါပေသိအေ နတ်ကတော်ထွက်လို့ တချို့ ပွဲဦးညတွေမှာ ဆိုချင်ဆိုသာပဲ။ လမိုင်းများစီးရင် မမောဘူး။ ပါးစပ်ကလည်းစီးနေသာ စိတ်က တိမ်တွေထဲရောက်နေတော့သလို လွင့်နေသာပါအေ၊ မယုံမရှိပါနဲ့။ ဇာတ်ဆရာကသိသယ်။ ဒါရိုးရိုးသားသား မဟုတ်တော့ဘူးဆိုသာကို။ အမေကြီးတို့ခေတ်တုန်းက ငွေတစ်ဆယ်ဆိုသာရလှပေါ့။ ဇာတ်ဆရာက တစ်ယောက်ယောက်ကို ငွေတစ်ဆယ် ရင်ဘတ်သွားထိုးပြီး လမိုင်းစီးနေတဲ့နတ်ကို တောင်းပန်ချေခိုင်းတော့သာ။ တကယ်လည်း အဲသလိုလာသတိပေးတော့မှ အသိပြန်ကပ်သယ်။ အမြဲတမ်းတော့ မဟုတ်ဘူး၊ တစ်ခါတစ်ခါတကယ်ဖြစ်သာ။ ဆိုင်းနဲ့ နတ်ကတော် အပေးအယူအချိုးကျရင် ပရိသတ်ကလည်း အင်မတန် ကြိုက်သာကိုး'

'အမေကြီး ဝိတုန်းက တကယ် နတ်လမိုင်းစီးသာလား။ အဲလိုဖြစ်ဖူးသယ်ပေါ့'

'ဖြစ်ဖူးပြီလားအေ၊ တောင်သာဘက်မှာကတုန်းက ဖြစ်ခဲ့သာ။ အမေကြီး အသက်လေးဆယ်ကျော်ကျော် အမေကြီးက နတ်ကတော်ထွက်တော့မယ်ဆိုရင် ဇာတ်က ဘုရားစင်မှာ ကန်တော့သယ်။ ဆိုင်ရာနတ်တွေကို မေတ္တာပို့သယ်။ ဝမ်းတစ်ထွာအတွက် ကရပါသယ်။ ရိုရိုသေသေ ကပါသယ်၊ ရိုရိုသေသေဆိုပါသယ်။ အမှားများပါရင် သမီးတော်ကြီးကို ခွင့်လွှတ်ပါ၊ စောင့်ရှောက်ပါ။ ဒီလိုအပ်ပြီးမှ ကသာချည်းပဲ။ တစ်ခါတော့ ကရင်းနဲ့ တစ်ကိုယ်လုံးအေးစက်လာသယ်။ အသိကပူးချည်ခွာချည် ဖြစ်လာသာသိလာသယ်။ ဘာမှမမြင်တော့ပါဘူးအေ။ နားထဲ ဆိုင်းသံတွေတော့ကြားပါရဲ့။ ဆိုင်းသမားတွေကို မမြင်ဘူး။ စိတ်ထဲမှာ ပွဲခင်းတစ်ခင်းလုံးကို ကောင်းကင်စက်သီးကြိုးနဲ့ လိုက်ကြည့်နေရသလိုပါအေ။ အမေကြီးပြောသာယုံပါ'

ဥဩသံအေးအဖို့ရာ မယုံမရှိ။ နတ်ကတော်အက သင်ပေးသည့် မဝါနက လက်လွှတ်လို့ ညည်း ထွက်ကစမ်းအေ ဆိုတုန်းက အမေကြီး ဝိတုန်းပြောသလို ခဲစားရဖူးသည်။ အသိပျောက်လောက်အောင်တော့ မဟုတ်။ နတ်ဆိုတော့လည်း ကြီးပြင်းရာ တောခလေ၊ တောဘာသာ မယုံမကြည်မရှိ။ ဥဩသံအေးကိုယ်တိုင်က ဂျီးတိုးဆိုပြသည့် နတ်သီချင်းတွေနှင့်ကြိုးခဲ့ရတာ မဟုတ်လား။ ပခန်းနယ်သူတစ်ယောက်မို့ ကိုကြိုးကျော်နတ်ပွဲ တစ်နှစ်တစ်ခေါက်ရောက်ခဲ့ရစမြဲ မဟုတ်လား။ တစ်ခါတလေတော့ အမေသန်းရီကလည်း သူ မင်းသမီးကခဲ့ရတုန်းက ကြိုရတာလေးတွေ ပြောပြတတ်သည်။

'အမေသန်းရီတို့ခေတ်က အရိုးဆို၊ အရိုးကပါအေ၊ အပျိုပေါက်အရွယ်က ကခဲ့သာ၊ ဝါသနာပါလွန်းလို့။ ညနေကတည်းက စွန်လည်ပျံ မျက်နှာချေတင်းနေအောင်လိမ်းပြီး မျက်နှာလိုက်ပြနေတော့သာ။ သည်လိုနဲ့စခဲ့သာပါအေ။ ဇာတ်သားကျတော့မှ အပျ၊ အအေးသဘော သိလာသာ။ ဦချင်းတစ်ပုဒ်ရထားရင် ကာလရယ်၊ အချိန်ရယ်၊ အခါရယ် မကြည့်တော့ဘူး။ ရထားတဲ့ အအေးဝိုင်နဲ့ ဝိသာပဲ။ အမေတို့ခေတ်က မင်းသားတွေက အင်မတန် ဆဲသာပေါ့၊ ဖေနဲ့တုတ်သာပဲ။ ငါက မီးမွေးရင်း နင်က ရေနဲ့လောင်းရင်းတဲ့။ ဘာပြောမှန်း မသိခဲ့ပေါင်အေ။ အဆဲနာလွန်းတော့မှ သဘောပေါက်သာ။ ဦချင်းဆိုတာက နောက်ပိုင်းဇာတ်ထုပ်မှ ချရသာဆိုတော့ မိုးလင်းခါနီးပြီကိုးအေ။ ပွဲကြည့်က ပွဲကြိုက်လို့သာကြည့်ရသာ တစ်ညလုံး ကြည့်ထားလို့ မျက်လုံးညောင်းပြီ။ သည်ကြားထဲ ဦချင်းက အအေး၊ အပိုးကိုအပိုးထပ်တော့ ပွဲခင်းထဲကမိန်းမတွေက ဖျာလိပ်ကြ၊ ဖိနပ်ရှာကြ၊ စောင်ထုပ် လေးဖက်ချထုံးပြီး ခေါင်းပေါ်ရွက်၊ အိပ်နေတဲ့ကလေး ဆောင့်ခွပြီး ထကြရော။ တစ်ချီထရင် ပွဲခင်းထဲ ဖျာကြီး လေးချပ်စာ ကွက်လပ်ကြီးဖြစ်ကျန်ခဲ့ရော။ ဲသလိုများဆိုရင် မင်းသားက တိုးတိုးတိုးတိုးနဲ့ ဆဲတော့သာ။ သန်းရီရယ် ငါက ချည်လိုက်၊ တုပ်လိုက် နင်က ဖြေလွှတ်လိုက်ကောင်းရောပေါ့××မရေတဲ့။ သည်တော့မှ အထုပ်ရွက်ပြီး ထွက်မယ့်မိန်းမတွေ ဝေခနဲ ပြန်လှည့်ပြီး ခုံဖိနပ် ဖင်ခုပြီး ပြန်ထိုင်အောင် ဘယ်လိုလုပ်ရသလဲဆိုတဲ့ပညာ တတ်တော့သာ။ ထိုင်ဦးဟဲ့၊ သန်းရီ ငိတော့မယ် ဖြစ်တော့သာ။ နောက်ပိုင်းပညာတွေပေါ့အေ'

ဥဩသံအေးက မင်းသမီးရယ်လို့ ဟန်တစ်ခွဲသားနှင့်မနေပါ။ မနက် ဘုရားစင်မှာ ပန်းတော်လဲ၊ ရေတော်လဲ၊ ဆွမ်းတော်ကပ်သည်။ အိမ်ကို လှည်းကျင်းသည်။ သောက်ရေနည်းတော့ဖြည့်သည်။ အမေသန်းရီနှင့် ထမင်း၊ ဟင်း ကူချက်သည်။ အဖေ သီလကို ခြေဆုပ်၊ လက်နယ်ပြုသည်။ အချိန်ကျလျှင် ဆိုင်းဆရာ စိန်ကျော်ဌေးနှင့် သီချင်းကြိုးတွေ တိုက်ကြသည်။ သည်လိုနှင့် ရက်သားကလေးရလာတော့ ဥဩသံအေးကို ရှာပြီး လိုက်လာကြသူတွေ ရှိလာသည်။ တချို့ဇာတ်တွေကလည်း ညကြေးကောင်းကောင်းပစ်ပြီး ဆွယ်ကြတာလည်း ရှိပါ၏။ သို့သော် ဥဩသံအေးအဖို့ရာ အဖေသီလ ကျေးဇူးကို တစ်နှစ်တစ်ဝါဆပ်ခဲ့ချင်သည့်အတွက် ဘယ်ဇာတ်က လာကမ်းလှမ်း၊ ကမ်းလှမ်း ငြင်းပယ်ခဲ့သည်။ နေရသနိုက်တော့ စိန်ကျော်ဌေး မင်္ဂလာဆိုင်းအဖွဲ့နှင့်အတူ ချီကောက်မင်းသမီးအဖြစ် ကလိုက်ပါဦးမည်။ ကလည်းကခဲ့ရပါ၏။ တောအလှူ၊ တောပြဇာတ်တွေကို လက်မလည်နိုင်လောက်အောင် လိုက်ခဲ့ရသည်။ အလှူဆိုင်းငှားတော့ ဆိုင်းဆရာ

www.burmeseclassic.com

www.burmeseclassic.com

စိန်ကျောင်းနှင့်တကွ လေးလေး တက်တူ၊ လေးလေး ဒန်ချိုင့်တို့လို ဆိုင်းစုံဝိုင်းစုံ၊ အုံလိုက်ကျင်းလိုက် ပါတက်သော်လည်း မင်းသမီးတစ်လက်တည်း ငှားပြီဆိုရင်တော့ အမေသန်းရီထံမှာပညာယူနေသော မိန်းကလေးတွေထဲက အဖော်တစ်ယောက် ခေါ်ကာလိုက်ရပါ၏။ အမေသန်းရီက ဥဩသံအေးအတွက် မင်းသမီးကြေး ကောင်းကောင်းပေးသည်။ ထမင်းတင်ကျွေး ထားရသကောရယ်လို့ ထမင်းဖိုးဟင်းဖိုးမဖြတ်။ အငှားလာသူကိုအမေသန်းရီကပဲ လက်ခံတွေ့ဆုံပြီး ကြေးညှိခြင်းဖြစ်ပါ၏။

တစ်ရက်။ ထိုတစ်ရက်ကတော့ ဥဩသံအေးအဖို့ တစ်သက် မေ့ဖျောက်ပစ်လို့ မရနိုင်သည့်တစ်ရက် ဖြစ်ပါ၏။ မနက်ပိုင်း အဆာပြေ ထမင်းကြော်ကလေး စားနေသနိုက် လူတစ်ယောက်ရောက်လာခဲ့သည်။ မင်းသမီး ဥဩသံအေးကို ငှားချင်လို့ဟုဆိုကာ ခြံဝိုင်းထဲ ဝင်လာခဲ့သည်။ လူက ထောင်ထောင်မောင်းမောင်း။ စုထုံးထားသောလွယ်အိတ်ကို လက်ကောက်ဝတ်မှာ စွပ်ထားရင်းက ခုံရှည်မှာ ဝင်ထိုင်သည်။ အမေသန်းရီက ဘာကိစ္စများတုံးဆိုတော့ ငိုပွဲငှားချင်လို့ပါတဲ့။ အသံက ပြတ်တောင်းတောင်းနိုင်လှသည်။ ငိုပွဲဆိုတော့ ဘုန်းကြီးပျံ့ ဇယင်ကျူးပွဲလား၊ ဘတော်ပျံ့၊ မယ်တော်ပျံ့လား၊ လူသေကျူးရမှာလား။ ဆိုင်းကောပါသလား၊ ဒါမှမဟုတ် လူရွှင်တော်တွေ ရောလား။ အမေသန်းရီအမေးကို မဖြေသေးဘဲ ဥဩသံအေးကိုသာ မျက်တောင်မခတ်စတမ်း အကဲခတ်နေလေ၏။ မျက်နှာပေါက်ဆိုးဆိုးကို တမင်ဟန်လုပ်ပြီးချိုထားသည့် အောက်ကလိအာ သည်မျက်နှာကြီးကို ဥဩသံအေး ဘဝင်မကျ ဖြစ်မိရသည်။ လွယ်အိတ်ကို စားပွဲခုံပေါ်ချပြီး ကြိုက်ရာပြောပါ။ တစ်ခါတည်း ငွေကျေချေမယ်လို့ဆို၏။

'ငွေက ဟုတ်ပါပြီ။ ဘယ်ရွာကလဲ၊ ဘယ်နေ့၊ ဘာအကြောင်းကိစ္စဆိုသာ ပြောဦးမှပေါ့ကွယ့်။ မင်းသမီးတင်လား၊ လူပြက်ကောလား။ ခရီးနဲ့ရက် တွက်ချက်ပြီး ကြေးပြောရမှာ ဆိုတော့ ပြောပါဦး'

'ရွာက လှည်းနဲ့မောင်းရင် ငါးနာရီလောက်တော့ မောင်းရမယ်။ ရွာက ကျုံးရွာတဲ့။ အကြောင်းကတော့ ကျုပ် ပြောပြီးပြီပဲ၊ ငိုပွဲလို့။ လူပြက်တော့မလိုပါဘူး။ ကျုပ်က မင်းသမီးတစ်လက်တည်းပဲ ငိုချင်းချဖို့လိုချင်သာ လူပြက်နဲ့ ခွင်ချချင်သပဆို လည်းထည့်ပေါ့ဗျာ။ ကြေးကတော့ ဆိုသလောက်ဈေးပေးရုံပါပဲ'

စကားသံ မာကျောကျော၊ ပြတ်တောင်းတောင်းနှင့် အထက်စီးနိုင်ပုံထောက်တော့ တောလူကုံထံထဲက ထင်ပါရဲ့။

'နေဦး၊ မေးပါဦးမယ်။ အခုက ရွာက ငှားသာလား။ ငါ့မောင်က ငှားသာလား'

'ကျုပ်က ငှားသာ'

'အေးကွယ်၊ အဒေါ်တို့က ဆိုင်းဆိုရင်သာ အုံလိုက်၊ ကျင်းလိုက်သွားရသာမျိုးကိုး။ မင်းသမီး တစ်လက်တည်းဆိုရင်တော့ ရွာနဲ့ရပ်နဲ့ပဲ အလုပ်လုပ်ပါသယ်ကွယ်။ မင်းသမီး ငှားချင်သပဆိုရင်တော့ ရွာရပ်လူကြီးသူမတွေ ပါဦးမှပေါ့'

အမေသန်းရီက အလိမ္မာသတ်ပြီး ငြင်းလိုက်တော့ ထိုလူက နဝိုမျက်နှာကြမ်းရုပ်ပေါ်လာခဲ့သည်။

'ရွာနဲ့ရပ်နဲ့ ဘာလုပ်စရာလို့သလဲဗျာ။ ကျုပ်က ကျုံးရွာသူကြီး ဦးသာဆော့ရဲ့သားပဲ။ မင်းသမီးကြီး ကျုပ်ကို မမှတ်မိဘူးထင်ပ'

'အို့၊ သူကြီးကိုသာဆော့သားလား။ နေစမ်းပါဦး အရင်ငိုပွဲဆိုတော့ သူကြီးကိစ္စအတွက်လား'

'ဘယ်ကလာ ကျုပ်အဖေ ဆုံးရမှာတုံး။ ကျုပ်အဖေ ဒေါင်ဒေါင်မြည်လွန်းလို့ ခက်နေသာ'

ကျုံးရွာသူကြီး ဦးသာဆော့ဆိုတာ မင်းသား ခါတော်မီ မောင်သိလ၏ မိတ်ဟောင်းဖြစ်သည်။ ကျုံးရွာမှာ ဘာပွဲခိုင်ခါတော်မီမောင်သိလဇာတ်ငှားနေကျ။ သည်တော့လည်း အမေသန်းရီက လေပေါက် မကြိုက်လှပေသိ လက်ခံရတော့သည်။

'ကိုင်း၊ ကရမှာ ဘယ်နေ့လဲကွယ်'

'လာမယ့် ဥပုသ်ထွက်'

ဈေးတည့်ကြတော့ ဥဩသံအေးကို သီချင်းတစ်ပုဒ် ညည်းပြစမ်းပါဦး ခိုင်းနေပြန်သည်။ ဒါမျိုးကလည်း ရှိတာတော့ ဥဩသံအေးက တစ်ပိုဒ်ဆိုပြသည်။ အိုးကလေး တစ်ပုဒ်လောက်ဆိုပြပါဆိုလို့ဆိုပြန်တော့ ခုနစ်သံချီကလေး လုပ်ပါဦးတဲ့။ အတီးမပါ၊ ဘာမပါ ခြောက်ပေါက်ဆိုလို့ ခြောက်ပေါက်ရပြန်ပါ၏။ ဥဩသံအေးက သည်လူအပေါက်အဆင်းကို မကြိုက်လှပေသိ ပွဲငှားဆိုတာက အမျိုးမျိုးရှိတာဆိုတော့ ဆိုပြရသည်။ တောမင်းသမီးကလေးတွေရဲ့ဘဝက သည်လိုပဲအေလို့ တစ်ခါက ဦးဖော့ဆို ပြောခဲ့ဖူးတာကိုပင် သတိရလိုက်မိပါ၏။ အခုတော့ ကိုယ်တွေ့တွေ ကြုံရလှပြီ။ သူငြိုသားဆိုသူက ငွေအကျေချပေးပြီး ခုံရှည်က ထသည်။

'ကြိုက်ပြီ။ ဥပုသ်ထွက်မနက် ကြိုမယ့်လှည်း လာလိမ့်မယ်။ လှည်းသမားနဲ့ လိုက်ခဲ့ဖို့ပဲ'

လူကြီးက ဥဩသံအေးကို စူးစူးရဲရဲကြည့်လိုက်ပြီး လွယ်အိတ်ကို လက်မှာ စွပ်လိုက်သည်။ ကိစ္စပြီးပြီပေါ့။

'နေပါဦး၊ အခုက ကျုပ်က ဘာကို ကျုံးရမှာလဲ ဘုန်းကြီးလား၊ လူလား။ ငိုပွဲတော့ ဟုတ်ပါရဲ့၊ ဘာငိုပွဲတော့တော့်။ တော့်ဟာ မရှင်းမရှင်းနဲ့'

လူကြီးက မျက်နှာမာသွားရာက ပြတ်တောင်းတောင်း ပြောလေ၏။

'ဘုန်းကြီးဆို ဘုန်းကြီးပြောမှာပေါ့။ လူဆို လူ့ပြောမှာပေါ့။ အခုက ငိုပွဲလို့ ပြောပြီးပြီပဲ။ ငိုတတ်ဖို့ပဲ လိုသေး'

ဥဩသံအေးအဖို့ရာ သည်ငိုပွဲကို လက်ခံလိုက်ခြင်းသည်ပင် ကြိုးကြိမ်ကျော့ကွင်းဆီသို့ တလျားလျား တိုးဝင်မိသွားသမင်ကဲ့သို့ တုန်လှုပ်ချောက်ချားဖွယ် ရှိခဲ့ရလေ၏။

(ဆက်လက်တော်ပြပါမည်)

■ မင်းခင်ဆွေ

www.burmeseclassic.com